www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

18 OCT 2013

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး



# နဂ္ဂဟျှရောင်ခြည်
နဂ္ဂဟျှရောင်ခြည်
နဂ္ဂဟျှရောင်ခြည်











လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း




www.burmeseclassic.com

www.burmeseclassic.com

1 8 0 8 1

# နက္ခတ္တရောင်ခြည်




နာယကကြီး

ဒေါက်တာ အောင်မိုး

M.B.B.S (Ygn)

ဒ-ဘ-ဗ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ

အယ်ဒီတာ

ကိုကိုမောင်

စာတည်းချုပ်

ဦးကျော်မိုးသိန်း၊

တာဝန်ခံစာတည်း

ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ကိုစိုးထန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင့်

(စတုနိကာယကောဝိဒ၊ဝိနယဓရ၊ဓမ္မာစရိယ)

* ဦးသန်းအောင်ရွှေ

[ဓမ္မာစရိယ (မဟာဝဏ္ဏိဒီမြန်မာဂုဏ်ထူး)

ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ

(နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာအစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်

ပါရမီ


အောင်နိမိတ်ဆောင်

ခမောက်တောင်၏ ထိပ်ပေါ်တွင်

ကျောက်ထီးစေတီကို တည်ထားခြင်းမှာ...

☙ ၈၁-၁၀


ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(၀၃၀၇၃၂)၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊

၂၉၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးခင်မောင်ဝင်း(၀၅၃၉၉၄)၊ ပါရမီအော့ဖ်ဆက်၊

အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊

၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ရန်ကုန်မြို့။

မန္တလေးဖြန့်ချိရေး

နဝါးစာပေ

ရှမ်းတောင်တန်းဒေသ ဖြန့်ချိရေး

မိုးလုံစာပေ (တောင်ကြီး)

ဝင်္ကနီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၉၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့။

☎- ၀၁ ၂၄၂၂၅၄


ကြော်ငြာဒီဇိုင်း – ကိုတင်မောင်ရွှေ

မဂ်လာ ဒီဇိုင်းရေးကြော်ငြာလုပ်ငန်း


၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ

အမှတ် ၃၂၉

အုပ်ရေ

၁၀၀၀

ငါးရာကျပ် (၅၀၀/-)

☎-၀၁ ၂၄၂၂၈၄




F.1B.December, 2013.

www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်က အင်္ဂြင်းအဘုံ့ပြုအနုရန်စောရှင်
ရွှေဖယင်းခင် ရုပ်ပွားတော်ရှေ့မှာ
ကျိန်းကျိန်သစ္စာဆိုကြတယ်၊ ဗမ္ဗကန်ကျွက်ဆိုရင် ... ၈၁-၇၁

ကုလုံ့ဆရာတော်ကြီး၏ တန်ခိုးတော်ကြောင့် ရုပ်တုတော်ကိုပင်
တောင်ဆောင်နတ်တို့မှ သက်သေတ်ယူတ်ချွမ်း
ကာပါလှုရသည့် ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်ကို ...
၈၁-၉၄




## [illegible]

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဇီဝဝေဒတိုင်းရင်းဆေးခန်း ဆရာဝေဒနောင်နောင်
(တဆ-ဝ ၂၉၉၀)၏ နလုံးလေးဖတ်နာရောဂါနှင့်
နှလုံး အဆီဖုံး ရောဂါ ကာကွယ်စောင့်ရှောက်နည်းများ
[မြောင်းမြ မောင်ယဉ်တင့်] ၁၄၃

## ပညာပေးရောင်ခြည်

တရုတ်ကြိုးထုံးပညာ (၈၅) [ဟူကျင်းဇီ] ၉၁
သင်္ကေတများ၏ ဘာသာစကား (၂၉) ၁၉၀
လူတိုင်းအတွက် တရုတ်မိုးရာ
အိမ်မက်ရှင်းတမ်း (၇၅) [ထက်မင်းကျော်စွာ] ၂၁၃

## [illegible]

သူ ဘယ်လိုလူစားလဲ [သန့်ပညာ] ၆၆
အမေးမှိန်၍ အဖြေရှိခဲ့ရပါသည်
[ဆရာဦးခင်မောင်လင်း–ရွှေဘို၊ B.Sc] ၄၀
အိမ်ထောင်ရေးဆိုင်ရာ တစ်ချက်ကောင်းပေါကွက်
[ဦးသော်ခင်–ဟသာတ] ၄၈
လက္ခဏာပဟေဠိ အဖြေညှိကြရို
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၁၆၈

## [illegible]

ပင်လုံမြို့က ဆုတောင်းပြည့်ညောင်ဝပ်ကြီး[အောင်ရန်နိုင်–B.Sc] ၂၂
စိတ်သဒ္ဓါပွားလျှင် ကြည်ညို ထူးစေသည့်
ဝိဇ္ဇာဘုရားရှင် ထံတော်ဦးဆီသို့ (၁) [စံထွန်းသာ] ၂၆
ဝေဘုဆရာတော်ကြီး၏ နေ့ရာသီ သီတင်းသုံးရာ
အင်ကြင်းပင် သာသနာမြေသို့(၁) [ထက်မင်းကျော်စွာ] ၁၂၁
သာပေါင်းမြို့၏ ကျက်သရေဆောင် မြတ်တောင်ညို
တောင်နှင့် ရှေးဟောင်းစေတီများ [မြမဥ္ဇူဝေ–ကျုံမငေး] ၁၂၉
စကားမပြောတတ်သူများ တွင်းတော်ရွာတိုသွား
[ရွှေမော်မြေ မောင်ကြည်သိန်း] ၁၆၉

## [illegible]

ရန်မာန်ကင်းစေသည့် တောလင်းနယ်မှ အောင်မိုးတိတ်ခေါင်
စေမောက်တောင်(၁) [ထက်မင်းကျော်စွာ] ၉
ဘိုကလေးမြို့နယ်၊ တမ်းကြီးရွာ ရှေးဟောင်း
ကျောင်းတော်ကြီးနှင့် ထူးဆန်းသော သမင်ချို
ပလ္လင်တော်(၁) [ဟသာတသန်းလှိုင်ကျော်–ရွှေပန်းချီ] ၁၄
ရွှေရုပ်ရွာ ဝေယာင်အနောက်များမှ ကျောက်ပန်းဗိုးတောင်
မြတ်စိရွှေထံတော်ပါးသို့(၃) [ဇင်ညိုငယ်] ၆၄
တော်တူး မဟာသတိပဋ္ဌာန်ရိပ်သာသို့ ဝေလှလာ
ပူဇော်မှုခရီး(၅) [ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်] ၄၃
ကျောက္ကကာရွှေနီမြတ်စွာဘုရားကြီးနှင့် ရုပ်ပွားတော်တို့မှ
ထူးဆန်းသော ရောင်ခြည်တော်များ ကွန့်မြူးခြင်း
[မောင်မောင်ထွန်း–မုံရွာ] ၁၁၃
မယ်တော်ကြီးဒေါ်သုမင်္ဂလာ၏ အနာဂတ်အတွက်
မိန့်ကြားစကား [ခရီးသည် သုဓာသီ] ၁၃၄

www.burmeseclassic.com

## ❀ ကိုယ်တွေ့မှုရောင်ခြည် ❀


အိမ်ပေါ်ဖွတ်တက် စီးပွားဖြစ် [ကိုသစ္စာ-ဓေတ္တရာမြေ] ၁၂၀
ရွှေစက်တော်ကြီးပိုင်းထဲက ရွှေရောင်လီပ်ကလေး
[တင်ဘုန်းဝင်း] ၂၃၇
တွေ့ရကြုံရ ကျောက်သမားဘဝ(၉)
[ရွှေကသစ်-ကျောက်မျက်] ၂၅၄
ဆရာတော်တစ်ပါး၏ မေတ္တာဓာတ် ဂါထာတော်အစွမ်းဖြင့် မရဏာတောင်ကို ဖြတ်ကျော်ခဲ့သူ
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၂၆၉
ကာလီမာနတ်ဘုရားနှင့် စာရေးသူဘဝ [ချစ်စံဖြိုး] ၂၈၉


## ❋ ကျင့်စဉ်ရောင်ခြည် ❋



ကျန်းမာရေးညှိုးဖျင်းသူများအတွက် ချမ်းသာ၊ ကျန်းမာ သက်ရှည်စေမည့် ဂမ္ဘီရယတြာကျင့်စဉ်
[သန်းခေါင်-ပညာရေး] ၄၆
ရွှေဘုန်းပွင့် ကိုးဆူတန်ဆောင်းအစီအရင်
[ဆရာကြီး ဦးအောင်မြိုင်-ဉပဒေဘွဲ့] ၈၃
ပုတီးကျင့်စဉ်မှ...သည် [တက္ကသိုလ် အပန်ငယ်] ၁၂၆
နေဝင်လထွက် စီးပွားတက် [ဒိုလ်မင်း-မင်းလှ] ၁၆၆
ဘူမိဖသာရုပ်ပွားတော်နှင့် လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်
[ကဝိသီရောမဏိ] ၁၇၇
တစ်ပွဲတိုးထုံးမန်း၊ ဘောလုံးပွဲနိုင်၊ ဈေးရောင်း ကောင်းစေသော ကျင့်စဉ်များ [ကျော်-ရမည်းသင်း] ၂၀၄
ပါရမီစခန်း အစီအရင်လမ်း(၃) [ဦးအောင်] ၂၀၉


## ● အစီအရင်ရောင်ခြည် ●


နေတိုင်းရင်းသားတို့၏ အိမ်ဂေဟာ သာယာစေသည့် အပြင်အဆင် [နယ်လှည့်သုတေသီ] ၃၀
ကလိန်စေ့ ငြိမ်းမဆင် သူနိုးပင် ဖမ်းနိုင်လေရဲ့
[သန်းထွန်းအောင်] ၁၁၉
မဟာဘုတ်ချိန်ခွင်နှင့် သီးသန့်ယတြာ
[စနေသားသမီးများအတွက်] [သန်းပညာ] ၁၆၁
ဝေဒနည်းပညာဖြင့် မီးဘေးရှောင်
မလောင်စေခင် တားကြပါစို့ [ကျော်ဝင်း-ဝါ၊ ရေစကြို] ၁၆၄
နတ်မောက်ဒေသမှ မြွေတားဆေးအစီအရင်
[ရဲရဲထွန်း-ဟသံ္တာ] ၁၇၆
ခရီးကိစ္စ အလုပ်ကိစ္စ အဆင်ပြေလိုသော်
[ကောင်းမြတ်သူ] ၂၀၁


## ❐ အဂ္ဂိရတ်ရောင်ခြည် ❐


ပြဒါးမီးနေ သံပန်းသေ [သစ္စာဝါဒီ မြတ်စောလင်း] ၈၇
သွပ်ဖမ်းနည်းတစ်မျိုး [နတ်မောက် အောင်သိန်း] ၉၅
အဂ္ဂိရတ်မှ အသုံးချပညာ [အောင်လှသန်း-မင်းဘူး] ၉၆
ရွှေထုံးလမ်းစဉ် [ဦးမင်းဇင်-ရွှေနဝင်း] ၁၄၁
ဓာတ်ငုပ်ရောဂါနှင့် "ဝ"လေးလုံးလမ်းစဉ်
[မောင်နေသွေး-ဝက်လက်] ၁၈၂
ကန့်နှင့်နာ နှစ်ပြာတွဲတော့(၂)[ရွှေတောင် ခင်မောင်ကြည်] ၁၈၅


ဘုရားစေတီတွင် ရွှေထောင်းဆောင်မြေ
စေတီငယ်ကို ငုံ၍ တည်ထားပြီး
စကြဝဠာဒီပါစေတီမှာ... ➜ ၈၁-၁၂၉



အမွှင့် အာလာဘေသာအခါ
ဖိန်းပန်းတစ်ခြမ်းပုံနှင့် နဂါးရုံပုံစံ ပေါ်လာပြီး
တစ်မူးဖြီးတစ်ရူး တိုးရှုးပြည့်အောင်... ➜ ၈၁-၁၃၉






www.burmeseclassic.com

www.burmeseclassic.com



ဤတွင်းတော်မှာ
စကားမပြောတတ်သူများ ဆင်းခဲ့ရင်
စကားပြောစေသားရယ်လို့ သစ္စာဆိုခဲ့၍... စာ-၆၉

ဤကျောင်းတော်၌ ပထမဘိုးဘိုးအောင်
ထွက်ရပ်ဆယ်းအတွက် ကျင့်ကြံခဲ့ဖူးသော
ထူးခြားအောင်မြေဌာန နေရာဖြစ်၍... စာ-၆၇



## ✱ ဂါထာမန္တန်ရောင်ခြည် ✱

ဗေဒင်အဟောမှန်၍ အကြံအစည်အောင်စေသော ဂါထာ
[ဂါမဏိဓော်-စစ်ကိုင်း၊ ဝေဒပီဠာခရု] ၆၂
အနာမဲ့သူ ရှင်ဘာကူဂါထာ [နတ်မောက် လှမြင့်သစ်] ၈၆
လယ်တီဆရာတော်ကြီး၏ ပြိုက်စီးပြိုက်နင်း အဆိုးတို့
လွတ်ကင်းစေနိုင်သော ယံဇုန္နိမိတ္တံ (၁၁)လုံးဂါထာ
[ခင်ထွန်း] ၁၄၄

## ✱ ဆေးနည်းကိုရောင်ခြည် ✱

သိထားသင့်သော တန်ဆေးလွန်ဘေး [ဦးဝင်းမြင့်] ၄၇
နဲ့နေသောသွားကို မနုတ်ရဘဲ ကျွတ်လိုလျှင်
[အောင်ထက်-ရှောအနောက်မြို့တော်] ၈၀
ဆီးချိုအတွက် ဆေးနည်းတို
[မောင်အေးကြူ-စီးပွားရေး] ၁၈၀
နားဆူ့အူလေထွက် နားပြည်ယိုသော် [မကြွေးမြင့်သန်း] ၁၈၄

## ◆ ဆေးဒေသရောင်ခြည် ◆

ကိုယ်ဖောကိုယ်ရောင်လိမ်းဆေး
[ကောင်းထက်-ချောင်းနက်] ၁၀၁
ဆင်တုံးမနွယ် အဆီချက်ဆေး...ဒီရောဂါတွေပျောက်ပြီ
[ကောင်းဟိန်း-ကျွန်းသစ်] ၂၁၆
အစွမ်းထက်သော ကျားရိုး၏ အသုံးဝင်မှုတစ်ရပ်
[နယ်လှည့်သုတေသီ] ၂၂၄

## ✱ ပုဂ္ဂိုလ်ထူးရောင်ခြည် ✱

ဖိုးဦးတောင် လွမ်းစေတီမှ အလွမ်းဇာတ်လမ်းလေး(၂)
[ကောင်းမြတ်] ၂၂၅
ဒေးစွန်ပါတောင်တော်မြတ် အတွင်းစခန်းဆီမှ
မပန်းဝတ်ရည်မှု(၁) [ဆရာနေမျိုး-ဘီအေ] ၂၃၃
၂၀၀၀ ပြည့်နှစ်က လူထူးလူဆန်းတစ်ဦး
[မောင်သန့်ဇင်-ပုသိမ်ကြီး] ၂၄၃

## ✛ ထူးခြားသတင်းရောင်ခြည် ✛

ထူးခြားဆန်းပြား အုန်းနဂါး
[ရွှေမှော်မြေ မောင်ကြည်သိန်း] ၈၉
ရွှက်ပေါက်ကြီးဂမုန်းပင် အဖူးအပွင့်များ ပွင့်လာလျှင်
ကောင်းကျိုးဆိုးပြစ်များအား သုတေသီပညာရှင်များမှ
ဖြေကြားပေးပါရန် [ဒေါ်မော်ဇင်ယု] ၁၃၉
ပျဉ်းကတိုးသစ်ကွင်း [ကိုမြသွေး-ပေါင်းလောင်းမြေ] ၁၄?

## ✱ ဗဟုသုတရောင်ခြည် ✱

ကြေးထည်ကို ဤသို့ ရွှေရည်စိမ်သည် [ဆုမောင်မှူး] ၅၃



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


✝ ထူးခြားပစ္စည်းရောင်ခြည် ✝

သဘာဝထူးခြားပစ္စည်းများ အသုံးသိသူများမှ
ဖော်ပြပေးကြပါ [မောင်နိုး–ကျောက်မဲ] ၁၄
သိဒ္ဓိဝင် ကျောက်လက်ဝါး [သိဒ္ဓိထွန်း] ၁၅
နတ်သျှင်တောင်မှ ရေပေါ်အုတ်ခဲ
[ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်] ၁၀၅

● [illegible] ●

သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ ဘဝအတွေ့
အကြုံများ (၂၂) [ဆရာကြီး မင်းယက္ခ–တိုက်ပွဲဝင်] ၁၉၈

◆ ကျန်းမာရေးရောင်ခြည် ◆

အကြောနှင့် ဆရာဆက်စပ်ပါ မြန်စွာ ပျောက်ကင်းမှု
[မအောင့်အစ်သောအရာများ အောင့်အည်းမိသော်]
[ဦးလှညိမ်း–တံတားဦး အင်းစ] ၁၁၁

✳ [illegible] ✳

ငါးအခွဲမကျန် ဗိုက်စော်မနံရအောင် [ကျော်ဇင်ဖြူ] ၂၄၂

○ [illegible] ○

စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြွလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၇၁
တုတ္တန္တသိမ် ပုထိုးတော်မှ ရှေးဟောင်းရှိုင်းမှိုရာ
ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ(၁)
[ပန်းချီလှုံးလှ–ရှေးဟောင်းသုတေသန] ၁၉၃

○ [illegible] ○

အင်ကြင်းပင်ကျေးရွာမှ ဆေးပင်အချို့(၁)
[ဆေးသုတေသီတစ်ဦး] ၁၅၁
ခရမ်းငါးမြစ် အားဆေးဖြစ် [နေမဝင်–နတ်မောက်] ၂၄၂

✳ [illegible] ✳

ကြက်မွေးသူများ ကြက်သန်းမရှိအောင် ကာကွယ်ဖို့
[ကိုမောင်ကျော်လှိုင်–မအူပင်] ၈၈

[illegible]

ဥည်ပုတ္တရာ မြို့ဟောင်းမှ ရွှေလင်းပင်
ဝံကားသားရှပ်ပွားတော်(၂) [ဇင်ညိုငယ်] ၄၁

✳ [illegible] ✳

ဝစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ဂိုးပူဇော် ဂါထာတော်များ(၁၀)
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၄၉
ပါးတောင်မြေ ထူးခြားအောင်မြေ ပထမံတိုးတိုးအောင်
တောင်တော်အောင်မြေ(၃) [မောင်မောင်စိုး–ထားဝယ်] ၆၅


နှလှုတ္တရောင်ခြည်မဂ္ဂဇင်း




ဤသမင်ချိုပလ္လင်ပေါ်တွင်
သီလ၊ သမာဓိ မရှိဘဲ ထိုင်ပါက
ကိုယ်ခန္ဓာ ယားယံခြင်းများ ဖြစ်ပေါ်ကာ ➡ ၈၁–၁၀၄

ဤညောင်ပင်ကြီးကို
လက်ယာရစ် (၉)ပတ် ပတ်၍ ဆုတောင်းပါက
လွန်စွာမှ ဆုတောင်းပြည့်ကြောင်း ➡ ၈–၂၂




www.burmeseclassic.com

www.burmeseclassic.com



[illegible]
♦ စာ-၁၃



[illegible]
♦ စာ-၁၅



အုန်းပင်က နဂါး ပေါ်တယ် ဆိုတော့ အနှောက်အယှက် ကျနေပါတယ် အုန်းနဲ့ နဂါး လယ်ပြင်မှာ ဆင်သွားသလို...
♦ စာ-၈၉


[illegible]

၂၀၁၃ ခုနှစ်၊ ဗီဇင်ဘာလအတွက် ခတ်ကြီးငါးပါး
ဆိုမိုးမှုနှင့် ဖောင်ဘာလေ့ထီဆုငွေ [ထက်မင်းကျော်စွာ] ၇၉
၂၀၁၃ ခုနှစ်၊ ဗီဇင်ဘာလ ထီအတွက်
ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်-သုတေသီ] ၂၇၇

[illegible]

ဇုက်ပျောပင် အဖိုးများပြီး အသီးထွားအောင်
[အောင်နုတင်-မုံရွာ] ၁၇၅

[illegible]

သားသမီးလူချင်သူအတွက် အင်းတစ်ကွက်
[ဇော်မြင့်-မြင်းခြံ] ၁၀၇
စကြာအသွားနှင့် အ,အလယ်သေအင်း နောက်ဆက်တွဲ
[ဆရာစော-အင်းတစ်ထောင်] ၁၅၄
အန္တရာယ်တင်း ရန်မျိုးလုံအင်း [အောင်ဆိုး-နတ်မောက်] ၂၀၈

[illegible]

အာဏာတည် ဆရာတော် [အရပဲဆရာသိန်း-လပွတ္တာ] ၃၃
မဲဇာချောင်း တမ်းနဖူးပေါ်က ကျောက်ဘုရား
ဆရာတော် [လွယ်ကောင်းအောင်] ၈၁
တောင်စွန်းမှ ပုဂ္ဂိုလ်ထူးတစ်ပါးအကြောင်း
တစေ့တစောင်း ကြားသိမှုဖော်ခွင့်ရသမျှ [စံတွန်းသာ] ၁၄၅

[illegible]

ကုံလုံဆရာတော်ကြီး၏ ရုပ်တုတော်အား
တောင်စောင့်နတ်တို့မှ သက်သတ်လွှတ်ဆွမ်း
ကပ်လှူခြင်း ဖြစ်ရပ်ဆန်း [ချို-အမရပူရ] ၉၇
အမှိုတောင်ကျောင်းကြီးပေါ် အုန်းပင်အရိပ်ပေါ်ခြင်း
ဖြစ်ရပ်ဆန်း [မောင်မောင်စိုး-ထားဝယ်] ၉၉
ကြုံဆုံခဲ့သော ဖြစ်ရပ်ဆန်း [ညီလေးငယ်-လယ်တော်] ၂၄၁

[illegible]

ကျို့ပြိုနိမိတ်နှင့်ပတ်သက်၍ သိသူများမှ
ဖြေကြားပေးပါရန် [စန္ဒာမိုး-တောင်ငူ] ၃၁

[illegible]

သိဒ္ဓိမပတိဒ္ဓိ ဝိဇ္ဇာပညာရှင်ကြီးများနှင့် တွေ့ဆုံခြင်း
[သူရသသတီမယ်တော်နှင့် တွေ့ဆုံခြင်း]
[ဆရာဦးရဲအောင်-သိပ္ပံလက္ခဏာ+
နက္ခတ္တဗေဒ+သင်္ချာဗေဒ] ၁၀၂
သံပိုတောင်က အမေညို (၂) [ရွှေတောင် ကြည်မောင်[illegible]] ၂၁၇
ရှိတော့ရှိတယ် ရှားတယ် [ပြည့်ဖြိုးဝေ-[illegible]ကော်] ၂၆၅

www.burmeseclassic.com


## နေ့စဉ်သုံး ဗေဒင်လမ်းညွှန်ရောင်ခြည်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၈၅
၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၂၂
၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း
ပုံရိပ်ရှင်တို့၏ ဝံကြမ္မာ [ဟူဂျင်းဇီ] ၂၃၁

## [illegible]

ရက်မြတ်ရက်ကောင်း၊ လက်ဆန်းရွေးစရာ
[မောင်ဗဟိန်း-အင်းတော်] ၂၀၃
သိန္နော့မြင်း သက်ရောက် တွက်နည်းနှင့်အဟော
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၂၂၉

## ကျန်းမာရေး ဗဟုသုတရောင်ခြည်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဟူဂျင်းဇီ] ၁၁၀

## [illegible]

ဝိညာဉ်အိပ်ရာပေါ်တက်အိပ်မိတဲ့ ဘုမသိ၊ ဘမသိနဲ့
ကျွန်တော် [မောင်ကံ-ဝံတားရွာ] ၂၄၅
အောက်လမ်းပညာဖြင့် မကောင်းကြံခံရလေသောအခါ
[ကောင်းမြင့်မြတ်စိန်] ၂၄၉
ကျွန်ုပ်နှင့် နတ်လေော ဘီလူးလော[မဟာစက်ရှင်-လှိုင်လင်] ၂၅၇
ယောက်ျားတစ်ဦး၏ ချင်ခြင်းတပ်ပုံ ဖြစ်ရပ်ဆန်း
[ထီလာကျော်] ၂၆၃
ဘိန္နရာချောင်းခြား ရှက္ခိုးသမီးရည်စားနှင့် ဦးမောင်လု
[အောင်မြင့်မြတ်-ကလေး] ၂၇၃
မြေအောက်က ကြေးစည်သံ [မောင်စူးရှ-အနောက်ရိုးမ] ၂၇၈
ပုံးပန်လှဒေဝီနှင့် တွေ့ဆုံခြင်း
[မောင်သိန်းတန်-မာန်အောင်] ၂၈၀
ရွှေအိုးပေးသော ကန်တော်မောင်နှမနတ်
[စည်သူ-ပြည်] ၂၈၅
ဒိုး...ယခင်တာလက ဘုရားတလျှင် ပါးချသော
ဘတလေး [ကျော်ထိန်လင်း-အမာမြို့] ၂၉၇
ရလောကသားဥစ္စာစောင့်ကို မြင်ဖူးခဲ့သော်လည်း
[ချောစုဟန်-ပြန်တန်ဆာ] ၃၀၀
ရသူမတိုင်းပြည်သို့ အလည်တစ်ခေါက်ရောက်ရှိခဲ့သူ
စ်ဦးအကြောင်း [ညိုသစ်ဦး-မာန်အောင်] ၃၀၂
နဂျာရှာရောင်ခြည်မဂ္ဂဇင်း




ဆရာတော်၏ အသားအရေသည်
ရက်နှစ်ဆယ်ကော်အထိ
ဝင်းဝါနေခဲ့သည်...

စာ-၈၁

[illegible]

စာ-၁၄




စေတီတစ်ဆူတည်ဖို့ ဘုတ်ဖုတ်ရာမှာ
ဘုတ်ဖုတ်သမားတစ်ယောက်က
ဒီရေပေါ် ဘုတ်ကို ရတာနဲ့...

စာ-၁၀၅



www.burmeseclassic.com

www.burmeseclassic.com



ခမောက်တောင်

BURMESE CLASSIC .com

ထက်မြက်ကျော်စွာ

ရန်မာန် ကင်းစေသည့် ကောလင်းနယ်မှ

# အောင်နိမိတ်ဆောင် ခမောက်တောင် (၁)

နိုဒါန်း

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာ...နာများတွင် မကြာခဏ ပါဝင်...ပြခဲ့သည့် ကောလင်းနယ် ...တောင် သာသနာမြေသို့ သွား...ောက် လေ့လာပါရန် စာတည်းချုပ်...ကြီး၏ လမ်းညွှန်မှုအရ စစ်ကိုင်း...သကြီးမြောက်ပိုင်း ကောလင်း...သို့ ခရီး စတင်ဖြစ်ခဲ့သည်။

ကောလင်းရာဇဝင်

...ကောလင်းမြို့နှင့် စပ်လျဉ်း၍ ...ဝင်၌ ရဟန်းထူးတစ်ပါး ...ကြည်ညိုလေးစားကြသော ဒုတိယခန္တီးဆရာတော် ဘဒ္ဒန္တသုဇန ရေးသားတော်မူသည့် **"ဇူလ္လနဂရဝန်းသိုရာဇဝင်သစ်"** စာအုပ်တွင် ဤသို့ ဖော်ပြထား၏။

ကောဇာသက္ကရာဇ် ၉၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော်(၉)ရက်တွင် အင်းဝမြို့ကြီးကို **"ဒုတိယ ရတနာပူရရွှေမြို့တော်"**ဟု သမုတ်၍ မြို့နန်း တည်ထောင်တော်မူသော ညောင်ရမ်းမင်းတရား၏ သားတော်အငယ် သာလွန်မင်းလက်ထက်တွင် ဖေယျာပူရ စစ်ကိုင်းမြို့နန်း တည်ထောင်စံတော်မူရာ ဝန်းသိုစော်ဘွား စောအင်ခမ်းကို မဏိပူရ ကသည်းပြည်သို့ ချီတက်တိုက်ခိုက် သိမ်းပိုက်စေသည်။

ထိုအခါ ကသည်းဘုရင်မှာ လက်လွတ်ထွက်ပြေး၍ ဆင်,မြင်း,ကျွဲ,နွား၊ သုံ့ပန်း၊ အမြောက်လက်နက် မြောက်မြားစွာ သိမ်းပိုက် အောင်မြင်သဖြင့် သာလွန်မင်းထံ ဝင်ရောက် သံတော်ဦးတင်သည်။


သာလွန်မင်းတရားကြီးသည် များစွာ နှစ်ထောင်းအားရ ဖြစ်တော်မူလျက် သိမ်းပိုက်ရရှိသော ပစ္စည်း၊ သုံ့ပန်း အရပ်ရပ်မှ အလိုရှိရာ သိမ်းယူစေ အမိန့်တော်ရှိ၏။ စောအင်ခမ်းက ပစ္စည်းအချို့နှင့် ဆင်ထိန်း ကောလ...ကောလချာညီအစ်ကိုနှစ်ဦးကို နှုတ်ယူ






www.burmeseclassic.com

www.burmeseclassic.com



▲ ခမောက်တောင်ထိပ်တွင် ကျောက်သီးစေတီ

▼ (ပတ္တမြား)ခမောက်တောင် ဆရာတော် ဦးကောဝိဒ




ခဲ့ပြီးသော် ဝန်းသိုမြို့သို့ ပြန်ခဲ့သည်။

ကောလချီ၊ ကောလချာ ညီအစ်ကို နှစ်ဦးကား ကသည်းပြည်သိမ်း တိုက်ပွဲတွင် ဆင်ပေါက်ထီး,မတစ်စုံ ရရှိရာ စီးပုံ့သူ ဦးစီးမရှိ၍ ရှာဖွေစဉ် ကသည်း ညီအစ်ကိုနှစ်ဦးက နိုင်နင်းစွာ ထိန်းကွပ်နိုင်သဖြင့် သားမယားနှင့်တကွ ခေါင်ယူ ဆက်သခဲ့ခြင်းဖြစ်သည်။

စောအင်ခမ်းသည် ကသည်းညီနောင်အား ကိုင်းပပြားပင်တောရှိ ''ဝက်တူး''ရွာကို ပေးအပ်ကာ ''ဆင်ကျောင်း'' ခန့်အပ်သည်။ ဆင်ဦးစီး ကောလချာသည် ဝန်းသိုမြို့မှ တာ(၄၀၀၀)အကွာ ဒေသတွင် တဲကြီး ဆောက်လုပ်နေထိုင်ရာ လူနေအိမ်ခြေများလာသောအခါ တဲကြီးကုန်းရွာ ဖြစ်ပေါ်လာ၏။

ကောလချီသည်လည်း ထိုအနီး၌ ပင် နန္ဒင်းတော ညောင်ပင်၌ လင့်ထိုးနေရာမှ နောင်ကာလ လူနေအိမ်ခြေများလာသောအခါ ငကောလင့်ရွာ




www.burmeseclassic.com

www.burmeseclassic.com



◆ ကျောင်းတွင်းဘုရားခန်း

◆ ဘုရားခန်းအနီးမှ ဘိုးတော်ဘုရားကြီး (အဘအောင်မင်းခေါင်)ဓာတ်ပုံ






www.burmeseclassic.com

www.burmeseclassic.com



▲ ရသေ့ဦးစိန် ကျောက်သီးစေတီသီးတော်

▼ ပုံနှံ့ခေါင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



◀ သစ်ကြာသီးပုတီးနှင့် ထောက်ချာ

အမည်ဖြင့် မြို့ရွာ ပေါ်ပေါက်ကာ ယခုအခါ ကောလင်းဟု ခေါ်ဆိုနေကြ၏။

ကောဇာသက္ကရာဇ် ၉၅၀ပြည့်နှစ်တွင် ဝန်းသိုစော်ဘွား စောအင်ခမ်းက တည်ထောင်သောမြို့ ဖြစ်လေသည်။ ***(ဒုတိယခန္တီးဆရာတော် ဦးသုဇနရေး ဖျဉ္ဇနဂရ ဝန်းသိုရာဇဝင်သစ်၊ စာမျက်နှာ ၈၉ မှ ၉၆)***

ဤသို့လျှင် ဖျူပွတ်ရှိခဲ့သော ကောလင်းမြို့သို့ မန္တလေး စစ်ကိုင်းမှ တစ်ဆင့် မီးရထားဖြင့် လည်းကောင်း၊ မန္တလေး သို့မဟုတ် မုံရွာမြို့များမှ မော်တော်ယာဉ်ဖြင့်လည်း သွားရောက်နိုင်သည်။


မန္တလေးမှ သွားပါက ရွှေဘို၊ ခင်ဦးမြို့များကို ဖြတ်သန်းကာ မြစ်ကြီးနား ဖျူဟာလမ်းအတိုင်း ဝင်ရောက်ရသည်။ မုံရွာမှ သွားလျှင် ဘုတလင်၊ ဒီပဲယင်း၊ ရေဦး၊ ခင်ဦးမြို့များ ကျော်ဖြတ်၍ ဖျူဟာလမ်းအတိုင်း ဝင်ရောက်နိုင်လေသည်။

## ခမောက်တောင်တော်သို့

ကောလင်းမြို့သို့ ရောက်သောအခါ စာတည်းချုပ် လမ်းညွှန်လိုက်သည့် စာရေးဆရာဦးနီ(မိုးနောင်ခေါ် နေနီလင်း)အား သွားရောက် တွေ့ဆုံရာ မြို့ခံ ဦးဝင်းရွှေနှင့်အတူ အားကြိုးမာန်တက် လိုက်ပါကူညီပေးကြပေသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**



◀ ခမောက်တောင်(ရှင်ဥပဂုတ်)ကျောင်း

www.burmeseclassic.com

ကျောက်ချဉ်ဖြူ

ပုံတွင်ပြထားသော အဖြူရောင် ခပိုင်းအစလေးမှာ ကျောက်ချဉ်ဖြူ ဖြစ်လေ၏။ ဖြူသောအရောင်ရှိသော ကြောင့် ကျောက်ချဉ်ဖြူဟု ခေါ်၏။ ချဉ်ဘဲ ဖွယ်တယ်တယ် အရသာရှိ၏။ ၎င်း ကျောက်ချဉ်ဖြူထွက်ရာဒေသမှာ စ်ကိုင်းတိုင်းဒေသကြီး ဖြစ်၏။

လိုအပ်ပါက ပိဿာချိန်(၄၀)ကျော် ဝတ်ယူပေးနိုင်ကြောင်း ပုံတွင် ပြထား သည့် အပိုင်းအစလေးကို ပိုင်ဆိုင်ထား သူက ပြောပြဖူးလေ၏။




◆ ကျောက်ချဉ်ဖြူ

# သဘာဝ ထူးခြားပစ္စည်းများအသုံး

## သိသူများမှ ဖော်ပြပေးကြပါ

◆ ကျောက်ငွမ်း



ကျောက်ငွမ်း

ဓာတုဗေဒတွင် သုံးစွဲကြောင်း သိရ၏။ ဘယ်နေရာတွင် ဘာကြောင့် သုံးစွဲရကြောင်းကိုမူ တိတိကျကျ မသိရပါ။ က်ဝယ်ပိုင်ဆိုင်ထားသူက တိုးတက်သော နိုင်ငံများတွင် မီးသတ်သမားများ၏ အဝတ်အစား၌ အသုံးပြုကြောင်း ပြော ၏။ ဟုတ်,မဟုတ် ကျွန်ုပ် မသိပါ။

ကျွန်ုပ်သိသည်က ကျောက်ငွမ်းကို မီးရှို့လျှင် နီရဲလာ၏။ မီးကို ဖယ်ရှားလိုက် (သို့မဟုတ်) ငြိမ်းသတ်လိုက်လျှင်ပြာကျ သွားဘဲ နဂိုမူလအခြေအနေ အတိုင်း ပြန်ဖြစ်သွားသော ထူးခြားမှုပင်တည်း။ ဆိုလိုသည်မှာ မီးက ကျောက်ငွမ်းကို ဟင်ကျွမ်းစေမှု မရှိခြင်းက လွန်လွန်ကျူးကျူး ထူးခြားခြင်း ဖြစ်လေ၏။


သဘာဝကား ရုပ်လောကကို ထူးခြားအောင် ဖန်တီးတတ်လေ၏။ ယင်းသဘာဝကို လူတို့က သိမြင်ပြီး အသုံးချလေ့ရှိကြ၏။ လောကမှာ ရှိတတ်သော သဘာဝများကို သိရှိဗဟုသုတရကြစေရန် ရည်ရွယ်၍ ဤစာတိုကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ စ်ဆင့် တင်ပြ ရေးသား အသိပေးအပ်ပေသတည်း။


မောင်နိုး (ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com





▲ ထူးခြားသော သဘာဝသိဒ္ဓိဝင် ကျောက်ပြစ်ပစ္စည်းများ ထည့်ထားသော အင်တုံ

◀ တကယ့် လူတစ်ယောက်၏ လက်ဝါးနှင့်တူသော သိဒ္ဓိဝင် ကျောက်လက်ဝါး

သိဒ္ဓိဝင်

# ကျောက်လက်ဝါး

ကျောက်မျက်ရတနာတို့မှာ ငွေရှိလျှင် အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း သဘာဝလွန် ကျောက်များကိုမူ ဝယ်ယူရန် မဆိုထားဘိ၊ ကြားဖူးရုံသာရှိမည်။ တွေ့ပင်တွေ့ဖူးကြမည်မဟုတ်ပေ။ ရှာဖွေတွေ့ရှိရန်ပင် အလွန် ခက်ခဲလှသည်။

ကံအားလျော်စွာ **ပဲခူးမြို့ မဟာကြီးစေတီအနီးတွင် နေထိုင်သော နဂါးမာန်ဆရာကြီးထံမှာ** စုဆောင်းထားရှိသည်ကို တွေ့ရှိရသည်။

**ယင်းတို့ကို အင်တုံတစ်လုံးအတွင်း၌ ချိတ်၍ ထားရှိသည်။ ကျောက်ဆက် မွှန်ကျောက်မှုအစ အစောက် ဝှံလင် စွာ တွေ့ရှိရသည်။**

## ကျောက်လက်ဝါး

ကျောက်လက်ဝါးနှင့် ပတ်သက်၍ အများပြောဆိုနေကြသော စကားများကို မကြာခဏ ကြားရသည်။

ကျောက်လက်ဝါးများသည် တောနက်ထဲရှိ ရေကြည်သော စမ်းအိုင်များအတွင်းတွင် တည်ရှိသည်။ ညတက်၌ စမ်းအိုင်အတွင်း သွားလာနေတတ်သည်။ ယင်းတို့ကို အသားစိမ်းဖြင့် မျှားယူရသည်။

အိမ်ခြံ အစောင့်အရှောက်အဖြစ် ကျောက်လက်ဝါးကို ခိုင်းစေ၍ရသည်။ ကျောက်လက်ဝါးမှာ အရွယ်အစားစား ရှိသည်။ အချို့ ကျောက်လက်ဝါးများမှာ **နှစ်ထပ်လက်ဝါးပင်** ရှိသည်ဟု ကြားဖူးသည်။

နဂါးမာန် ဆရာကြီးဆီမှာ တွေ့ရှိရသော ကျောက်လက်ဝါးမှာ **လက်ဝါးမှသည် လက်ချောင်းအထိ လေးလက်မခန့်ရှိသည်။** လက်ချောင်းဝါးချောင်း စလုံး အပြည့်အစုံ ပါဝင်သည်။ ယခုမှ ကျောက်လက်ဝါးကို အသေအချာ တွေ့ရှိရခြင်းဖြစ်သည်။

ဆရာကြီးထံမှ ကျောက်လက်ဝါး အသုံးကို မေးကြည့်သောအခါ ဆရာကြီးက **အနှောင့်အယှက် ပယောဂရန်မှ ကင်းဝေးစေသည်။** ယင်းကို ထိန်းသိမ်းစောင့်ရှောက်တတ်ဖို့ လိုသည်။

ကျောက်လက်ဝါးနှင့် ပတ်သက်၍ ထူးခြားစိတ်ဝင်စားစရာများကို သိရှိလေ့လာထားသူများက ဆက်လက် ဖော်ထုတ်ရေးသား တင်ပြပေးစေလိုပါသည်။

**သုတထွန်း**

www.burmeseclassic.com

# ကျန်းမာပါစေဆေးတိုက်မှမြန်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသီဟတို့က နှစ်(၃၀)ကျော် ကုသ အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း။

**ဆီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်**



**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)

အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊မျက်စိရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊စအိုနာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအပူအပုပ် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါးကျန်းမာစေပါသည်။

---



**နေပူ ၊ မီးပူ ၊ ရင်တွင်းသောကအပူ မှန်သမျှ ငြိမ်းစေမည့်**

**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောပန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။

---

**ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အဆိပ်အတောက်များ ပုံသရွှေ့ ပွင့်စေမည့်**



**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အဆိုးပွင့်ဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)

ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အဖျားရောဂါများကို သက်သာပျောက်ကင်းစေပါသည်။

---



**ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရတဲ့**

**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အကြောသိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောကပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေးရွဲ့ပါးရွဲ့ခြင်း၊ ခြေကပ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

## ကျန်းမာပါစေ

**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန**

အမှတ်(၈၂)ဗေယျာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၀၈၅၄၄၀ ၊ ၀၉ ၇၃၀၂၉၉၃၀ ၊ ၀၉ ၄၂၀၀၆၆၃၉၈



www.burmeseclassic.com

www.burmeseclassic.com

ဘိုကလေးမြို့နယ်၊ ကမ်းကြီးရွာ ရှေးဟောင်းကျောင်းကြီးနှင့် ထူးဆန်းသော


# သမင်ချိုပလ္လင်တော် (၁)

ဟင်္သာတ သန်းလှိုင်ကျော်
(ရွှေပန်းချီ)

၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလလောက်မှာ စာရေးသူသည် ဘိုကလေးမြို့အပိုင် ကမ်းကြီးရွာနှင့် ကမ်းကြီးရှေးဟောင်းကျောင်းကြီးသို့ ရောက်ခဲ့သည်။

ထိုကျောင်းကြီးသည် မူလက သံမပါ ဖောက်စွပ် ရက်မများဖြင့်သာ ကြီးမားလှသော လူတစ်ဖက်စာ ကျွန်းတိုင်(၁၇၀)ကျော်ဖြင့် အဆောင်ဆောင် အခန်းခန်းဖြင့် လှပစွာ ရှေးမြန်မာ့ပန်းပုလက်ရာဖြင့် ပြုလုပ်တည်ဆောက်ထားသော ရှေးဟောင်းကျောင်းတော်ကြီး ဖြစ်သည်။

မျက်နှာကြက်မှာလည်း ပန်းပုကနုတ်ပန်းများကို ရွှေစစ် ချထားသလိုတိုင်တိုင်းကိုလည်း ရွှေပိန်း ချထားပါသည်။ ဘုံပြာသာဒ်အဆင့်ဆင့် ရှေးဟောင်းကျောင်းကြီးသည် ၂၀၀၈ ခုနှစ်၊ မေလ(၂)ရက်နေ့တွင် တိုက်ခိုက်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဆုပ်၊ လျှောက်၊ ဒိုင်း၊ မြား၊ အမိုးသွပ်ပြားများ ပျက်စီးသွားသည်။



◆ သမင်ချိုပလ္လင်တော်ပုံ

သို့နှင့် ဂေါပကလူကြီး ဦးတင်အေး၊ မြပြင်မည့်တစ်ဦးအလှူရှင် မပေါ်ပေါက်သဖြင့် ရှေးဟောင်းကျောင်းကြီးကို ဖျက်ပြီး စာရေးသူရောက်သည့်အချိန်မှာ ရှေးကျောင်းနေရာမှာ နှစ်ထပ်တိုက်ကျောင်းအဖြစ်နှင့်သာ တွေ့မြင်ခဲ့ရလေသည်။

ရှေးဟောင်း ကျောင်းကြီး၏ အဆောင်တစ်ဆောင်သာ မဖျက်ဘဲထားသဖြင့် တွေ့ခဲ့ရသည်ပင် မြန်မာ့လက်သမားပညာ၊ ပန်းပုပညာ အံ့မခန်းစရာ မြင်တွေ့ရပါသည်။

ပထမ ဖျက်ချလိုက်သော ရှေးကျောင်းကြီး၏ ခံ့ညားလှပပုံကို လက်ရှိကျောင်းထိုင် ဆရာတော်ကြီး ဦးပညာ



www.burmeseclassic.com

www.burmeseclassic.com



သမင်ချိုပလ္လင်ခုံ စမ္ဗဆက်အစီအရင်ပုံ ပန်းပုလက်ရာ

သီဟ အရှင်သူမြတ်မှ ပြောပြချက်သာ ကြားခဲ့ရသဖြင့် အလွန် နှမြောလှပါသည်။

ထို ကမ်းကြီးကျောင်းသည် ဘိုကလေးမြို့အပိုင်ထဲမှာ ဖြစ်ပြီး ချောင်းကြိုချောင်းကြား ပေါ်များလှသဖြင့် စက်လှေနှင့်သာ သွားရောက်နိုင်ပါသည်။

ထိုကမ်းကြီးရွာကို တည်ထားသူတို့မှာ အင်မတန်မှ စိတ်ဝင်စားဖို့ ကောင်းပါသည်။ လူနေအိမ်နှင့် လမ်းမ၊ လမ်းသွယ်, ကျောင်း, ဇရပ်, ရေကန်နှင့် သချိုင်းမြေအထိ စနစ်ကျကျ တောရွာနှင့်မလိုက်အောင် ရပ်ကွက်ဆန်ဆန် ပြုလုပ်ထားပါသည်။

ဒီရေဒီတက်ဒီကျ ရေလွတ်အောင်နှင့် အုတ်စီအုတ်ညှပ် ပြုလုပ်ပြီး လမ်းမအကျယ်ကိုလည်း (၁၀)ပေနီးပါး ပြုလုပ်ထားပြီး လမ်းသွယ်ကိုလည်း အုတ်အမြင့် စီထားသည်မှာ အင်မတန်သေသပ်လှပပါသည်။

တစ်အိမ်နှင့်တစ်အိမ် ရေလွတ်သွားလာနိုင်ကြသည်။ ရွာအရှေ့နှင့်အနောက် တစ်မိုင်ခန့်ကို စနစ်တကျ ရှာတည်ထားသည်မှာ အံ့ဩစရာပါ။ ရွာပြင်အနောက်ခြမ်း သချိုင်းဇရပ်သည်ပင် အလွန်ကြီးမားပြီး ကျွန်းတိုင်ကြီးများ၊ ကနုတ်ပန်းလက်ရာများဖြင့် လှပစွာ တန်ဆာဆင်ထားပါသည်။

ဒီခေတ်တွင် မရှိနိုင်သော မုခ်နှင့် ပန်းကနုတ် အထပ်ထပ်ဖြင့် တည်ဆောက်ထားသော ကြီးမားလှသော ရှေးဟောင်းအုတ်ဂူများ မြင်ဖူးသူ ရှားပါလိမ့်မည်။

စာရေးသူ မေးမြန်းသိရှိသမျှ အနည်းငယ်မှာ သီပေါမင်း ၁၂၄၇ ခုနှစ် ပါတော်မူပြီးစအချိန် ရက်များ မကြာမီ ပိန်းကောလှေကြီးနှစ်စင်းသည် ရတနာပုံမန္တလေးမြို့မှ တိတ်တဆိတ် ထွက်ခွာလာလေသည်။

ထိုပိန်းကောလှေကြီးနှစ်စင်းမှ ရှေ့ဆုံးအစင်းတွင် ဒေါင်းအလံများ စိုက်ထူ၍ ပေါင်းမိုးပေါ်တွင် သိန်းငှက်ရုပ်ကြီး တစ်ရုပ်နှင့် ဟင်္သပဒါး သုတ်ထားသော သစ်သားပြားကြီးပေါ်တွင် (ရွှေစာလုံး) နှင့် (သိမ်း)ဆိုသော စာလုံးကြီးကြီး၊ ထောင်ထားသကဲ့သို့ (၆)ပေကျော်ခန့်ရှိ စည်တော်ကြီးတစ်လုံးနှင့် မောင်းကြီး တစ်လုံး တင်ထားပါသည်။

ထိုလှေကြီးထဲတွင် သက်တော်ကြီးရင့်သော ဆရာတော်ကြီး တစ်ပါးနှင့် နန်းတွင်းသူနန်းတွင်းသားဟု ယူဆရသော ပုဂ္ဂိုလ်ကြီးများ၊ ကလေးသူငယ်များ၊ လှေလှော်သားများ၊ ဘုရင့်အသုံးအဆောင် ပွဲတော်အုပ်များ၊ သလွန်များ၊ ရှေးဟောင်း ပေစာထုပ်များ ရတနာပစ္စည်းများနှင့်တကွ ထွက်ခွာလာကြသည်ဟု ဆိုပါသည်။

မြို့တစ်မြို့ဝင်တိုင်း မောင်းကြီး (၃)ချက်ထု စည်တီးပြီး အောက်ပြည်အောက်ရွာသို့ စုန်ဆင်းသွားပါသည်။ ထိုပိန်းလှေကြီးနှစ်စင်းသည် ဘို





www.burmeseclassic.com

www.burmeseclassic.com

ကလေးမြို့အပိုင် (ယခုတည်ရှိနေသော ကျွန်းလေး)သို့ရောက်လျှင် လှေကပ်၍ ယင်းတို့လူစုသည် ဤနေရာသည် ရွာတည်ဖို့ကောင်းသည်၊ မည်သည့် အင်္ဂလိပ်အန္တရာယ်မှမရှိ မလာရောက်နိုင်သောနေရာဟု သတ်မှတ်ပြီး ပါလာသော လူအင်အားဖြင့် ထိုရွာကြီးကို ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်း ခုတ်ထွင်ပြီး မြို့ရွာရပ်ကွက် သဘောမျိုးဖြစ်အောင် အကောင်အထည် ဖော်ပါသည်။

ပန်းရန်ဆရာများ ထပ်မံလိုအပ်လျှင် ရတနာပုံမန္တလေးသို့ လူလွှတ် ပန်းရန်ဆရာကြီးများ၊ ဗိသုကာဆရာ၊ ပန်းပုပန်းတော့ဆရာများ ခေါ်၍ လမ်း၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ရေတွင်းရေကန်၊ သချိုင်းမြေကအစ ပြုလုပ်နိုင်းကြပါသည်။

ထိုခေတ်က ကျွန်းအိမ်ကြီးများမှာ နှစ်ဆောင်ပြိုင် လသာဆောင်၊ ဘုရားဆောင် စသည်များ အဆောင်များသလို ပွတ်လုံးတိုင် လှေကားကြီးများနှင့် အင်မတန် ခံ့ညားလှပပါသည်။ တစ်အိမ်နှင့်တစ်အိမ် ဟင်းထမင်းများ ကမ်းပေးနိုင်သည်အထိ ပြုလုပ်ထားပါသည်။

အနီးအနား ရွာငယ်တွေမှလည်း ထိုရွာကြီးသို့ ပြောင်းရွှေ့လာကြသလို ရွာကြီးကလည်း တဖြည်းဖြည်း စည်ကားလာပြီး ခေါက်ဆွဲဆိုင်များ၊ ရွှေဆိုင်များ အပေါင်ဆိုင်များပင် ရှိလာခဲ့ကြပါသည်။

အင်္ဂလိပ်အစိုးရခေတ်၊ ဂျပန်ခေတ်စသည်တို့ကို ဖြတ်သန်းလာရင်း ဂျပန်ခေတ်မှာ ထိုရွာကြီးမှာ ပျက်စီးစ ပြုလာပါသည်။ တိုင်းပြည်ကလည်း မငြိမ်သက် တစ်ဖက်ကလည်း ရောင်စုံသူပုန်များ ဓားပြများ၊ လုယက်သောသူများ၊ ...



ကမ်းကြီးကျောင်း ဆရာတော်ကြီး ဦးပညာသီဟနှင့် သမင်ချိုပလ္လင်ကြီးပုံ

တိုက်ခိုက်မှုများကြောင့် ရွာပစ်ပြီး ပြေးသူပြေးကြသည်။

ထိုအပြင် ချစ်တီးကုလားများကို အဆမတန် ဈေးလျှော့၍ ကျွန်းအိမ်ကြီး အိမ်ကောင်းများကို ရောင်းချပြီး ဘိုကလေး၊ ဖျာပုံ စသည့် မြို့ဘက်များသို့ ပြောင်းရွှေ့သွားခဲ့ကြရသည်။

သို့သော်လည်း ထိုရွာကြီးကို တည်သွားခဲ့ကြသော ပုဂ္ဂိုလ်ကြီးများအနက် ဦးဘိုးစံ၊ အမေစိမ်း၊ ဘိုးအုန်းပင်၊ ဘိုးခြိတိုင်၊ ဒေါ်မယ်ကာ၊ ဘိုးတာ စသည်တို့သာ ဒီရွာလေးမှာ ဘယ်မှ မပြောင်းဘဲ မထင်မရှား နေသွားခဲ့ကြသည်ဟု ရှေးလူကြီးဘိုးဘွားများ ပြောဆိုသွားသည့် စကားကို ယခုလက်ရှိ ကျောင်းထိုင် ဆရာတော်ကြီး ဦးပညာသီဟမှ ပြောပြခဲ့ပါသည်။


တစ်ချိန်က စာချိုးတစ်ခုပင် ထိုရွာမှာ ပေါ်ခဲ့ဖူးသည်။ စာချိုးမှာ **"အုန်းခြိကာတာ မလျှောက်နှင့် စိမ်းဆိုလည်း စွက်မစားလေနှင့်"**ဖြစ်သည်။

အကြောင်းမှာ ယင်းပုဂ္ဂိုလ်ကြီးများမှာ ဩဇာရှိခြင်း၊ မဟုတ်မခံစိတ်ရှိခြင်း၊ တည်တည်ကြည်ကြည်နေခြင်း၊ ရွာသူ




www.burmeseclassic.com

www.burmeseclassic.com



▲ အမိုးမျက်နှာကြက်မှ ရွှေရှု သိကြားမင်းရုပ်တုနှင့် ပန်းရေးထားပုံ

▼ သိမ်မျက်နှာကြက်မှ နေလနက္ခတ်တာရာများပုံ



www.burmeseclassic.com

www.burmeseclassic.com

ရှာသားများအပေါ် မတရား မပြုလုပ်ခြင်း၊ ကူညီခြင်း စသည်တို့ကြောင့် ရှာသားများမှ ချစ်ကြောက်ရိုသေလေးစားကြခြင်း ဖြစ်သည်။

သူတို့၏ နာမည်အတိအကျကို မည်သူမှ မသိရဘဲ နာမည်အတုဖြင့်သာ နေထိုင်သွားသလို အသက်အငယ်ဆုံး နောက်ဆုံးမှ သေဆုံးသွားသော အမေစိမ်းသည်ပင် အသက်(၉၆)နှစ်မှာ ဖြစ်သည်။

အသက်လည်း ရှည်ကြသလို နန်းဆန်ဆန် နေသွားကြသည်။ အမေစိမ်းသည် စနစ်ကြီးခြင်း၊ မြန်မာ့ယဉ်ကျေးမှု ရိုးရာအစဉ်အလာကို ထိန်းသိမ်းခြင်း၊ တစ်ခါတလေပင် နန်းတွင်းအခေါ်အပြော အသုံးအနှုန်းများ ရှိခဲ့သည်။

အမေစိမ်းတွင် သမီးနှစ်ယောက်ရှိခဲ့ရာ တစ်ယောက်သော သမီး၏သား ယခုလက်ရှိ အသက်(၇၀)ကျော် အဘစိုးမှ သူ ခြောက်နှစ်၊ ခုနစ်နှစ်သား အရွယ် ကလေးဘဝ အမေစိမ်းအိမ်ကြီး၏ ဖိနပ်ချွတ်တွင် ထိုင်နေသည်ကို မြင်သော အမေစိမ်းသည် စိတ်ဆိုးသော အမူအရာဖြင့် မြေးဖြစ်သူ အဘစိုးအား...

'နင်က ကျွန်လား၊ သခင်လား။ အဲဒီနေရာ ထိုင်ရတာ ကျွန်မှထိုင်တာ၊ နင် အခု အိမ်ပေါ် ချက်ချင်းတက်စမ်း'

ဟု ငေါက်ငမ်းသည်ကို အဘစိုးမှ စာရေးသူအား ပြန်ပြောပြပါသည်။

ရင်ဖုံးအင်္ကျီ၊ ချိတ်ထဘီ၊ ပိန်းတန်းကတ္တီပါဖိနပ် အမြဲစီးလေ့ရှိသည်။ တစ်တောင်မရှိမရှိ ဖက်ဆေးလိပ်ကြီးကိုလည်း ကိုယ်တိုင် လိပ်သောက်လေ့ရှိသည်။ ဘုရား၊ တရား အလွန်မြဲသည်။ မဟာဆန်သည်။

အသက်အရွယ် ကြီးလာတော့ မိမိကျွန်းအိမ်ကြီးနှင့် လက်ဝတ်လက်စား



ဘုရားပွဲတော်အုပ်ကြီးများပုံ

များပါ ရောင်းချပြီး ထိုကမ်းကြီးရွာတွင် ဘုရားတည်ခြင်း၊ သိမ်ကုသိုလ် ပါဝင်ခြင်း စသည့် ကုသိုလ်တို့ကို ပြုလုပ်သွားနိုင်ခဲ့သည်ဟု မြစ်ဖြစ်သူ အဘစိုးမှ ပြောပြခဲ့သည်။

ယခုလက်ရှိ ကျန်ရှိနေသော ရှေးဟောင်း သိမ်တော်ကြီးပင်လျှင် အလျား ပေ(၇၀)ကျော်ရှိသည့် တိုင်ကြီးများကိုလည်း ရွှေချထားသည်။ အပေါ်မျက်နှာကြက်မှာလည်း နက္ခတာရာများကို ထွင်းထုပြီး ရွှေချထားပါသည်။

ခေါင်းရင်းခန်း ပလ္လင်အောက်မြေမှာလည်း ဖန်ရောင်စုံနှင့် ယခုခေတ် ပြုလုပ်နိုင်သည့် ပညာရှင် မရှိနိုင်သော ရှေးဟောင်း ယဉ်ကျေးမှုအတတ်ပညာ ဖန်ကနုတ်ပန်းရောင်စုံကြားမှ သစ်စေးသရိုးကို မည်ကဲ့သို့ ရောစပ်ထားသည်မသိ။

ရွှေလ ဆက်ဖတ်ပါရန်

ဟသ်ာတ သန်းလှိုင်ရွှေ

(ရွှေပန်းချီ)

www.burmeseclassic.com

အောင်ရေနိုင် (B.Sc)

ပင်လုံမြို့က

# ဆုတောင်းပြည့် ညောင်ပင်ကြီး

တောင်ကြီးမှ (၆၂)မိုင် ကွာဝေးပြီး တောင်ကြီး–ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသော ပင်လုံမြို့လေးသည် ပြည်ထောင်စုနေ့ကို ဖြစ်ပေါ်စေသည့် ပင်လုံစာချုပ်၊ ပင်လုံကျောက်တိုင်တို့ကြောင့် လူသိများ ထင်ရှားကျော်ကြားသည့် မြို့လေးဖြစ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် တောင်ပေါ်မြေပြန့်တိုင်းရင်းသားခေါင်းဆောင် (၂၂)ဦးတို့သည် ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာဖြင့် လက်မှတ်ရေးထိုးခဲ့ပြီးနောက် သမိုင်းဝင် ပင်လုံစာချုပ်ကို ပေါ်ပေါက်စေခဲ့ကြလေသည်။

ထိုနေ့ (၁၂–၂–၁၉၄၇)ရက်ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့ကြပြီး ဖေဖော်ဝါရီလ (၁၂)ရက်နေ့ရောက်တိုင်း နိုင်ငံတစ်ဝန်း ပြည်ထောင်စုနေ့ အခမ်းအနားများ ကျင်းပခဲ့ခြင်းမှာ နှစ်ပေါင်း(၆၆)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

ပင်လုံညီလာခံ ကျင်းပသည့်နေရာတွင် ၁၉၄၇ ခုနှစ်ကပင် တိုင်းရင်းသားခေါင်းဆောင်များ၏ ဆန္ဒအရ ပင်လုံကျောက်တိုင်ကြီး တည်ဆောက်ခဲ့လေသည်။ ထိုပင်လုံကျောက်တိုင်ကြီး၏ တည်ဆောက်မှု ကြာရှည်ခဲ့သည့်ကာလမှာ **(၆၆)နှစ်ရှိပြီ** ဖြစ်ပါသည်။

ထို ပင်လုံကျောက်တိုင်ကြီး၏ တောင်ဘက် ကိုက်(၅၀)ခန့်အကွာ၌ ရှိသည့် ညောင်ပင်ကြီးကား ပင်လုံကျောက်တိုင်ကြီး မဖြစ်ပေါ်ခင်ကပင် တည်ရှိနေခဲ့သည့် သက်တမ်းရှည် ညောင်ပင်ကြီး ဖြစ်ပါသည်။

အရိပ်အာဝါသ အလွန်ကောင်းပြီး လုံးပတ်မှာ အမျိုးသားကြီး(၂)ဦး လက်ချင်းဆက်ဖက်၍ ရအောင်ပင်ကြီးမားလှပါသည်။ ယခုအခါ ပင်လုံကျောက်တိုင်ကြီး၏ အနီးရှိ ထိုညောင်ပင်ကြီးသည် **ဆုတောင်းပြည့် အဓိဋ္ဌာန်အောင် ညောင်ပင်ကြီးအဖြစ်** ထင်ရှားလျက် ရှိနေပါတော့သည်။

ရပ်ဝေးရပ်နီးမှ လာကြသည့် ပရိသတ်အပေါင်းတို့သည် ထိုညောင်ပင်ကြီးကို လက်ယာရစ်(၉)ပတ် ဆုတောင်းပြည့်ရန် ပတ်နေကြလေသည်။ စာရေးသူကိုယ်တိုင်လည်း အခြားပုဂ္ဂိုလ်များနှင့်အတူ ညောင်ပင်ကြီးကို လက်ယာရစ်(၉)ပတ် ပတ်ခဲ့လေသည်။ စိတ်ထဲမှာ ရွှင်လန်းနေပါးခြင်း အရသာကို ခံစားခဲ့ရလေသည်။

**မြို့ခံပုဂ္ဂိုလ်တစ်ဦးမှ ဤညောင်ပင်ကြီးကို လက်ယာရစ်(၉)ပတ် ပတ်ပြီး**



ပင်လုံမြို့ ဆုတောင်းပြည့်ညောင်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

**ဆုတောင်းပါက လျှမ်းစွာမှ ဆုတောင်း ပြည့်ကြောင်း ရှင်းလင်းပြောဆိုပါသည်။**

မင်လုံမြို့လေးမှာ နေ့နာမ်အရ ကြာသပတေး၊ ဗုဒ္ဓဟူးဖြစ်၍ ဂဏန်းအားဖြင့် (၅နှင့်၄)ဖြစ်၍ ပေါင်းပါက ၉(ကိုး)ရလေသည်။ ကျောက်တိုင်မှာလည်း နေ့နာမ်အရ တနင်္လာ၊ စနေဖြစ်ပြီး ဂဏန်းအားဖြင့် (၂နှင့်၇)ဖြစ်၍ ပေါင်းပါက ၉(ကိုး) ရပြန်သည်။

ထို့ကြောင့် ပင်လုံ(၉)၊ ကျောက်တိုင်(၉)သည် ကိုးနဝင်းကျေသည့် သင်္ကေတဖြစ်နေကြောင်း စဉ်းစားမိခဲ့ပါသည်။ ညောင်ပင်ကြီးကို လက်ယာရစ်(၉)ပတ် ပတ်ခြင်းသည် ကိုးနဝင်းကျေသည့် ပင်လုံကျောက်တိုင်နှင့် ဆက်စပ်နေသလားဟု စာရေးသူ စဉ်းစားမိခဲ့ပါတော့သည်။

ပင်လုံကျောက်တိုင်အနီးရှိ ညောင်ပင်ကြီးကို လက်ယာရစ် ပတ်နေကြသည့် လှူပရိသတ်များကို ကြည့်နေရင်း သစ်ပင်ကြီးကြီးမားမားနှင့် ပတ်သက်၍ မိမိအား ဆုံးမပြောဆိုခဲ့သည့် ဆရာသမားတစ်ဦး၏ စကားများကို ပြန်လည် ကြားယောင်လာခဲ့ပါတော့သည်။

'မောင်အောင်ရန်နိုင်ရေ သစ်ပင်နဲ့ ပတ်သက်လို့ မှတ်သားစရာ နည်းနည်း ပြောချင်တယ်ကွ။ သစ်ပင်မှာ ရှိတဲ့ အကိုင်းတွေကို ခုတ်ရတဲ့အခါ အကိုင်းတွေ အားလုံး မခုတ်ရဘူး။ တစ်ကိုင်း နှစ်ကိုင်း ချန်ပြီးခုတ်ရတယ်ကွ။ သစ်ပင်မှာ နတ်တွေနေဖို့အတွက် **နတ်နေကိုင်း (နတ်နေကိုင်း)** ချန်တယ်လို့ ခေါ်တယ်ကွ။ လောကကြီးမှာ မြင်ရတဲ့ပုဂ္ဂိုလ်များ ရှိသလို မမြင်အပ်တဲ့ ပုဂ္ဂိုလ်များလဲ ရှိနေကြတယ်ကွ မောင်အောင်ရန်နိုင်ရ။

မမြင်အပ်သောပုဂ္ဂိုလ် တစ်နည်းအားဖြင့် နာမ်လောကမှ ပုဂ္ဂိုလ်တချို့ဟာ သစ်ပင်ကြီးတွေမှာ မှီခိုနေထိုင်ကြတယ်။ သစ်ပင်မှာနေကြတော့ ရုက္ခစိုးလို့ခေါ်ရင် ယေဘုယျအားဖြင့် မှန်တယ်လို့ ဆိုရမယ်။

သစ်ပင်ကြီးကြီးဆိုရင် ရုက္ခစိုး(နာမ်လောကပုဂ္ဂိုလ်)များ ရှိနေတတ်တယ်ကွ။ ယောက်ျားကြီး လက်နှစ်ဖက်ခန့် ပင်စည်လုံးပတ်ကြီးခဲ့ရင် ရုက္ခစိုးရှိဖို့ များပြီပေါ့။ မလွှဲသာမရှောင်သာ အဲဒီလို သစ်ပင်ကြီးကြီးမားမားကို ခုတ်ရလှဲရ ဖယ်ရရင် မေတ္တာစိတ်နဲ့ တောင်းပန်ပြီး ခုတ်လှဲရင် မိမိအတွက် အန္တရာယ်ကင်းတာပေါ့ကွာ။

သစ်ပင်ကြီးကြီး ပင်စည်လုံးပတ်ကြီးကြီးဆိုရင် စီနီယာ(Senior) ရုက္ခစိုး နေတတ်တယ်။ သစ်ပင်ငယ်ရင်တော့ ဂျူနီယာ(Junior)ရုက္ခစိုး နေတတ်တယ်။ သစ်ပင်ကြီးကြီးမှာနေတဲ့ စီနီယာ(Senior)ရုက္ခစိုးက တန်ခိုး (Powerful)ပိုကြီးကြတာပေါ့။ သစ်ပင်ကြီးကြီးနဲ့ တွေ့ဆုံရရင် ဂရုစိုက်ပြီး နေထိုင်လုပ်ကိုင်ဖို့ ပြောချင်တာပါကွာ။

ဇါတ်တော်ဇာတိဒေသက သစ်ပင်ကြီးတစ်ပင်ဆိုရင် ဒေသခံတွေက အလေးအနက်ထားပြီး သွားရတဲ့ နေရာတစ်ခုလို့ သတ်မှတ်ထားကြတယ်။ အဲဒီ သစ်ပင်ကြီးရဲ့အောက်မှာ အပေါ့အပါးစွန့်တာတို့ အညစ်အကြေးစွန့်တာတို့ လုပ်လို့မရဘူး။

မယုံကြည်လို့ အဲဒီသစ်ပင်အောက်ကို သွားပြီး မဖွယ်မရာ လုပ်တဲ့သူတိုင်း ဒုက္ခရောက်ကြရတာချည်းပါပဲ။ ဒါကြောင့် သစ်ပင်ကြီးကြီးဆိုရင် ဂရုစိုက်ဖို့ ပြောချင်တာပါ မောင်အောင်ရန်နိုင်'

ပင်လုံမြို့သို့ ရောက်ရှိသည့်အခါ ဆုတောင်းပြည့် ညောင်ပင်ကြီးကို သွားရောက်လေ့လာမှု ပြုကြပါရန် မေတ္တာဖြင့် တင်ပြအပ်ပါသည်။

***သဗ္ဗေသတ္တာ ဘဝန္တု သုခိတတ္တာ***

**အောင်ရန်နိုင်** *(B.Sc)*


စာ စု ပို လို ရ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၉

www.burmeseclassic.com


ကြော်ငြာဆောင်းပါး



# ကျန်းမာရေးကိုယ်လုံး အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ညှိသည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"


ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

| ဆေးထုတ်လုပ်ပင်ရင်း | ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန |
|---|---|
| အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊ (၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |




www.burmeseclassic.com

www.burmeseclassic.com



◆ ဝိဇ္ဇာဘုရား

စံလွင်းသာ

စိတ်သန္တာပွားလျှင် ကြုံသမျှထူးစေသည့်

# ဝိဇ္ဇာဘုရားရှင် ထံတော်ပါးဆီသို့ (၁)

ခရီးစဉ် နိဒါန်း

မုံရွာဆောင်း နံနက်ခင်းကား နေထန်းတစ်ဖျား (နံနက် ၉ နာရီကျော်ခန့်မျှ) ရှိပြီဖြစ်သော်လည်း ခြင်ဆီတွင်းခွဲလောက်အောင် စိမ့်၍ အေးနေဆဲဖြစ်သည်။

'ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်မှာ လာနားကြတဲ့ ချင်းတိုင်းရင်းသားတို့ ရှမ်းတိုင်းရင်းသားတို့လို တောင်ပေါ်သားတွေက ပြောကြတယ်။ တောင်ပေါ်ဒေသ အအေးက နေလို့ရသေးတယ်။ မုံရွာမြို့ အေးပုံကြီးက ရေတောင် မကိုင်ဝံ့ဘူးတဲ့။ သူတို့တောင်ပေါ်မှာ ရေတော့ ချိုးနိုင်ကြသေးဆိုပဲ'

ဦးသာရှင်းက မုံရွာဆောင်း ငြိကာချဲ့နေစဉ် ကလေးများက နေပူဆာလှုံရန် လာခေါ်ကြသဖြင့် အိမ်ရှေ့ နေရောင်အောက်သို့ ထွက်လာခဲ့သည်။

'ဦးအောင်နိုင် ပြောတယ်၊ ဦးလေး ရောက်နေတဲ့အကြောင်း ဦးပဋ္ဌင်းဆီ ဖုန်းဆက်ထားသတဲ့'

'ဦးပဋ္ဌင်းက အရာတော် ကြွနေတယ်ဆို'

'ဟုတ်ကဲ့ တမြန်နေ့က ပြန်ရောက်တာ'

သို့ဖြင့် ရန်နိုင်စိုးအား ခေါ်၍ မဟာလယ်တီတိုက် ဒေါ်မေအုတ်ကျောင်းသို့ ဆိုင်ကယ်ဖြင့် လိုက်ပို့ခိုင်းသည်။ ကျောင်းတွင် အရှင်သီလာစာရအား အခန့်သင့်စွာ ဖူးတွေ့ရပေသည်။

'ကျုပ်လဲ ခင်ဗျားကို မျှော်နေတာဗျား၊ ဝိဇ္ဇာဘုရားတဲ့။ မုံရွာ၊ ဘုတလင်၊ အရာတော် သုံးမြို့နယ် ဖိုခုံဒေသက်ဆိုင် အလယ်ဗဟိုမှာ ကိန်းဝပ်တယ်။





www.burmeseclassic.com

www.burmeseclassic.com

[illegible]

'ဆရာ။ ဒီအချိန်လောက်ဆိုရင် ကျောင်တပည့်တွေ လူစု မခွဲလောက်သေးပါဘူး။ လက်ဖက်ရည်ဆိုင်တွေဘက် သွားကြည့်ကြစို့'

ဦးပဋ္ဌင်းမှာ သူ၏ စရဏကိုသာ တတ်အားသရွေ့ ကျင့်ကြံဖြည့်ဆည်းလျက်ရှိကာ ဤသို့ ချီးပင့် ညွှန်ကြားလေ့မရှိသဖြင့် မိမိသည်လည်း စိတ်အား ထက်သန်စွာ လျှောက်ထားလိုက်ခြင်း ဖြစ်သည်။

ဦးပဋ္ဌင်းက လယ်တီမြောက်ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ ခေါ်သွားကာ လူအချို့နှင့် မေးမြန်း ပြောဆိုနေသည်။ အတန်ကြာမှ ပြန်ရောက်လာကာ "မနက်ဖြန် ခုနစ်နာရီခွဲ၊ ရှစ်နာရီလောက် စ,ထွက်ကြတာပေါ့။ လမ်းပြကော အဖော်ပါ ဆိုင်ကယ်သုံးစီး လိုက်ပို့ကြမယ်။ ခင်ဗျားက ကိုအောင်နိုင့်ဆိုင်ကယ်ကို ရန်နိုင်စိုးမောင်းနိုင်းပြီး လိုက်ခဲ့။ စုစုပေါင်း လေးစီး သွားကြတာပေါ့။


သာစည်လမ်းက သွားပြီး အင်တိုင်း၊ သစ်ကျင်း၊ မှော်တော၊ ဝါးတောမရွာတွေ ဖြတ်၊ အရာတော်ရောက်တော့ မုံရွာလမ်းအတိုင်း ၀,လုံးတစ်ပတ် ခရီးသွက်ကြမယ်။ ခင်ဗျားအတွက် မပြည့်စုံသေးရင် အရာတော်မှာ ညအိပ်ပြီး နောက်တစ်နေ့မှ အေးအေးဆေးဆေး ပြန်လို့ရပါတယ်"

ဟူ၍ ပြည့်စုံစွာ ရှင်းပြသည်။



◆ အစိဋ္ဌာနိပြင့် အသစ်ပေါက်လာသော သပိတ်ကွဲတည်ပင်

◆ ဝိဇ္ဇာဘုရားမုခ်ဦး



ဦးပဋ္ဌင်းကိုယ်တိုင်လည်း ဝိဇ္ဇာဘုရားအား သွားရောက် ဖူးမြော်မည်ဟု စိတ်အကြံဖြစ်ပေါ်သည်နှင့် မကြာမီ ကူညီပို့ဆောင်ပေးသူ၊ ထိုနယ်သို့ ခရီးကြုံသဖြင့် ပင့်ဆောင်သွားသူများ ပေါ်ပေါက်၍ ရောက်ဖြစ်၊ ဖူးဖြစ်ရသည်ဟု သိရပေသည်။

## မြေတော်ရှင်းသို့ မြေလှမ်းအစ

ဝိဇ္ဇာဘုရားဟု လူအများ ခေါ်ဝေါ်ကြသော "ရင်အေး" စေတီတော် ကိန်းဝပ်တော်မူရာ ဌာနကို သပိတ်ကွဲတည်ပင် သာသနာမြေဟု ခေါ်တွင်ကြသည်။ အရာတော်မြို့နယ် သစ်ကျင်းကြီးကျေးရွာမှတစ်ဆင့် မြောက်ယွန်းယွန်း 'မှော်တော' အုပ်စုရှိ ချမ်းသာကုန်းရွာအနီးသို့ သွားရသည်။

အရာတော်မှ မော်တော်ယာဉ်ငယ်များဖြင့် သွားနိုင်သည်။ တောင်ကုန်းငယ် အနိမ့်အမြင့် ပေါများလှသော မြေလမ်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



◆ တရားဟောခန်း ဆိုင်းဘုတ်

မိမိတို့မှာ ကိုအောင်နိုင် လမ်းညွှန်လိုက်သော ရွှေမဥ္ဇူစေတီ မျက်ရှင်တော်အား ပူဇော်ရန်ရှိသဖြင့် မုံရွာ–သာစည် ကားလမ်းအတိုင်း ခရီးစတင်ကာ ဆိုင်ကယ်လေးစီးဖြင့် ထွက်ခဲ့ကြသည်။ ကျောက်စစ်ပုံ၊ တဲကြီးရွာများကို ကျော်လွန်ပြီးနောက် ကတ္တရာလမ်း၏ လက်ယာဘက်တွင်ရှိသော သာစည်ကျောက္ကာလမ်းခွဲမှတစ်ဆင့် အင်တိုင်းရွာသို့ ခွဲထွက်ကြသည်။

အင်တိုင်းရွာတွင် ရွှေမဥ္ဇူ မျက်ရှင်တော်မုနိအား ဦးခိုက်၍ ဘာဝနာကုသိုလ် ပွားများသည်။ ထို့နောက်တွင် သာစည်ဆည်ပေါင်အတိုင်း မောင်းနှင်ကာ တောလမ်းအတိုင်း သစ်ကျင်းကြီးသို့ ဦးတည်ခဲ့သည်။

ခရီးအစတွင် မြင်တွေ့ရသော သာစည် ဆည်ရေပြင်ကျယ်ကြီး ကြည်နူးစရာ ကောင်းသကဲ့သို့ အာပေါ်ဓာတ်၏ ယိုစီးမှုသဘောကြောင့် ဝိဇ္ဇာဘုရား ပူဇော်မှုခရီးသည် လွယ်ကူအဆင်ပြေစွာ ပေါက်မြောက် အောင်မြင်လိမ့်မည်ဟု နိမိတ်ကောက်လျက် ဝမ်းမြောက်မိသည်။

တောလမ်းကလေးသည် အတက်အဆင်း ပေါ်များသည့်အပြင် ဖုန်မှုန့်၊ ကျောက်ပြုပ်ကလေးများ ပေါလှသဖြင့် အလွန်ပင် သတိထား မောင်းနှင်ကြရသည်။ လိုက်ပို့ပေးကြသော မုံရွာမိတ်ဆွေများမှာ ဆိုင်ကယ် ကျွမ်းကျင်၍ သွားလာနေကျဖြစ်သော်လည်း မကြာခဏ ဘီးချော်ကာ ကမောက်ကမ ဖြစ်ကြရသည်။

သို့သော် ထိခိုက်ဒဏ်ရာရခြင်း မရှိပါ။ ကျော,ခါး,ကိုယ်လက် နာကျင်ရုံမျှသာ ဖြစ်သည်။ တစ်နာရီခွဲမျှကြာသော် သစ်ကျင်းရွာသို့ ရောက်ရှိ၍ (၂)မိုင်ခွဲခန့် ဆက်သွားရုံဖြင့် ဝိဇ္ဇာဘုရားမုခ်ဦးကို လှမ်းမြင်ရလေသည်။

## ဝိဇ္ဇာဘုရား

မုခ်ဦးအတွင်း ဝင်ရောက်ကာ ဝိဇ္ဇာဘုရားကို ဦးစွာ ကန်တော့သည်။ ကိုးတောင်ပြည့် မြေစိုက်စေတီငယ် ဖြစ်သော်လည်း ခုနစ်မျက်နှာ၊ မုခ်(၇)မုခ်ဖြင့် ထူးစွာ ဖူးရသည်။

ရာဟုနံ ဂြိုဟ်တိုင် မပါရှိပါ။ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်း၌ မွေးဖွားသူများသည် ရာဟုသားဟူ၍ ရာဟုဂြိုဟ်တိုင်တွင် ပူဇော်လေ့မရှိ၊ ဗုဒ္ဓဟူးဂြိုဟ်တိုင်တွင်သာ ပူဇော်လေ့ရှိကြရာ ပူဇော်သူမဲ့သော ရာဟုဂြိုဟ်တိုင်ကို ချန်လှပ်ထားခြင်းသည် လက်တွေ့ကျသော ပူဇော်မှု အစီအစဉ် ဖြစ်ပေသည်။

ရင်ပြင်ကျယ်ကျယ် စေတီငယ်တွင် ပန်း,ရေချမ်း ပူဇော်သူ မပြတ် တွေ့ရသည်။ ဘာဝနာကုသိုလ်ရှင် လူကြီးလူငယ် အရွယ်စုံကိုလည်း မြင်ရသည်။ မိမိသည်လည်း မွေးနေ့ဂြိုဟ်တိုင် အနီးမှနေ၍ တရားဆရာ လမ်းညွှန်ပေးသော ပဋ္ဌာန်းဂုဏ်တော်ကွန်ချာ ပူဇော်နည်းဖြင့် စိတ်မှတ်ရှုပွားလျက် ဝေနေယျအားလုံးတို့ကို ကုသိုလ်အမျှ ပေးဝေခဲ့သည်။

ထို့နောက် အနီးရှိ အဆောက်အအုံသို့ သွားရောက် လေ့လာရန် ခြေလှမ်းပြင်လိုက်စဉ် ရင်းနှီးသော ခေါ်သံတစ်ခုကြားရသဖြင့် ကြည့်မိရာ အစ်ကို့ဇနီး မရီးတော် ဖြစ်နေသည်။ ရွှေစာရံစေတီသို့ သွားရာလမ်းတွင်ရှိသော အုန်းချောကျေးရွာ၌ ကုန်စုံဆိုင်ဖွင့်၍ နေထိုင်ကြရာ ရံဖန်ရံခါမှသာ ဆုံတွေ့ဖြစ်ကြသည်။ ယခုကဲ့သို့ ဝေးလံသောနေရာတွင် တွေ့ရသဖြင့် အံ့ဩမိသည်။

'ဘယ်ကဘယ်လို ရောက်လာတာလဲ'

'ဆွမ်းလာကပ်တာ။ ကုသိုလ်ရှင်များနေလို့ မနက်ဖြန်မှ အလှည့်ရတယ်။ ကြွသမျှ သံဃာအကုန် ဆွမ်းခဲ့ဖွယ် ဝတ္ထုကပ်တယ်။ လာသမျှ လူပရိသတ်ကို ထမင်းကျွေး၊ မုန့်,လက်ဖက်ရည်တိုက်တယ်လေ'

'သက်သတ်လွတ်ဟင်းလား'

'ကြက်၊ ဝက်၊ ငါး အစုံ ပါ,ပါတယ်'

'ဘာကြောင့် ဒီလောက်ဝေးဝေးမှာ လာလှူဖြစ်တာလဲ'




www.burmeseclassic.com

www.burmeseclassic.com



▲ အောင်သိဒ္ဓိ ဝိမာန်မြင်ကွင်း

▼ နံရံထက်မှ ကမ္ဗည်း




'လူတစ်ခု ပူမှု ဆယ်ကုဋေလေ။ နင်သိတဲ့အတိုင်း တို့မှာလဲ လူမှုရေး၊ စီးပွားရေး သောကတွေ ရှိတာပဲ။ ဒီမှာ ဦးဆောင်နေတဲ့ ဆရာမက တို့နယ်သား၊ သူပြောပြလို့ ဝိဇ္ဇာဆရာတော်ကြီးမှာ ဆည်းကပ် ပူဇော် အဓိဋ္ဌာန်ပြုဖြစ်တယ်။ ထိုက်သင့်သလောက် အကျိုးခံစားရတာမို့ ရည်ရွယ်ရင်းရှိတဲ့ အတိုင်း ဆွမ်းတစ်နပ်စာ လာလှူတာပါ'

'လူပရိသတ်က အမြဲတမ်း ဒီလိုပဲ စည်ကားနေတတ်သလား'

'အခုအချိန်က ပြာသိုလပြည့်၊ ဗုဒ္ဓပူဇနီယပွဲတော်ကာလလေ။ သကြန်တွင်းမှာ (၇)ရက် တရားစခန်း၊ သီတင်းကျွတ်လပြည့်မှာ (၉)ရက်၊ တန်ဆောင်မုန်းလပြည့်မှာ (၁၀)ရက် တရားစခန်းတွေ ဖွင့်တယ်။ တရားစခန်း ဖွင့်တဲ့အချိန်ရယ်၊ ဝါတွင်း ဥပုသ်နေ့တွေရယ်မှာတော့ နေ့တိုင်း လူတစ်ရာကျော်လောက် ရှိတတ်တယ်။ ဝါပဆိုရင်တော့ တစ်နေ့ကို ဆယ့်လေး၊ ငါးယောက်လောက်တော့ ရောက်လာတတ်ပါတယ်'

'ဘုရားဖူးသက်သက်ပဲလား'

'အစုံပေါ့ကွယ်။ လူမှုရေး၊ စီးပွားရေး၊ အမှုအခင်းအစ လောကီ အခက်အခဲအစုံအတွက် ဝိဇ္ဇာ ဆရာတော်ကြီးကို လာလျှောက်ကြတယ်။ ဘုရားလဲဖူး၊ လိပ်ဥလဲ တူးရင်းပေါ့။ ဒီလိုနဲ့ ခုနစ်ရက်သားသမီး ကယ်တင်ပြီး သာသနာတော် ပွင့်လင်းအောင် ကြိုးစားနေကြတာ ဆယ်နှစ်လောက်ရှိပြီထင်တယ်။ တိတိကျကျ သိရ အောင် ဆရာမဆီ သွားမေးကြည့်ကြ စို့'

သပိတ်ကွဲတည်ပင်
သာသနာပြုစခန်း

ဤသို့ဖြင့် မရီးဖြစ်သူ ဦးဆောင်ကာ ဝိဇ္ဇာဆရာတော်အား ပူဇော်ထားရာ အောင်သိဒ္ဓိဗိမာန်သို့ သွားရောက်ကြသည်။ ဓမ္မာရုံတစ်ခုအနီးသို့ ရောက်သောအခါ နံရံတွင် ချိတ်ဆွဲထားသော နံရံကပ် ပိုစတာကြီးတစ်ခု တွေ့ရသည်။

**"စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ မော်တောအုပ်စု၊ ချမ်းသာကုန်းရွာ ဝိဇ္ဇာဆရာတော်ကြီး ဦးနာဂသေန၏ အမေ့ခြေရာ ရိပ်သာစခန်း"** ဟူသော ကမ္ပည်းစာတန်းနှင့်အတူ ဆရာတော်၏ဓာတ်ပုံ၊ တရားစခန်းဖွင့်စဉ်က မှတ်တမ်းဓာတ်ပုံများ ဖော်ပြထားသည်ကို တွေ့ရသည်။

တရားစခန်းအမည်ကို "အမေ့ခြေရာရိပ်သာ" ဟု ကင်ပွန်းတပ်ရခြင်း အကြောင်းရင်းကို မသိရှိရသော်လည်း ထိုအမည်ပညတ်၏ ဂြိုဟ်သက်များ ပေါင်းလျှင် ၆+၁၉+၁၅+၁၇+၁၇+၂၁ =၉၅ ရသည်။ ဆရာတော် ဦးနာဂသေန၏ နံတော် စနေဂြိုဟ်သက်(၁၀) နှစ်နှင့် ပေါင်းသော် (၁၀၅)။ (၇)စားက သုည(၀)ကြွင်းသည်။ ဆရာတော်၏နံဂြိုဟ် စနေပင်ဖြစ်သောကြောင့် နံပေါ် ဓာတ်ရကိန်း ဆိုက်သည်။

ထို့ကြောင့် ဆရာတော်ကြီး တစ်ဘဝသစ်ခရီးလမ်း ကြွမြန်းလေပြီးမှ စတင်ထူထောင်သော ဤသာသနာပြုစခန်းသည် ဆယ်နှစ်တာကာလ



www.burmeseclassic.com

www.burmeseclassic.com

အတွင်း ဤမျှ စည်ပင်ဝေဆာနေရခြင်း ဖြစ်ကြောင်း သတိပြုမိလေသည်။

အောင်သိဒ္ဓိ ဗိမာန်အတွင်းသို့ ရောက်သောအခါ ကျောက်ဖြူရုပ်ပွားတော်တစ်ဆူကို ဗဟိုပြုကာ ဆရာတော်၏ရုပ်တု၊ ဓာတ်ပုံများ ထားရှိပူဇော်ထားသည်ကို တွေ့ရသည်။ နောက်ဘက်နံရံတွင် **"သာသနာသည် ငါ့အတွက် မဖြစ်စေရ၊ ငါသည် သာသနာအတွက် ဖြစ်စေရမည်။ ဝိဇ္ဇာဆရာတော် ဦးနာဂသေန သပိတ်ကွဲတည်ပင်"** ဟူသော ကမ္ပည်းကို အဝါခံတွင် အနီရောင် စာလုံးများဖြင့် တွေ့ရသည်။

ရှေ့တော်မှောက်တွင် ဘုရားရှင်နှင့်တကွ ဆရာတော်အား ဆွမ်း၊ ရေချမ်း ကပ်လှူနေသည့် ဒေါ်သန်းဝိုင်းအား မိတ်ဆက်မေးမြန်းရာ ရိုးသား ပွင့်လင်းစွာပင် သိသမျှကို ရှင်းပြပေးလေသည်။

## နောက်ခံသမိုင်း

ဤဒေသသည် ဝိဇ္ဇာဆရာတော် လောင်းလျာ မောင်ထွန်းရီကလေး၏ မိဘဘိုးဘွားများ အခြေချနေထိုင်ခဲ့ကြသော လူသူအရောက် အပေါက်နည်း၍ တောကျလှသည့်နေရာကလေး ဖြစ်သည်။ ယခုအခါ အရာတော်မြို့နယ် ဝါးတောမနှင့် မော်တောကျေးရွာအုပ်စုများဟု ခေါ်တွင်သည်။

ကောဇာသက္ကရာဇ် ၁၁၂၅ ခု **(အလောင်းဘုရား၏ ရတနာသိင်္ဃ တုန်းဘောင်နန်းတည်သက် (၁၀) နှစ်အရ)** ဝါဆိုဦးကာလတွင် ရဟန်းတော် အရှင်ဝရဒီပသည် ရတနာသိင်္ဃ ရွှေမြို့တော်၌ စာဝါများ သင်ယူပြီး၍ ဇာတိမြေသို့ ခေတ္တပြန်ရန် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် ကြွလာခဲ့သည်။ ခရီးသွားလူသူ နည်းပါးလှသော တောလမ်းကလေးအတိုင်း ကြွတော်မူရာ **တစ်နေရာ**(ယခု မော်တောကျေးရွာအနောက် (၂)မိုင်အကွာ နေရာ)အရောက်တွင် တောင်သူတစ်စုကို တွေ့ရသည်။

ထိုလူစုမှာ တစ်စုံတစ်ရာကို တီးတိုးတိုင်ပင်ကြံစည်၍ မိမိ၏ အနောက်မှ ထက်ကြပ်မကွာ လိုက်လာကြလေရာ ရန်သူများလေလားဟု သံသယစိတ်ဖြင့် လျင်မြန်စွာ ကြွလေတော့သည်။ မကြာမီ ကုန်းမြင့်ကလေးတစ်ခုအထက် တည်ပင်ကြီးတစ်ပင်အနီးသို့ ရောက်လျှင် ဦးပဥ္စင်းမှာ ခြေချော်လဲသဖြင့် လွယ်ထားသော သပိတ်လည်း မြေပေါ်သို့ ကျကွဲလေသည်။

ထိုအခါ မီလာကြသော နောက်မှလူစုက ဦးပဥ္စင်းကို ဝန်းရံလိုက်ကာ...

'အရှင်ဘုရား တပည့်တော်တို့ဒေသမှာ ကျောင်းကန်ဘုရားလဲ မရှိ သွန်သင်ဆုံးမမယ့် ရဟန်းသံဃာလဲ မရှိပါသဖြင့် ဒီမှာ သီတင်းသုံးပြီး တရားဓမ္မ ဟောကြား ပြသပေးတော်မူပါဘုရား'

ဟူ၍ တောင်းပန်ကြလေသည်။ ဦးပဥ္စင်းလည်း သာသနာတော်အတွက်



◆ ဝိဇ္ဇာဆရာတော် ရုပ်တု

ဖြစ်၍ ဝမ်းမြောက်စွာ လက်ခံကာ မြတ်ဗုဒ္ဓ၏သာသနာကို ပြုစု စောင့်ရှောက်တော်မူလေသည်။

ဤသို့ဖြင့် ဝါးတောမ၊ နတ်တောဒေသတွင် သပိတ်ကွဲတည်ပင်မှ စတင်ကာ သာသနာတော် ထွန်းလင်းတောက်ပလာခဲ့သည်။

ထို့နောက် နှစ်ကာလကြာရှည်သဖြင့် တည်ပင်ကြီးသည် အိုမင်းရင့်ရော်ကာ ပြိုလဲခဲ့ရာ ဆရာတော် အရှင်နာဂသေနသည် သက်တော် (၃၁)နှစ် အရွယ် ၁၃၂၄ ခုနှစ်တွင် ဇာတိမြေသို့ ခေတ္တပြန်ကြွစဉ် တည်ပင်ဟောင်းနေရာ ကုန်းမြေသို့ သွားရောက်၍...

'ဤနေရာတွင် နောင်အခါ သာသနာတော် ထွန်းလင်းတောက်ပမည် မှန်ပါက တည်ပင်ကြီး အလိုအလျောက် ပေါက်ပါစေသား'


*ဆက်လက် တင်ပြပါမည်*

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com



လေ့ကားထဲမှ ငွေမတ်စေ့

နေ့တိုင်းရှင်းသားတို့၏

# အိမ်ဂေဟာ သာယာစေသည့် အမြင့်အဆင်

'ဖေဖေ ဒါတွေက ဘာလုပ်ထားတာလဲ'

ခွေးရုပ်လေသာရွာရှိ နေထိုးခလေ့ကျွမ်းကျင်သူဆရာကြီး ဦးချစ်တင်၏ နေအိမ်သို့ အလည်သွားရောက်ရာ အိမ်လှေကားထစ်တွင် သံဖြင့် ရိုက်၍ အလှဆင်ထားသော မတ်စေ့လေးများကို တွေ့ရသဖြင့် သားငယ်က မေးမြန်းခြင်း ဖြစ်လေသည်။

'ငွေအကြွေစေ့ မတ်စေ့တွေကို အလှဆင်ထားတာပါ။ လှေကားမှာ ငွေနဲ့ အလှဆင်ထားတော့ ငွေလှေကား ဖြစ်သွားတာပေါ့။ အိမ်သာမှ ညေ့လာတယ် ဆိုစကားရှိတယ်။ တစ်နည်းအားဖြင့် ညေ့လာတော့ အိမ်သာလို့ပေါ့။ ကဲ လာတဲ့ညေ့သည်ကို ငွေလှေကားနဲ့ ဆီးကြိုတော့ ငွေညေ့သည် ဖြစ်သွားတယ်။ ညေ့ကောင်းစောင်ကောင်းပေါ့။

ဒီလို ညေ့ကောင်းစောင်ကောင်း ရောက်လာတာမို့ နေအိမ်ဂေဟာလဲ သန့်ရှင်းလာတယ်။ ကျက်သရေမင်္ဂလာ ရှိတယ်။ အိမ်သူအိမ်သားတွေ အေးချမ်းပျော်ရွှင်စွာနဲ့ လုပ်ငန်းဆောင်တာတွေကို လုပ်နိုင်ကြတယ်'

နောက်ပြီး မတ်စေ့က ခိုင်ခံ့တည်တံ့ခြင်း၊ မတ်မတ်ထောင်ခြင်းဆိုတဲ့ ပညတ်နိမိတ်ဆောင်တယ်။ ဒါကြောင့် ရှေးခေတ်က ဆေးကုဖို့ ဆရာပွဲတင်ရာမှာဖြစ်စေ၊ ဗေဒင်မေး ပညာသင်ရာမှာဖြစ်စေ ဆန်တစ်ပြည်၊ ငွေတစ်မတ်နဲ့ ပြင်ဆင်ကန်တော့ကြတယ်။

ဆန်ကရိက္ခာ တစ်ပြည်မှာ လေးစလယ်ရှိလို့ အရပ်လေးမျက်နှာ ရောက်လေရာမှာ ရိက္ခာ စားစရာ ဖူလုံရေး ရည်ညွှန်းတယ်။ ခုနောက်ပိုင်း နို့ဆီဘူးခွံနဲ့ ဆန်ခြင်ကြတော့ တစ်ပြည်မှာ (၈)ဘူးရှိတယ်။ အရပ်(၈)မျက်နှာ အနှံ့လို့ ဆိုနိုင်တာပေါ့။

ငွေတစ်မတ်က လူနာဆိုရင်လဲ ဝေဒနာ သက်သာပြီး ထူထူထောင်ထောင် ဖြစ်လာဖို့၊ ဗေဒင်မေးရင်လဲ အဆိုးတရားတွေ ပျောက်ပြီး မားမားမတ်မတ် ရပ်တည်နိုင်ဖို့၊ ပညာသင်တယ်ဆိုရင်လဲ ခိုင်မြဲပြီး တိုင်ပေါ်အလံစိုက်သလို အောင်မြင်ထင်ရှား ထူးချွန်ထက်မြက်စွာ တတ်ကျွမ်းနိုင်ဖို့ ရည်မှန်းကြတယ်။

လှေကားထစ်မှာ မတ်စေ့တွေ ရိုက်ထားလိုက်တော့ နင်းတက်နင်းဆင်းရတဲ့ ညေ့သည်ကော အိမ်သားတွေပါ ဘဝမှာ မယိုင်မလဲ ကြံ့ကြံ့ခိုင်အောင် မြင့်ပါစေလို့ ဆုတောင်းပေးတာနဲ့ တူပါတယ်။

မတ်စေ့ကို လှေကားထစ် ပျဉ်ပြားမှာ ဒီအတိုင်းထားလို့ မမြဲဘူး။ သံမှိုစွဲပေးရတယ်။ ရှေးတုန်းကတော့ သံမှိုကို "မယ်န"လို့ခေါ်တယ်။ ကြာသပတေးနံ့စပြီး စနေနဲ့ ဆုံးထားတယ်။ သောကြာနံရဲ့ အမြစ်နဲ့ အညွန့်ပေါ့။

အိမ်သားတစ်ယောက်ယောက် ခရီးသွားရင် ခြေလှမ်းတွေက ဒီလှေကားကနေ စ,ရတယ်မဟုတ်လား။ မယ်နတွေကို နင်းပြီး ခရီးစတင်ကြရတယ်။

ခရီးသွားလာခြင်းဆိုတာ သောကြာဂြိုဟ်ရဲ့ ပရိယာယ် အဓိပ္ပာယ်ဖွင့်ဆိုချက်ပဲ။ ဒီတော့ ခရီးသွားလာမှု အဆင်ပြေ ချောမွေ့စေဖို့လဲ ကျေးဇူးပြုပါတယ်'

ထိုနေ့က ငွေညေ့သည်များအဖြစ် စားသောက်စရာ ဖွယ်ဖွယ်ရာရာအပြင် ဆရာကြီးထံမှ ဆေးဝါး၊ ကုထုံးအချို့ကိုလည်း မှတ်သား လေ့လာဖြစ်ခဲ့လေသည်။

**ဆရာကြီး ဦးချစ်တင် သက်ရှည်ကျန်းမာစွာဖြင့် ဝေဒနာရှင်များအား ကယ်တင်နိုင်ပါစေ။**

နယ်လှည့်သုတေသီ



www.burmeseclassic.com

www.burmeseclassic.com



# ကျီးပြိုနိမိတ်

နှင့် ပတ်သက်၍ သိသူများမှ ဖြေကြားပေးပါရန်



စာရေးသူသည် (၁၈-၇-၁၃)နေ့ ည(၈)နာရီအချိန်ခန့်တွင် ဘုရားရှိခိုးပြီးနောက် တရားအလုပ်များ ပြုလုပ်ပြီး လျှပ်စစ်မီးလာသဖြင့် တီဗွီထိုင်ကြည့်ပါသည်။

ထို့နောက် ည(၁၁)နာရီခန့်မှာ အိပ်ရာဝင်ပါသည်။ တစ်ဦးတည်း အိပ်တာဖြစ်ပြီး မအိပ်ခင် ဂုဏ်တော်ကွန်ချာဂါထာတော်ကို တစ်ကြိမ် ရွတ်ဖတ်ပူဇော်ပြီးမှ အိပ်လေ့ရှိပါသည်။

ထိုနေ့ညက အိပ်ရာထဲ ရောက်ရောက်ချင်း အိမ်ရှေ့ခေါင်မိုးပေါ် (၁၀)ပေ အမြင့်လောက်မှာ ကျီးကန်းများ အုပ်လိုက် ဆူညံစွာအော်ပြီး ရွှေ့လျားပျံသွားကြသည်ကို အချိန် အတော်ကြာ ကြားလိုက်ရပါသည်။

နံနက်တွင် ဇနီးသည်ကလည်း ညက ကျီးကန်းတွေ အုပ်လိုက်အော်သွားကြသည်ကို ကြားလိုက်ရကြောင်း ပြောပါသည်။ အိမ်နီးနားချင်းတွေကလည်း ညက ကျီးကန်းတွေ အုပ်လိုက်အော်သွားကြသည်ကို ကြားလိုက်ရကြောင်း ပြောကြပါသည်။

စာရေးသူက ကျီးကန်းတွေ ယခုလို အော်သွားကြတာ "ကျီးပြို"တာ ဖြစ်ကြောင်း ပြောပြပါသည်။

ဤကဲ့သို့ ကျီးပြိုတာနှင့် ပတ်သက်၍ စာရေးသူ ငယ်စဉ်က (လွန်ခဲ့သော အနှစ်လေးဆယ်ကျော်) လောက်က ကြုံတွေ့ဖူးပါသည်။ ယခုလို ညခင်းတော့ မဟုတ်ပါ။ ညနေ နေဝင်ချိန် (၅း၃၀)နာရီခန့်အချိန်တွင် တွေ့ရှိရခြင်းပါ။

စာရေးသူသည် တောင်ငူမြို့ ဘူတာကြီး တောင်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိသော ရေပို့ကုန်းရွာတွင် နေစဉ်က ဖြစ်ပါသည်။

စာရေးသူက ညနေစာ ထမင်းစားပြီးနောက် မီးရထားသံလမ်းပေါ်မှာ တောင်ဘက်မှ မြောက်ဘက်သို့ လမ်းလျှောက်နေစဉ် ခပ်လှမ်းလှမ်း အထက်ကောင်းကင်၌ ကျီးကန်းများ ဆူညံစွာ အော်နေကြသဖြင့် မော့ကြည့်နေမိပါသည်။

ကျီးကန်းများသည် လူတစ်ယောက်ယောက်၏ ပယောဂမပါဘဲ သူတို့အလိုလို အထက်အောက် ပျံသန်းကာ တစ်ကောင်နှင့်တစ်ကောင် ကွန်ယက်ထိုးသလို ပျံသန်းရင်း ဆူညံစွာ အော်နေကြတာပါ။

ယင်းတို့အုပ်လိုက်ကြီးသည် လေပွေတိုက်သလို ဆူညံစွာအော်နေရင်းက အုပ်လိုက်ကြီး မြောက်ဘက်မှ တောင်ဘက်သို့ ရွှေ့လျားပြီး အော်သွားကြတာပါ။

ဤအဖြစ်အပျက်မျိုးသည် ကျီးပြိုတာဖြစ်ကြောင်း နောက်မှ သိရပါသည်။ **ယခုလိုမျိုး ကျီးပြိုလျှင် ပြောင်းလဲမှုတစ်ခုခု ဖြစ်တတ်သည်ဟု ကြားနာမှတ်သားဖူးပါသည်။**

ထိုစဉ်ကလည်း ကြီးကြီးမားမား ပြောင်းလဲမှုတစ်ခု ဖြစ်ခဲ့ပေမယ့် ထိုပြောင်းလဲမှု အကြောင်းအရာကို ပြန်လည်စဉ်းစား၍ မရတော့ပါ။

ယခုလည်း အော်သံကြားရပြန်ပါပြီ။ ညပိုင်းဆိုတော့ မမြင်ရပေမယ့် ယခင်က မြင်တွေ့ကြားသိခဲ့ရသည့်အသံမျိုး ဖြစ်ပါသည်။ ညခင်းဆိုတော့ လူတစ်ယောက်ယောက်၏ ပယောဂလည်း မဖြစ်နိုင်ပါ။

**စာရှုသူ သုတရှိသူများမှ ဤလိုမျိုး ညခင်း ကျီးပြိုတာမျိုး တွေ့ဖူး ကြုံဖူးပါသလား။ ကျီးပြိုရင် မည်သို့ ဖြစ်တတ်ပါသလဲ သိရှိပါက** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးမှ ပြန်လည်တင်ပြပေးပါရန် မေတ္တာရပ်ခံ ရေးသားတင်ပြအပ်ပါသည်။

**စန္ဒာမိုး (တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com


(ကြော်ငြာဆောင်းပါး)

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္န၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

**မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အခြေကျော့လေဆေးလျက်ဆား**



### ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ် **ငှက်ဖျားရောဂါသောက်ဆေး** ဝရာဘ Y၀၀၉၀၇၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

### ဒေါ်စင်စင်ဒွေး၏

**သမားအို** အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရာဘ Y၀၀၉၀၇၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊ အစပ်၊ အချဉ်၊ အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

### ဒေါ်နှင်းနှင်းကြည်၏

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ဝရာဘ Y၀၀၉၀၇၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာအမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကွဲ့သို့ ချေးကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

### ဒေါ်အေးအေးမူ၏

**သမားအို** အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝဒ၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၍ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရွရွတက်ဖြစ်နေခြင်း၊ တရှုံ့ရှုံ့မြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

### ဦးသန်းဇော်၏

**သမားအို** အမှတ်တံဆိပ် အခြေကျော့လေဆေးလျက်ဆား ဝရာဘ Y၀၀၉၀၇၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနှံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာများ၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ–၀၂၉၁၇) ဖုန်း–၀၉–၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၈)လမ်း၊ ပင်လာဈေးအနီး၊ ပင်လာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# အာဏာတည် ဆရာတော်

ဗာရဟ်ဆရာသိန်း
(လပွတ္တာ)

**ဥက္ကံရွာ ဒီတိုက်စေတီတော် အနီးတွင် သိမ်ကျောင်းတစ်ကျောင်းရှိသည်။** တိုင်လုံးကြီးများဖြင့် အဆင့်မြင့်ဆောက်ထားသည်။ အောက်ခြေလှတစ်ရပ်လွတ်သည်။ ကျောင်းထိုင်ဆရာတော်ကြီးတစ်ပါးနှင့် ခန်းနေဦးပဥ္စင်းတစ်ပါးရှိသည်။ ဆရာတော်ကြီးသည် လက်မတစ်ဖက် တိုနေသဖြင့် "ဘုန်းကြီးလက်မတို" ဟုလည်း ခေါ်ကြသည်။

ကျောင်းအနီးရွာများမှ လာအပ်ထားသော ကျောင်းသားများရှိသည်။ တစ်ခါတစ်ရံ ကျောင်းသား(၆)ယောက်၊ (၇)ယောက်ခန့်ရှိသလို တစ်ခါတစ်ရံ ကျောင်းသား(၁)ယောက်၊ (၂)ယောက်သာ ရှိတတ်သည်။

ဆွမ်းခံထွက်သည်။ ကျောင်းမှာ အိပ်သည်။ ကျောင်းမှာစားသည်။ ကျောင်းလခမရှိ၊ စားစရိတ်ပေးစရာလို ဈေးသုံးတောင် တစ်ခါတစ်ရံ ဆရာတော်ကြီးမှ ထုတ်ပေးတတ်သည်။ စာသင်ပေးသည်။ သင်ပုန်းကြီး၊ မှတ်နာရွှေချိုင့်၊ ပရိတ်ကြီး စသည်များသင်ပေးသည်။

ဒီတိုက်စေတီတော်နှင့် (၂)မိုင်ခန့်အကွာတွင် **သပြုကုန်းကျေးရွာ** ရှိသည်။ ရွာကြီးဖြစ်သည်။ အသင့်အတင့် ပစ္စည်းဥစ္စာ ပြည့်စုံသော လယ်သမားကြီးများနှင့် တရုတ်ဆိုင်ကြီးများရှိသည်။

ထိုရွာကြီးတွင် နေထိုင်ကြသော ရွာသူရွာသားများမှာ ဥက္ကံကျောင်းမှ "ဘုန်းကြီးလက်မတို"အား ကြည်ညိုကြသည်။ သပြုကုန်းရွာတွင် အလွန်ကြီးမားသော ကျောင်းကြီး ဆောက်လုပ်ပြီး ဆရာတော်အားပင့်ကာ လှူဒါန်းကြသည်။

ကျောင်းမှာ ယိုးဒယားပန်းအလှများ၊ အနုလက်ရာများနေရာအနှံ့ တပ်ဆင်မွမ်းမံထားသည်။ အောက်နယ်တစ်ကြောတွင် အခမ်းနားဆုံးဟုဆို၏။

ဆရာတော်ကြီးမှာ ဒကာရင်းများဖြစ်သဖြင့် မရှောင်သာလက်ခံပေးရသည်။ ဥက္ကံကျောင်းတွင် ဦးပဥ္စင်းတစ်ပါးထား၍ သပြုကုန်းကျောင်းတွင် တစ်လှည့် သီတင်းသုံးနေထိုင်သည်။ နောက်ပိုင်းတွင် ဆရာတော်ကြီးသည် သပြုကုန်းကျောင်းတွင်သာ အနေများသည်။



◆ ရုပ်ပွားတော်မှုရုပ်ပွားတော်(သပြုကုန်းကျောင်း)

တစ်နေ့ ဆွမ်းခံထွက်လာသော ကျောင်းသားများအား ရွာသားတစ်ဦးကလှမ်းသည်။


'ဟေ့ မောင်ဖိုးသိန်း ဒီတိုက်ဘုရားမှာတုန်းက တို့ကြားတာ ဟုတ်လားကွ၊ ဘာလဲ ဟိုကွာ တောဝက်ကို လိုက်တဲ့ ခွေးကို တောဝက်က ပြန်လိုက်တယ် ဆိုတာလေ'

'ဟာ ဟုတ်တာပေါ့ အဘရ၊ ခွေးက တစ်ကောင်တောင် မဟုတ်ဘူး။ နှစ်ကောင်တောင်ပျ။ ဘာတုန်းက မင်းတို့ကို ဒီလောက်ကြောက်နေတာတောင် လိုက်နေရသလား။ မင်းတို့နှစ်ကောင် ပြန်ပြေး၊ ဟိုကောင်ပြန်လိုက်လို့လဲ ပြောလိုက်ရော အဘရေ ခွေးနှစ်ကောင် ပြန်ပြေးသွားတာ တန်းနေကြတာပဲ'*(၂၀၁၂ ခုနှစ်၊ မေလ၊ အမှတ် (၃၁၀)၊ စာမျက်နှာ (၇၃) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရှုပါ။)*

ဟု မောင်ဖိုးသိန်းမှ အားရပါးရပြောရင်း ဆွမ်းခံလုပ်ငန်းအတွက် သပိတ်ပိုက်ထွက်သွားသည်။

အထက်ပါ ဆရာတော်ကြီးနှင့် ပတ်သက်သော ထူးခြားအံ့သြစရာ အကြောင်းများကို အနီးအနား ရွာများတွင် တစ်ယောက်မှတစ်ယောက် ပြောနေကြသည်။ ယခင် ကြည်ညိုကြသူများက ပို၍ ပြောကြသည်။

www.burmeseclassic.com



◆ ဒီတိုက်ဘုရားမှ ဆရာတော့်သိမ်ကျောင်း



သပြုကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ▶

တချို့ လူများက အထင်နှင့် ခန့်မှန်း ပြောကြသည်။

'ဒီဘုန်းကြီး သရဏဂုံ မှော်အောင်ထား တာဖြစ်မယ်။ ဒါကြောင့် ပြောတိုင်း အာဏာ တည်တယ်'

ဟု ဆိုကြသည်။ သရဏဂုံအမိဋ္ဌာန် အောင်ထားတာပါဟုလည်း ခန့်မှန်းကြ သည်။

ကျောင်းကို အရောက်များသော ကျောင်းဒကာများက မေးကြသည်။ ဆရာတော်ကြီးမှ မေးမြန်းစုံစမ်းသူများ ကို ထူးထူးထွေထွေမပြော သရဏဂုံ ကို ယုံယုံကြည်ကြည် ရွတ်ဆိုကြရန် သာပြောသည်။

'သရဏဂုံအစွမ်း အံ့မခန်းများတယ် ဒကာ ကြီး'

ဆရာတော်ကြီးမှ စကားများများ မပြော။ ထိုခေတ်ထိုအခါက ဓားပြီး၊ တုတ်ပြီးဆေး၊ တစ်ပွဲပြန်ထုံးမန်း၊ လက်ဖွဲ့၊ အင်း၊ အိုင်၊ ခါးလှည့်၊ ဝက်စွယ်(ဂင်းပိတ်) (အခေါင်းပိတ်) ဓာတ်လုံး စသည့် အဆောင်များ အလွန် ခေတ်စားနေသော အချိန်ကာလ ဖြစ် သည်။

## ကျွဲခတ်ပွဲ

ဆရာတော်ကြီးသည် သပြုကုန်း ကျောင်းတွင် သီတင်းသုံးနေစဉ်က ဖြစ် သည်။ ပျဉ်ထောင်တွင်းကျောင်းအလှူ မှ ပင့်သဖြင့် ဆွမ်းစားအမီ ကြွရသည်။ ဖြတ်လမ်းမှ သွားလျှင် တစ်မိုင်ခန့်သာ ဝေးသည်။ လမ်းမကောင်း တောဖြတ် ရသည်။ ချောင်းကူးရသည်။ ရွှံ့များ၊ ဗွက်များရှိသည်။

သဲကုန်းလမ်းအတိုင်း သွားလျှင် ဂငယ်ကွေ့ ကွေ့သွားရသည်။ (၃)မိုင် ခန့်ဝေးသည်။ ဆရာတော်ကြီးသည် လမ်းကောင်းသော သဲကုန်းလမ်း အတိုင်းသွားသည်။ နောက်မှ ကျောင်း သား သုံးယောက်ပါသည်။

သဲကုန်းလမ်းသည် လမ်းကောင်း သည်။ ကုန်းကြော ပေ(၁၀၀)ခန့် ကျယ်သည်။ တချို့နေရာများ ပိုကျယ် သည်။ ဝဲယာနှစ်ဖက်စလုံး တောများ ဖြစ်သည်။ တောကြက်များ မြက်သီး ထွက်စားနေတတ်သည်။ လူသံကြား လျှင် ထပြန်သွားသည်။ အခြား တော ဝက်များ၊ ချေများ၊ ဆတ်နှင့် ဒရယ်များ ရှိသည်ဆို၏။

ဆရာတော်ကြီးသည် ညာလက်မှ တောင်ဝှေးကိုကိုင်၍ ဖြည်းဖြည်းမှန်မှန် လျှောက်သဖြင့် ကျောင်းသားများ နောက်က စောင့်လိုက်နေရသည်။

ခရီးတစ်ဝက်ကျော် အရောက်တွင် သဲကုန်းလမ်းသည် ဂငယ်ကွေ့ ပြန် ကွေ့လျှောက်ရသည်။

ကွေ့လှည့်လိုက်ရာတွင် လူအုပ်များ လမ်းကြောင်းတွင် တွေ့ကြရသည်။ ညာသံပေး အော်သံများ ကြားရသည်။

'တိုးဟေ့…တိုးဟေ့…တိုးဟေ့'


နောက်မှ လိုက်လာသော ကျောင်း သားတို့ သိလိုက်ကြပြီ။ ရှေ့တွင် ကျွဲပွဲ ရှိသည်။ ကျွဲချင်း ခတ်နေကြသည်။ သပြုကုန်း၊ ဥက္ကံ၊ ပျဉ်ထောင်တွင်းရွာ များတွင် အထက်ပါ **'တိုးဟေ့'**ဆို သောအသံ ဆင့်ကာဆင့်ကာ အော်လျှင် ကျွဲချင်းတိုက်တော့မည်။ (သို့မဟုတ်) ကျွဲချင်းခတ်နေပြီဆိုသော သင်္ကေတ အားပေးသံဖြစ်သည်။

မိန်းမများ၊ ကလေးများက လူတစ်



www.burmeseclassic.com

www.burmeseclassic.com





◆ သိမ်ကျောင်း

ဗုဒ္ဓဂယာမှ ဗောဓိပင်ပွား (သပြုကုန်းကျောင်း) ▶

ချုံသာသာမြင့်သော သစ်ပင်ငယ်ခွဆုံများတွင် တက်ကြည့်နေကြသည်။ ဤဒေသတွင် တစ်ရွာနှင့်တစ်ရွာ တစ်ဖက်နှင့်တစ်ဖက် ချိန်း၍ ကျွဲချင်းတိုက်ကြသည့်အလေ့အထရှိသည်။ ကျွဲချင်းတစ်ကောင်နှင့်တစ်ကောင် ခတ်ကြခြင်းကို လူကြီး၊ ကလေး၊ မိန်းမ၊ ယောက်ျား အလွန်ကြည့်ချင်ကြသည်။

အမျိုးသမီးများ၊ ကလေးများ မြေပြင်မှ မကြည့်ရဲကြ၊ မကြည့်ဘဲလည်း မနေနိုင်သဖြင့် သစ်ပင်ငယ်ခွကြားမှ တက်ကြည့်ကြသည်။ အကြောင်းမှာ ကျွဲချင်းတိုက်လျှင် (သို့မဟုတ်) ကျွဲချင်းခတ်လျှင် တစ်ကောင်နိုင်၍ တစ်ကောင်က ရှုံးမြဲဖြစ်သည်။

ရှုံးသောကျွဲ ပြေးလျှင် နိုင်သောကျွဲမှ နောက်က အတင်းဒေါသဖြင့် လိုက်ခတ်သည်။ ထိုအချိန်တွင် သွက်သွက်လက်လက် အမြန်ရှောင်နိုင်မှ လွတ်သည်။

ကလေးများ၊ မိန်းမများ မရှောင်နိုင်၍ ဝင်တိုက်မိတတ်သည်။ တက်နင်းမိတတ်သည်။ နောက်က လိုက်လာသော ကျွဲမှလည်း လိုက်ရင်း ဦးချိုနှင့်ခတ်မိတတ်သည်။

ရှုံး၍ပြေးသော ကျွဲမှာလည်း လူစုစုမြင်သောဘက်ကို ပြေးတတ်သည်။ ကြောက်၍ ပြေးသဖြင့် လူကို အားကိုးဟန်တူသည်။ ထို့ကြောင့် မိန်းမများ၊ ကလေးများ ကျွဲတစ်ပြေးလွတ်သော အမြင့်မှ စိတ်ချလက်ချ တက်ကြည့်ကြသည်ဆို၏။ လူကြီး၊ လူလတ်များက အနီးမှ ဝိုင်းကြည့်ကြသည်။

ဆရာတော်ကြီးသည် တောင်ဝှေးကို ကိုင်လျက် ဖြည်းဖြည်းလျှောက်နေ၏။ နောက်မှ ကျောင်းသားဖိုးသိန်းမှ...

'ရွှေလော့် ဘယ့်နှယ်လုပ်မလဲ'

'အခြေအနေ ကြည့်တာပေါ့'

ဟု တစ်ယောက်နှင့်တစ်ယောက် တိုးတိုးပြောသည်။

ကျွဲဘို့တင်ကြီးနှစ်ကောင်မှာ သဲကြီးမဲကြီး ခတ်နေကြသည်။ သူတို့အရပ်မှာ ဝဖြိုးပြီး ထွားထွားကျိုင်းကျိုင်း ကျွဲထီးကြီးများကို ကျွဲဘို့တင်ကြီးဟု ခေါ်ကြသည်။ ကျွဲနှစ်ကောင် မျက်နှာချင်းဆိုင်တိုက်ခိုက်ခြင်းကို ကျွဲခတ်သည်ဟု ခေါ်ကြသည်။

တစ်ကောင်နှင့်တစ်ကောင် ဦးချိုချင်း ရိုက်သံ ခွမ်းခနဲ ခွမ်းခနဲ မြည်နေသည်။ ရှူး ဂူး ဒေါသနှင့် နှာမှုတ်ထုတ်သံများ ကြားနေရသည်။ တစ်ကောင်က တွန်းခတ်လိုက်၊ တစ်ကောင်က နောက်ဆုတ်ခံလိုက် တစ်လမ်းလုံး ပြည့်နေသလို ဖြစ်နေသည်။

လူကြီး (၄,၅)ယောက်သည် ဆရာတော်အနီးသို့ ရောက်လာပြီး လက်အုပ်ချီလျက်...

'ခေတ္တလေးစောင့်ပါ ဘုရား၊ တပည့်တော်တို့ ဒီကောင်ကြီးနှစ်ကောင်ကို အမြန်ခွဲပေးပါ့မယ်ဘုရား'

'ဒီလောက် အပြင်းအထန် ခတ်နေတာ ဝင်ခွဲလို့ လွယ်မလား'

ခပ်လှမ်းလှမ်းမှ တစ်ယောက်က လှမ်းပြောသည်။

## ဆရာတော်၏ အာဏာအစွမ်း

ဆရာတော်ကြီးသည် ထိုသူများကို ဘာမှမပြော၊ ဆက်လျှောက်သွား

www.burmeseclassic.com



▲ သမြကုန်း အာဏာတည်ဆရာတော်ကျောင်းနေရာတွင် နောက်အဦး ပြန်ဆောက်ထည်

သည်။ ကျောင်းသားများ လိုက်ရအခက်ဖြစ်နေသည်။ မတားရဲ ကြည့်နေကြသည်။

ကျွဲနွားစ်ကောင်သည် တရကြမ်းတွန်းခတ်နေသည်။ ဦးချို စူးရာခြစ်ရာများမှ သွေးများစီးကျနေသည်။ ဆရာတော်ကြီးသည် ကျွဲနွားစ်ကောင်အနီးတွင် လက်တစ်ဖက်က တောင်ဝှေးထောက်၍ ရပ်လိုက်သည်။

'ဟိတ် ရပ်လိုက်ကြတော့'

အမိန့်ပေးလိုက်ရာ နားလည်သည့်အလား တစ်ကောင်နှင့်တစ်ကောင် သဲကြီးမဲကြီး ခတ်နေရာမှ ခေါင်းချင်းဆိုင် ရပ်နေကြသည်။ နွားစ်ကောင်စလုံး အလွန်မောသဖြင့် "ရှူး...ရှူး" အော်မြည်၍ ခန္ဓာကိုယ်များ ယိမ်းထိုးနေကြသည်။

'ကိုယ့်နေရာ ကိုယ်ပြန်ကြတော့'

ဆရာတော်ကြီးသည် ကျွဲနွားစ်ကောင်ကို ကြည့်ပြီး အမိန့်ပေးလိုက်သည်။ တစ်ကောင်နှင့်တစ်ကောင် ဆန့်ကျင်ဘက်အရပ်သို့ လှည့်ထွက်သွားကြသည်။ မြင်ရသူတိုင်း အံ့သြမကုန်နိုင်ဖြစ်ကြသည်။

ကျွဲပွဲ ကြည့်နေကြသူအားလုံး မတိုင်ပင်ရဘဲနှင့် ဆရာတော်ကြီးခြေရင်းမြေပြင်တွင် ပြားပြားဝပ်၍ ကန်တော့ကြသည်။ သစ်ပင်ငယ်ခွများတွင် တက်ကြည့်နေကြသူ မိန်းမများ၊ ကလေးများ ပြေးဆင်းလာကြပြီး ရှိခိုးကန်တော့ကြသည်။

'တပည့်တော်တို့ကို ခွင့်လွှတ်ပါဘုရား၊ ဆရာတော် ကြွလာမှန်းမသိလို့ပါဘုရား'

'ပျဉ်ထောင်တွင်းအလှူကို ကြွတာလားဘုရား။ တပည့်တော်တို့ကို ခွင့်လွှတ်ပါဘုရား'

'နောင် ဒီလိုမဖြစ်အောင် တပည့်တော်တို့ ဂရုစိုက်ပါမယ်ဘုရား'

ဟု တစ်ယောက်ပြီးတစ်ယောက် ဝိုင်း၍ တောင်းပန် လျှောက်ထားကြသည်။ ဘေးပတ်လည်မှ လူအုပ်များ၊ မိန်းမများ၊ ကလေးများ စကားမပြောသော်လည်း ရှိခိုးကန်တော့ပြီး ဆရာတော်ကြီးအား မော့ကြည့်နေကြသည်။

အလွန်အံ့သြဖွယ်ရာ အဖြစ်နှင့်ကြည်ညိုဖွယ် ပုဂ္ဂိုလ်မြတ်အား မြင်တွေ့ရသဖြင့် အားရကျေနပ်စွာ တဖွဖွပြောနေကြသည်။

'သတ္တဝါများ သနားပါတယ်'

ဆရာတော်ကြီးသည် တစ်ခွန်းသာပြောပြီး ဆက်ကြွသွားသည်။ ထိုင်ကန်တော့ကြသော လူများသည် ဆရာတော်ကြီးနောက်မှ လိုက်သောကျောင်းသားများ၏ မိဘများ၊ ဆွေမျိုးများ၊ အသိရင်းနှီးသူများဖြစ်သည်။

'တွေ့လား တို့ဘဘုန်းအကြောင်း သိပြီမဟုတ်လား'

လက်မထောင်၍ ကြွားရင်း ဆရာတော်ကြီးနောက် ပြေးလိုက်သွားကြသည်။ မြေပြင်တွင် ထိုင်ကန်တော့ကြသော လူများ ချက်ချင်း ထမသွားကြသေး။ ဆရာတော်ကြီးအား တအံ့တသြပြောမဆုံး ဖြစ်နေကြသည်။ ရဟန္တာပုဂ္ဂိုလ်ကို မြင်တွေ့ကြရသည့်အလားကြည်ညိုမဆုံး ပြော၍အားမရ ဖြစ်နေကြသည်။

ထိုသတင်းသည် အနီးအနားရွာများအား ပျံ့နှံ့သွားပြန်သည်။ ဆရာတော်ကြီးသည် ပြောတိုင်း အာဏာတည်သည်။ အမိန့်ပေးတိုင်းဖြစ်သည်။ "ဘုန်းကြီးလက်မတို" ဆိုသော အခေါ်များ ပျောက်သွားသည်။ "အာဏာတည်ဆရာတော်" ဟု ခေါ်လာကြသည်။

သို့သော် တောခေလေ့ အသုံးအနှုန်းကြောင့် ပီပီသသမဖြစ်၍ **'အာဏာဒ်'** ဆရာတော်ဟု ခေါ်လာကြပုံရသည်ထင်ပါ၏။ စာရေးသူအား ပြောပြသည့်အဘဦးရွှေလှော်မှလည်း သူ၏ ဆရာရင်းဖြစ်သူကို "အာဏာဒီဆရာတော်" ဟုပင် သုံးနှုန်းပြောပြခဲ့ဖူးပါသည်။

### သဃ်န်းကြီးရွာမှ ပိုးထိသူ

တစ်ခါက ဆရာတော်ကြီးသည် ကျောင်း၏ ဘေးတိုက်ဝရန်တာပေါက်ဝတွင် ထိုင်၍ကာဖတ်နေသည်

www.burmeseclassic.com

ကျောင်းသားများ အောက်တွင် စာကျက်နေကြသည်။ ကျောင်းအောက်တွင် လူတစ်ရပ်လွတ်သည်။

တောရွာဒေသတွင် ဘုန်းတော်ကြီးကျောင်း တော်တော်များများကို (၁၀)ပေခန့် အဆင့်မြင့် ဆောက်ကြသည်။

'ဆရာတော်ဘုရား ဆရာတော်ဘုရား'

ကျောင်းခြံဝမှ အော်ခေါ်သံကြားသဖြင့် လှမ်းကြည့်လိုက်သည်။ လူနှစ်ယောက်က စောင်ပုခက်ဖြင့် ရှေ့နောက် ထမ်းထားသည်။ ပုခက်ထဲတွင် လူတစ်ယောက် ခွေခွေလေး ရှိနေသည်။

ထမ်းထားသူ နှစ်ယောက် ရှေ့မှ လူတစ်ယောက်က အော်ခေါ်ခြင်းဖြစ်သည်။ နောက်တွင် ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက် ပါလာသည်။

'ရွှေလှော်တို့ ဖိုးသိန်းတို့ သွားခေါ်လိုက်ပါ'

ဆရာတော်ကြီးက လှမ်းပြောလိုက်သည်။ ကျောင်းသားနှစ်ယောက် ထွက်သွားပြီး ခေါ်လာသည်။ ကျောင်းလှေကားမှ ခေါ်တက်လာကြသည်။ ဆရာတော်ကြီးရှေ့ အရောက်တွင် ပုခက်စောင်ခင်းလျက်နှင့် ချလိုက်သည်။

'တပည့်တော်တို့ သဃ်န်းကြီးက လာတာပါဘုရား။ ဒါ တပည့်တော် သားပါ ပိုးထိထားပါတယ်ဘုရား။ ဆရာတော် ကယ်တော်မူပါဘုရား'

အားကိုးတကြီး ပြောရှာသည်။ အတူပါလာသော မိန်းမသည် တရှုံ့ရှုံ့ ငိုရင်း...

'သားကို ကယ်ပါဘုရား'

ငိုရင်းပြောသည်။ ကျန်လူများကလည်း ဆရာတော်ကြီးအား ဝတ်ဖြည့်၍ အားကိုးတကြီး ကြည့်နေသည်။



ဂယ်ဇော့.လမ်းဆုံ

ပိုးထိသည်ဆိုခြင်းမှာ မြစ်ထဲ၊ ချောင်းထဲတွင် ရှိသော (ဂျပ်)မြွေကိုက်ခြင်းကို ပြောခြင်းဖြစ်သည်။ ဂျပ်မြွေကိုက်လျှင် အချိန်မီ အဆိပ်ဖြေဆေး မပေးနိုင်ပါက အိပ်ချင်လာသည်။ မျက်လုံးများ ပြာလာသည်။ အသားအရေများပါ ပြာလာပြီး အသက်ဆုံးရှုံးကြရသည်။

ဆရာတော်ကြီးသည် ချက်ချင်း ထသွားပြီး ပုခက်စောင်ပေါ်တွင် ပက်လက်ဆန့်နေသော လူငယ်အနီး ထိုင်လိုက်သည်။ လူနာမှာ မျက်လုံးမှိတ်နေသည်။ ပါးစပ်မှ ချွဲလိုလို အမြှုပ်များ ထွက်ကျနေသည်။ အမေဟု ထင်ရသူ မိန်းမမှ ပုဆိုးစဖြင့် သုတ်ပေးနေသည်။

ခန္ဓာကိုယ် အသားအရေမှာလည်း ပြာနေပြီဖြစ်သည်။ ဝိုင်းကြည့်နေသူအားလုံးမှ မရတော့ဘူး လွန်သွားပြီလားဟူသော အတွေးများဖြင့် မျက်နှာမကောင်း ဖြစ်နေကြသည်။

ဆရာတော်ကြီးသည် ဘယ်လက်ဖြင့် လူနာ၏ ဦးခေါင်းကို အုပ်ကိုင်လျက် ညာလက်ဖြင့် နဖူးမှ မျက်နှာသို့ သပ်ချပေးသည်။

'ရေမြွေလေးပါကွာ၊ ဘာအဆိပ်မှ မရှိဘူး။ မိမွေးတိုင်း ဖမွေးတိုင်း ကောင်းသွားစေ'

သုံးကြိမ်ပြော၍ သုံးကြိမ်သပ်ချပေးသည်။ ပြီးနောက် ဆရာတော်ကြီးသည် ဘုရားခန်းရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။


လူနာနှင့် အတူပါလာသူထဲမှ မိခင်မှာ တရှုံ့ရှုံ့ကြိတ်ငိုနေသည်။ ကျန်လူများ ငြိမ်ပြီး အခြေအနေ ကြည့်နေကြသည်။ စကားမပြောနိုင်ကြ၊ တစ်ဖက်ခြမ်းမှ ကျောင်းသားများလည်း အသာငြိမ်၍ ကြည့်နေကြသည်။

တစ်နာရီခန့် ကြာသောအခါ လူနာသည် မျက်လုံးဖွင့်ကြည့်သည်။ နောက်ဘေးစောင်းပြီး ကုန်းထသည်။ ဘေးမှ အဖေ၊ အမေနှင့် ပါလာသူများက ဝိုင်းကူပေးသည်။ ထိုင်ပြီး ဟိုကြည့် ဒီကြည့် လုပ်နေသည်။ အတူပါလာသူများအားလုံး ဝမ်းသာအားရ ဝိုင်းမေးကြသည်။

'အိပ်ချင်သေးလား။ ကိုယ်ထဲ လေးနေသလား။ မျက်လုံးကော ကြည်ကြည်လင်လင် ဖြစ်ပြီလား'

စသဖြင့် သူမေး၊ ငါမေး ဝိုင်းမေးနေကြသည်။ သူတို့မျက်နှာများ ဝမ်းသာ

www.burmeseclassic.com



ကျွဲခတ်ပွဲနေရာ

နေကြသည်။ ဖခင်နှင့် မိခင်ဖြစ်သူတို့က သူတို့သား မသေတော့ဘူးဆိုတာ သိသဖြင့် ကျေးဇူးတင် ဝမ်းသာမဆုံး ပါးစပ်က ပြောရင်း ဆရာတော်ကြီးအား အကြိမ်ကြိမ် ဦးချကန်တော့ကြသည်။

'ကျေးဇူးမမေ့ပါဘုရား၊ ဆရာတော်နဲ့ မတွေ့ရင် တပည့်တော်သား ရေတိမ်နစ်ပါတယ် ဘုရား'

ဖခင်ဖြစ်သူက လက်အုပ်ချီ လျှောက်ထားသလို မိခင်က...

'တပည့်တော်သားဟာ ဘဘုန်းကပေးတဲ့ အသက်ပဲရှိပါတော့တယ်။ ဆပ်မကုန်အောင် ကျေးဇူးကြီးပါတယ် ဘုရား'

လှိုက်လှိုက်လှဲလှဲ လျှောက်ထားပြောဆိုနေသော သူတို့ ရင်တွင်းစကားသံများဖြစ်ကြသည်။

ဆရာတော်ကြီး ဧည့်သည်များအနီးတွင်ရှိသော ကုလားထိုင်တွင် ထိုင်ရင်း သူတို့အားလုံး ဝမ်းသာမဆုံး ပြောနေကြသည်ကို နားထောင်နေသည်။ ခပ်သွက်သွက် ကျောင်းသားကြီး မောင်ဖိုးမှတ်လည်းရှိသည်။ သူက ဝင်မေးတော့သည်။

'ဦးလေးတို့ ဘယ်လိုကြောင့် ဒီကျောင်းကို ရောက်လာဖြစ်တာလဲ'

သူတို့ထဲမှ တစ်ယောက်က ဆရာတော်ကြီးဘက်လှည့်ပြီး လျှောက်ထားရင်းဖြေသည်။

'ဒီလိုပါ ဘုရား။ တူလေးက ချောင်းပိတ်တဲ့နေရာမှာ ငါးဖမ်းရင်း ပိုးထိတာပါဘုရား။ အိမ်နဲ့က သိပ်မဝေးပါဘုရား။ ပိုးထိတာ သိသိချင်းပဲ ပျဉ်ထောင်တွင်းရွာမှာ မြွေနိုင်တဲ့ ဆရာထွန်းကြည် ရှိတယ်ဆိုတာ သိထားတယ်။ အဲဒီကို အချိန်မီရောက်အောင် သွားမှဖြစ်မယ်ဆိုပြီး လှော်လို့မြန်တဲ့ လှေသေးသေး ရှာကြတယ်။

သူတို့သားအမိကို လှေအလယ်မှာတင်ပြီး လှော်တက်လေးချောင်းနဲ့ မနားတမ်း လှော်ရပါတယ်ဘုရား။ ကံကောင်းချင်တော့ လှေစ,ထွက်တဲ့ အချိန်က ရေတက် ရေစုန်ဖြစ်လို့ ပိုမြန်သွားတယ်။ တပည့်တော်တို့ သဃ်န်းကြီးမှာက မြွေဆရာ မရှိပါဘုရား။ ပျဉ်ထောင်တွင်းရောက်တော့ သူက လမ်းမလျှောက်နိုင်တော့ဘူး။ တစ်ကိုယ်လုံး လေးလာတယ်။ အိပ်ချင်တယ် ပြောနေပြီ။ ဒါနဲ့ စောင်ကို ပုခက်လုပ်ပြီး ပုခက်နဲ့ထည့် ရှေ့နောက်ထမ်းပြီး အမြန်ပြေးကြတယ်။

ပုခက်နဲ့ထည့်ပြီး ရွာထဲ ဝင်လာတော့ ရွာသားတွေက ဝိုင်းမေးကြတယ်။ ပိုးထိလို့ ဆရာထွန်းကြည်ဆီသွားမယ် ပြောတော့ **"ဆရာမရှိဘူး။ ခရီးသွားနေတယ်။ သပြုကုန်းကျောင်းက (အာဏာဒီ)ဆရာတော်ဆီကို သွားပါ"** လို့ ပြောကြတယ်။

ဒီသဲကုန်းလမ်းကသွားရင် ကြာမယ်။ ဖြတ်လမ်းက အမြန်သွားပါ။ သူတို့လိုက်ပြပေးမယ်လို့ ပြောကြတယ်။

တပည့်တော်တို့လဲ မထူးတော့ဘူး။ သေတစ်ကံ၊ ရှင်တစ်ကံပဲ သွားမယ်ဆိုပြီး ဖြတ်လမ်းက အမြန်ပြေးကြတယ်။ သူတို့ရွာသားတွေလဲ လိုက်ပြကြတယ်။ ဝိုင်းကူပြီး ထမ်းပေးကြတယ်။

ကံကောင်းထောက်မလို့ ချောင်းကူးဖို့လှေပါ အဆင်သင့်တွေ့တော့ အချိန်မီသွားတာပါဘုရား။ ဒါတောင် ကျောင်းရောက်တော့ သတိလစ်နေပြီ။ တပည့်တော်တို့က မရတော့ဘူးတောင် ထင်နေတာ။ ကျေးဇူး အင်မတန် ကြီးပါတယ်ဘုရား၊ တပည့်တော်က သူ့ဦးလေးပါဘုရား၊ ဒါက သူ့အဖေပါ။ ဟိုသူ့ဘေးက သူ့အမေပါ'

ဦးလေးဆိုသူက မမောတမ်း တောက်လျှောက် ရှင်းပြသည်။ လူနာ၏ အဖေဆိုသူက...

'သားနာမည်က မောင်အေးဟန်ပါဘုရား၊ တပည့်တော်က တင်အုန်းပါ။ ဟောဒီက သူ့အမေ မတင်မြပါဘုရား။ ဆရာတော်ရဲ့ကျေးဇူးကို တပည့်တော်တို့ ဘယ်လိုမှ မမေ့နိုင်ပါဘုရား'

ပိုးထိသော လူနာ မောင်အေးဟန်မှာ မျက်နှာကြည်ကြည် ဖြစ်နေပြီး သူ့အမေက သူ့သားလက်ကို ကိုင်၍ ဝမ်းသာကြည်နူးနေသည်။

'သားကို အခု ပြန်ခေါ်သွားလို့ ရပါ့မလား ဘုရား'



www.burmeseclassic.com

www.burmeseclassic.com

'အားလုံး သန့်စင်သွားပြီ။ ခေါ်သွားလို့ရတယ်။ ခေါ်သွားပါ'

ဖခင်ဖြစ်သူ ကိုတင်အုန်းမှ မေးလျှောက်ရာ ဆရာတော်မှ ခေါ်သွားနိုင်ကြောင်းခွင့်ပြုသည်။

'တပည့်တော်တို့ နောက်ရက် ပြန်လာခဲ့ပါ့မယ်ဘုရား၊ အခုတော့ ရွာကအမျိုးတွေက သားလေးအခြေအနေ သိချင်နေကြပြီ'

သူတို့သားအမိသားအဖ တူဝရီးလူအုပ်များသည် ဆရာတော်ကြီးအား ရိုသေစွာ ရှိခိုးကန်တော့ကြပြီး နှုတ်ဆက်ကြသည်။ ကျောင်းသားများကိုလည်း နှုတ်ဆက်ကြသည်။ အပြန်ခရီးတွင် ပိုးထိသောလူနာသည် သူ့ဘာသာသူ လမ်းလျှောက်ပြန်သွားတော့သည်။

---

ကျေးဇူးဆပ်ကြခြင်း

---

သုံးရက်ခန့်ကြာပြီးနောက် ယခင်ရက် ပိုးထိ၍ ရောက်လာသူ မောင်အေးဟန်ဆိုသူလူငယ်က ပခုံးပေါ်တွင် ဂုန်နီအိတ် တစ်အိတ်ထမ်းပြီး၊ ဖခင်ဖြစ်သူ ကိုတင်အုန်းမှ အထုပ်တစ်ထုပ်၊ မိခင်ဖြစ်သူက အထုပ်တစ်ထုပ်ဆွဲ၍ ကျောင်းတွင်း ဝင်လာသည်။

သူတို့ခြေလှမ်းများ မြေကြီးမထိသလို ပီတိအပြည့်ဖြင့် ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသည်။ လှေကားမှ ကျောင်းပေါ်တက်လာကြသည်။

ဆရာတော်ကြီးသည် နေ့ဆွမ်းဘုဉ်းပေးနေသည်။ နေ့လယ် (၁၁)နာရီခန့်ရှိပြီဖြစ်သည်။ ဆရာတော်ကြီးရှေ့တွင် ပစ္စည်းအိတ်နှင့် အထုပ်များချ၍ ရိုသေစွာ ဝတ်ဖြည့်ကန်တော့ကြသည်။ ကိုတင်အုန်းဆိုသူမှ...

'ဟိုနေ့က တပည့်တော်တို့ ပြန်ရောက်တော့ သား ပြန်ကောင်းသွားပြီဆိုလို့ တစ်ရွာလုံး ဝမ်းသာလိုက်ကြတာ ဒီနေ့အထိ မေးမဆုံး ပြောမဆုံးပါဘုရား။ ဒီအိတ်က ငါးခြောက်အိတ်ပါဘုရား။ ဒီအထုပ်က ပုစွန်ခြောက်ထုပ်ပါဘုရား။ ဒီငါးပိထုတ်က အင်မတန်ချိုပြီး စားကောင်းတဲ့ (တီမိုးမှုင်) ငါးပိပါဘုရား။ ဆရာတော် ကျေးဇူးဆပ်မကုန်အောင် ကြီးပါတယ် ဘုရား'

ပြောရင်း ထပ်ကန်တော့ကြပြန်သည်။ ဘေးမှ သားအမိများကလည်း လိုက်ကန်တော့ကြသည်။ သူတို့ရင်ထဲတွင် လှိုက်လှဲစွာ ဝမ်းသာပီတိ ဖြစ်နေကြသည်။

'သာဓု...သာဓု...သာဓု... ကျန်းမာချမ်းသာကြပါစေ'

ဆရာတော်ကြီးမှ ဆွမ်းစားရင်း ဆုပေးသည်။

'ကဲ သားက ဘာဘုန်းကို လျှောက်လေ မင်းပြောထားတာ'

မိခင်ဖြစ်သူက သားကို ဘေးမှ ပြောပေးသည်။ သားဖြစ်သူက...

'တပည့် တော်ရိုသေစွာ ရှိခိုးကန်တော့ပါတယ် ဘုရား၊ ဘယ်လိုပြောရမှန်း မသိပါဘုရား'

ဖခင်ဖြစ်သူက ဝင်ပြောပေးသည်။

'ဒီလိုပါဘုရား။ သားက ဝေယျာဝစ္စ လုပ်ပေးပြီး ဆရာတော်ကို ကျေးဇူးဆပ်ချင်ပါတယ်လို့ ပြောပါတယ်ဘုရား။ ဆရာတော်ထံမှာ သားကို အပ်ခဲ့ပါမယ်ဘုရား။ နောက်ရက် သူ့အဝတ်အစား လာပို့ပါမယ်ဘုရား'

ကိုတင်အုန်းတို့ လင်မယားသည် သူ့သားအား ဆရာတော်၏ ဝေယျာဝစ္စ လုပ်ကိုင်ပေးရန် အပ်နှံထားခဲ့ပြီး ဝမ်းသာကြည်နူးစွာ သယ်န်းကြီးရွာသို့ ပြန်သွားကြသည်။ တောသူတောင်သားများ၏ ကျေးဇူးသိတတ်မှု ရိုးသားမှုတို့၏ ကြည်နူးစရာမြင်ကွင်း ဖြစ်ပါတော့သည်။

**[ဘဝနတ်ထံ ပျံလွန်သွားပြီဖြစ်သော အာဏာတည်ဆရာတော်ကြီးအား ဤစာစုများဖြင့် ရိုသေစွာ ရှိခိုးကန်တော့ပါ၏။]**

**[ဆရာတော်အကြောင်းနှင့် အခြားဆက်စပ်အကြောင်းအရာများ ပြောပြသူ အဘဦးရွှေလှော်၊ အဘဦးဘိုးမှတ်၊ အဘဦးဘိုးသိန်း၊ အဘဦးဘိုးချစ်တို့အား ရိုသေစွာ ရှိခိုးကန်တော့ပါ၏။]**

**အရဟံဆရာသိန်း(*လပွတ္တာ*)**

---

စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို သမိုင်းမှတ်တမ်းတင်ပြီးဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်ကုသိုလ်တော်ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

***လေးစားစွာဖြင့်. . .***

**ဦးကျော်ဖိုးသိန်း**
**တာဝန်ခံအယ်ဒီတာချုပ်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာအောင်ပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

### အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ ခေသွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)



www.burmeseclassic.com

www.burmeseclassic.com

စည်ပုတ္တရာမြို့ဟောင်းမှ

# ရွှေလင်းပင် စံကားသားရုပ်ပွားတော် (၂)

စင်သိုင်



◆ ရွှေလင်းပင် ရုပ်ပွားတော်

ယခင်လမှ အဆက်

အခန်းထောင့်တွင် ရွှေလင်းပင် စံကားသားရုပ်ပွားတော်နှင့် ပုံစံတူ ရုပ်ပွားတော်ကြီး (၅)ဆူကို ဖူးမြော်ရသည်။ မှန်စီရွှေချ၊ သစ်သားဖောင်းကြွ ကနုတ်ခြယ် ပိဋကတ်သေတ္တာများစွာ၊ ရှေးစေတီဌာပနာတိုက်တွင်းမှ ရုပ်တုရုပ်ပွားများ စသည်ဖြင့် အတန်ပင် စုံလင်လှသည်။

တစ်နေရာ၌ စုစည်းပြသထားသော ရုပ်တုများမှာ မိန်းမ၊ ယောက်ျား၊ ကလေးသူငယ်၊ ခွေးကြီးခွေးငယ် သည်ဖြင့် စုံလင်သော ထူးခြားသည့် အရုပ်များဖြစ်သည်။ အမျိုးသားများမှာ ကိုယ်အထက်ပိုင်း ဗလာကျင်း၍ ကလေးများမှာ ကိုယ်တုံးလုံးနှင့် ဖြစ်သည်။

နို့တိုက်ကလေးပိုက် မိန်းမငယ်၊ ဆောင့်ကြောင့်ထိုင် မိန်းမကြီး စသည့် လူရုပ်များအားလုံး မျက်မှောင်ကြုတ်၍ စိတ်လက်မသက်မသာ ခံစားနေရပုံ ပေါ်လွင်ကာ နောက်ဆုံးမှ အနောက်ဘိုင်းအကျီဝတ် အမျိုးသားရုပ်သာလျှင် ဘေးနစ်လက်ကိုင်ကာ ပြုံးရွှင်သော မျက်နှာထားရှိလေသည်။

ဖြစ်စဉ်နောက်ခံ အနည်းငယ်မျှ သိလိုသိငြား စုံစမ်းကြည့်သော်လည်း ယခင် ဆရာတော်စဉ်ဆက် ထိန်းသိမ်းခဲ့ကြသည့် ရုပ်တုရုပ်ပွား ရှေးဟောင်းပစ္စည်းများ ဖြစ်ကြောင်းသာ သိခွင့်ရလေသည်။

ဤထူးခြားသော ရှေးပစ္စည်းများ၏ နောက်ကွယ်တွင် ရှားပါးအဖိုးတန်သည့် သမိုင်းကွင်းဆက် အထောက်အထားများ ရရှိနိုင်လေရာ သုတေသီများအတွက် စိတ်ဝင်စားဖွယ်ကောင်းလှသည်။


www.burmeseclassic.com





▲ အနောက်ဘက်ခန်းမှ ရုပ်ပွားအချို့

▼ စေတီပေါင်းဌာနများ



▲ ခန်းမတွင်း မြင်ကွင်း

▼ ကျောင်းရှေ့
ပဟိုရ်စည်တန်ဆောင်း



▼ ရွှေလင်းပင်ကျောင်း





www.burmeseclassic.com

www.burmeseclassic.com



ထင်းပလ္လင်နှင့် ဘုရားတော်ဆူ ▶

စနစ်တကျ စိစစ်ဖော်ထုတ်နိုင်သော ဝါသနာရှင်၊ ပညာရှင် ပေါ်ထွန်းပါစေ ဟုသာ ဆန္ဒပြုရသည်။

ထို့နောက်တွင် ဆရာတော်အား နှုတ်ဆက်ကန်တော့ရာ မှန်တံခါးမဖွင့် ပေးနိုင်သော်လည်း မူလပုံတော်ကို ပေါ်လွင်စေရန် နံရံရှိ ကားချပ်အား ရိုက်ကူးနိုင်ကြောင်း မိန့်ကြားသဖြင့် ရွှေလင်းပင်ပုံတော်ကို ထပ်ဆင့် ရိုက်ကူးခဲ့သည်။

ယင်းနှင့်အတူ စဉ့်ကူးမြို့နှင့် ရွှေတောင်မည်း စံကားသားရုပ်ပွားတော် ကိုလည်း တွေ့ခဲ့ရသည်။

အောက်ခြေ၌...


"ရွှေတောင်မည်းရုပ်ပွားတော် မန္တလေး တိုင်းဒေသကြီး စဉ့်ကူးမြို့တွင် ကိန်းဝပ် စံပယ်တော်မူပါသည်။ ယင်းရုပ်ပွားတော်မှာ ခိုးယူခံရကြောင်း စုံစမ်းသိရှိရပါသည်။ ယခု ပုံတော်မှာ မူလရုပ်ပွားတော်၏ ပုံတော် ဖြစ်ပါသည်"

ဟူ၍ မှတ်ချက်ပြုထားသည်။

ဆုတောင်းပြည့်ဝသဖြင့် လူတစ်စု က လှူဒါန်းထားသည်။ သိမ်းဆည်းထားဟန်ရှိကြောင်း ဆရာတော်က မိန့်ကြားတော်မူလေသည်။

ရွှေလင်းပင်ကျောင်းမှ ပြန်ဆင်းခဲ့ရာ ကျောင်းရှေ့၌ ဗဟိုရ်ရိစည်စင်မြင့်နှင့် နန်းမဝေး စေတီဝင်းရှေ့၌ ခြသေ့်ရုပ် တစ်ခုကို တွေ့ရသည်။ ဗဟိုစည်ကား များစွာ မကြာသေးသည့်ကာလက ကောင်းမှု ဖြစ်ဟန်တူသော်လည်း ခြသေ့်ကား ပြိုပျက်စ ပြုနေသည့် လက်ရာ ဖြစ်သည်။

သွန်းလုပ်မှုလက်ရာအရ လည်း ကောင်း၊ တစ်ကောင်တည်းသော



ပိဋကတ်သေတ္တာတစ်ခု ▶



www.burmeseclassic.com

www.burmeseclassic.com



▲ တစ်ကောင်တည်း ကျန်ခြင်္သေ့

▼ ထူးခြားသော ရုပ်တုများ



www.burmeseclassic.com



◆ ပျောက်ဆုံးသွားသည့် ဇင်ကူမြို့

ရွှေတောင်မည်း ဗိဿကာဘုရားပုံတော်

ခြင်္သေ့ ဖြစ်ခြင်းကြောင့် လည်းကောင်း ဒုတိယကုန်းဘောင်ခေတ်ခေါ် ဘကြီးတော်မင်းလက်ထက် မိဖုရားခေါင်ကြီး (မယ်နု)၏ကောင်းမှု ဖြစ်နိုင်သည်ဟု ယူဆဖွယ်ရှိလေသည်။

**နန်းမတော်မယ်နုကောင်းမှု စေတီများတွင် ခြင်္သေ့တစ်ကောင်တည်းသာ တွေ့ရတတ်သောကြောင့် ဖြစ်သည်။**

## ကျမ်းကိုင်ကျမ်းပြိုင် ရုပ်ပွားတော်

အပြန်လမ်းတွင် ဆိုင်ကယ်သမား ကလေးက သူ့ဘိုးဘွားစဉ်ဆက် စကားကြားရသမျှ ပြန်ပြောပြသည်။ အင်ကြင်းပင်ရွာသားဖြစ်ကာ ဆရာတော် ဦးမဏ္ဍလ မေတ္တာရပ်ခံသဖြင့် လိုက်လံ ပို့ဆောင်ပေးသူဖြစ်သည်။

'ရွှေလင်းပင်ဘုရားမှာ ဓမ္မသတ်ကျမ်း တစ်စောင် ဌာပနာပြု ပူဇော်ထားတယ်လို့ ဘိုးဘွားတွေက ပြောပြတယ်။ ရှေးခေတ်က အငြင်းအခုံပြဿနာ ဖြစ်လာရင် ရွှေလင်းပင် ရုပ်ပွားတော်ရှေ့မှာ ကျမ်းကျိန်သစ္စာ ဆိုကြတယ်။ မမှန်မကန် ထွက်ဆိုသူက ဒိဋ္ဌဓမ္မ ဆိုးကျိုး ခံစားရတယ်ဆိုပါတယ်'

'အခုခေတ်မှာကော'

'ရုပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့တွေ ရှိလာပေမယ့် ကျမ်းကိုင်သစ္စာဆိုတာတွေတော့ ရှိနေတုန်းပါပဲ။ ဘုရားသွားရင် ဆိုင်ကယ် ဆီဖိုးလောက်ကုန်မယ်။ ခြေကျင်သွားရင်တော့ တစ်ပြားတစ်ချပ်မှ မကုန်ဘူး။ မြို့ရွာတရားရုံးတွေမှာထက် စရိတ်စကနည်းပြီး အချိန်တိုတိုနဲ့ ထိရောက်တယ်လေ'

ဤကဲ့သို့ ကျမ်းကိုင်ကျမ်းပြိုင် သစ္စာဆို၍ ထိရောက်သိသာသော ဘုရားစေတီရုပ်ပွား၊ သိမ်တော်များစွာ ရှိလေရာ နရပတိစည်သူ၏ အမတ်ငအောင်စွာဇာတိ ခေါင်းချရာလည်း ဖြစ်သော **သာစည်၊ မိတ္ထီလာ၊ ပျော်ဘွယ် သုံးနယ်စပ်ရှိ အောင်စွာသိမ်သည်လည်း ကျမ်းကိုင်သစ္စာဆိုပါက** လိမ်လည်သူအတွက် ချက်ချင်းပင် ဒုက္ခတွေ့စေသည်ကို ကိုယ်တွေ့လေ့လာ ကြုံတွေ့ခဲ့ရဖူးသည်။

ရွှေလင်းပင်ဘုရားသည်လည်း ဤသို့ပင် ကျမ်းကိုင်ကျမ်းပြိုင် သစ္စာစူးသည့် ရုပ်ပွားတော်တစ်ဆူ ဖြစ်လေသည်။

ဤသို့ဖြင့် စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်း ရုပ်တုရုပ်ပွားများနှင့် ထူးခြားသည့် ရွှေလင်းပင် ရုပ်ပွားစံပယ်တော်မူရာ **စည်ပုတ္တရာမြို့ဟောင်း၊ ရွှေလင်းပင်ကျောင်းဆီသို့ လာရောက်လိုပါက ရွှေဘိုခရိုင်၊ ခင်ဦးမြို့ အရှေ့ဘက်ထိပ် မြောင်းပေါင်အတိုင်း မြောက်ဘက်သို့ လေးမိုင်ခန့် သွားရောက်လျှင် သရက်ကန်ရွာသို့ လမ်းခွဲရှိပါသည်။ သရက်ကန်ရွာမှ အနောက်ဘက် တစ်မိုင်ခန့် ခရီးဆက်ခြင်းဖြင့်** စည်ပုတ္တရာ ရောက်ရှိဖူးမြော်နိုင်ကြလေသည်။


ဖင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေး ညှိုးဖျင်းသူများ အတွက်



## ချမ်းသာကျန်းမာသက်ရှည်စေမည့် ဂမ္ဘီရယတြာကျင့်စဉ်ကြီး

သန်းခေါင်
(ပညာရေး)

ကျန်းမာရေးညှိုးဖျင်းသူ (၇)ရက်သား သမီးများအတွက် ချမ်းသာကျန်းမာ အသက်ရှည်စေရန်အတွက် နည်းကောင်းတစ်ခုကို အာစရိယဝါဒအရ တင်ပြချင်ပါသည်။

ကျန်းမာရေးညှိုးဖျင်းခြင်း၊ မကြာခဏ ချူချာခြင်းများသည် မကြာခဏ ဆိုသလို ဖြစ်နေခြင်းသည် အတိတ်က ပါလာခဲ့သော အကုသိုလ်ကံများကြောင့် ဟု ဆိုနိုင်ငြားသော်လည်း အသက်ကို ဉာဏ်စောင့်ဆိုသည့်စကားကိုဖြင့် မေ့ထားရန် မဖြစ်ပေ။ လိုလျှင်ကြံဆ နည်းလမ်းရမှာလည်း ဖြစ်သည်။

ထို့ကြောင့်လည်း ပြုပြင်၍မရတော့သည့်အတိတ်ကို မစဉ်းစားသလို မဖြစ်သေးသည့် အနာဂတ်ကိုလည်း မတွေးတော့ဘဲ ပစ္စုပ္ပန်ကာလ၌သာ ကောင်းမှုမြတ်နိုး ကောင်းအောင်ကျိုး ကောင်းကျိုးကိုယ်၌ တည်စေဖို့သာ လိုရင်းဖြစ်သည်။ ဒီတော့ ပစ္စုပ္ပန်ကာလမှာ ကုသိုလ်ကောင်းမှုများ ပြုဖို့သာ ဖြစ်ပါသည်။

ယခုတင်ပြလိုသည့် သက်ရှည်ကျန်းမာ ယတြာဆောင်ရွက်ပုံပင် ဖြစ်သည်။ မကြာခဏ ကျန်းမာရေးညှိုးသူများ၊ ဆေးနှင့်မပြတ် ကျန်းမာရေးညှိုးသူများ၊ နေထိုင်မကောင်းသူများ၊ ချူချာလွန်းသူများအတွက် အထောက်အကူပြု ကျန်းမာရေးဆိုင်ရာယတြာ ဖြစ်ပါသည်။

ကျန်းမာရေး ညှိုးဖျင်းသောအခါတွင် ဆောင်ရွက်ရန် သက်ရှည်ကျန်းမာ ယတြာကို တင်ပြပါမည်။

ကြည့်ပါ။

အသက်(၃၀)နှစ်ရှိသူတစ်ဦး ဆိုပါစို့။

***

| | | |
|---|---|---|
| **ရောက်သက်** | ၃၀ | **နှစ်** |
| | ×၃ | **(ကိန်းသေ)** |
| | ၉၀ | **အလင်းတိုင်အရေအတွက်** |
| | ×၄ | **(ကိန်းသေ)** |
| | ၃၆၀ | **ရေလှူရန်အရေအတွက်** |
| | ×၅ | **(ကိန်းသေ)** |
| | ၁၈၀၀ | **ပန်းလှူရန်အရေအတွက်** |

**အထက်ပါ တွက်နည်းအရ...**

❖ **အလင်းတိုင်** (၉၀)တိုင်၊

❖ **ရေ** (၃၆၀)ခွက် (ရေအိုးတစ်လုံးတွင် ရေကို ခွက်ငယ်ဖြင့် ၃၆၀ချင့်ယူပြီး ထည့်ပါ။

❖ **ပန်း** (၁၈၀၀)ပွင့်(ခရေပန်း၊ စံပယ်ပန်း၊ စကြာပန်းလို ပန်းမျိုးကို သုံးပါ။)

ဤလှူဖွယ်ရာများကို ကာယကံရှင်၏ မွေးနေ့၌ မွေးနံ့ထောင့်၌ လှူရမည်။ ပြီးလျှင် အောက်ဖော်ပြပါ ဂါထာတော်ဖြင့် (၉)ခေါက် ရွတ်ဆိုကန်တော့ပြီး ဆုတောင်းရန် ဖြစ်ပါသည်။

---

**ချမ်းသာကျန်းမာ**

**သက်ရှည်ဂါထာတော်**

---

❂ သက္ကတွာ ဗုဒ္ဓရတနံ၊ ဩသဓံ ဥတ္တမံ ဝရံ၊ ဟိတံ ဒေဝမနုဿာနံ၊ ဗုဒ္ဓတေဇေန သောတ္ထိနာ၊ နဿန္တု ပဒ္ဒဝါသဗ္ဗေ၊ ဒုက္ခာဝူပသမေန္တုမေ။

❂ သက္ကတွာ ဓမ္မရတနံ၊ ဩသဓံ ဥတ္တမံ ဝရံ၊ ပရိဠာဟံဝူပသမံ၊ ဓမ္မတေဇေန သောတ္ထိနာ။ နဿန္တု ပဒ္ဒဝါသဗ္ဗေ၊ ဘယာဝူပသမေန္တုမေ။

❂ သက္ကတွာ သံဃရတနံ၊ ဩသဓံ ဥတ္တမံ ဝရံ၊ အာဟုနေယျံ ပါဟုနေယျံ၊ သံဃတေဇေန သောတ္ထိနာ။ နဿန္တု ပဒ္ဒဝါသဗ္ဗေ၊ ရောဂါဝူပသမေန္တုမေ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **သက္ကတွာ** | = | သက်ကတ်တဝါ |
| **ဩသဓံ** | = | အောသဓံ |
| **ဥတ္တမံ** | = | အုတ်တမံ |
| **မနုဿာနံ** | = | မနုတ်သာနံ |
| **သောတ္ထိ** | = | သွတ်ထိ |
| **နဿန္တု** | = | နတ်သန်တု |
| **ပဒ္ဒဝါ** | = | ပတ်ဒဝါ |
| **သဗ္ဗေ** | = | သဗ်ဗေ |



www.burmeseclassic.com

www.burmeseclassic.com

သမေန္တု = သမင်တု
ပရိဠာဟံ = ပရိလာဟံ

**အနက်**

- **ဒေဝမနုဿာနံ**၊ လူနတ်ပြဟ္မာတို့၏။ **ဟိတံ**၊ အကျိုးစီးပွားကို ဆောင်တော်မူထသော။ **ဩသဓံ**၊ ရောဂါပျောက်တတ် နတ်ဆေးမြတ်ပမာ တူလှစွာသော။ **ဥတ္တမံဝရံ**၊ ထူးမြတ်လှပေထသော။ **ဗုဒ္ဓရတနံ**၊ အနှိုင်းမဲ့ ဘုရားရတနာကို။ **သက္ကတွာ**၊ ရိုသေယုံကြည် ပူဇော်သည်ရှိသော်။ **သောတ္ထိနာ**၊ မျက်မှောက်ထင်ထင် ချမ်းသာမှုကို ရစေနိုင်ပေသည်။ **ဗုဒ္ဓတေဇေန**၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကြောင့်။ **မေ**၊ တပည့်တော်အား။ **ဥပဒ္ဒဝါ**၊ ဥပဒ်ဘေးဒဏ်မမြင်အပ်သော ရန်အပေါင်းတို့သည်။ **နဿန္တု**၊ လွင့်ပျောက်ကုန်သည်ဖြစ်၍။ **ဒုက္ခာ**၊ ဆင်းရဲခြင်းအပေါင်းမှလည်း။ **ဝူပသမေန္တု**၊ ငြိမ်းအေးပါစေကုန်သတည်း။
- **ပရိဠာဟံ**၊ ကိလေသာအပေါင်းကို။ **ဝူပသမံ**၊ ငြိမ်းစေတတ်သော။ **ဩသဓံ**၊ ရောဂါပျောက်တတ် နတ်ဆေးမြတ်ပမာ တူလှစွာသော။ **ဥတ္တမံဝရံ** ထူးမြတ်လှပေထသော။ **ဓမ္မရတနံ**၊ အနှိုင်းမဲ့ တရားမြတ်ရတနာကို။ **သက္ကတွာ**၊ ရိုသေယုံကြည် ပူဇော်သည်ရှိသော်။ **သောတ္ထိနာ**၊ မျက်မှောက်ထင်ထင် ချမ်းသာမှုကို ရစေနိုင်ပေသည်။ **ဓမ္မတေဇေန**၊ တရားမြတ်၏ ဂုဏ်ကျေးဇူးတော်ကြောင့်။ **မေ**၊ တပည့်တော်အား။ **ဥပဒ္ဒဝါ**၊ ဥပဒ်ဘေးဒဏ် မမြင်အပ်သော ရန်အပေါင်းတို့သည်။ **နဿန္တု**၊ လွင့်ပျောက်ကုန်သည်ဖြစ်၍။ **သဗ္ဗေ**၊ ခပ်သိမ်းကုန်သော။ **ဘယာ**၊ ဘေးအပေါင်းတို့သည်။ **ဝူပသမေန္တု**၊ ငြိမ်းအေးပါစေသတည်း။
- **အာဟုနေယျံ**၊ အဝေးမှ ဆောင်ယူအပ်သော အလှူကို ခံယူတော်မူထိုက်သော။ **ပါဟုနေယျံ** ဧည့်သည်အဖို့ ရည်မှန်းထားသောအလှူကို ခံယူတော်မူထိုက်ထသော။ **ဩသဓံ**၊ ရောဂါပျောက်တတ် နတ်ဆေးမြတ်ပမာ တူလှစွာသော။ **ဥတ္တမံဝရံ**၊ ထူးမြတ်လှပေထသော။ **သံဃရတနံ**၊ အနှိုင်းမဲ့ သံဃာ့ရတနာကို။ **သက္ကတွာ**၊ ရိုသေယုံကြည် ပူဇော်သည်ရှိသော်။ **သောတ္ထိနာ**၊ မျက်မှောက်ထင်ထင် ချမ်းသာမှုကို ရစေနိုင်ပေသည်။ **သံဃတေဇေန**၊ သံဃာတော်မြတ်၏ ဂုဏ်ကျေးဇူးတော်ကြောင့်။ **မေ**၊ တပည့်တော်အား။ **ဥပဒ္ဒဝါ**၊ ဥပဒ်ဘေး ဒဏ် မမြင်အပ်သော ရန်အပေါင်းတို့သည်။ **နဿန္တု**၊ လွင့်ပျောက်ကုန်သည်ဖြစ်၍။ **သဗ္ဗေ**၊ ခပ်သိမ်းကုန်သော။ **ရောဂါ**၊ အနာရောဂါဟူသမျှတို့သည်။ **ဝူပသမေန္တု**၊ ငြိမ်းအေးကြပါစေသတည်း။

***မြေရှင်မှာ ရှိပါစေ၊***

**သန်းခေါင်(ပညာရေး)**

## သိထားသင့်သော

# တန်ဆေး လွန်ဘေး



ကျွန်တော် တွေ့ရှိရသော အဖြစ်ကို စေတနာနှင့် တင်ပြပါမည်။ ကျွန်တော် ဆေးလိပ်သောက်၍ သလိပ်များခြင်း၊ တံတွေးများခြင်း ရှိခဲ့ပါသည်။ အများနှင့်အတူ ထမင်းစားလျှင် အားနာရပါသည်။

ထို့ကြောင့် ကျွန်တော်ဟာ အဆုတ်သန့်စေတဲ့ လောက်သေရွက်ကို လက်ဖက်ခြောက်ခပ်သောက်သလို သောက်ခဲ့ပါသည်။ (အစိုခပ်လျှင် စိမ်းစော်နံ၍ အခြောက်ခပ်လျှင် မနံပါ၊ ကောင်းပါသည်။) သက်သာပါသည်။ ပျောက်သည်အထိ သုံးစွဲ၍ ပျောက်တော့မှ မေ့မေ့လျော့လျော့ မသောက်တော့ပါ။

ကျွန်တော် မှီခိုရာ စက်ဆရာအလုပ် (မော်တော်မောင်းသည့် စက်ဆရာ စက်နှိုးအုပ်) အလုပ်လုပ်ခဲ့သော မော်တော်ပိုင်ရှင် ဦးရေခဲမှာ အစားအသောက်ပျက်၊ အဝမပျက် သူပြောသည့် လက်သုံးစကားက "လောက်သေရွက်ဟာ အသက်ရှည်ဆေး"ဟု လွဲမှားစွာ ထင်မြင်၍ အမြဲတမ်း စားသုံးခဲ့ပါသည်။

တစ်နေ့ ရုတ်တရက်ဆိုသလို ရောဂါလက္ခဏာရယ်လို့ သိသာစွာမပြဘဲ သေဆုံးသွားခဲ့ပါသည်။ သူ့မှာ ဘာသာရေးလိုက်စား၍ စိတ်ထား ဖြူစင်ပါသည်။ သားသမီးများမှာ အဆိပ်သင့်သည်ထင်၍ တတ်နိုင်သူများလည်း ဖြစ်၍ ဘာကြောင့်သေသည်ကို သိလိုသဖြင့် ရောဂါရှာဖွေရန် ခွဲစိတ် အထူးကုများအား စစ်ဆေးစေပါသည်။

အဖြေမှာ ခန္ဓာကိုယ်မှာရှိသည့် ရောဂါပိုးများသာမက ခန္ဓာကိုယ်ကို အကျိုးပြုသော ပိုးများပါ သေဆုံးကုန်၍ အသက်ဆုံးရှုံးရကြောင်း အဖြေ သိရပါသည်။

တန်ဆေး၊ လွန်ဘေးလို့ ရှေးကမြန်မာသမားတော်ကြီးများ၏ စကားကို သတိရရင်း စာဖတ်သူများ သတိတရ ရှိကြစေရန် စေတနာဖြင့် သတိပေးရေးသားလိုက်ပါသည်။

***ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေ၊***

**ဦးဝင်းမြင့်**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အာရုံကြောရောဂါနှင့် အစာအိမ်ရောဂါအတွက်

# မိုးဦးပန်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်



မှတ်ပုံတင်- TMR010978(0614)

''ကိုမင်းမြတ်မောင်နဲ့ ကိုဇော်ရဲနိုင်တို့ ဘယ်က လှည့်လာကြတာလဲ''

''စာပေအကြောင်းလည်း ဆွေးနွေးရင်း ကျွန်တော်တို့နှစ်ယောက် ခံစားနေရတဲ့ ဝေဒနာအတွက် တိုင်းရင်းဆေးသုတေသီဖြစ်တဲ့ ဆရာကိုယဉ်တင့်နဲ့ တိုင်ပင်ပြီး ဆေးဝါးကောင်း လမ်းညွှန်ပေးဖို့ပါ''

''ဆရာတို့နှစ်ယောက်က ဘယ်လိုဝေဒနာတွေ ခံစားနေရလို့လဲ''

ကိုမင်းမြတ်မောင်က 'အခုတလော ဇက်ကြောတွေထိုး… နောက်ကြောတွေ တက်ပြီး ခေါင်းတွေ မူးဝေပြီး… စိတ်ထဲ မကြည်မလင်ဖြစ်နေတယ်…သတိတွေလည်း မေ့လျော့တယ်…ခြေလက်တွေလည်း ထုံ ကျဉ်နေတယ်ဗျာ…'

ကိုဇော်ရဲနိုင်က 'ကျွန်တော်ကတော့ စားတဲ့အစာလည်း မကြေဘူး… ရင်ထဲတောင့် တင်းပြီး အောင့်လည်း အောင့်တယ်… လေချဉ်လည်း တက်ပြီး ဝမ်းလည်း မကြာခဏ ပျက်တယ်'

''ဆရာကိုမင်းမြတ်မောင်က အာရုံကြောရောဂါဖြစ်နေပြီး… ကိုဇော်ရဲနိုင်က အစာအိမ်ရောဂါစနေပြီလို့ ပြောရမှာပဲ''

''ဒါ ကျွန်တော်တို့ ဘာဆေးသောက်ရင် ကောင်းမယ်…ဆိုတာ ညွှန်ကြားပေးပါဦး''

''လွန်ခဲ့တဲ့ တစ်နှစ်က…ကျွန်တော်ကိုယ်တိုင် အဲဒီရောဂါနှစ်မျိုးစလုံး ခံစားနေရတာ… မြောက်ဥက္ကလာပမြို့နယ်က မိုးဦးပန်းဆေးတိုက်ကို ရောက်တော့… ဆရာ ဦးကံအေးနဲ့တွေ့ပြီး သူကိုယ်တိုင်ထုတ်တဲ့ အာရုံကြောဆေးနဲ့ အစာအိမ်ရောဂါဆေးကို သောက်ကြည့်စမ်းပါလို့ ပြောတာ… အဲဒီ ဆေးတွေကို သုံးစွဲခဲ့လို့… ဆီး… ဝမ်း… လေ မှန်ပြီး မှတ်ဉာဏ်တွေလည်းကောင်း… ကိုယ်လက်လည်း ပေါ့ပါးသွက်လက်နေတာ ဆရာတို့အမြင်ပဲ…''

''ဆရာ…ကိုယဉ်တင့်ပြောတဲ့ မိုးဦးပန်း ဆေးတိုက်က ထုတ်တဲ့ အာရုံကြောဆေးနဲ့ အစာအိမ်ဆေးသောက်မယ်ဗျာ… အဲဒီဆေးတွေ မသောက်မီ… ဆေးရဲ့ အာနိသင်တွေကို သိချင်ပါတယ်… ဆေးညွှန်းကို ပြောပြပါဦး''

''ဆေးအညွှန်းတွေကို မပြောမီ … ဆေးထုတ်လုပ်တဲ့ ဆရာ ဦးကံအေး (မန္တလေးတိုင်းရင်းဆေး ဒီပလိုမာ-အမှတ်စဉ် ၁၂ ဆင်း)၊ ဆေးခန်းမှူးဘဝနဲ့… အင်္ဂပူမြို့၊ မအူပင်မြို့၊ ကျိုက်လတ်မြို့၊ လှည်းကူးမြို့တွေက… အာရုံကြောရောဂါဝေဒနာရှင်တွေ… အစာအိမ်ရောဂါဝေဒနာရှင်တွေကို ကုသအောင်မြင်ခဲ့တဲ့ ဆေးမို့ ရောဂါဝေဒနာရှင်တွေ တောင်းဆိုချက်အရ ထုတ်လုပ်ဖြန့်ချိတဲ့ဆေးပဲ။ ကျွန်တော်သွားလေရာဆောင်တဲ့ဆေးမို့ အညွှန်းတွေလည်း ပါတယ်၊ ကြားချင်ရင်… နားဆင်ကြပါ။ အာရုံကြောဆေးအညွှန်းကတော့… ခေါင်းအုံ၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်… ဇက်ကြောထိုးခြင်း၊ မျက်ရိုးကိုက်… မျက်ကြောထိုးခြင်း၊ မေးရွဲ့ပါးရွဲ့ခြင်း၊ လျှာလေးအာလေးခြင်း၊ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်း၊ အကြွေးအဆန့် အထိုင်အထအားနည်းခြင်း၊ ခြေလက်များ ထုံကျဉ်ခြင်း၊ လေငန်းလေဖြတ်ခြင်း၊ နာတာရှည်ရောဂါခံစားနေရခြင်း၊ စိတ်မကြည်မလင်ဖြစ်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ခြင်း၊ အိပ်မပျော်ခြင်း၊ မူးဝေခြင်း၊ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါနှင့် ငှင်းရောဂါ နောက်ဆက်တွဲဆိုးကျိုးများအတွက် သင့်လျော်သော ဆေးဖြစ်ပါသည်…တဲ့။ အစာအိမ်ရောဂါသောက်ဆေးအညွှန်းကတော့… အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ရင်ထဲတောင့်တင်းနေခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အနာဖြစ်ခြင်း၊ ရောင်ခြင်း၊ အောင့်ခြင်း၊ လေချဉ်တက်ခြင်း၊ လေပူထခြင်း၊ လေနာရောဂါစွဲကပ်ခြင်း၊ မိမိနှင့် ဓာတ်မတည့်သော အစားအစာများ စားမိ၍ ခန္ဓာကိုယ် ယားယံခြင်း၊ အဖုအပိမ့်ထခြင်း၊ အစာအဆိပ်ဖြစ်၍ ဗိုက်နာခြင်း၊ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊ မကြာခဏ ဝမ်းပျက်ခြင်း၊ အစားအသောက် အမှားမခံခြင်း စသော အစာအိမ်နှင့် အူလမ်းကြောင်းရောဂါအတွက် သင့်လျော်သော ဆေးဖြစ်ပါသည်… တဲ့။ ဤဆေးသည် အစာအိမ်ဆေး၊ အစာကြေဆေး၊ အစာဖျက်ဆေး… အဖြေကျော် ဆေး ၄ မည်ရ မဟာဆေးတော်ကြီးဖြစ်လျက် - စားသမျှကြေပြီး မှားသမျှဖြေတဲ့ ဆေးစွမ်းကောင်းတစ်လက်ပဲ…''

''တိုင်းရင်းဆေး သုတေသီဖြစ်တဲ့ ဆရာ ကိုယဉ်တင့်ကိုယ်တိုင် သုံးစွဲနေတဲ့ ဆေးစွမ်းကောင်းနှစ်လက်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ယုံယုံကြည်ကြည် သုံးစွဲကြမယ်ဗျာ။ ဒါဖြင့် ဘယ်ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်သလဲဆိုတာ လမ်းညွှန်ပါဦး''

''အမြို့မြို့ရှိ မြန်မာဆေးမျိုးစုံ ဆိုင်တိုင်းမှာ ဝယ်ယူရရှိနိုင်ကြောင်းပါ''



မှတ်ပုံတင်- TMR010978(0614)

**မိုးဦးပန်း ဆေးတိုက်**

အမှတ် ၇၄၃၊ ဘုမ္မာ ၅ လမ်း၊


(၅) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း - ၀၉၄၅၀၀၂၃၂၈၀



www.burmeseclassic.com

www.burmeseclassic.com



◆ ဉမင်ကိုးဆယ်စေတီတော်

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

# စစ်ကိုင်းတောင်ရှိ သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ပူဇော်ဂါထာတော်များ (၁၀)

---

ဉမင်ကိုးဆယ်စေတီတော်

---

**နမောတဿ ဘဂဝတော အရဟ ...တော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ် ရွတ်ဆိုပါ။]*

...ဿတ နာမကေန
...ထေရေန နိမ္မိတံ၊
...တိ မင် စေတိယံ၊
...တံ သုခမာဝဟံ။
...သော ပါဠိအသံထွက်
... = အိန်ဒါ
... = နိမ်မိတံ
... = မင်ဂ

**ဝန္ဒေတံ** = ဝန်ဒေတံ

မြန်မာပြန်

**ကဿပဿ နာမကေန၊** အရှင် ကဿပ ဘွဲ့မည်ရှိတော်မူသော။

**မဟာထေရေန၊** မဟာထေရ်အရှင် မြတ်ကြီးသည်။

**သုခမာဝဟံ၊** လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်ရန်။

**ယံ နဝုတိ မင် စေတိယံ၊** အကြင် ဉမင်ကိုးဆယ် စေတီတော်မြတ်ကြီးကို။

**နိမ္မိတံ၊** ရဟန်းရှင်လူ ပြည်သူအများ ကုသိုလ်ပွားအောင် တည်ထောင် ဖန်ဆင်းအပ်ခဲ့လေပြီ။

**တံ၊** ထို စေတီတော်မြတ်ကြီးအား။

**အဟံ၊** "......"ဟု နာမ သမုတ် အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် ရှိခိုးပူဇော်သူ၏အမည် ထည့်ဆိုပါ။]**


**ဝန္ဒေ ဝန္ဒာမိ၊** ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဘုရားတည်နှစ်

၁။ သက္ကရာဇ် ၈၄၂ ခုနှစ်တွင် အရိယာဝံသဆရာတော်ကြီး ဦးဆောင်၍ အင်းဝဒုတိယမင်းခေါင် တည်ထား၏။

၂။ သက္ကရာဇ် ၁၂၈၈ ခုနှစ်တွင် စစ်ကိုင်း

www.burmeseclassic.com



ဥမင်ကိုးဆယ်တောင်တော်မှ ခြေတော်ရာ

ဥမင်ကိုးဆယ်စေတီ အထက်ထပ်သို့ တက်သော ကြောင်လိမ်လှေကား





www.burmeseclassic.com

www.burmeseclassic.com



◆ ဥမင်ကိုးဆယ်စေတီတော်
အထက်အာရုံခံအတွင်းမှ
အောင်မြေရုပ်ပွားတော်အား ဖူးမြော်ရပုံ

မြို့၏ စာရေးအရှေ့ရွာဇာတိ အရှင်ကုဿလသာဘမထေရ်မြတ်မှ ပြန်လည်တည်ထားလေ၏။

တည်နေရာ

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီရင်ပြင်တော်မှ အရှေ့ဘက်သို့ မျှော်ကြည့်လိုက်ပါလျှင် ရှမ်းရိုးမတောင်တန်းကြီးအား နောက်ခံပြုလျက် အလွန် ကြည်ညိုဖွယ် ဖူးမြင်နိုင်ကြလေသည်။

ပွဲတော်ရက်

နှစ်စဉ် ဝါမဝင်မီ ဝါဆိုလဆန်း (၈)ရက်ဖြစ်သည်။

အောင်မြေနေရာ

စေတီတော်ကြီး၏ အထက်အာရုံခံအတွင်း ရုပ်ပွားတော်မြတ်၏ အရှေ့တည့်တည့်။

အစောင့်အရှောက်

ဗောဓိပင် ရုက္ခစိုးနတ်ကြီး။

ထူးခြားချက်

စစ်ကိုင်းတောင်ရိုးရှိ အရိယာဝံသဆရာတော်ကြီးအား အင်းဝ ဒုတိယမင်းခေါင်ဘုရင် လာရောက် ဖူးမြော်စဉ် စီးတော်ဆင်မယဉ်သာက အရိယာဝံသကျောင်းရှိ ဗောဓိပင်ပျို၏ အကိုင်းအရွက်တို့အား ချိုးဖွဲ့စားသောက်မိရာမှ ဆင်တော်သည် ရုတ်တရက် လဲကျ မေ့မြောသွားလေ၏။

စီးတော်ဆင်မယဉ်သာသည် အသေကောင်သဖွယ် ဖြစ်သွားလေရာ အရိယာဝံသဆရာတော်ကြီးမှ သစ္စာပြုကာ ရေစင် သွန်းဖျန်းပေးလိုက်သောအခါ အကောင်းပကတိ ဖြစ်သွားလေတော့၏။



◆ ဥမင်ကိုးဆယ်စေတီတော်
ဆောင်းတော်ရှုခင်း



www.burmeseclassic.com

www.burmeseclassic.com



◆ ဦးမင်းကိုးဆယ်မှ နှစ်ကျိပ်ရှစ်ဆူ ဂုဏ်ပွားတော်များ

အင်းဝဒုတိယမင်းခေါင်သည် အရိယာဝံသ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အား ကျေးဇူးဆပ်သောအားဖြင့် ဗောဓိပင် ရုက္ခစိုးနတ်ကြီးအား အမှုအတန်းပေးဝေ၍ ဆင်တော်၏တန်ဖိုးနှင့် ညီမျှသော ဆင်ဖိုးစေတီလေးဆူ တည်ထားတော်မူလေ၏။

ဆင်ဖိုးလေးဆူအနက် ဦးမင်းကိုးဆယ်စေတီတော်သည် တစ်ဆူအပါအဝင် ဖြစ်လေသည်။

ဆင်ဖိုးစေတီတော်နှင့်အတူ ရေကန်တော်ကြီးကိုလည်း တည်ထားလေ၏။ နှောင်နှစ်ပေါင်းစွာ ကြာညောင်းသောအခါ သဘာဝ ရာသီဥတုဒဏ်၊ ငလျင်ဒဏ်များကြောင့် ပြိုကျ မြေခ,ခဲ့လေ၏။

သက္ကရာဇ် ၁၂၈၈ ခုနှစ်တွင် **စစ်ကိုင်းတောင်ရိုး ဝိပဿနာဂန္ဓာရုံဆရာတော်ကြီး အရှင်ဣန္ဒာသဘ မထေရ်မြတ်သည်** ပြန်လည်ပြုပြင်ရန် ရှင်းလင်း

◆ ဦးမင်းကိုးဆယ်မှ ရှေးဟောင်းရေကန်တော်ကြီး



သောအခါ ဓာတ်တော်မွေတော်များ၊ ပရိဘောဂများ ပါဝင်သော ကျောက်သေတ္တာကြီးတစ်လုံး ရရှိလေ၏။

ရရှိသော ဌာပနာများအားလုံးကို ဆွေတော်မျိုးတော်များ ကုသိုလ်ဒါနအားဖြင့် မူလ ဆင်ဖိုးစေတီတော်အား ငုံ၍ အသစ်တစ်ဖန် ပြန်လည် တည်ထားတော်မူလေ၏။

စေတီတော်ကြီး အောင်မြင်ပြီးမြော
သောအခါ ယခင် ဆင်ဖိုးစေတီ
ဘွဲ့အမည်တော်ကို အသုံးမပြုတော့
**"ဦးမင်း ၆၀ ဘုရား"**ဟု ဘွဲ့မည်



www.burmeseclassic.com

www.burmeseclassic.com



◆ ဦးမင်းကိုးဆယ်ရုပ်ပွားတော်၏ တံကဲတော်မှ ထူးခြားသော နတ်မင်းကြီးများပုံ

လေ၏။

သက္ကရာဇ် ၁၃၃၀ ပြည့်နှစ်ရောက်ရှိသောအခါ ဒကာ၊ ဒကာမများ၏ဆန္ဒအရ **"ဦးမင်းကိုးဆယ်စေတီတော်"** ဟူ၍ ယနေ့ထက်တိုင် ဘွဲ့မည်တွင်လေတော့၏။

စေတီတော်ကြီး၏ မျက်နှာစာလေးဖက်၌ ဦးမင်းပေါက်များ ပါရှိနေသောကြောင့် ဦးမင်းကိုးဆယ် အမည်တွင်ရခြင်း ဖြစ်လေသည်။

စေတီတော်ကြီး၏ အထက်သို့ တက်ရောက် ဖူးမြော်လိုပါက စေတီတော်၏ အပြင်ဘက် ထောင့်(၄) ထောင့်ရှိ ကြောင်လိမ်လှေကားများမှ တက်ရောက် ဖူးမြော်နိုင်ကြလေ၏။

စေတီတော်၏အတွင်း ဦးမင်းလှေကားမှလည်း အေးချမ်းစွာ တက်ရောက်နိုင်ပါ၏။

စေတီတော်ကြီး၏ အထက်ထပ်အာရုံခံအတွင်းရှိ ရုပ်ပွားတော်မြတ်မှာ ဖူး၍ မဝလောက်အောင် သပ္ပာယ်လှပါပေ၏။ အောင်မြေနေရာလည်း ဖြစ်သောကြောင့် ထူးခြားသော နေရာမြတ် ဖြစ်ပါလေ၏။

စေတီတော်၏ တောင်ဘက်တွင် ဒုတိယမင်းခေါင်၏ ကုသိုလ်တော် ရေကန်ကြီးက အလွန်ခံ့ညားလှပါပေ၏။

ရေကန်တော်ကြီး၏ အနောက်ဘက်ဘေးတွင် သက်တမ်းရင့် တမာပင်ကြီး၏ သစ်ကွင်းကြီးကလည်း ထူးဆန်းအံ့သြဖွယ် တွေ့မြင်နိုင်ကြပါသည်။

ရေကန်တော်ကြီး၏ အရှေ့ဘက်တွင် ရှေးဟောင်းဘဏ္ဍာများ၊ ရှေးဟောင်း ရုပ်ပွားတော်များနှင့် အသုံးအဆောင်ပစ္စည်းများကို လေ့လာကြည့်ရှုနိုင်ရန် ပြတိုက်ကြီး ပြုလုပ်ထားရာ အခမဲ့ လေ့လာနိုင်ကြလေ၏။

ဦးမင်းကိုးဆယ်စောင်းတန်း၏ အလယ်နေရာတွင် မြတ်စွာဘုရား၏ ခြေတော်ရာဌာနကိုလည်း အမောအပန်းဖြေရင်း ဖူးမြော် ကြည့်ရှုနိုင်ကြပါသည်။


အစောင့်အရှောက်ဖြစ်သော ရက္ခစိုးနတ်ကြီးအား ဆုတောင်း အမျှဝေလိုပါက အရိယာဝံသချောင်သို့ သွားရောက်၍ ဒါန အမျှမေတ္တာပေးနိုင်ကြလေရာ အထူး သွားရောက်သင့်သော နေရာဌာန ဖြစ်လေ၏။

ဆင်ဖိုးစေတီ(၄)ဆူအား အထူးစောင့်ရှောက်သော ရက္ခစိုးနတ်ကြီး ဖြစ်ပါ၏။

ဘုရားဒါယကာဖြစ်သော ဝိပဿနာဂန္ဓာရုံဆရာတော်ကြီး အရှင်ကုဏ္ဍာသဘာမထေရ်မြတ်ကြီးသည် အသက် သတင်းလွတ်သာ သုံးဆောင်ပါသည်။

ထို့ပြင် ကမ္မဋ္ဌာန်းအားထုတ်ရသော ပဋိပတ်ဌာနလည်း ဖြစ်လေ၏။

www.burmeseclassic.com



◀ ဦးမင်းကိုးဆယ်ပြတိုက်အတွင်းမှ
ရှေးဟောင်းဘုရားများ



◀ ဦးမင်းကိုးဆယ်စေတီမှ
စာရင်းကောက်နေသော သိကြားမင်းပုံ

ပရိယတ်ကိုလည်း အထူးပြုသောအားဖြင့် ဆရာတော်ကြီးသည် မဟာစေတီနှင့် ရွှေဥမင်ချောင် စသော ဌာနများကိုလည်း ဖြည့်စွက်တော်မူလေ၏။

ဆရာတော်ကြီး၏ ကျေးဇူးတော်ကြောင့်...

၁။ နိုင်ငံကျော် ဓမ္မကထိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အရှင်ဝိမလာစာရမထေရ်။

၂။ အဂ္ဂမဟာပဏ္ဍိတ သုဓောဓာရုံဆရာတော် အရှင်နာရဒ။

၃။ အဂ္ဂမဟာပဏ္ဍိတ တိုက်အုပ်ဆရာတော် ဒေါက်တာ အရှင် နန္ဒမာလာဘိဝံသ။

၄။ အဂ္ဂမဟာပဏ္ဍိတ မန္တလေး ဝိသုဒ္ဓါရုံ မင်္ဂလာဗိမာန်ဆရာတော် အရှင်ပညာသီရိဘိဝံသ။

၅။ ဓမ္မကထိက ဗဟုဇနဟိတရေ ရွှေဥမင်ဆရာတော် အရှင်ဉာဏဝရ အစရှိသော မထေရ်ကြီးများ ထူးထူးခြားခြား ပေါ်ထွက်ခဲ့ရလေ၏။

ဆရာတော်ကြီး၏ ဝိပဿနာဉာဏ်၊ သီလဂုဏ်ကျေးဇူးနှင့် ပရိယတ်ပညာဉာဏ်တို့ကား အံ့ဩ ချီးကျူးမကုန်နိုင်အောင် ကျေးဇူးကြီးမားလှပါပေ၏။

ဦးမင်းကိုးဆယ် စေတီတော်ကြီးသည်ကား **ဗုဒ္ဓစည်း၊ ဓမ္မစည်း၊ သံဃာစည်း**အားဖြင့် အထူးပြည့်စုံပြည့်ဝသော နေရာထူး ဖြစ်လေသည်။

ရွှေလ ဆက်ဖတ်ပါရန်

**အောင်ရွှေမြတ်**
**(စစ်ကိုင်းတောင်)**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




ကြည့်ပါ။

✧ **အသက်လမ်းနဲ့ ဉာဏ်လမ်း ကွာဟနေတယ်။(က)**

ဒါကတော့ လွတ်လပ်မှုကို အလွန် ကြိုက်ခြင်းနဲ့ လုပ်ရဲကိုင်ရဲတဲ့စိတ်ရဲ့ ပြယုဂ်ပါ။

✧ **လက်သန်းက တိုနေတယ်။(ခ)**

ဒါကတော့ ဆင်ခြင်မှုနည်းခြင်းရဲ့ သင်္ကေတပါ။

✧ **လက်သူကြွယ် သာမန်ထက် ရှည်တယ်။ (ဂ)**

ဒါကတော့ အပျော်အပါး ကြိုက်ခြင်း၊ အလောင်းအစား ဝါသနာပါခြင်းရဲ့ သင်္ကေတပါ။

ကဲ ဒါဆိုရင်... သူ ဘယ်လို လူစားလဲဆိုတာ သိနိုင်လောက်ပါပြီ။

**အေးပါစေ၊ အောင်ပါစေ။**

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်တင် - ၀၁၁၄ / ၀၁၀၇၃၆ လိုင်စင် ၇၂/၀၁၁၊ တအယလတိုး (၁၃၁၂)

## နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

### အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(၅၂/၁၅၆)သေဘာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉၊ ၀၉-၅၁၈၈၆၃၂

---

ဖြောင်းဖြူ မောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com

ခွေးရုပ်ရွာ ဝေတောင်အနောက်ဖျားမှ

# ကျောက်ပန်းအိုးတောင်

မြတ်စီခွေထံတော်ပါးသို့ (၃)

စင်သိုင်ယ်

**ယခင်လမှ အဆက်**

မောင်အောင်မျိုးဦးက ယူဆောင်လာသော ရေဘူးမှ ရေများကို ရေအိုးတစ်လုံးအတွင်း လောင်းထည့်ကာ ကျန်တစ်အိုးမှ ရေများ ပြန်ဖြည့်သည်။ ရေစိမ့်အိုးမှ ရေများက ပို၍ အေးမြသောကြောင့် ဖြစ်သည်။

ဤရေအိုးများကို ခွေးရုပ်ကျေးရွာမှ မိန်းမပျိုကလေးများက နေ့စဉ် ဒါနပြုကြောင်း သိရသည်။ ညောင်ကုန်းတောင်ကြီးကို ကျော်လွန်ကာ ရေဖြည့်ပေးကြသော မိန်းကလေးများ၏ ရေကုသိုလ်နှင့် စေတနာအလှကား ချီးမွမ်းဖွယ် ကောင်းလှသည်။


ခွေးရုပ်ရွာ ရေစိမ့်မှ ထွက်သောရေသည် သဘာဝအတိုင်း PHစကေး မျှတသည့် သောက်ရေသန့်ဖြစ်ကြောင်း သိရသည်။

ညောင်ပင်ရိပ်တွင် ခေတ္တ အပန်းဖြေပြီးနောက် ခရီးဆက်ခဲ့ရာ တောင်ကုန်းတစ်ခု ကျော်လွန်သော် လျှိုကလေးအတွင်း ကြီးမားသော တောသရက်ပင်ကြီးကို တွေ့ရသည်။

နှစ်ရာပေါင်းများစွာ သက်တမ်းရှိပြီဖြစ်သော တောစိုးသစ်ပင်ကြီးဖြစ်သည်။ ပင်စည်မကြီးမှာ လျှိုအောက်ခြေမြေသား အနီးကပ်လျက်ရှိကာ ကိုင်းခွဲသေချာ ဖြာထွက်နေသည်။

"တောသရက်သီးက အလုံးသေးပြီး ချဉ်စုတ်စုတ်နဲ့ အရသာ မရှိလှပါဘူး။ ဒါပေမယ့် ဒီသရက်ပင်က ကျွန်တော်တို့အတွက် အခါခါအမြဲလို့ရှိတယ်။ အသီးအပွင့် ဝေဝေဆာဆာထွက်တဲ့အကိုင်း ညွှန်ရာအရပ်မှာ စီးပွားဖြစ်ထွန်းတယ်လို့ လူကြီးတွေ ပြောကြတယ်။

ပြီးခဲ့တဲ့နှစ်က မြောက်ဘက်အကိုင်းမှာ ကိုင်းလုံးညွှတ်အောင် သီးပွင့်တယ်။ ဒါကြောင့်လယ်ပြင်၊ ကျားပါးစပ်၊ ရွှေမင်းဖုန်းတောင်ခြေမှာ ရွှေကျင်း (ရွှေသတ္တုရှာဖွေ တူးဖော်သောမြေအောက်လိုဏ်တွင်း)တွေ အတော်



ရဓိပြင်တော်မှ မြင်ရသော ပါရတောင်မှာစေတီ



www.burmeseclassic.com

www.burmeseclassic.com



◆ အဝေးဆီမှ ဆင်တောင်ကျေးရွာမြင်ကွင်း

ကလေး အလုပ်ဖြစ်ကြတယ်။

ခွေးရုပ်ရွာရှိတဲ့ အရှေ့ဘက်အကိုင်းကတော့ ပိုးစားပြီး ကျိုးပြတ်သွားတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ခွေးရုပ်ရွာတစ်ဝိုက် တောင်ယာတွေ သီးနှံအထွက်နည်းပြီး ရွာလဲ အခက်တွေ့ရတယ်'

'ကျိုးပြတ်သွားတယ်ဆိုတော့ နောင်အခါ နိမိတ်မပြနိုင်တော့ဘူးပေါ့။ ဒါပေမယ့်၊ အညွန့်အခက်အသစ်တွေ ထွက်လာမှာမို့ ခွေးရုပ်ရွာတစ်ဝိုက် တိုးတက်လာမယ့်သဘောလဲ ဆောင်မှာပေါ့'

အောင်မျိုးဦးက အတန်ကြာစဉ်းစားပြီးနောက်...

'ဖြစ်နိုင်ပါတယ် ဦးလေး၊ ဒီနှစ်ဆိုရင် ကလောနဲ့ ခွေးရုပ်ကို မော်တော်ကားလမ်းဖောက်ဖို့ ခွင့်ပြုချက်ကျလာပြီ။ အရင်တုန်းက ရထားလမ်းတစ်ခုတည်းကို အားကိုးနေရတာမို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေပြီး တိုးတက်လာတော့မှာပါ'

'ဒီ ကျောက်ပန်းအိုးတောင်ခြေပဲ၊ ဟိုနားလေးမှာ အရင်က သပြေပင်ကြီးတစ်ပင်ရှိခဲ့တယ်။ အခုတော့ သေသွားပါပြီ။ အစောင့်နတ်ကြီးတယ်လို့ ပြောကြတယ်။ ရွာမြန်ရောက်မှ လူကြီးတွေကို မေးကြည့်ရင် သေသေချာချာ သိရမယ်'

တောစိုးသရက်ပင် အကိုင်းတစ်ကိုင်းပင်လျှင် လူနှစ်ဖက်စာမကကြီးမားလှကာ လှိုဏ်အတွင်း ရောက်ရှိနေသဖြင့် ဓာတ်ပုံရိုက်ကူးရာတွင် သစ်ရွက်များ ချုံနွယ်များသာ ပုံရိပ်ထင်လေသည်။

လှိုဏ်အတွင်းမှ ကျောက်ပန်းအိုးတောင်ပေါ်သို့ စတင် တက်ရောက်ရာ တောင်တက်လမ်းတစ်လျှောက် ကျောက်တုံး ကျောက်ဆောင်များကိုသာ ပေါများစွာ တွေ့ရသည်။ သက်တမ်းရင့် ကျောက်တောင်ကြီး ဖြစ်ခဲ့ဟန်ရှိသည်။

ကျောက်ဆောင်များအကြားတွင် မှိုင်ဝါးရုံများကို ဟိုတစ်စု ဒီတစ်စု တွေ့မြင်ရသဖြင့် တောင်အဆင်းတွင် အသုံးပြုရန် ဝါးတောင်ဝှေးတစ်ချောင်း ခုတ်ယူခဲ့သည်။

လမ်းခုလတ်တွင် ဖယောင်းပန်းများသယ်ပိုးလာသော သူငယ်တစ်ဦးကို တွေ့ရသည်။

'တောင်ပေါ်မှာ တခြား သစ်ခွတွေ မရှိဘူးလား'


'ရှိတယ်အဘ၊ တစ်ပိဿာ တစ်သောင်းကျော်-ဈေးရတဲ့ သစ်ခွတွေလဲ ရှိပါတယ်။ ဒါပေမယ့် တောင်ကမ်းပါးနံရံစွန်းတွေမှာ ပေါက်နေတော့ ယူရခက်လို့ပါ'

သူသယ်ယူလာသော ဖယောင်းပန်းများသည်လည်း တစ်ပိဿာလျှင် ငါးရာကျပ်မျှရသည်ဟု သိရသဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်အဝေးဆီမှ ရှုမြင်ပုံတောင်

အတွက် မုန့်ဖိုးပဲဖိုး ရနိုင်ကောင်းပေသည်။

တောင်တက်ခရီး (၁၅)မိနစ်ခန့် အကြာတွင် အဝင်မုခ်ဦးသဖွယ် ဖြစ်တည်နေသော သဘာဝကျောက်တောင်ကြီးနှစ်ခုကို ကျော်လွန်ကာ တောင်ထိပ်ပြင်ညီသို့ ရောက်ရှိလေသည်။

ထို ပြင်ညီအစွန်းတွင် တောင်ကလပ် တည်ရှိကာ တောင်ကလပ်အခြေတွင် ဇရပ်တစ်ဆောင် တွေ့ရသည်။ ဤဇရပ်ကား နှစ်စဉ် တပေါင်းလဆန်း(၈)ရက်နေ့တွင် ကျင်းပလေ့ရှိသည့် ဗုဒ္ဓပူဇနီယပွဲတော်ကာလတွင် ရဟန်းသံဃာများ၊ ဘုရားဖူး ပရိသတ်များ သီတင်းသုံးနားခိုရာ ဇရပ်ဖြစ်ကြောင်း သိရသည်။

ပွဲတော်နေ့တွင် ဂေါ်စရဂါမ် ကျေးရွာအသွယ်သွယ်မှ တစ်အိမ်ထောင်လျှင် ထမင်းထုပ်(၅)ထုပ်နှုန်းဖြင့် တောင်ပေါ်သို့ စုပေါင်း ပို့ဆောင်ပေးကြကာ ကုန်းတော်သို့ ရောက်ရှိလာသော ဘုရားဖူးများအား ကမ်းလှမ်း ဒါနပြုလေ့ရှိသည်ဟု သိရသည်။

ပထမအကြိမ် ထီးတင်လှူခဲ့သော တပေါင်းလဆန်း(၈)ရက်နေ့ကို ပွဲတော်နေ့အဖြစ် သတ်မှတ်ကာ ဘုရားဆွမ်းတော်ကပ်ပွဲ ကျင်းပခဲ့ကြသည်ဟု ပြောပြကြသည်။

## ရှေ့တော်မှောက်သို့

တောင်ကလပ်မှာ ပေ(၆၀)ခန့် မြင့်မား၍ အရှေ့ဘက်မှ ကျောက်လှေကားဖြင့် တက်ရောက်ရသည်။

ကျောက်အချွန်အတက်များ အတိပြီးသော ဤတောင်ကလပ်တွင် စေတီမတည်မီကာလက လူသူ အရောက်အပေါက် မရှိသော်လည်း သဘာဝအလျောက် ဖြစ်တည်နေသော အရွယ်စုံ လူခြေရာများ၊ တိရစ္ဆာန်ပေါင်းစုံခြေရာများ တွေ့ခဲ့ရသည်ဟု ကိုရင်ကြီးရှင်ဉာဏိသရက ပြောပြခဲ့သည်။

ကျောက်တုံး ကျောက်ဆောင်များတွင် သဘာဝအလျောက် ဖြစ်တည်နေသော ခြေရာပုံသဏ္ဌာန်များ ဖြစ်ကြသည်။

စေတီတည်သောအခါ ကျောက်အစွန်းများကို တူးဖဲ့ကာ ခြေချနိုင်သော တောင်တက် လှေကားလမ်းကလေးကို ပြုလုပ်ခဲ့ကြသည်။ ကျောက်လှေကားဆိုသော်လည်း အောက်ခြေ အခိုင်အမာ မရှိဘဲ ကျောက်တုံးများ စီထပ်ထားခြင်းဖြစ်ရာ သတိကြီးစွာဖြင့် နင်းတက်ကြရလေသည်။

များစွာ မြင့်မားလှခြင်းမရှိသော တောင်ကလပ် အတက်လမ်းကလေးတွင် ကြောင့်ကြကင်းစွာ တက်ရောက်

www.burmeseclassic.com



ကြာအမြဲ မဟို့ဇီကာ ပါရမြဲနှင့် စေတီ

နိုင်မည့် အခိုင်အမာ အုတ်လှေကား တည်ဆောက်လှူဒါန်းသူ ကုသိုလ်ရှင် ပေါ်ပေါက်ပါစေဟု ဆုတောင်းမိသည်။

တောင်ကလပ် အထက်၌ကား အကျယ် (၇)ပေ၊ အလျား(၁၅)ပေမျှ လွင်ပြင်ကလေးရှိ၍ နှောင်းခေတ် ကုသိုလ်ရှင်တို့ကောင်းမှု ကိုးတောင် ပြည့်စေတီငယ်တစ်ဆူ ကိန်းဝပ်တော်မူလေသည်။

ထိုလွင်ပြင်ငယ်မှ အနောက်တောင် ထောင့်ယွန်းယွန်း တောင်ကြားတစ်နေရာတွင် "**ကြောင်းဖြူ**"ဟု တွင်ခဲ့သော "**ချောင်ဖြူ**"ကျေးရွာ အိမ်ခြေစုစုကို လှမ်းမြင်ရသည်။

လွင်ပြင်၏ အနောက်မြောက် ယွန်းယွန်း ကပ်လျက်တွင် သီးခြား ကျောက်ဆောင်ထက် ကိန်းဝပ်တော်မူသော ပါရတောမောစေတီတော်ကို ဖူးတွေ့ရသည်။ လွင်ပြင်မှ ကျောက်စွယ် အစွန်းကလေးအတိုင်း တွဲခို၊ ထိန်းကိုင်ကာ စေတီရင်ပြင်သို့ သွားရောက်နိုင်သည်။

မူလက သီးခြားတည်ရှိသော ကျောက်ဆောင်ထိပ် ဖြစ်သော်လည်း ကြားလပ်နေရာတွင် ကျောက်တုံးများ ဖြည့်ကာ ကွန်ကရစ်ခင်းလျက် ဝတ်ပြုနိုင်ရန် ရင်ပြင်ငယ် ပြုလုပ်ထားသည်။

ပတ်လမ်းကလေးမှာ မရှည်လှသော်လည်း တဟူးဟူး တိုက်ခတ်နေသည့် တောင်ထိပ်လေနှင့် နက်ရှိုင်းလှသော ချောက် လျှိုမြောင် နောက်ခံတို့ကြောင့် ကမ်းပါးစွန်မှာ ရင်တထိတ်ထိတ်ရှိရသည်။

သုံးထပ်တိုက် ဝရန်တာတွင် ရပ်လျက် မြေပြင်ကို လှမ်းကြည့်ရုံဖြင့် ခြေဖဝါး ယားနေတတ်သည့် မိမိကသာ ရင်တထိတ်ထိတ် ဖြစ်ရသော်လည်း ရွာခံဖြစ်သူ မောင်အောင်မျိုးကမူ ကမ်းပါးကို ကွေ့ပတ်လွဲခိုကာ ဒန္တကူး ပန်းပင်များ ခဲရာခဲဆစ် ရှာဖွေ ချိုးယူနေလေသည်။

လေကြမ်းလှသော ကုန်းတော်တွင် ဖယောင်းဆီမီး ပူဇော်၍ မရနိုင်သဖြင့် ဘုရားပန်းကပ်လှူရန်အတွက် ဖြစ်သည်။

စေတီတော်အား အနီးကပ်ဖူးမြော်ကြည့်သောအခါ မွန်ပြည်နယ်၊ ပေါင်မြို့နယ်ရှိ နွားလပို့တောင် ဆံတော်ရှင်စေတီ၊ ဘီးလင်းမြို့နယ် မဲလန်တောင် ဆံတော်ရှင်စေတီတို့ ကိန်းဝပ်တော်မူဟန်နှင့် ဆင်တူကြောင်း တွေ့ရသည်။

ထို ဆံတော်ရှင်စေတီနှစ်ဆူမှာ ကျောက်တုံး သုံးတုံးအထက် စေတီတည်ထားခြင်းဖြစ်ကာ ယခုဖူးတွေ့ရသည့် **ပါရတောမောစေတီကား** ကျောက်ဆောင်အထက် ကျောက်တုံးဆင့်ထားသော ကျောက်နှစ်ဆင့်စေတီ ဖြစ်သည်။

စေတီတည် ကျောက်တုံးနှင့် အောက်ခံ ကျောက်ဆောင်ထွတ်မှာ



www.burmeseclassic.com

www.burmeseclassic.com






▲ ကျောက်နဂါးပုံသဏ္ဌာန်

◀ အနေအထားတင် မှုခော်စဉ်က ဝါးမြဲမြ

▼ ကျောက်စွား(ဦးခေါင်းပိုင်း)



ဒိုံ့လောက်ဆိုင် သုံးနေရာမျှသာ ထိစပ်နေသည်။ ထိစပ်သည် ဆိုသော်လည်း အခိုင်အမာ ဆက်စပ်နေခြင်းမရှိဘဲ လေတိုက်သည့်အခါ အနည်းငယ်မျှ သစ်ဟာသွားတတ်လေရာ အပ်ချည်ကြိုးအစွန်းနှစ်ဖက်ကို တစ်ယောက်စီကိုင်၍ ကျောက်တုံးအခြေမှ တစ်ဖက်သို့ လွတ်အောင် ဆွဲယူနိုင်သည်ဟု ပြောပြကြသည်။

မိုးယံလွင့်လွင့် အစွန်းအဖျားတွင် တည်ရှိခြင်းဖြစ်ရာ စေတီတော်သင်္ကန်း ကပ်လှူခြင်း၊ မွမ်းမံခြင်းတို့ ပြုလုပ်ရန် ပြင်ဆင်ထားသည့် အချိန်၌သာ ခမ်းသပ် သိရှိနိုင်သည်ဆို၏။

ဤသို့ လှုပ်ယမ်းနေတတ်သဖြင့် ကနဦးအချိန် စေတီတည်စဉ်က ငှားရမ်းသော ပန်းရန်ဆရာ သုံးဖွဲ့တိုင်အောင် ပြောင်းလဲခဲ့ရသည်။ နောက်ဆုံးတွင် ကလောမြို့မှ ပန်းရန်အဖွဲ့က အကူ သံတန်းများ ကျားကန်ကာ တည်ဆောက်နိုင်ခဲ့သည်။

ကုပ်မောင်းဆင် တွန်းချသော်မှ မကျခဲ့ကြောင်း ပြောပြသော်လည်း စိတ်မာတ်အင်အား ဖြည့်တင်းရန် အထောက်အပံ့ သဘောဖြင့် သံတန်းများ ကျားကန်ခဲ့ခြင်း ဖြစ်သည်။

လေဖော့တိုင်း လှုပ်ယမ်းနေသဖြင့် ကျားကန်သည့် သံတန်းအစွန်းနေရာ၌ ကျောက်သားများ ပဲ့ထွက်ချိုင့်ခွက်နေသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။

### ဝန်းကျင်တစ်ခို

စေတီရင်ပြင်ကို အကာအရံ သံတန်းများ ခိုင်ခံ့စွာ ကာရံထားသဖြင့် ဝန်းကျင်တစ်ခို စိတ်အေးချမ်းစွာ လှမ်းမျှော်ကြည့်ရှုနိုင်သည်။ မြောက်ဘက်ယွန်းယွန်းတွင် ရွှေမင်းဖုန်းတောင်နှင့် စေတီတော်ကို ကောင်းစွာ မြင်တွေ့ရသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဖင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်အဟောမှန်ရန်

# အကြံအစည် ကောင်းလေသော ဂါထာ

ဂါမဏိဇော်
(စစ်ကိုင်း-ဗေဒဝိဇ္ဇာဓရ)

တစ်နေ့သောအခါတွင် ကျွန်ုပ်၏ အိပ်ရာဘေးတွင် ရှုပ်ပွ၍ ဖရိုဖရဲ ပြန့်ကြဲနေသော စာအုပ်များကို ပြန်စီဖို့ရာ မကြိုးစားဘဲ...

စာအုပ်တစ်အုပ် ယူကြည့်လိုက်၊ ဖုန်ခါလိုက်၊ စာမျက်နှာ လှန်ကြည့်လိုက်၊ နောက်တစ်အုပ် ယူကာ ဖတ်ရှုလိုက်နှင့် အ-ာုပ်ရှုပ်နေစဉ်တွင် ကျွန်ုပ်ကိုယ်တိုင် ရေးထားသော ဗေဒင်မှတ်စု စာအုပ်ကလေးပေါ်သို့ မျက်စိရောက်သွားပါသည်။

ထို့နောက် လှမ်းယူ၍ အဖုံးလှန်ကြည့်လိုက်လျှင် ပထမဆုံး စာမျက်နှာတွင်ရှိသော ဂါထာတစ်ပုဒ်ကို ပြန်လည်ဖတ်ရှုမိလေသည်။

ဂါထာကား ကျွန်ုပ် နေ့စဉ် ရွတ်ဖတ်သောဂါထာတစ်ပုဒ် ဖြစ်ပါသည်။

ကျွန်ုပ် ဆရာတစ်ဦးဖြစ်သော ဦးတင်မောင်မြင့်(သဒ္ဒရုပ်ဝိဇ္ဇာ)မှ ပေးခဲ့သော ဂါထာဖြစ်လေ၏။

လွန်ခဲ့သော (၁၅)နှစ်ခန့်ကာလ တုန်းမှာ ကျွန်ုပ်အား ဗေဒင်ပညာရပ် အချို့တို့အား မှမ်းမံသင်ကြားပေးရင်း...

'ငါ့လူကတော့ ဝါသနာအရ လေ့လာလိုက်စားတာ မှန်ပေမယ့် ဗေဒင်ဆရာလုပ်ပြီး ဟောပြောရတော့မယ်ဆိုရင် မလွယ်လှပေဘူးကွယ့်၊ မသိခက်တယ်၊ သိနက်ကျယ် ဆိုသလို ဗေဒင်ပညာရပ်တွေကို မသိခင်ကတော့ ခက်ခဲလှပြီး သိပြီး သင်ပြီးပြန်တော့လဲ ဗေဒင်ပညာရပ်များဟာ



အင်မတန် နက်နဲခက်ခဲလှသကွယ့်၊ ကုန်ဆုံးသွားတယ်လို့ မရှိပေဘူး။ ပင်လယ်ကြီးလိုပေါ့။

နောက်ပြီး ငါ့လူ ကြပ်ကြပ်မှတ်ထားရမှာကတော့ စနစ်တကျ မတွက်ချက်ခြင်း၊ အဟောပညာရပ်တို့ကို တိတိကျကျ မဆုံးဖြတ်နိုင်ခြင်းတွေ များဖြစ်နေခဲ့ရင် အဲဒီအချိန်မှာ ဗေဒင်မေးသူကို ရမ်းသမ်းပြီး ဘယ်တော့မှ မဟောလိုက်ပါနဲ့။

ဘာကြောင့်ဆိုရင် ဖမ္ဘူဒီပါသြဘာ နိမိတ်ထွန်းဆိုတဲ့အတိုင်း ကိုယ်ကသာ ဟောကွက်တစ်ခုဖြစ်အောင် ရမ်းသမ်းပြီး ပြီးစလွယ် ဟောလိုက်ပေမယ့် ဗေဒင်မေးသူမှာတော့ ဆရာ့ကို အားကိုးတကြီးနဲ့ အဟောတွေကို ပြင်းပြင်းပြပြ လက်ခံယုံကြည်လိုက်မယ်ဆိုရင် အဲဒီ အဟောတွေအတိုင်းပဲ ပရမ်းပတာ မှန်နေဖြစ်နေတတ်ကြတယ်။ အဲဒီအတွက် ဗေဒင်မေးသူဟာ နစ်နာမှုတွေ ကြုံတွေ့ရနိုင်တယ်။

ဒါကြောင့် ဗေဒင်ဆရာ လုပ်မယ့် ပုဂ္ဂိုလ်ဟာ ရှေးအတိတ်တောက ဆရာ့ဆရာကြီးများလို ဗေဒင်ကျမ်းစာတွေကို အလွတ်မှတ်မိနေဖို့ရာ အမြဲတမ်း ရွတ်အံ့နေရမယ်။ ဖတ်ရှုလေ့လာနေရမယ်။

သီလ၊ သမာဓိ၊ ပညာ သုံးရပ်ကို ညီမျှစွာ သုံးစွဲနိုင်အောင် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးကိုလဲ စောင့်ထိန်းပြီး နေကြရမယ်။

ဒါမှသာ ကိုယ့်ရဲ့နိမိတ် ဟောကိန်းစတာတွေ တိကျမှန်ကန်ပြီး ဆရာကောင်း သမားကောင်း ဖြစ်တယ်ကွယ့်။

နောက်တစ်ခုက **မှသားပြောဆိုခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမယ်။** တေရသကဏ်ဍီကာမှာ ဘယ်လိုမိန့်သလဲဆိုရင်...

**"လောကသ္မိ ပရိဟီနကာလေ ဒိန္နော ဝါဒေါ၊ သြဝါဒဥ္စာနေ ဒုတိဠ္ဓတိ"**

လို့ ဆိုမိန့်ပေတယ်။ သဘောကတော့...

"လောကလူများ၊ ပျက်ပြားလိုက၊ အဆိုအသွား၊ အမှားမှားနှင့်၊ စကားမတည်၊ တရားမညီတည်း"

လို့ ဆိုပေတယ်။

ငါ့လူ နောင်တစ်ချိန်မှာ ဗေဒင်ဆရာ လုပ်ခဲ့ရင် သို့မဟုတ် အများက ကိုယ့်ကို ဗေဒင်ပညာရှင်လို့ မှတ်ယူပြီး လာရောက်မေးမြန်းကြရင် ဆိုခဲ့သမျှတွေကို လိုက်နာပါ။

ကိုယ့်ကြောင့် ဗေဒင်မေးသူတွေကို



www.burmeseclassic.com

www.burmeseclassic.com

နှစ်နာမှု တွေ့ကြုံစေတဲ့သူ၊ အဆို အသွားတွေမှားပြီး စကားမတည် တရားမညီတဲ့သူ ဘယ်တော့မှ အဖြစ် မခံပါနဲ့။

နောက်တစ်ခုကတော့ ဗေဒင် ဟောတော့မယ်ဆိုရင် ကိုယ့်ရဲ့ ဟော ကိန်းတွေကို အလွန် မှန်ကန်တိကျစေ တတ်တဲ့ ဂါထာကို ရွတ်ဆိုပြီးမှ ဟော ပါ။

ဒီဂါထာဟာ ဗေဒင်ဆရာတွေ အတွက် အလွန်အသုံးဝင်သလို တခြား သော စီးပွားရေးသမား၊ လူမှုရေး သမားတွေ အတွက်လဲ အသုံးတည့်လှ တယ်။

နေ့စဉ် (၃၇)ခေါက် ရွတ်ဆိုပူဇော် ခြင်း၊ ကြံစည်တွေးတော လုပ်ကိုင်ခါနီး' တွင် ရွတ်ဖတ်ပူဇော်ပြီးမှ ပြုလုပ်ပါက ကြိုတင်၍ သိမြင်နိုင်ခြင်း အကြံအစည် အောင်မြင်ခြင်း အတွေးအခေါ် မှန်ကန် ခြင်းတို့ ဖြစ်စေတတ်တယ်။

ဒါကြောင့် စီးပွားရေး၊ လူမှုရေး သမားတွေနဲ့ လူတိုင်း ရွတ်ဆိုသင့်တဲ့ ဂါထာဖြစ်လေတယ်။ ငါ့လူ ဟောသမျှ ဘယ်တော့မှ မမှားတဲ့ကိန်းတွေ ဖြစ်နေ အံ့မယ်'

ဟူ၍ ပြောဆိုဆုံးမကာ အောက်ပါ ဂါထာကို ပေးလေ၏။

---

ဗေဒင်အဟောမှန်၍

ကြိုတင်သိမြင်စေနိုင်သောဂါထာ

---

ဗုဒ္ဓေါ မေ သတ္တုပါကာရော၊
ဓမ္မော မေ သတ္တုပါကာရော၊
သံဃော မေ သတ္တုပါကာရော၊
မယှံ ဇယောဇယတု
မယှံ သိဒ္ဓိ ကာမံ
အဟံ သာမံ သာမိ သဗ္ဗသတ္တုရ ဝိနဿန္တု။

ရွတ်ဆိုသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဗုဒ္ဓေါ** | = | ဗုတ်ဓေါ |
| **သတ္တု** | = | သတ်တု |
| **ဓမ္မော** | = | ဓမ်မော |
| **မယှံ** | = | မယ်ရှံ |
| **သိဒ္ဓိ** | = | သိတ်ဓိ |
| **သဗ္ဗသတ္တုရ** | = | သပ်ဗသတ်တုရ |
| **ဝိနဿန္တု** | = | ဝိနတ်သန်တု |



**အနက်**

**ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **မေ၊** အကျွန်ုပ်၏။ **သတ္တုပါကာရော၊** ဘေးရန်အဖြာဖြာ မရောက်လာအောင် ဝန်းကာပတ်ဝိုင်း တံတိုင်းကြီး ခုနစ်ထပ် ဖြစ်ပါပေ၏။

**ဓမ္မော၊** တရားတော်မြတ်သည်။ **မေ့**၊ အကျွန်ုပ်၏။ **သတ္တုပါကာရော၊** ဘေးရန်အဖြာဖြာ မရောက်လာအောင် ဝန်းကာပတ်ဝိုင်း တံတိုင်းကြီး ခုနစ်ထပ် ဖြစ်ပါပေ၏။

**သံဃော၊** အရိယာသံဃာတော် သည်။ **မေ၊** အကျွန်ုပ်၏။ **သတ္တုပါကာရော၊** ဘေးရန်အဖြာဖြာ မရောက် လာအောင် ဝန်းကာပတ်ဝိုင်း တံတိုင်း ကြီး ခုနစ်ထပ် ဖြစ်ပါပေ၏။

**မယှံ၊** အကျွန်ုပ်အား။ **ဇယော ဇယတု၊** အောင်မြင်စရာ အဖြာဖြာကို မုချမသွေ အောင်မြင်ပါစေသတည်း။

**မယှံ၊** အကျွန်ုပ်၏။ **ကာမံ၊** အလို ဆန္ဒဟူသမျှသည် သိဒ္ဓိပြီးစီးပါစေ သတည်း။

**အဟံ၊** အကျွန်ုပ်သည်။ **သာမံသာမိ၊** ကိုယ်တိုင်အစိုးတရ၊ **သဗ္ဗသတ္တုရ၊** အလုံးစုံသောရန်ကို။ **ဝိနဿန္တု၊** ပယ်ဖျောက်နိုင်ပါစေ။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၊ တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း အောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေး ပါသည်။]*

အထက်ပါဂါထာကို နေ့စဉ် (၃၇) ခေါက် ရွတ်ဆိုပူဇော်ပါ။ ကြံစည် တွေးတောလုပ်ကိုင်ခါနီးတွင် တစ်ခေါက် ရွတ်ဆိုပူဇော်ပြီးမှ ပြုလုပ်ပါ။

ကျွန်ုပ်သည် ထိုဂါထာကို ရရှိပြီး ကတည်းက နေ့စဉ် ရွတ်ဆိုပူဇော်ခဲ့ ပါသည်။

ယခုအချိန်တွင် ဗေဒင်ဆရာအဖြစ် ဟောခန်းဖွင့်၍ မဟော မပြောသော် လည်း ပတ်ဝန်းကျင်မှ ကျွန်ုပ်အား ဗေဒင်ပညာရှင်တစ်ဦးဟု လက်ခံကာ လာရောက်ကြ၍ ရှေ့ဖြစ်နောက်ဖြစ်တို့ ကို မေးမြန်းလျက် အကူအညီများ တောင်းခံတတ်ကြပါသည်။

ထို့ကြောင့် ဗေဒင်ပညာရှင် ဆရာ များနှင့်တကွ ဝါသနာရှင်များ၊ သုတေသီ များ၊ စီးပွားရေး၊ လူမှုရေး စသော အရာဌာနတိုင်း၌ လိုအပ်လျှင် အသုံးပြု နိုင်ရန်အတွက် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ ပညာဒါနအဖြစ် ရေးသား တင်ပြအပ်ပါသည်။

**ဂါမဏိဇော်**

***(စစ်ကိုင်း-ဝေဒဝိဇ္ဇာစရေ)***



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင်၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ၇–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ၇–လွှာမှာမနေဘဲ တာ၀တိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"



**အမောပြေ လန်းဆန်း၊ ကျန်းမာဖို့**
**သားမင်း** (အမှတ်တံဆိပ်)
**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

"ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေးပါ**"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ၇–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရှုံးသွားရှုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန်သောက်ရတဲ့ ၇–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဖွဲ့သည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေ အားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန်ရင်ခုန်ခြင်း၊ အသက်ရှူမ၀ခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင်ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ် လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ... နှစ်ခြိုက်စွာ အိပ်မပျော်သူများ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊ သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နှင့် နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအားသွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ်သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ်ချင်ပြီ ဘရဏီရယ်..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၅၃၆၄ ၊ ၀၉[illegible] ၉၇၉၈၇၃

www.burmeseclassic.com



▲ ဘိုးတော်သိကြားမင်း ရုပ်တုတော်

မောင်မြသိန်း
(ထားဝယ်)

စပါးတောင်ခြေ ထူးခြားအောင်မြေ

# ပထမံ ဘိုးဘိုးအောင် တောင်တော် အောင်မြေ (၃)

ယခင်လမှ အဆက်

ထိုအတူ ဤနေရာ၊ ဤတောင်တော်၌ ပထမံဘိုးဘိုးအောင် ထွက်ရပ်လမ်းအတွက် တရားအားထုတ် ကျင့်ကြံခဲ့ဖူးသည့် **ထူးခြားအောင်မြေဌာနနေရာဖြစ်၍** တရားစခန်း အဆောက်အအုံတစ်ခု တည်ဆောက်လှူဒါန်းပြီး ပထမံဘိုးဘိုးအောင်ရုပ်တုကို သမိုင်းဆင်ကွန်းတင် ပူဇော်ထားသည်။

စပါးတောင်၏ တောင်စွယ်တစ်ခုရှိသော ဤနေရာ၌ တောင်ကို ဘိုးဘိုးအောင်တောင်ဟု အမည်တွင်ခေါ်ခဲ့သကဲ့သို့ ဘုန်းတော်ကြီးကျောင်းကိုလည်း ပထမံဘိုးဘိုးအောင်ကျောင်းဟုလည်း အမည်တွင်စေခဲ့ကြောင်း လေ့လာသိရှိရသည်။

ထို့နောက် တောင်ကုန်းမြေပြန့်တွင် **"ဝ" တစ်လုံးစေတီ**ကိုလည်း ဖူးမြော်ကြည်ညိုကြရပြန်ပါသည်။


"ဝ" စမအက္ခရာသည် ပြည့်စုံမှု၊ ပြည့်ဝကုံလုံမှု လက္ခဏာသဘောကို ဆောင်ပါသည်။ ထိုစေတီတော်ထံပါး၌ မိမိလိုရာ ဆုမွန်ကို တောင်းဆု အဓိဋ္ဌာန်ပြုခြင်းဖြင့် မိမိ၏ လိုအင်ဆန္ဒ ပြည့်ဝစေပါသည်။

ထိုစေတီ၏ အရှေ့ဘက် ဘုရားသိမ်အတွင်း အာဠာဝကဘီလူးသည် သန့်လျက်ကိုင်ကာ ဗုဒ္ဓမြတ်စွာဘုရားအား ရန်ပြု တိုက်ခိုက်လျက်ရှိသည်။ ထိုစဉ် ဗုဒ္ဓမြတ်စွာသည် အာဠာဝကဘီလူးအား တရားတော်ကို ဟောကြား၍ ချွတ်တော်မူနေသည့်ဟန် ရုပ်တုတော်တို့ကို ဖူးမြော်ကြည်ညိုကြသူတို့အား ညို့ငင်စွမ်းအား သက်ဝင်လှသည်။

အာဠာဝကဘီလူးချွတ်ခန်း ဘုရားသိမ်နှင့် မျက်နှာချင်းဆိုင် မြောက်ဘက်တွင် တံခွန်တိုင် ဂြိုဟ်တိုင် ဘုရားများကို ကြည်ညိုဖူးမြော်ရာ စိတ်ချမ်းမြေ့ပီတိ ဖြစ်ရပါ၏။

မြောက်ဘက်၌ပင် အဆောက်အအုံတစ်ခုအတွင်း ရှင်သီဝလိမထေရ်အရှင်

www.burmeseclassic.com




▲ ရှင်သီဝလိ ရဟန္တာအရှင်သူမြတ်အား ပိဏ္ဍာဝတ်ကို ရှိခိုးပူဇော်မှုပြုနေသည့်ပုံ



▲ ရာဇာယတန သတ္တသတ္တာဟဒိုင်တော်မှ ရုပ်ပွားတော်ပုံတော်

▼ ပိဋကတ်သုံးပုံကျမ်းကို စောင့်ရှောက်တော်မူလျက်ရှိသော သူရဿတီမယ်တော် ရုပ်တုတော်



▲ ဗုဒ္ဓမြတ်စွာ ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာ တရားဦး ဟောကြားနေသည့်ပုံ

▼ ပြည်လုံးချမ်းသာဘုရားဆင်း







www.burmeseclassic.com

www.burmeseclassic.com



ထိုင်တော်မူဘုရားသိမ်



ဦးမင်းခေါင်ရုပ်တု

သူမြတ်အား ဝိဇ္ဇာဇော်ဂျီ ရှိခိုးပူဇော်မှု ပြုသည့်ဟန် ရုပ်တုတော် ပူဇော်ထားသည်။

ရှင်သီဝလိ ရဟန္တာအရှင်သူမြတ် ရုပ်တုတော်အား ပန်း၊ ရေ၊ အလင်း တိုင်မီးတို့ဖြင့် ပူဇော်ခြင်း၊ ရှင်သီဝလိ သုတ်တော်ဂါထာတို့ကို ရွတ်ဖတ်ပွားများပေးခြင်းတို့ဖြင့် လာဘ်ရွှင် ကံပွင့် ကံမြင့်လာမည်ဖြစ်ကြောင်း သိရှိလေ့လာမိပါသည်။

တောင်ကုန်း လှူသွားလမ်း၏ တောင်ဘက်(ယာဘက်)ရှိ ဘုရားသိမ်တွင် ဗုဒ္ဓမြတ်စွာသည် ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦး ဟောကြားနေသည့်ဟန် ရုပ်တုတော်များကို ကြည်ညိုဖူးမြော်ရသည်။

ဘိုးဘိုးအောင်ကျောင်း၏ အရှေ့ဘက် တောင်ကုန်းပေါ်၌ ဗုဒ္ဓမြတ်စွာဘုရားသည် မဟာဗောဓိပင်နှင့် ရွှေပလ္လင်၌ ခုနစ်ရက် စံတော်မူပါသည်။ ထို့ကြောင့် **"ပလ္လင်္ကသတ္တာဟ"**ဟု သမုတ်ဆိုကြသည်။

ယခုအခါ ဗောဓိပင်ကို ရည်စူး၍ မဟာဗောဓိစေတီကိုလည်း တည်ထားကိုးကွယ်ထားသည်။

ထိုစေတီတော်၌ ဗုဒ္ဓ ထိုင်တော်မူ ရုပ်ပွားတော်များ ပူဇော်ထားပေသည်။ ထိုသတ္တာဟ၏ အရှေ့တွင် လင်းလွန်းပင် စိုက်ပျိုးထားရာ ရှင်သန်စိမ်းစိုလျက်ရှိသည်။

ရှေ့ဆက်သွားရာ မြောက်ဘက်ရှိ ဘုရားသိမ်တစ်သိမ်အတွင်း မြတ်စွာဘုရားသည် ဗောဓိပင်နှင့် အတောင် (၁၆၀)အကွာ ရာဇာယတန မည်သော လင်းလွန်းပင်အောက်သို့ ကြွရောက်

www.burmeseclassic.com

တော်မူပြီး (၇)ရက်ပတ်လုံး ဖလသမာပတ်ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသည်။

ထို(၇)ရက်ကို "**ရာဇာယတနသတ္တာဟ**"ဟုခေါ်သည်။ ဤသတ္တာဟကို ရည်စူး၍ ဗုဒ္ဓရုပ်ပွားတော်ကို ကိုးကွယ်ထားပေသည်။ ထိုဘုရားသိမ်ကို ထပ်မံ ပြုပြင်လျက်ရှိသည့်ကို တွေ့ရသည်။

ထို့ကြောင့် စေတနာရှင်၊ ပါရမီရှင်၊ အလှူရှင်များသည် ဤဘုရားသိမ်အတွက် ပြုပြင်ရန် လိုအပ်သည့် အလှူငွေများ ထည့်ဝင် လှူဒါန်းခြင်းဖြင့် ကောင်းမှုကုသိုလ် ယူနိုင်ပါသည်။

စာရေးသူတို့သည် မြောက်ဘက်တောင်ကုန်းချိုင့်ဝှမ်းအတွင်းသို့ ဆင်းသက်၍ လှည့်လည်ကြည့်ရှုရာတွင် အဆောက်အအုံတစ်ခုအတွင်း ရှေးဦးစွာ မြင်ရသည်မှာ **ဘိုးတော်သိကြားရုပ်တု**ပင် ဖြစ်သည်။

ထိုရုပ်တုကို ထားရှိရခြင်း ဖြစ်စဉ်အကြောင်းအရာများ ဖော်ပြထားချက်မှာလည်း စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပါသည်။


တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ အရှေ့ပုပ္ပါးခေါ် စပါးတောင်တန်းနယ်မြေတွင် တည်ရှိသော ပထမံဘိုးဘိုးအောင်တောင်ပေါ်၌ ဘိုးတော်သိကြားမင်း ရုပ်လုံးတော် ထားရှိမည်ဖြစ်ကြောင်း...

ယခုအချိန်ကာလသည် ဘုရားသာသနာသက္ကရာဇ်(၂၅၅၀)နှစ် ကျော်လွန်ခဲ့ပြီးဖြစ်၍ ဘိုးတော်သိကြားမင်း စောင့်ရှောက်ရမည့် သာသနာကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဘုရားသာသနာ(၂၅၀၀)နှစ် ဘိုးတော်သိကြားမင်း စောင့်ရှောက်ရမည့် သာသနာ


ဧရာတော်(ပါဒဝတီ)ပုံတော် ➧



▲ နဂါးညီနောင်ဘုရားသိမ်




▲ သဟာမှုတ်ခိုနတ်မင်းဘုရားသိမ်





www.burmeseclassic.com

www.burmeseclassic.com



▲ ယပ၊ တဖုဿ၊ ဂီတတို့၏ ရုပ်တုများ

▼ အင်ကြင်းယင်



(၂၅၀၀)နှစ် စုစုပေါင်း သာသနာနှစ် (၅၀၀၀)နှစ်ဖြစ်ကြောင်း…

ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီး နောက်နောင် အချိန်ကာလအတွင်း ဘိုးတော်သိကြားမင်းသည် သာသနာနှစ်(၂၅၀၀)ကို စောင့်ရှောက် ထိန်းသိမ်း၍ နေရစ်လတ္တံ့ဟု ဘုရားရှင် မိန့်ကြားခဲ့ပြီး ဗျာဒိတ်တော်မူခဲ့ကြောင်း…

ပထမံဘိုးဘိုးအောင် တောင်ပေါ်ကျောင်းသည် ဝိဇ္ဇာမိုရ်၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မြတ်များ၊ သူတော်စင် သူတော်မြတ်ပုဂ္ဂိုလ်ထူးများ၊ ရသေ့၊ ယောဂီ၊ ဆရာလေး (ခေါ်) သီလရှင်ပုဂ္ဂိုလ်များ အလွန်တရာမှ နှစ်ခြိုက်ကာ သာယာဖွယ်ကောင်းသည့် နေရာဌာနဖြစ်ကြောင်း…

စိမ့်ရေစမ်းရေများ သူ့သဘာဝ အလျောက် ထွက်ရှိပြီး လူပုဂ္ဂိုလ်များ ခပ်၍ မကုန်မခန်းသည့် နတ်ရေတွင်း (ခေါ်) ကျောက်ရေတွင်းများ ရှိရာဒေသလည်း ဖြစ်ကြောင်း…

လူပုဂ္ဂိုလ်များ(ဂ –ရက်သားသမီးများ)၊ ကျန်းမာချမ်းသာပါစေခြင်း အကျိုးငှာ ဘိုးတော်သိကြားမင်း ရုပ်လုံးသည် ပထမံဘိုးဘိုးအောင် တောင်ပေါ်ကျောင်းသို့ ရောက်ရှိလာသည်ဟု သမိုင်းအကိုးအကားအရ အတိတ်သမိုင်း၌ ရာဇဝင် ထင်ရှားကြောင်း…

**ရှေ့လ ဆက်ဖတ်ပါရန်**

**မောင်မောင်စိုး(ထားဝယ်)**

www.burmeseclassic.com

# အမေးရှိပါ

အဖြေရှိခဲ့ရပါသည်




လက္ခဏာရှင်က **"အိုဇာတာကောင်းနိုင်ပါ့မလား"**ဆိုတဲ့ မေးခွန်းကို မေးခဲ့ပါတယ်။

ကြည့်ပါ။

❖ **တနင်္ဂနွေဂြိုဟ်ခုံရဲ့အနီးမှာက် သစ်ပင်ကို တွေ့ရတယ်။ (က)**

ဒါကတော့ ရာထူး၊ ဥစ္စာဓနပျော်ရွှင် ချမ်းမြေ့မှုရစေတဲ့ သင်္ကေတပါ။

❖ **စတုဂံလွှင်ပြင် စတုဂံကွက်များစွာ တွေ့ရတယ်။ (ခ)**

ဒါကတော့ မြေပိုင်,တိုက်ပိုင် အိမ်ကြီးအိမ်ကောင်းနဲ့နေရမယ့် သင်္ကေတပါ။

❖ **လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ မျဉ်းမတ်များ တွေ့ရတယ်။ (ဂ)**

ဒါကတော့ ငွေကြေးရလွယ်ခြင်း၊ လာဘ်ရွှင်ခြင်းရဲ့ သင်္ကေတပါ။

❖ **စနေဂြိုဟ်ခုံအနီး ကြာဖူးသင်္ကေတ္တာန်ပါတယ်။ (ဃ)**

ဒါကတော့ ဘာသာရေးဆိုင်ရာ အလှူကြီး အတန်းကြီး ပေးရခြင်းနဲ့ သောကကင်းစွာနေနိုင်ခြင်း၊ အသက်ရှည်ခြင်းရဲ့ သင်္ကေတပါ။

ကဲ... ဒါဆိုရင် သိလောက်ပါပြီ။

***သင်ဇာတာ သာယာချမ်းမြေ့ပါစေ။***

**ဆရာ ဦးခင်မောင်လင်း** (*B.Sci* **ရွှေဘို**)
**(လက္ခဏာမဟာဘုတ်သုတေသီ)**

**ရုပ စနက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော


# ထိုးမြွလက်မှတ်များအကြောင်း

သရာကြီးဦးအောင်မြိုင်
(ဥပဒေအွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် ဖော်ပြပေးလိုက်သော နံပါတ်(၁) ထိုးမြွလက်မှတ်ပိုင်ရှင်မှာ **မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ တော်သလင်းလ၊ ကြာသပတေးနေ့** မွေးသော အမျိုးသမီးတစ်ဦးဖြစ်၍ ယခုအခါ အသက်(၃၃)နှစ်ရှိပြီ ဖြစ်သည်။

**"မို့မို့နိုင်"**ဆိုသော နာမည်မှ ရှေ့နှစ်လုံးဖြစ်သော "မို့မို့"ကို အင်္ဂလိပ်လို လက်မှတ်ရေးထိုးထားခြင်း ဖြစ်သည်။

လက်မှတ်သင်္ကေတ တော်တော်မှားနေသည်။ ဘယ်ဘက်သို့ ယိုင်နေခြင်းက ကြိုးစားသလောက် ခရီးမရောက်၊ ပင်ပန်းသလောက် အကျိုးမခံစားရဖြစ်တတ်သည်။

လက်မှတ်အပေါ်ပိုင်းမှာ ကြက်ခြေသဏ္ဍာန် ထောင်လိုက်သင်္ကေတ အပြိုင်ရှိ၍ အယှဉ်အပြိုင်၊ အတိုက်အခံ၊ အနှောင့်အယှက် များတတ်သည်။

လက်မှတ် အောက်ပိုင်းမှာလည်း ငွေအိတ်လိုသင်္ကေတအပြိုင် ရှိနေသည်။ မိမိခင်ပွန်း အိမ်ထောင်ရေး ရှုပ်ထွေးစေတတ်သည်။

မဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ် ကြည့်လျှင်...

* * *

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ * | ၆ |

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မူလမဟာဘုတ်ခွင်)

| ၄ | |
|---|---|
| ၃ | ၂ |
| ၁ | ၀ |
| ၆ | ၅ |


(နာမက္ခရတိုင်)

ကြာသပတေး ဘင်္ဂဖွားဖြစ်သူကို ကြာသပတေးနံ (၂)လုံးဆင့်၍ နာမည်အစ စာလုံးနှင့် အလယ်စာလုံး ပေးထားခြင်း မကောင်းပါ။ အသားဖြူသူကို အမည်းရောင် နှစ်သက်သည့် **"မ" အက္ခရာ** နှစ်လုံးဆင့် ပေးထားခြင်းလည်း မကောင်းပါ။

ကြာသပတေး သောမဂြိုဟ်ကို သံတိုသံပြတ် "မို့"ဟု နာမည်စာလုံး စတင် ပေးထားခြင်းလည်း မှားသည်။ **"ဖို့,မ"**မှာ။ **"ဝဏ္ဏ"**မှာ။ **"ဒီဃရဿ"** များ ဖြစ်နေ၍ အိမ်ထောင်ရေး၊ စီးပွားရေးတို့ကို အညံ့အပျက်ကြုံစေတတ်ပါသည်။

ဤနာမည်တွင် ထိုးမြွလက်မှတ်ထိုးရာ၌ နာမည်၏ နောက်ဆုံးစာလုံးဖြစ်သော **"နိုင်"** တနင်္လာနံ၊ အဓိပတိဌာန၊ အဖြူရောင်နှစ်သက် **"မ" အက္ခရာ**ကိုသာ ရွေးချယ်သင့်ပါသည်။

* * *



**(ထိုးမြွလက်မှတ်နမူနာပုံစံ)**

- ❖ လက်မှတ်အောက်က မျဉ်းမသားရပါ။
- ❖ လက်မှတ်အဆုံးနေ့တွင် ပွင့်ဖတ်(၅)ခု ပါသော ပန်းပွင့်သင်္ကေတထည့်ပါ။

အိမ်ထောင်ခိုင်မြဲ၊ စီးပွားတိုးတက်၊ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ ပိုမိုလာနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

၂။

* * *




ယခုလအတွက် ဖော်ပြပေးလိုက်သော နံပါတ်(၂) ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **မြန်မာသက္ကရာဇ် ၁၃၄၃ ခုနှစ်၊ တပို့တွဲလ၊ အင်္ဂါနေ့**မွေးသော အမျိုးသားတစ်ဦးဖြစ်၍ ယခုအခါ အသက်(၃၄)နှစ်ရှိပြီ ဖြစ်သည်။

**"စိန်လင်း"**ဆိုသော နာမည်နှစ်လုံးကို လက်မှတ် မြန်မာလို တွဲထိုးထားခြင်းဖြစ်သည်။ ထိုးမြဲလက်မှတ် သင်္ကေတမှာ လက်မှတ်အပေါ်၌ လုံးကြီးတင်ကြီးကြီးဆွဲထား၍ အလုပ်အကိုင်မှာ ဝန်ပိ(အလုပ် မနိုင်မနင်း များပြား)စေတတ်သည်။

လက်မှတ်အောက်မှာ နငယ်အမြီးရှည် ဆွဲချထားသဖြင့် ငွေထွက်များခြင်း၊ ငွေမမြဲခြင်း ဖြစ်စေတတ်သည်။

မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဉ် ချကြည့်လျှင်...


* * *




အင်္ဂါ အထွန်းဖွားကို မွေးနံပေါ် အညွန့်အုပ် နာမည်ပေးနည်းဖြင့် **အင်္ဂါ+ဗုဒ္ဓဟူး** နာမည်ပေးထားသော်လည်း မှားပါသည်။

ဗုဒ္ဓဟူးမှာ မူလမဟာဘုတ်၌ ဘင်္ဂ အပျက်ဌာနတွင် ရှိသဖြင့် **အထွန်း+ဘင်္ဂ၊ ဣဋ္ဌ + အနိဋ္ဌ** နာမည်ညှံ့နေသည်။ နာမက္ခရတိုင်စဉ်လည်း မှားသည်။ ဤနာမည်မျိုးတွင် နာမည်အစစာလုံး အထွန်းအက္ခရာ**"စိန်"**တစ်လုံးတည်းသာ လက်မှတ်ရွေးထိုးသင့်သည်။

* * *



(မြန်မာ)



(အင်္ဂလိပ်)

**(ထိုးမြဲလက်မှတ်နမူနာပုံစံ)**


❖ လက်မှတ်အောက်က မျဉ်းမသားသင့်ပါ။

❖ ငွေအိတ်သင်္ကေတ တည့်တည့် လှလှ ဆွဲပါ။

❖ လက်မှတ်အညွန့်ကို (၄၅)ဒီဂရီမှ (၆၀)ဒီဂရီခန့် အထိစောင်းသာ အပေါ်ဘက် ထောင်ပါစေ။

၃။

* * *



ယခုလအတွက် ဖော်ပြပေးလိုက်သော နံပါတ်(၃) ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **မြန်မာသက္ကရာဇ် ၁၃၄၆ ခုနှစ်၊ ဝါခေါင်လ၊ ဗုဒ္ဓဟူးနေ့** နံနက်ပိုင်းမွေးသူ အမျိုးသမီးတစ်ဦး ဖြစ်သည်။ သူမ၏ ယခုအသက်မှာ (၂၉)နှစ်ရှိပြီ ဖြစ်သည်။ ထိုးမြဲလက်မှတ်ပုံသဏ္ဌာန် မကောင်းပါ။

**'ယဉ်မေခိုင်'**ဆိုသော နာမည်သုံးလုံးကို ထိုးမြဲလက်မှတ် အပြည့်အင်္ဂလိပ်လို ထိုးထားခြင်းဖြစ်သည်။

လက်မှတ်အပေါ်ဘက်မှာ ထောင်လိုက်မျဉ်းပြိုင်ရှိခြင်းကြောင့် အလုပ်အကိုင်တွေမှာ အယှဉ်အပြိုင် များတတ်သည်။ ကြယ်ပွင့်များ ရှိခြင်းကြောင့် အချစ်ရေး၊ အိမ်ထောင်ရေးမှာ ပူဆွေးသောက ရောက်စေတတ်သည်။

ချစ်သူပျက်၊ အိမ်ထောင်ပျက်၊ အရှက်တကွဲ၊ အစွပ်အစွဲပြဿနာမျိုး ကြုံတတ်ပါသည်။

လက်မှတ်အောက်ခြေမှာ တူညီသောသင်္ကေတမျိုး(၃)ခုရှိ၍ မိမိချစ်သူ၊ ခင်ပွန်းမှာ အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးမှုများ မကြာခဏ ဖြစ်ပေါ်စေတတ်သည်။ ရည်းစားပြိုင်၊ မယားပြိုင် များပြားတတ်သည်။

မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင် ချကြည့်လျှင်...

စာမျက်နှာ (၁၆၅) သို့

www.burmeseclassic.com

# တော်ကူး မဟာသတိပဋ္ဌာန်ရိပ်သာသို့

လေ့လာပူဇော်မှုခရီး (၅)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

## ယခင်လမှ အဆက်


ဦးနာဝိကသည် ပထမဆရာတော် ရှိစဉ်ကပင် လက်ထောက်ကမ္မဋ္ဌာနာစရိယအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဝိပဿနာ ရှုမှတ်ရာတွင် ပထမဆရာတော်၏ စံချိန်ကို မီအောင်ကြိုးစားအားထုတ်ခဲ့သည်။ ထိုင်လျက်ကာရိယာပုတ်ဖြင့် (၃၅)နာရီ၊ ရပ်လျက်ကာရိယာပုတ်ဖြင့် (၂၃)နာရီ၊ လျောင်းလျက် ကာရိယာပုတ်ဖြင့် နာရီ(၂၀) ရှုမှတ်နိုင်သည်။

တရားပြရာတွင်လည်း ပထမဆရာတော်၏ နိဿယကို ထက်ကြပ်မကွာလိုက်နာ၍ စေတနာ၊ မေတ္တာ ပြည့်ဝစွာ ညွှန်ကြားပြသပေးတော်မူသည်။

ထို့ကြောင့် တော်ကူးရိပ်သာသည် ယခုအခါတွင်လည်း ပထမဆရာတော် ရှိစဉ်ကအတိုင်းပင် နေ့စဉ် ယောဂီ တစ်ရာကျော်ဖြင့် ဝိပဿနာအောင်လံ လွှင့်ထူဆဲဖြစ်သည်။

ဆရာတော် ဦးနာဝိကမှာ မျက်စိ ခွဲစိတ်ကုသခြင်း ခံယူထားကာစဖြစ်၍ အနားယူလျက်ရှိရာ ဖူးတွေ့ရန် အခွင့်သာခဲ့ချေ။ ကူညီပေးသော ဦးပဥ္စင်းနှစ်ပါးက ဦးနာဝိက၏ ထေရုပ္ပတ္တိ အကျဉ်း စာအုပ်ငယ်ကို စွန့်လှူလျက်...

"ဆံပင်တွေကတော့ နောက်တစ်ခါရိတ်မှပဲ ပျောက်တော့မယ်။ ရိတ်ပြီးသမျှ တပည့်ဒကာတွေ အကုန်ယူသွားကြပြီ။ နောင်အခွင့်သင့်ရင် လာခဲ့ပြီး ဆရာတော်လဲဖူးရင်း နိုင်သလောက် တရားရှုမှတ်သွားကြပါ"



မယ့်လှမ်းမီ တစ်ရက်အလိုက ရိုက်ကူးထားသော
တော်ကူးဆရာတော် ဦးနန္ဒိယပုံတော်

ဟူ၍ ဖိတ်ကြားတော်မူသည်။

လက်ရှိဆရာတော် ဦးနာဝိကသည် ပထမဆရာတော် ပျံလွန်တော်မူခါနီးကာလက မိန့်ကြားခဲ့သော "ဒီရိပ်သာက မဂ္ဂင်သဘော်ကြီးတစ်စင်း ထွက်သွားပြီးတဲ့နောက် မဂ္ဂင်သဘော်ငယ် တစ်စင်း ထွက်ခွာဦးမယ်" ဟူသော စကားသည် ဆရာတော် ဦးနန္ဒိယနှင့် ဦးနာဝိကတို့ကို ရည်ညွှန်းလေသလောဟု တပည့်ဒါယကာများက တွေးတော

www.burmeseclassic.com

ယုံမှတ်ကြလေသည်။

ဆရာတော်သည် ဝတ္ထုငွေကိုင်ခံသုံးစွဲခြင်းမရှိ၊ ဝိနည်းသိက္ခာကို အသေးအဖွဲမှအစ ဂရုစိုက်တော်မူသည်။ မည်သို့သောအခါမျှ စိတ်ဆိုး၊ စိတ်ပျက်၊ ဒေါသထွက်ခြင်း အလျှင်းမရှိ။ ပကတိ ကြည်လင်စွာ ဖူးတွေ့ကြရသည် ဆိုလေသည်။

## စတုတ္ထ တော်ကူးဆရာတော်၏ နောက်ခံဖြစ်စဉ်အကျဉ်း

ဆရာတော်လောင်းလျာ မောင်တောင်ငွေကို မုဒုံမြို့နယ်၊ ကမာဝက်ကျေးရွာနေ ဦးလနှင့် ဒေါ်တီတို့မှ ၁၂၈၉ ခုနှစ်၊ ပြာသိုလဆုတ် (၁)ရက် စနေနေ့တွင် ဖွားမြင်သည်။ အရွယ်ရောက်သော် တစ်ရွာတည်းနေ မအိမ်မေနှင့် လက်ထပ်၍ သားသမီးလေးဦး ထွန်းကားသည်။

ကိုတောင်ငွေသည် အသက်(၃၀)ကျော်တွင် တော်ကူးရိပ်သာဖွင့်ချိန်နှင့် ကြုံကြိုက်သဖြင့် မိခင်၊ အဒေါ်၊ အစ်မများနှင့်အတူ သင်္ကြန်ကာလ ခုနစ်ရက်တရားစခန်း ဝင်ခဲ့သည်။ ပထမ တော်ကူးဆရာတော်က ဤသို့ ရှင်းပြသည်။

"✤ ဖြစ်ပျက်သမျှ သင်္ခါရတရားတို့ဟာ ဆင်းရဲခြင်း အမှန်ဖြစ်တဲ့ ဒုက္ခသစ္စာပဲ။
✤ ရုပ်နာမ်ဖြစ်စဉ်ကို ငါပဲ၊ သူပဲလို့ ထင်နေတဲ့ တွယ်တာမှု တဏှာက ဆင်းရဲကြောင်း အမှန်ဖြစ်တဲ့ သမုဒယသစ္စာပဲ။
✤ သမုဒယကို ပယ်သတ်လိုက်ရင် ဆင်းရဲခြင်း အကြောင်း ချုပ်ငြိမ်းသွားလို့ နာမ်ရုပ်တို့လဲ ချုပ်ငြိမ်းသွားတယ်။ အဲဒါ နိရောဓသစ္စာခေါ်တယ်။
✤ မဟာဝိပဿနာသတိပဋ္ဌာန် ကျင့်စဉ်ဟာ သမုဒယကို ပတ်သတ်ပြီး ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို အမှန်ပို့ဆောင်နိုင်တဲ့ လမ်းကောင်းလမ်းမှန် ဖြစ်တာကြောင့် မဂ္ဂသစ္စာခေါ်တယ်။

ဒီသစ္စာလေးပါးကို သိရင် သောတာပန်ဖြစ်ပြီ။ အပါယ်တံခါးပိတ်ပြီ၊ အမြတ်ဆုံး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရပြီ။ ဒီလို အမြတ်ဆုံးချမ်းသာကို ရဖို့အတွက် ဝိပဿနာတရားကို အားထုတ်တာပါပဲ"

ဆရာတော် ရှင်းပြသည့် ဤတရားကို ကိုတောင်ငွေ လွန်စွာ သဘောကျသည်။ ထို့ကြောင့် လယ်ယာလုပ်ကိုင်ရင်း ဝိပဿနာတရား ရှုမှတ်သည်။ နောင် နှစ်စဉ် တော်ကူးရိပ်သာတွင် (၁၀)ရက်မှ (၃၀)ရက်ကြာအောင် သွားရောက်အားထုတ်သည်။

အသက်(၄၀)အရွယ်တွင် နှစ်လအရွယ် သမီးကို ချီလျက်မှ...

'ငါ့မှာ သံယောဇဉ်ကြိုးတွေ တစ်ချောင်းပြီး တစ်ချောင်း တိုးလာပါလား။ ဒါတွေကို မဖြတ်နိုင်ရင် သံသရာဝဋ်ဆင်းရဲမှာ ငါ ကျင်လည်ရဦးမှာ'

ဟု သံဝေဂရ၏။ သို့သော် မစွန့်နိုင်ဖြစ်သေးပေ။ အသက်(၅၀)အရွယ်တွင် လေထိုးလေအောင့်နာစွဲသည်။ စားဆိုဒါကို ထာဝစဉ် စားသုံးနေရသည်။


ထိုစဉ်တွင် အလေးအပင် မမိသဖြင့် ခါးကျ(ခါးကျိုးသကဲ့သို့ဖြစ်ခြင်း) သွားသည်။ ရောဂါနှစ်ရပ်ပေါင်း၍ ဖိစီးသောအခါ မတ်တတ်မရပ်နိုင်ဘဲ လေးဖက်တွားသွားရလေသည်။

ထိုအခါ သံဝေဂကြီးစွာရ၍ ဇနီးသည်ထံ ရဟန်းဝတ်ခွင့် တောင်းသည်။ ဇနီးသည်က လက်ရှိ လယ်(၂၅)ကေဖြင့် မလုံလောက်၊ နောက်ထပ် ရော်ဘာခြံတစ်ခြံရမှ စားဝတ်နေရေးဖူလုံမည် ဆိုသဖြင့် ဇနီးသည်အလိုကျ လေးနှစ်ခန့် အလုပ်ကြိုးစားကာ ရော်ဘာပင်တစ်ထောင်ပါ ခြံတစ်ခြံဝယ်ပေးသည်။

ထိုအချိန်တွင် ကမာဝက် ခြသေ့ကျောင်းဆရာတော်နှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့ နာမကျန်းဖြစ်၍ ဆေးရုံတက်ရသည်။

'ဆရာတော်တွေ ဝမြိုးပြီး ကျန်းမာနေလျက်တောင် ဆေးရုံတက်ရတယ်။ ငါ့လို ရောဂါသည်က ပြန်းခနဲ သေသွားရင် ဒီအတိုင်း လူဖြစ်ရှုံးပြီ'

ဟု တွေးကာ သတိပဋ္ဌာန်တရား



▲ ဆရာတော် စင်္ကြံကြာ စင်္ကြံဆောင်



www.burmeseclassic.com

www.burmeseclassic.com

အားထုတ်ရန် စိတ်ဆုံးဖြတ်သည်။

ထိုသို့ ဆုံးဖြတ်ပြီးနောက် ဦးတောင်ငွေသည် လယ်ကွင်းမှ အိမ်သို့ ပြန်လာသည်။ ဖနီးက...

'ဒီနေ့ ဘယ်မှာ ထမင်းစားမလဲ'


'ငါ ဘယ်မှာမှ ထမင်းမစားတော့ဘူး။ ကျောင်းသွားပြီး ပဥ္စင်းဝတ်တော့မယ်'

သို့ဖြင့် ၁၃၄၃ ခုနှစ်တွင် အသက် (၅၄)နှစ် ရှိပြီဖြစ်သော ဦးတောင်ငွေသည် ကမ္မာဝက်ရွာ ခြသေ့်ကျောင်းသိမ်တော်တွင် ဦးနာဝိကဘွဲ့တော်ဖြင့် ရဟန်းအဖြစ် ရောက်ရှိလေသည်။

ရဟန်းဖြစ်ပြီးနောက် တော်ကူးရိပ်သာသို့ကြွကာ သတိပဋ္ဌာန်တရားရှုမှတ်သည်။ ပင်ပန်းသော ဘဝနှင့် ရောဂါဖိစီးမှုဒဏ်များ အလူးအလိမ့်ခံရပြီးနောက် သံဝေဂရရှိကာ ရဟန်းဘောင် ဝင်ရောက်လာသည့် အားလျော်စွာ အရိုးကြေကြေ အရေခန်းခန်း အားထုတ်လေတော့သည်။ ထိုစဉ်က အခြေအနေကို ဆရာတော်ကိုယ်တိုင် ဤသို့ မိန့်တော်မူခဲ့သည်။

'ဦးပဥ္စင်းတို့က ဆင်းရဲဒုက္ခကို မကြောက်ဘူး။ ဝေဒနာဆိုးပေါ်လာရင် အဲဒီဝေဒနာကို မကျော်လွှန်နိုင်ဘဲနဲ့ တရားအားထုတ်တာကို မရပ်လိုက်ဘူး။ ဆွမ်းစားချိန်ရောက်လို့ ဆွမ်းမစားရရင် နေပါစေ၊ ကျိန်းတဲ့အချိန်ရောက်လို့ မကျိန်းရရင်နေပါစေ၊ ခြေခါး ပြတ်ထွက်မတတ် ဝေဒနာက ပြင်းထန်နေပါစေ ဦးပဥ္စင်းက မရပ်ဘူး။ ဝေဒနာကျော်လွှန်ပြီး ငြိမ်းအေးသွားမှ ရပ်တယ်။

ဦးပဥ္စင်းက ခါးနာရောဂါရှိတော့ တရားမှတ်တဲ့အခါမှာ ခါးပြုတ်ထွက်တော့မတတ် ဝေဒနာဆိုးကြီး ပေါ်ပါတယ်။ ဦးပဥ္စင်း တစ်နာရီပြီး တစ်နာရီ အညောင်းခံပြီး မှတ်တယ်။ ဝေဒနာဆိုးက



နောက်တက်မြင်ရသော စကြီးကျောင်း

ပျောက်မသွားဘူး။ (၁၃)နာရီကြာတဲ့အထိ မှတ်တယ်။ မပျောက်သေးဘူး။

(၁၄)နာရီလောက် ကြာအောင် မှတ်တော့မှ နာကျင်ကိုက်ခဲတာတွေ နှမ်းစေ့ တစ်စေ့တောင် မရှိတော့ဘူး။ ပျောက်သွားတယ်။ တကယ်လို့ (၁၃)နာရီ မှတ်ပြီးတော့ နားလိုက်ရင် ဝေဒနာဆိုးကို မကျော်နိုင်ဘဲ တိုးလိုးတန်းလန်း ဖြစ်နေလိမ့်မယ်။

နောက်တစ်ခါ ဆရာတော့် ကျောင်းပေါ်မှာ လျှောင်းလျက် ဣရိယာပုတ်နဲ့ တရားမှတ်တော့ စမှတ်ခါစရှိသေးတယ်။ ဗိုက်ကြောဆွဲပြီး ရင်ထဲက တင်းကျပ်လာတယ်။ အသက်ရှူလို့ မရအောင် ဖြစ်လာတယ်။

အဲဒီအချိန်မှာ ကုဋီသွားချင်လာလို့ ထကြည့်တယ်။ မတ်တတ်ရပ်လို့ မရဘူး။ ကုန်းကုန်းကွကွနဲ့ လေးဖက်တွားပြီး ကုဋီတက်ရတယ်။ ကုဋီတက်ပြီးတော့ လေးဖက်တွားနဲ့ပဲ ပြန်လာရတယ်။

အဲဒီအခါ စဉ်းစားမိတယ်။ အခု

www.burmeseclassic.com

ဤရောဂါဟာ ဆေးရုံတက်ရမယ့်ရောဂါပဲ။ ဒီနားမှာ ဆေးရုံမရှိဘူး။ ဒီရောဂါဟာ သေနိုင်တယ်။ ငါ တရားခွင်မှာ သေရင် မြတ်တယ်။ ဒါကြောင့် သေချင် သေပါစေတော့ တရားဆေးနဲ့ပဲ ကုတော့မယ်။

ဒါကြောင့် ကုန်းကုန်းကွကွနဲ့ပဲ ပြတင်းပေါက်ပေါင်ကို ကိုင်ပြီး ဝေဒနာကို တင်းတင်းရင်းရင်း ရှုမှတ်တယ်။ နာရီဝက်ကြာတော့ လေအန်လာတယ်။ တအော့အော့နဲ့ လေတွေ အများကြီး အန်ထွက်တယ်။

ဆက်မှတ်လို့ အတော်ကလေးကြာတော့ လေဖြတ်သလို ဖြစ်သွားပြီး ဗိုက်အောင့်၊ ရင်အောင့်၊ အသက်ရှူကျပ်တာတွေ မရှိတော့ဘူး။ ဝေဒနာ ပျောက်သွားတယ်။ တရားရှုမှတ်တဲ့အခါ ရောဂါပျောက်တယ်ဆိုတာ ဦးပဍ္ဍင်း လုံးလုံးလျားလျား ယုံကြည်သွားပါပြီ။

ဒီတော့ မဂ်ဖိုလ်ရရေးအတွက် **"ကိုယ်နဲ့အသက် မငဲ့ကွက် ရက်စက်နိုင်ရမည်။ လမ်းဆုံး မရောက် လက်မမြှောက် တောက်လျှောက်သွားရမည်"** လို့ အဓိဋ္ဌာန်ပြုလိုက်ပါတယ်'

ဦးနာဝိကသည် ဆရာတော် ဦးနန္ဒိယ သီတင်းသုံးရာ စကြံကျောင်းကလေးပေါ်တွင် ဆရာတော်အနီး နေလျက် ဣရိယာပုတ်လေးပါးဖြင့် တရားရှုမှတ်ခွင့် ရခဲ့ရာ ဆရာတော်၏ စောင့်ရှောက်မှုကို အချိန်ပြည့် ရခဲ့သည်။ ဦးနာဝိက လုံ့လလျှော့တော့မည့် အရိပ်အယောင်မြင်လျှင်...

'ဦးပဍ္ဍင်း စိတ်မလျှော့နဲ့။ အားတင်းထား။ မြတ်စွာဘုရားပေးထားတဲ့ တရားလက်နက်က ဝေဒနာအားလုံးကို အောင်နိုင်တယ်။ ပျင်းတယ်၊ တော်ချင်တယ်၊ စိတ်ပျက်တယ်၊ အားငယ်တယ်ဆိုတဲ့ ကိလေသာ ပရိယာယ်တွေကိုလဲ အောင်နိုင်တယ်။ ရဲရဲသာဆက် မှတ်အောင်ပွဲရလိမ့်မယ်'

ဟူ၍ အားပေးတိုက်တွန်းလေ့ရှိသည်။

ဦးနာဝိကသည်...

'နာကျင်ကိုက်ခဲမှု ပူလောင်မှုတွေက ရုပ်၊ သိနေတာကနာမ်၊ သူမဟုတ်၊ ငါမဟုတ် အနတ္တတရားသာဟုတ်တယ်။ ရုပ်နာမ်သင်္ခါရ တရားတို့ဟာ ဖြစ်ပြီးရင် ပျက်သွားရမှာပဲ။ ဝေဒနာဆိုတွေလဲ ဖြစ်ပြီးရင် ပျက်သွားရမှာပဲ။ အဖြစ်အပျက် ကုန်တဲ့အခါ ငြိမ်းချမ်းမှာ သေချာတယ်'

ဟူ၍ နားလည်သဘောပေါက်ထားသဖြင့် ဆင်းရဲသည့်ဝေဒနာကို ကောင်းစွာ သည်းခံနိုင်လာသည်။

ဝေဒနာကို စူးစိုက်၍ ရှုမှတ်နေသည့်အခါ သမာဓိ ဖြစ်နေသည်။ ရှေ့သမာဓိနှင့် နောက်သမာဓိ ဆက်စပ်သွားလျှင် သမာဓိအားကောင်းလာသည်။ သမာဓိအားကောင်းလာသည့်အခါ ဝေဒနာကို စူးစိုက်မှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကြိမ်စကြာနှင့် တို့လိုက်သကဲ့သို့ ဝေဒနာ ပျောက်သွားသည်။

ပျင်းရိသည့်စိတ်၊ တော်ချင်၊ ရပ်ချင်သည့်စိတ် ပေါ်လာလျှင်လည်း သတိကပ်၍ ရှုမှတ်လိုက်သောအခါ ထိုစိတ်တို့ ကွယ်ပျောက်သွားကြ၏။

သမာဓိနှင့်အတူ ပီတိ(နှစ်သက်ခြင်း)၊ ပဿဒ္ဓိ(ငြိမ်းအေးခြင်း)၊ သုခ(ချမ်းသာခြင်း)၊ လဟုတာ(ပေါ့ပါးသွက်လက်ခြင်း) စသည့် ထူးခြားကောင်းမွန်သည့် တရားများ ယှဉ်တွဲဖြစ်ပေါ်လာကြ၏။ ထိုအခါ ကိုယ်စိတ်နှစ်ဖြာ ကြည်လင်ချမ်းမြေ့စွာဖြင့် ကာလ ရှည်ရှည်ကြာကြာ တရားအားထုတ်သွားနိုင်ပေသည်။

'အဲဒီအခါ ကြမ်းပြင်ပေါ်မှာ ထိုင်နေရင်လဲ ကြမ်းပြင်နဲ့ မထိဘူး။ ရပ်နေ၊ လျှောက်နေရင်လဲ လေပေါ်မှာ လွင့်နေသလိုလို၊ လေစီးပြီး ရေပေါ်မျောနေသလိုလို ပီတိသုခတွေ အထူးအားကောင်းနေတယ်။ အဲဒီအခါ တံတွေး ထွေးဖို့လဲ မလို၊ ကျင်ကြီးကျင်ငယ် စွန့်ဖို့လဲ မလို၊ အာဟာရ မမှီဝဲလဲ အရေးမကြီးတော့ဘူး။

တော်ကူး (ပထမ)ဆရာတော်ရဲ့ လမ်းစဉ်အတိုင်း ဦးပဍ္ဍင်းတို့ ဝေဒနာကို သည်းညည်းခံပြီး ဣရိယာပုတ် ရှည်ရှည်နဲ့ တရားရှုမှတ်ခဲ့လို့ ရောဂါတွေအားလုံး ပျောက်ပြီး နှစ်ပေါင်းများစွာ ဘာဆေးမှ မသောက်ရဘဲနဲ့ ကျန်းမာနေပါတယ်'

ဟူ၍ အားကျဖွယ် အတွေ့အကြုံကို မိန့်ကြားခဲ့သည်။

ယခုအခါ ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် တရားပြ လမ်းညွှန်နေတော်မူသော စတုတ္ထမြောက် တော်ကူးဆရာတော် ဦးနာဝိကသည်လည်း သက်တော်(၈၅)နှစ်ကျော်ပြီ ဖြစ်လေရာ မူလဆရာတော် မိန့်မြွက်တော်မူသကဲ့သို့ နောက် မဂ္ဂင်သင်္ဘောငယ် တစ်စင်း မထွက်ခွာမီ မုဒုံ-သံဖြူဇရပ် ကားလမ်းကြားရှိ တံခွန်တိုင်၊ တော်ကူးရွာသို့ အားခဲလာရောက်ကာ ဝိပဿနာ သတိပဋ္ဌာန်တရားအမွေကို ဆက်လက်ခံယူနိုင်ကြစေရေး လမ်းညွှန်ရေးသားရပါသည်။

---

**တော်ကူးသတိပဋ္ဌာန်ရိပ်သာ၏**

**သံဝေဂလင်္ကာဆောင်ပုဒ်များ**

---

✦ အိုနာသေရေး ဒုက္ခဘေး ငွေပေး မလွတ်ပြီ။

✦ တရားမှတ်မှ ယင်းဒုက္ခ မုချလွတ်နိုင်မည်။

✦ မအိုသေးခင် တရားဝင် အဆင်ပြေလာသည်။

www.burmeseclassic.com

- မနာသေးခင် တရားဝင် အဆင် ပြေလှသည်။
- မသေသေးခင် တရားဝင် အဆင် ပြေလှသည်။
- သေသောအခါမှ တရားမရ မှားကြ ပါလိမ့်မည်။
- ချမ်းသာလိုလျှင် သူတော်စင် နေ့စဉ် ကုသိုလ်ပွားရမည်။
- ကိုယ့်ကုသိုလ်က ကိုယ့်ဘဝ မုချ ချမ်းသာပေးလိမ့်မည်။
- ကုသိုလ်ပြည့်ဝ ကျိုးပေးက မုချ ချမ်းသာသည်။
- ကိုယ့်ကုသိုလ်က ကိုယ့်ဆန္ဒ မုချ ပြည့်အောင်ဖြည့်လိမ့်မည်။
- လိုအင်ဆန္ဒ ပြည့်လိုက နေ့ည ကုသိုလ်ပွားရမည်။
- ကုသိုလ်ပြည့်လာ ကျိုးပေးက မြန်စွာလိုက ပြည့်ဝမည်။
- တရားမှန်မှ နည်းကောင်းရ၊ နည်းကောင်းမှန်မှ အကျိုးရ၊ လမ်းစဉ်ကျမှ ချမ်းသာရ၊ မေးမြန်းနိုင်မှ နည်းစုံရ၊ ကျင့်ကြံနိုင်မှ နိဗ္ဗာန်ရ။
- သူတော်ကောင်း အစစ်အမှန် ဖြစ်စေရန် ခန္တီမေတ္တာ များများသည်းခံနိုင်ရမည်။
- သည်းခံနိုင်လျှင် လောကီချမ်းသာလည်း ရနိုင်သည်။ လောကုတ္တရာချမ်းသာလည်း ရနိုင်သည်။
- သည်းခံနိုင်အောင် ကြိုးစားနိုင်ကြပါစေ။ ပညာရှိမှန်လျှင် နေရာတိုင်း၊ နေရာတိုင်း သည်းခံနိုင်ရမည်။
- တရားအားထုတ် စိတ်အလုပ် အဟုတ်စွဲမှတ်ပါ။
- နာမ်နဲ့ရုပ်ဟာ တွဲနေတာ သေချာသိအောင် ရှုမှတ်ပါ။
- နာမ်ရုပ်ကိုမြင် အမှားစင် ဤတွင် အတ္တပြုတ်တော့တာ။
- သီလ၊ သစ္စာ၊ ခန္တီ၊ မေတ္တာ၊ သီလရှိလျှင် အောင်၊ သစ္စာတည်လျှင် အောင်၊ ခန္တီထားလျှင် အောင်၊ မေတ္တာဆောင်လျှင် အောင်။
- သတိပဋ္ဌာန်လေးပါး ဖြစ်ပွားစေလျှင် စိတ်အညစ်အကြေး ကင်းဝေးသန့်စင်။
- ဟိုဘက်ကမ်းပေါက် ဆိုက်ရောက်စဉ် မြတ်ဗုဒ္ဓ ထုတ်ပြမိန့်ခွန်းပင်။
- လောဘကို ဒါနနဲ့သတ်၊ ဒေါသကို သီလနဲ့သတ်၊ မောဟကို ဝိပဿနာနဲ့သတ်။
- ရုပ်ကိုသာပြင် နာမ်မပြင်၊ ရုပ်သွင်မလှ နာမ်လည်းမလှ။
- နာမ်ကိုသာပြင် ရုပ်မပြင်၊ ရုပ်သွင်လည်းလှ နာမ်လည်းလှ။
- နာမ်ဓာတ်ပေါ်တွင် ဉာဏ်ဓာတ်ယှဉ် လိုလျှင်ခဏ မဂ်ဖိုလ်ရ။

**[လိုက်ပါကူညီ ရှင်းပြပေးကြသော တော်ကူးသတိပဋ္ဌာန်ရိပ်သာမှ သံဃာတော်များနှင့် အကျိုးဆောင် အမျိုးသမီးများအား ကျေးဇူးတင်ရှိပါသည်။]**

**ဘုန်းကျော်စွာ**
***(မြိုင်တက္ကသိုလ်)***

**စာရှုသူ သူတော်သီနှင့် ပါသနာရှင်များသို့. . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**
**စာတည်းအ[illegible]**



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ထောင်ရေးဆိုင်ရာ

## တစ်ချက်ကောင်းဟောကွက်




ဗဟုသုတအဖြစ် တင်ပြပေးတာ ဖြစ်ပါတယ်။

ကြည့်ပါ။

○ **နှလုံးလမ်းကြောင်း အရင်းဘက်ဟာ ကြိုးသဏ္ဍာန် ဖွာလန်နေပြီး စနေဂြိုဟ်ခုံက စတဲ့ နှလုံးလမ်းကြောင်းလဲ ဖြစ်ပါတယ်။ (က-၁)**

ဒါကတော့ ဘဝမှာ အထီးကျန်ခြင်း၊ လွမ်းမောစရာ သောကများ ကြုံခြင်း၊ နှလုံးသားရေးရာမှာ ကံမကောင်းခြင်းရဲ့ သင်္ကေတပါ။

○ **နှလုံးလမ်းကြောင်းရဲ့ အဖျားပိုင်းကို ချဉ်းတိုတစ်ကြောင်းက ဖြတ်ပိတ်ထားတယ်။ (က-၂)**

ဒါကတော့ အချစ်ရေး၊ နှလုံးသားရေးရာကိစ္စများတွင် လွယ်ကူစွာ အဆင်ပြေမှု မကြုံရခြင်း၊ ပိတ်ပင်မှုတွေ ကြုံရခြင်း၊ စေ့စပ်လက်ထပ်ရန် အကြောင်းကြောင်း ပျက်ရတတ်ခြင်းရဲ့ သင်္ကေတပါပဲ။

○ **အိမ်ထောင်ရေးလမ်းကြောင်း အောက်ဘက်သို့ ကွေးညွတ်နေတယ်။(က-၃)**

ဒါကတော့ အိမ်ထောင်ဘက် ဦးစွာ ဆုံးတတ်ခြင်းနဲ့ အိမ်ထောင်ရေး သောကကြုံရဖို့ပြတဲ့ သင်္ကေတပါပဲ။

○ **ကံလမ်းမှာ ဥပဒ်လမ်းများ ပြည့်နက်ပြီး ကျိုးပျက်နေတယ်။ (က-၄)**

ဒါကတော့ ကံမကောင်း အကြောင်း မလှခြင်းရဲ့ ပြယုဂ်ပါ။

အဲဒီ အချက်(၄)ချက်ကို ခြုံငုံသုံးသပ်ခြင်းဖြင့်...

၁။ အိမ်ထောင်ရေ[း]
သောက ကြုံရမယ်။
၂။ အိမ်ထောင် မကျနိုင်
ဘူး။
လို့ ကောက်ချက်ချနိုင်
ပါတယ်။


**ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။**

ဦးသော်ခင် (ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက်
ဓာတ်ကြီးငါးပါး စိုးမိုးမှုနှင့် အောင်ဘာလေ

# ထီ ဆုငွေ



ဤလတွင် ထီဆုမဲများနှင့် နီးစပ်ကံကောင်းနိုင်စေရန် **၁၊ ၅၊ ၄၊ ၈** ဂဏန်းခြေများကို ရွေးချယ်ကာ **က၊ သ၊ ပ၊ ဘ** အက္ခရာများဖြင့် တွဲဖက်ကံစမ်းနိုင်ကြသည်။

ဂဏန်းတူ၊ ဂဏန်းထပ်များ နှစ်ဆက်ပါက အထက်ပါ ဂဏန်းခြေများအတွင်းမှ နှစ်လုံးထက် ပိုမိုပါဝင်သော ထီလက်မှတ်ကို ရွေးချယ်သင့်သည်။

**မိမိတို့ မွေးနှစ်အရ ကံအခွင့်အလမ်းများ...**

* * *

| မွေးနှစ် | လာဘ်ပွင့် အရောင် | ကံပွင့် ဂဏန်း | ကံပွင့်အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| [illegible] | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| [illegible] | မြေဝါ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| [illegible] | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| [illegible] | အညို | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| [illegible] | အစိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| [illegible] | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| [illegible] | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| [illegible] | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |

အထက်ပါဇယားတွင် မိမိတို့ မွေးနှစ် ...လာဘ်ပွင့် အရောင်၊ ဂဏန်း၊ ... နေ့ရက် စသည်တို့ကို ရှာဖွေ ...နိုင်သည်။

... ။ ကြွက်နှစ်တွင် မွေးဖွား ... အစိမ်းရင့်ရောင်အင်္ကျီကို ... ကာ ကြာသပတေးနေ့တွင် ... ပါလျှင် တနင်္ဂနွေသားသမီးနှင့်ကံစပ်ပါ။

အခြားနှစ်များ၌ မွေးဖွားကြသူများလည်း အထက်ပါအတိုင်း စံပြုနည်းယူကြပါ။

နေရာဌာန အကူအညီကို လိုအပ်ပါက **ထီလက်မှတ် အရောင်းဌာနသည်** မိမိတို့နေအိမ် သို့မဟုတ် အလုပ်ဌာနမှ အရှေ့တောင်ထောင့်ရှိ ထီအရောင်းဌာနတွင် ထီလက်မှတ်များ ရွေးချယ်ကံစမ်းနိုင်သည်။ လေးအုပ်မြောက် သို့မဟုတ် လေးရွက်မြောက် ထီလက်မှတ်ကို ရွေးချယ်သင့်သည်။ စပ်တူထိုးလိုလျှင်၊ သဘော်ဆိပ်အနီး၊ မြစ်ချောင်းပင်လယ်ကမ်းစပ်၊ ရေစင်၊ရေစက်၊ ရေသန့်စက်ရုံ၊ ရေသန့်ဘူးသိုလှောင်ရုံ၊ ရေသန့်ဘူးအရောင်းဆိုင်၊ အဖျော်ယမကာအရောင်းဆိုင်၊ ဆိုးဆေး၊ သဘော်ဆေးများ အရောင်းဆိုင်၊ ပန်းချီပြခန်းများ စသည်တို့အနီး၌ ဖွင့်လှစ်ရောင်းချသော ထီဆိုင်ဖြစ်လျှင် ကံထူးစေနိုင်ပါသည်။

**ဆိုင်မျက်နှာစာ၌** စိမ့်စမ်းမြစ်ချောင်းပုံပန်းချီကား၊ ရေတံခွန်ပုံပန်းချီကား၊ ကော်ဖီ၊အအေး စသည့်သောက်သုံးဖွယ် ပစ္စည်းကြော်ငြာဆိုင်းဘုတ်၊ ငွေရောင်လွှမ်းသောပစ္စည်းစသည်တို့ တန်ဆာဆင်ထားပါက ပို၍ကံထူးကံပွင့်စေလိမ့်မည်။

**ထီကံမြှင့်ယတြာ ပြုလိုပါလျှင်...**

အညိုရောင်ရှိသည့် စားဖွယ်ကို အခြေလေးချောင်းရှိသော သတ္တဝါအား ကျွေးမွေးလှူဒါန်းပါ။ စနေနေ့တွင် ပြုလုပ်ကာ သမ္မာဒေဝများထံ လိုရာဆုကို တောင်းခံပါလေ။

***ဝှယ်ငွဲ၊ ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# နှံ့နေသောသွားကို

## မနုတ်ရဘဲ ကျွတ်လိုလျှင်



တစ်နေ့သ၌...။

ကျွန်ုပ် မိတ်ဆွေတစ်ယောက်မှ ကျွန်ုပ်အား ကွမ်းဝါးရန် ကွမ်းယာကျွေးလေ၏။ ကျွန်ုပ်မှာ ကွမ်း မစားတော့ကြောင်း၊ ကွမ်းမစားခြင်းမှာ ကွမ်းစားရန် ဆန္ဒ မရှိတော့၍ဖြစ်ကြောင်း၊ ယခုအခါတွင် ခံတွင်းချဉ်နေလျှင် ခံတွင်း သန့်ရှင်းအောင်သာ သွားတိုက်ဆေးခြင်းကို ပြုလုပ်ကြောင်း...

အံသွားတစ်ချောင်းမှာ "နှံ့"နေခဲ့ရာ သွား တုံးလုံးလဲနေပြီဖြစ်ကြောင်း၊ နာကျင်ကိုက်ခဲခြင်းမရှိ၍ သွားကို နုတ်မပစ်ခြင်းဖြစ်ကြောင်း ရှင်းပြလိုက်ပါတော့သည်။

ကျွန်ုပ်၏စကား ဆုံးသည်နှင့် ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးမှ အောက်ပါအတိုင်း ပြောပြလိုက်ပါတော့သည်။

'ဆရာအောင်ရေ ကျွန်တော့်အနေနဲ့ ဆေးပညာ မတတ်ပေမယ့် ဆေးနည်းကောင်းတွေကိုတော့ စုဆောင်းတယ်ဗျ။ ဒါလဲ ခင်ဗျား သိပါတယ်။

အခု ဆရာအောင် "အံ"သွား နှံ့နေတာနဲ့ ပတ်သက်လို့ ကျွန်တော် ဖြစ်ခဲ့တဲ့ ကိုယ်တွေ့အကြောင်း ပြောပြရဦးမယ်ဗျ။ ပြီးခဲ့တဲ့ နှစ်ထဲက ကျွန်တော့် ဇနီးရဲ့ရွာကို ပြန်ပြီး ကုသိုလ်လုပ်ခဲ့ကြတယ်။

အဲဒီမှာတုန်းက ကျွန်တော့်မှာ ဘယ်ဘက် အံသွားက နှံ့လိုက်တာ ဘာမှ ဝါးလို့စားလို့ မရဘူးပေါ့။ နာကျင်ကိုက်ခဲတာတော့ မရှိဘူးဗျ။

ကျွန်တော်လဲ ကိုက်ခဲတာ မရှိတော့ နှံ့နေတဲ့သွားကို မနုတ်ဖြစ်ဘူးလေ။

ရွာကျောင်းမှ ဆရာတော် ဦးကိတ္တိ သွားကန်တော့ကြရင်းနဲ့ ကျွန်တော့် သွားနှံ့တဲ့အကြောင်း ဆရာတော်ကို လျှောက်ထားဖြစ်တယ်ဗျ။ ဒီမှာတင် ဆရာတော်က "ပင်နီဆီလင်"ပုလင်း အဖြူကလေးနဲ့ ထည့်ထားတဲ့ဆေးကို ကျွန်တော့်ပေးတယ်။

ကျွန်တော့် လက်ဖဝါးထဲကို မန်ကျည်းစေ့လောက် ထည့်ပေးပြီး နှံ့နေတဲ့ သွားအခြေထဲကို သိပ်ပေးရန် ပြောကြားပါတယ်။ ချက်ချင်း သိပ်ရန်လဲ ပြောကြားပါတယ်။

ကျွန်တော်လဲ ဆရာတော်ပေးတဲ့ ဆေးကို သိပ်လိုက်ပါတော့တယ်။ နောက်ပြီး ဆရာတော်က...

"ဒါယကာကြီးရေ ခုပေးတဲ့ဆေးက "ပြာ" ချထားတာဗျ။ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ပြောင်းဖူးအရိုးကို ပြာချထားတဲ့ ပြောင်းဖူးရိုးပြာပဲ ဖြစ်တယ်လေ။

သွားနှံ့နေပြီး အဝါးရ အစားရ ခက်ခဲတဲ့အခါမှာ ငွေကုန်ကြေးကျလဲကင်းရော တခြားဘာအန္တရာယ်မှ မဖြစ်တဲ့နည်းလေ။

ဒီပြာကို "နှံ့"နေတဲ့ သွားခြေတွေမှာ သိပ်ပေးလိုက်တာနဲ့ (၁)ရက်၊ (၂)ရက်မှာပင် နာကျင်မှုမရှိဘဲ "နှံ့"နေတဲ့သွား ကျွတ်ပါ တယ်"

လို့ ဆက်လက် အမိန့်ရှိပါတယ်'

ခေတ္တနားပြီးမှ 'ဆရာအောင် ယုံယုံ ကြည်ကြည်နဲ့ လုပ်လိုက်ပါဗျာ ကျွန်တော့်ကိုယ်တွေ့မို့ပါ' ဟု ပြောနေ ပြန်ပါတော့သည်။

ထိုနေ့က စကားများ တဝကြီး ပြောခဲ့ကြပြီး လူချင်း ခွဲကြပါတော့ သည်။

ကျွန်ုပ်မှာလည်း ထိုနည်းကို ပြုလုပ် သုံးစွဲခဲ့ရာတွင် မှန်ကန်ကောင်းမွန်နေ သဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်သူများနှင့် အများအတွက် အကျိုးရှိဖွယ်ဖြစ်၍ ရေးသားလိုက်ရ ပါတော့သည်။

***ရောဂါကင်းကွာ စိတ်ချမ်းသာကြ ပေ။***

**အောင်ထက်**
**(ရောအနောက်မြို့ဘက်)**



www.burmeseclassic.com

www.burmeseclassic.com




▲ ဆရာတော် ဦးဝိလာသ သက်တော်(၆၀)၊ ဝါတော်(၃၉) [ပျံလွန်တော်မူပြီး (၄)ရက်မြောက်ပုံ]

မဲဇာချောင်းကမ်းနဖူးပေါ်က ကျောက်ဘုရားဆရာတော်

# ဘဒ္ဒန္တ ဝိလာသ

စာရေးသူ ကျောင်းကုန်းရွာမှာ ရောက်နေစဉ် ပျံလွန်တော်မူသွားသော ဆရာတော်ကြီး၏ ရုပ်ကလာပ်သည် ပုပ်မသိုးသော သတင်းစကားကို ကြားနေခဲ့ရသည်။ စိတ်ဝင်စားသော်လည်း သွားလာရေး ခက်ခဲသောကြောင့် မသွားဖြစ်ခဲ့ပေ။

တပို့တွဲလပြည့်နေ့မှာတော့ တိုက်ဆိုင်စွာ သွားဖြစ်ရန် အကြောင်းပေါ်လာခဲ့ရသည်။ ပေါက်ပင်ကွေ့ရွာသည် **မဲဇာချောင်းကမ်းနဖူးပေါ်တွင်** တည်ရှိပါသည်။ **စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်အတွင်းမှာတည်ရှိ၏။**

ပေါက်ပင်ကွေ့ရွာသည် အရှေ့ရွာ၊ အနောက်ရွာဟူ၍ ရှိပါသည်။ ပျံလွန်တော်မူသော ဆရာတော်ကြီးသည် ပေါက်ပင်ကွေ့အနောက်ရွာမှာ သီတင်းသုံးပါသည်။

ခန်းမင်းသား၏ ကျောက်ဘုရား(...တီ) တည်ရှိရာ ရွာလည်း ဖြစ်ပါသည်။ ဆရာတော် ဘဒ္ဒန္တဝိလာသသည် သက်တော်(၆၀)၊ သိက္ခာတော်(၃၉)ဝါအရတွင် ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၀)ရက်နေ့၌ ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်သည် ပေါက်ပင်ကွေ့ အနောက်ရွာသို့ ၁၃၄၀ ပြည့်နှစ်တွင် ရောက်ရှိ သီတင်းသုံးခဲ့ပါသည်။

ဆရာတော်သည် ကွတ်ခိုင်–မူဆယ်–နန်းခမ်း သွားသော ကားလမ်းဘေး နမ့်ဖက်ကာဆိုသည့် မြို့လေးမှာ ခမည်းတော် ဦးမှိုင်ငင်း၊ မယ်တော် ဒေါ်အေးကျုန်တို့မှ ၁၃၁၅ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၄)ရက် နံနက်(၁၀)နာရီအချိန်တွင် သားဦးရတနာအဖြစ် မွေးဖွားခဲ့သည်။ ငယ်မည်မှာ မောင်အိုက်ထွန်း ဖြစ်ပါသည်။ ပလောင်တိုင်းရင်းသားလည်း ဖြစ်ပါသည်။

လောကီပညာရေး စတုတ္ထတန်းအောင်ပြီးသောအခါ နမ့်ဖက်ကာ မြောက်ကျောင်းဆရာတော်ထံ အပ်နှံ၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ သက်တော်(၂၀)ပြည့်သောအခါ မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် ရဟန်းဘောင်သို့ ရောက်ရှိခဲ့သည်။

ရဟန်း(၃)ဝါအရမှာပင် တောရနေရန် တောင့်တစဉ် ကောလင်း ခမောက်တောင်မှတစ်ဆင့် ပေါက်ပင်ကွေ့ရွာကို ရောက်ရှိခဲ့သည်။

ပေါက်ပင်ကွေ့ အနောက်ရွာ၌ ကျောင်းထိုင် ဦးပဏ္ဏဝသည် ပလောင်တိုင်းရင်းသားဖြစ်သည်။ ဆရာတော် ဦးဝိလာသကို ကျောင်းအပ်၍ ပျံတော်မူခဲ့ရာ ဦးဝိလာသသည် ၁၃၄၀ ပြည့်နှစ်မှာပင် ကျောင်းထိုင်ဘဝသို့ ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် သက်တော် (၂၃)နှစ်၊ ရဟန်း (၃)ဝါအရမှာပင် တရားအလုပ်ကို ကျောင်းထိုင်ဘဝဖြင့် အားထုတ်ခဲ့သည်။ ထိုအချိန်မှစ၍ ရွာ၏ သုသာန်သို့လည်းကောင်း၊ ရွာနှင့် (၂)မိုင် (၃)မိုင်ဝေးသော မင်းဝံတောင်၊ ကျောက်ကြမ်းတောင်များသို့ လည်းကောင်း ညအချိန် တိတ်တဆိတ်ထွက်ခွာ၍ တရားကျင့်ကြံ အားထုတ်ခဲ့သည်။

ဆရာတော် ငယ်ရွယ်စဉ်ကပင် ကျောင်းထိုင်ခဲ့သော်လည်း မာန်မာန မရှိခဲ့ပေ။ ရသမျှနှင့် ရောင့်ရဲခဲ့သည်။ ဒကာ၊ ဒကာမများနှင့် ရောနှောဆက်ဆံခြင်း မရှိပေ။ ဆရာတော်သည် (၁၄) နှစ်ခန့် (၂)ခန်းပတ်လည် သက်ငယ်မိုး၊ ဝါးထရံကာ တဲကျောင်းဖြင့် သီတင်းသုံးခဲ့ပါသည်။

၁၃၄၇ ခုနှစ်တွင် အလယ်တောရ ဆရာတော် ဦးစီး၍ သိမ်တစ်လုံး သမုတ်ခဲ့ပါသည်။ ၁၃၅၄ ခုနှစ်တွင် သိမ်ကျောင်းဆောက်လုပ်ခြင်း၊ ထီးချိုင့်မြို့ ရောဦးမိသားစုမှ ကျောက်ဘုရား ထီးတော်အသစ် တင်လှူပူဇော်ခြင်း ပြုလုပ်ခဲ့သည်။

ဆရာတော် ထိုသိမ်ထဲမှာပင် သီတင်းသုံးခဲ့၏။ ဆရာတော် အသက် (၅၀)နှစ် ကျော်လာသောအခါ ရပ်ရွာ ဒကာ၊ ဒကာမများက ဝေယျာဝစ္စ ပြုလုပ်ဆောင်ရွက်ခွင့် တောင်းခံခဲ့သည်။

ဆရာတော် ကျန်းမာရေး ချို့တဲ့လာသောအခါ ဆေးဝါးကုသရန် လျှောက်ထားကြသော်လည်း...

'ဘာဆေးစားစား သူ့အချိန်ကျရင် သေမှာက သေမှာပဲ၊ မင်းတို့က မမြဲတဲ့ ခန္ဓာကိုယ်ကို မြဲအောင် လုပ်နေသလိုပဲ။ လုပ်လို့ကော ရမလားကွယ့်'

ဟု မိန့်တော်မူ၏။

ဆရာတော်သည် ကျန်းမာရေးချို့တဲ့သည့်ကြားကပင် ညအချိန် တောထွက်၍ တရားကျင့်ခြင်းကိုမမေ့မလျော့ခဲ့ပေ။

ဆရာတော်သည် ဆွမ်းပင် မဘုဉ်းပေးတော့ဘဲ (၁)လနီးပါးမျှ ဝေဒနာ ခံစားခဲ့သော်လည်း မညည်းညူခဲ့ပေ။ ဆွမ်းပြုတ်ရည်မျှသာ ဘုဉ်းပေး၍ ဆေးကုလည်းမခံခဲ့ပေ။ အအေးဓာတ်လွန်ကဲခြင်း၊ ဥတုပြင်းထန်ခြင်းတို့ အန်တုကာ တရားကိုသာ နှလုံးသွင်းနေခဲ့ပါသည်။

ဆရာတော်သည် ဆွမ်းမဝင်သော်လည်း သွားလာလှုပ်ရှားလျက်ကပင် **၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၀)ရက်နေ့၊ နံနက်(၂)နာရီအချိန်တွင်** ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရပါသည်။

စာရေးသူသည် မမျှော်လင့်ဘဲ အန္တိမစျာပနနေ့တွင် ပေါက်ပင်ကွေ့ အနောက်ကျောင်းသို့ တိုက်ဆိုင်စွာ ရောက်ရှိခဲ့ရပါသည်။ အနီးကပ် လေ့လာခွင့် ရခဲ့ပါသည်။ ဆရာတော်သည် ဗိုက်ခွဲ၍ ကလီစာများ မထုတ်ထားပါ။ ဆေးလည်း မထိုးထားပါ။ ပကတိအတိုင်းပင် ထားခဲ့ပါသည်။

ဆရာတော် ပျံလွန်တော်မူသောအခါ ခန်းနေဦးပဥ္စင်းလည်း မကျန်ခဲ့ပေ။ ပေါက်ပင်ကွေ့အရှေ့ကျောင်းကပင် လာ၍စောင့်ရှောက်ကြရ၏။ ဆရာတော်၏ အသားအရေသည် ရက်(၂၀)လောက်အထိ ဝင်းဝါနေခဲ့သည်။

မှန်ခေါင်းမသွင်းဘဲ ဒီအတိုင်းပင် ပူဇော်ထားသောကြောင့် လူအများ လက်နှင့်ထိခြင်း၊ ရေမွှေးပေါင်ဒါများ ပူဇော် ပက်ဖျန်းကြသောကြောင့် မျက်နှာတော်များ မို့တက်လာပါသည်။

စာရေးသူ အနီးကပ် ဖူးသော်လည်း အပုပ်နံ့ လုံးဝ မရပေ။ ဒကာအများ၊ ဆရာတော်များ၏ ဆုံးဖြတ်ချက်ဖြင့်ပင် ဆရာတော်အား မီးမသင်္ဂြိုဟ်ဘဲ ဂူသွင်းမြှုပ်နှံရန် ဆုံးဖြတ်ခဲ့ကြသည်။ စာရေးသူသည် ဆရာတော်ကြီး ရုပ်ကလာပ် ဂူသွင်းသင်္ဂြိုဟ်သည့်တိုင် ရှိနေခဲ့ပါသည်။

အများပြောစကားအရပင် ဆရာတော်သည် အနေအထိုင် ကျစ်လျစ်ခဲ့ပါသည်။ လာဘ်လာဘကို ပယ်စွမ်းနိုင်ခဲ့သည်။ ပျံလွန်တော်မူသောအခါ ပစ္စည်းဥစ္စာ ဘာမျှ မကျန်ရစ်ခဲ့ပေ။ တစ်ခါတစ်ရံ ငှက်ပျောသီးတစ်တောင့်မျှဖြင့် ဆွမ်းကိစ္စ ပြီးစီးခဲ့ရသည်။ လူတွေနှင့် မရောနှောဘဲ တရားကိုသာ အဖော်ပြုနေခဲ့ပါသည်။

ထိုနေရာသည် အမတ်ကြီး ဦးမြတ်စံ ပခန်းမင်းသားတို့ နယ်နှင်ဒဏ်ပေးသော မဲဇာအရပ်လည်း ဖြစ်ပါသည်။ ယခင်က အလွန်ပင် တောနက်ပါသည်။ အခုထိလည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေပါသေးသည်။ အလွန် ချောင်ကျပါသည်။

ဆရာတော် သက်တော်ထင်ရှားရှိစဉ်က ထူးဆန်းဖွယ်ရာ ဖြစ်ရပ်များ ရှိခဲ့သော်လည်း ဆောင်းပါး ရှည်နေပြီ ဖြစ်သောကြောင့် မဖော်ပြတော့ပေ။

**လွယ်ကောင်းအောင်**

**မန်ကြားလွှာ**

**စာရေးသူမှ ဆရာတော် သက်တော်ထင်ရှား ရှိစဉ်က မည်သည့်တရား အားထုတ်ခဲ့ခြင်းနှင့် ထူးဆန်းဖွယ်ရာများကို ဆက်လက် ရေးသားပေးပါရန် မန်ကြားအပ်ပါသည်။**

**ဦးကျော်မိုး**

**စာတည်းချုပ်**

**နဂ္ဂဗ္ဗရောင်ခြည်မဂ္ဂဇင်း**




www.burmeseclassic.com

www.burmeseclassic.com

# ရွှေဘုန်းပွင့် ကိုးဆူတန်ဆောင်းအဓိဋ္ဌာန်

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေတွဲ့)
လက္ခဏာဗေဒပညာသုတေသီ





◄ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးကို ညဘက်တွင် ဖူးမြင်ရစဉ်

ကိုးဆူတန်ဆောင်းကို အပြင်မှ မြင်ရစဉ် ►

ကုမ္ပဏီ စက်ချုပ်ဝန်ထမ်းဘဝ (အထည်ချုပ်ဝန်ထမ်း)မှ ယခုအခါ အထည်ချုပ်စက်ရုံနှင့် အထည်ချုပ်ထုတ်လုပ်ဖြန့်ချိ ကုမ္ပဏီပိုင်ရှင် စီးပွားရေးလုပ်ငန်းရှင်ကြီးအဖြစ် အချိန်တိုအတွင်း အောင်မြင်တိုးတက်ကြီးပွားချမ်းသာလာသော အမျိုးသမီးတစ်ဦးမှာ ကျွန်ုပ်၏ လက္ခဏာဗေဒပရိသတ်တစ်ဦးတွင် ပါဝင်သည်။

သူမ၏ အောင်မြင်တိုးတက်ချမ်းသာကြီးပွားလာရခြင်း၏ အဓိကအကြောင်းရင်းများတွင် တစ်ခုဖြစ်သော **ရွှေဘုန်းပွင့် ကိုးဆူတန်ဆောင်းအဓိဋ္ဌာန်ဝင်ပုံကို** ကျွန်ုပ်အား ပြောပြ၍ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုအဓိဋ္ဌာန်ဝင်ခဲ့ရာ လွန်စွာ အကျိုးထူးလှသဖြင့် စာဖတ်သူများအား ဝေမျှပေးလိုက်ရခြင်း ဖြစ်ပါသည်။

* * * ⟶

**မှတ်ချက်** ။ ။ အဓိဋ္ဌာန် (၉)ရက် ဆက်တိုက်ဝင်ရမည်။ (၉)ရက်ပြည့်ပြီးလျှင် (၁)ရက်မှ (၃)ရက်အထိ နားပြီး နောက်တစ်ကြိမ် ဆက်လုပ်ရန် ဖြစ်သည်။ (သို့မဟုတ်) တစ်လမှာ (၁)ကြိမ်နှုန်းဖြင့် (၉)ကြိမ်ပြည့်အောင် (၉)လ လုပ်နိုင်ပါသည်။

တစ်လမှာ (၂)ကြိမ်နှုန်းဖြင့် (၄)လခွဲမှာ (၉)ကြိမ်ပြည့်အောင် လုပ်လျှင်လည်း ရပါသည်။

◎ **အဓိဋ္ဌာန်အတွက် အဓိကလိုအပ်သောပစ္စည်းမှာ** (၁၀၈)လုံး တောင်တန်ကြီးပုတီး ဖြစ်သည်။

◎ **အဓိဋ္ဌာန်ဝင်ပုံမှာ** နံနက်စောစော အရုဏ်ချိန်မှာ ရွှေဘုန်းပွင့် ကိုးဆူတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူဆူ၏ရှေ့မှာ (သို့

❖ **အဓိဋ္ဌာန် ဝင်ရမည့် နေရာမှာ** ⇨ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်စေတီတော် ဗုဒ္ဓဟူးအရပ်ရှိ ကိုးဆူတန်ဆောင်း ဖြစ်ပါသည်။

❖ **အဓိဋ္ဌာန် ဝင်ရမည့် ကာလမှာ** ⇨ (၉)ရက်၊ (၉)ကြိမ် ဖြစ်သည်။

❖ **အဓိဋ္ဌာန် ဝင်ရမည့် အချိန်မှာ** ⇨ နံနက်စောစော အရုဏ်တက်ချိန်ဖြစ်သည်။

❖ **အဓိဋ္ဌာန် စတင်ရမည့် နေ့မှာ** ⇨ မိမိ(အဓိဋ္ဌာန်ဝင်မည့်သူ)၏မွေးနေ့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



▲ ကိုးဆူတန်ဆောင်းအတွင်း အဓိဋ္ဌာန်ဝင်နေစဉ်

မဟုတ်) ကိုးဆူ၏ရှေ့မှာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင် စသည်ဖြင့် အဆင်ပြေရာ လှူဒါန်းပါ။

ဘုရားကန်တော့ခြင်း၊ နမောတဿ သုံးခေါက် ရွတ်ဆိုခြင်း ပြုပြီးနောက် အောက်ပါဂါထာတော်ကို ပုတီး(၉) ပတ်စိပ်ရသည်။

* * *

| | |
|---|---|
| နမောတဿ | *[ပုတီး ၁-လုံးချ]* |
| နမောဘဂဝတော | *[ပုတီး ၁-လုံးချ]* |
| နမောအရဟတော | *[ပုတီး ၁-လုံးချ]* |
| နမောသမ္မာသမ္ဗုဒ္ဓဿ | *[ပုတီး ၁-လုံးချ]* |
| နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ | *[ပုတီး ၁-လုံးချ]* |
| နမောတေသဗ္ဗဒဿာဝီ | *[ပုတီး ၁-လုံးချ]* |
| နမောတေ ကရုဏာကရ | *[ပုတီး ၁-လုံးချ]* |
| နမောတေ တိဏ္ဏသံသာရ | *[ပုတီး ၁-လုံးချ]* |
| နမောတေ အမတံ ဒဒ | *[ပုတီး ၁-လုံးချ]* |

ခက်ခဲသော ပါဠိအသံထွက်

**နမောတဿ** = နမောတတ်သ

**သမ္မာသမ္ဗုဒ္ဓေါ** = သမ်မာသမ်ဗုတ်ဓော

**ဒဿာဝီ** = ဒတ်သာဝီ

**တိဏ္ဏသံသာရ** = တိန်ဏသံသာရ

အနက်

၁။ **တဿ၊** ထိုမြတ်စွာဘုရားအား။ **နမော၊** ရှိခိုးပါ၏။

၂။ **ဘဂဝတော၊** ဘုန်းတော်ကြီးမား မြတ်စွာဘုရား။ **နမော၊** ရှိခိုးပါ၏။

၃။ **အရဟတော၊** ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားအား။ **နမော၊** ရှိခိုးပါ၏။

၄။ **သမ္မာသမ္ဗုဒ္ဓဿ၊** အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား။ **နမော၊** ရှိခိုးပါ၏။

၅။ **အရဟတော၊** ပူဇော်အထူးကို ခံယူတော်မူထိုက်သော။ **သမ္မာသမ္ဗုဒ္ဓဿ၊** အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသော။ **တဿ** **ဘဂဝတော၊** ထိုမြတ်စွာဘုရားအား။ **နမော၊** ရှိခိုးပါ၏။

၆။ **သဗ္ဗဒဿာဝီ၊** အလုံးစုံသော



www.burmeseclassic.com

www.burmeseclassic.com

တရားတို့ကို မြင်တော်မူသော မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

၇။ **ကရုဏာကာရ၊** အလွန်ကြီးမားသနားသမှု ပြုတော်မူသော မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

၈။ **တိဏ္ဏသံသာရ၊** သံသရာကို အထူး ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

၉။ **အမတံဒဒ၊** အမြိုက်နိဗ္ဗာန်ကို ပေးသနားတော် မူတတ်သော မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

*[ဤ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ[ ဓမ္မာစရိယ (မဟာဝဂ္ဂါဒိမြန်မာ့ဂုဏ်ထူး)၊ ဒီဃဘာဏက – ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ပုတီး(၉)ပတ်ပြည့်လျှင် မေတ္တာသုတ်(၁)ခေါက်ရွတ် မေတ္တာပို့ အမျှအတန်းပေးဝေ လိုရာဆုတောင်းပြီး ပြန်ရန်ဖြစ်သည်။

အထက်ပါ ပုတီးစိပ် ဂါထာတော်ကို အချို့က **နမောကိုးချက် စီးပွားတက်ဂါထာတော်ဟုလည်းကောင်း။ အချို့က နမောကိုးဖြာ ဘေးရန်ကာဂါထာတော်ဟု လည်းကောင်း** ခေါ်ဆိုကြသည်။


ခေမာမိဖုရားကြီးမှ မြတ်စွာဘုရားရှင်ကို ရှိခိုးသော ဂါထာတော်ဖြစ်ပြီး ဂုဏ်တော်များကို ပွားများခြင်းလည်းဖြစ်ကြောင်း မြစ်သားမြို့ ရွှေဘုံသာ ကျောင်းဆရာတော်က မိန့်ကြားခဲ့ပါသည်။

ဤ ရွှေဘုန်းပွင့်ကိုးဆူတန်ဆောင်း အဓိဋ္ဌာန်မှာ ဘေးရန်များကို ကာကွယ်ပေးခြင်း၊ စီးပွားဥစ္စာ လျင်မြန်စွာ တိုးတက်ခြင်း၊ အလုပ်အကိုင်များ လျင်မြန်စွာ အောင်မြင်ကြီးပွားခြင်း အကျိုးထူးများ ရရှိစေနိုင်ပါသည်။

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

## ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း
# လာဘ်လာဘ
## ရွှင်လန်းစေဖို့



ဤလတွင် ငွေကြေးလာဘ်လာဘများ နှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ လွယ်ကူစွာ ရရှိနိုင်စေရန်၊ ငွေကြေးပြဿနာများ လျော့ပါးစေရန်အတွက် လုံးဝိုင်းသော ပုံသဏ္ဌာန်ရှိသည့် စားဖွယ်အမျိုးမျိုးကို လှူဒါန်းနိုင်ပါသည်။

မိမိတို့ မွေးနှစ်အရ အောက်ပါဇယားတွင် ရှာဖွေကြည့်ပါ။

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| နွား ကျား | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ယုန် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| နဂါး မြွေ | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| မြင်း | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ဆိတ်၊ မျောက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ကြက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ခွေး ဝက် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |

**ဥပမာ။** ။ ယုန်နှစ်ဖွားသည် သောကြာနေ့တွင် ပန်းသီး(၇)လုံးကို အနောက်အရပ်ရှိ ကြာသပတေးသားသမီးတစ်ဦးအား ပေးလှူကာ ဤလတွင် ငွေကြေးကိစ္စ မကြောင့်မကြဘဲ လာဘ်လာဘ ဝေဝေဆာဆာ ရှိစေရန် သမ္မာဒေဝများထံ တိုင်တည် ဆုတောင်းသင့်သည်။

*လာဘ်လာဘ ဝေဆာကြပါစေ။*

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# အနာမဲ့သူ ရှင်ဗာကုဂါထာ

နတ်မောက် လှမြင့်သစ်



တစ်ပတ်ခန့် ကျွန်တော် နယ်သို့ ထွက်နေခဲ့ရပြီး ရုံးပြန်တက်သည့် အချိန်တွင် မိတ်ဆွေ ဦးကြည်လည်း ကျန်းကျန်းမာမာနှင့် ရုံးတက်နေသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်သွားမိရပါသည်။

လွန်ခဲ့သည့် တစ်လခန့်က သူ့မှာ ကြီးကြီးမားမား ဖျားနာ မကျန်းမာသဖြင့် ဆေးခွင့် ယူရခဲ့ရပါသည်။ သူ ဆေးခွင့်ယူထားသည့် ကာလအတွင်း ကျွန်တော် နယ်သို့ ရောက်နေသဖြင့် သူ ရုံးပြန်တက်နိုင်သည့် အချိန်တွင် ချက်ချင်းမတွေ့ရခြင်း ဖြစ်ပါသည်။

'ဦးကြည် နေကောင်းသွားပြီနော်'

'ကောင်းသွားပြီကွ။ ငါ ရုံးပြန်တက်တက်ချင်း မင်းကို အရင်ဆုံးမေးတာ၊ မင်း နယ်ခရီးထွက်သွားတယ်ဆိုလို့၊ မင်းရော အဆင်ပြေရဲ့လား'

'ပြေပါတယ် ဦးကြည်၊ ဦးကြည် အခုလို ကျန်းမာရေး ဒေါင်ဒေါင်မြည်နေတာ တွေ့မြင်ရတော့ ဝမ်းသာတယ်ဗျာ၊ လက်ဖက်ရည်ရော သောက်လို့ ရပြီလား'

'ရပါပြီကွာ၊ ငါ့မှာ ဆီးချိုသွေးချို မရှိဘူးတဲ့။ သေချာစမ်းသပ်ပြီးခဲ့ပြီ၊ နောက် နားတုန်းကဖြစ်တာ ကျောက်ကပ်ရောင်တာလို့ ပြောတယ်။ ကျောက်ကပ်လဲ ဆေးပြီးပြီ။

အဲဒီကာလမှာ ငါ့သူငယ်ချင်းကိုကောင်းမြင့် ပေးခဲ့တဲ့ ရှင်ဗာကုဂါထာကို နေ့စဉ် ငါ(၁၀၈)ခေါက် ရွတ်ခဲ့တယ်ကွာ။ တစ်နေ့ကို သုံးကြိမ်ရွတ်တာ'

'ဟုတ်လား တယ်ဟုတ်ပါ့လား'

'ဟုတ်ရုံ ဘယ်ကမလဲကွာ အဲဒီဂါထာ ရွတ်တဲ့အချိန်ကစပြီး ပိုပြီးကျန်းမာလာတယ်ကွ။ မြန်မြန်ဆန်ဆန် ကျန်းမာရေး တိုးတက်လာတယ်လို့ ဆိုချင်တယ်ကွာ'

'ဟုတ်မှာပါဗျာ ယုံကြည်မှုဟာ အောင်မြင်မှုကို ရစေတယ်လေဗျာ'

'ယုံတာပေါ့ကွာ ငါ့အဘွား ပြောခဲ့ဖူးတယ်။ အနာမဲ့သူ ရှင်ဗာကုဆိုတာ ငါးဝမ်းထဲ ရောက်တာတောင် မသေဘူးလေကွာ။ အဲ...ရှင်ဗာကုဂါထာကိုတော့ ငါမသိခဲ့တာ အမှန်ပဲ။ သူငယ်ချင်းကောင်းမြင့် ရောက်လာပြီး...

'မင်း ဒါလေးရွတ် ဒီဂါထာက အသက်ရှည် အနာမဲ့စေတယ်။ "ရှင်ဗာကုဂါထာ"လို့ ခေါ်တယ်ကွ'

ဆိုပြီး ပေးခဲ့တာ။ ငါလဲ နေ့တိုင်းကို မပြတ်ရွတ်ခဲ့တာ။ အိပ်ရင်တောင် ရွတ်ပွားရင်းနဲ့ အိပ်ပျော်အောင် ရွတ်ခဲ့တာကွ'

'ရှင်ဗာကုဂါထာက ဘယ်လိုတဲ့လဲ'

'တိုတိုလွယ်လွယ်လေးပဲကွ။ လေး၊ ငါးခေါက် ကြည့်ရွတ်ရင် အလိုလို အလွတ် ရွတ်နိုင်သွားတာပဲ'

> အပ္ပါဗာဓော မဟာထေရော၊
> အပ္ပါဗာဓာန မုတ္တမော။
> ဗာကုလော အရဟာဇာတော၊
> သောတ္ထျာရောဂျံ ဒဒါတုမေ

ခက်ခဲသော ပါဠိအသံထွက်

**အပ္ပါဗာဓော** = အပ်ပါဗာဓော
**မုတ္တမော** = မုတ်တမော
**သောတ္ထျာ** = သွတ်ထယာ

အနက်

**ဗာကုလော၊** ဗာကုလ မည်တော်မူသော။ **မဟာထေရော၊** မထေရ်မြတ်ကြီးသည်။ **အပ္ပါဗာဓော၊** အနာရောဂါ ကင်းစွာကွာသည်။ **ဟောတိ၊** ဖြစ်ပါပေ၏။ **အပ္ပါဗာဓာနံ၊** အနာရောဂါ ကင်းစင်ကွာသူတို့တွင်။ **ဥတ္တမော၊** အသာဆုံး ဖြစ်လျက် တေဒဂ်ရ မြတ်လှပါပေ၏။ **အရဟာဇာတော၊** ကိလေသာ ကုန်ခန်း ရဟန္တာ ဖြစ်တော်မူပါပေ၏။ **သော၊** ထိုအနာရောဂါ ကင်းစင်ကွာသည့် ဗာကုလမထေရ်မြတ်ကြီးသည်။ **မေ၊** အကျွန်ုပ်အား။ **သောတ္ထျာရောဂျံ**



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာချမ်းသာခြင်းကို။ **ဒါတွေ၊** ပေးတော်မူပါစေသတည်း။

***(ဤ ဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ ဓမ္မဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးသန်းအောင်ရွှေ (ဓမ္မာစရိယ(မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃ နိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန် ဆိုပေးပါသည်။)***

တဲ့ကွ။ ငါ နေ့စဉ်ရွတ်ပွားလို့ ကိုးရက်, ဆယ်ရက်လောက်မှ ကိုကောင်းမြင့် ထပ်ရောက်လာပြီး ဆွမ်းလှူခိုင်းလို့ ဆေးရုံနဲ့ အနီးဆုံးကျောင်းကို ဆွမ်းချိုင့် သွားလှူခဲ့ရသေးတယ်။

ဆွမ်းအကျိုးငါးပါးမှာ အသက်ရှည် ခြင်းက ထိပ်ဆုံးက ပါနေတာကိုးကွ။ အာတဲ့ "သက်ရှည်၊ ဆင်းလှ၊ ချမ်းသာရ၊ ေလ၊ ဉာဏ်ပညာ" တဲ့လေကွာ'

'ဟုတ်ပါတယ် ဦးကြည်၊ ဟုတ်ပါ တယ်'

'ငါ အခု အဲဒီဂါထာလဲ အမြဲရွတ် သလို လစဉ် ဝတ်ကြီးဆွမ်းအိုးလဲ ချက်လှူတယ်။ နေ့စဉ်လဲ ဆွမ်းလောင်း အသင်းမှာ ကာယအလှူအနေနဲ့ သွား ရောက် ကူညီချက်ပြုတ် လောင်းလှူ နေတယ်ကွ'

'ကောင်းပြီးရင်း ကောင်းရင်းပေါ့ ဗျာ။ ကဲ...ကျွန်တော် လက်ဖက်ရည် အကာခံပါရစေဗျာ'


ကျွန်တော်နှင့် ဦးကြည်တို့ ရုံးရှေ့ ဆက်သာ လက်ဖက်ရည်ဆိုင်သို့ အတူ ထွက်ခဲ့ပါတော့သည်။

***ကျန်းမာချမ်းသာ လန်းဖြာကြပါစေ။***

**နတ်မောက် လှမြင့်သစ်**

# ပြဒါးမီးနေ့ သံပန်းသေ

"ပြဒါးမီးနေ သံပန်းသေ ရွှေနန်း မြေနှင့် မလဲနိုင်ပါ" ဟု အဂ္ဂိရတ်ဝါသနာ ရှင်များ တဖွဖွ ပြောဆိုနေကြ၍ ပြဒါးမီး နေလျှင် ရွှေဖြစ်လမ်းကို ကူးရန် အရေး ကြီးသော ပထမဆင့် ပြီးပြီဟု ယူဆကြ၏။



ထို့ကြောင့် ပြဒါးမှ ရွှေဖြစ်သော မီးနေလမ်းကို ရှာဖွေနေကြသူများ အတွက် အောင်သိဒ္ဓိမဟာ မင်္ဂလာ မာတ်ပေါင်း သာသနာပြု အဘ ဆရာ တင်၏ အဂ္ဂိရတ် မာတ်သင်တန်းသား ဖြစ်သော မန္တလေးမြို့ ဖုတ်ကုန်းရပ်မှ ဆရာ ဦးစံကြည်၏ သင်တန်းမှတ်တမ်း စာအုပ်မှ ပြဒါးမီးနေ ပြုလုပ်နည်းကို တင်ပြလိုက်ပါသည်။

## ထုံပြုလုပ်နည်း

၁။ ဘော်တစ်ကျပ်သား။
၂။ နာတစ်ကျပ်သား။
၃။ ဂျုတ်မှုန်ကြီးတစ်ကျပ်သား။

ယင်းကို့တွင် ဘော်တစ်ကျပ်သားကို အရင် အရည်ကျို၊ ဘော်ရည်ဖြစ်လျှင် နာတစ်ကျပ်သားထည့်၊ နှစ်ခု သမသွား လျှင် ဂျုတ်တစ်ကျပ်သားထည့်၊ (၃)မျိုး ပေါင်းမိလျှင် ဥနှဲသား လက်သန်းလုံး ခန့်ကို ထိပ်ဖျားချောအောင် ပြုလုပ်ပြီး အခွက်ဖြစ်အောင်နှိပ် ပြဒါးတစ်ကျပ် သား ဆံ့ရုံသာ ပြုလုပ်ရမည်။

ထို ဘော်, နာ, ဂျုတ် အရည် မမည်းမီ အနည်းငယ်ခွဲ၍ ထုံဖုံးပြုလုပ်ထား၊ ဥနှဲ သားဖြင့် ထုံခွက်နှိပ်ပြီး ကောင်းစွာ ခဲသွားလျှင် ပြဒါးတစ်ကျပ်သားထည့်၊ ပြုလုပ်ထားသော ထုံဖုံးဖြင့် လုံဖုံးထပ် ဖုံး၊ ဇော်(၃)ချက်မံ၊ ဖွဲ(၃)တင်းနှင့် မီးဖုတ်။

ဖွဲ(၃)တင်း ပြာနုကျလျှင် လုံဖုံး- ထုံဖုံးကို ဖယ်၍ ပြဒါးအရည်ဖြစ်အောင် မီးပေး၍ ခံရည်တစ်ခုခုတွင် လောင်း ထည့်၊ မီးများသွားလျှင် ထုံပြုတတ်၏။ မီးပေး သတိထားပါ။

ထိုပြဒါးခဲကို လက်ချားချော်(စုတ် ချော်)တွင် ချော်နှစ် ချော်မှ ထွက်လာ လျှင် ကွမ်းညှပ်ကိုက် ဘော်သက် ရောက် ပြဒါးမီးနေကိုရ၏။

ထိုပြဒါး တစ်ပဲသား ရွှေဒင်္ဂါးအရည်မီ တစ်ပဲသား ရော၍ အပြားခတ်၊ လှော်ဆေးနှင့် လှော်အိုးတင် အရည် ကျို၊ အပြားခတ် တစ်ပဲသားထပ်ထည့်၊ လှော်အိုးတင်၊ ယင်းနည်းအတိုင်း (၄) ဆင့်သွား ရွှေဒင်္ဂါး အရည်မီ(၅)ပဲသား ရ၏။ အချို့ (၈)ပဲ(ငါးမူးသား)အထိ ကူးကြ၏။

သို့သော် အခန့်မသင့်လျှင် ပျက် တတ်၏။ လွန်စွာ ကျွမ်းကျင်လိမ္မာဖို့ လိုအပ်ပေသည်။ ပြဒါးမီးနေရလျှင် ကိစ္စပြီးပါပြီဟု ပြောနေကြသော စားလမ်းဝါသနာရှင်များ အောင်မြင်ဖြစ် ထွန်းနိုင်ကြပါစေ။

**သစ္စာဝါဒီ မြတ်စောလင်း**




www.burmeseclassic.com

www.burmeseclassic.com

# ကြက်မွေးသူများ ကြက်သန်းမရှိအောင်

ကာကွယ်ဖို့



ကျွန်တော်တို့နေထိုင်သော မြို့စွန်ရပ်ကွက်ထဲတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးသူနှင့် မွေးမြူသူများ ရှိကြသည်။ ကျွန်တော့်အိမ်တွင်လည်း ကြက်များကို မွေးမြူထားပါသည်။ ကြက်များ အကောင် အရေအတွက် မများသော်ငြား သူတို့ကို ဂရုတစိုက်ကြည့်ရှု စောင့်ရှောက်ပေးရပါသည်။

တစ်နေ့တွင် ရပ်ကွက်ထဲမှ မိတ်ဆွေတစ်ဦး အိမ်သို့ ရောက်ရှိလာပါသည်။ သူမှာ ဧည့်ခန်းတွင် ထိုင်ရင်း သူ့ခန္ဓာကိုယ်ကို ဟိုပွတ်ဒီကုတ်နှင့် အငြိမ်မနေနိုင် ဖြစ်နေသည်ကို တွေ့နေရသည်။ ကျွန်တော်က သူဖြစ်နေသည်ကို ကြည့်ပြီး ကရုဏာနှင့် မေးမည်အပြုတွင် သူက...

'ကိုကျော်လှိုင်ရယ်၊ ကျွန်တော်တို့အိမ်မှာ ကြက်သန်းတက်တဲ့ဒဏ် ခံနေရတယ်ဗျာ။ အခုတောင် ကျွန်တော့်ကိုယ်မှာ သွားလေရာ ကပ်ပါနေတယ်။ ဘယ်လိုလုပ်ရမလဲ မသိဘူး။ ကြက် မွေးတဲ့သူအချင်းချင်းမို့ ခင်ဗျားဆီ လာမေးတာ ကြက်သန်းပျောက်တဲ့နည်းလေး သိရင် ပြောစမ်းပါဗျာ'

သူက ညည်းညည်းညူညူနှင့် ပြောလာ၍ ကျွန်တော်က...

'ကိစ္စမရှိပါဘူး လွယ်ပါတယ်ဗျာ။ ဈေးထဲမှာ ဆေးရွက်ကြီး သွားဝယ်ပြီး ရေစိမ်လိုက်ဗျာ၊ ရေစိမ်ထားပြီးရင် စိမ်ထားတဲ့အရည်နဲ့ ကြက်ခြံကော ကြက်သန်းရှိတဲ့ နေရာတွေကော လိုက်ပက်ပေးလိုက် ပျောက်သွားပါလိမ့်မယ်။ စိမ်ထားတဲ့ ဆေးရွက်ကြီးရည်က အနံ့အသက်ရှိတော့ ကြက်သန်းတွေ မခံနိုင်ပါဘူး'

'အေးဗျာ ကျေးဇူးတင်ပါတယ်။ ဆေးရွက်ကြီးဝယ်ပြီး အမြန်လုပ်မှ ဖြစ်မယ်။ အိမ်မှာ ကလေးကော၊ လူကြီးကောကြက်သန်းတက်တာ ခံစားနေကြရတယ်'

သူက ဝမ်းသာအားရနှင့် ထပြန်မည် အပြုတွင် ကျွန်တော်က...

'နေဦး ကျွန်တော် ပြောဦးမယ်။ ခင်ဗျားအိမ်မှာ ကြက်မ,ဥနေတဲ့ ကြက်တင်းနဲ့ ကြက်သားအမိတွေ အိပ်တဲ့ကြက်တင်းတွေရှိမှာပေါ့'

'ရှိတယ်'

'ရှိရင် အဲဒီကြက်တင်းတွေရဲ့ အမှိုက်အောက် မှာ ဆေးရွက်ကို အနည်းငယ်စီ ထည့်ခံထားဦး။ နောက်ပိုင်းလဲ ကြက်သန်း မထနိုင်တော့ဘူးပေါ့ဗျာ'

ကျွန်တော့်မှာမိတ်ဆွေဖြစ်သူကို ပြောပြလိုက်ရ၍ ကျေနပ်သွားမိပါသည်။ ကျွန်တော့်အိမ်မှာလည်း ကြက်သန်းမထအောင် ဆေးရွက်ကြီးကို သုံးစွဲကာ အမြဲကာကွယ်လျက် ရှိပါသည်။

ကြက်မွေးသူများ ကြက်သန်းမရှိစေအောင် နှိမ်နင်းကာကွယ်နိုင်ရန် ရေးသား တင်ပြ အကြံပြုလိုက်ရပါသည်။

**ကိုမောင်ကျော်လှိုင်(မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားဆန်းပြား

# အုန်းနဂါး

ရွှေတော်မြေ မောင်ကြည်သိန်း

'စာရေးဆရာ...ဗျို့... စာရေးဆရာ၊ ဘာတွေ တွေးနေတာလဲဗျ'

'ဟာ... ဘာရယ် မဟုတ်ပါဘူးဗျာ၊ ယ်ဘဝ ပြန်သတိရလို့ဗျို့။ ဒါနဲ့ ဘာ ကိစ္စပါလိမ့် ကိုဌေး'

'အိမ်ခဏ လိုက်ခဲ့ပါဦး။ ထူးထူးဆန်းဆန်း ပြစရာရှိလို့'

'ကောင်းပြီလေ'

စာရေးသူ ကိုဌေး၊ မတင်ဌေး တို့ရဲ့ အိမ်ရှိရာ ရောက်သွားခဲ့ပါ တယ်။ သူက ချမ်းသာဆန်စက် ပိုင်ရှင်။

'ကဲ ဘာထူးတာလဲ ပြဦး လေ'

ဆိုတော့...

'ဒီမှာကြည့်စမ်းပါဦး စာရေး ဆရာ'

ဆိုလို့ ကြည့်လိုက်တော့... အလိုလေး နဂါး(၃)ကောင် အမောက်တွေထောင်ပြီး နေ ကြိုက်ကြတာ အံ့မခန်းပါပဲဗျာ။ အုန်းပင်လေးက ရှိလှမှ (၁)နှစ်သား။ အုန်းပနီလေး။ ခြေက ဖောက်ထွက်လာတဲ့ ရှည်ကြီးကနေ ထူးထူး ခြား နဂါး(၃)ကောင် ဏ္ဍာန် အလက်တွေက ည့်ရတာ တော်တော့်ကို ခန်းစရာပါဗျာ။ စာရေးသူ သက် ဒီတစ်ခါပဲ တွေ့ တော့တယ်။ **(ပုံပါအတိုင်း)**

ကြည့်လိုက်စမ်းပါ။ တကယ် သဏ္ဍာန်တွေ၊ အမောက် ထောင်ပြီး နဂါးမှန်းသိ အမောက်ထောင်ပြနေ တာ။



ထူးခြားဆန်းပြား အုန်းနဂါးအမှီကောင်ပုံ

ဒါကြောင့်လဲ နဂါးတို့မျက်စောင်း ကြောင်းသုံးပါး မရှေးဘူး။ နဂါးလှည့် သင့်မသင့် နတ်နဲ့နဂါး မလှည့်စားနဲ့ ရယ်လို စာဆိုရှိခဲ့တာပေါ့။

ဒါကြောင့် စာရေးသူလဲ သူငယ်ချင်း ဓာတ်ပုံဆရာဖြစ်တဲ့ ကိုဖော်နိုင်

www.burmeseclassic.com



အုန်းပင်ငယ်နှင့် အယ်ငယ်တောမှ ထိုးထွက်နေသည့် အုန်းနဂါး

''နိုင်ဗီဒီယိုဆိုင်''သွားပြီး...

'ကိုဇော်နိုင် ကင်မရာယူပြီး ကျွန်တော်နဲ့ လိုက်ခဲ့စမ်းပါ'

ဆိုပြီး အုန်းပင်ငယ်ရှိရာကို ခေါ်လာခဲ့ပြီး စာရေးသူ စိတ်ကြိုက်ရှုထောင့်မှနေပြီး ဓာတ်ပုံ (၂)ပုံ ရိုက်ကူးစေပါတယ်။

ဓာတ်ပုံဆရာ ကိုဇော်နိုင်ကလဲ...

'ကျွန်တော် ဓာတ်ပုံရိုက်လာတာ ကြာပြီ။ ဒီမျိုး တစ်ခါမှ မတွေ့ဖူးဘူး။ ဒါ ပထမဆုံးပုံပဲဗျာ။ အကောင်းဆုံးဖြစ်အောင် ရိုက်ပေးပါမယ်'

ဆိုပြီး ပုံပါအတိုင်း ရိုက်ပေးရှာပါတယ်။ ကျေးဇူးအနန္တပါခင်ဗျား။

ကဲ ဒါဆိုရင် ဒီဖြစ်ရပ် အကျယ်ကို ဂမ္ဘီရရှုထောင့်ကနေကြည့်ပြီး ဘာတွေဖြစ်လာမလဲဆိုတာ ကြည့်လိုက်ကြရအောင်။

အုန်းပင်က နဂါး ပေါ်တယ်ဆိုတော့ အင္ဂါဓာတ် ကျနေပါတယ်။ တနင်္ဂနွေ စနေ ပူးတွဲဖြစ်နေတဲ့အတွက် ဓာတ်ကြီးလေးပါးဖြစ်တဲ့ **အင္ဂါ၊ ဂမ္ဘော၊ စရေ၊ ဝံသေ**ဆိုပြီး ရှိနေပါတယ်။

အင္ဂါဆိုတဲ့ မီးဓာတ်၊ ဂမ္ဘောဆိုတဲ့ မြေဓာတ်၊ စရေဆိုတဲ့ လေဓာတ်နဲ့ ဝံသေဆိုတဲ့ ရေဓာတ်ဆိုပြီး ဓာတ်ကြီးလေးပါး ကမ္ဘာဦးအစထဲက ရှိခဲ့ပါတယ်။

အင္ဂါဆိုတဲ့ ဓာတ်ဖြစ်တဲ့ တနင်္ဂနွေနဲ့ စနေ တစ်နည်း အုန်းနဲ့နဂါး လယ်ပြင်မှာ ဆင်သွားသလို တွေ့ကြပြီ တမင်ဖန်တီးယူလို့ မရတဲ့ ဖြစ်တည်မှုတွေ တွေ့နေရပြီ။

ဒီတော့ ဒီအုန်းနဂါးတွေ ရှိရတဲ့ ကိုဌေး၊ မတင်ဌေးတို့ရဲ့ အောင်မြင်မှုဟာ ထူးခြားစွာ မကြာသော ကာလမှာ အမှန်တကယ် ကြုံတွေ့ရတော့မယ်လို့ ကောက်ချက်ချရပါတော့မယ်လို့ တင်ပြရင်း အုန်းနဂါးနဲ့ ပတ်သက်လို့ သိသူများမှ ထပ်မံတင်ပြ ရေးသားကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။

**(အုန်းနဂါးရှိရာ ဦးဌေး၊ မတင်ဌေး အမှတ်(၃၁) ရန်ကုန်ပြည်လမ်း နေအိမ်ဝင်းသို့ လာရောက်လေ့လာနိုင်ပါတယ်။)**

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။***


**ရွှေမှော်မြေ မောင်ကြည်သိန်း**






www.burmeseclassic.com

www.burmeseclassic.com




ယခင်လမှ အဆက်

| |
|---|
| အခြေခံ ကြိုးထုံးနည်း( ၈၅ ) |
| 青 蛙 |
| Qing Wa |
| ချင်းဝါး |
| ဖားပုံစံချည်နည်း |

# တရုတ် ကြိုးထုံးပညာ (၈၅)

ယုယုငြိမ်း

ဖားသည် ကုန်းတစ်ပိုင်း၊ ရေတစ်ပိုင်း သတ္တဝါဖြစ်ကာ ရေရှိရာတွင် ပျော်မြူး လေ့ရှိကြသည်။ တောလမ်းခရီးတွင် မောပန်းတကြီး ဖြစ်နေသူအတွက် ဖား ကိုတွေ့လျှင်၊ ဖားအော်သံကြားလျှင် ရေရှိသည်ဟု ဝမ်းမြောက်ဝမ်းသာ မျှော်လင့်နိုင်ကြသည်။

ဤကဲ့သို့ပင် ဘဝမျက်နှာစာအသီး သီးတွင် ဖောရမ္မက်အသီးသီးဖြင့် ထပ်ပန်းတကြီး ဖြစ်နေမှုများတွက် ရေကြည်တစ်ပေါက်ကဲ့သို့ ဘဝ အင်အားများ ပေးစွမ်းနိုင်သည့် အဆင် တန်ဆာကလေး ဖြစ်သည်။


**ကြိုးချည်နည်း**

ပုံ(၁) အသပြာစုံတွဲချည်နည်းဖြင့် စတင်ချည်ထုံးပုံဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com



ပုံ-၁၁



ပုံ-၁၂

**ပုံ(၂)** ကြိုးနှစ်ထပ် ဖြစ်စေရန် ထပ်မံချည်ထုံးထားသည်။ ဦးခေါင်းပိုင်း ဖြစ်၏။

**ပုံ(၃)** ကိုယ်ထည်အတွက် ထုံးချည်ပုံဖြစ်သည်။

**ပုံ(၄)** ကိုယ်ထည်အတွက် နှစ်ထပ်ချည်ထားသည်။

**ပုံ(၅)** ကိုယ်ထည်ပိုင်း နောက်တစ်ထပ်ချည်ထုံးသည်။ ကိုယ်ထည် ဒုတိယပိုင်းဖြစ်သည်။

ယင်းကို ပုံ (၄)ရှိ ကိုယ်ထည်တွင် ဆင့်ထပ်ရန်ဖြစ်သည်။

**ပုံ(၆)** ပုံ(၅)မှ ကိုယ်ထည် ဒုတိယပိုင်းကို ကြိုးနှစ်ထပ် ထိုးထားသည်။

**ပုံ(၇)** ပုံ (၆)ကိုယ်ထည် ဒုတိယပိုင်းကို အရောင်ကွဲကြိုးဖြင့် ထပ်မံထိုးပါ။ ဦးခေါင်း ဒုတိယပိုင်းအတွက်လည်း ထိုအရောင် ကွဲကြိုးစဖြင့် ထပ်၍ချည်ထားပါ။ ပြီးလျှင် ကိုယ်ထည် ဦးခေါင်းပထမပိုင်းတွင် ဆင့်ထပ်ပါ။

**ပုံ(၈)** လက်အတွက် ထုံးချည်ပုံဖြစ်သည်။

**ပုံ(၉)** လက်နှင့်တွဲ၍ ခြေပိုင်းကို ဆက်ချည်ပါ။

**ပုံ(၁၀)** ခြေလက် နှစ်စုံပုံစံ ဖြစ်သည်။

**ပုံ(၁၁)** ကိုယ်ထည် + ဦးခေါင်း (ဆင့်ထပ်ပြီး) ပုံတွင် ခြေလက်နှစ်စုံကို ကြားညှပ်ထည့်ပါ။ မျက်စိအတွက် Fancyဘော်ကြယ်နှစ်လုံးစီ တပ်ဆင်ပေးပါ။

**ပုံ(၁၂)** ပိန်းကြာရွက်ပေါ်မှ ဖားများ ကြိုးထုံးအဆင်တန်ဆာဖြစ်သည်။


အလိုရှိရာ မျက်နှာစာအတွက် အသုံးပြုနိုင်ပါပြီ။

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com



# ကြေးထည်ကို

## ဤသို့ ရွှေရည်စိမ်သည်

သုမောင် (ရကွ)

ကျွန်တော်သည် ငွေထည်ပစ္စည်းများကို ရွှေရည်စိမ်နည်းအကြောင်း ပြီးခဲ့သောလက ရေးသားခဲ့ပါသည်။ ယခုတစ်ခါ ကြေးထည်ပစ္စည်းများကို ရွှေရည်စိမ်နည်းအကြောင်း ဖော်ပြပါမည်။

ကြေးထည်ပစ္စည်းများကို ရွှေရည်တိုက်ရိုက်စိမ်၍ မကောင်းပါ။ အကြောင်းမှာ ကြေးသတ္တု၏ သဘာဝအရ ကြေးညိုတက်တတ်သဖြင့် ရွှေရည်တန်းစိမ်ပါက ရွှေအရောင် မလှတတ်ပါ။

ထို့ကြောင့် ကြေးထည်ပစ္စည်းများကို ငွေရည်တစ်ထပ် အရင်ခံပြီးမှ အပေါ်က ရွှေရည်ထပ်စိမ်ရပါသည်။

သို့သော်လည်း ဤနည်းမှာ ကျွန်တော်၏ ကျေးဇူးရှင် ဖခင်ကြီးဆီမှ ရခဲ့သော နည်းတစ်ခုသာ ဖြစ်ပါသည်။

အခြားသော နည်းများလည်း ရှိပါသောကြောင့် ကျွန်တော် ဖော်ပြသော နည်းသာ မှန်သည်ဟု မဆိုလိုပါ။

ကြေးထည်များကို ငွေရည်စိမ်ရန်အတွက် လိုအပ်သော အခြေခံဓာတ်ပစ္စည်းမှာလည်း **"ပေါ်တက်"**ပင် ဖြစ်ပါသည်။

ဤနေရာတွင် ပေါ်တက်ကို သတိပြု အသုံးပြုသင့်ကြောင်း သာဓကအချို့ ဖော်ပြလိုပါသည်။ ကျွန်တော့်ဖခင်ကြီး၏ မွေးရပ်ဇာတိတွင် ဖျိုင်းငှက်များ ထောင်ဖမ်းရာ၌ ဤပေါ်တက်ကို အသုံးပြုသည်ဟု ဖခင်ကြီးက ပြောပြဖူးပါသည်။

ပေါ်တက်ခဲ ခပ်သေးသေးကို ငါး၏ ပါးစပ်တွင်းထည့်၍ ဖျိုင်းများ လာတတ်သော ကန်ဘေး၊ ချောင်းဘေးတွင် ချထားလိုက်သည်။

ထိုအခါ ပေါ်တက်၏ အခိုးသတ္တိများသည် ငါးတစ်ကိုယ်လုံးတွင် ပျံ့နှံ့နေပါသည်။ ဖျိုင်းသည် ငါးကို ချီ၍ သစ်ပင်ထက်သို့ ပျံတက်စဉ် ငါး၏ ကိုယ်တွင်းရှိ ပေါ်တက်အစွမ်းအာနိသင်ကြောင့် လမ်းခုလတ် လေထဲ၌ပင် အောက်သို့ ပြန်ပြုတ်ကျရတော့သည်။

ကျွန်တော်၏ ကိုယ်တွေ့ဖြစ်ရပ်ကား ဖခင်ကြီးဆီတွင် ရွှေရည်စိမ်ပညာကို သင်ယူစဉ်က ဖြစ်သည်။

ရွှေရည်စိမ်နည်းကို သင်ကြားပြသပြီး၍ ဖခင်ကြီးသည် ပေါ်တက်ရည်ဖြင့် ဖျော်စပ်ထားသော စိမ်ရည်ဖမ်းရည်များကို အဖုံးလုံသော ပလတ်စတစ်ပုံးထဲသို့ စနစ်တကျ ပြောင်းထည့်ထားပြီး ဖြစ်သည်။

သိမ်းဆည်းရန် ကျန်သည်က ပေါ်တက်ရည် အနည်စစ်ထားသော လက်တစ်ဝါးသာသာ ပိတ်စတစ်ခုသာ ဖြစ်၏။ ဖခင်ကြီးသည် ထိုပိတ်စလေးကို ရေထမ်းပုံး တစ်ပုံးစာမျှ ရှိသော ရေထဲတွင် ဆပ်ပြာဖြင့် ဆေးကြောလေသည်။ ပြီးလျှင် ထိုရေများကို အိမ်ရှေ့ခြံဝင်းထဲသို့ လှမ်းပက်လိုက်၏။

ထိုအချိန်က ကျွန်တော်တို့ အိမ်ရှေ့ခြံဝင်းအတွင်းတွင် မြေနိမ့်နေ၍ ရွှံ့မြေများကို အရင်ဖြည့်ထားသည်။ အပေါ်က အမာခံ ကျောက်သဲမြေများ မထည့်ရသေးပါ။

ရွှံ့မြေ၏ သဘာဝအတိုင်း မိုးကုန်၍ နေနည်းနည်း ပူလာသည်နှင့် ပက်ကြားအက်များ ဖြစ်လာသည်။ အိမ်အောက်တွင်မူ ရေအနည်းငယ် ရှိသေးသည်။ ကျွန်တော့်ဖခင်ကြီး ပက်လိုက်သော ရေများသည် ပက်ကြားအက်များ အတွင်းသို့ စီးဝင်သွားကြသည်။

ခဏအကြာတွင် အိမ်အောက်ရေထဲက တဗွမ်းဗွမ်းအသံများ ကြားရလေသည်။ အိမ်အောက် ဆင်းကြည့်သောအခါ ရေထဲရှိ ငါးများ ငါးရှဉ့်များသည် တွန့်လိမ်ကောက်ကွေး တဖျပ်ဖျပ်ခုန်လျက် မကြာမီ ငြိမ်သက်သေဆုံးကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းမသိ၍ တစ်အိမ်လုံး အံ့ဩ စုတ်သပ်နေမိကြသည်။ နောက်တော့မှ ဖခင်ကြီးမှ သဘောပေါက်သွားပြီး ရှင်းပြလေသည်။

ဖခင်ကြီး သွန်လိုက်သော ရေများသည် ခြံဝင်းထဲရှိ ပက်ကြားအက်များမှ တစ်ဆင့် အိမ်အောက်ဘက်ရှိ ရေထဲသို့ ရောက်ကုန်ကြသည်။

ထိုရေများသည် ပေါ်တက်ရေစစ်ထားသော ပိတ်စအား ဆေးကြောထားသောကြောင့် အိမ်အောက် ရေထဲရှိ ရေသတ္တဝါများ အဆိပ်သင့်သွားခြင်းဖြစ်သည်။

ဒါတော်ငြ ပိတ်စလေးအား ရေပမာဏများစွာဖြင့် ဆေးကြောခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် **ပေါ်တက်ကို အထူးသတိပြု သုံးစွဲရပါမည်။** ကလေးငယ်များ ရှိပါက ပို၍ ဂရုစိုက်သင့်ပါသည်။

ကြေးထည်များကို ငွေရည်စိမ်ရန်အတွက် ငွေစိမ်ရည် ပြုလုပ်ပုံမှာ ဤသို့ဖြစ်၏။

သန့်စင်သော ရေကို ဆူပွက်အောင် အပူပေး၍ ဖန်ပုလင်းပြတ်တစ်ခုအတွင်းသို့ ယင်းရေ လီတာဝက် (0.5Litre)ခန့် ချင့်တွယ်၍ ထည့်ပါ။

ထိုပုလင်းပြတ်ထဲသို့ **ပေါ်တက် ကွမ်းသီးလုံးခန့် တစ်ခဲထည့်ပါ။** ပေါ်တက်ခဲ အရည်ပျော်သွားပါက ပိတ်စဖြင့် အနည်စစ်ပါ။

ထို့အတူ အရည်စိမ်မည့် ကြေးထည်ပစ္စည်းကိုလည်း ဆီ၊ ကြေးညှော်များ ကင်းစင်အောင် ပြုလုပ်ထားရပါမည်။ မန်ကျည်းသီး အနည်းငယ်ထည့်ထားသော စတီးခွက်ထဲသို့ ကြေးထည်ပစ္စည်းကို ထည့်ပါ။

ထိုခွက်ထဲကို ရေအနည်းငယ်ထည့်၍ အောက်မှ မီးအပူပေးပါ။ ဆူပွက်လာပါက ကြေးထည်ပစ္စည်းကို ယူ၍ ကြေးဘလွတ်ခတ်ပါ။ ပြီးလျှင် ရေဖြင့် စင်ကြယ်အောင် ဆေးကြောပါ။



လျှပ်စစ်အဖိုဘက်တွင် ကြေးနန်းကြိုးမျှင်တစ်ချောင်းနှင့်ဆက်၍ ယင်းနန်းကြိုးမျှင် တစ်ဖက်ထိပ်စတွင် သန့်စင်သော **ငွေပြား(ဘော်)တစ်ခု** ချိတ်ပါ။

လျှပ်စစ်အမ ဘက်တွင်လည်း ကြေးနန်းကြိုးမျှင် တစ်ချောင်းနှင့် ဆက်၍ ယင်းနန်းကြိုးမျှင် တစ်ဖက်ထိပ်စတွင် သန့်စင်သော **ကြေးပြား တစ်ခု**ချိတ်ပါ။

ထို့နောက် ငွေပြားနှင့် ကြေးပြားကို အနည်စစ်ထားသော ပေါ်တက်ပျော်ရည်အတွင်းသို့ ထည့်ပါ။ ထိုအခါ အဖိုဘက်ရှိ ငွေပြားမှ ငွေမော်လီကျူးများသည် ပေါ်တက်ပျော်ရည်ကို ဖြတ်၍ အမဘက်ရှိ ကြေးပြားတွင် ကပ်ရောက်ကာ ကြေးပြားသည် ငွေရောင်ဖြစ်လာပါလိမ့်မည်။

ပျော်ရည်အတွင်း အညစ်အကြေး ရှိပါက ကြေးပြားသည် မဲညစ်လာပါလိမ့်မည်။ ယင်းကြေးပြားကို ကင်ပွန်းသီးချဉ်ရည်တွင် ကြေးဘလွတ် ခတ်ပါက ကြေးပြားသည် မူလကြေးရောင် ပြန်တောက်ပလာပါလိမ့်မည်။

ထိုအခါ ငွေပြားနှင့် ကြေးပြားကို ပေါ်တက်ပျော်ရည်အတွင်း ပြန်ထည့်ပါ။ ကြေးပြားသည် မည်းညစ်မှု မရှိတော့ဘဲ ငွေရောင် တောက်ပလာပါက ပေါ်တက်ပျော်ရည်အတွင်း အညစ်အကြေး ကင်းစင်ပြီဖြစ်ကြောင်း သိရပါသည်။

ယင်းနောက် လျှပ်စစ်အဖိုဘက်ရှိ နန်းကြိုးမျှင်တွင် သန့်စင်သော ငွေပြား(ဘော်)ကို ချိတ်၍ လျှပ်စစ်အမဘက်ရှိ နန်းကြိုးမျှင်တွင် မည်သည့်အရာမှ မချိတ်ဘဲ (နန်းကြိုးမျှင်အတိုင်း) ပေါ်တက်ပျော်ရည်အတွင်း ထည့်ပါ။ ဤအတိုင်း(၄၅)မိနစ်ခန့် လွှတ်ပေးထားပါက **ငွေစိမ်ရည်**ကို ရရှိလာပါသည်။

ငွေရည်စိမ်မည်ဆိုပါက လျှပ်စစ်အဖို နန်းကြိုးတွင် သန့်စင်သော ငွေပြား(ဘော်)ကို ချိတ်၍ လျှပ်စစ်အမ နန်းကြိုးတွင် စိမ်လိုသော ကြေးထည်ပစ္စည်းကို ချိတ်ကာ ငွေစိမ်ရည်အတွင်း ထည့်ပါ။

ထိုအခါ အဖိုဘက်ရှိ ငွေပြားမှ ငွေမော်လီကျူးများသည် အမဘက်ရှိ ကြေးထည်ပစ္စည်းတွင် ကပ်ရောက်ပြီး ကြေးထည်များ ငွေရောင် သန်းလာပါလိမ့်မည်။ ငွေရည် ကပ်ရောက်မှု ညီမျှရန်အတွက် အရည်စိမ်သော ပစ္စည်းကို လှုပ်လှုပ်ပေးပါ။

အချိန်အနည်းငယ်အတွင်း ကြေးထည်ပစ္စည်းများသည် ငွေရောင် တောက်ပလာပါလိမ့်မည်။ ထိုအခါ စိမ်ထည်ပစ္စည်းကို ရေများများဖြင့် စင်ကြယ်အောင် ဆေးကြောပါ။

ငွေရောင် တောက်ပနေသော မူလ ကြေးထည်ပစ္စည်းများကို ရွှေရည်စိမ်ရန် ဆက်လက် ပြုလုပ်ရပါမည်။ ပြီးခဲ့သောလက ငွေထည်များ ရွှေရည်စိမ်နည်းကို ဖော်ပြပြီးဖြစ်၍ ယခု အကျဉ်းမျှသာ ဖော်ပြပါမည်။

ငွေထည်များ ရွှေရည်စိမ်ရန်အတွက် **ရွှေစိမ်ရည်ဖမ်းရည်** ပြုလုပ်ရပါသည်။

သန့်စင်ပြီးသော ပေါ်တက်ပျော်ရည် အဝကျယ် ပုလင်းပြတ်နှုတ်အတွင်း

www.burmeseclassic.com

ခွဲထည့်ထားပါ။ လျှပ်စစ်အဖိုစ နန်းကြိုးမျှင်တွင် သန့်စင်သောရွှေပြား(အခေါက်ရွှေ)ကို ချိတ်၍ လျှပ်စစ်အမစ နန်းကြိုးမျှင်တွင် မည်သည့်ပစ္စည်းမှ မချိတ်ဘဲ (နန်းကြိုးမျှင် အတိုင်း) ပေါ်တက်ပျော်ရည် ပုလင်းပြွတ်တစ်ခုအတွင်းသို့ထည့်ပါ။ (၄၅)မိနစ်ခန့် ထားပါက ရွှေစိမ်ရည်ကို ရရှိပါမည်။

ထိုနည်းအတိုင်း ကျန်သော ပေါ်တက်ပျော်ရည် ပုလင်းပြွတ်အတွင်းသို့ မိနစ်(၂၀)ခန့် လွှတ်ထားပါက ရွှေဖမ်းရည်ကို ရရှိပါမည်။

**ရွှေရည်စိမ်ပုံမှာ ဤသို့ဖြစ်၏။**

လျှပ်စစ်အဖိုစတွင် သန့်စင်သော ရွှေပြား (အခေါက်ရွှေ)ကို ချိတ်၍ လျှပ်စစ်အမတွင် စိမ်လိုသော ငွေထည်ပစ္စည်းကို ချိတ်ကာ ရွှေစိမ်ရည်အတွင်းထည့်ပါ။

ထိုအခါတွင် ရွှေပြားမှ ရွှေမော်လီကျူးများ သည် ငွေထည်ပစ္စည်းကို ကပ်ရောက်ပြီး ငွေထည်ပစ္စည်းများမှာ ရွှေရောင် သန်းလာပါလိမ့်မည်။

ယင်းကို ထုတ်ယူပြီး ကင်းပွန်းသီးချဉ်ရည်တွင် ကြေးဘလွတ်ခတ်ပါ။ ပြီးလျှင် ရေဖြင့် စင်ကြယ်အောင်ဆေး၍ လျှပ်စစ်အမတွင် ပြန်ချိတ်ပါ။

ထို့နောက် လျှပ်စစ်အဖိုစ၊ အမစ နှစ်ခုလုံးအား ရွှေဖမ်းရည်အတွင်း ပြောင်းထည့်ပါ။ အချိန် အနည်းငယ်ကြာ၍ မိမိ အလိုရှိသော ရွှေရည်အရောင် ရရှိပါက ရပ်တန့်နိုင်ပါပြီ။

ရွှေရည်စိမ်ပြီးသော ပစ္စည်းများအား ရေများများဖြင့် စင်ကြယ်အောင် ဆေး၍ မီးအပူပေးထားသော ခွက်တွင် ထည့်ကာ အခြောက်ခံပါလေ။

**ဆန္ဒမွန်ဖြင့်...**

**ဆုမောင်(ရှကွ)**

# သွပ်ဖမ်းနည်းတစ်မျိုး



အင်္ဂရတ်ပညာပိုင်းမှာ သွပ်ဖမ်းနည်းကို ယခင်ဆရာကြီး၊ ပညာရှင်ကြီးများမှ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို နည်းအမျိုးမျိုးနဲ့ ဖော်ပြထားတာကို လေ့လာဖတ်ရှုခဲ့ရပါတယ်။

ယခုလဲ သွပ်ဖမ်းနည်းတစ်မျိုးကို ဝါသနာတူ သုတေသီများအား လွယ်ကူစွာဖြင့် လုပ်ဆောင်နိုင်ရန်အတွက် တင်ပြရမယ်ဆိုပါရင်...

'မျောက်၊ ဆင်၊ မြင်း၊ ခွေး၊ ချေး နှင်း၊ ကျွဲ၊ ချိန်လေအမျှ ဆေးသတ္တု ကြိတ်ပ ညက်စေ၊ ပျားနှင့်တေ၊ ပုံလေကိုးနဝ၊ တစ်ပုံတစ်မီး၊ သွပ်ကိုနှီး၊ အပြီးမရဏ၊ ပျဉ်း၍ကျ၊ ဘော်(၁၀)တွင် သုံးရွေးဝင် ရွှေစင်သိင်္ဂနိက်'

**အဓိပ္ပာယ်ကောက်ပုံမှာ...**

၁။ မျောက်ခုံညင်းဆန်
၂။ ဆင်ပိတ်ချင်းသီး
၃။ မြင်းခေါင်းနာရောင်သီး
၄။ ခွေးလေးသီးနက်
၅။ ချေးသီး
၆။ နှင်းပန်းဥ
၇။ ကျွဲဥ

ယင်း(၇)ပါးကို ညက်စွာကြိတ်၊ ပျားရည်နှင့် တေပြီးလျှင် ကိုးပုံ,ပုံ၊ သွပ်ကို အထက်,အောက်နှီး၍ပိတ်၊ မီးလှုံ့(၉)လုံထိုး၊ ပျဉ်း၍သေ၏။

ထို့နောက် ဘော်(၁၀)ကျပ်သားကို အရည်ကျို၍ ယင်း သွပ်သေ သုံးရွေး ပစ်လျှင် ရွှေစင်သိင်္ဂနိက် ဖြစ်သည်ဟု (အင်္ဂတ္တရကျမ်း)တွင်ဖော်ပြထားပါသည်။

**ဝါသနာတူ သုတေသီများ လိုအပ်သော ပန်းတိုင်ကို အမြန်ဆုံးရောက်နိုင်ကြပါစေဟု ဆန္ဒပြုလျက်...**

**နတ်မောက် အောင်သိန်း**

စာမျက်နှာ (၉၆)မှ အဆက်

**ရွှေဘာဘူး။** ။'အဘ မြေအိုးထဲက ရတယ်ဆိုပြီး ကျွန်တော့်ကို ညာမပြောပါနဲ့၊ ကျွန်တော် ရွှေကိုင်ပြီး မမွေးရုံတမည်ပါပဲ။

ဒါ အဘ အင်္ဂရတ်ဓာတ်ပညာနဲ့ဖန်တီးထားတဲ့ရွှေကိုမွှားထားတဲ့ ပြဒါးဓာတ်သားတွေပါ။ အဲဒီတော့ အဘကို ကျွန်တော် ဘယ်လို အကူအညီပေးရမလဲပြောပါ'

**ဦးရွှေသီး။** ။'ရွှေဘာဘူ ကျုပ်တို့ ရွာထိပ်က ဘုရားစေတီတော်ကို ဥာဏ်တော်မြှင့်ပါမယ်။ မှန်ရှစ်မှန်ဖွင့်ပြီး ရွှေထီးတော် အသစ်တင်ပါမယ်'

**ရွှေဘာဘူး။** ။'ပြဒါး ရွှေစေတီလို့တောင် ဘွဲ့တော်ပေးထိုက်ပါတယ် အဘ။ ကျွန်တော် အဘအစွမ်း ဓာတ်သားတွေကို တန်ဖိုးသင့်ပြီး အကူအညီပေးပါ့မယ်'

**[မှတ်ချက်။ ။ ဓာတ်ဆရာကြီး ဦးရွှေသီးဟာ နာတွဲပြဒါးများကို ချော်နီဖြင့် သုံးလုံ၊ သုံးမီးပေးပြီး ဖမ်းတယ်လို့ သိရပါတယ်။**

**(ချော်နီသည် ချော်မည်းအရောင် ပြောင်းပါက ဆက်မထိုးပါ။) ပြဒါးဖမ်းသော ချော်နီကလဲ နက်လျှင် အစ၊ နီလျှင် အနိုင်၊ ဝါလျှင်ပြိုင်၊ ဖြူလျှင်ဆုံး ဆိုသော ဓာတ်တက်စဉ်မှန် ပြဒါးဓာတ်လုံးရဲ့ တန်းဝင်ချော်လို့ သိရပါတယ်။]**

လူငယ်များ ရေနွေးကြမ်းစကားဝိုင်းတွင် ဗိုလ်ကြီးကျင်မောင်(မော်ကွန်းဝင်ပထမဆင့်)မှ ပြောပြခဲ့တဲ့ ရှေးဟောင်း ဓာတ်ပညာ အသုံးချတန်ဖိုးကို ဤစာစုဖြင့် မှတ်တမ်းပြုပါတယ်။

**အောင်လှသန်း** *(မင်းဘူး)*



www.burmeseclassic.com

www.burmeseclassic.com



အောင်လှသန်း
(မင်းဘူး)

# အဂ္ဂိရတ်မှာ

အသုံးချပညာ

ထက်ကောင်းကင် အဇမ္ဗူတစ်ခွင်မှာ တိမ်ပြာတွေကပ်လို့ တိမ်ပြာပေါ်မှာ တိမ်ဖြူတွေက ဟိုတစ်ကွက်၊ ဒီတစ်ကွက်။ အင်း ဒီနေ့လဲ မိုးရွာပါ့မလား။ သီလုံးရေသောက်ဖို့ နှမ်းပင်လေးတွေကလဲ မိုးကို မျှော်လို့။

ကျွန်တော်လဲ နှမ်းပင်လေးတွေနဲ့ အတူ မိုးကိုမျှော်ရင်း ဘိုးသူတော် ဦးရွှေနီရဲ့ အဂ္ဂိရတ်မေတ္တာစာကို ဖတ်ရှုနေပါတယ်။

'မဟာအဂ္ဂိဂေါဏ၊ ရှေးကနည်းမှီ၍ ရှင်မထီးနှင့်၊ တပသီဝိဇ္ဇာ၊ မြတ်ဆရာတို့၊ ပညာအရေး၊ ဥပဒေထူး၊ စာနှင့်ကူး၊ ဖြစ်ဖူးများစွာပဒေသာ၊ မိန့်မှာစကား ရှိသည်များကို၊ နားမလည်လေ၊ တိတ်တိတ်နေ၊ ငွေမရှားလို့ ပြဒါးသေ၊ မြစိမ်းတောင်ခြေ၊ ထိုးတဲ့အဂ္ဂိ၊ စကားလဲရှိ၊ မသိသူကျော်၊ သိသူဖော်သတဲ့'

အင်း လိုချင်တာကိုယူ ထိုက်ထိုက်တန်တန်ပေးရတဲ့ အဂ္ဂိရတ် ဓာတ်ပညာပါလား။

**"ငွေမရှားလို့ ပြဒါးသေ၊ မြစိမ်းတောင်ခြေထိုးတဲ့ အဂ္ဂိ"**ဆိုတဲ့ စာလေး ဖတ်လိုက်ရတော့ ကျွန်တော် လွန်ခဲ့တဲ့ အနှစ်(၂၀)ကျော်ကာလက ဗိုလ်ကြီးကျင်မောင် (မော်ကွန်းဝင် ပထမဆင့်)ပြောပြခဲ့တဲ့ ဓာတ်ဆရာကြီး ဦးရွှေသီးရဲ့ပုံရိပ်ကို မြင်ယောင်လာပါတယ်။

လွတ်လပ်ရေး အကြိုကာလကပါ။

ပြည်မြို့ ရွှေဘာဘူတိုက်တစ်ခုကို အရပ်အမောင်း ပုပြတ်ပြတ်၊ ဝါနီဖျင် အင်္ကျီလက်ရှည်ကို လည်ပင်းနားထိ ကြယ်သီးကိုတပ်ကာ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီး ဝါးဆေးတံလေးကို ကိုက်ကာ စကားပြောရင် အပိုအလို မပါစေအောင် ဆစ်ပိုင်းပြီး လေယူလေသိမ်း အေးအေးဆေးဆေး စကားပြောတတ်တဲ့ အသက်(၆၀)ကျော် အရွယ် တောင်မထုံးချောင်းဘေး ရွာတစ်ရွာက အဂ္ဂိရတ်ဓာတ်ပညာရှင် တစ်ဦး ရောက်ရှိလာပါတယ်။ ဓာတ်ဆရာကြီးရဲ့အမည်ကို ဦးရွှေသီးလို့ သိရတယ်။

ဓာတ်ဆရာကြီး ဦးရွှေသီးဟာ အလေးချိန် သုံးဆယ်သားခန့် (တိတိကျကျပြောရရင် နှစ်ဆယ့်ခုနစ်ကျပ်သား)ရှိတဲ့ နီဝါစို အပျော့အပျဉ်း အစီးအပိုင်ကောင်းတဲ့ ရွှေရောင်ဓာတ်သားတွေကို ရွှေဘာဘူတိုက် ညွှန်ခန်းမှာရှိတဲ့ စားပွဲပေါ် တင်လိုက်ပါတယ်။

**ဦးရွှေသီး။** ။ 'ရွှေဘာဘူ ဒါကို စိစစ်ပြီး တန်ဖိုးသင့်ပေးပါ'

**ရွှေဘာဘူ။** ။ 'ဒါ ဘယ်က ရပါသလဲ အဘ'

**ဦးရွှေသီး။** ။ 'တို့ရွာမှာ အိမ်ဆောက်တော့ ဥရုတိုင်(ဥယျာဉ်တိုင်)စိုက်ဖို့ ကျင်းတူးရာက မြေအိုးလေးထဲက ရပါတယ်'

**ရွှေဘာဘူ။** ။ (ရွှေဘာဘူဟာ ဦးရွှေသီးရဲ့ ရွှေရောင်ဓာတ်သားများကို လက်နဲ့ ဆကာဆကာ ပြုပြီး) 'အဘ ကျွန်တော်ရောင်းတဲ့ တစ်ကျပ်သားရွှေကို အဘရဲ့ ဘယ်ဘက်လက် ဆုပ်ထားပါ။

နောက်အဘရဲ့ ညာဘက်လက်မှာ အဘရဲ့ ဓာတ်သားတစ်ကျပ်သားကို ဆုပ်ထားပါ။

ခုလို လက်နှစ်ဖက် ဆုပ်ကိုင်ထားတဲ့ နေရာမှာ ဘယ်ဘက်က အအေးဓာတ်ပိုပါသလဲ၊ နောက် ဘယ်ဘက်က သိပ်သည်းဆ ပိုတာကို လက်မှာ လာတိုးပါသလဲ'

**ဦးရွှေသီး။** ။ 'ကျပ်ပစ္စည်းက အအေးဓာတ်ပိုသလို သိပ်သည်းဆ ပိုတာကိုလဲ လက်မှာ လာတိုးပါတယ်'

စာမျက်နှာ (၉၅) သို့

ဒွိ(အမရပူရ)



# ကံ့လုံ့ဆရာတော်ကြီး၏ ရုပ်တုတော်အား

## ဘောဆောင့်နုတ်တို့မှ သက်သတ်လွတ်ဆွမ်းကပ်လှူခြင်း

လွန်ခဲ့သော(၅)နှစ်ခန့်က မန္တလေးမှ သူငယ်ချင်းမဆွေက ကံ့လုံ့ဆရာတော်ကြီးရုပ်တုတော် ရွှေကျီးမြင့်ဘုရားသို့ ကြွရောက် အပူဇော်ခံမည့်အကြောင်း ဖုန်းဆက်ပြောလာပါသည်။ ၁၉၉၂ ခုနှစ်၊ တောင်ကြီး တန်ဆောင်တိုင်သို့ သွားရင်း ကံ့လုံ့ဆရာတော်ကြီးကို အတူ သွားဖူးကြသော သူငယ်ချင်းတစ်ယောက် ဖြစ်ပါသည်။

ကျွန်မနှင့်မဆွေတို့သည် နံနက်(၁၀) နာရီခန့်တွင် ရွှေကျီးမြင့်ဘုရားသို့ သွားကြပါသည်။ ဘုရားဝင်းအတွင်းတွင် ကံ့လုံ့ဆရာတော်ကြီး ရုပ်တုတော်ကို လာရောက်ဖူးသည့် လူပရိသတ်များစွာကို တွေ့ရပါသည်။

ကျွန်မတို့သည် ဆရာတော်ကြီး၏ ရုပ်တုတော် မကြွလာသေး၍ ရွှေကျီးမြင့်ဘုရားကိန်းဝပ်ရာ လိုဏ်ဂူတော်ထဲသို့ ဘုရားဖူးရန် ဝင်ခဲ့ကြပါသည်။ လိုဏ်ဂူတော်ထဲတွင် ရှေးဟောင်းတန်ခိုးကြီး ဘုရားများကို သပ္ပာယ်စွာ ဖူးမြော်ရပါသည်။

**ရွှေကျီးမြင့်ဘုရား၊ အညာသီဟတောဘုရား၊ ရွှေလင်းပင်ဘုရား၊ စိန်ဘုရား၊ မြဘုရား၊ ရွှေဘုရားတို့ကို** ဖူးတွေ့ရပါသည်။

မကြာမီ ကံ့လုံ့ဆရာတော်ကြီးရုပ်တုတော်သည် ရတနာများစီခြယ်ထားသော ရွှေဝေါယဉ်ပေါ်ရှိ ကျွန်းသား ကုလားထိုင်ပေါ်တွင်ထိုင်လျက် သီတင်းသုံးနေပြီး လိုဏ်ဂူထဲသို့ ပင့်ဆောင်လာပါသည်။

ကျွန်မတို့သည် ဘုရားရှေ့တော်တွင် ရောက်နေသဖြင့် ဆရာတော်ကြီးရုပ်တုတော်ကို နီးကပ်စွာဖူးရပြီး သက်တော်ထင်ရှားရှိနေသကဲ့သို့ ဖူးတွေ့ရပါသည်။ ကံ့လုံ့ဆရာတော်ကြီး၏ ရုပ်တုတော်ကို ထိုင်းနိုင်ငံတွင် သွားရောက်သွန်းထုထားပြီး သက်တော်ထင်ရှားရှိစဉ်က ဆံချထားသော ဆံပင်,သွေးတို့ကို ထည့်သွင်းထားသည်ဟုလည်း သိရပါသည်။


ဆရာတော်ကြီး၏ ရုပ်တုတော်ကို သက်သတ်လွတ်ဆွမ်းဟင်းများ၊ သစ်သီးမျိုးစုံ၊ အချိုရည်တို့ဖြင့် ဆွမ်းကပ်တော်မူပါသည်။

ကံ့လုံ့ဆရာတော်ကြီး၏ ရုပ်တုတော်ကို ပင့်ဆောင်လာသော အလှူရှင်မှာ မန္တလေးမြို့မှ ဒေါက်တာခင်ခင်စိမ့်နှင့် မိသားစုဖြစ်ပါသည်။ ဆရာတော်ကြီး သက်တော်ထင်ရှား ရှိတော်မူစဉ်ကလည်း ပစ္စည်းလေးပါး ဆက်ကပ်လှူကြသော အလှူရှင်လည်း ဖြစ်ပါသည်။

ဆရာတော်ကြီးရုပ်တုတော်ကို ထိုင်းနိုင်ငံသို့ သွားရောက်သွန်းထုသော အလှူရှင်လည်း ဖြစ်ပါသည်။ ဆရာတော်ကြီး ရုပ်တုတော် မန္တလေးမြို့သို့ ကြွလာပါက နေအိမ်တိုက်တွင် သီတင်းသုံးနေထိုင်ရန် စံကျောင်းတော်လည်း လှူထားသော အလှူရှင်လည်း ဖြစ်ပါသည်။

ကံ့လုံ့ဆရာတော်ကြီး၏ ရုပ်တုတော်

www.burmeseclassic.com



ကို ဆွမ်းကပ်လှူနေစဉ် ဘေးမှကြည့်ညို့နေသော ပရိသတ်များကို အလှူရှင်မှ လွန်ခဲ့သောတစ်နှစ်က ဆရာတော်ကြီး ရုပ်တုတော် မန္တလေးမြို့မှ ရှမ်းပြည်နယ် ပင်းတယမြို့ ကုံလုံကျောင်းတိုက်သို့ ပို့ဆောင်စဉ် ထူးဆန်းအံ့သြဖွယ်ကောင်းသောအကြောင်းကို ပြောပြပါသည်။

မန္တလေးမြို့ရှိ အလှူရှင်၏စံကျောင်းတော်တွင်ပူဇော်ပြီး ကုံလုံကျောင်းတိုက်သို့ မိသားစုများ၊ မိတ်ဆွေများမှ ကားများဖြင့် ပို့ဆောင်ရန် မန္တလေးမြို့မှ နံနက်ပိုင်းတွင် ထွက်ခွာလာခဲ့ပါသည်။

ဆရာတော်ကြီးရုပ်တုတော် ပင့်ဆောင်လာသော ကားများသည် ကျောက်ဆည်မြို့ကိုဖြတ်ပြီး ဟန်မြင့်မိုရ်လမ်းခွဲမှ ရွာငံမြို့နယ်ထဲသို့ ရောက်ရှိလာပါသည်။

အလှူရှင်မိသားစုသည် ဆရာတော်ကြီးရုပ်တုတော်အား နေ့ဆွမ်းကပ်လှူရန် ဆွမ်း၊ သက်သတ်လွတ်ဟင်းများ၊ သစ်သီးများ၊ အချိုရည်များကိုလည်း ယူဆောင်လာကြပါသည်။ ဆရာတော်ကြီးကို ကပ်နေကျ မုန်ညင်းဟင်းနှင့် ရှမ်းပဲပုပ်ထောင်း မပါလာသည်ကို အလှူရှင်မှ စိတ်မကောင်း ဖြစ်နေပါသည်။

ဆွမ်းကပ်ချိန်နီးလာ၍ ရှေ့နားတွင် ဘုန်းကြီးကျောင်းများတွေ့ပါက ကားရပ်ရန်လည်း ပြောလိုက်ပါသည်။ လမ်းသည် တောတောင်သစ်ပင်ကြီးများကို တွေ့ရပြီး ရွာများကိုလည်း မတွေ့ရပါ။

မကြာမီအချိန်တွင် လမ်းဘေးတစ်နေရာ၌ သစ်ပင်ပန်းမန်များနှင့် သီးနှံပင်များစိုက်ထားသည့် တောင်ယာအိမ်လေးတစ်လုံးကို တွေ့ရှိလာပါသည်။ ကားများ ခြံဝင်းရှေ့ ရပ်လိုက်သောအခါ အိမ်ရှင်ရှမ်းမိသားစုများ ထွက်လာပြီး အကူအညီများလိုအပ်ပါက တောင်းပါရန် ယဉ်ကျေးစွာ ပြောလာပါသည်။

အလှူရှင်မှာ ကုံလုံဆရာတော်ကြီးကို ဆွမ်းကပ်ချိန်ရောက်နေပါ၍ အိမ်တွင်းသို့ပင့်ပြီး လှူလိုပါကြောင်း ပြောလိုက်ပါသည်။

အိမ်ရှင်ရှမ်းမိသားစုမှ ခွင့်ပြုသဖြင့် မိမိတို့ပါလာသော ဆွမ်းဟင်းများကို စားပွဲပေါ်တွင် ပြင်ဆင်ကြပါသည်။ ရှမ်းမိသားစုမှ အငွေ့တထောင်းထောင်းထနေပြီး မွှေးပျံ့နေသော ဆွမ်း၊ မုန်ညင်းဟင်း၊ ရှမ်းပဲပုပ်ထောင်းတို့ကို ကပ်လှူပါသည်။

အလှူရှင်သည် မိမိဆွမ်းချိုင့်ထဲတွင် မပါသော သက်သတ်လွတ်ဟင်းများ ပါလာသဖြင့် ဝမ်းသာသွားပါသည်။ ကုံလုံဆရာတော်ကြီး၏ ရုပ်တုတော်ကို အိမ်ထဲသို့ပင့်ဆောင်ရာတွင် အိမ်တံခါးဝနှင့် ဝေါယာဉ်မှာ အံကိုက်ဝင်သာရုံလေး ဖြစ်ပါသည်။

ကုံလုံဆရာတော်ကြီး ရုပ်တုတော်အား သက်သတ်လွတ်ဆွမ်း ကပ်လှူပြီးသောအခါ ပါလာသောမိသားစု၊ မိတ်ဆွေများကိုလည်း ရှမ်းမိသားစုမှ သက်သတ်လွတ်ဟင်းများဖြင့် ညှို့ခံကျွေးမွေးကြပါသည်။

အားလုံး စားသောက်ပြီးသောအခါ ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်၍ ခရီးထွက်ခဲ့ကြပါသည်။ အလှူရှင်နှင့် မိသားစုမှလည်း အပြန်ခရီးတွင် ရှမ်းမိသားစု၏ စေတနာကို ကျေးဇူးတုံ့ပြန်ရန်နေရာများကို မှတ်သားလာခဲ့ပါသည်။

ကုံလုံဆရာတော်ကြီး၏ ရုပ်တုတော်သည် ပင်းတယမြို့ ကုံလုံကျောင်းတိုက်သို့ ရောက်ရှိပြီး စံကျောင်းတော်တွင် သီတင်းသုံးတော်မူပါသည်။ အလှူရှင်မိသားစုနှင့် မိတ်ဆွေများသည် ကျောင်းတိုက်တွင် ရက်အနည်းငယ်နေပြီး အလာလမ်းအတိုင်း မန္တလေးမြို့သို့ ကားများဖြင့် ပြန်လာခဲ့ကြပါသည်။

**အပြန်ခရီးတွင် ရှမ်းမိသားစုတို့၏ တောင်ယာတဲသို့ဝင်ပြီး လက်ဆောင်များပေးရန်လဲ ယူဆောင်လာခဲ့ပါသည်။ မိမိတို့ဆွမ်းကပ်ခဲ့သောနေရာကို မှတ်သားထားသဖြင့် ထိုနေရာသို့ ကားများရောက်သောအခါ မည်သည့်တောင်ယာတဲအိမ်ကိုမျှ မတွေ့ရတော့ပါ။**

ထိုနေရာတွင် သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေသော တောကြီးဖြစ်ပြီး ရွာများလည်း အနီးအနားတွင် မတွေ့ရပါ။ ယခုချာ





www.burmeseclassic.com

www.burmeseclassic.com

# အရိုးတောင်ကျောင်းကြီးပေါ်

## အုန်းပင်အရိပ်ပေါ်ခြင်း ဖြစ်ရပ်ဆန်း

မောင်မြမောင်
(ထားဝယ်)



◆ အရိုးတောင်ကျောင်း၏ အဝင်ဝ မုခ်ဦးအနီး ဒူးရင်းပင် အုန်းပင် ပိန္နဲပင်တို့ ပေါက်ရောက်နေသည့် မြင်ကွင်း

စာရေးသူတို့ ထားဝယ်မြို့နယ် ကူးတို့ရွာရှိ အရိုးတောင်ကျောင်းသို့ ဦးတည်လျက် ခရီးနှင်လာကြသည်။ သူရိန်နေမင်း၏ စွမ်းအင်ကလည်း မှုပြင်းလှသည်။

သို့သော် အရိုးတောင်ကျောင်းဝင်း အတွင်းသို့ ရောက်ရှိသောအခါ တောတောင်တို့၏ သစ်ကြီးဝါးကြီးအရိပ်၊ ဘုရားအရိပ်၊ တရားရိပ်များကြောင့် အေးချမ်းကြည်နူး စိတ်နှလုံးဝေဖြာ ချမ်းမြေ့ခံစားရကာ ရွှင်လန်းနေမိသည်။

အရိုးတောင်ကျောင်း၏ အဝင်ဝ မုခ်ဦးသည် ဘုန်းတော်ကြီးကျောင်း၏ အနောက်ဘက်မျက်နှာစာတွင် ရှိသည်။ ထိုမျက်နှာစာ၌ပင် မြေကွက်လပ်ကြီးဖြစ်လျက် ရှိပေသည်။

ထိုမြေကွက်လပ်၏ အရှေ့ဘက်၌ တောင်ဘက်သို့ မျက်နှာမူသော အရိုးတောင် ရှေးဟောင်းကျောင်းကြီး တည်ရှိပေသည်။ ထိုကျောင်းကြီးသည် အရှေ့အနောက် အလျားရှိ၏။ တောင်မြောက် အနံဖြစ်ကာ မျက်နှာစာသည် တောင်ဘက်သို့ မျက်နှာမူထားသည်။

ကျောင်းဝင်း မြေကွက်လပ်၏ အနောက်ဘက်ကျောင်း အဝင်ဝမုခ်ဦး အနီး တောင်ဘက်(ယာဘက်)၌ **ဒူးရင်းပင်ကြီးတစ်ပင်** ရှိ၏။ မြောက်ဘက် (လက်ဝဲဘက်)၌ **ပိန္နဲပင်ကြီးတစ်ပင်** ရှိ၏။ ထိုဒူးရင်းပင်ကြီးနှင့် ပိန္နဲပင်တို့၏ အလယ်၌ ပေ(၂၀)အမြင့်ရှိသော အုန်းပင်ကြီးတစ်ပင်ရှိ၏။

ရှေးဟောင်း သစ်သားဘုန်းတော်ကြီးကျောင်း၏ အောက်ခြေပိတွင် သီတင်းသုံးတော်မူနေသော ဘုန်းတော်

www.burmeseclassic.com



▲အရိုးတောင်ကျောင်းကြီး အပေါ်ထပ် ကြမ်းပြင်ပေါ်၌ ဒူးရင်းပင် အုန်းပင် ပိန္နဲပင်တို့၏ အရိပ်ပုံများ ထင်ဟပ်ဖြစ်ပေါ်နေသည့် မြင်ကွင်း

ကြီးတစ်ပါးကို လှမ်း၍ မြင်လိုက်ရသည်။

'တပည့်တော်တို့က ထားဝယ်မြို့က လာတာပါ အရှင်ဘုရား။ အရှင်ဘုရားရဲ့ အရိုးတောင်ကျောင်းသို့ ဘုရားဖူးလာရင်း ကျောင်းကြီးပေါ်မှာ အုန်းပင်အရိပ် ထင်ဟပ်ဖြစ်ပေါ်နေကြောင်း သတင်းကြားသိရလို့ လာရောက်လေ့လာခြင်း ဖြစ်ပါတယ် အရှင်ဘုရား'

ဟူ၍ စာရေးသူတို့ ဦးချရှိခိုး လျှောက်ထားသည်။

ထို့နောက် ကျောင်းထိုင်ဘုန်းတော်ကြီး ဦးသောဘိတ၏ ဦးဆောင်ခေါ်သွားရာ ရှေးဟောင်းကျောင်းကြီးအပေါ်ထပ်သို့ ရောက်ရှိသွားသည်။

အရိုးတောင်ကျောင်းသည် မင်းတုန်းမင်းတရားကြီးလက်ထက် ဂဏဝိမုတ်ကူးတို့ဂိုဏ်းကြီး၏ ပထမဂိုဏ်းချုပ်ကြီးဖြစ်တော်မူသော ပိဋကတ်တိုက် ဆရာတော်ကြီး၏ဆရာ အရှင် သာရမဏ္ဍသာဘုရားကြီး တောရဆောက်တည်သော အရိုးတောင်ရှိ ရှေးဟောင်းကျောင်းကြီး ဖြစ်ကြောင်း...

ရှေးအစဉ်အဆက်က သီတင်းသုံးနေထိုင်ခဲ့တော်မူကြသည့် ဆရာတော်ကြီးများ၏ ပြောပြချက်များအရ ဤကျောင်းကြီး တည်ဆောက်စဉ်က သစ်များကို အသုံးပြုရာတွင် သစ်လုံးတစ်လုံးတွင် အပေါက်တစ်ပေါက် ပါရှိခဲ့ကြောင်း...

ထိုသစ်လုံးကို သစ်သားပြားများဖြစ်အောင် လွှစက်ဖြင့် ဖြတ်တောက်ပြီးသောအခါ သစ်သားပြားများတွင် အပေါက်တစ်ပေါက်စီ ပါရှိလာကြောင်း...

**ထို့ကြောင့် အရိုးတောင်ကျောင်းကြီး အပေါ်ထပ် အနောက်တောင်ထောင့်ရှိ နံရံပျဉ်ပြားတစ်ပြား၌ အပေါက်သေးသေး တစ်ပေါက် ပါရှိနေခြင်း ဖြစ်သကဲ့သို့ ကြမ်းခင်း ပျဉ်တစ်ပြားတွင်လည်း တစ်လက်မအရွယ်ခန့်ရှိ အဝိုင်း သဏ္ဌာန် အပေါက်တစ်ပေါက် ပါ လာခြင်းဖြစ်ကြောင်း ဆရာတော် ဦးသောဘိတမှ မိန့်ကြားပါသည်။**

ထို့နောက် ဆရာတော်သည် ကျောင်းကြီး၏ အနောက်ဘက် မျက်နှာစာရှိ ပြတင်းပေါက်နှင့် တော ဘက်မျက်နှာစာရှိ ပြတင်းပေါက်တို့ ပိတ်လိုက်သည်။

ထိုစဉ် ထိုကျောင်းကြီး၏ အနော တောင်ထောင့် နံရံထောင် ပျဉ်ပြား အပေါက်သေးသေးနှင့် ကြမ်းခင်း ပြားရှိ အဝိုင်းသဏ္ဌာန်ရှိ အပေါက် အလင်းရောင် ဝင်နေပေသည်။

ထိုအခါ ဆရာတော်သည် ခင်းပျဉ်ပြားရှိ တစ်လက်မခန့်အရွ အဝိုင်းပေါက်ပေါ်၌ စ်ပေခန့်



www.burmeseclassic.com

www.burmeseclassic.com

သော စာရွက်ဖြူတစ်ရွက်ကို တင်၍ ပိတ်လိုက်သည်။

**ဤတွင် ထိုဘုန်းကြီး၏ အနောက်ဘက်မျက်နှာစာ မြေကွက်ပေါ်တွင် ပေါက်နေသော နှုရင်းပင်၊ အုန်းပင်၊ ပိန္နဲပင်တို့၏ ပုံရိပ်လွှာအရိပ်သည် စက္ကူဖြူပေါ်တွင် ထင်ထင်ရှားရှား ထူးထူးခြားခြား ပေါ်ပေါက်လာလေသည်။**

ထိုသို့ သစ်ပင်ရိပ်များ ပေါ်လာရာတွင် အုန်းပင်တစ်ပင်လုံး၏ အရိပ်ပုံလွှာသည် ထူးထူးခြားခြား ဖြစ်ပေါ်လာသည့် ဖြစ်စဉ်တစ်ခုသည် ယနေ့တိုင် ဖြစ်တည်နေပေသည်။

ဤဖြစ်စဉ်သည် **နံနက်(၆)နာရီမှ ညနေ(၆)နာရီအအထိ နေ့စဉ်နေ့တိုင်း ဖြစ်ပေါ်နေသည်။ အထူးသဖြင့် မွန်းလွဲ(၂)နာရီအချိန်တွင် အဆိုပါ အုန်းပင်၏ပုံရိပ်သည် ပိုမိုထင်ရှားပြတ်သားစွာ တွေ့မြင်ရသည်။**

ထို့ကြောင့် ထူးခြားစွာ အုန်းပင်အရိပ်ထင်ဟပ်ပေါ်ခြင်းကို စူးစမ်းလေ့လာလိုပါက **ထားဝယ်မြို့၊ ကူးတို့ရွာ အရိုးတောင်ကျောင်းကြီးတွင် လာရောက်လေ့လာနိုင်ပါကြောင်း သတင်းပေးရေးသား တင်ပြလိုက်ရပါသည်။**

***[ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးပေးပါသော ဦးတင်စိုး(ခရိုင်လျှပ်စစ်အင်ဂျင်နီယာ) အငြိမ်းစားအား အထူးကျေးဇူးတင်ရှိပါကြောင်း...]***

**မောင်မောင်စိုး(ထားဝယ်)**

ကိုးကားချက်

၁။ အရိုးတောင်ကျောင်းထိုင် ဆရာတော် ဦးသောဘိတ၏ မိန့်ကြားချက်များ။

၂။ ကိုယ်တိုင် သွားရောက်လေ့လာခြင်း။

# ကိုယ်ဟာကိုယ်ရောင်

**လိမ်းဆေး**



အသက်အရွယ် ကြီးရင့်လာပါက ခြေဖမိုး,လက်ဖမိုးကလေးများ ရောင်ရမ်းလာတတ်ပါသည်။ ထိုအခါ ဆရာဝန်နှင့်ပြသပါက ဆီးဆေး၊ ထိုး ဆေး၊ စားဆေးများ ပေးကြပါသည်။ ဆီးများသွားပြီး အရောင်လျော့ပါသည်။

တစ်ခါ ဆီးနည်းသွား၊ ဆီးပုံမှန်ပြန်ဖြစ်သွားပါက ပြန်ရောင်လာပြန်ပါသည်။ မြန်မာဗိန္ဒောဆရာကြီးနှင့် ပြသသောအခါ ဆရာကြီးက အောက်ဖော်ပြပါ ဆေးနည်းကို သံပေါက်နှင့်တကွ ပေးလိုက်ပါသည်။

ဆေးရှာရ လွယ်သဖြင့် ဆေးဖော်၍ လိမ်းလိုက်ရာ တစ်ကြိမ်၊ နှစ်ကြိမ် လိမ်းရုံဖြင့် သက်သာ ပျောက်ကင်းသွားပါသည်။

ယင်းလိမ်းဆေးနည်းကို ဆရာကြီးထံ ခွင့်ပန်၍ အများပြည်သူ စာရှုသူများ သုံးစွဲကြည့်နိုင်ရန် ဖော်ပြလိုက်ရပါသည်။

**သံပေါက် စာချိုးမှာ...**

"ဖျောက်ဆိပ်,ခံတက်၊ ကြောင်ပန်းရွက်၊ စွက်လေ နနွင်းစိမ်း။ တေဇောမပြောင်၊ ပါယောဆောင်၊ ကိုယ်ရောင်သူကိုလိမ်း"တဲ့။

အဓိပ္ပာယ်မှာ...

**ဖျောက်ဆိပ်ရွက်၊ ခံတက်ရွက်၊ ကြောင်ပန်းရွက်၊ နနွင်းစိမ်း အမျှစီစု၍ အညက်ကြိတ်ကာ ရေနှင့်ဖျော်၍ လိမ်းရန် ဖြစ်ပါသည်။**

ဆေးနည်းအလွယ်ကို ပေးသော **တောင်တွင်းကြီးမြို့နယ်၊ ချောင်းနက်ရွာမှ ဆေးဆရာကြီး ဦးတင်ရှိန်**အား အထူး ကျေးဇူးတင်ပါသည်။

***အားလုံး ကျန်းမာ ချမ်းသာကြပါစေ။***

**ကောင်းထက် *(ချောင်းနက်)***

စာမျက်နှာ (၉၈)မှ အဆက်

မှတ်သားထားသောနေရာ ဖြစ်သဖြင့် မှားစရာအကြောင်းလည်း မရှိနိုင်ပါ။

အလှူရှင်မိသားစုများ၊ မိတ်ဆွေများသည် တောင်ယာတဲအိမ်နှင့် ရှမ်းတိုင်းရင်းသားမိသားစုကို လမ်းတစ်လျှောက်လုံးရှာသော်လည်း မတွေ့ရပါ။ ထိုရှမ်းမိသားစု သည် လူသားများ မဟုတ်ဘဲ တောစောင့်နတ်များ ဖြစ်ရမည်ဟု အားလုံးက ယုံကြည်လိုက်ကြပါသည်။

ကုံလုံဆရာတော်ကြီး၏ တန်ခိုးတော်ကြောင့် တောစောင့်နတ်များမှ ဆွမ်း၊ သက်သတ်လွတ်ဟင်းများဖြင့်ကပ်လှူကြခြင်းဖြစ်ကြောင်းကိုအလှူရှင်မှ ပြန်လည်ပြောပြပါသည်။

ကုံလုံဆရာတော်ကြီးကို ကိုးကွယ်ဆည်းကပ်ကြသော လူအပေါင်းကို ဆရာတော်ကြီးမှ စောင့်ရှောက်ကာယ်တင်သဖြင့် ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်ကြရန် အလှူရှင်မှ ပြောကြားပါသည်။

ကုံလုံဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် တောစောင့်နတ်တို့မှ သက်သတ်လွတ်ဆွမ်း ကပ်လှူရသည့် ထူးဆန်းအံ့သြဖွယ်ဖြစ်ရပ်ကို အလှူရှင်မှ ပြန်လည်ပြောပြသည်ကို နားထောင်ရင်း ကျွန်မသည် ကုံလုံဆရာတော်ကြီး၏ ရုပ်တုတော်ကို ရိုသေစွာ လက်အုပ်ချီမိုးကန်တော့လိုက်ပါတော့သည်။

**[ကုံလုံဆရာတော်ကြီး၏ အလှူရှင် ဒေါက်တာခင်ခင်စိမ့်မှ ပြန်လည်ပြောပြသည်ကို ရေးဖွဲ့ခြင်း ဖြစ်ပါသည်။]**

**ချို *(အမရပူရ)***



www.burmeseclassic.com

www.burmeseclassic.com



# သိဒ္ဓိ မဟိဒ္ဓိ ဝိဇ္ဇာပညာရှင်ကြီးများ

## နှင့် တွေ့ဆုံခြင်း

ဆရာ ဦးရဲအောင်
[သိပ္ပံလက္ခဏာ+နက္ခတ္တဗေဒ+သင်္ချာဗေဒ]

### သူရဿတီဒေဝီမယ်တော်နှင့် တွေ့ဆုံခြင်း

ကျွန်ုပ်သည် "**သိဒ္ဓိ၊ မဟိဒ္ဓိ၊ ဝိဇ္ဇာပညာရှင်ကြီးများနှင့်တွေ့ဆုံခြင်း**"များ ရေးသားရာတွင် "**သူရဿတီဒေဝီမယ်တော်**"နှင့် တွေ့ဆုံခြင်းကို စတင်ရေးဖြစ်ပါသည်။ ဤသို့ ရေးသားနေစဉ်အတွင်း ထူးခြားမှုများ၊ ထူးဆန်းမှုများ အဖုံဖုံနှင့် ကြုံတွေ့ရပါသည်။

အမှန်အားဖြင့် ကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင်ဖြစ်ခြင်း။ မိရိုးဖလာဗုဒ္ဓဘာသာမှ မိရိုးဖလာလွန် ဗုဒ္ဓဘာသာ ဖြစ်လာခြင်း ဖြစ်၏။

ဘုရား၊ တရား၊ သံဃာသည်သာလျှင် ကိုးကွယ်ရာအစစ် ဖြစ်သည်ဟူသော အယူအဆကို လက်ခံထားသူဖြစ်ရာ အခြားအခြားသော ဘိုးတော်၊ မယ်တော်များအကြောင်းလဲ မသိ၊ လေ့လဲ မလေ့လာဘူးပါ။ ဗုဒ္ဓဘာသာ အယူဝါဒမှလွဲ၍ အခြားသော အယူဝါဒ ဘာသာများ အကြောင်းလဲ မသိ လေ့လာမှုလဲ မရှိပါ။

"သူရဿတီဒေဝီ မယ်တော်" အကြောင်း ရေးသားရာတွင် ကိုယ်တွေ့အဖြစ်အပျက်များကိုသာ မှတ်တမ်းရေးပါသည်။ မယ်တော်၏ မူလဇစ်မြစ် အခြေခံများကိုလဲ မသိ၊ မည်သည့်အတွက် ပူဇော်၊ ပသရသည်ကိုလဲမသိ။ မည်သည့် အကျိုးထူးများပေးမည်ကိုလဲ မသိပါ။

ထို့အပြင် တရားဟောမဗ္ဗကထိကများ၊ ဘုန်းတော်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများ၏ "သူရဿတီဒေဝီမယ်တော်" ဆိုတာ ရှိမရှိ။ ရဟန္တာပုဂ္ဂိုလ် "ရှင်ဥပဂုတ္တ" ဆိုတာလဲ ရှိမရှိ။ အငြင်းပွား ရေးသားဟောပြောနေမှုများ ကြားနေ၊ ဖတ်နေရသဖြင့်...

ပုဂ္ဂိုလ်ထူးများ၊ ဝိဇ္ဇာပညာရှင်ကြီးများအကြောင်း လေ့လာချင်စိတ်၊ သိချင်စိတ်မရှိ ဖြစ်နေပါ၏။ ဤသည်မှာလည်း ကျွန်ုပ်၏ ညံ့ဖျင်းမှုဖြစ်ပါသည်။

မည်သို့ဖြစ်စေ လေ့လာစူးစမ်းမှုမပြုလိုသည်မှာ ကျွန်ုပ်၏ဆန္ဒ ဖြစ်ပါ၏။

သို့သော် အနှစ်(၃၀)ခန့် ဘာသာရေးစခန်း လိုက်လာသောအခါ ထူးခြားမှုဖြစ်လာ၏။ တရား၊ ဘာဝနာအလုပ်များ "ထုံ"လာပါသည်။ ဤသို့ "ထုံ" လာချိန်တွင် ဝိဇ္ဇာပညာရှင်ကြီးများနှင့် တွေ့ဆုံရန် ဖြစ်လာပါတော့သည်။

မဂ္ဂဇင်းများ ဖတ်အံ့ဟု အနားယူပြီးစာအုပ်များဖွင့်လေသော် "**သူရဿတီဒေဝီမယ်တော်**"အကြောင်း ရေးထားသည့် ဆောင်းပါးများသာလျှင် တွေ့ရ၏။

မြို့တော်ခန်းမဘေးတွင် သောကြာနေ့တိုင်း လာရောက် ရောင်းချသည့် ပေါင်းတည်မြို့သား "ကိုဝင်းမြင့်"၏ စာအုပ်ဆိုင်တွင်လည်း "**သူရဿတီမယ်တော်အဖွင့်ကျမ်း**"ကိုတွေ့ရပြန်သည်။ ကျွန်ုပ်အား အကျိုးထူးပေးမည့်



www.burmeseclassic.com

www.burmeseclassic.com

စာပေများကို ဝယ်ယူစုဆောင်းလိုက်ပါသည်။

မယ်တော်သည် လည်းကောင်း၊ ပုဂ္ဂိုလ်ထူးများသည် လည်းကောင်း ကျွန်ုပ်ကိုအကူအညီ ပေးနေသည်ဟု ယူဆပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်၏ စာပေရေးသားပြုစုမှုအတွက် အထောက်အပံ့များ ဖြစ်နေပါသည်။

ကျွန်ုပ်"သူရဿတီဒေဝီမယ်တော်" အကြောင်း နိဂုံးချုပ်ရေးနေစဉ် ရှေးပညာရှင်ပုဂ္ဂိုလ်ထူးတစ်ယောက် ကျွန်ုပ်ထံ ရောက်လာပါသည်။

ဤအကြောင်း ကျွန်ုပ် ဆက်ပြီးရေးသားပြုစုဖို့ ဖြစ်လာပါသည်။

'အင်း...မောင်ရင့်ရှေ့မှာ ဆေးတွေက တယ်များသကိုးကွယ့်။ ဘာတဲ့ "ဝိဇ္ဇာအောင်ဆေး"နဲ့"ဆေးဝိဇ္ဇာသက်တောင့်ဆေးကြီး"တွေ ဆိုပါလား။ မောင်ရင်က ဘာရောဂါတွေ ရှိလို့လဲကွယ့်'

'ရောဂါတွေရှိလို့ မဟုတ်ပါဘူး...။ ရောဂါမဖြစ်အောင်...ကျန်းမာအောင် အသက်ရှည်အောင် ကာကွယ်တဲ့ဆေးတွေပါ'

'အင်း... မောင်ရင် အသက်ရှည်[illegible] ကျန်းမာရေးကောင်းမယ်။ ဝိဇ္ဇာ[illegible]မယ်ကွယ့်။ ဘာသာတရား လိုက်[illegible] စောင့်ထိန်း ကျင့်ကြံသူတွေဟာ [illegible]က်ရှည်စမြဲပဲကွယ့်။

[illegible]ောင်ရင်လဲ ဘာသာရေးအား[illegible]လာပြီ။ ကျင့်ကြံအားထုတ်မှု[illegible] ထုံလာပြီ။ ဘာဝနာဘက်မှာ[illegible]တာပေမယ့်...ဝိပဿနာဘက်[illegible]ယ်အားနည်းတာကိုးကွယ့်။

[illegible]နာဘက်မှာ အနှစ်(၂၀)ကျော်[illegible] ဝိပဿနာလိုင်းကူးဖို့ ဘရသေ့[illegible] လာရောက်သတိပေးဖူး[illegible] မောင်ရင်က ခုအထိ မလိုက်နာသေးဘူး'

'ခင်ဗျာ...'

'အေး မင်းမှာ အံ့ဩစရာတွေချည်းပဲ ဖြစ်မှာကွယ့်။ ဘာကြောင့်လဲဆိုတော့ မောင်ရင်အကြောင်းတွေ သိနေလို့မဟုတ်လား။ အဲဒါ ဘာဆန်းသလဲ။ ဝိဇ္ဇာပညာတွေကွယ့်။ ဝိဇ္ဇာပညာတွေ'

ကျွန်ုပ်မှာ အံ့ဩမဆုံးနိုင်ပါ။ ကျွန်ုပ်အတွင်းစိတ်ကို သိနေ၍ဖြစ်၏။

ကျွန်ုပ်ကို ဆက်ဆံဆက်သွယ်နေသူများမှာ ကျွန်ုပ်ကို"မောင်ရင်"ဟူသော အသုံး သုံးကြ၏။ ကျွန်ုပ်၏ အသက်မှာ (၇၅)နှစ် ပြည့်ပါပြီ။ သူတို့၏ အသက်ကော... မည်မျှရှိပါပြီနည်း။

ကျွန်ုပ်အား"မောင်ရင်"ဟုခေါ်သောကြောင့် ဆရာကြီးများ ကျွန်ုပ်ထက် အသက်အရွယ်အားဖြင့် ကြီးလိမ့်မည်ဟု ခန့်မှန်းရသည်။

အသက်အရွယ်အားဖြင့် (၈၀)ခန့်ရှိလိမ့်မည်။ ဝဝဖြိုးဖြိုးရှိ၏။ အသားအရေမှာ အညိုရောင်သန်းနေ၏။ တိုက်ပုံအင်္ကျီအညိုရင့်၊ လုံချည်မှာ အညိုရင့်၊ ယောဂီရောင်ဖြစ်၏။

ကြီးမားသော မေးရိုးကားကားကြီးရှိပြီး၊ ထူထဲသော နှုတ်ခမ်းမွေးကြီးများရှိသောကြောင့် ကျက်သရေရှိ၏။ ကုလားခြေကြီး၏။ တည်ငြိမ်၏။ လေးနက်၏။ ခရီးဝေးမှ လာရဟန်ရှိ၏။ ခြေထောက်တွင် ဖုန်အလိမ်းလိမ်းရှိ၏။ ပါးစပ်အတွင်း၊ ပါးစောင်အတွင်း ဆေးငုံထားဟန်ရှိ၏။

သူသည် ထူထဲ၊ တောက်ပြောင်၊ စူးရှသောမျက်လုံးအစုံဖြင့် ကျွန်ုပ်ကို စိုက်ကြည့်တတ်၏။ စူးစူးရှရှရှိသောမျက်လုံးအစုံဖြင့် ကြည့်လိုက်တိုင်း ကျွန်ုပ်မှာ တုံလှုပ်သွားရ၏။ ဆံပင်မှာ ယောင်နှင့် ဖြစ်၏။ ယောင်ထုံးအား ပုဝါစီးထား၏။

'အဘ ဘယ်က ကြွလာပါသလဲ... ခင်ဗျာ'

'ကျုပ်လား... မမေးပါနှင့်တော့ မောင်ရင်ရယ်။ ဟို...ဟို...အဝေးကြီးက လာတာကွယ့်။ အချိန်အခါသင့်လို့ ကျုပ် ရောက်လာတယ်မှတ်ပါ။

မောင်ရင့်ကို သူရဿတီဒေဝီမယ်တော် စောင့်ရှောက်ပါတယ်။

ပညာအားဖြင့် မောင်ရင်က ဆေးပညာတော့မတတ်ဘူး။ သို့သော်... စာပေပညာတော့ ကျွမ်းကျင်တယ်။

ဆေးပညာတတ်မြောက်ပြီး ဆေးမကုသော်လဲ ပရိတ်၊ မန္တန်ရွတ်တယ်။ ပရိတ်ရေဖြင့် ဆေးကုတယ်။

ကြီးမား၊ မြင့်မားသော၊ ကျယ်ဝန်းသော ခန်းမကြီးထဲမှာ မောင်ရင် ပရိတ်ရေပေးပြီး ဆေးကုနေပုံကို မယ်တော်က ပြသခဲ့ပြီးပြီ။

သို့သော်... ဤအခန်းကဏ္ဍသို့ မရောက်နိုင်သေး။ အင်္ဂါနံစာပေရေးသားပြုစုရင်းသာ အချိန်တွေ ကုန်လွန်နေတယ်။

မောင်ရင်ရေးသားသော စာပေများကို အုပ်ချုပ်သူနှင့် စာပေတိုက်တို့သည် မောင်ရင်၏ မွေးဂဏန်းများနှင့် ကိုက်ညီသောကြောင့် ထည့်သွင်းဖော်ပြအသုံးပြုပေးလိမ့်မည်။

မောင်ရင်သည် မယ်တော်၏ စောင့်ရှောက်မှုကိုလဲမသိ။ ဆေးဝါးများ၊ အင်းများ၊ မန္တန်များအကြောင်းလဲ မသိသဖြင့် ကျုပ်က သင်ပေးရလိမ့်မည်။ ကောင်းစွာ နာယူမှတ်သားပြီး သူတစ်ပါးအကျိုး သယ်ပိုးဆောင်ရွက်ပါလေ'.

"ဘဘဆရာကြီး"သည် စေတနာဖြင့် များစွာသော ပညာများပေး၏။ စိတ်ရှည်လက်ရှည်သင်၏။ မယ်တော်သူရဿတီဒေဝီနှင့် ပတ်သက်သော



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စများ ဖြစ်၏။

"သူရဿတီမယ်တော်ဒေဝီ"အား ပင့်ရန် မည်ကဲ့သို့ ပွဲထိုးရပုံ၊ ရုပ်တုပုံတော်ကို မည်သည့်အသားဖြင့် မည်သို့ ထုလုပ်ရပုံ။ ပုံတော် ထွင်းထုနေစဉ် မည်သည့်ဂါထာမန္တန်ရွတ်ရပုံ။ ပုံတော်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းရပုံ။ အမွှေးတိုင်၊ ဖယောင်းတိုင်ဖြင့် မည်သို့ ပူဇော်ရပုံ။


- ❑ အင်းကဏ္ဍ၊ ဆေးကဏ္ဍများ ခွဲခြားပုံ။
- ❑ အင်းဖေါ်စပ်ပုံ၊ ဆေးဖော်စပ်ပုံ။ စသည်တို့ကို အသေးစိတ် သင်ကြားပေး၏။

(၁) သူရဿတီ အင်းကဏ္ဍတွင်...

- ○ သူရဿတီ ခပ်ဆေးစီရင်နည်း။
- ○ သူရဿတီ ခြေရာမှုပ်အင်း။
- ○ သူရဿတီ ပီယ၊ မီးထွန်းအင်း။
- ○ အိပ်မက်စေနည်း။
- ○ သူရဿတီ အိပ်မက်စေအင်း။

(၂) သူရဿတီ ဆေးကဏ္ဍ

- ○ သူရဿတီ ဆေးရင်းကြီး ဖေါ်နည်း။ (အစီအရင်အစုံ)
- ○ ဒေဝီ(၉)ပါး ဆေးရင်းကြီး ဖော်စပ်နည်း။
- ○ သူရဿတီ အရုပ်ထုနည်း။
- ○ အစီအရင်နည်း။
- ○ အစုပ်ဂါထာများ။
- ○ သူရဿတီ အချုပ်ဂါထာတော်ကြီး။
- ○ အင်းများစီရင်သော ဥပဒေသ။
- ○ ပန်းပေါင်း၊ မင်းပေါင်း၊ ဂမုန်းပေါင်း ခေါ်ဆိုပုံ။
- ○ သူရဿတီ လျှို့သုံးပါးအစီအရင်။
- ○ သူရဿတီ ဆေးတိုးနည်း။
- ○ သူရဿတီ ဗျည်းစမ မော်အင်း စီရင်နည်း။



- ○ ပီယသိဒ္ဓိအင်း စီရင်နည်း။
- ○ ဓနသိဒ္ဓိအင်း စီရင်နည်း။
- ○ ပွဲတွေ့မန္တန်တော်ကြီးများ။
- ○ သူရဿတီ ပွဲတွေ့ ပီယ ပန်းပိတုန်း စီရင်နည်း။
- ○ ပီယဆေးလိပ်မန်းဂါထာ။
- ○ ရွှေတစ်ထောင်လက်ဖွဲ့ စီရင်နည်း။
- ○ သူရဿတီ ဆင်မာန်စွယ် စီရင်နည်း။
- ○ သူရဿတီ ပိဋကတ် မော်အင်းကြီး စီရင်နည်း။
- ○ ကိုယ်လုံသမားဆောင် အင်း စီရင်နည်း။
- ○ ပယောဂနိုင် သုဝဏ္ဏဘုမ္မိအင်း စီရင်နည်း။

---

လောကီပညာရပ်များ

စီရင်ရာ၌သတိပြုရန် မှာကြားချက်

---

- ○ ဂမုန်းညွှန်းများ။
- ○ ပယောဂနိုင် ဆေးဂမုန်းနှင့် စွမ်းသတ္တိများ။
- ○ ပယောဂနိုင် နတ်ဂမုန်းများနှင့် စွမ်းသတ္တိ။
- ○ နတ်နိုင်ဂမုန်းသုံးနည်း ဆေးတော်ကြီး။

သူရဿတီမယ်တော်နှင့် ပတ်သက်သော အစီအရင်များကို မနားတမ်း ပို့ချပေး၏။ အတော်ကြာ၏။ (၃)နာရီခန့် ရှိမည်ဟု ထင်ရ၏။ အကြောင်းအရာ ပညာရပ်များကား စုံလင်လှ၏။

ဤပညာရပ်များ ကုန်စင်အောင် သင်ကြားပေးသော်လည်း ကျွန်ုပ်က ကုန်စင်အောင် မမှတ်နိုင်ပါ။ မှတ်စွမ်းနိုင်သောဉာဏ်လည်း မရှိပါ။

ဤပညာရပ်များမှာ ကျွန်ုပ်နှင့်ဆိုသော် "စိမ်း"နေသည်။ သို့သော် အဘယ်ကြောင့် "ဘဘဆရာကြီး"က ကျွန်ုပ်ကို သင်ကြားပေးနေပါသနည်း။

"မယ်တော် သူရဿတီဒေဝီ"၏ ညွှန်ကြားချက်အရ ဖြစ်နိုင်ပါသည်။ ထို့အပြင် ဤပညာသည် ကျွန်ုပ်တတ် မြောက်ရန် အချိန်ကာလ ရောက်နေပြီ လောဟု ထင်ရပါသည်။

သူရဿတီဒေဝီမယ်တော်နှင့် သက် ဆိုင်သော ဂါထာများ၊ အင်းများ၊ ဆေး များမှာ များပြားလှပါ၏။ ကျွန်ုပ်အကုန် အစင်မတတ်၊ မှတ်လည်း မမှတ်မိပါ။ သို့သော် အဆန်းတကြယ် ဖြစ်ရပါ၏။ အံ့သြစရာလည်း ဖြစ်၏။

**"သူရဿတီ အဖွင့်ကျမ်း"** တစ်ဆောင်ကို အလွယ်တကူ ဝယ် ရခဲ့၏။ ဤကျမ်းကိုဖွင့်သော် မ လင်းသောအချက်များ ပွင့်သွား ပညာပေးစဉ်က မှတ်မထားမိသော အကြောင်းများ၊ ခေါင်းစဉ်များ ဆေး ညွှန်းများ အပြည့်အစုံ တွေ့ရ ဝမ်းသာသွား၏။ ကျွန်ုပ်အတွက် တ ဖန်တီးလေသလော။ ဝိဇ္ဇာပညာ များကား အံ့သြစရာပါတကား။


**ဆရာ ဦးရဲအောင်**

*(သိပ္ပံ လက္ခဏာ+နက္ခတ္တဗေဒ+သချ်ာ...*



www.burmeseclassic.com

www.burmeseclassic.com




▲ ရေပေါ်တွင် ပေါ်နေသည့်အုတ်ခဲ

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

နတ်သျှင်တောင်မှ

# ရေပေါ်အုတ်ခဲ

▼ ကော်ခွက်နှင့်အတူ ပေါ်လောပေါ်နေသည့်အုတ်



ကောလင်းမြို့နယ် နတ်သျှင်တောင် ကျောင်းတိုက်သို့ သွားရောက်လေ့လာ ကြည်ညိုရာ ဆရာတော် ဦးဇဋိလက [illegible]ထားသော အုတ်ခဲတစ်လုံးကို ရေကန်တွင်းချပြသည်။ အုတ်ခဲမှာ ရေအောက် မမြုပ်ဘဲ ပေါ်လောပေါ်နေသည်။

လက်ဖြင့် ဆကြည့်သောအခါ အလေးချိန် စီးသည်။ သာမန်အုတ်ခဲသာ ဖြစ်နေ၏။ မေးလျှောက်ကြည့်သောအခါ ဆရာတော်က ဤသို့ ပြောပြသည်။

"ဒန်းသိုနယ်မှာ စေတီတစ်ဆူ တည်ဖို့ အုတ်ဖုတ်ကြရာမှာ အုတ်ဖုတ်သမား





www.burmeseclassic.com

www.burmeseclassic.com



▲ ရေပေါ်အုတ် အနီးကပ်မြင်ရပုံ

တစ်ယောက်က ဒီရေပေါ်အုတ်ကို ရတာနဲ့ သိမ်းထားခဲ့တယ်။

ဝန်းသို-ကောလင်း ရွှေလမ်းငွေလမ်း ဖောက်တဲ့အခါ နတ်သျှင်တောင်မှာ ကျုပ်ရဲ့နောင်တော် ဦးအာစရသိဒ္ဓိ(လယ်တီစက်ပရိတ်စာသင်တိုက်၊ ကျောက်ရေတွင်း၊ ရန်ကုန်မြို့ ဆရာတော်) စေတီပုထိုး တည်ပြီး သာသနာပြုနေချိန်မို့ လာလှူသွားတာပါ'

ဤကဲ့သို့ ရေပေါ် ပေါ်သော အုတ်ခဲကို မန္တလေး (၈၄)လမ်းနှင့် (၂၂)လမ်းထောင့်ရှိ အလ္လကပ္ပတိုက်တွင်း ကျောင်းတစ်ကျောင်းတွင် တွေ့ရှိခဲ့ရသည်။

မှန်ရေကန်တွင်း ရေပေါ်အုတ်ကို ထည့်ကာ အများသူငါ လေ့လာနိုင်ရန် ပြသထားသည်။

ထိုကျောင်းမှ ဦးပဥ္စင်းသည် ရေပေါ်အုတ်ရပြီး မကြာမီ ကျောင်းပိုင်ရရှိသည်။

သူ သီတင်းသုံးရာကျောင်းကို အလ္လကပ္ပတိုက်၏ ထပ်တိုးကျောင်းတစ်ကျောင်းအဖြစ် အသိမှတ်ပြုခံရသောကြောင့် သူ လိုချင်သော ကျောင်းထိုင်ဆရာတော် ဖြစ်လာ၏။

တံတားဦးမြို့နယ်ရှိ ပင်းယ ရွှေစည်းခုံ ကျောက်စာတန်ဆောင်းစေတီမှ သီလရှင်မယ်တော်ကြီး ဒေါ်သုမင်္ဂလာက ပင်းယမြို့ဟောင်းမှရသော ရေပေါ်အုတ်ကို ပြသပေးခဲ့သည်။ ရေပေါ်အုတ်သည် လာဘ်ရစေကြောင်း မိန့်ကြားပြီး ဆက်မိန့်ကြားတာက…

'လာဘ်ဆိုတာ ရခြင်းလို့ ဆိုတယ်။ ဖုံ့မှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ဝတ္ထုငွေ အစ ဘာမှ ရချင်တာမရှိဘူး။ ရမယ်ဆိုရင် ဒီဘဝ၊ ဒီလောကကနေ ထွက်ချင်တာတော့ ရှိတယ်။ ဒါကလဲ ကိုယ်မပိုင်ဘူး။ ရဖို့မလွယ်ပါဘူး'

ဟု မိန့်ကြား၏။

မော်လမြိုင်မြို့မှ (သက်တော် ၁၀၈ နှစ်အရွယ်) ကော့ပေါက်ဆရာတော်ကြီး ဦးဥတ္တမကလည်း ဒကာလေး မောင်စိုးဝေကို စေ့စေ့ကြည့်လျက်…

'မင်းက ဆင်းမယ့်ဘုရားအတွက် လက်မှတ်ရပြီးသားပဲ။ ဖုံ့မှာတော့ လက်မှတ်မရသေးလို့ ဘယ်ဘုရား ဆင်းရမှန်း မသိသေးပါဘူး'

ဟူ ညည်းညူ မိန့်ကြားတော်မူသည်။

ယင်း မောင်စိုးဝေသည် ဆရာတော်ကြီးမှာ သက်တော်(၁၀၀)ကျော်ပြီဖြစ်၍ နောင်တွင် ဖူးရဖို့မလွယ်ဟု ပြောဆိုကာ လာရောက်ဖူးမြော်သူ ဖြစ်သည်။

မကြာမီကာလအတွင်း မောင်စိုးဝေသည် ဝမ်းတွင်းအင်္ဂါဆိုင်ရာ ရောဂါဖြင့် ကွယ်လွန်သောအခါမှ သူ့မိတ်ဆွေများက ဆရာတော် မိန့်ကြားသည့် အဓိပ္ပာယ်ကို ကောင်းစွာသိကြရသည်။

ကမ္ဘဋ္ဌာန်းဘာဝနာ ကျင့်ကြံမှုကို သာလျှင် မွေ့လျော်ကြသော ယောဂီဝစရပုဂ္ဂိုလ်တို့ကား ဘဝမှ လွတ်မြောက်ခြင်းကို လာဘ်တစ်ပါးအဖြစ် မက်မောကြလေသည်။

နတ်သျှင်တောင် ကျောင်းတိုက်တွင် တွေ့ရသော ရေပေါ်အုတ်သည်ကား နတ်သျှင်တောင်၌ ဘုရားကျောင်းကန် သာသနိက အဆောက်အအုံများ တိုးတက်စည်ကားစ ပြုသည့်အချိန် နတ်သျှင်တောင်ထိပ် စေတီတော်ကြီး တည်ဆောက်နေသော ကာလ၌ ရောက်ရှိလာခြင်း ဖြစ်လေရာ သာသနာတော် ပွင့်လင်းရှည်ကြာ၍ ကုသိုလ်ကောင်းမှုပြုသူ တိုးပွားစေမည့် နိမိတ်ဖြစ်သည်ဟု ယူဆရပေသည်။

**(ကျောင်းခန်းအတွင်း ရေကန်၌ အလင်းရောင် အားနည်းလှသဖြင့် ကော်ခွက်တစ်ခုနှင့် ယှဉ်၍ ရိုက်ကူး တင်ပြထားပါသည်။)**

ဘုန်းကျော်စွာ (*မြိတက္ကသိုလ်*)



www.burmeseclassic.com

www.burmeseclassic.com

# သားသမီး မျှော်သူအတွက်

အင်းတစ်ကွက်

ဇော်မြင့် (မြင်းခြံ)

တစ်ရံရောအခါက...။

ကျွန်တော့်ဆရာထံသို့ ရုပ်ရည် ဥပဓိပြည့်စုံ၍ ခေတ်ပညာတတ်ဟု မှန်းဆနိုင်သော အမျိုးသားနှင့် အမျိုးသမီးတို့ ရောက်ရှိလာ၏။ ထိုသူတို့သည် ယဉ်ကျေးသိမ်မွေ့ဟန် ရှိသော်လည်း မျက်နှာ မကြည်လင် ညှိုးနွမ်းလျှလျှ ဖြစ်နေ၏။

သူတို့၏ အဆောင်အယောင်ကို မြင်ကာမျှနှင့် လူ့အထက်တန်းလွှာက ဖြစ်ကြောင်း ထင်ရှားစေ၏။

အမျိုးသားက လာခဲ့ရင်းကိစ္စကို အောက်ပါအတိုင်း ပြောဆိုသံ ကြားရ၏။

'ဒီနေ့ ဥပုသ်နေ့ပါ ဆရာ။ အကြောင်းကိစ္စလေးအတွက် အကြံဉာဏ် ချီးမြှင့်ပေးရန် တောင်းဆိုဖို့ ဆရာ့ဆီ လာခဲ့တာပါ။ ကျွန်တော် နာမည်က ဉာဏ်မြင့်လို့ ခေါ်ပါတယ်'

'သြော် ကိုဉာဏ်မြင့်တဲ့လား ဟုတ်ပါပြီ။ လာခဲ့ရင်းကိစ္စကို ပြောပြပါ'

ဟု ဆရာက စကားဖြင့် ဧည့်ဝတ်ပြုလိုက်သောအခါ...

'ကျွန်တော်က ဆေးပွဲစား ဟစ်သောက်ပါ'

လက်ညှိုးညွှန်လျက်...

'သူကတော့ ကျွန်တော့်ဇနီး။ သူနဲ့ ကျွန်တော် အိမ်ထောင်ကျခဲ့တာ သုံးနှစ်ရှိပါပြီ ဆရာ။ ကနေ့တိုင် သားသမီး ရတနာတစ်ဦးမှ မထွန်းကားသေးပါဘူး။ သားသမီးရရှိဖို့ ဆေးပညာရှင်များ ညွှန်ကြားတဲ့အတိုင်း စားဆေး၊ ထိုးဆေး ထဲ စုံသလောက်ရှိနေပါပြီ။ ဒါပေမယ့် ကနေ့တိုင် သားသမီးမရသေးဘူး ဆရာ။

သားသမီး မရသေးတဲ့ကိစ္စကြောင့် သင်နဲ့မယား စကားနဲ့ မထိလေးစားသုပ်တာ။ မတော်မတည့် ပြောဆိုတာ တစ်နေ့ထက် တစ်နေ့ တကျက်ကျက်ဖြစ်ပြီး အဆင်မပြေတာတွေက နေ့စဉ်ရက်ဆက် တွေ့နေရပါတယ်။

ကျွန်တော့်ဇနီးမှာ သားသမီးအတွက် စားလဲ ဒီစိတ်၊ အိပ်ရာထဲရောက်ပြန်လဲ ဒီစိတ်တွေနဲ့ လုံးချာလိုက်ပြီး နေမထိထိုင်မသာ ကျန်းမာရေး မကောင်းသလို ဖြစ်နေပါတယ်ဆရာ။

ကျွန်တော့် ဇနီးအတွက် ဆရာ့ဆီက အကူအညီတစ်ခုခု ရယူချင်ပါတယ်'



ထိုသူသည် အလွန်ရှည်လျားသော စကားများနှင့် အဆုံးသတ်လိုက်လျှင် ဆရာက...

'ဒီမှာ ကိုဉာဏ်မြင့်၊ လင်ရယ် မယားရယ်လို့ ရေစက်ဆုံလာပြန်တော့လဲ အိမ်ရဲ့ ဆည်းလည်းသံဖြစ်တဲ့ သားသမီးလေးတွေနဲ့ စိုစိုပြည်ပြည် နေထိုင်ချင်ကြတာက အိမ်ရှင်မတိုင်းရဲ့ ဆန္ဒ။

အိမ်ထောင်ကျပေမယ့် သားသမီး မရှိရင် ဘယ်လောက်ပဲ စီးပွားရေး ပြည့်စုံပြည့်စုံ အိမ်ကျက်သရေက အားနည်းနေသလိုပဲ။ ဆားမထည့်ရသေးတဲ့ ဟင်းတစ်မျိုးလို အရသာ မတွေ့၊ ပေါ့ပြက်ပြက် ခြောက်သွေ့သွေ့ ဖြစ်နေတတ်ပါတယ်။

အိမ်ထောင်ရှင်တိုင်း မိမိတို့ ရင်သွေး ရတနာရှိသင့်တာ အမှန်တရားပဲ'

ဆရာက ဆက်လက်၍...

'သားသမီး ရရှိရေးအတွက် အကူညီ အကြံဉာဏ်ပေးနိုင်ပါတယ်'

အမျိုးသမီးသည် ထိုစကားကို ကြားလိုက်ချိန်၌ ညှိုးနွမ်းနေသော မျက်နှာမှ မျက်ဝန်းနှစ်စုံသည် အရည်လဲ့လာပြီး ပြုံးယောင်ယောင်သန်းနေလျက် အသွင်တစ်မျိုး ပြောင်းလာဟန်ကို မြင်ရ၏။

အမျိုးသားက...

'ဆက် အမိန့်ရှိပါဦး ဆရာ'

ဟု ဆိုလိုက်၏။ စက္ကူပတ်ထားသော အထုပ်ကိုင်ထားသူ ဇနီးကို ကြည့်ကာ...

'ကိုဉာဏ်မြင့်တို့ရဲ့ မွေးဇာတာတွေ ပါလာရင် ဆရာ့ကို ပြပါ'

ဇနီးဖြစ်သူက ဇာတာထုပ်ကို ဆရာ့



www.burmeseclassic.com

www.burmeseclassic.com

လက်သို့ ရှိသေစွာ ထည့်ပေးလိုက်၏။

ဇာတာနှစ်စောင်တို့ကို အတန်ကြာမျှ စူးစူးစိုက်စိုက် ကြည့်ပြီးနောက် ဆရာက...

'ကိုညာဏ်မြင့်တို့ ဇာတာတွေမှာ သားသမီးမရှိနိုင်တဲ့ အပြစ်မတွေ့ပါဘူး။

နက္ခတ်ဗေဒင်ပညာမှာ (၅)တန့်အိမ်ရှင်သည် သောမပိုင်ဖြစ်တဲ့ အိမ်မှာရှိရမယ်။ သောမဂြိုဟ်နဲ့လဲ ပူးထားရမယ်။ ကိန်းအိမ်လဲ ဖြစ်တယ်။

(၅)တန့်အိမ်ရှင်က သောမအိမ်မှာရှိတယ်။ ဒါကြောင့် သားသမီး ထွန်းကားနိုင်တယ်။

ပုဏ္ဏရာဘဝမှာ ရာဟုဂြိုဟ် ရပ်တည်မည်။ ပုဏ္ဏရအိမ်ရှင်ဂြိုဟ်သည် (၆)တန့်၊ (၈)တန့်၊ (၁၂)တန့် ရပ်တည်မယ်ဆိုရင် သားသမီး မရတတ်ဘူး။ မွေးသော်လဲ အဖတ်မတင်တတ်ဘူး။ သားသမီးရရှိဖို့ ခဲယဉ်းတယ်။

အခု ပြောပြတာက လောကီနည်းလမ်းအရနော်။

လောကုတ္တရာစာပေမှာ ဗောဓိမင်းသား ဇနီးမောင်နှံရယ်လို့ ရှိတယ်။ အတိတ်ဘဝက ကျွန်းပေါ်မှာ ဒုက္ခရောက်နေတဲ့အခါမှာ အစာအာဟာရအဖြစ် ငှက်ဥများကို နေ့ရက်ရှည်ရှည် စားသုံးခဲ့ကြတယ်။

ဒီလို ပြုလုပ်မိခဲ့သော အ,ကုသိုလ်ကံကြောင့် လက်ရှိဘဝမှာ သားသမီးမရှိနိုင်ကြောင်း ထင်ရှားစွာ ရှိပေတယ်။ အတိတ်ဘဝက အ,ကုသိုလ်ကံကအရိပ်ပမာ ပါရှိနေခဲ့ရင်တော့ သားသမီးရရှိရေးအတွက် ဆရာလဲ ကူညီနိုင်မှာမဟုတ်ဘူး'

ဆရာသည် စကား အတော်များများပြောဆိုလိုက်သဖြင့် မောသွားသည်



ထင်ရ၏။

ရေနွေး အနည်းငယ်ကို ဓာတ်ဘူးထဲကနေ ပန်းကန်ထဲသို့ ထည့်လိုက်ပြီးအေးလာသောအခါ သောက်လိုက်၏။

ဆရာက...

'ကဲ.ကိုညာဏ်မြင့် ဆက်လိုက်ကြဦးစို့'

'အမိန့်ရှိပါ ဆရာ'

'အင်္ဂဝိဇ္ဇာဋီကာကြီးမှာ သားသမီးရယူချင်သူကို မိတ်နံဂြိုဟ် ဆောင်ရမယ်လို့ ဆိုထားတယ်။ မိမိ မိတ်နံဂြိုဟ်အင်းကို ဆောင်သော်'

"သားသမီး မရသော မိန်းမမှာသားသမီးရစေ၏"ပြဆိုထားခဲ့သလို...

နောက်တစ်ခုကတော့ "မိန်းမမြို့ကိုဖွားစိမ့်ရည်၊ မည်သို့ အဋ္ဌမုတ် ချပိမ့်မည်"ရယ်လို့ စွယ်စုံကျော်ထင် ဒုတိယတွဲမှာလဲ အဆိုတစ်ရပ် ရှိထားပြန်တယ်။

အဋ္ဌမုတ် ကောဒသမအင်းကိုဆောင်ဖို့အတွက် ကောဒသမာ ဆယ့်တစ်ဖြာ၏ တေဇာတန်ခိုး အင်းအကျိုးကား...

"ပုဏ္ဏရတနာ၊ ဓိတရာလျှင်၊ မှန်စွာမုချ၊ ရဖို့မယွင်း၊ ဆောင်လေလျှင်းလော့"ရယ်လို့ ညွှန်းဆိုထားပြန်တယ်'

'ဒီစကားကို ကြားလိုက်ရတော့ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ကျွန်မခေါင်းထဲမှာ မရှင်းမလင်း ဖြစ်နေခဲ့ရတာ ခုတော့ တော်တော့်ကို အမြင်ရှင်းပြီး စိတ်ကြည်လင်သွားတယ်။ စိတ်

အားလဲ တက်သွားတယ် ဆရာ
အခြား ဆောင်စရာတွေ ကျ
သေးလား ဆရာ'

ဟု ဇနီးဖြစ်သူက ပြောဆို၏။

'မရှိပါဘူး။ ဒီနည်းစနစ်ကိုနှစ်လ တန်သည်၊ သုံးလတ
သည် ဆောင်ကြည့်ပါ'

ဟု ဆရာက ပြောလိုက်လေ၏။

စကားကို ဆရာက ရပ်ထားပြီးအဝေးတစ်နေရာသို့ စဉ်းစား တွေတောဟန်နှင့် ကြည့်နေသောကြောင့်ခေတ္တခဏမျှ စကားပြောသံ မကြားရတော့ဘဲ တိတ်ဆိတ်သွား၏။

ထို့နောက်တွင်...

'ဆရာ ပြောပြတဲ့ အဆောင်တွေအခု ယူသွားလို့ရမလား'

ဟု ကိုညာဏ်မြင့်က မေးမြန်း၏။

'လောလောဆယ်ဆယ်တော့ မရနိုင်သေးဘူးလေ။ ဘာကြောင့်လဲဆိုတော့ နေ့ကောင်းအချိန်ကောင်းကိုရွေးပြီး စီရင်မှ ဖြစ်မှာ'

'အင်း အစီအရင်ကို ကျွန်တော်တို့က နားမလည်ဘူး ဆရာ၊ ဘယ်နေ့ရက်မှာ ရနိုင်တယ်ဆိုတာ ဆရာကအမိန့်ရှိပါ'

'ကနေ့က တနင်္ဂနွေနေ့ ဆိုတော့လာမယ့် ဗုဒ္ဓဟူးနေ့ ညနေမှာယူရင်ရနိုင်ပါပြီ'

'ခွင့်ပြုပါဦး ဆရာ'

ဟု နှုတ်ဆက်ပြီး ဇနီးမောင်နှံသည်ထွက်ခွာသွားလေ၏။

ဆရာနှင့် ကျွန်တော်သာ ရှိနေသဖြင့်ပညာယူချင်သော ကျွန်တော်ကပင်သိချင်သော ကိစ္စကို...

'ဆရာ အချိန်အားလပ်နေတုန်းအဋ္ဌမုတ်အင်း စီရင်ပုံနည်းကိုပါ ပြောပြပါဦး ဆရာ။ ဗဟုသုတရတာပေါ့'

'အင်း တပည့်ကတော့ ပညာကို



www.burmeseclassic.com

www.burmeseclassic.com

ရနိုင်သလောက် နှိုက်ယူတတ်တယ်။ ဒီလို တပည့်အနေနဲ့ သိသူ၊ မြင်သူ၊ တတ်သူဖြစ်အောင် လေ့လာထားတာ ကောင်းတယ်။ အဋ္ဌမုတ်အင်းက စီရင်တတ်မယ်ဆိုရင် နှစ်သက်စရာကောင်းတယ် တပည့်'

'ဟုတ်ကဲ့ ဘယ်လို နှစ်သက်စရာလဲဆိုတာ ပြောပါဦး ဆရာ'

'မိတ်နံ့ဂြိုဟ်အင်းတွေကို အင်္ဂဝိဇ္ဇာဋီကာကြီးမှာ ဖတ်ဖူးလို့ မှတ်မိနေပါတယ်'

'အဋ္ဌမုခ် ကောဒသမအင်းကို ရှင်းပြပေးပါ ဆရာ'

ဆရာ စကားလေးလေးသံနှင့် ရှင်းပြပုံမှာ...

'အဋ္ဌမုတ်ဆိုတာ (၁၂)အင်း ရှိတယ်၊ အဋ္ဌမုတ်အင်းဆိုတဲ့ နေရာမှာ ဂြိုဟ်သက်အဋ္ဌမုတ်နှင့် ဓာတ်လေးပါး အဋ္ဌမုတ်ရယ်လို့ ပညာရှိများ နှစ်မျိုး ထားခဲ့ကြတယ်။ **ဓာတ်လေးပါး အဋ္ဌမုတ်**လို့ မှတ်သားချင်ရင်...

ပထမအင်းမှာ ဓာတ်လေးပါးကို တည်ပြီး ပထမ အင်းစောင့်အဖြစ် ထားရမယ်။ ဒီနောက် ဒုတိယ စသည် ပေါ့ကွယ်။

**ကိုးကွက် စတုရန်း ပတ်လည် (၁၀) ကွက် မျဉ်းသားပြီးရင် ပထမ အင်းအိမ် ကို မှတ်ပြီး တနင်္ဂနွေထောင့် လက်ဝဲ အကွက်မှစပြီး လက်ယာဘက်သို့ လှည့်ပြီး ရေးသွား ရမယ်၊**

တပည့် နားလည်တယ် မဟုတ်လား'

'နားလည်သလို၊ မလည်သလိုပဲ ဆရာ'

'အင်း ဒီနေရာမှာ အဓိကအချက်က အဋ္ဌမုတ် ကောဒသမအင်း ဆိုတော့...။

ကဲ တပည့် ဒီမှာ ကိုးကွက်ပတ်လည် စတုရန်းဆွဲတော့မယ်။ - မြင်အောင်ကြည့်။

ဒါဟာ အဋ္ဌမုတ် ကောဒသမ ခေါ်တဲ့ (၁၁)နံပါတ်အင်း'

ဟု ဆိုကာ စက္ကူပေါ်၌ ရေးပြလိုက်တာ အောက်ပါအတိုင်း မြင်တွေ့ရ၏။

'အခု ရေးပြလိုက်တဲ့ အဋ္ဌမုတ် ကောဒသမအင်းမှာ ဝိုင်းပြီး ပြထားတဲ့ **(၈၄)၊ (၈၅)၊ (၈၆)၊ (၈၈)၊ (၈၉)၊ (၉၀)၊ (၉၁)၊ (၉၂)** တို့ဟာ အင်းဦး (သို့မဟုတ်) အင်းစောင့်တွေ ဖြစ်တယ်။

အင်းစောင့်ဂဏန်းတွေကို နှစ်ခုတိုးပြီး ချသွားရင် အင်း၏ အလယ်ကွက်မှာ (၁၀၈)ရရှိလာမယ်။

ကဲ အမြင် ရှင်းသွားလား'

'မြင်ပါပြီ ဆရာ'

'ရှေးဆရာများက...

"ကောဒသမာ၊ ဆယ့်တစ်ဖြာ၏ တေဇတန်ခိုး၊ အင်းအကျိုးကား၊ ဆန့်ပြည့်ဝ၊ ကုဋ္ဌိယတို့ ပုဗ္ဗရတနာ၊ ဓိတရာနှင့်၊ လိုရာမှန်စွာ၊ မုချကောန်ရဖို့ မချွတ်တည်း"

လို့ မိန့်ကြားတယ်'

***

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (၈၄) | ၈၆ | ၈၈ | (၈၅) | ၈၇ | ၈၉ | (၈၆) | ၈၈ | ၉၀ |
| ၉၈ | ၁၀၀ | ၉၀ | ၉၉ | ၁၀၁ | ၉၁ | ၁၀၀ | ၁၀၂ | ၉၂ |
| ၉၆ | ၉၄ | ၉၂ | ၉၇ | ၉၅ | ၉၃ | ၉၈ | ၉၆ | ၉၄ |
| (၉၁) | | | (၉၂) | ၉၄ | ၉၆ | (၈၇) | | |
| | | | ၁၀၆ | ၁၀၈ | ၉၈ | | | |
| | | | ၁၀၄ | ၁၀၂ | ၁၀၀ | | | |
| (၉၀) | | | (၈၉) | | | (၈၈) | | |
| | | | | | | | | |
| | | | | | | | | |

**(အမြင် မရှုပ်ထွေးစေရန် အလယ်ကွက်ကိုသာ အင်းပုံစံ ပြလိုက်ပါသည်။)**

'ဆရာ့အနေနဲ့ သားသမီးအလိုရှိတဲ့ ဇနီးမောင်နှံအတွက် ဆောင်အင်း ကဒါပဲ။

ပညာကို လေ့လာနေတဲ့ တပည့်အနေနဲ့ ဒီနည်းစနစ်ကို လက်တွေ့အသုံးချကြည့်ပါ။ ကိုယ်တိုင် အတွေ့အကြုံထက် ဘယ်အရာမှ မသေချာဘူး။

ကဲ တပည့် နောက်များမှ အင်းအကြောင်းကို ပြော။ ဒီတွင် ရပ်ကြစို့။ ဘော(လ်)ပင်နဲ့ စာအုပ်ကို သိမ်း'

စာအုပ်ကိုသိမ်းလျက် ကျွန်တော့်စိတ်၌ ဆရာပြသော အဋ္ဌမုတ်အင်းကို တစ်နေ့တွင် ကိုယ်တိုင် စမ်းသပ်ကြည့်ရဦးမယ် ဆိုသောအတွေးများနှင့်သာ။

**ဇော်မြင့် (မြင်းခြံ)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ

# ကျန်းမာရေး အတွက် အကြံပေးချက်များ

| ပုံရိုပ် | ဝမ်းတွင်းအင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| နွား | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာနေ့ | ရသာရုံ |
| ကျား | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | မျောက်, နဂါး, ကြွက် | စနေသားသမီး | တနင်္လာနေ့ | ရသာရုံ |
| ယုန် | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| နဂါး | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | နွား, မြွေ, ကြွက် | တနင်္လာသားသမီး | [illegible] | ရသာရုံ |
| မြွေ | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | မြင်း, ကျား, ခွေး | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |
| မြင်း | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ဆိတ် | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ဝက်, ဆိတ်, ယုန် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| မျောက် | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | မြင်း, ကျား, ခွေး | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| ကြက် | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | နဂါး, မျောက်, ကြွက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| ခွေး | နှလုံး | အနီ | ၉ | ပြောင်း | တောင် | မြင်း, ခွေး, ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| ဝက် | အူသိမ် | အနီ | ၉ | ပြောင်း | တောင် | ကျား, မြင်း, ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |

* * *

ဒီဇင်ဘာလတွင် **နွားနှစ်ဖွား၊ နဂါးနှစ်ဖွား၊ ကြွက်နှစ်ဖွား**များ ချူချာတတ်ကြသည်။ ဤလတွင် နွားနှစ်ဖွားတို့ကို စံပြု၍ ဖယားတွင် ရှင်းပြပါမည်။

**နွားနှစ်ဖွားတို့သည်** သရက်ရွက်နှင့် ပတ်သက်သော ရောဂါဝေဒနာများ သတိထား ကာကွယ်ကုသပါ။ မြေဝါရောင်၊ (၂)ဂဏန်း၊ အနောက်တောင် ထောင့်အရပ်တို့သည် ကံထူး ကံပွင့်နိုင်သော အခွင့်အလမ်းများ ဖြစ်ကြသည်။

ကောက်ညှင်းဖြင့် ပြုလုပ်သော စားဖွယ် ခါတ်စာများကြောင့် ရောဂါ သက်သာနိုင်သည်။

ဆိတ်နှစ်ဖွား၊ ဝက်နှစ်ဖွား၊ ယုန်နှစ်ဖွားတို့မှာ ဤလအတွက် မိတ်ဖက်ပုံရိပ်ရှင်များ ဖြစ်ကြသည်။ အရေးကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက စနေသားသမီးက ကူညီပေးနိုင်လိမ့်မည်။

တနင်္လာနေ့သည် နေ့ကောင်းနေ့မြတ်ဖြစ်သည်။ ခံတွင်းတွေ့စေသော အရသာကို အားပြုခြင်းဖြင့် ကျန်းမာရေး အထောက်အပံ့ ဖြစ်စေလိမ့်မည်။

ကျန်နှစ်ဖွားများ ဤကဲ့သို့ပင် နည်းယူ သုံးသပ်ကြပါ။



***အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ။***

**ဟူကျင်းဇီ** *(Hu Jin Zhi)*



www.burmeseclassic.com

www.burmeseclassic.com

# ဆကြော နှင့် ဆရာ

ဆက်စပ်ပါ မြန်စွာ ပျောက်ကင်းမှု

ဦးလှသိမ်း (တံတားဦး၊ အင်းဝ)
အကြောပညာရှင်

## မအောင့်အပ်သောအရာများ
## အောင့်အည်းမိသော်

ကျွန်တော် မန္တလေးမြို့၊ (၃၈)လမ်း၊ (၈၂)လမ်း×(၈၃)လမ်းကြားတွင် ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော်၏ ဆေးခန်းသို့ အသက်(၅၀)ကျော်ခန့် အမျိုးသမီး ရောက်ရှိလာပြီး…

'ဆရာ… ကျွန်မ ဦးခေါင်းက မူးပြီး ခြေလက် မသယ်ချင်ဘဲ အားအင်ကုန်ခန်းနေသလို ဖြစ်နေလို့ ကျွန်မ ဆရာ့ထံ လာပြရခြင်း ဖြစ်ပါတယ်'

ကျွန်တော်မှ ယင်းဝေဒနာရှင်ကို သေချာကျနစွာ မေးမြန်းရာ…

'ခင်ဗျား… သွေးချိန်မကြည့်ဘူးလား။ ပြီးတော့ အားဖြစ်စေတဲ့ အာဟာရနဲ့ အားဆေးတွေရော စားသလား'

လို့ မေးတော့…

'ကျွန်မ သွေးအမြဲတမ်း ချိန်ကြည့်ပါတယ်။ အထက်သွေး၊ အောက်သွေးကတော့ ပုံမှန်ပါပဲ။ အားရှိတဲ့ အာဟာရနဲ့ အားဆေးကိုလဲ ကျွန်မ စားပါတယ်။ ဒါပေမယ့် အမူးရောဂါစွဲပြီး၊ အားအင်ကုန်ခန်းပြီး ခြေလက် မသယ်ချင်တာ သက်သာလို့ဆရာထံလာပြရပါတယ်'

လို့ ဝေဒနာရှင်က ပြောသဖြင့် ကျွန်တော်မှ ယင်းဝေဒနာရှင်အား သေချာကျနစွာ စစ်ဆေးပြီး (၄၅)မိနစ်ခန့် အကြောပြုပြင်ပေးလိုက်ပါတယ်။


အကြောပြုပြင်ပေးပြီးနောက် ယင်းဝေဒနာရှင်အား…

'ခေါင်းမူးတာ သက်သာရဲ့လား'

မေးတော့ သက်သာကြောင်း ပြောသဖြင့် ယင်းဝေဒနာရှင်အား ထပြီး လမ်းလျှောက်ခိုင်းရာ…

'ခြေထောက်တွေဘယ်လိုနေသလဲ'

မေးတော့ လမ်းလျှောက်ရတာ ကောင်းကြောင်းပြောသဖြင့် ကျွန်တော်မှ ယင်းဝေဒနာရှင်အား (၃)ရက်ဆက်တိုက် အကြောပြုပြင်ရင် ယင်းဝေဒနာ သက်သာပျောက်ကင်းနိုင်မယ်လို့ ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။




၁။ ဇက်တွင်းလိုင်းကြော

ဝေဒနာရှင်မှ (၃)ရက်ဆက်တိုက် အကြောပြုပြင်ပြီး ဝေဒနာရှင်အား "အမှန်တကယ် သက်သာရဲ့လား" မေးတော့ ဝေဒနာရှင်မှ…

'ခေါင်းလဲ သိပ်မမူးတော့ဘူး။ သွားရလာရတာလဲ အရင်တုန်းနဲ့မတူ သွက်လက်ပါတယ်'

လို့ ပြောပြီး…

'ကျွန်မရဲ့ဝေဒနာက ဘာကြောင့် ဖြစ်တာလဲ'

လို့ မေးတော့…

"အခုလိုဖြစ်ရတာက တချို့ကတော့ အသက်ကြီးလို့ မီးယပ်ကိုင်တာ"လို့ ပြောကြတယ်။ ဒါပေမယ့် မအောင့်အပ်သောအရာများကို အောင့်အည်းထားလို့ အခုလိုဖြစ်ရတာပဲ ပြောပြီးတော့ ယင်းဝေဒနာရှင်က…

'မအောင့်အပ်သော အရာများက ဘာများလဲ'

လို့ မေးတော့ ကျွန်တော်က…

'မအောင့်အပ်သောအရာက (၁၃) မျိုး ရှိတယ်။

၁။ အစာစားလိုခြင်း။
၂။ ရေသောက်လိုခြင်း။
၃။ အိပ်စက်လိုခြင်း။
၄။ ကျင်ကြီးစွန့်လိုခြင်း။
၅။ ကျင်ငယ်စွန့်လိုခြင်း။
၆။ အန်ထုတ်လိုခြင်း။
၇။ လေစုန်လိုခြင်း။
၈။ မျက်ရည်ထွက်ခြင်း။
၉။ တစ်စုံတစ်ခုသောအမှုကို ပြုလုပ်၍ မောပန်းခြင်း။
၁၀။ ချောင်းဆိုးလိုခြင်း။
၁၁။ ချေဆတ်လိုခြင်း။
၁၂။ သန်းဝေလိုခြင်း။
၁၃။ သုက်ထွက်လိုခြင်း

ဆိုတဲ့ မအောင့်အပ်သောအရာ (၁၃)မျိုး ရှိတယ်'

လို့ ကျွန်တော်က ပြောတော့ ယင်းဝေဒနာရှင်က…

'ဆရာပြောတဲ့ မအောင့်အပ်တဲ့ (၁၃)မျိုးကို အောင့်ထားရင် ဘာဖြစ်တတ်သလဲ ဆရာ'

လို့ မေးတော့…

၁။ အစာစားလိုပြီး ဆာလောင်နေတာကို အချိန်ကြာမြင့်စွာ အောင့်အည်းချုပ်တည်းမှု ပြုလုပ်ထားရင် နားပင်းခြင်း၊ ချာချာလည်အောင် မူးဝေခြင်း၊ အင်အားလျော့နည်းပြီး ကိုယ်အင်္ဂါတို့ကို မသယ်လိုခြင်း

www.burmeseclassic.com

နှလုံးနာခြင်းတို့ ဖြစ်တတ်တယ်။

၂။ ရေငတ်နေတာကို အချိန်ကြာစွာ အောင့်အည်း ချုပ်တည်းထားရင် အင်္ဂါကြီးငယ်တို့ မကြည်လင်ခြင်း၊ ချာချာလည်အောင် မူးဝေခြင်း ဖြစ်တတ်တယ်။

၃။ အိပ်ချင်နေတာကို အချိန်ကြာမြင့်စွာ အောင့်အည်း ချုပ်တည်းထားရင် တွေဝေထိုင်းမှိုင်းခြင်း၊ လေးလံခြင်းတို့ ဖြစ်တတ်တယ်။


၄။ ဝမ်းသွားလိုတာကို အချိန်ကြာမြင့်စွာ အောင့်အည်း ချုပ်တည်းထားရင် နာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဆီးအိမ်အောင့်ခြင်း၊ ကျဉ်ချောင်းနာကျင်ကိုက်ခဲခြင်း၊ နှလုံးအိမ်တို့ကို နာကျင်ကိုက်ခဲခြင်း၊ အစာအန်ထွက်ခြင်း ဖြစ်တတ်တယ်။

၅။ ဆီးသွားလိုတာကို အချိန်ကြာမြင့်စွာ အောင့်အည်း ချုပ်တည်းထားရင် ကျဉ်ချောင်း၊ ဆီးအိမ်တို့မှာလဲ အလွန် နာကျင်ကိုက်ခဲခြင်း၊ ကျောက်တည်ခြင်း၊ ပေါင်အရင်းနှစ်ဖက်နဲ့ ကိုယ်လက်အင်္ဂါများ၊ အလွန် နာကျင်ကိုက်ခဲခြင်း၊ ဖောရောင်သကဲ့သို့ ဖြစ်တတ်ခြင်းတို့ ဖြစ်တတ်တယ်။

၆။ အော့အန်တာကို အောင့်အည်း ချုပ်တည်းထားရင် ဖျော့တော့သော ဝါသင့်နာ၊ အင်ပျဉ်ထနာ၊ တင်းတိပ်နာ၊ ဖောရောင်သော အနာ၊ မီးလောင်ဖုနဲ့တူသော ရေယုန်နာ၊ အန်မလိုဖြစ်သော နှလုံးနာ၊ ပန်းနာ၊ ချောင်းဆိုးနာတို့ဖြစ်တတ်တယ်။

၇။ အောက်လေ သက်လိုတာကို အောင့်အည်း ချုပ်တည်းထားရင် ဝမ်းချုပ်ခြင်း၊ ဆီးချုပ်ခြင်း၊ လေတက်ခြင်း၊ ဝမ်းမီးနည်းခြင်း ဖြစ်တတ်တယ်။

၈။ မျက်ရည်ထွက်လိုတာကို အောင့်အည်း ချုပ်တည်းထားရင် ခေါင်းကိုက်ခြင်း၊ မျက်စိနာခြင်း၊ နှာခေါင်းနာခြင်း၊ မူးဝေခြင်းတို့ဖြစ်တတ်တယ်။




၁။ ဗဟိုဝမ်းကြော
၂။ ပေါင်တွင်းသွေးအိမ်ကြော
၃။ ပေါင်တွင်းအာရုံကြော
၄။ ပထဝီကြော

၉။ တစ်စုံတစ်ခုသော ကိစ္စပြုလုပ်ပြီး မောပန်းခြင်းကို ချုပ်တည်းပြီး နားနေခြင်းမပြုဘဲ အောင့်အည်း ချုပ်တည်းထားရင် အားကုန်ခန်းခြင်း၊ ရင်ဘတ်မှာ နာကျင်ခြင်း၊ တွေဝေခြင်းတို့ ဖြစ်တတ်တယ်။

၁၀။ ချောင်းဆိုးတာကို အောင့်အည်း ချုပ်တည်းထားရင် မောဟိုက်ခြင်း၊ ရင်ဘတ်နာခြင်း၊ ကြို့ထိုးခြင်း ဖြစ်တတ်တယ်။

၁၁။ ချေဆတ်လိုတာကို အောင့်အည်း ချုပ်တည်းထားရင် မျက်စိအားနည်းခြင်း၊ အကြောတွန့်ခြင်းတို့ ဖြစ်တတ်တယ်။

၁၂။ သန်းဝေလိုတာကို အောင့်အည်း ချုပ်တည်းထားရင် ချေဆတ်လိုတာကို ချုပ်တည်းထားမှုကြောင့် အနာမျိုး ဖြစ်တတ်တယ်။

၁၃။ သုက်ထွက်လိုတာကို အောင့်အည်း ချုပ်တည်းထားရင် ဆီးသွားရင် နာကျင်ခြင်း၊ ကျောက်တည်ခြင်း၊ လိင်တံရောင်ခြင်း၊ ကိုယ်ရောင်ခြင်းတို့ ဖြစ်တတ်တယ်။

ဝေဒနာရှင်အား သေချာကျနစွာ မအောင့်အပ်သောအရာများကို သေချာရှင်းပြတော့ "ဆရာရယ်... ကျွန်မကို ရှင်းပြသလို မအောင့်အပ်သောအရာများအား အများသိစေရန်အတွက် ဆရာ စာရေးနေကျ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် စာရေးသားရန် တိုက်တွန်းပြောဆိုသဖြင့်" ယင်းဝေဒနာရှင်အား အကြောပြုပြင်နှိပ်ကွက်များနဲ့မအောင့်အပ်သောအရာများကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြလိုက်ပါတယ်။

ယင်းဝေဒနာရှင်အား ကုသသော အကြောပညာနှိပ်ကွက်များမှာ...

၁။ **ဗဟိုဝမ်းကြောကြီး** ယင်း အကြောကို တဖြည်းဖြည်း ပျော့ပျောင်းလာသည့်အထိ ဖိဖိပြီး ဖွပေးရမည်။

**မှတ်ချက်။** ။ ချက်တိုင်အောက် လက်လေးသစ်အကွာ၌ တည်ရှိသည်။ အမျိုးသမီးများ နှိပ်ပါက အထူး ဂရုစိုက်၍ နှိပ်ပါ။ သားအိမ်ရှိသည်။

၂။ **ပထဝီကြော** ယင်းအကြောကို ဖိဖိပြီး နှိပ်ပေးပါ။

၃။ **ပေါင်တွင်းအာရုံကြော** ယင်း အကြောကို ဖိဖိပြီး ခြေပေးပါ။

၄။ **ပေါင်တွင်းသွေးအိမ်ကြော** ယင်း အကြောကို ဖိဖိပြီး နှိပ်ပေးရမည်။

၅။ **ဖက်တွင်းလိုင်းကြော** ယင်း အကြောကို ပြုပြင်ရာ၌ ဝေဒနာရှင်အား ပက်လက်ထား၍ ဦးခေါင်းကို တစ်ဖက်တွင် တွန်းထားပြီး ဖက်တွင်းလိုင်းကြောအား လက်ဖြင့် ဖိ၍ဖိ၍ နှိပ်ပေးရမည်။

ယင်းအကြောများ မပြုပြင်မီ ခြေဖျားမှ ဦးခေါင်းအထိ မိနစ်(၃၀)ခန့် ဖိဖိပြီးမှ ဖွဖွ၍ အကြောပြုပြင်ပေးရမည်။ ဝေဒနာရှင်များ၊ ဝါသနာရှင်များ လေ့လာနိုင်ရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ရုပ်ပုံကားချပ်နှင့်တကွ အကြောပြင်နှိပ်ကွက်များကို တင်ပြလိုက်ပါတယ်။

**ဦးလှညီမိး(*တံတားဦး၊ အင်း*)**
**အကြောပညာရှင်**


www.burmeseclassic.com


www.burmeseclassic.com

# ကျောက္ကာရွှေဂူနီမြတ်စွာဘုရားကြီး

## နှင့် ရုပ်ပွားတော်တို့မှ ထူးဆန်းသော ရောင်ခြည်တော်များ ကွန့်မြူးခြင်း

မောင်မောင်လွှန်း
(မုံရွာ)





▲ စေတီ၏ ထီးတော်မှ
ရောင်ခြည်တော်အလင်းတန်း
◀ ရွှေဂူနီမြတ်စွာဘုရား

မြို့သို့လာတိုင်း စာရေးသူထံသို့ ဝင်ရောက်လေ့ရှိသော ကျောက္ကာရွာမှ **ဦးညီညီ(ရွှေဂူနီမြတ်စွာဘုရားကြီးအမှုဆောင်အဖွဲ့ဝင်)** သည် မုံရွာမြို့သို့ လာသည့်အတွက် ထုံးစံအတိုင်း စာရေးသူအိမ်သို့ ဝင်လာပါသည်။

ထို့နောက် ကဆုန်လပြည့်ကျော် (၇)ရက် (၃၁-၅-၂၀၁၃)နှင့် ကဆုန်လပြည့်ကျော် (၈)ရက် (၁-၆-၂၀၁၃) နေ့တို့တွင် ရွှေဂူနီမြတ်စွာဘုရားကြီးနှင့် ရုပ်ပွားတော်တို့မှ ရောင်ခြည်တော်များ ကွန့်မြူးခဲ့ကြောင်းနှင့် အသေးစိတ် အချက်အလက် အပြည့်အစုံနှင့် မှတ်တမ်းဓာတ်ပုံများ ရယူနိုင်ရန် ကျောက္ကာရွာသို့ လာခဲ့ရန် ပြောပါသည်။

စာရေးသူလည်း နေ့လယ်လောက်တွင် မိတ်ဆွေဖြစ်သော ဦးအေး ကျော်စိုးအားခေါ်၍ နှစ်ယောက်သား

www.burmeseclassic.com



◆ ရောင်ခြည်တော်မကွန့်မြူးမီ
ပထမဦးဆုံးရိုက်ထားသောပုံ

ဆိုင်ကယ်ဖြင့် ကျောက္ကာရွာသို့ ထွက်လာခဲ့ကြပါသည်။

စာရေးသူတို့လည်း ရွှေဂူနီမြတ်စွာဘုရားထဲသို့ မဝင်သေးဘဲ ကျောက္ကာမြောက်ရွာမှ ဦးညီညီ၏အိမ်သို့ ဦးစွာသွားခဲ့ကြသည်။

ဦးညီညီ၏အိမ်သို့ ရောက်သောအခါ ဦးညီညီက ပထမဦးဆုံး ရွှေဂူနီရုပ်ပွားတော်မှ ရောင်ခြည်တော် ကွန့်မြူးသည်ကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ယူထားသည့် ရွှေချပညာရှင် ရွှေချဆရာဦးထွန်းထွန်းဦး အိမ်သို့ လိုက်ပို့ပေးပါသည်။

ဦးထွန်းထွန်းဦးမှာ အိမ်တွင်မရှိသောကြောင့် ရွှေဂူနီမြတ်စွာဘုရားကြီးဆီသို့ လာခဲ့ကြပြီး ရွှေဂူနီစေတီတော်မှ ရောင်ခြည်တော် ကွန့်မြူးသည်ကို စေတီတော်နှင့် ရုပ်ပွားတော်တို့တွင် လုံခြုံရေးအတွက် အချိန်ပြည့်(၂၄)နာရီလုံး တပ်ဆင်ထားသည့် (CCTV) ကင်မရာမှ တစ်ဆင့် ဖူးတွေ့ လိုက်ရသော ကွန်ပျူတာ ကိုင်သူ ကွန်ပျူတာ ဆရာ ဦးညိုနှင့် စာရေးသူအား တွေ့ဆုံ ပေးလေသည်။

စာရေးသူလည်း ကွန်ပျူတာဆရာ ဦးညိုအား...

'မည်သည့်နေ့၊ မည်သည့် အချိန် လောက်ကစေတီတော်မှနေ၍ ရောင်ခြည်တော် ကွန့်မြူးသည်ကို ဖူးတွေ့ လိုက်ရပါသလဲ'

ဟု မေးမြန်းသည့်အခါ ဦးညိုက ဘုရားပွဲတော် ဆွမ်းချမည့်နေ့ (ဆွမ်းလောင်းမည့်နေ့) ကဆုန်လပြည့်ကျော် (၈)ရက်(၁-၆-၂၀၁၃)၌၊ နံနက်(၈)နာရီခန့်အချိန်တွင် စေတီတော်၏ ထီးတော်ဘောနားမှနေ၍ အလင်းတန်းကြီး အပေါ်သို့ ထောင်တက်နေသည်ကို (CCTV)ကင်မရာမှတစ်ဆင့် ဖူးတွေ့လိုက်ရသည်။

အလင်းတန်းကြီးမှာ မိနစ်(၃၀) ကျော်မျှ ကြာအောင် ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဖူးတွေ့လိုက်ရကြောင်းနှင့် ဘုရားဖူးလာကြသည့် ပရိသတ်အချို့လည်း မျက်ဝါးထင်ထင် ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဖူးတွေ့လိုက်ကြရကြောင်း ပြောပြပါသည်။

စာရေးသူလည်း ဦးညိုအား စေတီ



◆ ရောင်ခြည်တော်မကွန့်မြူးမီ
ဒုတိယရိုက်ထားသောပုံ

တော်၏ ထီးတော်ဘောနားမှ ရောင်ခြည်တော် ကွန့်မြူးနေသော ဓာတ်ပုံ အား မရနိုင်ဘူးလားဟု မေးကြည့်ရာ သူ့ထံတွင် ကွန်ပျူတာမှတစ်ဆင့် ကူး ယူထားသော ဓာတ်ပုံ အဆင်သင့်ရှိ ကြောင်းပြောပြီး စာရေးသူအား စေတီ တော်မှ ရောင်ခြည်တော် ကွန့်မြူးနေ သည့်ဓာတ်ပုံကို ပေးပါသည်။

စာရေးသူလည်း ဓာတ်ပုံအား ဖူးမြော်ကြည့်သောအခါ စေတီတော်၏ ထီးတော်ဘောနားမှကပ်လျက် အထက် သို့တက်နေသည့် အလင်းရောင်အတန်း ကြီးကို ဖူးတွေ့လိုက်ရပါသည်။

'ရုပ်ပွားတော်ကနေပြီး ရောင်ခြည်တော် ကွန့်မြူးတယ်လို့လဲ သိရတယ်။ ရုပ်ပွားတော် က ရောင်ခြည်တော် ကွန့်မြူးတာကို (CCTV)ကင်မရာထဲမှာ မဖူးတွေ့ရဘူး

ဟု မေးမြန်းသောအခါ ရုပ်ပွားတော် မှ ရောင်ခြည်တော် ကွန့်မြူးတာ

www.burmeseclassic.com

(CCTV)ကင်မရာထဲတွင် မဖူးတွေ့လိုက်ရကြောင်း ပြောပါသည်။

တစ်ခါက မုံရွာမြို့ ဒေါနခြံရပ်ကွက်မှ ရှေ့နေတစ်ဦးသည် သူ့တွင်ပါသော ကင်မရာနှင့် ရုပ်ပွားတော်အား ဗွီဒီယို ရိုက်ကူးပြီး ပြန်၍ကြည့်အခါ ဗွီဒီယိုထဲ၌ ရုပ်ပွားတော်မှာ မျက်တောင်ခတ်နေသည်ကို ဖူးတွေ့ရကြောင်းလည်း သိရှိရသည်။

စာရေးသူတို့ ရွှေဂူနီမြတ်စွာဘုရားကြီး အကြောင်း ဆက်၍ ပြောနေကြစဉ် ရုပ်ပွားတော်မှ ရောင်ခြည်တော် ကွန့်မြူးသည်ကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ယူထားသော ရွှေချဆရာ ဦးထွန်းထွန်းဦး ရောက်ရှိလာပါသည်။

သို့အတွက် စာရေးသူမှ ရွှေချ ဆရာ ဦးထွန်းထွန်းဦးအား ရုပ်ပွားတော်မှ ရောင်ခြည်တော် ကွန့်မြူးသည့် အကြောင်း မေးမြန်းသည့်အခါ ဦးထွန်းထွန်းဦးက အောက်ပါအတိုင်း ပြောပြပါသည်။

တခြားရက်တွေမှာဆိုရင် ဘုရားဖူးလာကြသည့် သူတွေထဲမှ ရုပ်ပွားတော်အား ရွှေသင်္ကန်း ကပ်လှူလိုပါက ကိုယ်တိုင်ကိုယ်ကျ မိမိတို့ ကပ်လှူလိုသော နေရာများအား(အမျိုးသားများသာ) တက်၍ ကပ်လှူခွင့်ပြုထားပါသည်။

သို့သော် ဘုရားပွဲတော်ရက်အတွင်းတွင် အလှူရှင်များကို ကိုယ်တိုင် ကပ်လှူခွင့်မပေးဘဲ ဂေါပကအဖွဲ့မှ တာဝန်ပေးထားသည့် မိမိတို့ ရွှေချသည့်အဖွဲ့သားများသာ အလှူရှင်များ ကပ်လှူလိုသော နေရာကို ကပ်လှူပေးကြရကြောင်း...

ပွဲတော်ရက်၌ ရွှေသင်္ကန်း ကပ်လှူကြသော ကုသိုလ်ရှင်များ ပေါများခြင်းကြောင့် ရုပ်ပွားတော်မှာ ရွှေရောင် အလွန်ကောင်းမွန်နေပေသည်။



ရောင်ခြည်တော် ကွန့်မြူးစဉ် တတိယ ရိုက်ထားသောပုံ

ရုပ်ပွားတော်၏ နှုတ်ခမ်းတော်မှာလည်း ရွှေသင်္ကန်း အထပ်ထပ် ကပ်လှူထားသောကြောင့် နှုတ်ခမ်းတော်မှာ ထူပိန်းနေသည့်အတွက် ဂေါပကအဖွဲ့မှ ဦးထွန်းထွန်းဦးအား ရုပ်ပွားတော်၏ နှုတ်ခမ်းတော်အား ပြုပြင်ပေးရန် ပြောကြသည်။

ဦးထွန်းထွန်းဦးကလည်း နှုတ်ခမ်းတော်ကို ရွှေချည်း သက်သက်ဆိုလျှင် ပြုပြင်ပေးပါမည်ဟု ပြောပြီး မပြုပြင်မီ နေ့လယ်(၂)နာရီ အချိန်လောက်၌ သူ့တွင်ပါလာသော ဟန်းဖုန်းဖြင့် ရုပ်ပွားတော်အား ဓာတ်ပုံရိုက်လိုက်သည်။

ပထမတစ်ပုံ ရိုက်ပြီးသည့်နောက် ဒုတိယတစ်ပုံ ထပ်၍ ရိုက်ယူလိုက်သည်။ ပို၍ သေချာစေရန် တတိယတစ်ပုံ အရိုက်လိုက်တွင် ရုပ်ပွားတော်၏ မျက်နှာတော်ရှေ့မှနေ၍ လင်းခနဲ အဖြူရောင် အလင်းတန်းကြီး ထွက်

www.burmeseclassic.com



◆ ရောင်ခြည်တော် ကွန့်မြူးပြီးနောက် စတုတ္ထ ရိုက်ထားသောပုံ

ပေါ်လာသည်ကို ဓာတ်ပုံအရိုက်လိုက်နှင့် အချိန်ကိုက်ကွက်တိ ဖြစ်သွားသည်။

သူ့ဘေးနားမှ ရွှေချသည့် အဖွဲ့သားများ အားလုံးလည်း တွေ့မြင်လိုက်ကြကြောင်း၊ ထို့ကြောင့် စတုတ္ထတစ်ပုံကို ထပ်မံ၍ ရိုက်လိုက်ပြီးနောက် ရိုက်ထားသောပုံများအား ပြန်လည်ကြည့်ရှုသည့်အခါ ပထမရိုက်သောပုံ၊ ဒုတိယရိုက်သောပုံနှင့် စတုတ္ထရိုက်သောပုံတို့မှာ ရိုးရိုး သာမန်ပုံများကိုသာ ဖူးတွေ့ကြရပြီး တတိယရိုက်သောပုံ၏ မျက်နှာတော်ရှေ့တွင် ဆင်စွယ်သဏ္ဍာန် အဖြူရောင် အလင်းတန်းကြီးကို ဖူးတွေ့ရကြောင်း...

ထိုကဲ့သို့ မျက်နှာတော်ရှေ့မှ နှုတ်ခမ်းတော်နေရာတွင် အဖြူရောင် အလင်းတန်းကြီးအား ဖူးတွေ့ရသဖြင့် နှုတ်ခမ်းတော်အား ပြုပြင်မည်ကို မကြိုက်သောကြောင့် ယခုကဲ့သို့ ဆင်စွယ်ပုံသဏ္ဍာန် အဖြူရောင်အလင်းတန်းကြီးဖြင့် ကွယ်ထားသည်ဟု ထင်မိ၍ နှုတ်ခမ်းတော်အား မပြင်ရဲတော့ကြောင်း ပြောပါသည်။

ဦးညိုက သူ ရိုက်ယူထားသော ဟန်းဖုန်းထဲမှ ပုံများအား စာရေးသူအား ပြသဖြင့် ပါလာသော ကင်မရာဖြင့် ပြန်လည် ရိုက်ယူခဲ့ပါသည်။

**[လုံခြုံရေးအတွက် တပ်ဆင်ထား သော (CCTV)ကင်မရာထဲတွင် ရုပ်ပွားတော်မှ ရောင်ခြည်တော် ကွန့်မြူးသည်ကို မဖူးတွေ့လိုက်ရ ခြင်းမှာ ထိုအချိန်က ဦးထွန်းထွန်း ဦးသည် ရုပ်ပွားတော်၏ ရှေ့တည့်တည့်မှနေ၍ ဓာတ်ပုံရိုက်ယူနေ သောအချိန်၌ ဖြစ်သောကြောင့် (CCTV)ကင်မရာထဲတွင် ရုပ်ပွား တော်မှ ရောင်ခြည်တော် ကွန့်မြူး သည်ကို မဖူးတွေ့လိုက်ရခြင်း ဖြစ် နိုင်ပေသည်။]**

ထို့နောက် ရွှေဂူနီမြတ်စွာဘုရားကြီး ဂေါပကအဖွဲ့ဝင်လည်းဖြစ် ကျေးရွာ စာကြည့်တိုက် ဥက္ကဋ္ဌလည်းဖြစ်သော ဦးမင်းလှိုင်နှင့် စကားပြောဖြစ်ကြ သည်။

ဦးမင်းလှိုင်က ရွှေဂူနီမြတ်စွာဘုရား ကြီးအား ရွှေသင်္ကန်း အသစ်ကပ်လှူ ခဲ့ရာ ကဆုန်လဆန်းတွင် ပြီးစီး ကြောင်း၊ ရွှေသင်္ကန်း ကပ်လှူပြီးသည် နောက် ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို ကဆုန်လပြည့်နေ့မှစ၍ ကဆုန်လပြည့် ကျော်(၈)ရက်နေ့အထိ ကျင်းပပြုလု ကြောင်း...

ထိုကဲ့သို့ စေတီတော်ကြီးအား ရွှေသင်္ကန်း ကပ်လှူပြီးချိန်တွင် ဗုဒ္ဓ ပူဇနီယဘုရားပွဲတော် ပြုလုပ်စဉ် စေ




www.burmeseclassic.com

www.burmeseclassic.com

တော်နှင့် ရုပ်ပွားတော်တို့မှ ရောင်ခြည်တော်များ ထူးဆန်းစွာ ကွန့်မြူးသည်မှာ တိုက်ဆိုင်နေကြောင်း ပြောပါသည်။

ကဆုန်လပြည့်ကျော် (၈)ရက်နေ့တွင် ဆွမ်းချ(ဆွမ်းလောင်း)လှူရာ ပင့်သံဃာတော်များအား ဗလာမဲမပါ မဲနှိုက်၍ တစ်ပါးကို အများဆုံး ကျပ်(၈)သိန်း၊ ကျပ်(၄)သိန်း၊ ကျပ်(၃)သိန်းနှင့် အနည်းဆုံး ကျပ်(၅)သောင်းအထိ ကပ်လှူပူဇော်ခဲ့ကြောင်း ပြောပါသည်။



▲ ရွှေထုဆရာ ဦးထွန်းထွန်းဦး

▼ ကွန်ပျူတာဆရာဦးညို



ရွှေဂူနီ မြတ်စွာဘုရားကြီးသည် မြောက်အရပ်သို့လှည့်၍ တည်ထားသော တစ်ဝဂ္ဂဖြစ်သည့်အတွက် ဆုတောင်းသူများ၊ အဓိဋ္ဌာန်ပြုလုပ်သူများ အနေနှင့် အောင်မြင်ကြောင်း၊ စနေနေ့နှင့် လပြည့်နေ့ဆုံသော ရက်ဆိုလျှင် ပို၍ အဓိဋ္ဌာန်အောင်မြင်သည့်အတွက် ထိုနေ့များတွင် အဓိဋ္ဌာန်ပြုသူများ၊ ဆုတောင်းသူများ လွန်စွာ ပေါများကြောင်း...

မုံရွာတက္ကသိုလ်မှ ဆရာတစ်ဦးသည် အဓိဋ္ဌာန်အောင်မြင် ဆုတောင်းပြည့်သဖြင့် ဘုရားသို့ လာရောက်ပြီး ရွှေသင်္ကန်း သက်စေ့ကပ်လှူခဲ့ကြောင်း သိရှိရသည်။

စာရေးသူ၏ မိတ်ဆွေတစ်ဦးမှာလည်း ရွှေဂူနီမြတ်စွာဘုရားကြီးတွင် ဆုတောင်းခဲ့ရာ ဆုတောင်းပြည့်ကြောင်း ပြောပြဖူးပါသည်။

ဦးမင်းလှိုင်သည် ရွှေဂူနီဘုရားကြီး၏ စောင်းတန်းထဲတွင် ဘာသာရေးစာအုပ်များကို ရောင်းချနေသူဖြစ်ရာ စာရေးသူအား မုံရွာမြို့ အရှေ့လယ်တီတိုက်မှ ဂဏဝါစက စာချ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ ရေးသားတော်မူအပ်သော ရွှေဂူနီမြတ်စွာဘုရားသမိုင်းစာအုပ်ကို လက်ဆောင်ပေးပါသည်။

ရွှေဂူနီ မြတ်စွာဘုရား သမိုင်းစာအုပ်အား ဖတ်ရှုကြည့်သောအခါ သီရိဓမ္မာသောကမင်းကြီး စေတီပေါင်း ရှစ်သောင်းလေးထောင် တည်သောအချိန်တွင် မြန်မာနိုင်ငံ၌ သရေခေတ္တရာမင်းများ စိုးစံနေသောအချိန် ဖြစ်သည်။

ထိုအချိန်က ယခု ကျောက္ကာမြောက်ရွာ၏ အနောက်ဘက် မြေပြန့်အရပ်တွင် ကျောက်သံမြို့ဟု ထင်ရှားစွာရှိခဲ့သည်။ ထိုကျောက်သံမြို့၏ အရှေ့ဘက် သဲဖြူချောင်းအနီး၌ အသောကစေတီတော်နှင့် အသောကကျောင်းလည်း ထင်ရှားစွာ ရှိခဲ့လေသည်။ ထိုအသောကစေတီတော်ကား ရွှေဂူနီမြတ်စွာဘုရားကြီး၏ မူလဗီဇ ဖြစ်သည်။

သက္ကရာဇ် ၉၉၈ ခုနှစ်တွင် ကျောက္ကာရွာမှ နွားကျောင်းသား မောင်ဆုအောင်သည် ထူးဆန်းစွာ သိကြားပူဇော်ပ၍ အံ့ဖွယ်စကား ပြောကြားသဖြင့် ယခု



www.burmeseclassic.com

www.burmeseclassic.com

ရွှေဂူနီမြတ်စွာဘုရား တည်ရှိသော အရပ်သို့သွား၍ ကျောက္ကာဆရာတော်များနှင့် ရပ်ရွာလူကြီးများအား ဤတောချုံအတွင်း၌ သီရိဓမ္မာသောကမင်း၏ စေတီတော်ရှိကြောင်း ပြောပြလေ၏။

ထိုသို့ ပြောပြချက်အရ ချုံများအား ခုတ်ထွင်ရှင်းလင်းရှာဖွေရာ ဝါဖက်ခြင်းပမာဏရှိသော (ကျောက်သံမြို့ဟောင်းမူလ) အသောက ကျောက်စေတီငယ်ကို တွေ့ရှိကြသည်။

ကျောက္ကာရွာမှ အရှင်ဉာဏမဥ္ဇူအမှူးပြုသော ဆရာတော်တို့နှင့် ရပ်ရွာမှ လူများသည် ကောဇာသက္ကရာဇ် ၉၉၉ ခုနှစ် ဇေဌနှစ်ဦးအချိန်၌ မူလအသောကစေတီငယ်ကို ဌာပနာ၍ ရွှေဂူနီစေတီတော်ကို တည်ထား ကိုးကွယ်ခဲ့ကြသည်။

ဘုရား ဒကာ၊ ဒကာမနှင့် ကျောက္ကာရွာသူရွာသားတို့လည်း အဝင်အထွက် အဆင်ပြေစေရန် မိမိတို့ရွာရှိရာ မြောက်အရပ်သို့ လိုဏ်မုခ်တော် လှည့်၍ တည်ထားကြလေသည်။ လိုဏ်ဂူပါရှိသော ဘုရားကို ရွှေတာပ်၍ ရွှေဂူဘုရားဟု ခေါ်ဆိုကြသည်။

ရွှေဂူနီဘွဲ့တော်ရရှိခြင်းမှာ လိုဏ်ဂူပါသော စေတီတော်တို့၏ နံရံကို ရွှေပိန်းချပါက ရွှေဂူဘုရား ဟင်္သပဒါး သုတ်လိမ်းပါက ဂူနီဘုရား၊ ထုံးသင်္ကန်းကပ်လှူထားလျှင် ဂူဖြူဘုရားဟု ခွဲခြားခေါ်ဆိုကြသည်။

ကျောက္ကာ ရွှေဂူနီလိုဏ်ဂူတော်အား ဟင်္သပဒါးဖြင့် နံရံတော်၊ အမိုးတော်အားလုံးကို သုတ်လိမ်း၍ ပူဇော်ထားသောကြောင့် နန္ဒမူလ ပတ္တမြားလိုဏ်ဂူလေလားဟု ယိုးမှား ထင်မြင်ကြရသည်။

ဤသို့ နီမြန်းဆန်းကြယ် တင့်တယ်သော လိုဏ်ဂူတော် ရှိသောကြောင့် ရွှေဂူနီဟူသော ဘွဲ့တော်ကို ခံယူတော်မူရပေသည်။

ဤကား ရွှေဂူနီဘွဲ့တော် ရရှိခြင်း အကြောင်းတည်းဟု ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

စာရေးသူလည်း ရွှေဂူနီစေတီတော်နှင့် ရုပ်ပွားတော်တို့မှ ရောင်ခြည်တော် ကွန့်မြူးသည့် အကြောင်းအရာများနှင့် လိုအပ်သော မှတ်တမ်းဓာတ်ပုံများ ရရှိပြီးသောကြောင့် အားလုံးအား နှုတ်ဆက်ကာ ဆုတောင်းပြည့်ပြီး အဓိဋ္ဌာန်အောင်မြင်သည်ဆိုသော ရွှေဂူနီရုပ်ပွားတော်ကို ဝင်ရောက်ဖူးမြော် ဆုတောင်းပြီး ပြန်လာခဲ့ပါတော့သည်။

ကျောက္ကာ ရွှေဂူနီမြတ်စွာဘုရားကြီးနှင့် ရုပ်ပွားတော်တို့မှ ရောင်ခြည်တော် ကွန့်မြူးသည့် အကြောင်းအား လာရောက်ပြောကြားသော ဦးညီညီ...

စေတီတော်နှင့် ရုပ်ပွားတော်တို့မှ ရောင်ခြည်တော် ကွန့်မြူးသည့် အကြောင်းများကို ရှင်းလင်းပြောပြပြီး လိုအပ်သော မှတ်တမ်းဓာတ်ပုံများအား ပေးလိုက်သည့် ကွန်ပျူတာဆရာ ဦးညို၊ ရွှေချဆရာ ဦးထွန်းထွန်းဦးနှင့်...

ကျောက္ကာ ရွှေဂူနီမြတ်စွာဘုရား သမိုင်းစာအုပ် လက်ဆောင်ပေးလိုက်သော ဦးမင်းလှိုင်တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း...

**မောင်မောင်ထွန်း (မုံရွာ)**

မှီငြမ်း

- ✧ **ဘဒ္ဒန္တကုဏ္ဍလ ရေးသားသော ရွှေဂူနီမြတ်စွာဘုရားသမိုင်း။**
- ✧ **ကိုယ်တိုင်သွားရောက် မေးမြန်းခြင်း။**

**စာမျက်နှာ (၁၁၉)မှ အဆက်**

ဟန်ဖြင့် ခြေကြွ လက်ခဝန့်အနေအထား။ ဓားဖြင့်ခုတ်မည်ကြံလျှင် ဓားကို မြှောက်လိုက်သည့်ပုံစံ၊ တံချူဖြင့် ခြွေမည်ကြံသော် တံချူကို မြှောက်လိုက်သည့်အတိုင်း မလှုပ်မယှက် သတိမေ့နေမည်ဖြစ်သည်။

ထိုအခါ တစ်ဦးတစ်ယောက်မျှ မတွေ့လျှင်ဖြစ်စေ၊ တွေ့စေကာမူ သတိပြန်လည်ရရှိအောင် မပြုလုပ်နိုင်သည်ဖြစ်စေ၊ သတိမေ့နေသည့် အနေအထားအတိုင်း ရှိနေပါလိမ့်မည်။

**မှတ်ချက် ။ ။ ဤနည်းကို အသုံးပြုထားသူ ခြံပိုင်ရှင်များအဖို့ မကြာမကြာ မိမိတို့ခြံအတွင်း လှည့်လည်ကြည့်ရှုရန် လိုပါသည်။**

ဤတွင် သတိမေ့လျော့နေသည့်သူခိုး သတိပြန်လည်ရရှိအောင် ပြုလုပ်ပေးရမည့်နည်းကိုပါ တစ်ပြိုင်နက်ပါသည်။

ယင်းကား...

သိမ်းဆည်းထားသော ဒုတိယ အမှတ်(၂) ကာလိန္ဒဓေမှ နှာနှပ်ပေးခြင်း၊ ကာလိန္ဒဓေ အနံ့ရအောင် ပြုလုပ်ပေးခြင်းပင် ဖြစ်သည်။

**မေတ္တာရပ်ခံချက် ။ ။ ခိုးယူသူတစ်ဦးတစ်ယောက်ကို သတိမေ့လျော့နေသည့်အတိုင်း တွေ့ခဲ့သော် ရိုက်နှက်ပုတ်ခတ် နှိပ်စက်ခြင်း မပြုဘဲ မေတ္တာရှေ့ထား ကရုဏာပွားလျက် (သတိပြန်လည် ရရှိအောင် ပြုလုပ်ပေးကာ)ခွင့်လွှတ်မှု ပေးသင့်ကြောင်း ပါခင်များ။**

**သန်းထွန်းအောင်**



www.burmeseclassic.com

# ကာလိန်စေ့ ငြိမ်းမဆောင်

သူခိုးပင် ဖမ်းနိုင်လေရဲ့

သန်းထွန်းအောင်

ခြံစိုက်၍ အကြံအိုက်နေသူများ သို့မဟုတ် မိမိတို့ စိုက်ပျိုးထားသည့် သီးပင်၊ စားပင်၊ ပန်းပင်များမှ အသီး၊ အပွင့်၊ အရွက် စသည်တို့ နေ့ချင်း ညချင်း ပျောက်ချင်းမလှ ပျောက်, ပျောက်နေသဖြင့် စီးပွားရေးအရ ထိခိုက်နစ်နာခြင်း ခံနေရသူတို့ ရှိကြပါ သိမ့်မည်။

ထိုသူတို့အတွက် အသီး၊ အပွင့်၊ အရွက်များ မပျောက်မရှဘဲ စိတ်ချမ်း သာပျော်ရွှင်မှု ရရှိကြစေရန်၊ ဥပမာ ခိုးယူစားသောက် ဖျက်ဆီးနေသူတို့ ကိုမှ ကြိုတင်ကာကွယ် တားဆီးနိုင် သည့် နည်းကောင်းတစ်ခုကို အကြံပြု တင်ပြပါရစေ။

ရှေးဦးစွာ…


ကာလိန်စေ့(အသေး) (၂)စေ့ကို ရအောင် ရှာထားရန်နှင့် လင်ပုပ်ဖမ်းမည့် ရက်နှင့် အချိန်ကို စုံစမ်းမေးမြန်း လေ့လာထားရပါ မည်။

ထို့ပြင် ရရှိထားသည့် ကာလိန်စေ့ (၂)စေ့ တွင် တစ်စေ့ကို အမှတ်(၁)၊ ကျန်တစ်စေ့ကို အမှတ်(၂)အဖြစ် သေချာစွာ မလွဲမမှားရ အောင် မှတ်သားထားရန် အထူး သတိပြု ပါ။

ကာလိန်စေ့လည်းရပြီ လင်ပုပ်ဖမ်း မည့်ရက်နှင့် အချိန်ကိုလည်း သိပြီဆိုပါ က လင်ပုပ်ဖမ်းမည့်အချိန် မရောက်မီ ကြိုတင်စောင့်ဆိုင်း၍ လကို သေသေ ချာချာ ကြည့်နေပါ။

လင်ပုပ် စတင်ဖမ်းသည်နှင့် တစ်ပြိုင်တည်း ကာလိန်စေ့တစ်စေ့ (အမှတ်-၁)ကို ဝမ်းထဲအရောက် မျိုချ လိုက်ပါ။ **(ဝမ်းတွင်းသို့ ကျရောက် သွားသည်အထိ သေချာစွာ မျိုချဖို့ လိုသည်။)**

နောက်တစ်စေ့အတွက် လင်ပုပ်



လွှတ်မည့် အချိန်ကို ကြည့်ရှုစောင့် ဆိုင်းရင်းလက်တွင်အသင့်ကိုင်ထားပါ။

လင်ပုပ် လွှတ်သည်နှင့် တစ်ချိန် တည်း တစ်ပြိုင်တည်း ကျအောင် ဒုတိယ (အမှတ်-၂) ကာလိန်စေ့ကို အမှတ်(၁)ကာလိန်စေ့နည်းတူ ဝမ်းထဲ ရောက်အောင် မျိုချလိုက်ပါ။

နောက်တစ်ရက် အရောက်တွင် သင့်လျော်ရာ ဝမ်းနုတ်ဆေး တစ်မျိုး မျိုးကို စားပြီး ဝမ်းသွားအောင် လုပ်ပါ။

ထို့နောက် ဝမ်းသွားလျှင် ဝမ်းနှင့် အတူ ရောပါကျလာသော ကာလိန်စေ့ (၂)စေ့လုံးကို ရအောင်ယူကာ ရေသန့် သန့်ဖြင့် သေချာစွာ ဆေးကြောသန့်စင် ပါ။

ယင်းနောက် အမှတ်(၁) ကာလိန်စေ့ တစ်လုံးကို ခြံအလယ် တစ်နေရာတွင် မြေကျင်းတူးပြီး မြှုပ်ထားပါ။**(မြှုပ် ထားသည့် နေရာကို အမှတ်အသား ပြုပါ။)** ဒုတိယ အမှတ်(၂)ကာလိန်စေ့ ကိုမူ **(မပျောက်မရှအောင် သေချာ စွာ)**သိမ်းဆည်းထားပါ။


အကယ်၍ ခိုးယူစားသောက်မည့်သူ တို့ လာရောက်ခိုးယူလျှင် ခုတ်ဖြတ် လှီးယူ ဆွတ်ခူးခြင်း မပြုမီမှာပင် ဥယျာ အပင်ပေါ်တက်မည်ကြံမှု တက်မည့်


စာမျက်နှာ (၁၁၈) သို့
www.burmeseclassic.com

www.burmeseclassic.com

# အိမ်ပေါ် ဖွတ်တက်

စီးပွားဖြစ်



၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်...

**ဒါယိကာမ**။ ။'ဦးပဥ္စင်း ဦးပဥ္စင်း'

**ဦးပဥ္စင်း**။ ။'ရေ...ဘာတုန်း၊ ဘာကိစ္စရှိလို့လဲ'

**ဒါယိကာမ**။ ။'တပည့်တော်မတို့အိမ်ကို ဖွတ်ကလေး တက်လာတယ်ဘုရား'

**ဦးပဥ္စင်း**။ ။'ဘယ်အချိန် လောက်လဲ'

**ဒါယိကာမ**။ ။'နေမြင့်မှပါဘုရား၊ (၉) နာရီခွဲ(၁၀)နာရီလောက်ရှိမယ်ဘုရား'

**ဦးပဥ္စင်း**။ ။'ဘာ ဒကာမကြီး ဖုတ်၊ ဖုတ်ကလေး တက်လာတယ် ဟုတ်လား'

**ဒါယိကာမ**။ ။'မဟုတ်ပါဘူး ဘုရား၊ ဖွတ်ကလေး တက်လာတာဘုရား၊ ဦးပဥ္စင်းရေ ဒါနဲ့ ဘာလုပ်ရင် ကောင်းပါမလဲ ဘုရား'

**ဦးပဥ္စင်း**။ ။'သာမန်အားဖြင့် ပြောရရင်တော့ **'ဖွတ်ကျော ပြစုဆင်းရဲမှု'** ဆိုကြတာပဲ'

**ဒါယိကာမ**။ ။'ဒါဆိုရင်တော့ ကြောက်တယ်ဘုရား၊ တပည့်တော် ခြောက်လှန့်ပြီး လွှတ်လိုက်မယ်ဘုရား'

**ဦးပဥ္စင်း**။ ။'အဲဒီလို မလုပ်နဲ့ဦး'

**ဒါယိကာမ**။ ။'ဒါဆိုရင် ဘယ်လိုလုပ် ရပါမလဲဘုရား'

**ဦးပဥ္စင်း**။ ။'တချို့က မ,အောင် လာတာလဲ ရှိတတ်တယ်။

ဒီတော့ **အလှူပေး၊ အမျှဝေ၊ ရွှေရေငွေရေ လောင်းလွှတ်။ မကောင်းတာမှန်သမျှ မထားခဲ့ပါနဲ့၊ ကောင်းတာပဲ ထားခဲ့ပါ။ နင့်နေရာ နင်ပြန်လို့ပြော'**

**ဒါယိကာမ**။ ။'ကောင်းပါပြီ ဘုရား၊ တပည့်တော်မ ပြန်ပါဦးမယ်ဘုရား'

ထို့နောက် သံဃာတော်ငါးပါးပင့်၍ အလှူလုပ်ပါသည်။ ဧည့်ပရိသတ်ကိုလည်း ကျွေးမွေးပါသည်။ အမျှဝေ၍ အလှူပေးပြီးသောအခါ အိမ်မှ တပျဉ်းတိုင်အခေါင်းတွင် (၃)ရက်ခန့်နေသော လက်(၂)လုံးခန့် ဖွတ်ကလေးမှာ အလိုလိုပြန်ဆင်းသွားပါတော့သည်။

ထိုအချိန်မှစ၍ သူတို့မိသားစုအိမ်ကလေးမှာ တဖြည်းဖြည်း စီးပွားတိုးတက်လာပါသည်။ လူမှုရေးတွင်လည်း မျက်နှာပွင့်ပြီး ဂုဏ်ရှိန်ဝင့်၍ တင့်တယ်နေပါသည်။

ဤသည်ကား အိမ်ပေါ်ဖွတ်တက် စီးပွားဖြစ်ပုံ ဖြစ်ပါသည်။ အကယ်၍ **ဖွတ်ကို မောင်းထုတ်ခြင်း၊ သတ်ဖြတ်ခြင်း ပြုခဲ့ပါက မည်သို့ဖြစ်မည် မတွေးတတ်ပေ။ အိမ်ပေါ် ဖွတ်တက်လျှင် စီးပွားဖြစ်နိုင်ကြပါစေ။**

***ကိုယ်စိတ်နှလုံး ရွှင်ပြုံးကြပါစေ။***

**ကိုသစ္စာ(ခေတ္တရာမြေ)**

**မှတ်ချက် ။ ။ ကာယကံရှင်များ၏ ဆန္ဒအရ အမည်မှန်များကို ချန်လှပ်၍ တင်ပြထားပါသည်။ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၊ လယ်မရွာတွင် ကြုံတွေ့ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။**



www.burmeseclassic.com

ဝေဘူဆရာတော်ကြီး၏ နွေရာသီ သီတင်းသုံးရာ

# အင်ကြင်းပင် သာသနာမြေသို့ (၁)

ထက်မင်းကျော်စွာ

စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းသို့ သွားရောက်လေ့လာစဉ် စာတည်းချုပ်က ဝေဘူဆရာတော်ကြီး၏ အင်ကြင်းပင် သာသနာမြေသို့ ဝင်ရောက် လေ့လာရန် လမ်းညွှန်ပေးခဲ့သည်။

သို့ဖြစ်၍ ဓမ္မာစရိယ ဦးဌေးလှိုင် ရေးသားသော **"သန္နိဋ္ဌိက လမ်းစဉ်"** စာအုပ်ပါ ဝေဘူဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဦးစွာ လေ့လာကြည့်သည်။


## ဝေဘူဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်လောင်းလျာ မောင်စပ်ကို ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ အင်ကြင်းပင်ကျေးရွာနေ ဦးလူဖေ၊ ဒေါ်ကြင်နုတို့မှ ၁၂၅၇ ခုနှစ်၊ တပေါင်းလဆန်း(၆)ရက်၊ တနင်္လာနေ့ နံနက် ဆယ်နာရီချက်တီးကျော်အချိန်တွင် မွေးဖွားသည်။

အသက် (၉)နှစ်အရွယ်တွင် အင်ကြင်းပင် နန်းဦးပရိယတ္တိကျောင်း ဆရာတော် ဦးသုမနထံ ရှင်သာမဏေ ပြုပေးသည်။

၁၂၇၇ ခုနှစ်၊ နယုန်လတွင် ကံဆွယ်ကျောင်းဆရာတော် ဦးဝိစာရကို ဥပဇ္ဈာယ်ပြုကာ နန်းဦးကျောင်း ခဏ္ဍသိမ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ရဟန်း(၃)ဝါအရတွင် မန္တလေးမြို့ ... ဆရာတော် ဦးသူရိယာဘိဝံသထံ စာဝါများ သင်ယူသည်။ ထို့နောက် နန်းဦးကျောင်းသို့ ပြန်ကာ စာဝါ ဆက်လက်သင်ယူပြီးနောက် ၁၂၈၉ ခု ဝါဆိုလဆန်းတွင် ဆရာတော် ... ကို ခွင့်ပန်ကာ တောထွက်ကျင့်သည်။



• ထူးခြားသော ရုပ်ပွား

www.burmeseclassic.com

ရွှေဘိုမြို့ ပုသိမ်တောရဆရာတော်ကြီးထံတွင် တစ်ဝါဆို၍ နည်းနာခံယူ အားထုတ်ပြီးနောက် ဝါကျွတ်သောအခါ မြန်မာနိုင်ငံအလယ်ပိုင်းသို့ ထွက်ခဲ့သည်။ တပ်ကုန်းမြို့အနီးရှိ ညောင်လွန့်ဆရာတော်ဦးမေဓာဝီထံမှ ပဋ္ဌိပတ်နည်းနာခံယူ ကျင့်ကြံခဲ့သည်။

ညောင်လွန့်တွင် အားထုတ်နေစဉ် လေနာရောဂါ ပြင်းထန်စွာ ခံစားရသဖြင့် ဇာတိမြေသို့ပြန်ကာ ဆေးဝါးကုသရန် ထွက်ခွာလာရာ ဒကာတစ်ဦးလမ်းညွှန်ကူညီသဖြင့် ကျောက်ဆည်မြို့မှ ဓာတ်မလျှောတွင်းရေကိုသောက်သုံး၍ ဝေဒနာ ပျောက်ကင်းခဲ့သည်။

သို့ဖြင့် အနီးရှိ ဝေဘူချောင်တွင် သီတင်းသုံး၍ ကြိုးစားကျင့်ကြံရာ ပုဂ္ဂိုလ်ထူးအဖြစ် လူအများ ကြည်ညိုဆည်းကပ်ခြင်း ခံရသည်။

၁၂၈၉ ခုနှစ်၌ ခမည်းတော်လာရောက် ပင့်လျှောက်သဖြင့် ဇာတိမြေ အင်းကြင်းပင်ကျေးရွာသို့ ပြန်ကာ ပဋ္ဌိပတ္တိသာသနာတော် ပြုစုခဲ့သည်။

၁၂၉၁ ခုနှစ်တွင် အင်းကြင်းပင်ကမ္မဋ္ဌာန်းတိုက်ကို ဆရာတော်ဦးသုမန အကြံပေးချက်အရ ထူထောင်ကာ သာသနာပြုသည်။

ထိုစဉ် ကျောက်ဆည်မှ ဒါယကာများ လာရောက်ပင့်ဖိတ်သဖြင့် ကျောက်ဆည်တွင် ဝါဆိုသည်မှာ (၆)လ၊ အင်းကြင်းပင်တွင် ကျန်(၆)လ သီတင်းသုံး တရားပြတော်မူသည်။

၁၃၁၂ ခုနှစ်တွင် ရွှေဘိုမှ ဒါယကာများ တောင်းပန်သဖြင့် အောင်မြေကျောင်းတိုက်သို့ ကြွရောက်ကာ တရားပြသည်။

ထိုနှစ်မှစ၍ ရွှေဘိုအောင်မြေတွင် ဆောင်းသုံးလ၊ အင်းကြင်းပင်တွင် နွေ



ရှေဘုရားလက်နံ့တော်မှ မှိုပေါက်သောနေရာ



အင်းကြင်းပင်ကျောင်းလမ်းညွှန်နှင့် လမ်းအဝင်တံခါး

နန်းဦးစာသင်တိုက်မုခ်ဦး







www.burmeseclassic.com

www.burmeseclassic.com





နန်းဦးကျောင်းတိုက် နန်းထပ်ကျောင်း
ဓာတ်တော်ကြုတ်

သုံးလနှင့် ကျောက်ဆည် ဝေဘူချောင် တွင် မိုးသုံးလ သီတင်းသုံးတော်မူခဲ့ သည်။

မြန်မာနိုင်ငံတစ်လွှား ပင့်ဖိတ်ရာ မြို့ရွာများအပြင် သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံများသို့လည်း ကြွရောက် ၍ တရားဟောကြား ပြသပေးတော်မူ ရာ ၁၃၃၉ ခုနှစ်၊ ပထမ ဝါဆိုလဆန်း (၁၁)ရက်နေ့တွင် ပျံလွန်တော်မူခဲ့ သည်။

ဤသို့လျှင် လေ့လာသိရှိရသဖြင့် ကျွန်ုပ်အောင်မြေသို့ ဦးစွာ သွားရောက် လေ့လာပူဇော်ပြီးနောက် အင်ကြင်းပင် ... နာမြေသို့ ဦးတည် ထွက်ခွာခဲ့ သည်။

## အင်ကြင်းပင်သို့

အင်ကြင်းပင်သို့ သွားရောက်ရန် ... မြို့ ရွှေဘုံသာဆရာတော်ဦးဥတ္တမ အား အကြံဉာဏ်တောင်းခံရာ ဆရာ တော်က ဆိုင်ကယ်သမားတစ်ဦး ခေါ် ၍ အင်ကြင်းပင် နန်းဦးကျောင်း ... ကြုပ်ဆရာတော် ဦးမင်္ဂလာအား ... ရောက်ဖူးတွေ့စေသည်။

ဆရာတော်ဦးမင်္ဂလာက ဖော်ရွေစွာ ကြိုဆို၍ သူ ရေးသားပူဇော်သည့် ဝေဘူဆရာတော်ကြီး၏ ထေရုပ္ပတ္တိ နှင့် တရားတော်များ စာအုပ်ကို လက်ဆောင်ပေး ဓမ္မဒါနပြုသည့်အပြင် ခင်ဦးမြို့နယ်အတွင်း သွားလာရေး အတွက်လည်း တာဝန်ယူ ကူညီပေး တော်မူသည်။

အင်ကြင်းပင် ခရီးစဉ်ကားရွှေဘိုမှ မြောက်ဘက် ဗျူဟာလမ်းအတိုင်း သွားရောက်ကာ "မြေနီလှို" ရွာ အရောက်တွင် လက်ဝဲဘက်ကွေ့ ဝင်သောလမ်းအတိုင်း သွားရသည်။ ခင်ဦးမြို့ထိပ်သို့ ရောက်သော် မြောင်း ပေါင်အနောက်ဘက် တာလမ်းအတိုင်း မြောက်အရပ်သို့ ဆက်သွားရသည်။

ရွှေဘိုမှ ခင်ဦးသို့ (၁၄)မိုင် ကွာဝေး ၍ ခင်ဦးမှ အင်ကြင်းပင်သို့ (၈)မိုင် ခန့် ကွာဝေးကြောင်း သိရသည်။ ရွှေဘို မှ ခင်ဦးသို့ ရန်ကုန်၊ မန္တလေးတို့မှ လာသော အဝေးပြေးယာဉ်များအား စောင့်ဆိုင်းစီးနင်းနိုင်သည်။ အချိန် အခက်အခဲ ရှိပါက ဆိုင်ကယ်အငှား ယာဉ်များ ငှားရမ်း၍လည်း သွားနိုင်လေ သည်။

## နန်းဦးကျောင်းနှင့် ကမ္မဋ္ဌာန်းကျောင်း

အင်ကြင်းပင်ကျေးရွာတွင် ဝေဘူ ဆရာတော် သီတင်းသုံးသော ကျောင်း နှစ်ကျောင်းရှိကာ လမ်းတစ်ခုသာခြား၍ သီးခြား အရံတံတိုင်း ကာရံထားသည်။ အရှေ့ဘက်ကျောင်းမှာ နန်းဦးကျောင်း ဖြစ်၍ ပရိယတ္တိစာသင်တိုက်ဖြစ်သည်။ ယနေ့တိုင်ပင် စာသင်သံဃာ(၅၀) ကျော်နှင့် သာမဏေ (၆၀)ကျော်ရှိပါ သည်။

ဝေဘူဆရာတော် လောင်းလျာ ရှင်ကုမာရ သာမဏေဘဝ၌ပင် စာသင် သံဃာ(၅၀)ကျော် ရှိခဲ့သည်ဟု ဆို၏။ ထိုစဉ်က ကျောင်းထိုင်ဆရာတော်မှာ ဦးသုမနဖြစ်၍ မင်းတုန်းမင်းနှင့် ကျောက်မှော်မိဖုရားတို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရဟန်းဘောင်သို့ ရောက်ရှိသူ

www.burmeseclassic.com

www.burmeseclassic.com



သီရိလက်ဘွယ်တော်များ

အုတ်ကျောင်းတွင်း ဘုရားဆောင်



သံဃာဖြစ်သည်။

ဘုရင်၏ ဘဏ္ဍာစာရေးက အင်ကြင်းပင် နန်းဦးကျောင်းတိုက် ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဝေဘူဆရာတော်သည် (၉)နှစ်အရွယ် ၁၂၆၆ ခုနှစ်တွင် တစ်ကြိမ်၊ (၁၉)နှစ်အရွယ် ၁၂၇၆ ခုနှစ်တွင် တစ်ကြိမ် ဤကျောင်း၌ သာမဏေပြုခဲ့ကာ ဤကျောင်းခဏ္ဍသိမ်၌ပင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂၇၇ ခုနှစ်၊ နယုန်လတွင် ရဟန်းဖြစ်ပြီးနောက် ၁၂၈၅ ခုနှစ်တွင်မှ ဆရာတော် ဦးသုမနအား ခွင့်ပန်၍ တောထွက်ကျင့်ကြံခဲ့သည်။ ရွှေဘိုမြို့ ပုသိမ်တောရဆရာတော်၊ တပ်ကုန်းမြို့ ညောင်လွန့်တောရ ဆရာတော်တို့ထံ ပဋိပတ္တိ နည်းနာခံယူ ကျင့်ကြံပြီးနောက် ဝေဘူချောင် (ကျောက်ဆည်မြို့)တွင် သီတင်းသုံးအားထုတ်ကာ လူအများ ကြည်ညိုလေးစားသော ဝေဘူဆရာတော်ဖြစ်ခဲ့သည်။

ထိုစဉ်က စွန်းလွန်းဆရာတော် ဦးကဝိလည်း ဝေဘူချောင်သို့ ရောက်ရှိ၍ တရားဆွေးနွေးပြီးနောက် ကျောင်းဒကာ ဦးပျော့အား...

'အကာကြီး ခပ်ပျားဘုန်းကြီးကို ပျော်အောင်သာ ဂရုစိုက်နော်။ မမြှုပ်မှာတစ်ဆူ ... ဝေဘူတဲ့ မှတ်ထားပေရော့'


ဟု မိန့်ကြားသွားသည်ဆို...

ဝေဘူတွင်ရှိစဉ် ကျောင်း... အင်ကြင်းပင်ရွာသား မောင်... ကျောက်ဆည်သို့ရောက်၍ ဆရာ...



www.burmeseclassic.com

www.burmeseclassic.com



▲ ဝေဘူသရာတော် ဓာတ်တော်ကြုတ်

▼ တိုက်ကြပ်ဆရာတော် အရှင်မင်္ဂလ



အား တွေ့မြင်သွားရာမှ ခမည်းတော်က လာရောက်ပင့်ဆောင်သည်။

ခမည်းတော်အား ရဟန်းပြုစေကာ ၁၂၈၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃)ရက်နေ့တွင် အင်ကြင်းပင်ကျောင်းသို့ ပြန်လည်ကြွရောက်သည်။ ငယ်ဆရာ ဦးသုမနအား ကမ္မဋ္ဌာန်းနည်းနာများ ဆက်ကပ်ရာ ဆရာက သက်ဆုံးတိုင် ကျင့်ကြံခဲ့သည်။ ဦးကုမာရအားလည်း အင်ကြင်းပင် နန်းဦးတိုက်ကို လွှဲအပ်တော်မူသည်။

ဤကျောင်းတွင် ရဟန်းယောဂီ၊ လူယောဂီ (၅၀၀)ခန့်ကို နေ့စဉ် တရားပြသလမ်းညွှန်ခဲ့ရာ ဆရာတော်ဦးသုမနက ပဋိပတ္တိကို သီးခြားဆောင်နိုင်ရန် ကျောင်းအနောက်ဘက် မြေကွက်လပ်တွင် ကမ္မဋ္ဌာန်းကျောင်းဆောက်ရန် အကြံပေးသည်။

သို့ဖြစ်၍ ၁၂၉၁ ခုနှစ် ထန်းလက်ကျောင်းကလေးဖြင့် စတင်ကာ အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်း ပေါ်ပေါက်ခဲ့သည်။ ယခုသော်ကား ကျောင်းကန်ဘုရားစေတီများဖြင့် စည်ကားစွာရှိနေပြီ ဖြစ်သည်။

ကမ္မဋ္ဌာန်းကျောင်းတိုက် တည်သောနှစ်တွင်ပင် ကျောက်ဆည်မှ ဦးပျော့နှင့် ဒါယကာများ လိုက်လာကြသဖြင့် ဒါယကာများနှင့်တိုင်ပင်ကာ ကျောက်ဆည် ဝေဘူချောင်တွင် နယုန်လမှ တန်ဆောင်မုန်းလအထိ (၆)လ၊ အင်ကြင်းပင်တွင် နတ်တော်လမှ ကဆုန်လအထိ (၆)လတာ သီတင်းသုံး၍ပဋိပတ်သာသနာ ပြုတော်မူသည်။

ရွှေလ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်အိုပန်ငယ်

# ပုတီးကျင့်စဉ်မှ...သည်

စာရေးသူသည် ဆယ်နှစ်သား အရွယ်မှစ၍ အတန်းပိုင်ဆရာမ၏ ညွှန်ကြားပြသမှုကြောင့် "**အရဟံ**" ပုတီးစိပ်နည်းဖြင့် ပုတီး စ,စိပ်ခဲ့သည်။ အသက်(၁၆)နှစ်အရွယ်သို့ ရောက်သောအခါ ဘုန်းကြီးတစ်ပါး လာပေးသွားသော "**ရက္ခန်းစင်တောင် ဆရာတော်ကြီး၏ ပုတီးစိပ်နည်း**"ကို ပြောင်းလဲ စိပ်ခဲ့ပါသည်။ ဆရာတော်ကြီး၏ ပုတီးစိပ်နည်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

'သိဒ္ဓိဘဂဝါ အရဟံ ဗုဒ္ဓေါ မေ သတ္တုပါကာရံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ'

'သိဒ္ဓိဘဂဝါ အရဟံ ဓမ္မော မေ သတ္တုပါကာရံ ဓမ္မံသရဏံ ဂစ္ဆာမိ'

'သိဒ္ဓိဘဂဝါ အရဟံ သံဃော မေ သတ္တုပါကာရံ သံဃံသရဏံ ဂစ္ဆာမိ'

စာရေးသူသည် တစ်နေ့လျှင် ပုတီး (၉)ပတ်ကျ အဓိဋ္ဌာန်ဖြင့် စိပ်ခဲ့ပါသည်။ တစ်နှစ်မျှကြာသောအခါ ဓာတ်တွေ စီးလာ၏။ ပုဂ္ဂိုလ်အစုံ ကြွလာကြသည်။ စောင့်ရှောင်သောပုဂ္ဂိုလ်များ အစစ် အမှန် ရှိကြသလို လမိုင်းများလည်း ကပ်လာတတ်၏။ ငယ်ရွယ်သူ ဖြစ်သဖြင့် ဓာတ်စီးနေသည်ကို ပျော်ရွှင်နေမိ၏။ သာယာနေမိသည်။

ဓာတ်စီးသောပုဂ္ဂိုလ်အချို့က ဘုရားမှာသွား၍ ပုတီးစိပ်ရန် ညွှန်ကြားကြသလို တစ်နေ့တွင် ဓာတ်စီးသောပုဂ္ဂိုလ်တစ်ဦးက ရေထဲသို့ခုန်ချရန် တိုက်တွန်းခဲ့ဖူး၏။ ထိုစဉ်က ဘုရားတွင် သွား၍ ပုတီးစိပ်ဖြစ်ခဲ့သော်လည်း စဉ်းစားတွေးတောဆင်ခြင်တုံတရားကြောင့် ရေထဲသို့ ခုန်မချမိခဲ့ပါ။

ကိုးကွယ်သော ဆရာတော်ကြီးတစ်ပါးက လမိုင်းအချို့မှာ အဖျက်လုပ်ငန်းများကို လုပ်တတ်ကြောင်းနှင့် သူတို့ကို သာယာနေရင် စရဏအား တိုးတက်ဖို့ မရှိကြောင်း မိန့်ကြားလာသဖြင့် စာရေးသူသည် ဓာတ်စီးခြင်းမှ ရှောင်လွှဲရမည့် နည်းလမ်းကို ရှာရတော့သည်။

ဆရာတော်တစ်ပါး ညွှန်ကြားပြသပေးသော အာနာပါနသတိလမ်းစဉ် နည်းစနစ်ကို သေချာစွာ ကျင့်ကြံအားထုတ်ပြီးသောအခါ ဓာတ်စီးခြင်း လုပ်ငန်းများ ရပ်ဆိုင်းသွားတော့သည်။ သို့ရာတွင် အမှန်တကယ် စောင့်ရှောက်လျက်ရှိသော ပုဂ္ဂိုလ်များကမူ ဆက်လက် ညွှန်ကြားနေဆဲဖြစ်၏။ သွားခိုင်းသောနေရာသို့သွား၍ ပုတီးစိပ်ရ၏။ လုပ်ခိုင်းသောအလုပ်ကိုလည်း မလွဲမသွေ လုပ်ပေးရ၏။

စရဏအားလည်း တဖြည်းဖြည်း တိုးတက်လာပြီး အာရုံနိမိတ်များ ပို၍ ထူးခြားလာပါသည်။ တစ်နေ့တွင် သင်ကြားပြသနေသော ဆရာကြီး "**စရဏအားနှင့် သမာဓိအား ကောင်းရုံနှင့် မလုံလောက်သေး**



www.burmeseclassic.com

www.burmeseclassic.com

**ကိုယ်ခံအားကောင်းအောင် ကိုယ်ခံဆေးထိုးပေးထားရမယ်**''ဟု ပြောပြီး ''**သိရသ္မီ**''ဆေးကို ထိုးပေးပါသည်။ ထိုဆေးတည်နေပုံမှာ...

* * *

| နေရာ | တည်နေပုံ |
|---|---|
| ဦးခေါင်း | မြတ်စွာဘုရား |
| လက်ယာပခုံး | အရှင်သာရိပုတ္တရာ |
| လက်ဝဲပခုံး | အရှင်မဟာမောဂ္ဂလာန် |
| နဖူးဆံစပ် | ပိဋကတ်သုံးပုံ |
| ခေါင်းနောက်စေ့ | အရှင်အာနန္ဒာ |
| ခန္ဓာကိုယ်လေးဖက် | ဒိဏ္ဍာသဝရဟန္တာအရှင်မြတ် |
| လက်ထိပ်ဖျားများ | ဗြဟ္မာမင်း၊ နတ်သိကြား၊ လောကပါလနတ် |

သိရသ္မီ ဆေးထိုးပေးသောညတွင် အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် မြင်းဖြူရှင်၊ ဦးရှင်ကြီးနှင့် ပဲခူးတလိုင်း မယ်တော်တို့က ဦးဆောင်ပြီး စာရေးသူအား ဆန္ဒပြုကြပါတော့သည်။ "မြင်းဖြူရှင်နတ်''က မြင်းဖြူကြီးပေါ်မှ ဆင်းလာပြီး...

''"သားတော်ကြီး" ဘယ်လိုလုပ်လိုက်တာတဲ့ တို့ကို အသိအမှတ်မပြုတော့ဘူးလား' ဟု မေးပါသည်။ နောက်ကပါလာသော(၃၇)ပါးသောနတ်မင်းတို့ကလည်း ကျေနပ်သည့် အမူအရာဖြင့် ဝိုင်းကြည့်နေကြပါသည်။

စာရေးသူ ငယ်ရွယ်စဉ်ကပင် မိခင်ဖြစ်သူက စာရေးသူအား မြင်းဖြူရှင်အဘကြီး စောင့်ရှောက်လျက်ရှိကြောင်း မင်းသုံးကြည်စွာ ကိုးကွယ်သင့်ကြောင်း ပြောပြခဲ့ဖူးပါသည်။ အဆိုပါ သိရသ္မီဆေးကြောင့် နတ်တို့နှင့် ဝေးခဲ့ရပြီဖြစ်ပါသည်။

တစ်နေ့တွင် ဆရာကြီးသည် အဆင့်တက်မည်ဟုပြောပြီး ကန်တော့ပွဲများ ထိုးကာ အဓိဋ္ဌာန်ပုတီး (၉)ပတ်ကို နေ့စဉ် စိပ်ပါသည်။ အဓိဋ္ဌာန်(၉)ရက် ပြည့်မြောက်သောအခါ သမာဓိအားနှင့် စရဏအားများ တိုးတက်လာသည်ကို ခံစားမိလိုက်သည်။ ယခင်ကာလများကထက် ထူးခြားသည့် မနောအာရုံများ ရှိလာ၏။

အဆင့်တက်ပြီး တစ်လအကြာတွင် ဦးလေးဖြစ်သူသည် ဆရာတစ်ဦးကို နေအိမ်သို့ ခေါ်လာသည်။ ဆရာသည် ဘိုးတော်တစ်ဦးဖြစ်ကြောင်း မိတ်ဆက်ပေးသည်။ ဘိုးတော်ဖြစ်သူသည် မပြောမဆိုဘဲ လက်ဗလာဖြင့် ဓာတ်လုံးများကို ယူပြပြီး စာရေးသူအား တစ်လုံးပေး၏။ နောက်ထပ် ငှက်ပျောသီးကျွေးမည်ဟု ပြောကာ လွယ်အိတ်ထဲသို့ လက်နှိုက်နေချိန်တွင် စာရေးသူသည် သိရသ္မီ ဂါထာကို ရွတ်ဖတ်ပူဇော်လိုက်၏။ ငှက်ပျောသီးက ပါမလာတော့ပါ။ ဘိုးတော်က နောက်ကြုံမှကျွေးမည် သွားစရာရှိသေးသည်ဟု ပြောပြီး ပြန်ကြွသွားပါသည်။

ဦးလေးဖြစ်သူသည် ဘိုးတော်၏ တပည့်ဖြစ်၏။ ဂိုဏ်းတစ်ဂိုဏ်းမှ ဂိုဏ်းဝင်ဖြစ်ကြောင်း ပြောပြပါသည်။ ဘိုးတော်တွင် အမှန်တကယ်တန်ခိုးမရှိဘဲ



နိုင်း၍ရနေသော ပုဂ္ဂိုလ်များ၏အစွမ်းအစဖြင့် ပစ္စည်းယူပေးတာဖြစ်ကြောင်း ရှင်းပြသည်။ စာရေးသူက ဦးလေးဖြစ်သူအား လေ့လာချင်သည်ဟု ပြောသောအခါ အထက်လမ်းပညာများသာ ဖြစ်၍ မလိုချင်ပါနှင့်ဟု တားပါသည်။

စာရေးသူသည် ဓာတ်လုံးများယူပြသည့် မြင်ကွင်းကို မြင်လိုက်ရသဖြင့် ကျင့်စဉ်ကို စူးစမ်းချင်စိတ် ပေါ်လာပါသည်။ ဦးလေးဖြစ်သူအား ပူဆာသဖြင့် ဦးလေးက ဘိုးတော်ထံ ခေါ်သွားပါသည်။ ဘိုးတော်သည် ကန်တော့ပွဲ (၁၀၈)ပွဲတွင် အလင်းတိုင်နှင့် အမွှေးတိုင်များ ထွန်းညှိပူဇော်ထား၏။ ဘိုးတော်က စာရေးသူအား ပုတီးစိပ်ကြည့်ရန် ဖိတ်ခေါ်သည်။

စာရေးသူသည် မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ပြီး ပွဲများရှေ့တွင် ထိုင်ချလိုက်သည်။ ပြီးနောက် ပါလာသော ပုတီးဖြင့် စိပ်နေကျ "ရက္ခန်းစင်တောင်ဆရာတော်''၏ ပုတီးစိပ်နည်းဖြင့် (၉)ပတ် စိပ်လိုက်၏။ စိပ်ခါစတွင် တစ်ကိုယ်လုံး ယားယံလာပြီး နောက်တဖြည်းဖြည်း ပျောက်သွားသည်။

ပုတီးစိပ်ပြီးနောက် သိရသ္မီ ဂါထာကို ရွတ်ဖတ် ပူဇော်လိုက်သောအခါ ခြံဝင်းအတွင်းမှ ဒုန်းဟု ကျယ်လောင်



www.burmeseclassic.com

www.burmeseclassic.com



သောအသံကို ကြားလိုက်ရပြီး ထွန်းထားသော ဖယောင်းတိုင်အချို့မှာ လေတိုက်သကဲ့သို့ ငြိမ်းသွား၏။ ဘိုးတော်က မျက်စိပျက် မျက်နှာပျက်ဖြစ်နေပြီး မကြာခဏ ပုတီးစိပ်ရန် ဖိတ်ခေါ်၍ ခြံဝင်းအတွင်းသို့ ဆင်းသွားသည်။

ထိုညတွင် အိပ်မက် မက်ပါသည်။ အိပ်မက်ထဲတွင် ဘုန်းတော်ကြီးတစ်ပါးက...

'ဒီလုပ်ငန်းတွေဟာ ဒကာလေးနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး။ လုပ်နေကျ အလုပ်ကိုသာ တိုးတက်အောင် ကြိုးစားလုပ်ပါ'

ဟု ပြောပြီး ပျောက်သွားသည်။ စာရေးသူလဲ ဘိုးတော်ထံသို့ နောက်ထပ် မသွားဖြစ်တော့ပါ။

၁၉၉၀ ပြည့်နှစ်တွင် ရုံးမှ တပည့်တစ်ဦး၏ နေအိမ်သို့ အလည်သွား၏။ ထိုအိမ်တွင် အမျိုးသမီးတစ်ဦးကို ဆရာတစ်ဦးက ရွတ်ဖတ်မန်းမှုတ်၍ ဆေးကုသပေးနေသည်။ ဆရာ၏ လက်တစ်ဖက်တွင် ဆေးသမားတော်ကြီးဟုခေါ်သော သစ်ကိုင်းခက်တစ်ခက်ကိုင်ထား၏။ ကုသပေးသောရောဂါမှာ နို့ကင်ဆာဖြစ်ပြီး ရောဂါမှာ နုသေးသည်ဟု သိရသည်။ ထိုဆရာ၏ ကုသမှုကြောင့် ရောဂါမှာ လုံးဝပျောက်ကင်းသွားကြောင်း ကြားသိရ၏။

ကင်ဆာရောဂါကို ယခုအချိန်အထိ ပျောက်ကင်းအောင်ကုသ၍ မရသေးပါ။ အနေးနှင့်အမြန် ထိုရောဂါကြောင့် သေဆုံးကြရသည်။ ဆရာသည် ရောဂါမျိုးစုံကို ကုသပေးပြီးတော်တော်များများ ပျောက်ကင်းသွားကြောင်း ကျော်စောသတင်းပြန့်လွင့်ခဲ့၏။ ထိုဆရာ၏ ကုသမှုကြောင့် ကင်ဆာရောဂါပျောက်ကင်းသွားသဖြင့် ဆရာ၏ကျင့်စဉ်ကို စူးစမ်းလိုစိတ် ပေါ်လာပြန်ပါသည်။

ဆရာ့နည်းတူ ရောဂါသည်များအား စာနာစိတ်ဖြင့် ကုသပေးချင်သော စိတ်ဆန္ဒပြင်းပြစွာ ပေါ်လာသဖြင့် တပည့်ဖြစ်သူ၏အကူအညီကိုရယူ၍ ဆရာ့ထံ ချဉ်းကပ်ခဲ့၏။ ဆရာသည် "..."ဂိုဏ်းဝင်တစ်ဦးဖြစ်ပြီး ဆရာ့ဆရာများ လက်ဆင့်ကမ်းပေးခဲ့သော ဆေးသားတော်ကြီးကိုကိုင်၍ ဆေးကုသပေးခြင်းဖြစ်သည်။

ကျင့်စဉ်အဖြစ် နေ့စဉ် ပုတီးကို အဓိဋ္ဌာန်ဖြင့် စိပ်ခြင်း၊ ကံငါးပါးကို လုံခြုံအောင် ထိန်းသိမ်းခြင်းနှင့် အသက် သက်သတ်လွတ် အစားအစာများကို စားရကြောင်း သိရှိရပါသည်။

ဆေးသားတော်ကြီးမှာ တစ်ပေခွဲ အရှည်ရှိပြီး လိုအပ်ပါက ဆေးကိုသွေး၍ ကုသပေးပါသည်။ ရံဖန်ရံခါတွင် ဓာတ်လုံးများနှင့်လည်း ကုသပေးလေ့ရှိ၏။

ဆရာနှင့် ကျွမ်းဝင်ရင်းနှီးပြီးနောက် ဆရာနှင့်အတူ လူနာများအိမ်သို့ မကြာခဏ လိုက်သွားသည်။ ဆရာသည် စရဏအားကိုအခြေခံပြီး စောင့်ရှောက်လျက်ရှိသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအား တိုင်တည်၍ အကူအညီရယူကာ ဆေးကုသပေးခြင်း ဖြစ်သည်။ ကုသခံ လူနာတွင်လည်း သီလ၊ သမာဓိ ပြည့်စုံနေပါက ရောဂါမှာ တစ်ခဏအတွင်း ယူပစ်သလို ပျောက်ကင်းတတ်ကြောင်း တွေ့ရပါသည်။

ဆရာ့နည်းစနစ်အတိုင်း ကျင့်ကြံအားထုတ်၍ တစ်လမျှကြာသောအခါ ညဘက်တွင် အိပ်မက်မက်ပြန်သည်။ အိပ်မက်ထဲတွင် ယခင်မြင်မက်ခဲ့သော ဘုန်းကြီးက...

'ဒကာ ကိုယ့်လမ်းကိုယ်လျှောက်ပါ။ တည့်တည့်လျှောက် ဖြောင့်ဖြောင့်သွားမှ လိုရာခရီးကို အမြန်ရောက်မယ်။ ကိုယ်နဲ့ ပဋ္ဌာန်းဆက်မရှိတဲ့ လုပ်ငန်းတွေကို မစဉ်းစားပါနဲ့ အချိန်ကုန်တယ်။ အတားအဆီးတွေကို ရှောင်ရှားပြီး ဒကာသွားရမယ့် လမ်းကိုသာ သွားပါ'

ဟုပြောပြီး ပျောက်သွားပါသည်။

စာရေးသူသည် ငယ်ရွယ်စဉ်ကပင် ဘိုးတော်များ၊ ဝိဇ္ဇာများအကြောင်းကို စိတ်ဝင်စားခဲ့သည်။ ဆေးဝိဇ္ဇာသို့မဟုတ် ဘိုးတော်ဖြစ်ချင်သည့်စိတ်များ ပြင်းပြစွာ ပေါ်လာခဲ့ဖူး၏။ အိပ်မက်ထဲတွင်လည်း ဘိုးတော်နှင့် ဝိဇ္ဇာများအတိုင်း ပျံသန်းနှင့် သွားနေခဲ့ဖူးသည်။

သို့ရာတွင် စာရေးသူသည် ထိုဝိဇ္ဇာများကဲ့သို့ ဝိဇ္ဇာဖြစ်လာရန် ရေစက်မရှိသလို ဘိုးတော်ဖြစ်ရန်လည်း ပဋ္ဌာန်းဆက်မရှိကြောင်း သိခွင့်ရရှိခဲ့လေပြီ။ တကယ်တော့ စာရေးသူ လျှောက်ရမည့်လမ်းမှာ **"လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေ ချုပ်ငြိမ်းရာ ဝိပဿနာ တရားလမ်းသာ"** ဖြစ်နေပါတော့သည်။

**တက္ကသိုလ်အပင်းငယ်**



www.burmeseclassic.com

www.burmeseclassic.com

သာပေါင်းမြို့၏ ကျက်သရေဆောင်

# မြွတ်တောင်ဥုိတောင်

နှင့် ရှေးဟောင်းစေတီများ

မြမဥ္ဇူ၆၀ (ကျုံ့မငေး)

ယခုနှစ် မိုးကုန်ပြီဟု ယူဆရသော ဂုတ်လလယ်မှာ တူမလေးမျိုးမျိုး သာပေါင်းမြို့သူ)၏ ဖွတ်အတင်း ခေါ် ဆောင်မှုကြောင့် တစ်ခါမျှ သွားရန် ည့်ရွယ်သေးသော မြို့သို့ ရောက်ခဲ့ရ သည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်း စ်မြို့ အပါအဝင်ဖြစ်သော သာပေါင်း မြို့သည် သမိုင်းဝင် ထင်ရှားသော ရှေးဟောင်းအမွေခံ စေတီဘုရားများ ည့်ရှိစံပယ်နေပါသည်။

တပေများတွင်သာ ဖတ်ရှုမှတ်သား သော ကျွန်မအဖို့ ယခုကိုယ်တိုင် မြင်ရတော့မှာ ဖြစ်သောကြောင့် တူမ ကို ကျေးဇူးတင်ရပါသည်။

အထူးသဖြင့် ဂရုတစိုက် အလေး ကာ ဧည့်ခံကြသော ဆွေမျိုးညီကို င်နှမများကိုလည်း ကျေပွန်ရုံမက နာလောက်အောင် ရေတစ်တန်၊ တစ်လှည့် ပို့ဆောင်မှုကို ကျေးဇူး ခဲ့ရပါကြောင်း ကျေးဇူးစကား ဆို ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၏ မြို့ တ် ပုသိမ်မြို့သည် တစ်ချိန်သော က မွန်(၃၂)မြို့အဖြစ် အထင် ား ဖြစ်ခဲ့ဖူးရုံသာမက ဘာသာ၊ သနာလည်း အလွန်ကြွယ်ဝ င်ခဲ့သောကြောင့် မင်းနှင့် ပြည်သူ တူစွာ တည်ခဲ့သော "မုဓ္ဒော ရ"ဆိုသည့် စေတီဘုရားများ ည်း ကိန်းဝပ်နေပါသည်။



▲ မြွတ်တောင်ဥုိတောင်ရှိ စေတြီးဒီပါစေတီ

ရာသီဥတု အခြေအနေအရ ရေလမ်း ခရီးကိုသာ သွားရမည့် ခရီးများ ဖြစ်နေ ၍ ဝေးလံသောခရီးကို အသာထားကာ အနီးအနားက ဘုရားများသို့သာ သွား ရန် စီစဉ်ပေးခဲ့ကြပါသည်။

သာပေါင်းမြို့သားများ အနေဖြင့်

နောက်စာမျက်နှာ ၁၂၉

www.burmeseclassic.com



ညည်သည့်များလာလျှင် ဆိုရိုးစကားရှိခဲ့သည်မှာ **"တောင်ညိုမရောက်ခရီးမပေါက်"**ဟု ဆိုကြပြီး မဖြစ်မနေ တောင်ညိုတောင်ဟု ခေါ်ကြသော **"မြတ်တောင်ညို"**သို့ ပို့ဆောင်တတ်ကြပါသည်။


ခရီးစဉ်ကို ဆိုင်ကယ်ဖြင့် စီစဉ်ကြပါသည်။ သာပေါင်းမြို့ခံ စာရေးဆရာ ကိုကြီးစော(သာပေါင်း)နှင့် စာရေးဖော်များကလည်း မိသားစုကဲ့သို့ လိုက်လံပျူငှာစွာ စီစဉ်ပေးကြပြီး သာပေါင်းမြို့နှင့် (၉)မိုင်ခန့်ဝေးသောခရီးကို ကိုကြီးစော(သာပေါင်း)၊ ဦးစိုးလွင်(တောင်ညိုတောင်–အတွင်းရေးမှူး)၊ တူလေး ကိုထွန်းလှိုင်ဝင်း(အထွေထွေအုပ်ချုပ်ရေးဌာန) ကိုမင်းမင်းစိုးနှင့် တူမလေး မျိုးမျိုး (မစန်းမျိုးခိုင်–သာပေါင်း)တို့ အတူ လိုက်ပါခဲ့ပါသည်။

တောင်ညိုတောင်ဟု ရှေးအခေါ်ရှိခဲ့သော်လည်း သူတော်စင်၊ သူတော်မြတ်၊ ဝိဇ္ဇာဇော်ဂျီများ သိဒ္ဓိကျင့်စဉ်၊ မဟိဒ္ဓိကျင့်စဉ်များကို လာရောက် ကျင့်ကြံ ပွားများကြရာ တောင်မြတ်ဖြစ်သောကြောင့် "မြတ်တောင်ညို"ဟု အမြတ်ဆုံးထား၍ ခေါ်ခဲ့ကြခြင်း ဖြစ်ပါသည်။

မြတ်တောင်ညိုသည် သာပေါင်းမြို့နယ် ပျဉ်းမတုံးကျေးရွာအုပ်စု၊ သူဌေးစမ်းရွာအနီးမှာ ဖြစ်ပါသည်။ တောင်ပေါ်တွင် ကျောင်း၊ ဇရပ်၊ သိမ်များမရှိဘဲ စေတီဘုရားများနှင့် ရှေးဟောင်းသိမ်ဟု ထင်ရသော ခပ်အိုအိုကျောင်းတစ်ကျောင်း ရှိနေပါသည်။

တောင်ပိုင်နန်းနှင့် အောင်မြေကို ပြုပြင်ထားသောကြောင့် သစ်လွင်နေ







မြတ်တောင်ညိုရှုစားဖွယ်စေတီရင်ပြင်ရှိ

ဓမ္မအောင်မြေ(မဟိဒ္ဓိအောင်မြေ)




www.burmeseclassic.com

www.burmeseclassic.com



◆ မြတ်တောင်ညို၏ ကျောက်ပုံတောင်
စေတီ



◆ မြတ်တောင်ညို ရွှေတာရုံစေတီ
အောက်တက်ရုပ်ပြမိဂ္ဂိ ရာဇဝင်စဉ်

သည့်ပမာ တွေ့ခဲ့ရပါသည်။

တစ်ချိန်သောအခါက သူတော်စင်များသည် သိဒ္ဓိ၊ ဟိဒ္ဓိအကျင့်များ ကျင့်ခဲ့ရာနေရာများ၊ အောင်မြေများလည်း တွေ့ရပါသည်။ တောင်အကျယ်မှာ တစ်ဧကခန့် ရှိမှာဖြစ်ပြီး တောင်ပေါ်သို့ အတက်လမ်းသည် တောင်အစမှခ်ဦးသည် အရှေ့ဘက်ဖြစ်ပြီး ခပ်ကျဲကျဲ လှေကားထစ်ပေါင်း (၆၀)ဖြင့် မိုးလုံနေလုံ စင်္ကြံလမ်းကလေး ဖြစ်ပါသည်။

တောင်ပေါ်၏ အနောက်အရပ်တွင်လည်း အတက်မုခ်ဦးရှိနေပြီး မတ်စောက်သော တောင်အတက်နှင့် လှေကားထစ်ပေါင်း (၁၂၀)ကျော်ရှိ၏။

တောင်ခြေ၌ တောရကျောင်းတစ်ကျောင်း ရှိသော်လည်း ကျောင်းထိုင်ဆရာတော် မရှိကြောင်း သိရသောကြောင့် ကျွန်မတို့အုပ်စု မသွားဖြစ်ခဲ့၍ တောင်မြတ်၏ ဦးစီးပဓာန နာယကသည် မရှိတော့ကြောင်း မှတ်ယူမိပါသည်။

ဤတောင်မြတ်သည် ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှား ရှိခဲ့စဉ်အခါက ညီတော်အာနန္ဒာနှင့်အတူ ကြွရောက်ကာ ခေတ္တ သီတင်းသုံးခဲ့သောကြောင့် ထူးမြတ်သောတောင် ဖြစ်ခဲ့ပြီး လောကီအကျိုး၊ လောကုတ္တရာအကျိုး လိုလားစွာ ကျင့်စဉ်များ လာရောက် ကျင့်ကြံကြသူများ၏ အဓိကနယ်မြေ ဖြစ်ခဲ့ရပါသည်။

ထိုစဉ်အခါက **သိဒ္ဓိရှင်အဘအောင်မင်းရှင်**ဆိုသော သူတော်စင်တစ်ဦးလည်း ဤတောင်တွင် အချိန်ကြာမြင့်

www.burmeseclassic.com

**မြတ်တောင်ညိုရှိ ထူးခြားသည့် ရွှေစာရံစေတီ**


စွာ သာသနာပြုသွားကြောင်း ဒေသခံ ရှေးလူကြီးများက ပြောဆိုခဲ့ကြောင်း ဒေသခံများက ဆိုပါသည်။

သာသနာပြုမင်းများ ရှိခဲ့စဉ်အခါက အလောင်းစည်သူမင်းကြီး၊ ဥမ္မာဒန္တီ မင်းသမီး၊ ဘုရင်မကြီး ရှင်စောပုတို့ လည်း သာသနာပြုရန် ဤတောင်သို့ ရောက်ရှိခဲ့ဖူးပါသည်။

အစဉ်အလာအရ သာသနာနှင့် တရားများဖြင့်သာ ထုံမွမ်းခဲ့သော တောင်မြတ်ဖြစ်၍ မပြုမူသင့်သော အပြောအဆို ကြမ်းတမ်းမှုများကို မပြု ဝံ့ခဲ့ကြကြောင်း အကယ်၍ ပြုခဲ့သည် ရှိသော် ဘေးဒုက္ခဖြင့် ကြုံကြရ သည်ဟုလည်း ဒေသခံများက ဆိုပါ သည်။

သာပေါင်းမြို့နယ်၊ သစ်ဖြူကျေးရွာ အုပ်စု၊ ကျားခေါင်းကျေးရွာတွင် သီတင်း သုံးတော်မူသော ကျားခေါင်းဆရာ တော် ဦးကေသရသည် အနောက်ရိုးမ တောင်တန်းတစ်လျှောက် စေတီဘုရား များတည်ပြီး မကျွတ်မလွတ်ကြသေး သောသူများကို အမျှပေးဝေ ကုသိုလ် ခဲ့သည်။

ထိုစဉ်က "ငေါ်တောင်"၊ "စစ္စရံ ချောင်း"တို့ကို ဖြတ်ကျော်၍ တောင်ညို တောင်ပေါ်တွင် ဘာဝနာစခန်း ဝင်ရင်း သက္ကရာဇ် ၁၂၉၅ ခုနှစ်၊ "ကိုးနဝင်း ရွှေစာရံ"စေတီတော်ကို စတင် တည် ထားခဲ့ရာမှ "မြတ်တောင်ညို" သာသနာအစ ဖြစ်ခဲ့သည်ဟုလည်း ဆိုခဲ့ကြပါသည်။






မြတ်တောင်ညို အရှေ့မုခ်ဦးတွင် ဒေသခံ စာရေးဆရာ ကိုကြီးအေး(သာပေါင်း)နှင့် စာရေးသူ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



◀ မြတ်တောင်ညိုမှ

မြဲတောင်ဘုရားစေတီ

ကိုးနဝင်းရွှေစာရံစေတီ၏ ဌာပနာတိုက်တွင် ရွှေသားဖြင့် သွန်းသော ရွှေစေတီ၊ ငွေသားဖြင့် သွန်းသော ငွေစေတီများနှင့်အတူ ဓာတ်တော်မွေတော်များ ပါဝင်ခဲ့ကြောင်းနှင့် စေတီတော်ပတ်လည်ကို ကျောက်ချောများ ခင်းထား၏။

စေတီ၏ အရှေ့အရပ်တွင် "**ရာမအောင်မြေ**"နှင့်အတူ တစ်ဆင့်နိမ့်သော စကြံလျှောက်လမ်း၌ "**မဟိဒ္ဓိအောင်မြေ**"လည်းရှိ၏။ စေတီတော်၏ ဉာဏ်တော်မှာ (၉)တောင်အမြင့်ရှိပါသည်။

ရှေးအခါက အလောင်းစည်သူမင်းကြီးသည် ရေလမ်းခရီးဖြင့် ခရီးလှည့်လည်စဉ် ဖောင်တော်ဆိုက်ရာသည့် "**ဘူမိသစ္စနာဂရမြို့**"ဆိုသောမြို့ကြီးဖြစ်ပြီး ထိုမြို့ရှိ တောင်ကြီးသည် တောင်ညိုတောင်ဖြစ်ကြောင်း သီဟိုဠ်(သီရိလင်္ကာ)မှ ကုလားများ လာရောက်တိုက်ခိုက်၍ မြို့ပျက်ဖြစ်သွားရ၏။

ဝိဇ္ဇာသူတော်စင်ရသေ့ကြီး ဦးဒိဗ္ဗ၏ဆိုမိန့်စကားအရ တောင်ညိုတောင်တွင် ဆုတောင်းပြည့် အဓိဋ္ဌာန်ပြည့် စေတီတစ်ဆူရှိကြောင်း မှတ်သားခဲ့ရသည်ဟုလည်း ဆိုကြပါသည်။

ထို့ကြောင့် ဒေသခံများက ယခုဖူးတွေ့ရသော ကိုးနဝင်းရွှေစာရံစေတီမှာ တောင်ညိုတောင်တွင် ရှိခဲ့ဖူးသည့် ဆုတောင်းပြည့်စေတီကို ငုံ၍ တင်ထားခြင်းဖြစ်နိုင်သည်ဟု ဆိုကြပါသည်။

ကျားခေါင်းဆရာတော်သည် သီလ၊ သမာဓိ၊ ပညာဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်



◀ မြတ်တောင်ညိုသို့

လိုက်ပါပို့ဆောင်ကြသော

သာထေပ်ပင်မြို့မှ မောင်ရှင်သုံးဦး

www.burmeseclassic.com



▲ မြတ်တောင်ညို တောဆိုင် မောင်တော်ရုပ်တု


▼ မြတ်တောင်ညို တောဆိုင် နှမရုပ်တု





www.burmeseclassic.com

www.burmeseclassic.com



◆ မြတ်တောင်ညိုရှိ ဘုရားတည် သမိုင်းဝင်
[illegible]

ဖြစ်သည်နှင့်အညီ သီတင်းသုံးနေထိုင်
ငှ့်အခါက "နားမ္ဘောင်းကျ" ချောင်းမှ
၍ သာပေါင်းမြို့အထိ အပိုင်စားရ
သော ကျမိုင်းမောင်နှမ ရှင်မွန်လှနတ်
မောင်နှမ၏ အိပ်မက်ပေး တောင်းပန်
မှုကြောင့် ကိုးနဝင်းရွှေစာရံစေတီကို
ဘုရားဒါယကာ ဦးစကြယ်၊ ဒါယိကာမ
ဒေါ်ဆင်တို့မှ ဦးဆောင်ကာ တည်ထား
ခဲ့သည်ဟု ဆိုကြပါသည်။

သာပေါင်းမြို့၏ သမိုင်းအကြောင်း
ကို လေ့လာခဲ့သော စာပေဝါသနာရှင်
တစ်ဦး၏ မှတ်သားလေ့လာထားသည်
မှာ တစ်ချိန်သောအခါက မြတ်တောင်
ညိုတွင် **လယ်တီဆရာတော်ကြီး၊
ကန်ကြီးဒေါင့်ဆရာတော် ဦးပညာ
သုတ၊ ခန္တီးဆရာတော်၊ မောင်းတော်
ချုပ်ဆရာတော်များ**လည်း ကြွရောက်
သီတင်းသုံးခဲ့သည်ဟု မှတ်သားထားပါ
သည်။

ထိုမှတ်သားတွေ့ရှိမှုကို ဝဲဒေါင့်
ဆရာတော် ဦးနန္ဒဝံသမှလည်း ထိုသို့
ပင် မိန့်ဆိုခဲ့ပါသည်။

ထူးခြားသော စေတီတစ်ဆူကို
ဖူးတွေ့ရသောကြောင့် စုံစမ်းမေးမြန်း
လိုက်သောအခါ "**စကြာဒီပါစေတီ**"
ဟု ဆိုပြီး ထိုစေတီတွင် ရှေးဟောင်း
အောင်မြေစေတီငယ်ကို ငုံ၍ ထပ်မံ
တည်ထားသောစေတီဖြစ်သည်ဟု ဆို
ပါသည်။

ကျွန်မအဖို့ "မြတ်တောင်ညို"
သာသနိကနယ်မြေသို့ ရောက်ရှိခဲ့ပြီး
ရှေးဟောင်း အမွေခံစေတီများ၊
အောင်မြေများသို့ ရောက်ခဲ့ရသည်ကို
လွန်စွာ ကျေနပ်မိပါသည်။

ဗုဒ္ဓသာသနာ ထွန်းလင်းဖြာသော
မြန်မာနိုင်ငံအဖို့ ဤကဲ့သို့ ရှေးကျသော
သာသနိက စေတီဘုရားများသည်
ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့
တွင်သာမက မြန်မာနိုင်ငံ အနှံ့အပြား၌
လည်း တည်ရှိနေမှာဖြစ်ကြောင်း တွေး
နေမိပါသည်။

မြမဥ္ဇူဝေ (ကျုံမငေး)

မှီငြမ်းမှု
၁။ **မြတ်တောင်ညို ဘုရားပွဲတော်
လက်ကမ်းကြော်ငြာစာ။**
၂။ **စာရေးဆရာ ကိုကြီးစော(သာ
ပေါင်း)၏ မှတ်တမ်း။**
၃။ **စာရေးသူ၏ မြတ်တောင်ညို
ဘုရားဖူးခရီး။**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၁၅၂)မှ အဆက်



ကြက်မောက်ဆူးပြန်

မျက်စိရောဂါ

အမြစ်ကို ဆားအနည်းငယ်နှင့် သွေးကာ မျက်စိကွင်းပေးက မျက်စိနာခြင်း၊ အောင့်ခြင်း၊ နီခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။

သွေး၍ရသော အရည်ကြည်ကို မျက်စဉ်းခတ်ပေးက မျက်ခမ်းစပ်ရောဂါ ပျောက်ကင်း၏။

ပဥ္စင်းပါးကို ပြာချ၊ ဆားချက်ကာ ထိုဆားတစ်ပဲသားကို ပျားရည်နှင့် ရောလျက် နံနက်,ညတစ်ကြိမ်စီ လျက်ပေးပါက နာတာရှည်ပန်းနာရောဂါ ပျောက်ကင်းစေသည်။

သမင်ဖြူ

အရေပြားတွင် အဖြူကွက်များ ဖြစ်ပေါ်သော သမင်လျက်ရောဂါခေါ် သမင်ဖြူရောဂါအတွက် ကြက်မောက်ဆူးပြန် ဆားနှင့် မြင်းသီလာ ဆတူရောကာ နွားကျင်ငယ်ရည်ဖြင့် လိမ်းပေးရသည်။ ရက်အတန်ကြာဖွဲ့နှင့် လိမ်းပေးက ပျောက်ကင်း၏။

ဆီးကျောက်

ဆီးအောင့်ခြင်း၊ ဆီးကျောက်တည်ခြင်းအတွက် ကြက်မောက်ဆူးပြန် ဆားနှင့် မုယောဆား ဆတူရောကာ ရေအေးဖြင့် သောက်ပေးရသည်။ ဆေးအချိန် တစ်နေ့ လေးပဲသား တစ်ခါ သောက်စာ ဖြစ်သည်။

အားဆေး

ကြက်မောက်ဆူးပြန် ဆားနှစ်ပဲသားခန့်ကို နွမ်းဆီ လက်ဖက်စားဇွန်း တစ်ဇွန်းနှင့် (အနေတော်) ရေတစ်ဖန်ခွက်တွင် ရောမွှေလျှင် နို့ကဲ့သို့ ဖြူသွားသည်။ ထိုနို့ကို သောက်ပေးပါက အားအင် ပြည့်ဝ၍ ဆီးဝမ်းရွှင် နှုတ်မြိန်စေသည်။

ဆားချက်ရန်မှာ တော်သလင်းသီတင်းကျွတ်လများတွင် ကြက်မောက်ဆူးပြန် ပဥ္စင်းပါးကို အရိပ်တွင် အခြောက်လှန်းပြီးမှ ခြောက်သွေ့သောအခါ မီးရှို့ပြာချ ဆားချက်ရသည်။

ဧကရာဇ်

ကေရာဇ်ရွက်များကို တို့မြှုပ်သုပ်စားခြင်း၊ ကြော်ချက်စားခြင်းဖြင့် အမူအမော်ကောင်း၍ အမျိုးသမီးများ မီးယပ် ငုပ်,ထိန်ခြင်းများ ပျောက်ကင်းသည်။

မီးယပ် မှန်ကန်စေသည်။ ဓမ္မတာလာခါနီး (၅)ရက် တစ်ပတ်အလိုတွင် နေ့စဉ် စားပေးရသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဆေးသုတေသီတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# မယ်တော်ကြီး ဒေါ်သုမင်္ဂလ ၏

အနာဂတ်အတွက် မိန့်ကြားစကား

ဆိုးသည် သုတေသီ

ပင်ယရွှေစည်းခုံ စေတီရင်ပြင် ...နှင်းနွှေဆောင့်ရှိ ကျောက်စာ ...န်ဆောင်းသို့ သွားရောက်ကာ ...သီလရှင်မယ်တော်ကြီး ဒေါ်သုမင်္ဂလ ...အား ဖူးတွေ့ရာ ထူးခြားစွာဖြင့် တံခါး ...လေးပေါက်စလုံး ဟင်းလင်း ဖွင့်ထား ...သည်ကို မြင်ရသည်။

ယခင်အခေါက်များစွာ ရောက်ရှိစဉ် ...က အဝင်အထွက်တံခါး တစ်ပေါက်သာ ...ဖွင့်ထားလေ့ရှိခြင်းကြောင့် ဖြစ်သည်။

မယ်တော်ကြီးကိုမူ မမြင်ရပေ။ အနီး ...ရှိ တဲကျောင်းကလေးအတွင်း ရှိဟန် ...တူပါသည်။

'အမေ'

'ဟေ ဘယ်သူများလဲ ငါအိပ်နေ ...တာကွယ့်' *(တရားမှတ်နေသည်ဆိုခြင်း ...ဖြစ်၏)*

...တန်ဆောင်းအတွင်း ရောက်ရှိ၍ ...ခဏကန်တော့သောအခါ မေးမြန်း ...သည်၏။


'တံခါးတွေ အကုန်လုံး ဖွင့်ထားပါ ...သလား'

'အေး မီးက ပျက်နေတော့ လေက ...ဝင်အောင်လို့ပါ။ အပူက ကြီးပဲ့ ...ပဲ'

'ဟုတ်တယ် အမေ။ နေဝင်သွားတာ ...တောင် အပူက မပြယ်သေးဘူး'

'...ဒို့အတွက်တော့ မထူးပါဘူး။ ...ဘာ အေးတာ၊ ခြင်ကိုက်တာ၊ ကြမ်း ...ပိုးကိုက်တာတွေ ထူးပြီးတော့ ဒုက္ခ ...များပါဘူး။ မင်းအတွက် အားလုံး ...ကြွတ် ကြားလား လူလေး။ **အပူက ...အားကြီးမှာ။** မင်း အခု ဘယ်က ...လာတာလဲ'

'...ဒွာတို ခင်ဦး၊ ရေဦး၊ တန့်ဆည် ...က လာတာပါ။ ဟိုဘက်မှာလဲ ...ဥ်ဒန်းခေါင်အထိ ပူအိုက်နေတုန်း ...ဝေဘူဆရာတော်ရဲ့ အင်ကြင်းပင်



◆ သီလရှင်မယ်တော်ကြီး ဒေါ်သုမင်္ဂလ

ရွှာလဲ ရောက်ခဲ့တယ်'

'ဝေဘူဆရာတော်ကတော့ ငယ်စဉ်ကတည်းက နာမည်ကြီးတဲ့ ဘုန်းကြီးဆိုပြီး သွား,သွားဖူးခဲ့ရတယ်။ ခင်ပွန်းက ခင်ဦးမြို့နယ်ဆေးရုံမှာ တာဝန်ကျတော့လဲ ခဏခဏ ဖူးဖြစ်ပါတယ်'

'ခြေကျင်လား အမေ'

'အဝေးကြီးဟဲ့ ဘယ်လျှောက်နိုင်မှာတုန်း။ ကားပိုင်ရှိတဲ့သူတွေခေါ်သွားလို့ ရောက်ဖြစ်တာ'

'နောက်ပိုင်းမှာ ဝေဘူဆရာတော်က အမေဖြန့်ခင်းတဲ့ ဆံပင်တွေ မနင်းတော့ဘူးဆိုတာ ဘာဖြစ်လို့ပါလဲ'

'ဦးဝိမလ (မိုးကုတ်ဆရာတော်ဘုရား) ရဲ့ တရားစာအုပ်တွေ ဖတ်ရာကနေ ကိုယ်တိုင်ဖူးတွေ့ပြီး တရားထိုင်ဖြစ်တော့ ဝေဘူဆရာတော်က ဆံပင်ကို မနင်းတော့ဘူး။ တရားအသိကလေး နည်းနည်းပါးပါး ရလာတာကို သိလို့နဲ့ တူပါရဲ့'

'ဝေဘူဆရာတော်ဆီမှာ တရားထိုင်ဖြစ်သေးလား'

'ဟင့်အင်း ဖူးရုံဖူးဖြစ်တာပါ။ ဦးဝိမလကျေးဇူးကြောင့်သာ တရားအသိမှာ အခုအခြေအနေ ရောက်လာတာပါ။ (၄၂)နှစ်ရတော့ (၇)လသမီး



www.burmeseclassic.com

www.burmeseclassic.com

ကလေး ထားရစ်ပြီး စစ်ကိုင်းချောင်မှာ ရေဆွမ်းဝင် တောထွက် ဖြစ်တာပါပဲ'

ထိုစဉ် (၄၂)ရက်တာ ရေမှလွဲ၍ မည့်သည့်အာဟာရမှ စားသုံးခြင်းမရှိသော်လည်း အားအင် လျော့နည်းခြင်း မရှိ၊ ပကတိ ကြည်လင်ကျန်းမာနေခဲ့သည်ဟု ထိုအချိန်(၁၉၇၅ ခုနှစ်)က ရိုက်ထားသော ဓာတ်ပုံများကို ညွှန်ပြ ပြောဆိုခဲ့သည်။

ထိုစဉ် ဝေယျာဝစ္စ ပြုလုပ်ကူညီသူ အမျိုးသမီးက သစ်သီး၊ မုန့်များ တည်ခင်းရာမှ...

'ကိုမြင့်သန်းတော့ မနေ့ကမှ ပြန်သွားတယ်'

ဟု ပြောပြသည်။

မယ်တော်ကြီး လူ့ဘဝက သား အကြီးဖြစ်ကာ တစ်ကိုယ်တည်းသမား သက်လွတ်စားကာ ပဋ္ဌာန်းဒေသနာတော်ကို စေတီပုထိုးများ၌ နှစ်ကာလရှည် ရွတ်ဖတ်ပူဇော်ခဲ့သူ ဖြစ်သည်။

'သူ ပဋ္ဌာန်းပူဇော်တုန်းပဲလား အမေ'

'အခုတော့ မရွတ်ဖတ်ဖြစ်တော့ပါဘူး။ တရားမှတ်နေသတဲ့။ ပဋ္ဌာန်းဒေသနာတော်ကြီးဆိုတာမြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှာသာ ဟောခဲ့တာ။ လူ့ပြည်မှာဟောတာ မဟုတ်ဘူး။ အထက်နတ်တွေ အလွန်ကြည်ညိုကြပေမယ့် မြေပြင် လူ့လောကမှာ ကျင်လည်နေတဲ့ အောက်နတ်အချို့က နားမလည်ကြဘူး။

ပဋ္ဌာန်းကို နှစ်ရှည်လများ အချိန်ယူပြီး ပဋ္ဌာန်းချည်း ပူဇော်နေတော့ သူ့မှာ အောက်နတ်တွေရဲ့ အကူအညီ မရဘူး။ လောကီနယ်က မထွက်နိုင်သေးတဲ့သူ အတွက် အောက်နတ်တွေရဲ့ အကူအညီ မရရင် လုပ်ငန်းဆောင်တာတွေ အတွက် သက်သောင့်သက်သာ မရှိဘူး ပေါ့ကွယ်'



'ဒါဖြင့် လူဝတ်ကြောင်အနေနဲ့ ပဋ္ဌာန်းပူဇော်ဖို့ မသင့်ဘူးပေါ့နော်'

'တရားဆိုတာ မပူဇော်စကောင်းတဲ့ တရားရယ်လို့ မရှိပါဘူး။ ဒီတစ်ခုတည်း တစိုက်မတ်မတ်ပူဇော်နေပြီး ဒါန၊ သီလ၊ သမာဓိအရာ မဖြည့်ဆည်းနိုင်ရင် လိုသလောက် ခရီးမပေါက်ဘူးပေါ့။ မင်းတို့ ပြောပြောနေတဲ့ ရေသန့်လိုပေါ့။ ဘာစကားဆိုလဲ'

'မြေချဉ်ဓာတ် PHစကားပါ အမေ'

'အေး အဲဒါ ပုံမှန်ရှိမှ နည်းရင် မကောင်းသလို များလွန်းရင်လဲ မကောင်းဘူး။ မသန့်ဘူးတဲ့။ တို့ မြတ်စွာဘုရားကတော့ မဇ္ဈိမပဋိပဒါ လမ်းကို ဟောပါတယ်'

'မှတ်သားစရာ ကောင်းလှပါတယ် အမေ။ ကျွန်တော်လဲ အပြန်ခရီးမှာ အချိန်ရသေးလို့ ဆရာလဲ အဆင်ပြေရင် အမေ့ဆီကို ဝင်ခဲ့ပါဦးလို့ မှာတာနဲ့ ရောက်ဖြစ်ရတာ အကျိုးရှိပါတယ် အမေ'

'အေး အေး မင်းဆရာကိုလဲ ပြောလိုက်ပါ။ အပူရှိန်က အင်မတန် ပြင်းတယ်။ မယုံမရှိနဲ့၊ တကယ့်ကို ကမ္ဘာပျက်လောက်တဲ့ အပူပဲ'

'ဒီလိုဆိုရင် မိုးခေါင်မှာလား'

'မခေါင်ဘူး မိုးလဲ အကြီးအကျယ် ရွာမယ်'

ရာသီဥတု မညီမျှ ဖောက်ပြန်ခြင်းကို ရည်ရွယ်သည်ဟု ယူဆမိသည်။

'သွေးတွေကလဲ မနည်းဘူး မနေ့က ငါ့အိပ်နေရင်း တံတိုင်းပေါ်က ကြည့်နေတာ လူသွေးတွေကော၊ တိရစ္ဆာန်ပေါင်းစုံရဲ့သွေး တွေရော သမုဒ္ဒရာထဲ စီးဝင်သွားတာ အရောင်ကို မည်းနက်နေတာပဲ'

'ကျွန်တော်တို့ ဘယ်လို ရှောင်သင့် သလဲ အမေ'

'ဟဲ့ ဗေဒဆရာတော်လဲ ပြောခဲ့တာပဲ တော်မွတ်ခေါင်းပါးတဲ့ ဒုဗ္ဘိက္ခန္တရကပ်က လောဘကြောင့် ဖြစ်ရတယ်။ ဓား ... လက်နက်ဘေး သတ္တန္တရကပ်က ဒေါ... ကြောင့် ဖြစ်ရတယ်။ အနာရောဂါဘေး... ရောဂန္တရကပ်က မောဟကြောင့် ဖြစ်ရတယ်...

ဒီကပ်ဘေးကြီးတွေက လွတ်အောင် ... လောဘ၊ ဒေါသ၊ မောဟကို နိုင်အောင် ... ထိန်းပါ။ ဘာနဲ့ ထိန်းမလဲ၊ ရတနာသုံးပါး... ဦးထိပ်ထားပြီး သရဏဂုံတည်ပါ။ ရတနာ... သုံးပါးဂုဏ်တော်တွေကို နှလုံးသွင်း... ကြည်ညိုပြီး ပွားများနေပါ။ နေ့စဉ် အ... ရသလောက် ကြိုးစားရမယ်နော်။

အဲဒီလို လောဘ၊ ဒေါသ၊ မောဟတွေ... တတ်နိုင်သလောက် ပယ်သတ်နိုင်... ကပ်ဘေးကြီးလဲ ကြိုးကြိုးမားမား ကြုံ... မရှိဘူးပေါ့'

ထို့နောက်တွင် အမေက စိပ်ပုတီး... ကို သရဏဂုံတင်ပေး၍ အပြန်ခရီးလမ်း... အေးချမ်းစေကြောင်း ဆုတောင်းပေး... ခဲ့လေရာ နေအညိုတွင် အမေ... ကန်တော့နှုတ်ဆက်၍ စစ်ကိုင်းမြို့သို့ ပြန်ခဲ့လေသည်။

**မှတ်ချက် ။ ။ ၁၇–၆–၂၀၁၃ ...**
**တွင် တွေ့ဆုံကြားနာခဲ့ရခြင်း ဖြစ်...**
**သည်။**

**ခရီးသည် သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



ပုဇဉ်းတံများ စတင်ထွက်လာပုံ

ဒေါ်မော်စယ်ယု

# ရှက်ပေါက်ကြီးဂမုန်းပင်

## အဖူး အပွင့်များ ပွင့်လာလျှင် ကောင်းကျိုး ဆိုးပြစ်များအား သုတေသီပညာရှင်များမှ ဖြေကြားပေးပါရန်

စိုက်ပျိုးခဲ့သည့်အကြောင်း ဓာတ်ပုံနှင့်တကွ အနည်းငယ် တင်ပြပါရစေ။

ကျွန်မတို့မိသားစုသည် အစိုးရဝန်ထမ်းများဖြစ်ပါသည်။ ကျွန်မသည် စာအုပ်စာပေများကိုလည်း ဖတ်ရှုလေ့လာခြင်းကို ဝါသနာပါသည်။

အထူးသဖြင့် ကျွန်မ ကြိုက်နှစ်သက်ဆုံး အဖတ်အများဆုံး စာအုပ်မှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖြစ်သည်။

ကျွန်မ စတင်ဖတ်ရှုခဲ့သည်မှာ (၁၈) နှစ်နီးပါးရှိပြီ ဖြစ်ပါသည်။ကျွန်မ ဖတ်ရှုလေ့လာခဲ့သောမဂ္ဂဇင်းတွင် ကျွန်မတို့အိမ်၌ စိုက်ပျိုးထားသည့် ရှက်ပေါက်ဂမုန်းအကြောင်းများလည်း ပါဝင်သည် **(အမှတ်၂၁၃၊ ဧပြီလ၊ ၂၀၀၄)ထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း** တွင်လည်း ပါသည်။

**"ရှက်ပေါက်ကြီးဂမုန်း၊ လူခြေရာနှင့် ကျားခြေရာဂမုန်း"**ဟု ဖော်ပြထားသည်။ ပုံစံမှာ ကျွန်မတို့အိမ်၌ စိုက်ပျိုးထားသည့် ရှက်ပေါက်ဂမုန်းနှင့် တစ်ပုံစံတည်း ဖြစ်သည်။

ကျွန်မတို့ စိုက်ပျိုးခဲ့သည်မှာ ပန်းအိုးနှင့်စိုက်ပျိုးခဲ့ရာ ယခုအချိန်အထိ အနှစ် (၂၀)နီးပါးရှိပြီ ဖြစ်သည်။ ရွှေ့ပြောင်းနေရာမှန်သမျှ အပါယူသွားခဲ့သည်။

ကျွန်မသည် ဂမုန်းပင်များကို ရိုးရိုးပန်းပင်များထက် မက်မောသူဖြစ်သည်။ ကျွန်မတို့ ဝန်ထမ်းအိမ်ရာမှ အိုးပိုင်အိမ်ပိုင်ရသည်အထိ ပုံမှန်ဖြစ်သည်။

ကိုယ်အိမ်ပိုင်ရောက်မှ ပန်းအိုးကို အပင်ပေါက်ခွဲ၍ တည်းပင်ခြေရင်းတွင် ထားခဲ့ရာမှ စတင်ပြီး အနွယ်ထွက်လာ၍ အပင်အလယ်အထိ တက်သွားပြီး ခွဆုံမှစ၍ အမြစ်များ ဖြာထွက်လာပြီး အရွက်များသည် စိုက်ပျိုးခဲ့သည့် နှစ်များအတွင်း တစ်ခါမှ မမြင်ဘူးသော အင်ဖက်အရွယ်အစားလောက် ကြီးမားသော အရွက်များ ဖြစ်လာပြီး ဖူးတံများသည် စထွက်ချိန်မှာ စိန်ဖူးဖော်ပုံစံနှင့်ထွက်ပြီး အပွင့်အာလာသောအခါ ပိန်းပန်းတ[illegible]မ်းပုံ




www.burmeseclassic.com

www.burmeseclassic.com



▲ အပွင့်ပွင့်လာပုံ အနီးကပ်ပုံ

▼ အပွင့်ပွင့်လာသောအခါ ပိန်းပန်းတော်ခြမ်း ဖြစ်လာပုံ



နှင့် နဂါးရုံဘုရားပုံစံ ပေါက်ပြီး ပေါ်လာ
ပြီး တစ်ဖူးပြီးတစ်ဖူး (၉)ဖူး ပြည့်အောင်
ထွက်လာခဲ့သည်။

ပထမအကြိမ်တွင် ဖြစ်သည်။ ယ
ဒုတိယအကြိမ် ထပ်ထွက်၍ ပွင့်လာ
သောကြောင့် ကျွန်မတို့လည်း တစ်ဦး
မသိ တစ်ဦး သိမည်ဆိုပြီး နက္ခတ္တရော
ခြည်မဂ္ဂဇင်းကို လှမ်း၍ မေးမြန်းခြင်း
ဖြစ်ပါသည်။

ကျွန်မတို့ဆီမှာလည်း ဆရာတော်
ကြီးများနှင့် လူကြီးများကို မေးတော
လည်း သူတို့လည်း မမြင်ဘူးကြောင်း
ထူးတော့ထူးကြောင်း၊ ကောင်းသော
နိမိတ်ဖြစ်ကြောင်းတော့မိန့်ကြားပါသည်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖတ်ရှု
သုတေသီပညာရှင်များမှ သိလျှင်
လည်း ပြန်ကြားပေးပါရန်။

**ဒေါ်မော်ဇင်ယု**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေထုံးလမ်းစဉ်

ဦးမင်းစိုင်
(ရွှေနဝင်း)



လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော် ကာလက ကျွန်တော်တို့ နယ်တစ်ဝိုက်တွင် **"ရွှေထုံးဆရာတော်"** ဟု နာမည်ကျော်ကြားသော အင်္ဂရတ် ဆရာတော်တစ်ပါး ပေါ်ပေါက်ခဲ့ပါသည်။

ထိုဆရာတော် နာမည်ကြီးသည်မှာ အင်္ဂရတ်နည်းပညာဖြင့် ဆေးကုသခြင်းတွင် နာမည်ကျော်ကြားခြင်းပင် ဖြစ်ပါသည်။

ကင်ဆာကဲ့သို့ ပျောက်ကင်းနိုင်ခဲသော ရောဂါများ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အသည်းရောဂါ စသော ကုသရ ခက်ခဲသော ဆေးအမျိုးမျိုး မတိုးသည့် ရောဂါကြီးများကို ဆရာတော်ထံတွင် ကုသမှု ခံယူကြလျှင် သက်သာပျောက်ကင်းကြသူကများပါသည်။

ထို့ကြောင့် တစ်ယောက်စကား တစ်ယောက်ကြားနှင့် တစ်နေ့ထက်တစ်နေ့ အနယ်နယ်အရပ်ရပ်တို့မှ ရောဂါဝေဒနာရှင်များ လာရောက်ကုသမှု ခံယူကြသည်မှာ ပွဲဈေးတန်းတမျှ စည်ကားလှပါသည်။

ဆရာတော်ထံ လာရောက်ကုသကြသော သူများသည် ငွေကြေးတတ်နိုင်သူများဆိုလျှင် ပျားရည် (၁)ပိဿာနဲ့ ရွှေ(၁)မတ်သား ယူဆောင်လာရပါသည်။ ငွေကြေး ချို့တဲ့သူများကိုတော့ စိတ်ဓါတ် ကုသပေးတတ်ပါသည်။

လူနာရှင်များ ယူဆောင်လာသည့် ရွှေ(၁)မတ်သားကို ဆရာတော်မှ သူ၏ ခတ်လုံးဖြင့် လုံသစ်တစ်လုံတွင် ပေါင်း၍ထည့်ပြီး မီး(၇)အုပ်ခန့် ဆရာတော်ကိုယ်တိုင် ခတ်ထိုးပြီး လုံအအေးခံ၍ ဖွင့်လိုက်သည့်အခါ ခတ်ထုံးအပေါ်တွင် **ရွှေ(၁)မတ်သားသည်** ထုံးကျောက်သဏ္ဌာန် တင်နေပါသည်။ ယင်းရွှေထုံးကို ကြိတ်ခြေလိုက်ပါက အမှုန့်ဖြစ်သွားပါသည်။

ယင်း ရွှေထုံးမှုန့်ကို ရောဂါ အနုအရင့်၊ အကြီးအသေးပေါ် မူတည်၍ (၁,၂,၃)ရွေး စသည် ဆရာတော်ကိုယ်တိုင် ချင့်ချိန်၍ ပျားရည်နှင့် ရောစပ်ပေးပါသည်။

ရွှေထုံးမှုန့်နှင့် ပျားရည် ရောစပ်လိုက်သည့်အခါ ပျားရည်သည် ဆူတက်လာပြီး နွားနို့ကဲ့သို့ ဖြူဖွေးလာပါသည်။ ယင်းကို ဆေးစပ်ပြီး ပျားရည်အသား ပြန်လည်ကျဆင်းလာအောင် (၃,၄)ရက်ခန့် ငြိမ်ထားလိုက်လျှင် မူလပျားရည်အရောင်အတိုင်း ဖြစ်သွားပါသည်။

ထိုအခါမှ ရောဂါဝေဒနာရှင်သည် နံနက်,နေ့,ည ဆေးပျားရည် လက်ဖက်ရည်ဇွန်းငယ် တစ်ဇွန်းခန့် တစ်နေ့(၂)ကြိမ်,(၃)ကြိမ်ခန့် သောက်ရသည်။

ထိုနည်းစဉ်အတိုင်း ဆရာတော်ကုသလာခဲ့သည်မှာ ရောဂါဝေဒနာရှင်ပေါင်း မြောက်မြားစွာ ပျောက်ကင်းသက်သာကြပေသည်။

ဤသို့ နာမည်ကြီးလာသည့်အခါ ဆရာတော်ထံ နည်းယူ၍ တပည့်ခံရန် အင်္ဂရတ်ဝါသနာရှင်များ လာရောက်ကြသည်မှာ တသဲသဲ ဖြစ်ပါသည်။

သို့သော် ဆရာတော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ နည်းမပေး တပည့်အဖြစ် မသတ်မှတ်ပါ။ လာသမျှသော သူအပေါင်းတို့ကို သင့်တော်သလို အာလာပသလ္လာပ ပြောကြား၍ ပြန်လွှတ်လေ့ ရှိပါသည်။

ဒါပေမယ့် ဆရာတော်၏ လူယုံတပည့်ရင်း ဦးသူတော် တစ်ယောက်တော့ရှိသည်။ ထိုပုဂ္ဂိုလ်ကလည်း ဆရာတော်အပေါ် သစ္စာရှိ နူတ်လုံပါသည်။

ဒီလိုနှင့် ဆေးလာကုသည့် ရောဂါဝေဒနာရှင်များ၊ နည်းနာခံယူလိုသည့် အင်္ဂရတ်ဝါသနာရှင်များ နေ့စဉ်နှင့် အမျှ ဝင်လိုက်ထွက်လိုက်နှင့် [illegible]အတန်

www.burmeseclassic.com

ကြာလာပြီး တစ်နေ့သောအခါတွင် ဆရာတော်သည် စိတ်လက်မရွှင် မျက်နှာမကြည်သာ ဖြစ်နေသည်ကို တပည့်ရင်းချာများ သတိထားမိလာသည်။

ထိုအခါ ဆရာတော်ကို ဝိုင်း၍ မေးမြန်းကြသောအခါ ဒီတော့မှ ဆရာတော်၏ အကြောင်းရင်းမှန်ကို သိရပေတော့သည်။

ဖြစ်ပုံက ဒီလို...

ဆရာတော်သည် ဆေးကုသရန် ရွှေထုံးလုပ်လျှင် ဓာတ်လုံးကို အသုံးပြုပြီး ဆေးမလုပ်သည့်အခါ ဘုရားခန်းထဲတွင် ဓာတ်လုံးကို သီးသန့်သေတ္တာအသေးလေးထဲတွင် အသေအချာသော့ခတ်၍ ဆရာတော်ကိုယ်တိုင် သိမ်းဆည်းထားလေ့ ရှိပါသည်။

ထိုမတိုင်ခင် (၃,၄)လခန့်က (၃,၄) ကြိမ်ဆရာတော်ကို အိပ်မက်ပေးသည်ဟု ပြောပါသည်။

ထိုဓာတ်လုံးနှင့် ဆေးဆက်မကုဘဲ ရပ်တန့်၍ ဓာတ်ကြီးလမ်းစဉ်အတိုင်း ဆက်တက်ရန်နှင့် သီလ၊ သမာဓိကို ပိုမိုဖြည့်ကျင့်ရန် အိပ်မက်ပေးသည်ဟု ဆိုပါသည်။

သို့သော် ဆရာတော်ကတော့ အမှုမထားဘဲ နေမြဲတိုင်းသာ နေခဲ့သည်။ လက်ရှိဓာတ်အဆင့်မှာ သာယာကျေနပ်နေခဲ့ပါသည်။

တစ်နေ့တွင် ရွှေထုံးလုပ်ရန် ဓာတ်လုံးကို သေတ္တာထဲမှ ထုတ်ယူလိုက်သောအခါ ဓာတ်လုံးမှာ ပျောက်ချင်းမလှ ပျောက်ဆုံးနေပေသည်။ ခြေရာလက်ရာမပျက် သော့မှာလည်း ခတ်လျက်အတိုင်းသာ ရှိပေသည်။

ထိုအခါမှ ဆရာတော်သည် '**ငါမှားပြီ**'ဟု ညည်းချင်းချပေတော့သည်။ ဆိုင်ရာပိုင်ရာတို့မှ အတန်တန် သတိ



ပေးနေသည်ကို သတိမမူခဲ့ခြင်းကို နောင်တရနေပေတော့သည်။

သို့သော် ဒီဓာတ်လမ်းကို ဆရာတော်ကိုယ်တိုင် ဓာတ်လုံးတည်ပြီး ဓာတ်လမ်းပြီးဆုံးအောင် လုပ်ခဲ့ခြင်းကြောင့် ဓာတ်ပြန်၍ အသစ်တည်လျှင် အချိန်သိပ်မကြာခင် ဓာတ်လုံး မူလအတိုင်း ပြန်ရနိုင်သည်ဟု ယုံကြည်လက်ခံထား၍ စိတ်ဓာတ်ကတော့ သိပ်မကျပါ။

ဒါပေသိ ခက်သည်မှာ ဓာတ်တည်ရန် ဓာတ်ပစ္စည်းက အခက်တွေ့နေရသည်။

ယင် ဓာတ်ပစ္စည်း အကြမ်းထည် ပေါ်ပေါ်များများ ရှိစဉ်က ကိုယ့်မှာလည်း ဓာတ်လုံး အောင်မြင်ထား၍ သိပ်အရေးမကြီး မလိုအပ်ဟုထင်ပြီး ခင်ရာမင်ရာ ဝါသနာတူ မနိုင်ရင်ကာ ပုဂ္ဂိုလ်များ၊ သီတင်းသုံးဖော်များကို သူ့ကို (၂) ကျပ်သား၊ သူ့ကို (၃)ကျပ်သား စသည်ဖြင့် ဝေငှပေးခဲ့ခြင်းကြောင့် ယခု မိမိကိုယ်တိုင် ပြန်၍ ဓာတ်တည်ရန်အတွက် ဓာတ်ပစ္စည်းက သိပ်မရှိတော့ပေ။

ဒီအကြောင်းတွေကို ဆရာတော်၏ လက်ရှိလူယုံတပည့် ဦးသူတော်ကြီးမှ ပြောပြ၍ ကျွန်တော်တို့ အစအဆုံး သိရလေသည်။ မပြောမဖြစ်၍ ပြောရခြင်းလည်း ဖြစ်ပါသည်။ အကြောင်းမှာ...

ဆရာတော် ဓာတ်ပြန်တည်ရန် လိုအပ်သောပစ္စည်းကို နီးစပ်ရာ ခင်မင်ရာများကို လှူခဲ့၍ နေရာအနှံ့ ဓာတ်ပစ္စည်း ရှာဖွေကူညီပေးရန်အတွက် ဖြစ်ပါသည်။

ဆရာတော် လိုအပ်နေသော ဓာတ်ပစ္စည်းမှာ အခြားမဟုတ်ပါ။ ခြသံ စစ်စစ်ပင် ဖြစ်ပါသည်။ ဟိုစဉ်အချိန်က ဆရာတော်၏ တပည့်တစ်ဦးမှ ယာကွက်ရှင်းရင်း တွေ့ရှိသော ခြသံ (၅၀) ကျပ်သားခန့်၊ ခြသံခဲ တစ်အုံလိုက်လာ၍ ကပ်လှူခဲ့ခြင်း ဖြစ်ပါသည်။

ယင်းအထဲမှ ခြသံ (၃)ကျပ်သားကို ဖဲ့ယူပြီး ဓာတ်လမ်းတည်၍ ဓာတ်လုံးထိုးပြီး အောင်မြင်ခဲ့ခြင်း ဖြစ်ပါသည်။ အကျိုးလည်း ခံစားခဲ့ရပါသည်။

အထက်ပါ ဖြစ်စဉ်များ ဖြစ်ခဲ့ပြီး နောက်ပိုင်းကျမှ ဆရာတော်၏ ဓာတ်လမ်းစဉ်ကို လူယုံတပည့်ကြီး ဦးသူတော်မှ ပြောပြ၍ ဤနည်းလမ်းကို သိခဲ့ရပါသည်။

### ရွှေထုံးဓာတ်လမ်းစဉ်မှာ

ပထမမူလဓာတ်ရင်းမှာ ခြသံ ကောင်းကောင်းပင် ဖြစ်ပါသည်။ ခြသံ မစစ်ခဲ့လျှင် (သို့မဟုတ်) ခြသံ သက်တမ်းနုလျှင် ယင်းဓာတ်လမ်းစဉ် အောင်မြင်မှု နှေးပါသည်။

အကယ်၍ ခြသံ ကောင်းကောင်း စစ်စစ် ရခဲ့ပြီဆိုလျှင် ဓာတ်လမ်းစဉ် စာချိုးကတော့...

'ပွတ် ( ၃ )လေး နာ( ၃ )လေး
လုံခြောက်( ၇ )လုံ ချော်တစ်လုံ
ကြေပြန်းကန်သား ချော်ထွက်လျှင်
အောင်ပြီ'

ဟု ဖြစ်ပါသည်။

**ရှင်းလင်းချက်** ။ ။ **ခြသံစစ်စစ် ကောင်းကောင်းရလျှင် ခြသံ (၃)ကျပ်သားကို ဓာတ်ရင်းတည်၍ ပထမပွတ်နှင့် လေးတူ ကိုပိတ်၍**

www.burmeseclassic.com

ထိုးသွားရမည်။

လုံပိတ်၍ ဓာတ်(၂)ပါးကို ရောထိုးသွားပြီး မူလခြံသံ အလေးချိန် ပြန်ရောက်ချိန်တွင် တစ်ဖန် ဂွတ်ကို ဓာတ်ရင်း၏ တစ်လေး ထပ်ပေါင်းထည့်၍ တစ်ဖန် လုံပိတ်၍ ထပ်ထိုးပါ။

[ပထမ ဓာတ်ရင်းတည် ခြံသံ(၃) ကျပ်သားသည် ဂွတ်တစ်လေး ကုန်ချိန်တွင် (၃)ကျပ်သား ရှိချင်မှရှိမည်။ ခြံသံ အနှစ် (၂)ကျပ် (၈)ပဲ (သို့မဟုတ်) (၂)ကျပ် (၄)ပဲခန့်လောက် ကျန်နေတတ်ပါသည်။]

ထိုအခါ နောက်ထပ် ထည့်သည့် ဂွတ်အလေးချိန်သည် ခြံသံအနှစ် ကျန်နေသည့် အလေးအချိန်အတိုင်းသာ ထပ်ထည့်၍ ထိုးရပါမည်။


ထိုကဲ့သို့ ဂွတ်(၃)လေး ကုန်သည်အထိ လုံပိတ်၍ ထိုးသွားပြီး ခြံသံအနှစ် ကျန်သည့်အချိန်တွင် နာကောင်းကောင်း သန့်သန့်ကို ခြံသံအနှစ် အလေးချိန်အတိုင်း ပေါင်းထည့်၍ လုံပိတ် ပြန်ထိုးပါ။

ရှေးနည်းအတိုင်း လုံပိတ်၍ နာ(၃)လေးကုန်အောင် ထိုးသွားရမည်။

နာ(၃)လေး ကုန်သည့်အချိန်တွင် ဓာတ်လုံးကို လုံခြောက်သီးသန့် (၇)လုံ တေဖောတက်ရမည်။

တေဖော(၇)လုံ တက်ပြီးလျှင် လက်ချားချော်ဖြင့် ဓာတ်လုံးကို ထိုးလိုက်လျှင် ထိုလက်ချားချော်၏ အရောင်သည် နွားနို့၏ အရောင် (သို့မဟုတ်) ကြွေပန်းကန်၏ အရောင်ကဲ့သို့ ဖြူနှစ်နှစ်နှင့် ဖွေးပြီးနေပြီဆိုလျှင် ထို ခြံသံဓာတ်လုံးသည် အောင်မြင်ပြီ။

နောက်ဆုံး စခန်းသိမ်းချိန်တွင် မူလ ဓာတ်ရင်း ခြံသံ (၃)ကျပ်သားသည်



ခြံသံအဆီအနှစ် (၁)ကျပ် (၄)ပဲသား (သို့မဟုတ်) (၁)ကျပ်သား စသည်သာ ကျန်နိုင်ပါသည်။

ထိုအချိန်တွင် '**ရွှေထုံး**'ကို လုပ်ယူနိုင်ပါပြီ။ ခြံသံအဆီအနှစ် ဓာတ်လုံး၏ (၄)ပုံ(၁)ပုံ ရွှေ(ကိတ်)ထည့်၍ မီး(၇)အုပ်ခန့် ထိုးလိုက်လျှင် ခြံသံအနှစ် ဓာတ်လုံးပေါ်တွင် ရွှေထုံးကျပြီး တင်နေပါမည်။

ယင်းရွှေထုံးကို အထက်ဖော်ပြပါ ရောဂါဝေဒနာအပေါင်းတို့ကို ဉာဏ်ရှိသလို အသုံးပြု ကုသနိုင်ပါသည်။

ဒါက ဆရာတော်၏ မူလလမ်းစဉ် အမှန်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

သို့သော် သတ္တဝါတို့၏ ကံတရားသည် လွန်စွာဆန်းကြယ်လှပါသည်။ ဆရာတော်သည် မူလပထမ ခြံသံ ရခဲ့စဉ်က ဓာတ်တည်၍ ထိုးခဲ့သော ဓာတ်လုံးသည် တစ်ကြိမ်တစ်ခါတည်းနှင့် အောင်မြင်သွားခဲ့ပါသည်။

သို့သော် ဝိဇ္ဇာခရလမ်းစဉ် စည်းမျဉ်းများကို လိုက်နာမှု အားနည်းခဲ့၍ ဓာတ်လုံးပျောက်ဆုံး (ဓာတ်အသိမ်းခံရသည့်)နောက်ပိုင်း ခြံသံပေါင်း မြောက်မြားစွာကို ရှေးနည်းအတိုင်း ဓာတ်တည်၍ ထိုးခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ နောက်ဆုံး ပျံလွန်တော်မူသည်အထိ မအောင်မြင်ခဲ့ပါ။

ထို့ကြောင့် အဂ္ဂိရတ် ဝါသနာရှင်၊ ပညာသင် သုတေသီများကို အထူးမှာကြားလိုသည်မှာ **အဂ္ဂိရတ်နှင့် ပတ်သက်သော ဝိဇ္ဇာခရဓာတ်လမ်းစဉ်များသည် အောင်မြင်ရန် ခက်ခဲသလို ကံအကျိုးပေး၍ အောင်မြင်ခဲ့လျှင်လည်း ဝိဇ္ဇာခရလမ်းစဉ် စည်းမျဉ်း စည်းကမ်းများကို အထူးလိုက်နာပြီး သီလ,သမာဓိ,ပညာတို့ကို ဖြည့်ကျင့်နိုင်မှသာ တော်ကာကျမည် ဖြစ်သည်။** ထိုမှသာ မိမိထံမှာ ဓာတ်လုံး မြဲနေမည်။

လွယ်လွယ်တွေးပြီး လွယ်လွယ်ဖြစ်မည်ဟု ဘယ်သောအခါမှ မထင်မှတ်ကြပါနှင့်ဟု သတိပေးချင်ပါသည်။

လောကတွင် မည်သည့်အရာကမှ လွယ်လွယ်ကူကူ အလကားမရပါ။ အဖိုးတန်တာကို လိုချင်လျှင် တန်ဖိုးကြီးကြီး ပေးဆပ်မှသာ အဖိုးတန်ရတနာ ရမည်ဖြစ်ပါသည်။

**[ဝိဇ္ဇာခရအဂ္ဂိရတ် အတတ်ပညာနှင့် လောကီစည်းစိမ်မှာ ယစ်မူးပြီး နေမည်ဆိုသည့် အတွေးကို ဘယ်သောအခါမျှ မတွေးမိပါစေနှင့်။ ထိုသို့ တွေးနေသမျှ ကာလပတ်လုံး ဓာတ်လမ်းစဉ် အောင်မြင်မှု မည်သည့်အခါမျှ မရနိုင်ပါ။]**

ဝိဇ္ဇာခရ ဥပဒေသ စည်းမျဉ်းများကို လိုက်နာပြီး သီလ၊ သမာဓိ၊ သတိ၊ ပညာနှင့် ကံတရားတို့ ပြည့်စုံမှသာ ဝိဇ္ဇာခရအဂ္ဂိရတ် အတတ်ပညာ အောင်မြင်နိုင်မည်သာ ဖြစ်ပါတော့သည်။

***ဝါသနာရှင်များ ပညာပြည့်ဝ နှလုံးလှကြ၍ လိုရာသိဒ္ဓိ ရကြပါစေ။***

**ဦးမင်းဇင်(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com

# လယ်တီဆရာတော်ကြီး၏

## ဂြိုဟ်စီးဂြိုဟ်နှင်း အဆိုးတို့ လွတ်ကင်းစေနိုင်သော ယံဒုန္နိမိတ္တံ (၁၁)လုံးဂါထာ



ဤဂါထာတော်ကို ရွတ်ဖတ်ပူဇော်ရခြင်းအကျိုးကား အိပ်မက် မကောင်းခြင်း၊ အတိတ်နိမိတ် မကောင်းခြင်း၊ ဂြိုဟ်စီးဂြိုဟ်နှင်း မကောင်းခြင်းတို့ ပျောက်ပြယ်စေသည်။

အတိတ်က ဂြိုဟ်အစီးအနင်း အဆိုးတို့ကိုပင် လွတ်ကင်းစေသည်ဟု လယ်တီဆရာတော်ကြီးက မိန့်မြွက်တော်မူခဲ့သည်။

### ယံဒုန္နိမိတ္တံ(၁၁)လုံးဂါထာတော်

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ မေန္တု။
ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ မေန္တု။
ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသ မေန္တု။

BURMESE CLASSIC .com

ခက်ခဲသော ပါဠိအသံထွက်

**ဒုန္နိမိတ္တံ** = ဒုန်နိမိတ်တံ
**မင်္ဂလဉ္စ** = မင်ဂလင်စ
**သဒ္ဒေါ** = သတ်ဒေါ
**ပါပဂ္ဂဟော** = ပါပက်ဂဟော
**ဒုဿုပိနံ** = ဒုတ်သုပိနံ
**အကန္တံ** = အကန်တံ
**ဗုဒ္ဓါ** = ဗုတ်ဓါ
**မေန္တု** = မင်တု
**ဓမ္မာ** = ဓမ်မာ

တစ်နေ့ ကိုးခေါက် ရွတ်ဖတ်ပူဇော်ရသည်။ ဖယောင်းတိုင်၊ အမွှေးတိုင်များကိုလည်း (၉)ခေါက်တိတိ စုတ်၍ ဘုရားပူဇော်ပါ။ ဒိဋ္ဌအကျိုးများစေသည်ဟု **လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဓမ္မသာမိက** ရန်ကုန်မြို့ ဂျပန်ဆေးရုံတွင် တရားဟောစဉ် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်၌ မိန့်တော်မူခဲ့သည်ဟု သိရသည်။

ဦးဓမ္မသာမိကသည် မုံရွာမြို့ မဟာလယ်တီတိုက်တွင် သီတင်းသုံးစဉ်က ပင်လျှင် ဝိနည်းသိက္ခာ လေးစား၍ ဝတ္ထုငွေကိုင်ခံ သုံးစွဲခြင်းမရှိ ကလေးမြို့နယ် ကန်တော်မင်းကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးကာ ပျံလွန်တော်မူသည်။

နယ်သူနယ်သားတို့က ရဟန္တာဟု သမုတ်၍ လွန်စွာကြည်ညိုကြကြောင်း မဟာလယ်တီတိုက် ယူနီဗာဆယ် ဗိဋကတ်ကျောင်းဆရာတော် ဦးသုမန က မိန့်မြွက်တော်မူသည်။

ဤဂါထာတော်အား ရွတ်ဖတ်ပူဇော်ရာတွင် မြတ်စွာဘုရားရှင်အား ဆွမ်း၊ မုန့်၊ သစ်သီး၊ သောက်တော်ရေချမ်း၊ ပန်း၊ ဆီမီး စသည် တတ်နိုင်သမျှ ဖွယ်ဖွယ်ရာရာ ပြုပြင် ကပ်လှူပူဇော်ပြီးမှ ရွတ်ဖတ်ပူဇော်ပါက အကျိုးထူး ပိုမိုရရှိစေသည်ဟု သိမှတ်ရသည်။

လယ်တီဆရာတော်ကြီးသည် ကျမ်းပေါင်းများစွာ ပြုစုတော်မူခဲ့ရာ ကျမ်းမပြုမီ ဘုရားပူဇော်ပွဲကြီး ကျင်းပပြီးမှ ကျမ်းစာ ရေးသားပြုစုတော်မူသည် ဆို၏။

**ပူဇော်ပုံမှာ နံနက်ပိုင်းကာလတွင်...**

၁။ မြတ်စွာဘုရားကိုယ်စား ရုပ်ပွားတော်ရှေ့၌ ရေးသားမည့် စာရွက်၊ ခဲတံများကို ရိုသေစွာ ထားရှိသည်။
၂။ ပန်းမျိုးစုံ ထည့်ထားသည့် တကောင်း၊ ကလပ်၊ လင်ပန်းများ စနစ်တကျ ထားရှိသည်။
၃။ ဆွမ်း၊ သစ်သီး၊ မုန့်မျိုးစုံတို့ကို သပ်ရပ်စွာ တည်ခင်းကပ်လှူသည်။
၄။ သောက်တော်ရေ၊ ဆီမီး၊ အမွှေးတိုင် ကပ်လှူထွန်းညှိပူဇော်သည်။
၅။ တံခွန်၊ ကုက္ကား၊ မုလေးပွားကြက်လျှာများ စိုက်ထူ၍ ပေါက်ပေါက် ကြဲဖြန့်ပူဇော်သည်။
၆။ ရေမွှေး၊ နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။


ထို့နောက် ဘုရားဝတ်ပြု ရှိခိုးကန်တော့သည်။ ဤသို့ ကြိုတင် ပူဇော်ပြီးမှ သင့်လျော်သောအချိန်တွင် စတင်၍ ကျမ်းစာများ ရေးသားပြုစုသည်။

လယ်တီ ဆရာတော်ကြီးကဲ့သို့ ပူဇော်ပွဲကြီး ပြုလုပ်ပူဇော်ရန် မတတ်နိုင်ပါက တတ်အားသရွေ့ ဖွယ်ဖွယ်ရာရာဖြစ်အောင် ပြင်ဆင်ကာ ဘုရားပူဇော်ပြီးမှ ဂါထာတော် ရွတ်ဖတ်ပူဇော်သင့်သည်ဟု မှတ်သားရပေသည်။

**ခင်ထွန်း**

www.burmeseclassic.com

www.burmeseclassic.com



▲ ပြည်ဆရာတော် ကျောင်းသောင်းနေရာမှ တိုက်အုပ်ကျောင်းဆောင်

စံလွန်းသာ

တောင်စွန်းမှ

BURMESE CLASSIC .com

# ပုဂ္ဂိုလ်ထူးတစ်ပါးအကြောင်း

## တစေ့တစောင်း ကြားသိ ပူဇော်ခွင့်ရခဲ့သမျှ

စိမ့်စမ်းမြောင် တရားရိပ်သာမှာ ဆရာတော်ကြီးဆီက (၅)နှစ် ...ကာ် အတူနေ ပညာသင်ယူခဲ့တဲ့ ...တော်တစ်ပါး သီတင်းသုံးခဲ့ဖူး ... အဲဒါကိုသွားပြီး လေ့လာကြည့်

...တည်းချုပ်မှ အကြံပေး လမ်း ...ဖြင့် ဘီးလင်းမြို့နယ်၊ တောင် ...ရွာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်း ...ဘား လမ်းအတိုင်း ဝင်ရောက် ... ကျိုက်ဒေးယျ တောင်တက် ...တန်းမုခ်ဦးကို တွေ့ရသည်။ ...နဲ့လှေကားနံဘေးရှိ ကွန်ကရစ် ...တိုင်း ဆက်တက်ခဲ့ရာ စိမ့်စမ်း ...သာရသို့ ရောက်လေသည်။

ပင်မကျောင်းဆောင်တွင်း ဝင်၍ လက်ရှိဆရာတော် ဦးပညာဝံသအား ဖူးတွေ့ မေးလျှောက်ရာ...

'ဆရာတော်က ပျံတော်မူသွားပြီ ကွယ့်'

'တင်ပါ့... ဆရာတော်ကြီးရေးခဲ့တဲ့ စာအုပ်တွေကော လေ့လာခွင့်ရမလား ဘုရား'

'ရှိတယ်လေ၊ သီးသန့်သိမ်းထား တယ်။ သွားဖတ်ကြည့်ပါ'

ခန်းနေဦးပဉ္စင်းတစ်ပါးက တိုက်အုပ် ဆရာတော် ဦးတိလောကထံ ခေါ်သွား ကာ လျှောက်ထားပေးသဖြင့် စာအုပ် များကို ထုတ်ပြသည်။

ရွှေသိမ်တော်တောရ ကန္နီဆရာ တော်ကြီးနှင့် ပြည်ကိုယ်တော် ဘဒ္ဒန္တ ဝိဇောတာလင်္ကာရမထေရ်ဆရာတပည့် နှစ်ပါး ရေးသားအပ်သော...

'သုဇနပါရဂူကျမ်း'

ဟူ၍ မျက်နှာဖုံး ကမ္ပည်းတင်ထား သည်။

'ဆဝသဿဒီပနီဆိုတာကော မရှိဘူး လား ဦးပဉ္စင်း'

'ဦးပဉ္စင်း ဒီရောက်ကတည်းက ဒီ တစ်မျိုးတည်း တွေ့ရပါတယ်'

'တပည့်တော် ယူသွားချင်တယ် ဘုရား၊ ဝတ္ထုဘယ်လောက် ပူဇော်ရပါ့ မလဲ'

'မရောင်းပါဘူး။ ရိပ်သာအတွက် အလှူပါဝင်ချင်ရင် သီလရှင်လေးတွေ

www.burmeseclassic.com

ဆီမှာ လှူပါ'

သို့ဖြင့် နဝကမ္မ ကပ်လှူရာ လက်ခံတော်မမူချေ။ ဤရိပ်သာတွင် ရဟန်းများ ဝတ္ထုငွေ မကိုင်ကြဟု သိရသည်။ သို့ဖြင့် သီလရှင်အဘွားတစ်ဦးထံ အလှူငွေထည့်ဝင်ကာ ဦးပဋ္ဌင်းအား မေးလျှောက်ကြည့်သည်။

'ကျမ်းပြုဆရာတော်ရဲ့ ထေရုပ္ပတ္တိ အကျဉ်းကလေး သိခွင့်ရမလား ဘုရား'


'ဦးပဋ္ဌင်းတို့ မမီလိုက်လို့ မသိပါဘူး။ ဒါယကာရင်းဖြစ်ခဲ့ဖူးတဲ့ ဦးလှကြိုင်၊ ဒေါ်ခင်လှဆိုတာ တောင်စွန်းမှာ မြန်မာတိုင်းရင်းဆေးပစ္စည်းတွေ ရောင်းတယ်။ သူတို့ သိနိုင်ပါလိမ့်မယ်'

'ရိပ်သာမှာ သီတင်းသုံးသံဃာ ဘယ်နှစ်ပါးရှိသလဲ ဘုရား'

'သံဃာ(၆)ပါး၊ လူယောဂီ(၂၀) ရှိပါတယ်။ ဝါတွင်းနဲ့ သင်္ကြန်ကာလ တရားစခန်းဖွင့်ချိန်တွေမှာတော့ လူယောဂီ၊ ရဟန်းယောဂီ(၂၀၀)ကျော်အားထုတ်လေ့ ရှိပါတယ်။ ဒီမှာ ဆွမ်းကိစ္စ လစဉ်ကြေးရယ်လို့ ကောက်ခံခြင်း မရှိပါဘူး။ သဒ္ဓါတတ်အားသရွေ့ အလှူပါဝင်နိုင်ပါတယ်'

တိုက်အုပ်ဆရာတော် သီတင်းသုံးသော ကျောင်းဆောင်မှာ ကျမ်းပြုဆရာတော် ဦးဝိဇောဓာလက်ထက်ရ သီတင်းသုံးနေထိုင်ကာ ကျမ်းများပြုစုခဲ့သည့် ကျောင်းဟောင်းနေရာတွင် အသစ်ဆောက်ထားခြင်း ဖြစ်သည်။ မူလကျောင်း ပြိုပျက်၍ အသစ်ပြန်ဆောက်သည်မှာ တစ်နှစ်သာ ရှိသေးကြောင်း သိရသည်။

ကျောင်းရှေ့တွင် ဦးဝိဇောဓ ကိုယ်တိုင် ပြုလုပ်သုံးစွဲခဲ့သော ရေချိုးခန်း ရှိသည်။ နံရံတွင်...



ပြည်ဆရာတော် ကိုယ်တိုင်ပြုလုပ်ခဲ့သော ရေချိုးခန်း

'ပြည်ဆရာတော် ဦးဝိဇောဓ
BURMESE CLASSIC .com
သားချင်းခွေမျိုးများ ကောင်းမှု
နိဗ္ဗာန်ဆု၊ ၁၃၃၂ ခုနှစ်'

ဟူသော ကမ္ပည်းထိုးထားသည်။ ဤရေချိုးခန်း တည်ဆောက်ပြီး၍ တစ်နှစ်ခန့်အကြာ၌ ပျံလွန်တော်မူသည် ဆိုသဖြင့် ၁၃၃၃ ခုနှစ်ခန့်တွင် ပျံတော်မူကြောင်း မှန်းဆရသည်။

ထို့နောက် ကျောင်းထိုင်ဆရာတော်အား နှုတ်ဆက်ကန်တော့ကာ ပြန်ဆင်းလာရာ ဓမ္မာရုံအတွင်း ကမ္မဋ္ဌာန်းဝင်နေသော ယောဂီအချို့ကို မြင်တွေ့ရလေသည်။

## ဆရာတော်၏
## ထူးခြားဖြစ်စဉ်အချို့

ရိပ်သာမှ ဆင်းကာ တောင်စွန်းရွာတွင်းရှိ ဦးလှကြိုင်၊ ဒေါ်ခင်လှတို့ထံ စုံစမ်းသွားရောက်ကာ ထေရုပ္ပတ္တိ အကျဉ်းနှင့် ဆဝဿဒီပနီစာအုပ် အကြောင်း မေးမြန်းကြည့်သည်။ ဆရာတော်အား ပြည်ဆရာတော်ဟု ခေါ်ကြ၍ **ဆဝဿဒီပနီနှင့် သုဇနပါရဂူကျမ်း၊ ယောဂီကျင့်ထုံးတို့ကို** ဤစိမ့်စမ်းမြောင်ရိပ်သာ၌ အချောရေးသားတော်မူခဲ့သည်။ သူတို့မှာလည်း အသက်ကြီးရင့်ပြီဖြစ်၍ အလုံးစုံ မမှ[illegible] မိပါဟု ပြောကြသည်။

'ဆဝဿဒီပနီက ဆရာတော်[illegible] စွန့်လှူထားလို့ အိမ်မှာရှိပါတယ်။ ဒါ[illegible] မယ့် သား မောင်ဇော်လွင်ပဲ သိလိ[illegible] မယ်'

ထိုအချိန်တွင် ကိုဇော်လွင် ရောက်[illegible] လာသဖြင့် အကျိုးအကြောင်း ပြော[illegible] သည်။

'ရှတ်တရက် ရှာတွေ့ဖို့ မလွယ်[illegible] ဗျာ့'

'ကြိုးစားကြည့်ပါဦး။ ကျွန်တော်[illegible] က ရန်ကုန်က လာရတာမို့ပါ'

အိမ်တွင်း ဝင်ရောက်သွား၍ အ[illegible] ကြာသော် ပြန်ထွက်လာသည်။

'တစ်နေ့တည်းနဲ့ ရှာဖို့မလွယ်[illegible] နောက် သုံး,လေးရက်လောက်မှ [illegible] မယ်'

သို့နှင့် ဆရာတော်နှင့် ပတ်သ[illegible] မှတ်မိသမျှ ပြောပြပါရန် တောင်း[illegible] သည်။

ဦးလှကြိုင်က...

'ခုနှစ်တော့ မသိဘူး။ အလောင်[illegible] ကသဲပတောင်မှာ ဘိုးမင်းခေါင် [illegible] တော့ တပည့်တွေက ထမင်း [illegible] ရာရာ အလှူပယ်ပေါ်ပြေ ပြင်ဆင်[illegible]





www.burmeseclassic.com

www.burmeseclassic.com



◆ စိမ့်စမ်းမြောင်ကိုင်သော
လက်ရှိဆရာတော် ဦးပညာဝံသ

တယ်။ ဘိုးမင်းခေါင်က ဆွမ်းစား ကျောင်းကိုပဲ လှမ်းကြည့်နေပြီး မထိ မတို့နေတော့ တပည့်တွေ သွားကြည့် ကြတယ်။ ဘုန်းကြီးတစ်ပါး တွေ့ရလို့ ဆွမ်းကပ်လိုက်မှ ဘိုးမင်းခေါင်လဲ ထမင်းစားသတဲ့။ အဲဒီဘုန်းကြီးက ပြည်ဆရာတော် ဦးဝိဇာဓပဲ'

'နောက်ပြီး ဖက်ဆစ်ဂျပန် ခေတ်မှာ စိမ့်စမ်းမြောင်ကျောင်းကို ဂျပန်တပ် စခန်းချဖို့ လာတယ်။ ဆရာတော်က စာရွက်တစ်ရွက် ထုတ်ပြတော့ ဗိုလ်လုပ်သူက အလံပေးပြီး တပ်စခန်းမချဘဲ ပြန်ထွက်သွားသတဲ့'

'ဘာစာရွက်လဲဆိုတာ ဦးလေး တို့ သိလိုက်သလား'

'မသိပါဘူး။ ဘယ်သူ့ကိုမှလဲ မပြ ဘူး။ ဆရာတော်က ပရိသတ်နဲ့ တရား မဟောဘူး။ ဆွမ်းခံကြွပေမယ့် ဆွမ်း အကွမ်းစား သာရေးနာရေးကိစ္စ မကြွ ဘူး။ အချိန်ပြည့် တရားအားထုတ်ရင် ထုတ်၊ မထုတ်ရင် ကျမ်းစာရေးနေတာ ပဲ ကျောင်းသား သာမဏေမထားဘူး။ ဆရာတော်ရှိတုန်းက သီပေါမင်းရဲ့မြစ် ဘုန်းကြီးဆီ လာဖူးတယ်လို့ သိရ တယ်'

ဟု ပြောပြသည်။

ဒေါ်ခင်လှကလည်း...

'တို့က အခုလိုပဲ ပရဆေး ရောင်းခဲ့ တယ်။ တစ်နေ့ ဆရာတော် ရန်ကုန် ကြွနေတုန်း စာတစ်စောင် ပို့လာတယ်'

ဟု အစချီကာ ဆက်ပြောပြသည်။

"စာမှာပါတာက အကာမကြီး... သားရှင်ပြု တော့မှာမို့ ပျော်နေတယ် ထင်ပါရဲ့ ဘုန်းကြီး အိမ်မက်,မက်တယ်။ အကာမ အိမ်ပေါ်က ထိုးကျပြီး ဘဝပြောင်း အစိမ်းဖြစ်သွားတယ်။ ခင်က ပွဲပြီး ဆေးတိုက်ပေမယ့် မသောက် ဘူး ဘုန်းကြီး သရဏဂုံရွတ်ပြီး ဆေးတိုက် လိုက်မှ လူပြန်ဖြစ်သွားတယ်"

လို့ ထူးထူးဆန်းဆန်း ရေးထား တယ်။

နောက်နေ့မှာ ခန်းနေဦးပဥ္စင်း ဦးသူရိယရဲ့ အစ်မတော် ရောက်လာ ပြီး...

"မခင်လှ...ဘုန်းကြီး မှာလိုက် တယ်။ ဒီနေ့ နံနက်မှာ ဆေးသောက်ရ မယ်တဲ့။ အင်းလေ... ဒါဆိုလဲ သောက် တာပေါ့။ ဘာဆေးလဲ မေးတော့ "ဘယ်လည်နှိုး" ကိုးချက် ပြာချပြီး ရေစိမ်တိုက်တာတဲ့"

**(ဘယ်လည်နှိုး ဟူသည်ကား အိမ်မိုးသက်ငယ်ပျစ်၊ ဓနိပျစ်၊ ထန်း ပျစ် စသည်တွင် နှီးတုပ်သောအခါ လက်ယာရစ်တုပ်လေ့ ရှိကြသည်။ (လက်ဝဲ လက်သန်သူ) ဘယ်သန် ဖြစ်လျှင် လက်ဝဲရစ် တုပ်ပါသည်။**

**ထိုလက်ဝဲရစ်တုပ်သော ဘယ် သန်သူ တုပ်သည့် နှီးချက်ကို ပြာချ ခြင်း ဖြစ်သည်။ ဝိဇ္ဇာဓရနယဆေး နည်း တစ်မည်ဖြစ်ကာ အမှောင့် ပယောဂများ ပျောက်ပျယ်စေ သော အာနိသင်ရှိသည်။)**

ဆရာတော် နာမကျန်းဖြစ်ချိန် မှာ စကြံကြွရင်း တရားမှတ်တော့ လဲပြိုကျတာနဲ့ ဒကာတွေက တား မရတဲ့အဆုံး ဝါးတန်းတစ်ခု လက် ကိုင်ပြုဖို့ လုပ်ပေးကြရတယ်။ ပျံတော်မူခါနီးအထိ တရားမှတ် မပျက်ဘူး။ ကျောင်းမှာ အမြဲနေ ပေမယ့် ဘယ်ဒကာ ဘယ်မှာ ရှိနေတယ်၊ ဘာလုပ်နေတယ်ဆို တာ အတပ်ပြောနိုင်တယ်။ စိတ် အကြံကိုလဲ သိတယ်။

ငါတို့က ညနေဘက်ဆိုရင် ကြံ ရည်ကပ်လေ့ ရှိတယ်။ တစ်နေ့မှာ ရန်ကုန်က ဒကာမ ဒေါ်တင်ချယ် ဆိုတာ ရောက်နေတယ်။ ဒါနဲ့ ကလေး တစ်ယောက်ကို ကြံရည်ပို့ခိုင်းပြီး ဆရာ တော်တစ်ပါးတည်း ဘုဉ်းလို့ မကုန် ဘူး။ ကြံရည်က အများကြီး။ ဒေါ်တင် ချယ်ကိုလဲ ပိုတာ တိုက်လိုက်ပါလို့ မှာထားတယ်။

ဘယ်ပြောမှာတုံး ဆရာတော်ကို ကြောက်လဲကြောက်၊ ရိုလဲ ရိုသေကြ တာ။ ပြန်လာတော့ ကျွန်တော် မပြော ရဲဘူး။ ကြောက်တယ်။ ကြံရည်ကပ်ပြီး တာနဲ့ ပြန်လာတယ်လို့ ပြန်ပြောတယ်။

နောက်တစ်နေ့ ဆရာတော်ကို သွား ဖူးတော့...

"မနေ့ညနေက ကြံရည် ဘုဉ်းပေးရ ပါတယ်။ ဒေါ်တင်ချယ်ကိုလဲ တိုက် လိုက်တယ်"

လို့ ဆီးပြောတာ။ ကောင်လေးက မလျှောက်ဝံ့ပေမယ့် ဆရာတော်က သိနှင့်နေတယ်'

## ထေရုပ္ပတ္တိအကျဉ်း

အတန်ကြာ စကားပြောဆိုပြီး



www.burmeseclassic.com


www.burmeseclassic.com

နောက် ထပ်မံ ကြိုးစားကြည့်ပြန်တယ်။

'ကိုဇော်လွင်၊ ကျွန်တော်တို့အနေနဲ့ တောင်စွန်းရောက်တုန်း တောင်စွန်းနဲ့ ပတ်သက်တဲ့ ဆောင်းပါးဖြစ်စဉ်တွေ ပါစေချင်တယ်။ တောင်စွန်းမှာလဲ ဒီလို ပုဂ္ဂိုလ်ထူးတွေ ရှိခဲ့တယ်ဆိုတာ ဖော်ပြချင်တယ်။ ထေရုပ္ပတ္တိ အကျဉ်းလောက် သိရရင် ပိုပြီး အဆင်ပြေမယ်လေ။ သိရုံ့ကြည့်ရုံ တင်ကလေးပါ'

'အဲဒါဆိုရင် ခဏနေဦး'

ကိုဇော်လွင်က စာအုပ်နှစ်အုပ်ကို ချက်ချင်းယူပေးသည်။ ပြည်ဆရာတော်၏ ဆဝသသဒီပနီကျမ်းနှင့် သုဇနပါရဂူကျမ်းတို့ ဖြစ်သည်။



◆ တိုက်အုပ်ဆရာတော် ဦးတိလောက

'သုဇနပါရဂူကျမ်းက ဆရာတော်ဆီက ရပြီးပါပြီ။ ဆဝသသဒီပနီကိုတော့ ဟိုလေ သင့်တော်မယ့် အလှူငွေ ဘယ်လောက်ပဲဖြစ်ဖြစ် ပြောပါ။ ကျွန်တော် ယူသွားချင်တယ်'

'ဟာ...မဖြစ်ဘူး။ ဒီတစ်အုပ်တည်းရှိတာ'

'ဒါဆိုရင်လဲ ရှေ့ပိုင်းက ထေရုပ္ပတ္တိကို ကင်မရာနဲ့ ကူးသွားပါမယ်။ ကျမ်းရင်းက စာမျက်နှာ အတော်များနေလို့ ကူးဖို့ အချိန်တာ တစ်ခုအထိ ငှားလိုက်လို့ ရမလား'

'ရန်ကုန်မှာ ပေါပါတယ်။ ရွှေတိဂုံဘုရားဈေးက ဆိုင်နာမည် ပြောလိုက်ပါမယ်။ အဲဒီမှာ ရှိပါတယ်'

ရန်ကုန်ရောက်၍ ရွှေတိဂုံဘုရားစောင်းတန်းမှ အဆိုပါ ဆိုင်သို့ သွားရောက် မေးမြန်းသောအခါ လောကီကျမ်းများနှင့် ကျော်ကြားသော ယခုခေတ် ပြည်ဆရာတော်တစ်ပါး၏ စာအုပ်များကိုသာ ထုတ်ပြသည်။ ဆဝသသဒီပနီကိုမူ ကြားပင် မကြားဖူးပါဟု ဆိုလေသည်။

သို့ဖြစ်၍ ထေရုပ္ပတ္တိအကျဉ်းကို မှတ်တမ်းပြုခဲ့ရာ တင်ပြလိုက်ပါသည်။ ဆရာတော် ဦးဝိဗောဓကိုယ်တော်တိုင် ရေးသားထားခြင်းဖြစ်၍ ဘိုးဘေး အစဉ်အဆက်မှ စတင်ကာ ကန္တိဆရာတော်ထံ ခိုလှုံပညာသင်ယူ၍ ဝါတော် (၁၉)ဝါ အရောက် ဆဝသသဒီပနီမူကြမ်း ရေးပြီးသည်အထိ ပါဝင်လေသည်။

ဆရာတော်လောင်းလျာ မောင်ရွှေဝင်းကို ပြည်ခရိုင်၊ ထုံးဘိုမြို့အနီးရှိ ပြင်ကြီးရွာမနေ ဦးဘိုးလှ၊ ဒေါ်ငြိမ်းမြတ်တို့မှာ ၁၂၆၉ ခုနှစ်၊ တန်ဆောင်မုန်းလကွယ် ဗုဒ္ဓဟူးနေ့ ညစက်(၉)နာရီတွင် မွေးဖွားခဲ့သည်။ **[ဆရာတော်၏ မူလစာတွင် (သာရဒပုဏ္ဏမီ ကျော်တက်၍ တစ်ဆယ့်ငါးရက် ဗုဒ္ဓဟူးနေ့ည) ဟူ၍ လက်ာသွားဖြင့် ရေးထားသည်။ "သာရဒ"မှာ သရဒဥတု၌ ဖြစ်သော** ...
**အဓိပ္ပာယ်ရသည်။ သရဒဥ** ...
**ကား တော်သလင်း လဆုတ်(** ...
**ရက်က တန်ဆောင်မုန်းလပြည့်** ...
**တိုင် ကာလဖြစ်သည်။ ရဟ** ...
**ဖြစ်သောနေ့ ၁၂၈၉ ခုနှ** ...
**တန်ခူးလဆုတ်(၃)ရက်တွင်** ...
**သက် (၁၉ နှစ်၊ ၄လ၊ ၁၈ရက်** ...
**ရှိသည်ဟု ဖော်ပြသဖြင့်** ...
**လည် တွက်ချက်ကာ မွေးရက်** ...
**ကို ဖော်ပြရခြင်း ဖြစ်သည်**

အသက်(၅)နှစ်အရွယ်၌ ...
ကြီး ဒက္ခိဏဝိဟာရ ဆရာတော် ...
ထံမှ စတင် ပညာသင်ယူသည် ...
အသက်(၁၂)နှစ်အရွယ်တွင် ...
ကြီးကျောင်း၌ပင် သာမဏေ ...
ရာ ရှင်ဝိဗောဓဘွဲ့မည်ရှိသည် ...
အသက်(၁၇)နှစ်အရွယ်တွင် ရန် ...
သို့ ကြွကာ သရက်တော ဦးအာ ...
ကျောင်း၊ သတိပဋ္ဌာန်ကျောင်းတို့ ...
ပညာသင်ယူ၍ ၁၂၈၉ ခုနှစ်၊ တ ...
လဆုတ်(၃)ရက်နေ့တွင် ရဟန်းဘော ...
သို့ ဝင်ရောက်သည်။

ရဟန်းမဖြစ်မီ ရဟန်းဒါယကာ ...
သူ (၉)ဦးရှိခဲ့ရာ တစ်ညသ၌ တော ...
တစ်နေရာရောက်သွားကာ ရှေ့ ...
နတ်ရေကန်ရှိသည် သွားပါဟု ပြော ...
ကြားသည်ကို အိပ်မက်မက်သည် ...

နံနက်(၉)နာရီတွင် နတ်ရေကန် ...
ရဟန်းဒါယကာများ ရောက်လာ ...
ဆောင်သဖြင့် အိပ်မက်နိမိတ်အ ...
လိုက်ပါ ရဟန်းခံ ဖြစ်သည်ဆို ...
ရန်ကုန် ဘုရားဖြူ ခဏ္ဍသိမ်၌ ဒက္ခိ ...
ဝိဟာရ သုံးဂိုဏ်းချုပ် ဆရာတော် ...
ဥပဇ္ဈာယ်ပြုကာ ရဟန်းဘော ...
ရောက်ရှိ၏။

ရဟန်းဘဝဖြင့် ရန်ကုန် ...
နံယော၊ မအူပင်၊ တော် ... မယ်၊ ...

www.burmeseclassic.com



◆ ထက်ဝင် ယောဂီအချို့

တုန်း၊ မန္တလေး,ရွှေရေးဆောင်၊ ပခုက္ကူ မဟာဝိသုတာရာမကျောင်းတို့၌ စာဝါ သင်ယူသည်။ (၁၃)ဝါအရတွင် ပခုက္ကူ မှ စစ်ကိုင်း၊ မုံရွာသို့ ကြွကာ မုံရွာ တစ်ဖက်ကမ်းမှ ခြေကျင်လျှောက်၍ ကန္နီဆရာတော်ထံ ချဉ်းကပ်သည်။

ဆရာတော်ကြီးက ကျန်းမာရေး ယိုယွင်းနေပြီဖြစ်၍ "အလာကောင်း သော်လည်း အခါနှောင်းပြီ"ဟု မိန့် တော်မူသည်။ မိမိဆရာများ၏ ဘွဲ့ တော်များကို ထုတ်ဖော်၍ အကြောင်း စုံ လျှောက်ထားသော်လည်း ထူးခြား ခြင်း မရှိပေ။

မန္တလေး ရွှေရေးဆောင်တွင် ကန္နီ ဆရာတော်အား ဖူးခွင့်ကြုံစဉ်က ဝိဝဋ္ဋ ဒါရဂူကျမ်း ရေးသားတော်မူပါရန် ဘိုက်တွန်းခဲ့သူမှာ တပည့်တော်ဖြစ်ပါ သည်ဟု လျှောက်လေမှ...

'ဩော်...အတော်တောင် ကြာသွား ပါမကော။ အဲဒီတုန်းကပင် မူကြမ်း ရေးထားသည်'

ဟု အတန်ကြာ လက်ခံစကားပြော တော်မူသည်။ နောက်တစ်နေ့တွင် သွားရောက် ဖူးမြော်လျက် ရင်းနှီး အောင် လျှောက်ထား ပြောဆိုပြီး အတန်ကြာမှ ဤသို့ဆက်၍ လျှောက် ထားသည်။

'မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီး နောက်ဆုံး တရားရသွားတာ ဘယ် သူပါလဲ ဘုရား'

'ကောဏ္ဍညအစ ဘဒ္ဒအဆုံး ဆိုပါ ကလား'

'အဲဒီဘဒ္ဒကို ဘုရားရှင်တရားပြ၍ မသွားရင် ဘဒ္ဒတရားရပါဦးမည် လား'

(ဆရာတော်ကြီးက ပြုံးလျက်...)

'ဦးဝိဇောဓကို နောက်ဆုံးထားပြီး ဘုန်းကြီးက တရားပြရမလို ဖြစ်နေပြီ'

ဤမှစ၍ ရင်းနှီးပြီးသော ဆရာ တပည့်ပမာ ပြောဆိုဖြစ်ပြီး နောက် တစ်နေ့တွင်...

'မည်သည့်စာများ လေ့လာပြီး မည် သည့်ဌာနတွင် အားထုတ်ခဲ့သလဲ'

ဟု အထွေထွေ မေးမြန်းပြီး နောက်...

'နေထိုင်မယ့် ကျောင်းရဲ့ ပတ်ဝန်း ကျင်မှာ သံသယကင်းအောင် ပြုပြင် ရှင်းလင်းပြီး နှစ်ရက်သုံးရက်ကြာသော အခါ ဘုန်းကြီးထံ လာခဲ့ပေါ့။ ဘုန်းကြီး

တတ်နိုင်သမျှ စွမ်းနိုင်သလောက် ချီးမြှောက်ကာ ဘုန်းကြီး တတ်သရွေ့၊ သိသရွေ့ ပြောပြပေးပါမယ်'

ဟု ဝမ်းမြောက်ဖွယ် အမှာစကား ကို ရလေတော့သည်။

ဦးဝိဇောဓသည် ၁၃၀၃ ခုနှစ်နှင့် ၁၃၀၄ ခုနှစ် နှစ်ဝါကို ကန္နီမြို့၊ ရွှေသိမ် တော် တောရ အမတဂဝေသီကျောင်း ၌ ဓါကပ်လျက် ကန္နီဆရာတော်ထံ နည်းခံယူပြီး ကမ္မဋ္ဌာန်းတရားကို အား ထုတ် သီတင်းသုံးခဲ့သည်။

၁၃၀၅ ခုနှစ်နှင့် ၁၃၀၆ခုနှစ် နှစ်ဝါကို ရာဇာဓောဝေမင်းလက်ထက် အရှင် သောဏထေရ်၊ ဥတ္တရထေရ်တို့ သီတင်းသုံးသွားသော သီရိမ္ဗာသောက ရာမ ဓမ္မရသကျောင်း နေရာဟောင်း နန်းတော်ရာအနီး ကေလာသတောင် စွယ်၌ တရားအားထုတ် သီတင်းသုံးခဲ့ သည်။

ဖက်ဆစ်ဂျပန်ခေတ်ကာလ (၁၉၄၃ –၄၄) ဖြစ်ရာ ဦးလှကြိုင် ပြောကြားခဲ့ သော ဂျပန်ခေတ် စိမ့်စမ်းမြောင် ကျောင်းမှ အဖြစ်အပျက်အရ **"သီရိ ဓမ္မာသောကာရာမဓမ္မရသ"** ကျောင်း နေရာဟောင်းဟု ဆရာတော်ကိုယ် တိုင် ညွှန်းဆိုရာနေရာသည် စိမ့်စမ်း မြောင်ရိပ်သာ ဖြစ်သည်ဟု ယူဆဖွယ် ရှိလေသည်။


၁၃၀၇ ခုနှစ် (၁၈)ဝါအရတွင် ပုပ္ပါး တောင်ကလပ် ရွှေဂူချောင် ကျောက်ဂူ နှင့် အထက်ဥမင်လိုဏ်၌ တစ်နှစ် တစ်ဝါ၊ ဖိုးဝင်းတောင်နှင့် အလောင်း တော်ကဿပတောတွင် တစ်ဆောင်း တစ်နွေ တရားအားထုတ်ခဲ့သည်။ **(ဦးလှကြိုင်ပြောပြသည့် ဘိုးမင်း ခေါင် ဆွမ်းကပ်သောကာလ ဖြစ် ဟန်ရှိ၏။)**

၁၃၀၈ ခုနှစ်တွင် ရွှေသိမ်တော်



www.burmeseclassic.com

www.burmeseclassic.com



• ပြည်ဆရာတော်၏ တပည့်ရင်း ဦးလှကြိုင်နှင့် ဒေါ်ခင်လှ

တောရ အမတဂဝေသီကျောင်း၌ပင် ဝါကပ်၍ ဆရာတော်ကြီးထံ တရားအားထုတ် သီတင်းသုံးခဲ့သည်။

ဦးဝိဗောဓသည် ဤသို့ (၆)ဝါရှိသောအခါ သမထဝိပဿနာတရားတို့ကို အားထုတ်နေစဉ် ဖြစ်ပေါ်၍ ထင်မြင်အပ်သော နိမိတ်အမျိုးမျိုးတို့ကို နောင် အမှတ်တရ ဖြစ်စေရန် ရေးမှတ်၍ ဖိုင်တွဲထားသည်။ ယင်းကို ဆရာတော်ထံ ခွင့်တောင်းလျက် ဖတ်ကြားလျှောက်ထားရာ ဆရာတော်ကြီးက **"ဓာနီတဗ္ဗော၊ သိအပ်မှတ်အပ်ပေ၏"** ဟု နှုတ်မြွက်ဆို၍ **ဘဒ္ဒန္တဝိဗောဓာလင်္ကာရ** ဟူသော ဘွဲ့ကို ချီးမြှင့်တော်မူလေသည်။

ထို့နောက်...

'ပုဂ္ဂိုလ်သတ္တဝါတို့ဟူသည် ကိုယ်စီကိုယ်စီ အသီးသီးတို့၏ ဖျူပွတ်၊ အတ္တပြုပွတ်ဖြစ်သော ဇာတိဆိုသည် ရှိကောင်းသည်။ ငါ့ရှင်၏ ဘိတ်ဝ် ဘိုးဘွား၊ မိတတို့၏ ရပ်ဌာန်ဒေသနှင့်တကွ ငါ့ရှင်၏ အတ္တုပြုပွတ္တိမှတ်သားရန် တစ်ရပ်ကို အခြေခံနိဒါန်းထားလျက် သမထဝိဿနာစွယ်စုံတို့ကို (၆)နှစ်၊ (၆)ဝါ အားထုတ်၍ ထင်မြင်သော နိမိတ်တို့ကို ထင်ရှားအောင် ဖော်ပြလျက် (၆)နှစ်၊ (၆)ဝါ အားထုတ်ခဲ့သည်နှင့်အညီ "ဆဝဿဒီပနီ" အမည်ရှိသော သမထဝိပဿနာ စွယ်စုံကျမ်း စာအုပ်စာတမ်းဖြစ်အောင် ရေးသားရန် ဘုန်းကြီးတိုက်တွန်းစေခိုင်းပါသည်။ ဘုန်းကြီးကိုပင် အဘိယာစက ထား၍ ရေးသားပါ။ ကိုင်း... ကိုင်း ဆိုင်း၍မနေနဲ့ အဋ္ဌဝဆိုပဲ၊ ယခုအချိန်ပင် ကောင်းသည်'

ဟု ပြောပြောဆိုဆို စာအုပ်နှင့်ဖောင်တိန် ကိုင်စေ၍...

'ဦးစွာအစ ပဘဝ၊ မေခ မေလိခ မှစ၍ ရေနဒီရောက်ျို၊ ပေဒါတို့ အဆိုင်၊ ပရုံးခရိုင်၊(ထိုစဉ်က ပြည်ခရိုင်အခေါ်) ထုံးအိုင်အနီး၊ သာစွထီးထီး၊ ရှမငြီးသည့် ရွာပြင်ကြီး၌'

ဟူ၍ နိဒါန်းပျိုးပေးလေသည်။

ဘဒ္ဒန္တ ဝိဗောဓာလင်္ကာရ
စိမ့်စမ်းမြောင်ရိပ်သာ
တောင်စွန်းမြို့

ဟူ၍ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိကို အဆုံးသတ်ထားလေသည်။

ဤတွင် ကန္နီဆရာတော်ကြီးက ရုတ်ခြည်းလက်ာစပ်နိုင်သည်မှာ ငယ်စဉ်က ဇာတ်အငြိမ့်မင်းသား လုပ်ခဲ့ဖူးသည်။ ရတုမင်းသား၊ အကမင်းသား၊ ယောက်ျား,မင်းသမီး စွယ်စုံ ဆိုခဲ့,ကခဲ့ရကြောင်းကို ဦးဝိဗောဓက သုဇနပါရဂူကျမ်းနိဒါန်းတွင် အကျယ်တဝင့် ဖော်ပြထားသည်။ ထို့အပြင် ကန္နီ ဆရာတော်၏ မယ်တော် မှတ်ဉာဏ် ကောင်းလှပုံကိုလည်း ဤသို့ ရေးသားထား၏။

'ဆရာတော်ရဲ့ မယ်တော်ဘုရား မှတ်ဉာဏ် အလွန်ကောင်းပါသလား'

ဟု လျှောက်ထားရာ...

'ဘုန်းကြီး မယ်တော်ကြီးသည် ကျောင်းသို့ ဆွမ်းပို့လာစဉ် လေ့ကားရင်းက ကျောင်းသားများ သင်အံလေ့ကျင့်တဲ့ စာအံသံကို မှတ်ယူသွားရုံနဲ့ နောင်သောအခါ မင်္ဂလသုတ်၊ ပရိတ်ကြီးဖတ်တတ်သတဲ့။ ကောင်းလိုက်တဲ့ ဉာဏ်။

ရေစက်ချစကား၊ ဘုရားရှိခိုးစာများ သူ့ရဲ့ ရှေ့တွင် တစ်ခေါက်ဆိုပြရင် တစ်ခါတည်း အလွတ်ရသတဲ့။ နယ်ပယ်အတွင်း ဘုန်းတော်ကြီးများရဲ့ ရေစက်ချစကား အားလုံး အလွတ်ရထားလို့ လိုချင်သူတွေ မယ်တော်ကြီးထံ သွားရောက် ရေးမှတ်ရသတဲ့။

ပိဋကတ်တော်များ ဖတ်ပြရင် ဘုန်းကြီးကဲ့သို့ အလေ့အကျင့်ပြု မှတ်သားလျှင် မကြာခင် ရမှာပဲ။ ဘုရားရှင်သာ သိခဲ့ရင် တစ်ခုခုသော တေဒဂ်ရမှာပဲ'

ဟူ၍ ပါရှိလေသည်။ အကျယ်သိလိုပါလျှင် သုဇနပါရဂူကျမ်း၌ ရှာဖွေဖတ်ရှုနိုင်ပါသည်။ ဆဝဿဒီပနီကျမ်းမှာမူ အခွင့်မသာသဖြင့် အညွှန်းမျှပင် ဖော်ပြနိုင်ခြင်း မရှိခဲ့ရာ လိုလားသူ တို့ ကိုယ်တိုင် ဝါယာမစိုက်ထုတ် ရှာဖွေလေ့လာပါရန် တောင်းပန်အပ်ပါသည်။


ဤမျှနှင့်ပင် တောင်စွန်းမှ ပုဂ္ဂိုလ်ထူးတစ်ပါး၏ အကြောင်းအရာအချို့ကို နိဂုံးချုပ်ရပါသည်။ ကူညီပေးကြသော ရဟန်းရှင်လူတို့အား ကျေးဇူးတင်ရှိလျက်...

**စံထွန်းသာ**




www.burmeseclassic.com

www.burmeseclassic.com



▲ ဆူးလေပင်



▲ ဆူးလေဆူး တည်ရှိပုံ

# အင်ကြင်းပင်ကျေးရွာမှ ဆေးပင်အချို့ (၁)

ဆူးလေ

ဆေးသုတေသီတစ်ဦး

'အကာကြီး ဒါ အင်ကြင်းပင်ရွာသား ဦးမင်းလွင်တဲ့၊ ကျုပ်နဲ့ ကျောင်းနေဖက်သူငယ်ချင်း။ သူ့အဖေက ရပ်ရွာက အားကိုးရတဲ့ တိုင်းရင်းဆေးသမားတော်ကြီးပါ။ သူက နက္ခတ္တဗေဒ ပညာ လိုက်စားပေမယ့် ဆေးဝါးတွေလဲ နားလည်ပါတယ်'

ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ် အင်ကြင်းပင် နှန်းဦးတိုက်တိုက်ကြပ် ဆရာတော် အရှင်မဏ္ဍလ မိတ်ဆက်ပေးဖြင့် ဦးမင်းလွင်နှင့် သိကျွမ်းခွင့်ရကာ ဘူဆရာတော်၏ သာသနိက အဆောက်အအုံများ လေ့လာမှုနှင့် တူ ဝန်းကျင်၌ တွေ့မြင်ရသော ဆေးပင်အချို့ကိုလည်း မှတ်တမ်းစ်ခဲ့သည်။

**'ဆူးလေကစူး၊ လေပူရူးတွေ တဟူးဟူးတိုက်သည့်အချိန်'** ဟု စာဖွဲ့ကြသော အညာ နွေနှောင်းရာသီဖြစ်ရာ တစ်ပြိုက်၊ နှစ်ပြိုက် မိုးနံ့ရသည်နှင့် ဆူးလေတို့လည်း ခေါင်းထောင်လာကြသည်။

ကုလားပဲရွက်နှင့်တူသော အရွက်များပါရှိ၍ မြေ၌ ပျံ့နေတတ်သော အပင်ဖြစ်သည်။ ထောင့်လေးထောင့်ရှိသည့် ဆူးလေပွင့်၏ ဆူးများက ထောင်ကျကျ ပြားကျကျ ရန်သူကို ကာကွယ်ရန် အသင့်ရှိနေတတ်သည်။

www.burmeseclassic.com



◆ ဆယ့်နှစ်ရာသီပန်း အရွက်များ

ဤသို့ အရင်းအဖျားထပ်၍ ▶

ဆေးကျမ်းများတွင် ဆူးလေသည် ဝ,ဖြိုးစေ၏၊ အသက်ရှည်စေ၏၊ ကာမကို အားပေး၏၊ ဆာလောင်ခြင်းကို ဖြစ်စေ၏ဟု ဖော်ပြထားသည်။

ဒေသသုံးဆေးနည်းကား အရွက်ကို ကြော်စားပါက ပန်းသေမန်းညှိုး ရောဂါများ ပျောက်ကင်းစေသည်ဆို၏။

အပွင့်တွင်းမှ အစေ့ကို ကြိတ်ခြေ၍ သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါက အပူလွန်နာများ သက်သာစေ၏။ ဆီးရွှင်စေ၏။ အဖောအရောင်ရောဂါများ ပျောက်ကင်းစေသည်ဟု သိရသည်။

ပန္နငါးပါးကို ပြာချကာ ထိုပြာ နှစ်ပဲသားခန့်ကို ရေကျက်အေးနှင့် တစ်နေ့ တစ်ကြိမ် မှန်မှန်သောက်သုံးပေးပါက ကာမ အားပေး၏။ အပူငြိမ်း၏။ လေနာရောဂါကောင်း၏။ သွေးကို စင်ကြယ်စေ၏။ သုက်မြန်ခြင်း၊ ပြည်တုလာသရောရောဂါတို့ ကောင်း၏၊ အသက်ရှည်စေ၏။

## ဆယ့်နှစ်ရာသီပန်း

အရွက်ချွန်သော အပင်ငယ်မျိုး ဖြစ်သည်။ အဆိပ်မျိုးဖြစ်၍ စားဆေး၊ သောက်ဆေးအဖြစ် သုံးရာ၌ သူ့ချည်း သက်သက် မြစ်ချင်းပြီး မသုံးသင့်ဟု ဆေးကျမ်းများ၌ သတိပေးထားသည်။ များသောအားဖြင့် လိမ်းဆေးအဖြစ်သာ သုံးလေ့ရှိကြသည်။


### အဆစ်အမြှက်ကိုက်ခြင်း

ယင်းအရွက်ကို ရေနှင့်ဆူအောင် ပြုတ်ပါ။ ထို့နောက် ဆယ်ယူ၍ ညက်အောင် ကြိတ်ပြီးလျှင် ဆီနှင့် ဖျော်လျက် ကိုက်ခဲရာကို လိမ်းကျံပေးရသည်။

### ပွေး

အရေပြားတွင် ဖြစ်သော ပွေးအနာအတွက် အမြစ်ကို ရေနှင့် သွေး၊ လက်ဖျားဖြင့် ယူပြီးလျှင် ပွေးပေါက်ရာသို့ တို့ပေးပါ။ များစွာ လိမ်းကျံခြင်း မပြုရချေ။ ပိုးများသေ၍ ပွေးအနာလျင်စွာ ပျောက်ကင်း၏။

အမျိုးသမီးများ မမွတာရာသီသွေးလွန်သောအခါတွင် ဆယ့်နှစ်ရာသီရွက် နှစ်ရွက်ကို အရင်းအဖျားထပ်ပြီးလျှင် အစွန်းနှစ်ဖက်ကို စတိဖြတ်လျက်...



'နှင်လဲ ရာသီ ငါလဲရာသီ'

ဟု နှုတ်မှ ဆိုကာ နောက်ပြန်ပစ်လိုက်ရသည်။ ရာသီလွန်ခြင်းအတွက် ပွဲတွေ့အစွမ်းထက် ဆေးနည်းဖြစ်ကြောင်း ဦးမင်းလွင်က ပြောပြသည်။ ထိုသို့လုပ်ရာတွင် အသက်အောင့်ထားစရာ မလိုပါ။

## ကြက်မောက်ဆူးပြန်

အရွက်မှာ ဟင်းနုနယ်ရွက်နှင့်တူ၍ အရင်းပိုင်း အဖျားချွန်၏။ အကိုင်းထိပ်မှ နှာမောင်းကဲ့သို့ ပွင့်တံထွက်၏။ တစ်ပေခန့်အထိ ရှိတတ်သည်။

ပွင့်တံမှ ဆူးပမာ အပွင့်များက အပင်ဆီသို့ အပြန်ညွှန်နေတတ်သဖြင့် ကြက်မြောက်ဆူးပြန်ခေါ်ခြင်း ဖြစ်သည်။ **"ကျွဲနှာခေါင်းချိတ်"** ဟူ၍လည်း ခေါ်၍ရှေးက **"စစ်သိမ်"** ဟု ခေါ်၏

စာမျက်နှာ (၁၃၆) သို့



www.burmeseclassic.com

www.burmeseclassic.com

# ဝကြီးအသွားနှင့် အ,အလယ်သေအင်း



နောက်ဆက်တွဲ

သရာဇော
(အင်းတစ်ထောင်)

ကျွန်ုပ်တို့ငယ်စဉ် ကလေးဘဝကပင် စွဲစွဲလမ်းလမ်း ဖြစ်ခဲ့ရသော အင်းပုံပြင်တစ်ပုဒ်ရှိ၏။ စာဖတ်သူတို့လည်း ဤပုံပြင်ကို သိကြပါသည်။

"ရှေးအခါက န္တားကျောင်းသားလေးတစ်ယောက်ဟာ န္တားကျောင်းရင်း သစ်ပင်ရိပ်တစ်ခုအောက်မှာ နားနေသတဲ့။ အဲဒီလို နားနေရင်းက မြေပြင်ပေါ်မှာ တုတ်တစ်ချောင်းဖြင့် အကွက်များချပြီး က,ကြီး၊ ခ,ခွေး၊ ဂ,ငယ် စတဲ့ ဗျည်း(၃၃)လုံးကို အစဉ်အတိုင်း မြင်းသွားဖြင့် ရေးသွင်းနေမိပါသတဲ့။

ကံအားလျော်စွာ အကွက်များရဲ့ အလယ်ဗဟိုမှာ "အ" ကို ရေးသွင်းမိတဲ့ အချိန်မှာပဲ ပုဂ္ဂိုလ်တစ်ယောက်ပေါ်လာပြီး န္တားကျောင်းသားလေးကို လိုရာဆုတောင်းဖို့ ပြောသတဲ့၊ န္တားကျောင်းသားလေးက သူအလိုချင်ဆုံးဆုဖြစ်တဲ့ သူ့န္တားတွေ သူ့စကားကို နားထောင်ဖို့ဆုကိုသာ တောင်းသတဲ့။

အဲဒီပုဂ္ဂိုလ်က န္တားကျောင်းသားလေးရဲ့ န္တားကျောင်းတုတ်ကို ယူပြီး မန်းမှုတ်ပေးသတဲ့။ တုတ်ကို ဝှေ့ယမ်းပြီး အလိုရှိရာ ခိုင်းနိုင်တဲ့ဆုကို ပေးသတဲ့၊ အဲဒီနောက် ရေးထားတဲ့အကွက်များကို ဖျက်ခိုင်းပြီး အဲဒီပုဂ္ဂိုလ်လဲ ပျောက်သွားသတဲ့။

န္တားကျောင်းသားလေးရဲ့ န္တားကျောင်းတုတ်အစွမ်းကို လူတွေ သိလာကြတဲ့အခါ န္တားကျောင်းသားလေးကို မေးကြသတဲ့။ န္တားကျောင်းသားကလဲ ဖြစ်ကြောင်းကုန်စင် ပြောပြသတဲ့။

သူမှတ်မိတာက က,ကြီးမှစပြီး အ,မှာ ဆုံးတာရယ်။ အဆုံးမှာ အ,နဲ့ အစမှ က,တို့ မြင်းသွားပြန်ဖြစ်နေတာရယ်၊ ပြီးတော့ အ,ဟာ အလယ်ဗဟိုကွက်မှာ ရှိနေတာရယ်လောက်သာ မှတ်မိတော့သတဲ့။

အင်းကွက်ပုံစံကို မမှတ်မိတော့သလို ဗျည်းတွေ ရေးသွင်းတဲ့ အစီအစဉ်အသွားကိုပါ မမှတ်တော့ဘူးတဲ့။ အဲဒါနဲ့ ကျန်တဲ့ ရွာသူရွာသားတွေလဲ အကွက်ဖော်ကြ၊ အသွားဖော်ကြနဲ့ ကြိုးစားကြသတဲ့။ န္တားကျောင်းသားလေးတွေ့ခဲ့ရတဲ့ ပုဂ္ဂိုလ်ထူးနဲ့ သူတို့လဲ တွေ့ရပြီး လိုရာဆုတောင်းနိုင်ဖို့ ကြိုးစားခဲ့ကြတာ ဒီနေ့အထိ ဘယ်သူမှ မအောင်မြင်ကြသေးဘူးတဲ့"

ပုံပြင်လေးက ဤမျှသာ။ အများသိပြီးကြသည့် အင်းပုံပြင်မို့ လိုရင်းတိုရှင်းမျှသာ ပြန်လည်ဖော်ပြလိုက်ပါ၏။ ဤပုံပြင်လေးကို တစ်ဦးမှ တစ်ဦးသို့ လက်ဆင့်ကမ်းလာကြရာမှာ န္တားကျောင်းသားလေး မြေပြင်မှာ ရေးဆွဲခဲ့သည်များကို **"အင်းကွက်"**၊ ဗျည်း(၃၃)လုံးကိုတော့ **"အင်းဆန်"**၊ ဗျည်းတွေကို အစဉ်အတိုင်း မြင်းသွားဖြင့် ရေးသွင်းရသော အစီအစဉ်ကို **"အင်းသွား"**၊ အလယ်ဗဟိုကွက်မှာ အင်းဆန်များ ပြီးဆုံးခြင်းကို **"အလယ်သေ"**။

အဆုံး အင်းဆန်နှင့် အစ အင်းဆန်တို့ ပြန်လည်၍ မြင်းသွားဖြစ်နေခြင်းကို **"မြင်းသေမြင်းကိုက်"**၊ အင်းကွက်အပြီးမှာ ပေါ်လာသည့် ပုဂ္ဂိုလ်ကိုတော့ **"အင်းစောင့်"**စသည်ဖြင့် စနစ်တကျသုံးနှုန်းလာကြပြီး လက်ဆင့်ကမ်းပြောပြကြ၏။

အင်းနှင့် ပတ်သက်သော အဆောင်အရွက်များမပါ၊ ဂါထာများမပါဘဲ ဗျည်းအက္ခရာတို့၏ အစွမ်းသတ္တိများကိုသာ ထင်ရှားစေသော ပုံပြင်တစ်ပုဒ် ဖြစ်ပါသည်။

မြင်းသေမြင်းကိုက်ဖြင့် အ,အလယ်သေအောင် ဆောင်ရွက်နိုင်လျှင် အင်းစောင့်ပုဂ္ဂိုလ် ပေါ်လာပြီး လိုရာဆုတောင်းနိုင်ကြောင်းသတင်း(Message) တစ်ခုကို ဤပုံပြင်က ကျွန်ုပ်တို့အား ပေးနေပါ၏။

ထို့ကြောင့်လည်း ဝေဒမဂ္ဂဇင်းကြီးမှ တစ်ဆင့် ၁၉၉၀–၉၁ ခုနှစ်များဆီတုန်းက အင်းဝါသနာရှင်များ၊ အင်းပညာရှင်များ၏ အသိုက်အဝန်းကို

www.burmeseclassic.com

လှုပ်လှုပ်ရွရွ ဖြစ်စေခဲ့ဖူးပါသည်။ မြင်းသေမြင်းကိုက်ဖြင့် အ,အလယ်သေအောင် ကြိုးစားခဲ့ကြဖူးပါသည်။ ကျောက်တုံးမှ နှီးညှစ်ခဲ့ကြဖူးပါသည်။

အ,ကိုသာမဟုတ် မည်သည့် ဗျည်းကိုမဆို အလယ်သေ ဖြစ်ရန်အတွက် ရေးသွင်းဖို့ရာ လွယ်ပါသည်။ သို့သော် အဆုံးမှ အစသို့ ပြန်လည်၍ မြင်းသေမြင်းကိုက်ဖြစ်ရန်မှာမူ **အင်းဆန် အရေအတွက်သည် "စုံ"အရေအတွက် ဖြစ်ရန်လိုပါသည်။ "မ"အရေအတွက်ဖြစ်လျှင် မြင်းသေမြင်းကိုက် မရပါ။**

ပုံပြင်ထဲမှာ ပါနေသည့် ဗျည်း(၃၃)လုံးသည် "မ"အရေအတွက် ဖြစ်နေသဖြင့် မြင်းသေမြင်းကိုက် မရှိပါ။ ထို့ကြောင့် က,ကြီး ဘယ်နေရာမှစသည် ဖြစ်စေ၊ အ, ဘယ်နေရာမှာ ဆုံးသည်ဖြစ်စေ မြင်းသေမြင်းကိုက်ကို မည်သည့်အခါ မရနိုင်ပါ။

ဤပုံပြင်လာ အ,အလယ်သေအင်း၌ မြင်းသေမြင်းကိုက်မရှိသည့်အကြောင်းကို **၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၀၆)၌ အ,အလယ်သေအင်း ခေါင်းစဉ်ဖြင့် ကျွန်ုပ်ရေးသား ဖော်ပြခဲ့ပြီးပါပြီ။**

အင်းဆန်အရေအတွက် "မ"ဖြစ် နေဖြင့် မြင်းသေမြင်းကိုက်မရှိကြောင်းကို မသိသေးသမျှ မွေးဖွားသည်မှ အသက်ထက်ဆုံး ကြိုးစားလျှင်လည်း မြင်းသေမြင်းကိုက်ရမည်မဟုတ်၊ အင်းစောင့်ပုဂ္ဂိုလ်လည်း ပေါ်လာမည် မဟုတ်ပါ။

မြင်းသေမြင်းကိုက် မရှိခြင်းနှင့် အင်းစောင့်ပုဂ္ဂိုလ် ပေါ်မလာနိုင်ခြင်းမှ လွဲ၍ ဤပုံပြင်လေးသည် နားထောင်ကောင်းရုံမျှ မဟုတ်ပါ။ **"အလယ်သေခြင်း"** ဟူသော အသိသညာတစ်ခုကို ထိထိရောက်ရောက် ပေးပါသည်။

ထို့ကြောင့်ပင်လျှင် "က"အလယ်သေအောင် အင်းချ၊ မည်သည့်အကျိုးကိုရမည်၊ "ခ"အလယ်သေအောင် အင်းချ မည်သည့်အကျိုးကိုရမည် စသဖြင့် ဗျည်း(၃၃)လုံးကုန်အောင် အကျိုးသွားများ အစီအရင်များကို ဖော်ထုတ် တင်ပြနိုင်လာခဲ့ကြပါသည်။ ဤကား အလယ်သေ အသိသညာ၏ အသီးအပွင့်များ ဖြစ်ပါသည်။

ဗားမဲ့လက်တွေ့ကျမ်း သုံးတွဲ၌ အ,အလယ်သေ အင်းလေးကွက် ဖော်ပြထား၏။ အရွယ်မတူ၊ ပုံစံမတူသော ပဆစ်ကွက်များကို အသုံးပြုလျက် မြင်းသေမြင်းကိုက် ဖြစ်စေသော အင်းကွက်က နှစ်ကွက်၊ အရွယ်တူ၊ ပုံစံတူ စတုရန်း ပဆစ်ကွက်များကို အသုံးပြုလျက် မြင်းသေမြင်းကိုက် မရသော အင်းကွက်ကနှစ်ကွက် ပေါင်း လေးကွက်ဖြစ်သည်။

ယခုဆောင်းပါး၌ မြင်းသေမြင်းကိုက် မရသော အင်းကွက်နှစ်ကွက်ကို စကြာအသွားရှုထောင့်ဖြင့် ဖော်ထုတ်ပေးသွားပါမည်။


(၃၃)ကွက်အင်းများမှာ အလျား (၅) ကွက်၊ အနံ(၅)ကွက်ပါသော (၂၅) ကွက် စတုရန်းအင်းများကို အခြေပြုရပါသည်။ ထိုမှ လိုနေသော (၈)ကွက်ကို အရပ်လေးမျက်နှာ၌ အချိုးညီညီဖြင့် ထပ်ပိုးဖွဲ့စည်းရပါသည်။

ထပ်ပိုးဖွဲ့စည်းပုံ အမျိုးမျိုးရှိသောကြောင့် အင်းကွက်ပုံစံများလည်း အမျိုးမျိုး ရှိလာရသည်။ ထိုအမျိုးမျိုးထဲမှ တစ်မျိုးကို ဗားမဲ့ကျမ်းလာ ပထမအင်းဖြင့် စတင်ကြစို့။

ပထမအင်းကွက်

(၁)

* * *




နွားကျောင်းသားပုံပြင်ထဲမှ အင်းကွက်သည် ဤအင်းကွက်ဖြစ်သည်ဟု ယူဆပြီး ၁၉၉၀-၉၁ခုနှစ်များဆီက ပဟေဠိတစ်ခုသဖွယ် အဖြေရှာခဲ့ကြသော အင်းကွက်ပုံစံလည်း ဖြစ်ပါသည်။


ခရေပွင့်(*) ပြထားသည်များမှာ က,ကြီးစတင်ရန် နေရာများဖြစ်ကြသည်။ ထိုနေရာ တစ်ခုခု၌ က,ကြီးကို စတင် ရေးသွင်းမှသာ အလယ်သေ "အ"နှင့် မြင်းသေမြင်းကိုက် ဖြစ်မှာနဲ့ ထိုနေရာ ရှစ်ခုကို အခြေပြုပြီး အဖြေရှာခဲ့ကြသည်။

သို့သော် မည်သည့်နေရာမှ စသည်ဖြစ်စေ အင်းဆန်အရေအတွက် "မ" ဖြစ်နေခြင်းကြောင့် မြင်းသေမြင်းကိုက် မရှိပါ။

မြင်းသေမြင်းကိုက် မရှိသော အင်း၌ မြင်းသေမြင်းကိုက် ရှာဖွေကြပုံအား အမှတ်ရကြစိမ့်သောငှာ ပြန်လည်၍ အမှတ်တရ ဖော်ပြလိုက်ပါသည်။

(၂)

* * *








www.burmeseclassic.com

www.burmeseclassic.com


**အမှတ်(၂)အင်းကွက်သည်** ဗားမဲ့လက်တွေ့ကျမ်း ပ–တွဲ၊ စာ–၁၅၈၌ ဖော်ပြထားသော **အ,အလယ်ဝင်အင်းဖြစ်ပါသည်။**

ဤအင်းကွက်သည် အ,အလယ်သေခြင်းအတွက် "တစ်လံ"မပြ၊ "တစ်ထွာ"မျှသာ ပြထားသော နမူနာအင်းကွက်တစ်ခုမျှသာ ဖြစ်သည်။

ကျွန်ုပ်တို့က တစ်ထွာပြလျှင် တစ်လံမြင်အောင် ကြည့်ကြရပါမည်။ **(သာမန်မြင်းသွားမို့ တစ်ထွာမျှသာ ပြထားသည်ဟု ဆိုရခြင်းဖြစ်၏။)**

(၃)

* * *



**အမှတ်(၃) အင်းကွက်**သည် တစ်ထွာမက တစ်လံမြင်အောင် ကြည့်ရာမှ ရလာသော အင်းကွက်တစ်ခုဖြစ်ပါသည်။

ဤအင်းကွက်၌ ထူးခြားချက် နှစ်ခုပါသည်။ ပထမ ထူးခြားချက်မှာ **ဠ,**သည် **အ,**ကို အလယ်၌ မြင်းသွားဖြင့် သေစေသော လမ်းတစ်သွယ်**(မြင်းသေ)**နှင့် **ဠ,**သည် အစမှာရှိသော **က,**သို့ ပြန်သည်၍ မြင်းသွားကိုက်ညီနေသော လမ်းတစ်သွယ် **(မြင်းကိုက်)**တို့ဖြင့် မြင်းသေမြင်းကိုက် ဖြစ်နေခြင်းဖြစ်၏။

ဒုတိယ ထူးခြားချက်မှာ အင်းကောင်းတစ်ကွက်၏ ဂုဏ်အင်္ဂါတစ်ရပ် ဖြစ်သော စကြာအသွား ရှိနေခြင်းပင် ဖြစ်ပါသည်။ စကြာအသွား ရှိနေပုံအား စက်ဖွဲ့၍ ကြည့်ကြပါမည်။

အလယ်သေဖြစ်မည့် အ,ကိုဖယ်၊ ဗျည်း(၃၂)လုံးကျန်သည်။ ယင်းကို ထက်ဝက်ခွဲသော် (၁၆)လုံးစီပါသည့် အုပ်စုနှစ်ခုရသည်။ ထို့နောက် အုပ်စုတစ်ခုမှ ဗျည်းတစ်လုံးကို အခြားအုပ်စုမှ ဗျည်းတစ်လုံးဖြင့် အစီအစဉ်အတိုင်း တွဲလျှင် စက်ဖွဲ့မည့် အတွဲများကို ရလာ၏။ ခွဲပုံနှင့်တွဲပုံမှာ အောက်ပါဇယားအတိုင်းဖြစ်၏။

* * *

ခွဲလျှင် → က ခ ဂ ဃ င စ ဆ ဇ ဈ ည ဋ ဌ ဍ ဎ ဏ တ (အစဉ်လိုက်)


ထ ဒ ဓ န ပ ဖ ဗ ဘ မ ယ ရ လ ဝ သ ဟ ဠ (အစဉ်လိုက်)

တွဲလျှင် → **ကနှင့်ထ၊ ခနှင့်ဒ၊ ဂနှင့်ဓ** စသည်ဖြင့် အထက်တစ်လုံး၊ အောက်တစ်လုံးတွဲပါ။ စက်ဖွဲ့ရန် အင်းဆန်အတွဲပေါင်း (၁၆)တွဲ ရပါသည်။

ခွဲပုံ–တွဲပုံဇယားမှ ရလာသော (ကနှင့်ထ)အတွဲကို အင်းကွက်ပေါ်၌ ရှာဖွေ၍ မျဉ်းဖြောင့်ဖြင့် ဆက်သွယ်ခြင်းကို စက်ဖွဲ့သည်ဟု ခေါ်ပါသည်။ ထိုနည်းတူစွာ (ခနှင့်ဒ)၊ (ဂနှင့်ဓ)၊ (ဃနှင့်န)၊ ...၊ (တနှင့်ဠ) စသည့် အတွဲများကို အင်းကွက်ပေါ်၌ ရှာဖွေ၍ မျဉ်းဖြောင့်များဖြင့် ဆက်သွယ်ပါ။ စကြာအသွားမှန်ပါက ထိုမျဉ်းဖြောင့်များ အားလုံးသည် ဗဟိုအမှတ်တစ်ခုတည်း၌ ပြတ်ကြပါသည်။

(၄)

* * *



ထို (၁၆)တွဲမှ ကနှင့်ထ၊ ညနှင့်ယ၊ ဋနှင့်ရ၊ တနှင့်ဠ အတွဲလေးတွဲကိုသာ အင်းကွက်အမှတ်(၄)၌ နမူနာ စက်ဖွဲ့နိုင်ခြင်း ရှိ မရှိကို စာဖတ်သူကိုယ်တိုင် စစ်ဆေးပြီး စက်ဖွဲ့နိုင်ရန် ကျန်အတွဲများအား စက်ဖွဲ့မပြဘဲ ချန်လှပ်ထားခဲ့ပါသည်။

အတွဲအားလုံးကို စက်ဖွဲ့ပြီးသောအခါ စကြာအသွားတစ်ခုလုံးကို ထင်ရှားပေါ်လွင်စွာ တွေ့မြင်ရပါမည်။


ဗားမဲ့ကျမ်းလာ အ,အလယ်သေသာမန်အင်းတစ်ကွက်အား အရိပ်ပြအကောင်ထင်၊ တစ်ထွာပြ တစ်လံမြင် ပြထားခြင်း ဖြစ်ပါသည်။

ဤအင်းတွက် အများသိထားသော တစ်လမ်းသွား မြင်းသေမြင်းကိုက် မဟုတ်သော်လည်း ထိုမြင်းသေမြင်းကိုက်ကဲ့သို့ပင် အစွမ်းထက်မြက်သော နှစ်လမ်းသွား မြင်းသေမြင်းကိုက် တစ်နည်းအားဖြင့် နှစ်လမ်းသွားမြင်းသွားကို တွေ့မြင်ရပါမည်။

ဆက်လက်ပြီး ဗားမဲ့ကျမ်းလာ ဒုတိယအင်းကွက်သို့ သွားကြမည်။ အရိပ်မပြ၊ အကောင်ပြ၊ တစ်ထွာမပြ တစ်လံပြထားသော အင်းကွက်ဖြစ်၏။ ထိုအင်းကွက်က တိတ်ဆိတ်စွာ ပြနေသော စကြာအသွားကို မြင်အောင်ကြည့်ကြစို့။

## (၅)ဒုတိယအင်းကွက်

* * *





www.burmeseclassic.com

www.burmeseclassic.com

**ဗားမဲ့၊ တ–တွဲ၊ စာ(၈၄)၌** ဖော်ပြထားသော အင်းဖြစ်သည်။ **"ဤအင်းကို စာဖတ်သူကိုယ်တိုင် စေ့စေ့စပ်စပ်ဖြည့်သွင်းကြည့်ပါ။ အလွန် ထူးခြားချက်ကို တွေ့ရှိလာပါလိမ့်မည်"**ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၃၀၆) အ,အလယ်သေအင်း ဆောင်းပါး၌ သဲလွန်စပေးခဲ့ပါသည်။

ယခုဆောင်းပါး၌ ထိုထူးခြားချက်ကို ဖော်ပြပါမည်။ အခြားမဟုတ်ပါ။ **စကြာအသွား**ပင် ဖြစ်ပါ၏။ စကြာအသွားတောင် ရိုးရိုးမဟုတ်။ **သုံးထပ်စကြာဖြစ်သည်။**

**က,ကြီးမှ ဇ,ကွဲအထိ ဗျည်း(၈)လုံး**ကို စကြာတစ်ခု၊

**ဈ,**မျဉ်းဆွဲမှ **တ,**ဝမ်းပူအထိ ဗျည်း(၈)လုံးကို စကြာတစ်ခုနှင့်၊


**ထ,**ဆင်ထူးမှ **ဠ,**ကြီးအထိ **ဗျည်း(၁၆)လုံး**ကို စကြာတစ်ခုတို့ဖြင့်...

စကြာသုံးထပ် ဖွဲ့ထားပါသည်။ စာဖတ်သူများ မြင်လွယ်စေရန် စကြာတစ်ခုချင်းကို ခွဲခြား၍ ဖော်ပြပေးပါမည်။

(၆) ပဌမစကြာ

(က,ကြီးမှ ဇ,ကွဲအထိ)

* * *




ခွဲလျှင် → က ခ ဂ ဃ (အစဉ်လိုက်) / င စ ဆ ဇ (အစဉ်လိုက်)

တွဲလျှင် → ကနှင့်င,ခနှင့်စ,ဂနှင့်ဆ,ဃနှင့်ဇ(လေးတွဲ)

**ပုံ(၆)တွင်** အင်းဆန်ဗျည်းတစ်ခုမှ တစ်ခုသို့ မြင်းသွားဖြင့် အသွားကိုသာ ဖော်ပြထားပါသည်။ သာမန်အကြည့်ဖြင့်ပင် လေးရွက်စကြာပုံ ဆောင်နေခြင်းကို တွေ့ရမည်။


အထက်တွင် ရလာခဲ့သော (ကနှင့်င)အစရှိသည့် အတွဲလေးတွဲကို စာဖတ်သူကိုယ်တိုင် မျဉ်းဖြောင့်တစ်ခုစီဖြင့် ဆက်ကြည့်ပါ။ အ,ကို ဗဟိုပြုနေသော စကြာအသွားကို တွေ့ရမည်။

စကြာ၏အဆုံး ဇ,ကွဲသည် အစမှ က,ကြီးနှင့် မြင်းကွက်ဖြစ်လျက် ဒုတိယစကြာ၏အစ ဈ,မျဉ်းဆွဲသို့ မြင်းကွက်ဖြင့် ပြောင်းပါသည်။ **(နှစ်လမ်းသွား မြင်းသွား)**

(၇)ဒုတိယစကြာ

(ဈ,မျဉ်းဆွဲမှ တ,ဝမ်းပူအထိ)

* * *




ခွဲလျှင် → ဈ ည ဋ ဌ (အစဉ်လိုက်) / ဍ ဎ ဏ တ (အစဉ်လိုက်)

တွဲလျှင် → ဈနှင့်ဍ,ညနှင့်ဎ,ဋနှင့်ဏ,ဌနှင့်တ(လေးတွဲ)


စကြာ၏အဆုံး တ,ဝမ်းပူသည် အစမှ ဈ–မျဉ်းဆွဲနှင့် မြင်းသွားဖြစ်နေသကဲ့သို့ တတိယစကြာ၏အစ ထ,ဆင်ထူးသို့လည်း မြင်းသွားဖြင့် ပြောင်းပါသည်။

လေးရွက်စကြာပုံ ဆောင်နေခြင်းကို လွယ်ကူစွာ တွေ့မြင်ရမည်ဖြစ်ပြီး စကြာအသွားကို အတွဲများအား မျဉ်းဖြောင့်တစ်ခုစီ ဆွဲကြည့်ခြင်းဖြင့် အ,ကို ဗဟိုပြုနေသော စကြာကို တွေ့ရမည်။

(၈)တတိယစကြာ

(ထ,ဆင်ထူးမှ ဠ,ကြီးအထိ)

* * *




ခွဲလျှင် → ထ ဒ ဓ န ပ ဖ ဗ ဘ(အစဉ်လိုက်) / မ ယ ရ လ ဝ သ ဟ ဠ (အစဉ်လိုက်)


တွဲလျှင် → ထနှင့်မ ဒနှင့်ယ စသည်ဖြင့် အပေါ်တစ်လုံး,အောက်တစ်လုံး(ရှစ်တွဲ)

လှပသော စကြာပုံဆောင်နေသည်ကို တွေ့ရမည်။ စကြာ၏ အဆုံးမှ **ဠ,ကြီး**သည် အစမှ **ထ,ဆင်ထူး**ဖြင့် မြင်းသွားပြန်ကိုက်ပြီး**အ,ကို**အလယ်၌ မြင်းသွားဖြင့် သေစေပါသည်။

အနှစ်သာရဖြစ်သော အ,ကို ဗဟိုပြုနေသော စကြာအသွားကို ရှာဖွေကြည့်၍ စာဖတ်သူအား အလုပ်ပေးလိုက်ပါသည်။

(၉)ရှစ်ရွက်စကြာပုံဆောင်ပုံ

* * *






www.burmeseclassic.com

www.burmeseclassic.com

## (၁၀)စကြာအသွား

* * *



အင်းကွက်တစ်ခုလုံး စကြာပုံဆောင် ...ခြင်းနှင့် စကြာအသွား ဖြစ်နေခြင်း ...အား သရုပ်ပြပုံ (၉)၊ (၁၀)တို့ဖြင့် ...ထားပါသည်။

အ,အလယ်သေရုံမျှသာ ဖော်ပြ ...သော အင်းကွက်မဟုတ်ဘဲ၊ ...ကြာသုံးထပ်ဖြင့် ဖွဲ့စည်းထားသော၊ ...ကွက်စကြာပုံကို ဆောင်ထားသော၊ ...ကြာတစ်ခုမှ စကြာတစ်ခုသို့ မြင်းသွား ... ပြေပြေပြစ်ပြစ် ကူးပြောင်းသွား ...သော စကြာအသွားလည်း ပါရှိနေ ...သော အလွန် အံ့သြဖွယ် လှပနေသော ...အင်းကွက်တစ်ခု ဖြစ်ပါသည်။


...ဆစ်ကွက်များပြည့်ရုံ ရေးဆွဲထား ...သော အင်းကွက်တစ်ကွက်နှင့် ပညာ ... သမာဓိအားများကို ထည့်သွင်း ...ဆွဲထားသော အင်းကွက်တို့၏ ...ခြားနားမှုကို ထင်ရှားစွာ မြင်ကြ ...သည်။

...အင်းကွက်ကို တုပလျက် ကြိုးစား ...သော အင်းကွက်တစ်ခုကို စာ ...သူများအား လက်ဆောင်ပေး ...ပါသည်။

## (၁၁)လက်ဆောင်အင်းကွက်

* * * ——→

...လက်ဆောင်အင်းကို ဗျည်းများ ... စကြာသုံးခုဖြင့်သာ ဖော်ပြလိုက်



ပါသည်။

၁။ **က,ကြီး** စတင်ရမည့် စကြာနှင့် စတင်ရမည့် နေရာရှာဖွေခြင်း။


၂။ စကြာတစ်ခုမှ တစ်ခုသို့ မြင်းသွားဖြင့် ကူးပြောင်းခြင်း။

၃။ **ဠ,ကြီး**မှ **အ,သို့**မြင်းသွားဖြင့် အလယ်သေစေခြင်း စသည်တို့အား မိမိကိုယ်တိုင် ရှာဖွေဖော်ထုတ် ကြည့်ပါ။

ဖော်ပြပါအချက် သုံးချက်ဖြင့် အင်းကွက်အား ပုံဖော်နိုင်သောအခါ စကြာပုံဆောင်နေသည်ကို သာမက စကြာအသွားလည်း ဖော်ထုတ်ပြီးဖြစ်နေပါလိမ့်မည်။

ဆက်လက်ပြီး အ,အလယ်သေ အင်းအစီအရင်နှင့် အကျိုးသွားကို ဖော်ပြပါမည်။

**နေ့။** ။ အဝင်နက္ခတ်သုံးလုံးမှ သိဒ္ဓိစုတ်၊ ခါးပတ်နက္ခတ်ဖြစ်သော



ဝရစုတ် တစ်ခုခုဖြင့် စန်းယှဉ်သောနေ့သည် အစီအရင် စတင်ရမည့်နေ့ ဖြစ်ပါသည်။

ထိုနက္ခတ်နှစ်လုံးသည် ပုဏ္ဏမီနက္ခတ် (လပြည့်နေ့စန်းယှဉ်နက္ခတ်) ဖြစ်ပါက အကောင်းဆုံးဖြစ်ပါသည်။

ထိုသို့ မရနိုင်ပါက လဆန်း(၇)ရက်မှ လဆုတ်(၇)ရက်အတွင်း စီရင်နိုင်ပါသည်။

စန်းယှဉ်နက္ခတ် အစင်အကြယ်ကို သံဒိဋ္ဌ ပြက္ခဒိန်မှ တွက်ယူပါ။ ဘယ်နေ့ ဆန်းတဲ့လမှာ လဆန်း ဘယ်နှစ်ရက်၊ လဆုတ်ဘယ်နှစ်ရက်ဟာ ဘာနက္ခတ် ဖြစ်တယ်ဟု ပုံသေမှတ်ယူခြင်းမှာ ကြမ်းလွန်းပါသည်။ အစင်အကြယ် အမှန်အကန် မရနိုင်ပါ။

အမှန်တကယ် နက္ခတ်ကြုံချိန်ကို အလိုရှိလျှင် သံဒိဋ္ဌပြက္ခဒိန်ကိုသာ သုံးပါဟု အကြံပြုလိုက်ပါသည်။

**အချိန်။** ။ နက္ခတ်တစ်လုံး၏ စန်းနှင့် ယှဉ်နေသော ကြာချိန်သည် အကြမ်းအားဖြင့် တစ်ရက် (၂၄ နာရီ)ခန့် ရှိပါသည်။ စန်းယှဉ်နက္ခတ် ပြောင်းချိန်ကိုလည်း သံဒိဋ္ဌပြက္ခဒိန်လာ စန်းယှဉ်နက္ခတ်မှ ဖြစ်စေ၊ စန်းတည်ရာ ရာသီ၊ အံသာ၊ လိတ္တာမှဖြစ်စေ အချိန်ကို တွက်ယူနိုင်ပါသည်။

ရရှိလာသော နက္ခတ်စန်းယှဉ်ချိန် အတွင်း၌ စီရင်နိုင်ပါသည်။ ထို့ထက်ပို၍အချိန်ကို အကောင်းဆုံးဖြစ်အောင် ရယူလိုလျှင် အင်္ဂဝိဇ္ဇာအခါတိုင်ထူ၍ မိမိနာမည်အရင်းလုံး **နဝင်း၊ အညှင်းနှင့် ဆပွတ်** တစ်ခုခု၌ရှိသော အချိန်



www.burmeseclassic.com

www.burmeseclassic.com

ကိုယူပါ။ **အညွန့်**နာမည်အရင်းလုံးရှိ နေပြီး **အမြစ်**မှာ နာမည်အဖျားလုံးရှိ နေလျှင်တော့ ထိုအချိန်ကို ရှောင်ပါ။

**နေရာ။** ။မိမိမွေးနံ၏ **တေဇအရပ်** သို့မဟုတ် **သိရိအရပ်**ရှိ ဘုရား၊ ကျောင်း၊ စေတီ၊ တန်ဆောင်း တို့၌ သိရိအရပ်၊ တေဇအရပ် တို့ကိုပင် မျက်နှာမူ၍ စီရင်ပါ။

အင်းကွက်၊ အင်းဆန်နှင့် အင်းသွား တို့အား ရှေ့တွင် ဖော်ပြခဲ့ပြီးပါပြီ။ အစီအရင်အတွက် လိုအပ်နေသေးသော အင်းပေါင်တားခြင်း၊ အင်းဆန်သွင်းခြင်း၊ သိဒ္ဓိတင်ခြင်းတို့ကို ဖော်ပြပါမည်။

## အင်းပေါင်တားခြင်း

'ဉုံ စတုလောကပါလာ၊ ဌာနေ ဌာနေ အဂ္ဂိဏော'

ဤဂါထာဖြင့် အင်းပေါင်တားနေစဉ် အတွင်း မပြတ်ရွတ်ရမည်။ နှုတ်ခမ်းလှုပ်ရုံမျှသာ။

## အင်းဆန်သွင်းခြင်း

'ကကာရံ ကာရာပေတိ၊ ကသုခံ သဗ္ဗ သိဒ္ဓိက'

အင်းဆန်သွင်းဂါထာဖြစ်သည်။

'ခကာရံ ကာရာပေတိ၊ ခသုခံ သဗ္ဗ သိဒ္ဓိခ'

'ဂကာရံ ကာရာပေတိ၊ ဂသုခံ သဗ္ဗ သိဒ္ဓိဂ'

စသည်ဖြင့် က-ကြီးနေရာ၌ အခြားဗျည်းများကို ရွတ်ဆိုရေးသွင်းပါ။ ဂါထာ တစ်ပုဒ်လျှင် ဗျည်းတစ်လုံး ဖြစ်ပါသည်။ နှုတ်ခမ်းလှုပ်ရုံမျှသာ။

## သိဒ္ဓိတင်ခြင်း

အင်းစီရင်ပြီးသောအခါ...

'ဉုံ ဗုဒ္ဓသိဒ္ဓိ ဓမ္မသိဒ္ဓိ သံဃသိဒ္ဓိ မာတာ ပီတသိဒ္ဓိ အာစရိယသိဒ္ဓိ အင်းသိဒ္ဓိ ဝိဇ္ဇာသိဒ္ဓိ ဒေဝသိဒ္ဓိ ယက္ခသိဒ္ဓိ သက္ကသိဒ္ဓိ ဗြဟ္မသိဒ္ဓိ သိဒ္ဓိအပေါင်း ထောင်သောင်းမက တက် ဆရာတက်၊ ထက်ဆရာထက်'

ဤဂါထာဖြင့် (၃၇)အုပ် အသံထွက်၍ စုတ်။

## အစီအရင်

(က) မိမိ၏ ခန္ဓာနှင့်တကွ အဝတ်အစား အသုံးအဆောင်များ၊ ဝန်းကျင်များ သန့်ရှင်းစင်ကြယ်ပါ။

(ခ) မိမိနှစ်သက်သော ဘုရားရှိခိုး၊ မိမိနိုင်သော သီလ၊ မိမိတတ်နိုင်သလောက် လှူဖွယ်ပစ္စည်းများဖြင့် ဘုရားရှိခိုး သီလခံယူ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပါ။

(ဂ) မေတ္တာပို့ပါ။ အမျှဝေပါ။

(ဃ) စည်းချပါ။ အဓိဋ္ဌာန်ပြုပါ။

(င) အင်းချခြင်း၊ သိဒ္ဓိတင်ခြင်းတို့ ပြုပါ။

(စ) သစ္စာပြုပါ၊ ဆုတောင်းပါ၊ အင်းကို ပြာပြု၍သောက်ပါ။

ဤအစီအရင်အတိုင်း တစ်ရက်ကို တစ်အင်းကျဖြင့် ရက်ပေါင်း (၁၂၀)ပြည့်အောင် အဓိဋ္ဌာန်ပြုဆောင်ရွက်ပါ။ အစီအရင် စတင်သော ပထမဆုံးနေ့ အတွက်သာ နက္ခတ်၊ ခါးပတ်တို့ရွေးရန် လိုပြီး နောက်ရက်များ၌ မလိုပါ။

## အကျိုး

ကောင်းစွာ အိပ်ရခြင်း၊ ကောင်းစွာ နိုးကြားရခြင်း၊ မကောင်းသော အိပ်မက်ကို မြင်မက်ရခြင်း၊ လူချစ်လူခင်များခြင်း၊ နတ်တို့စောင့်မခြင်း၊ အဆိပ်မတက်ခြင်း၊ လက်နက်မရောက်ခြင်း၊ မီးမလောင်ခြင်း၊ သမာဓိရခြင်း၊ မျက်နှာကြည်လင်ခြင်း၊ မတွေမဝေသေရခြင်း၊ သေသောအခါ နတ်ပြည်သို့လားရခြင်း အကျိုးတို့ကို ရကုန်၏။

* * *

ဗျည်း(၃၃)လုံးနှင့် ဆက်နွယ်နေသော ကျင့်စဉ်များ၊ အစီအရင်များများစွာထဲမှ အ,အလယ်သေအင်း အစီအရင်တစ်ခုကို စကြာအသွားဖြင့် ဆောင်ရွက်နိုင်ကြပါပြီ။

မည်သည့် အင်းအစီအရင်ကိုမဆို ဆောင်ရွက်ရာ၌ အင်းပေါင်တားခြင်း၊ အင်းဆန်သွင်းခြင်း၊ သိဒ္ဓိတင်ခြင်း စသည့် အင်းနှင့်ပတ်သက်သော ပြု ဖွယ်မှန်သမျှကို အထစ်အငေါ့မရှိ ကျွမ်းကျင်ပိုင်နိုင်စွာ သေသေသပ်သပ် ဆောင်ရွက်နိုင်ရန် ကြိုတင်ပြီး လေ့ကျင့် ထားဖို့ လိုပါသည်။

(၄)ကွက်၊ (၈)ကွက်၊ (၉)ကွက် အင်းများ၊ (၁၂)ကွက်၊ (၁၆)ကွက် (၂၄)ကွက်အင်းများ၊ (၃၂)ကွက် (၃၆)ကွက်၊(၄၈)ကွက် အင်းများနှင့် နန်းချိုးအင်း၊ နန်းပိုးအင်း၊ စတုရန်းအင်း စသည့် အင်းတိုင်း အင်းတိုင်း၌ စကြာ အသွားသည် ရှိနေပါသည်။

ထိုစကြာအသွားများကို ပညာအား သမာဓိအားများ စိုက်ထုတ်လျ ဖော်ထုတ် အသုံးပြုနိုင်ကြပါစေ။ မိမိ ရှိပြီးဖြစ်သော သဒ္ဓါအား၊ သီလအား၊ သမာဓိအား၊ ပညာအားများအပေါ် သမာဓိအား၊ ပညာအား ထပ်လောင်း တိုးတက် ပွားများလာနိုင်ကြပါစေ ဆန္ဒပြုရင်း...။

**စာဖတ်သူအပေါင်း ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ**

*[အနန္တငါးပါးနှင့်တကွ ဗားမဲ့ဆ တော်အား ဦးထိပ်ထားလျက်...]*

**ဆရာစော(အင်းတစ်ဆောင်)**



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# အဆီကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် သကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ညိုရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တွေလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ထပ်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တော ရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲ

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာ ကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေ ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြော ထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက် လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း လာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အ အပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ ချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ် မွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ မသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပု များ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မ ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အ နာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအော ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝ မှည့်ခြောက်ထွက်ခြင်း၊ သွေးဓာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ အပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန် ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး ကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေ အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ ညီညွှတ်မှန်ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တ စေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေ ဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်း ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်း တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသ**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိ ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန် တဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆ

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**


အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉ ...

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

## သီးသန့်ယတြာ

သန်းပညာ



▲ နဂါးရုံဘုရား

မဟာဘုတ်ချိန်ခွင်အရ...

**စနေသားသမီးများတွက်** သီးသန့်ယတြာကို တင်ပြပေးပါ့မယ်။

မဟာဘုတ်အရကြည့်ရင် အကြွင်းမတူခြင်းဖြင့် အဖွားလဲ ကွာခြားမှုများလဲ ရှိတယ်။

ကြည့်ပါဦး။

**၁–ကြွင်း မဟာဘုတ်အရ...**

စနေသားသမီးများသည် **အထွန်းဖွားများ**ဖြစ်ကြပြီး ဣဋ္ဌဖွားလို့ သတ်မှတ်ထားပါတယ်။

| | | |
|---|---|---|
| | ၅ | |
| ၀* | ၃ | ၆ |
| ၄ | ၁ | ၂ |

**၁–ကြွင်း မဟာဘုတ်**

**၄–ကြွင်း မဟာဘုတ်အရ ဆိုရင်တော့...**

စနေသားသမီးများသည် **မရဏဖွားများ** ဖြစ်ကြပြီး အနိဋ္ဌဖွားလို့ သတ်မှတ်ထားပါတယ်။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀* | ၄ | ၅ |

**၄–ကြွင်း မဟာဘုတ်**

အဲဒီလိုပါပဲ...

၂–ကြွင်း စနေသားသမီးများက ရာဇဖွား၊ ၃–ကြွင်း စနေသားသမီးများ အဓိပတိဖွား၊ ၅–ကြွင်း စနေသားသမီးများက သိုက်ဖွားများ ဖြစ်ကြတဲ့အတွက် ဣဋ္ဌဖွားများပဲ ဖြစ်ပါတယ်။

တစ်ဖန်...

**၆–ကြွင်း စနေသားသမီးများက** ပုတိဖွား၊ ၀–ကြွင်း စနေသားသမီးများက ဘင်္ဂဖွားများ ဖြစ်ကြတဲ့အတွက် အနိဋ္ဌဖွားများလဲ ဖြစ်စ်ပါတယ်။

အကြွင်း မဟာဘုတ်ပိုင်းများဟာ



www.burmeseclassic.com

www.burmeseclassic.com

အကြွင်းမတူဘဲ ကွဲပြားသလိုပဲ အဖွား လဲ ကွဲခြားတဲ့အတွက် အကျိုးခံစားရမှုလဲ ကွာခြားကြမှာ ဖြစ်ပါတယ်။

ဒါကြောင့်...

အကြွင်းကွဲပြား စနေသားသမီးများအတွက် ကောင်းကျိုးချမ်းသာ ရစေချင်တဲ့ စေတနာသည်ပင်လျှင် သီးသန့်ယတြာကို ဖြစ်ပေါ်စေခဲ့ခြင်းပါပဲ။

ဤယတြာကို...

စနေသက်ရောက်ကြိုတိုင်း ဆောင်ရွက်ပေးပါ။

မိမိတို့၏ ရောက်သက်ကို (၈)ဖြင့်စား၍ ၁-ကြွင်းလျှင် စနေသက်ရောက်ကြုံပါတယ်။

ဥပမာ ကြည့်ပါ။

(၃၃)နှစ်, (၄၉)နှစ် စသည်ဖြင့် သီးသန့်ယတြာကို ပြောပြပါ့မယ်။

ကြည့်ပါ။

ကျင့်စဉ်ကို မပြောမီ လှူဖွယ်ရာများကို ဦးစွာ ပြောပါ့မယ်။

✧ **ဣဌ္ဌဖွားများသည်...**

ရဟန်းတော်တစ်ပါးပါးအား **ထီး** လှူပါ။

✧ **အနိဋ္ဌဖွားများသည်...**


ရဟန်းတော်တစ်ပါးပါးအား **ဖိနပ်** လှူပါ။

သီးသန့်ကျင့်စဉ် ယတြာကို ပြောပါ့မယ်။

❖ **ဣဌ္ဌဖွားများသည်...**

နဂါးရုံဘုရား တစ်ဆူဆူ၌ ထီး(၇) လက် လှူပြီး ယခုဖော်ပြမယ့်ဂါထာကို (၁၈)ခေါက် ရွတ်ဆိုပြီး ပူဇော်ကန်တော့လိုက်ပါ။

> တဟိံ တဟိံ ပါရမိ သဠ္ဌယံ စယံ၊
> ဂတံ ဂတံ သဏ္ဌိ သုခပ္ပဒံ ပဒံ၊
> နရာ နရာနံ သုခသမ္ဘဝံ ဘဝံ၊
> နမာ နမာနံ ဇိနပုင်္ဂဝံ ဂဝံ။



◆ အောင်တော်မူဘုရား၏ ခြေတော်ရာပုံတော်

ခက်ခဲသော ပါဠိအသံထွက်

**တဟိံ** = တဟိန်

**သဋ္ဌယံ** = သင်စယံ

**သဏ္ဌိ** = သပ်ဘိ

**သုခပ္ပဒံ** = သုခပ်ပဒံ

**သုခသမ္ဘဝံ** = သုခသမ်ဘဝံ

**ဇိနပုင်္ဂဝံ** = ဇိနပုန်ဂဝံ

**အနက်**

**တဟိံ တဟိံ ဘဝေ၊** ထိုထိုသို့သော ကိုယ်တော်၏ အဖြစ်၌။ **ပါရမီသဋ္ဌယံ၊** ဒါန,သီလ စသည့်အလီလီ ပါရမီ အပေါင်းကို။ **စယံ၊** အားရရွှင်မြူးဆည်းပူးတော်မူတတ်ထသော။ **သဏ္ဌိ၊** သူတော်ကောင်းတို့သည်။ **ဂတံ၊** အာရုံလေးမြတ် ဆည်းကပ်အပ်သော။ **သုခပ္ပဒံ၊** ချမ်းသာခြင်း၏ အဖို့အစုဖြစ်သော။ **ပဒံ၊** နိဗ္ဗာန်သို့။ **ဂတံ၊** ရောက်တော်မူထသော။ **နရာ နရာနံ၊** လူ,နတ်တို့၏။ **သုခသမ္ဘဝံ၊** ချမ်းသာခြင်း၏ အကြောင်းကို။ **ဘဝံ၊** ဖြစ်စေတော်မူသော။ **အနမာနံ၊** မာနမောက်မို မရှိသေရိုး မကိုင်းညွတ်ကုန်သေးသော။ **ဂဝံ၊** နွားနှင့်တမူ အတူသမိုက်လူမိုက်တို့ကို။ **ဇိနပုင်္ဂဝံ၊** အောင်တော်မူတတ် ယောကျ်ားမြတ် ဖြစ်တော်မူသော။ **တံဗုဒ္ဓံ၊** ထိုမြတ်စွာဘုရားကို။ **အဟံ၊** အကျွန်ုပ်သည်။ **နမေနမာမိ၊** ရှိသေမချွတ် ဦးညွတ်ဝပ်လျိုး ရှိခိုးပါ၏ဘုရား။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂါဒိမြန်မာ ဝုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ပြီးလျှင် ဆုတောင်းပါ။

✧ **အနိဋ္ဌဖွားများသည်...**

ခြေတော်ရာပုံရှေ့တွင် ဆောင်ရွက်ပါ။ ဘုရားစေတီများ၌ ခြေတော်ရာပုံရုပ်တုများ ရှိပါတယ်။ ထိုခြေတော်ရာရှေ့တွင် ထိုင်ပြီး ဤဂါထာဖြင့် (၁၈) ခေါက် ရွတ်ဆိုကန်တော့ပါ။ ဆုတောင်းပါ။

> ဒယာ လယံ သဗ္ဗမိ ဒုက္ခရံ ကရံ၊
> ဘဝဏ္ဏဝါတိက္ကမ မဂ္ဂတံ ဂတံ။
> တိလောက နာထံ သု,သမာဟိတံ ဟိတံ၊
> သမန္တစက္ခုံ ပဏမာမိတံ မိတံ။

ခက်ခဲသော ပါဠိအသံထွက်

**သဗ္ဗမိ** = သပ်ဗမိ





www.burmeseclassic.com

www.burmeseclassic.com

**ဒုက္ကရံ** = ဒုတ်ကရံ
**ဘ ဝဏ္ဏဝါတိ က္ကမ** = ဘဝန်ဏဝါတိတ်ကမ
**မဂ္ဂတံ** = မက်ဂတံ
**သမန္တ** = သမန့်တ
**စက္ခုံ** = စက်ခုံ

**အနက်**

**ဒယာလယံ၊** မဟာကရုဏာ၏ တည်ရာ ဖြစ်တော်မူထသော။ **သဗ္ဗမိ၊** ခပ်သိမ်းသော ကိုယ်တော်၏ အဖြစ်၌။ **ဒုက္ကရံ၊** ပြုနိုင်ခဲသော စွန့်ကြီးငါးပါး အစရှိသော အမှုကို။ **ကရံ၊** ပြုတော်မူ တတ်ထသော။ **ဘဝဏ္ဏဝါတိက္ကမံ၊** ဘဝသုံးပါးတည်းဟူသော မဟာသမုဒ္ဒရာမှ လွှန်မြောက်တော်မူထသော။ **အဂ္ဂတံ၊** လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ ထက် မြတ်သည်၏ အဖြစ်သို့။ **ဂတံ၊** ရောက်တော်မူထသော။ **တိလောက နာထံ၊** လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူထသော။ **သုသမာဟိတံ၊** ကောင်းစွာတည်ကြည်သော သမာဓိ ရှိတော်မူထသော။ **ဟိတံ၊** လူ,နတ်, ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွားကို ဆောင်တော်မူတတ်ထသော။ **သမန္တ စက္ခုံ၊** ထက်ဝန်းကျင် မြင်နိုင်စွမ်းသော သဗ္ဗညုတဉာဏ် ရှိတော်မူထသော။ **အမိတံ၊** ဗြဟ္မာ,နတ်,လူ သုံးဘုံသူတွင် မည်သူနှင့်မျှ မနှိုင်းယှဉ်အပ်သောဂုဏ် ရှိတော်မူထသော။ **တံမုဒ္ဒံ၊** ထိုမြတ်စွာဘုရားကို။ **အဟံ၊** အကျွန်ုပ်သည်။ **ပဏာမာမိ၊** ရှိသေမချွတ် ဦးညွှတ် ဝပ်လျှိုး ရှိခိုးပါ၏ ဘုရား။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

မွေးနေ့တိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နေ့စဉ်အားဖြင့်ကတော့ တစ်နှစ်ပတ်လုံး…

**ဣဋ္ဌဖွားများသည် "လောကဝိဒူ"** ဂုဏ်တော်ကို (၁)ပတ် ပုတီးစိပ်ပါ။

**အနိဋ္ဌဖွားများသည် "ဝိဇ္ဇာစရဏသမ္ပန္နော"** ဂုဏ်တော်ကို (၁)ပတ် ပုတီးစိပ်ပါ။

ဤယတြာကျင့်စဉ်သည်…

စနေသားသမီးများအတွက် သီးသန့်ယတြာပဲ ဖြစ်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

## သန်းပညာ

စာမျက်နှာ (၁၆၈)မှ အဆက်


**လက္ခဏာပဟေဠိ အဖြေများ**

**၁။ စီးပွားရေးမှာ ငွေရှာ ညံ့သူ မဟုတ်ပါ။ ငွေရှာ ကောင်းသူ၊ ငွေဝင်ကောင်းသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်သူကြွယ်လက်ချောင်းက လက်ညှိုးလက်ချောင်းထက် သိသိသာသာ ရှည်နေခြင်းကြောင့်ဖြစ်သည်။

**(ဂ)အကွက်ရာ**


* * *




**၂။ သူတစ်ပါး၏နောက်လိုက် လုပ်မည့်သူမဟုတ်ပါ။ ဦးစီးခေါင်းဆောင် လုပ်မည့်သူသာ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် ဦးခေါင်းလမ်းကြောင်း အဖျားသည် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံ လက်ဖဝါးစောင်းမှ စတင်ထွက်ခြင်း၊ ဦးခေါင်းလမ်းကြောင်းအဖျားနှင့် (၁)စင်တီမီတာခန့် ကွာဟခြင်းတို့ကြောင့်ဖြစ်သည်။**(ခ)အကွက်ရာ**

* * *





**၃။ ရောဂါချူချာ၊ ခန္ဓာကြုံလှီ၊ အသက်တိုနိုင်သူ မဟုတ်ပါ။ ကျန်းမာကြံ့ခိုင် သန်စွမ်း အရွယ်တင်နုပျို အသက်ရှည်နိုင်သူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် အသက်လမ်းကြောင်းအတွင်းဘက်မှာ အရံအသက်လမ်းကြောင်း ထင်ရှား အားကောင်းစွာ ပါရှိခြင်းကြောင့် ဖြစ်သည်။

**(က)အကွက်ရာ**

* * *





***အောင်မြင်ကျော်ကြား၊ ချမ်းသာကြီးပွားအောင်…***

ဆရာကြီး ဦးအောင်မြိုင် (ဥပဒေသ)
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနည်းပညာဖြင့်

# မီးဘေးရှောင်

မလောင်ခင် တားကြပါစို့

ကျော်စိုး
(ပါး၊ ရေစကြို)

"မီးကိုရှောင်ဖို့ မလောင်ခင် တားကြပါ။ ရန်သူမီးဆို အထီးကျန်ထားရင် မှားကြလိမ့်မှာ" ဆိုတဲ့ မီးသတိပေး ဆော်ဩမှု တေးသီချင်းလေးကို ကြားလိုက်တော့ နွေရာသီမှာ မီးကို အထူးသတိထားရန် လိုအပ်လာတာနဲ့အညီ မီးဆိုတာ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး လောင်ကျွမ်းတတ်တဲ့ အရာဝတ္ထုဖြစ်တဲ့အတွက် ရာသီမရွေး အထူးဆင်ခြင်ဖို့ လိုအပ်လှပါတယ်။

သို့အတွက် နိုင်ငံတော်က မီးဘေးကြိုတင်ကာကွယ်ရေး နည်းလမ်းအမျိုးမျိုးဖြင့် လှုံ့ဆော်ကာကွယ်မှုများ ပေးနေပါတယ်။

ဒီလို သတိပေး ဆော်ဩမှုတွေ ပေးကြသလို နက္ခတ္တဝေဒပညာရှင်များကလဲ မိမိတို့ တတ်ကျွမ်းတဲ့ ဝေဒပညာနဲ့ ဘယ်နက္ခတ်အပေါ် ကောဇာစနေဂြိုဟ်စီးရင် ဘယ်အရပ်ဒေသ မြို့၊ ရွာစတာတွေ မီးဘေးအန္တရာယ် ကြုံတတ်တယ်။ မီးဘေးသင့်တတ်တယ်။ **(အထူး အလေးထားပြီး ကြိုတင်ကာကွယ်ဆောင်ရွက်ထားဖို့)** သတိပေးတဲ့အနေနဲ့ ခန့်မှန်းတွက်ချက်ပြီး အထူးသတိပေးခြင်း စတဲ့ လုပ်ငန်းများ ပြုလုပ်ကြရပါမယ်။

ရာနှုန်းပြည့် တိတိကျကျ မဖြစ်နိုင်ပေမယ့် (၇၅)ရာခိုင်နှုန်း ဖြစ်နိုင်ခြေရှိကြောင်း အကြမ်းအားဖြင့် ပြောဆိုဟောပြောနိုင်မယ်ဆိုရင် လူသားအားလုံးအတွက် အကျိုးကျေးဇူး ရရှိလာမှာ ဖြစ်ပါတယ်။

ဖြစ်လာတာ မဖြစ်လာတာဟာ ကိန်းခန်းတစ်ခုရဲ့ သဘော၊ ကြိုတင်ပြင်ဆင်မှုဟာ လူသားအားလုံးရဲ့ တာဝန်ဖြစ်တာကြောင့် အစဉ်သတိ ရှိနေခဲ့ပါရင် **"မီးဘေးရှောင် မလောင်ခင်တား"** ဆိုတဲ့ သတိပေးစာတန်းလေးဟာ အသက်ဝင်လာပါလိမ့်မယ်။

မီးဘေးသင့် အန္တရာယ်များမှ ကျော်လွှားလွတ်မြောက်နိုင်မှာ ဖြစ်ပါကြောင်း အသိပေးရင်း စာရေးသူကိုယ်တွေ့ **ရာဇဂြိုဟ်ပျက်ကိန်းလေးတစ်ခု** အထောက်အကူပြု တင်ပြပေးပါတယ်။

ဤမဂ္ဂဇင်းကြီးမှာ **"ရွှေတစ်သိန်းတန်တဲ့ ရာဇဂြိုဟ်ပျက်ကိန်း"**ကို ရေးသားဖော်ပြရရင် တိုင်းပြည်အတွက် အကျိုးကျေးဇူးရှိနိုင်သလို လူသားအားလုံးအတွက်လဲ အကျိုးရှိစေနိုင်တယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးသားရခြင်း ဖြစ်ပါတယ်။

## ရွှေတစ်သိန်းတန်တဲ့ ပညာလို့ခေါ်တဲ့ ရာဇဂြိုဟ်ပျက်ကိန်းအဟော

သုန္ဒြီမြေလတ်၊ ဒေရက်ဟောရာ၊ ခုရောက်တဲ့ကောဇာမှာ၊ ရှစ်တစ်ရာနဝင်း စားလိုက်တဲ့သေသံ၊ မြို့ပြည်ရွာနံနောပါလို့ ယော...သုံးသွယ်၊ အပေါ်ဝယ်ကြွင်း၊ အလယ်မှာ...ဇယခင်းပါလို့ အောက်မျှင်းမှာအဌာ၊ မြှောက်...ပါလေ သွေမတိမ်း၊ ရွှေတစ်သိန်းတန်...ပညာ။

ထက်နှစ်ရပ် စားနဝါမှာ၊ အောက်ဆီမှ...ဒွါအသမဖို့ ပါပနင့်သောမဂြိုဟ်၊ တွေ့ဆ...ဆို၊ သုံး သုည မီးသုံးဖိုလျှင်၊ တိုင်းရာဇဂြိုဟ်...ပျက်ကိန်းပလေ။

ရှင်းလင်းချက်

**ရောက်ဆဲ ကောဇာသက္ကရာဇ်ကို** တည် (၁၀၈)နဲ့စား၊ **အကြွင်းကို** မြိ...တွက်လိုတဲ့ **မြို့ရွာနဲ့နော**(ပေါင်း)။

ယင်းကိန်းကို သုံးဖော်ထား။ **အထက်ကိန်းကို သုံးနဲ့မြှောက်**၊ အလယ်ကိန်း...ကို(လေး)နဲ့မြှောက်၊ အောက်ကိန်း...(ရှစ်)နဲ့မြှောက်။

ယင်း မြှောက်ရကိန်းကို တစ်...(သုံး)ဖော်ထား။

✦ အထက်နှစ်ကိန်း နှစ်...(ကိုး)...



www.burmeseclassic.com

www.burmeseclassic.com

စား။

✦ အောက်ကိန်းတစ်ခုကို (တစ်ဆယ့်နှစ်)နဲ့စား။

**ပါပသောမ ရောပြွမ်း၍ ကြွင်းရင်** တွေ့ဆ၍ပော။**သုံးကြွင်းမယ်။ သုည နှစ်လုံးကြွင်းမယ်**ဆိုရင် မီးဘေးသင့်တတ်တယ်ဟူ၍ ယူ။

**သုည(သုံး)လုံးကြွင်းရင်**တော့ မီးသုံးဖိုကိန်းရာနှုန်း တော်တော်နီးစပ် မှန်ကန်တဲ့ ကိန်းတစ်ခု ဖြစ်ပါတယ်။

**ဥပမာတစ်ခု တွက်ပြပါမယ်။**

စာရေးသူ နေထိုင်ရာ **မကွေးတိုင်းဒေသကြီး၊' ရေစကြိုမြို့ဟာ** လွန်ခဲ့တဲ့ (၂၄)နှစ်၊ **၁၃၄၂ ခုနှစ်က** မီးဘေး အန္တရာယ်ဆိုး ကြုံခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ဤရာဇဂြိုဟ်ပျက်ကိန်းနဲ့ နမူနာအဖြစ် တွက်ပြပါမယ်။

**ကောဇာသက္ကရာဇ် ၁၃၄၂**

```
        ၁၂
၁၀၈ | ၁၃၄၂
      ၁၀၈
      ----
       ၂၆၂
       ၂၁၆
      ----
        ၄၆
ရေစကြိုနံ + ၂
      ----
        ၄၈
```

**အလယ်ကိန်း**

```
 ၄၈
× ၄
----
၁၉၂

      ၂၁
၉ | ၁၉၂
    ၁၈
    ---
     ၁၂
      ၉
    ---
      ၃ ကြွင်း
```

**အထက်ကိန်း**

```
 ၄၈
× ၃
----
၁၄၄

      ၁၆
၉ | ၁၄၄
     ၉
    ---
     ၅၄
     ၅၄
    ---
      ၀ ကြွင်း
```

**အောက်ကိန်း**

```
 ၄၈
× ၆
----
၂၈၈

        ၂၄
၁၂ | ၂၈၈
     ၂၄
    ---
      ၄၈
      ၄၈
    ---
       ၀ ကြွင်း
```

တဲ **'သုံး'ကြွင်းတယ်။ 'သုည'နှစ်လုံးရတယ်။**

ရာဇဂြိုဟ်ပျက်ကိန်းဆိုတော့ ရာဇဂြိုဟ်တော့ ဘယ်ပုံဘယ်နည်း ပျက်တယ် ဆိုတာ စာရေးသူ မသိပါ။ **ရေစကြိုမြို့ကတော့ မြို့တစ်ခြမ်း မီးဘေးသင့်သွား ခဲ့တယ်။ ၁၃၄၂ ခုနှစ်က ပြောတာပါ။**

ဤနည်းဖြင့် တွက်ချက်၍ မီးဘေးသင့်အန္တရာယ် ကာကွယ်နိုင်ကြပါစေ။ **သဘာဝဘေး အန္တရာယ်ဆိုးကိုလည်း ကာကွယ်နိုင်ပါစေ။**

*(ပြောပြသူ အဘ ဦးကံကောင်းအား အထူး ကျေးဇူးတင်လျက်...)*

**ကျော်ဝင်း(ဝါး၊ ရေစကြို)**

**စာမျက်နှာ (၇၂)မှ အဆက်**

| | | |
|---|---|---|
| | ၆ | |
| ၁ | *၄ | ၀ |
| ၅ | ၂ | ၃ |
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မူလမဟာဘုတ်ခွင်)

| | |
|---|---|
| | ၁ |
| ၀ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

(နာမက္ခရတိုင်)

ကြာသပတေး + တနင်္လာ နာမည် ပေးထားရာ မူလမဟာဘုတ်ခွင်အရ သိုက် + မရဏ + ဘင်္ဂ နာမည်ဖြစ်၍ ဘ္ဘ + အနိဋ္ဌ + အနိဋ္ဌ နာမည်သို့ နေသည်။

ဤနာမည်မျိုးကို သုံးလုံးလက်မှတ် မထိုးသင့်ပါ။ နာမည်အစစာလုံး သိုက် ဌာနမှ "ယဉ်" တစ်လုံးတည်းကိုသာ လက်မှတ်ရွေးထိုးသင့်သည်။

* * *



(မြန်မာ) (အင်္ဂလိပ်)

**(ထိုးမြဲလက်မှတ်နမူနာပုံစံ)**

**ယခုတစ်လ ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ။**

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ

www.burmeseclassic.com

စာရေးသူတို့ မြန်မာလူမျိုးများ၌ (၁) နှစ်တွင် (၁၂)လရှိရာ တန်ခူးလမှစ၍ တပေါင်းလထိ လစဉ် လဆန်း(၁၅) ရက် လပြည့်နေ့ဟူ၍ လ,တိုင်းမှာ ပါဝင်သည်။

လပြည့်နေ့နှင့် ပတ်သက်၍ စာရေးသူ၏ မိခင်ကြီး(ဒေါ်သာစိန်နု) မကွယ်လွန်မီက ရွတ်ဖတ်ခဲ့သည့် **"နေဝင် လထွက် စီးပွားတက်"** အစီအမံ တစ်ခုကို ရေးသားဖော်ပြလိုပါသည်။

လပြည့်နေ့ညနေ နေဝင်၍ လထွက်ချိန်တွင် အရှေ့ဘက် လဝန်းကြီး ထွက်လာသည်ကို ကြည့်၍ လက်အုပ်ချီမိုး ပြီးလျှင် ပမင်းပရိတ်တော်ကို (၉) ခေါက် ရွတ်ဖတ်ပူဇော်ပေးရမည်။

---

လမင်းပရိတ်

---

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။ သမ္ဗာဓ ပဋိပန္နောသ္မိ တဿ မေ သရဏံ ဘဝ။ တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။ ရာဟုစန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာ နုကမ္ပကာ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဗုဒ္ဓ** | =ဗုတ်ဓ |
| **ဝိပ္ပမုတ္တောသိ** | =ဝိပ်ပမုတ်တောသိ |
| **သဗ္ဗဓိ** | =သပ်ဗဓိ |
| **သမ္ဗာဓ** | =သမ်ဗာဓ |
| **ပဋိပန္နောသ္မိ** | =ပတိပန်နောသမိ |
| **တဿ** | =တတ်သ |
| **အရဟန္တံ** | =အရဟန်တံ |
| **စန္ဒိမာ** | =စန်ဒိမာ |
| **စန္ဒံ** | =စန်ဒံ |
| **ပမုဉ္စဿု** | =ပမုန်စတ်သု |
| **ကမ္ပကာ** | =ကမ်ပကာ |

အနက်

**ဝီရ၊** ကြီးမြတ်သော လုံ့လရှိတော်မူသော။ **ဗုဒ္ဓ၊** မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမော၊** အကျွန်ုပ်၏



ဖိုးမြင့် (မင်းလှ)

# နေဝင်လထွက် စီးပွားတက်

ရှိခိုးခြင်းသည်။ **အတ္ထု၊** ဖြစ်ပါစေသတည်း။

**တွံ၊** ရှင်တော်မြတ်ဘုရားသည်။ **သဗ္ဗဓိ၊** ခပ်သိမ်းသောအခါ ကာလတို့၌။ **ဝိပ္ပမုတ္တော၊** ခပ်သိမ်းသော အချုပ်အနှောင်အဖွဲ့မှ လွတ်မြောက်တော်မူသည်။ **ဘဝသိ၊** ဖြစ်တော်မူပါပေ၏။ **(အဟံ၊** အကျွန်ုပ်ကား)။ **သမ္ဗာဓပဋိပန္နော၊** အကျဉ်းအကျပ်သို့ ရောက်သည်။ **အသ္မိ၊** ဖြစ်ရပါ၏။

**တဿမေ၊** ထိုအကျဉ်းအကျပ်သို့ ရောက်နေရသော အကျွန်ုပ်အ **သရဏံ၊** ကိုးကွယ်အားထားရသည် **ဘဝ၊** ဖြစ်တော်မူပါလော့။

[ဤဂါထာကား ရာဟု အသု နတ်မင်းကြီး၏ ဖမ်းဆီးခြင်းကို ခံ သော လနတ်သားက မြတ်စွာဘု အားလှမ်း၍ လျှောက်လိုက်သော ဂါထာ ဖြစ်၏။]

**ရာဟု၊** ရဟာမည်သော အသု



www.burmeseclassic.com

www.burmeseclassic.com

တ်မင်း။ **စန္ဒိမာ၊** လနတ်သားသည်။ **အရဟန္တံ၊** ပူဇော်အထူးကို ခံယူတော် ထိုက်သော။ **တထာဂတံ၊** ငါဘုရားကို။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။ **တော၊** ရောက်သောသူတည်း။ **အသ္မာ၊** ထို့ကြောင့်)။ **စန္ဒံ၊** လနတ်သားကို။ **ပမုဉ္စဿု၊** လွှတ်လိုက်လေသော့။ **ဗုဒ္ဓါ၊** ဘုရားရှင်တို့သည်။ **လောကာနုကမ္ပကာ၊** ဤလောကသားသတ္တဝါများကို သနားစောင့်ရှောက်တော်မူကြကုန်၏။

**[ဤဂါထာကား မြတ်စွာဘုရား ရာဟု အသုရိန်နတ်မင်းကြီးအား နဲ့တော်မူလိုက်သော ဂါထာဖြစ်။]**

***[ဤဂါထာတော် ပါဠိအနက်ကို ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း ၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း ာင်ရွှေ (မွှာစရိယ(မဟာဝဏ္ဏိဒ်မြန်မာ ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယ ာဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးသည်။]***

ာစ်နှစ်တွင် (၁၂)လရှိရာ ရက်စုံ၊ မစုံ (၆)လစီ ရှိပါသည်။ ရက်စုံလ ခေါ်သော **ကဆုန်လ၊ ဝါဆိုလ၊ တ်သလင်းလ၊ တန်ဆောင်မုန်း ပြာသိုလ၊ တပေါင်းလ** ဤလ သည် ရက်စုံလများဖြစ်၍ **ရက်စုံ လပြည့်နေ့ ညနေ နေဝင်ချိန် လထွက်ချိန်တွင်** ရွှတ်ဖတ်ရပါ ည်။

ရေးသူတို့ ငယ်စဉ်က မိခင်ကြီးက သော လပြည့်နေ့ ညနေ နေဝင် ွင် မိသားစု အားလုံး အရှေ့ဘက် က်အုပ်ချီမိုး၍ လမင်းပရိတ်တော် (၃)ခေါက်စီ ရွှတ်ဖတ်ပေးခဲ့ဖူးပါ ည်။

နေ့ စာရေးသူက မိခင်ကြီး အား...

'အမေ ဒီဘုရားစာ ရွတ်ဖတ်ရင် ဘာဖြစ်မှာလဲ အမေ'

ဟု မေးရာ မိခင်ကြီးက...

'နင်တို့ မှတ်ထားကြ ဒီဘုရားစာဟာ လမင်း ပရိတ်တော်ဖြစ်တယ်။ ဒီပရိတ်တော်ကို ရက်စုံတဲ့လ လပြည့်နေ ညနေ နေဝင်ချိန် နဲ့ လထွက်ချိန်မှာ ရွတ်ဖတ်ရတယ်။

ဒီလိုရွတ်ဖတ်တဲ့ အကျိုးတွေကတော့ စီးပွား တိုးတက်မယ်။ အနှောင့်အယှက် အနှောင့် အဖွဲ့ မခံရဘူး။ အခက်အခဲ ဟူသမျှကို ယုံယုံကြည်ကြည် ရွှတ်ဖတ်ပူဇော်ကြရင် လွတ်မြောက်တာပေါ့'

ဟု ပြောပြခဲ့ပါသည်။

စာရေးသူတို့ ငယ်စဉ်က ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်းတော ဒေသများတွင် ရောင်စုံသောင်းကျန်းသူ များ အမျိုးမျိုးရှိခဲ့ကြသည်။ အနေ အထိုင် မတတ်လျှင် အသေသတ် ခံရနိုင်သည်။

ထို့ကြောင့် မိခင်ကြီးသည် လမင်း ပရိတ်တော်ကို အန္တရာယ် အနှောင့် အယှက်ကင်းပြီး စီးပွား တိုးတက်စေရန် ရက်စုံလပြည့်နေ့ ညနေတိုင်းမှာ ရွှတ် ဖတ်ပူဇော်ခဲ့သည်ဟု ဆိုပါသည်။

၂၀၁၃ ခုနှစ်၊ မတ်လ၊ မြန်မာ သက္ကရာဇ် ၁၃၇၄ ခုနှစ်၊ တပေါင်းလ တွင် စာရေးသူသည် အစ်ကိုကြီး ဦးသာညွန့်မိသားစု နေထိုင်ရာ ပိတောက်မြိုင် စံပြကျေးရွာသို့ အလည် ရောက်ရှိခဲ့ပါသည်။ တပေါင်းလပြည့် နေ့ ညနေ နေဝင်၍ လထွက်စပြုချိန် တွင် အစ်ကိုကြီးက...

'ညီလေး အိမ်ရှေ့ကို ခဏလိုက်ခဲ့ ပါဦး'

ဟု ခေါ်၍ စာရေးသူ အိမ်ရှေ့သို့ ထွက်လိုက်လျှင် အစ်ကိုကြီးက...

'ညီလေး မင်းရောက်ခိုက် ကြုံ တုန်း ကိုအမေရဲ့ အမွေအနှစ် တစ်ခုကို ဖော်ထုတ်ကြရအောင်ကွာ'

ဟု ဆိုလာသဖြင့် စာရေးသူက...

'ဘာများပါလဲ အစ်ကိုကြီး'

ဟု မေးရာ အစ်ကိုကြီးက...

'ကဲ အားလုံး အရှေ့ဘက်ကို လက် အုပ်ချီ'

ပြောသဖြင့် စာရေးသူ အပါအဝင် မရီး ဒေါ်ဒါလုစိန်၊ သမီး မဌေးစံ မိသားစု အားလုံး လက်အုပ်ချီလိုက်ကြပြီး အစ်ကိုကြီးက အထက်ပါ လမင်းပရိတ် တော်ကို ရှေ့က တိုင်ပေး၍ စာရေး သူတို့က နောက်ကလိုက်၍ ရွတ်ဆိုကြ သည်။

အစီအစဉ် ပြီးသွားပြီးနောက် ကျွန်တော်မှ...

'အစ်ကိုကြီးကို ကျွန်တော် အထူး ကျေးဇူး တင်ပါတယ်။ ကျွန်တော် လမင်းပရိတ်တော် နဲ့ အစီအမံကို မရွတ်ဖြစ် မလုပ်ဖြစ်တာ အနှစ်(၄၀)ကျော် ရှိနေပြီ ငယ်ငယ်တုန်း က အမေနဲ့အတူ ရွှတ်ဖတ်ခဲ့တဲ့ နေဝင်/ နေထွက် စီးပွားတက် အစီအမံပဲဆိုတာ ကျွန်တော် သတိရသွားပါပြီ'

စာရှုသူများလည်း ဒီလမင်းပရိတ် တော်ကို လပြည့်နေ့ ညနေ နေဝင်၍ လထွက်စပြုချိန်တွင် အဓိဋ္ဌာန်ပြု၍ ရွှတ်ဖတ်ကြလျှင် စီးပွားရေး၊ လူမှုရေး စသည့် ကိစ္စများ၏ အခက်အခဲဟူသမျှ ကို ကျော်လွှားလွတ်မြောက်နိုင်ကြပါ စေဟု ဆန္ဒပြုပါသည်။

**မှတ်ချက် ။ ။ လက်ဦးဆရာဖြစ် သော မိခင်ကြီး(ဒေါ်သာစိန်)နှင့် အစ်ကိုကြီး ဦးသာညွန့်၊ ပိတောက် မြိုင်ရွာ၊ ရသေ့တောင်မြို့နယ်တို့ကို ဤစာစုဖြင့် ကျေးဇူးဆပ်ပါသည်။**

**ဗိုလ်မင်း(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

ဆရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ဘယ်



ယခုလအတွက် ဖော်ပြပေးလိုက်
သော ဘယ်လက်ဖဝါးပုံစံပိုင်ရှင်မှာ
**အသက်(၄၀)ဝန်းကျင် အမျိုးသမီး
တစ်ဦး** ဖြစ်ပါသည်။ လက်ဖဝါးပြင်နှင့်
လက်ချောင်းများကို သေချာစွာ ကြည့်
လေ့လာပြီးမှ အောက်ပါ မေးခွန်းများကို
ဖြေဆိုကြည့်ပါ။

၁။ စီးပွားရေးမှာ ငွေရှာ ညံ့သူလား။ ငွေ
ကောင်းသူလား။
၂။ သူတစ်ပါးနောက်လိုက် လုပ်မည့်သူလား
ဦးစီးခေါင်းဆောင် လုပ်မည့်သူလား။
၃။ ရောဂါချုချာ၊ ခန္ဓာကြံ့လို၊ အသက်တို
သလား။ ကျန်းမာသန်စွမ်း အသက်ရှည်
အရွယ်တင် ဖြစ်နိုင်သူလား။

မိမိတို့
အဖြေ
အကြော
ပြချက်နှင့်တ
သီး
စာရွက်လွှတ်
ရေးမှတ်
ပဟေဠိအဖြေမှ
ညှိနှိုင်းတိုက်ဆိုင်စစ်ဆေး
လက္ခဏာ ပညာသုတ ပိုမိုတိုး
ရရှိနိုင်မည် ဖြစ်ပါသည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ( ၁၆၃ )တွင်
ကြည့်ရှုပါရန်



www.burmeseclassic.com

www.burmeseclassic.com



▲ ဇေတဝန်ကျောင်းမှ တွင်းတော်ဘုံ

ရွှေဇော်မြေ မောင်ကြည်ဘိန်း

# စကားမပြောတတ်သူများ

စာရေးသူ ရေးသားတဲ့ ''ထူးခြား ဆန်းပြားအုန်းနဂါး'' ဆောင်းပါး အတွက် အထောက်အထား ဓာတ်ပုံရ ယူရန် သူငယ်ချင်းဖြစ်သူ ကိုဇော်နိုင်ရဲ့ ''ဗိုဒီယိုရိုက်ကူးရေးအိမ်ကို သွားခဲ့ ပါတယ်။

ကိုမောင်နိုင်ကို အရန်သင့် တွေ့ပါ ပြီ

'ကဲ ထိုင် စာရေးဆရာ၊ ဓာတ်ပုံက တော့ မပြီးသေးဘူး'

'ရပါတယ်ဗျာ စာမူက ပြီးနေပြီလေ'

'အဲဒါဆိုလဲ စာရေးဆရာအတွက် စာမူတစ်ပုဒ် ပြောမယ်'

'ဘာဇာတ်လမ်းလဲဗျ'

'ရေသူမနဲ့ ထိပ်တိုက်တွေ့တဲ့ အဘိုး ကြီးတစ်ဦးဆီ သွားကြမယ်လေ'

'ဟုတ်ပြီဗျာ'

## တွင်းတော်ရွာကိုသွား

ထိုစဉ် ကိုဇော်နိုင်ဖနီး မသိတာက...

'ကိုဇော်နိုင် အဲဒီအဘိုးကြီးဆီကို တိုက်ရိုက်မဝင်နဲ့၊ လူ့ဂွစာကြီး အမေတို့ အိမ် အရင်ဝင်ပြီးမှ ခေါ်ခိုင်းလိုက်'

'အေးပါဟာ'

စာရေးသူနဲ့ ဓာတ်ပုံဆရာ ကိုဇော်နိုင် အဘိုးကြီးရှိရာ ရွာသစ်ကို ဆိုင်ကယ်နဲ့ ထွက်လာခဲ့ပါပြီ။

'ကိုဇော်နိုင် ဒါ ဘာဘုရားလဲဗျ'

'ဒါ လှိုင်မြရှင်ဘုရားလို့ ခေါ်တယ် စာရေးဆရာ။ အဲဒီဘုရားဒကာက လှိုင်ထိပ်ခေါင်တင်မင်းသမီးဗျ။ သိုက် တွေ၊ ဥစ္စာစောင့်တွေ အစောင့်အရှောက် တွေ ပေါသတဲ့ဗျ'

'ဩော် လှိုင်ထိပ်ခေါင်တင်ဆိုတာ အမျှော်စိုက် ဘောလယ်ရေးရာမှာ အင်မတန်မှ ပြောင်မြောက်ပါပေတယ်။ ကနောင်မင်းသားကြီးရဲ့ ကြင်ရာတော် ပေါ့။ ကနောင်၊ မြန်အောင်၊ ကြခင်း၊ ကျီးသဲ၊ ရွှေတောင်ဆိုတာ ဝေးမှ မဝေး ဘဲ နီးနီးလေးရယ်ပါ။

ဒါနဲ့ နေပါဦး ဒီအဘိုးကြီးက ရေသူမ ကို ဘယ်မှာ တွေ့တာတုံး'

'ငယ်ဘဝ အသက်(၂၀)လောက်က





www.burmeseclassic.com

www.burmeseclassic.com



ထောမိမင်းတွင်းတော်နှင့် ဝဲမှယာ စာရေးသူ ရွှေမှော်ဖြေမောင်ကြည်သိန်း ဦးခင်မြင့်နှင့် ကျောင်းထိုင် ဦးဥတ္တမပုံ

ရောဝတီမြစ်ဘေး ကျောက်ဆောင်ပေါ်မှာ ငုတ်တုတ်ထိုင်နေတာကို ငါးဖမ်းရင်း မြင်တာတဲ့ဗျ။ ဆံပင်အရှည်၊ အပေါ်ပိုင်းဗလာ၊ အောက်ပိုင်းက ငါးတဲ့ဗျ။ သူ့လဲတွေ့ရော ရေထဲ ခုန်ဆင်းသွားသတဲ့ဗျာ'

'ဒါဆို ကျွန်တော့်ကို တွေ့ပေးပါဗျာ'

ဆိုတော့ သူ့ယောက္ခမကြီးကို အကျိုးအကြောင်းပြောပြပြီး အခေါ်လွှတ်လိုက်တယ်။ နာရီဝက်အကြာ သူ့ယောက္ခမကြီး ပြန်လာပြီး...

'အတွေ့မခံနိုင်ဘူး၊ ပြောလဲ မပြောချင်တော့ဘူးတဲ့ ကြာလှပြီတဲ့'

ဒါနဲ့ လက်လျှော့ပြီး ပြန်မယ်လုပ်တော့ ကိုဇော်နိုင်က...

'ကဲ ဒါဆိုလဲ ကျွန်တော် ခင်ဗျားကို ပြောဖူးတဲ့ ''တွင်းတော်''ကို လိုက်ပို့ပေးမယ်'

'ဖြစ်ပါ့မလား ငါးနာရီခွဲနေပြီ မှောင်တော့မယ်လေ'

'ရပါတယ်ဗျာ ကူညီပေးရမှာပေါ့'

ဆိုပြီး နှစ်ဦးသား တာပေါင်လမ်းအတိုင်း ခပ်ဖြည်းဖြည်း မောင်းလာခဲ့ကြပါတယ်။

'ဟိုရွာက ဘာခေါ်လဲ ကိုဇော်နိုင် တစ်ခါမှ မရောက်ဘူးလို့'

'အဲဒါ ''ဒုရင်ဓပိုလ်'' ရွာတဲ့။ ဒီရွာက နာမည်ကျော် ရုပ်ရှင်မင်းသား ''ရဲအောင်'' ရွာပေါ့'

'ဩော် ဟုတ်လား'

တာပေါင်ဝဲယာ တစ်ဖက်တစ်ချက်မှာတော့ လယ်ကွင်းတွေက နည်းနည်းကျဉ်းတော့ ဖြည်းဖြည်းမောင်းလာခဲ့တယ်။ ပြည့်ထက်ဝက်ရွာ၊ လဲတတ်ရွာ၊ မှတ်တော်မူရွာ၊ ကန့်လန့်ကုန်းရွာရယ်ဆိုတဲ့ ရွာတွေ ဖြတ်ကျော်လာပြီး...

'ဒီက ညီလေး တွင်းတော်ရွာနီးပြီလား'

'ဟိုးရှေ့က ကန့်လန့်ကုန်းရွာအ
ကျောင်းဘေးက ဖြတ်လိုက်ရင် ရော
ပြီ'

'ကျေးဇူးတင်ပါတယ်ဗျာ'

'ကျွန်တော် ရောက်ဖူးပါတယ်
'ဩော်...ဟုတ်လား'

သီဟိုဠ်သရက်ပင်ကြီးများ ဝိုင်း
ထားပြီး ပေ(၄၀)၊ (၆၀)အကျယ်
ကျောင်းဝင်းလေးထဲ ရောက်ခဲ့ပါ
ဘုမ္မရာဇာပင်လေးတွေကလဲ
အရိပေါက်လို့ ကျောင်းငယ်
တစ်ကျောင်းနဲ့ သိမ်ပျက်ကြီးတ
စေတီလေးကလဲ ရွှေရောင်တဝင်း
တိမ်အတောက်မှာ သပ္ပာယ်
တယ်။ တစ်ခါတစ်ခါ ဆည်းလ
လေးက လွင့်ပျံ့လာပါတယ်။
ဓာတ်ပုံဆရာ ကိုဇော်နိုင်မှ...
'ဒီက ကျောင်းထိုင်ဆရာတော်


www.burmeseclassic.com

www.burmeseclassic.com

[illegible]လား ခင်ဗျား။ ရှိရင် ခဏ ဖူးမြော်ချင် [illegible]ပါ'

ထိုစဉ် ဦးပဥ္စင်းငယ်တစ်ပါး ခန့်မှန်း [illegible]သက်(၂၀)ဝန်းကျင် ထွက်လာပြီး...

'ကိုယ်တော်က ဒီကျောင်းက [illegible]ကျောင်းထိုင်ပါ'

'ဩော် တင်ပါ့ဘုရား'

'ဒကာကြီးတို့က ဘယ်ကလာပြီး [illegible]ကိစ္စများလဲ'

'ဟောဒီက သူက နက္ခတ္တရောင် [illegible]ည်မဂ္ဂဇင်းနဲ့ ပါရမီမဂ္ဂဇင်းက စာရေး [illegible]ရာပါ။ ဒီက တွင်းတော်ကို စာရေးဖို့ [illegible]တာပါ'

'ဩော် ဦးပဥ္စင်း ကူညီမယ်လေ' ဆိုပြီး တွင်းတော်ရှိရာ ခေါ်လာခဲ့ပါ [illegible]ယ်။

တွင်းတော်က ကျောင်းဝင်းအတွင်း [illegible] ရှိပါတယ်။ အလျား (၃)လံ၊ [illegible](၂)လံခွဲလောက်ရှိပြီး အနက်က [illegible]တော့ ခန့်မှန်းခြေ လူကြီး ရင်စို့သာသာ [illegible]

အုတ်ခဲကြီးများကတော့ တစ် [illegible]တောင်ခန့် ရှိပါတယ်။ တစ်ပိုင်းတစ်စ [illegible]နေတဲ့ အုတ်တွေရယ်၊ တွင်းက [illegible]ကျယ်ကျယ်၊ အနောက်ရှုံးရှုံး [illegible]ည်းရိုးက ဝါးတွေနဲ့ ကာထားပါ [illegible]ယ်။ ***(ပုံတွင်တွေ့ရတဲ့အတိုင်း စေတီ [illegible]ရဲ့နံဘေး)***

ကိုဇော်နိုင်က...

'ဒီတွင်းတော်နဲ့ ပတ်သက်ပြီး သိသူ [illegible]ရှိလား၊ ခဏခေါ်ပေးလို့ ရမလား'

ဆိုတော့ အင်္ကျီချွတ်နဲ့ လူငယ် [illegible]ဦးက...

'ကျွန်တော့်အဖေ ရှိပါတယ်။ ခေါ် [illegible]မယ်'

[illegible]။ တွင်းတော်နဲ့ ရွာထိပ်က အိမ်နဲ့ [illegible]ဝေးလှမှ (၁၀)လှမ်းသာသာ ဟော [illegible]ရင်းဆိုရင်း ရောက်လာပါပြီ။ အရပ်



စကားမပြောသူများ စကားပြောစေတဲ့ တွင်းတော်ပုံ(တေမိမင်းတွင်းတော်)

(၅)ပေသာသာ စစ်အင်္ကျီရောင်နဲ့ ရိုးသားတဲ့အသွင်ပြင်နဲ့ အသက်(၅၀) ကျော်ခန့်ရှိမယ် ထင်ပါတယ်။ စာရေးသူက...

'လေးလေး ဒီတွင်းတော်နဲ့ ပတ်သက်ပြီး သိသမျှ ပြောပြပေးပါခင်ဗျာ။ ကျွန်တော်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ ပါရမီမဂ္ဂဇင်းရဲ့ စာရေးဆရာပါ။ ဒီက လေးလေးနာမည်လေး တစ်ဆိတ် ပြောပြပေးပါလား'

'လေးလေးနာမည် ဦးခင်မြင့်ပါ။ ဒီရွာ တွင်းတော်ရွာကပါ။ ငယ်ငယ်ကတည်းက ဒီမှာနေ၊ ဒီမှာ ကြီးပျင်းတာပါ။ ဒီတွင်းတော်နဲ့ ပတ်သက်လို့ ပြောရရင် **တေမိမင်းတွင်းတော်**လို့ ပြောကြပါတယ်။ ရှေးမီနောက်မီလူကြီးတွေလဲ ရွာမှာ သိပ်မရှိကြတော့ အတိအကျရယ်လို့တော့ မသိရဘူး'

ကိုဇော်နိုင်မှ ဝင်ရောက်ပြီး...

'ဒီတွင်းတော်ကို ပြန်တူးပြီး ဘေးက အုတ်တံတိုင်းလေးဘာလေး ကာရင် မရဘူးလား'

'မရဘူးဗျ။ တစ်ခါက ရွာသားတွေ တွင်းပြန်ဖော်ကြတော့ နွေခေါင်ခေါင်မှာ မိုးကြိုးပစ်တယ်ဗျ'

'လေးလေး ကိုယ်တွေ့လား'

'ဟုတ်ပါတယ်။ တွင်းတော်ဘေးက လယ်ကွက်ထဲ ရေတွေလျှံတော့ လယ်ကွက်ထဲက ရေတွေ တွင်းတော်ထဲ ဝင်ပြီး ကန်စွန်းရွက်တွေများ သန်နေလိုက်တာ။ အဲဒါ ခူးလဲစားရော ညကျ အိပ်မက်ပေးတယ်။ **"နောက်တစ်ခါ ခူးစားရင် အားလုံးဒုက္ခရောက်မယ်"** ဆိုလို့ ဒီနေ့ထိ ဘယ်သူမှ ခူးမစားရဲဘူး'

'ဆရာတော်လေး ဘွဲ့တော် ပြောပြပါဦး'

ဆိုတော့...

'ကိုယ်တော့်ဘွဲ့က ဦးဥတ္တမ'

တဲ့။ စာရေးသူ ရေးမှတ်ထားလိုက်ပါတယ်။

'ဒါနဲ့ ဆရာတော်လေးက ဒီတွင်းတော်ထဲဆင်းရင် စကားမပြောတတ်သူ စကားပြောတယ်ဆို'

'ဟုတ်တယ် ဒကာ'

'ဒါဆို တပည့်တော်ကို မရှိမသေ အဲဒီ စကားပြောတတ်သွားတဲ့သူ ခေါ်တွေ့ပေးပါလား'

'ကျောင်းသားလေး မောင်စိုးမြင့်ကို ဆရာတော် အခေါ်လွှတ်တယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

မြန်မြန် ခေါ်လာခဲ့။ ဒီမှာ အရေးကြီးတဲ့ ညွှန်သည်တွေ ရောက်နေတယ်ပြော၊ ကြားလား'

'တင်ပါ့ဘုရား'

ဆိုပြီး (၈)နှစ်ရွယ် ကလေးတစ်ဦး ရှာဆီ အပြေးသွားတာ တွေ့လိုက်ရပါတယ်။

မကြာပါဘူး။ (၅)မိနစ်ခန့်အကြာ အသား ခပ်လတ်လတ် ပိန်ပိန်သွယ် သွယ် ခန့်မှန်းခြေ အသက်(၂၀)ဝန်းကျင် လူငယ်တစ်ဦး ပါလာတယ်။

ကိုဇော်နိုင်မှ...

'မင်း ငါ့ကို သိလား

'သိတာပေါ့ လေးလေးလေ'

အသက်မေးတော့ ပြောမပြတတ်၊ စာမတတ်ဘူး ထင်ပါတယ်။ မွန်မွန် ရည်ရည်အပြုံးနဲ့ နှစ်လိုဖွယ်ပါ။

'မင်းနာမည်'

'စိုးမြင့်'

'မင်း အခု စကားပြောတတ်ပြီမို့လား'

'ဟုတ်ကဲ့ပါ'

'ဆရာတော် သူ့မိဘများအမည် ဘယ်လိုခေါ်လဲ ဘုရား'

'ဦးဟံသောင်း၊ ဒေါ်မဖြူတဲ့။ သူ ငယ်ငယ်က စကား လုံးဝမပြောလို့ မိဘနှစ်ပါးက ဒီတွင်းတော်တွင်းချရာ ပြန်အတက်မှာ စကားတွေပြောလို့ မိဘနှစ်ပါးမှာ ဝမ်းသာလိုက်ရတာ လွန်ပါရောတဲ့'

'ဒီကို ဘယ်အရပ်ဒေသက လာကြသေးလဲ ဆရာတော်'

'ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ နေပြည်တော်၊ အောင်လံ၊ မကွေး နယ်ပယ်အစုံက လူစုံလာကြပါတယ်။ တချို့ မလာတတ်လို့ ဆိုင်ကယ် ကယ်ရီ ငှားလာကြတယ်။ တချို့လဲ ပြောတယ်၊ တချို့တော့ မပြောဘူးတဲ့။

"ဝဠ္ဍနာကာံနာ"ကလွဲရင် စကားပြောစေသတဲ့ဗျာ'

ထူးခြားဆန်းပြား အံ့မခန်းရယ်ပါ။ တွင်းတော်အကြောင်း အတိအကျ မသိခဲ့ရပေမယ့် ဤတွင်းတော်မှာ **"စကားမပြောတဲ့သူများ ဆင်းခဲ့ရင်ဖြင့် စကားပြောစေသားရယ်"** လို့ သစ္စာဆိုခဲ့၍ ယနေ့ထိတိုင် **"ဝဠ္ဍနာကာံနာ"** မဟုတ်ပါက **"စကားမပြောသူများ စကားပြောကြောင်း"** တစ်ဆင့်စကား တစ်ဆင့်ကြားပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ပြီး ကန်တော့ပွဲ၊ အုန်းပွဲ၊ အမွှေးတိုင်များ ထွန်းပြီး သံစ္စာပြုတိုင်တည်ပါက ပြန်လည် စကား ပြောဆိုပါသတဲ့ ခင်ဗျာ'

'ခုလို ရှင်းပြတဲ့ လေးလေးဦးစိုးသိန်းကို ကျေးဇူးတင်ပါတယ်'

ဒီတွင်းတော်ရွာထိပ်က တွင်းတော်ဟာ အမှန်တကယ် ဂမ္ဘီရဆန်ပြီး ထူးဆန်းတဲ့ တွင်းတစ်တွင်းဖြစ်တာကတော့ လက်ခံယုံကြည်ရမှာပါ။ ရွှေတောင်မြို့မှ (၅)မိုင်သာသာလေးမှာ အမှန်တကယ် တည်ရှိနေပါတယ်။

**ကျေးဇူးတင်လွှာ**

**[လိုက်ပါပို့ဆောင်ပေးတဲ့ ကိုဇော်နိုင်(နိုင်–Video)၊ ရှင်းပြပေးတဲ့ ကိုခင်မြင့်(တွင်းတော်ရွာ)၊ ကျောင်းထိုင်ဆရာတော် ဦးညွှန္တမ(တွင်းတော်ရွာ) စကားပြောတဲ့ ကိုစိုးမြင့်(တွင်းတော်ရွာ)တို့ကို ရင်ထဲမှာ ထာဝရ မမေ့သောအားဖြင့်...]**

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာပါစေ။***

ရွှေမော်မြေ
မောင်ကြည်သိန်း

စာမျက်နှာ (၁၇၄)မှ အဆက်
○ 'နှလုံးအဆီဖုံးရောဂါရဲ့ လက္ခဏာ
များကတော့...
၁။ ငိုက်မြည်းခြင်း၊
၂။ ပူလောင်ခြင်း၊
၃။ ရေသောက်များခြင်း၊
၄။ မေ့လျော့ခြင်း၊
၅။ မူးဝေခြင်း၊
၆။ အစားအသောက် ပျက်ခြင်း
စတဲ့ လက္ခဏာများဟာ နှလုံးအ
ဖုံးရောဂါလက္ခဏာများ ဖြစ်ပါတယ်
○ 'နှလုံးအဆီဖုံးရောဂါရဲ့ ကုထုံး
တော့ အထက်မှာ ပြောခဲ့တဲ့အ
အဆီအဆေးများသော အစားအ
များ၊ အရက်၊ ဘီယာ၊ စီးက
မူးယစ်ဆေးဝါးများကို လုံးဝရှော
ကြဉ်စေပါတယ်။
ရောဂါရှင်ကို နှလုံးဆေး၊ အဆီ
ဆေး၊ ဆီး၊ ဝမ်း၊ လေမှန်ဆေးမျ
အလှည့်ကျ တိုက်ကျွေးခြင်းဖြင့် နှ
အဆီဖုံးရောဂါ သက်သာပျောက်က
စေပါတယ်။
အဲဒီ နှလုံးအဆီဖုံးရောဂါ ဖြစ်စေ
အကြောင်းတရားများကို ရှောင်ကြ
ခြင်းဟာလဲ နှလုံးအဆီဖုံးရောဂ
ကြိုတင်ကာကွယ်ရာ ရောက်ပါတ
○ 'ဆရာဝေဒနောင်နောင်နဲ့ ဆ
သွယ်နိုင်တဲ့ လိပ်စာကတော့
ဆရာ ဦးဝေဒနောင်နောင်
စိတ်ဝေဒတိုင်းရင်းဆေးခန်း
အမှတ်(၁၂၂/က)၊ ကရဏဘလမ်း
(၁၀၇)ရပ်ကွက်၊ အုံမြို့သစ်တောင်ပိုင်း
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း–၀၉–
မြောင်းမြ မောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝေဒနောင်နောင် (တဆ-ဝ၂၉၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဇီဝဝေဒတိုင်းရင်းဆေးခန်း

# ဆရာ ဝေဒနောင်နောင်

(တဆ-ဝ၂၉၉၀)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော နှလုံးလေးဖက်နာရောဂါနှင့်

# နှလုံးအဆီပုံးရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်တင့်

ကမ္ဘာ့ကုလသမဂ္ဂ ကျန်းမာရေးအဖွဲ့က ၂၀၂၀ ပြည့်နှစ်အတွက် တွက်ထုတ်ချက်မှာ ကမ္ဘာပေါ်တွင် ထိပ်ဆုံးက ဒုက္ခပေးမယ့် ရောဂါက နှလုံးရောဂါ၊ ဒုတိယစိတ်ကျရောဂါ၊ တတိယ အရိုးအဆစ်ရောဂါတွေ ဖြစ်လာမယ်လို့ ခန့်မှန်းတွက်ထုတ်ထားပါတယ်။

ယနေ့ခေတ်ကာလမှာ နှလုံးရောဂါရှင်တွေ များပြားလာသလို နှလုံးရောဂါကတစ်ဆင့် ဆင့်ပွားဖြစ်ပေါ်တတ်တဲ့ ရောဂါတွေ များပြားလာပါတယ်။

ဒါကြောင့် နှလုံးရောဂါကတစ်ဆင့် ဆင့်ပွားဖြစ်တတ်တဲ့ ရောဂါတွေ အကြောင်း ဆွေးနွေးဖို့ ဒဂုံမြို့သစ် (တောင်ပိုင်း)ကို ရောက်တဲ့အခါ ဆရာဝေဒနောင်နောင်နဲ့ ဆွေးနွေးခဲ့ပါတယ်။

ဆေးကုသက် နှစ်(၂၀)ကျော် ရှိနေပြီဖြစ်တဲ့ ဆရာဝေဒနောင်နောင်နဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

▲ **"ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးမှာကတော့ နှလုံးရောဂါကတစ်ဆင့် ဆင့်ပွားဖြစ်တတ်တဲ့ နှလုံးလေးဖက်နာရောဂါနဲ့ နှလုံးအဆီပုံးရောဂါ အကြောင်းတွေကို ဆွေးနွေးချင်ပါတယ်။ ပထမ နှလုံးလေးဖက်နာ ဖြစ်စေတဲ့ အကြောင်းများကို ပြောပြပေးပါ ဆရာ"**

○ 'နှလုံးလေးဖက်နာ ဖြစ်စေတဲ့ အကြောင်းများကတော့ ကံ၊ စိတ်၊ ဥတု အာဟာရဆိုတဲ့ သမုဋ္ဌာန်တရားလေးပါးနဲ့ ညီညွတ်မျှတအောင် နေထိုင်စားသောက်မှု မရှိတဲ့အတွက် နှလုံးလေးဖက်နာရောဂါဖြစ်တာပါ။

အချို၊ အဆိမ့်၊ အဖန်၊ အချဲ စတဲ့ အစားအစာတွေကို လွန်ကျူးစွာ စားသောက်ခြင်း၊ နေ့အခါ အအိပ်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း စတဲ့ အကြောင်းအချက်များကြောင့် သလိပ်များ၊ အဆီအစေးဓာတ်များ ပွားများပြီး အဆီ တစ်ဆထက် တစ်ဆ ပွားများလာစေပါတယ်။

အဲဒီအဆီတွေ ပွားများလာတဲ့အတွက် ချဉ်ဆီဓာတ်၊ သုက်ဓာတ်တွေ ဖြစ်ပွားဖို့ နည်းသွားပြီး အဆီတွေသာ တိုးပွားမြဲ တိုးပွားလာပါတယ်။

အဲဒီ အဇီဏ္ဏကြောင့်ဖြစ်တဲ့ အဆီတွေဟာ မလဓာတ်နဲ့ မကွဲတော့ဘဲ ရောနှော တိုးပွား များပြားလာတဲ့အခါ တစ်ကိုယ်လုံးရှိ အကြောပေါက်တို့၌ လည်းကောင်း၊ အသားပေါက်တို့၌ လည်းကောင်း၊ အရိုးပေါက်တို့၌ လည်းကောင်း မလအခိုး အမျိုးမျိုးတို့က ဝင်ရောက် အပြစ်ပြုကြပါတော့တယ်။

အဲဒီအချိန်မှာ အရိုးအဆစ်တွေက နာလာ၊ ရောင်လာ၊ ကိုက်ခဲလာပြီး ခြေဖျားလက်ဖျားတွေ ကျဉ်လာတတ်ပါတယ်။ မနက်အိပ်ရာထမှာ ခြေဖဝါးများ ကျိန်းလာတတ်ပါတယ်။ ဘာကြောင့် ဖြစ်သလဲဆိုရင် တေဇောဓာတ်နဲ့ ဝါယောဓာတ်တို့ အကျဉ်းကျပြီး ပိတ်ဖွဲ့ထားခြင်းကြောင့် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို တေဇောဓာတ်+ဝါယော အခိုး အငွေ့တွေ ပိတ်ဖွဲ့သွားခြင်းကြောင့် နှလုံးသွေးဟာ ပုံမှန် လည်ပတ်စီးဆင်းမှု မပြုနိုင်တော့ပါဘူး။ သွေးထဲမှာပါတဲ့ အဆီအစေး၊ အနယ်၊ အနှစ်၊ မလ အညစ်အကြေးဟာ စီးဆင်းရာ တစ်လျှောက် အပြစ်ပြုပါတော့တယ်။

အဓိကအားဖြင့် ခြေဆစ်၊ လက်ဆစ်၊ ဒူးခေါင်းတွေ ရောင်တင်း ကိုက်ခဲလာတတ်ပါတယ်။ အဲဒီ အဆစ်အမျက်၊ ဒူးခေါင်းတွေ ကိုက်ခဲနာကျင်လာတဲ့ လေးဖက်နာရောဂါဟာ နှလုံးကို အခြေခံပြီး ဖြစ်ပွားလာတာ ဖြစ်တဲ့အတွက် နှလုံးကြောင့်ဖြစ်တဲ့ လေးဖက်နာ (သို့မဟုတ်) နှလုံးလေးဖက်နာရောဂါလို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။ အထက်မှာ ပြောခဲ့တာတွေဟာ နှလုံးလေးဖက်နာ ဖြစ်စေတဲ့ အကြောင်းများ ဖြစ်ပါတယ်'

▲ **'နှလုံးလေးဖက်နာ ရောဂါရဲ့ လက္ခဏာများကို သိပါရစေ'**

○ 'နှလုံးလေးဖက်နာ ရောဂါ လက္ခဏာများကတော့...

၁။ ဘယ်ဘက် ရင်ဘတ်အထက်နား စူးအောင့်ခြင်း၊

၂။ မောပန်းခြင်း၊

၃။ အသက်ရှူကျပ်ခြင်း၊

၄။ ရင်လေးခြင်း၊

၅။ နှလုံးတုန်ရင်ခုန်ခြင်း၊

၆။ ခြေဆစ်လက်ဆစ် ဒူးခေါင်းများ ရောင်ခြင်း၊ နာကျင်ကိုက်ခဲခြင်း၊

၇။ ခြေဖဝါး၊ လက်ဖဝါး တင်းခြင်း၊ ကျိန်းခြင်း၊

၈။ နံနက်အိပ်ရာထချိန်တွင် ချက်ချင်း လမ်းလျှောက်မရဘဲ သွေးပူလာမှ လမ်းလျှောက်ရခြင်း...

စတဲ့ လက္ခဏာများဟာ နှလုံးလေးဖက်နာရောဂါလက္ခဏာများ ဖြစ်ပါတယ်'

▲ **'နှလုံးလေးဖက်နာရောဂါရဲ့ ကုထုံးကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'နှလုံးလေးဖက်နာရောဂါရဲ့ ကုထုံးကတော့ ပထမ သွေးလမ်း လေလမ်းပွင့်စေတဲ့ ဆေးကို တိုက်ကျွေးခြင်း၊ ဒုတိယ နှလုံးကို ကောင်းစွာ ထောက်ပံ့ပေးနိုင်တဲ့ နှလုံးအား ဆေးကို တိုက်ကျွေးခြင်း...

တတိယအချက်ကတော့ နာကျင်၊ ရောင်တင်းလာတဲ့ ခြေဆစ်လက်ဆစ်၊ ဒူးခေါင်းများကို လိမ်းဆေး လိမ်းစေခြင်းနဲ့ အဆစ်ရောင် အဆစ်ကိုက် သက်သာပျောက်ကင်းစေတဲ့ နည်းကို ညအိပ်ရာဝင်တစ်ကြိမ်၊ မနက်စောစော တစ်ကြိမ် တစ်နေ့ နှစ်ကြိမ် တိုက်ကျွေးခြင်းဖြင့် နှလုံးလေးဖက်နာရောဂါကို သက်သာပျောက်ကင်းစေပါတယ်'

▲ **'နှလုံးလေးဖက်နာကို ဘယ်လို ကြိုတင်ကာကွယ်နိုင်ပါသလဲဆရာ'**

○ 'နှလုံးလေးဖက်နာရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ပုံကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန်တရား လေးပါးကို ညီညွတ်မျှတအောင် နေထိုင်ဖို့ လိုပါတယ်။ အဆီ၊ အစေးများတဲ့ အစားအစာများ လွန်ကျူးစွာ စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရသာ(၆) ပါး မျှတအောင် စားရပါမယ်။

နေ့မှာ အိပ်မှု ရောဂါထူ ဆိုသကဲ့သို့ နေ့အချိန်အိပ်ခြင်း ရှောင်ကြဉ်ရပါမယ်။ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းဆိုတဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေကို ဆောင်ရွက်စားသောက် နေထိုင်ခြင်းဖြင့် နှလုံးလေးဖက်နာရောဂါကို ကြိုတင်ကာကွယ်နိုင်ပါတယ်'

▲ **'နှလုံးအဆီဖုံးရောဂါ ဖြစ်စေတဲ့ အကြောင်းများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'နှလုံးအဆီဖုံးရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့ ဝက်သား၊ ဘဲသား၊ ငါးတန်၊ ဝမ်းတွင်း ကလီစာများ၊ နွားနို့၊ ထောပတ်၊ အုန်းနို့၊ ကြက်ဥ၊ ဘဲဥ စတဲ့ အဆီအစေးများသော အစားအစာများ၊ ချို၊ ဆိမ့်၊ ဖန်၊ ခွဲ စသော အစားအစာများ လွန်ကျူးစွာ စားသောက်ခြင်း၊ အရက်၊ ဘီယာ၊ စီးကရက်၊ ဆေးလိပ်တို့ကို လွန်ကဲစွာ သောက်သုံးခြင်း၊ ကိုယ်လက် လှုပ်ရှားမှု နည်းခြင်း စတဲ့ အကြောင်းအရာများကြောင့် နှလုံးအဆီဖုံးရောဂါ ဖြစ်ရခြင်းပဲ ဖြစ်ပါတယ်။

အဝလွန်သူတွေ အဖြစ်များပါတယ်။ လူရဲ့ ခန္ဓာကိုယ်မှာ အသားဓာတ်၊ အသွေးဓာတ်၊ အရည်ဓာတ်၊ အဆီဓာတ်ဆိုပြီး ဓာတ်(၄)မျိုး ရှိပါတယ်။ အဲဒီဓာတ်(၄)မျိုးထဲက အံသဂ္ဂိမီးဟာ မိမိတို့ရဲ့ အစိတ်အပိုင်း အားလျော်စွာ ကြေကျက်ခြင်းကိစ္စကို ဆောင်ရွက်ကြရပါတယ်။

အထက်မှာ ပြောခဲ့တဲ့ နှလုံးအဆီဖုံးရောဂါ ဖြစ်စေတဲ့ အကြောင်းတရားများကို ပြုဖန်များတဲ့အတွက် ဥပမာ အသားမှာ တည်တဲ့ အံသဂ္ဂိမီးဟာ ပျော့ညံ့ပြီး ကြေကျက်အောင် မချက်နိုင်ခြင်းကြောင့် အသားနဲ့ မလတို့ကို ကွဲပြားအောင် မဖြစ်စေနိုင်တော့ပါဘူး။

ဒါကြောင့် အညစ်အကြေးတွေဟာ အပြင်ကို ထွက်ခွင့်မရတော့ဘဲ သွေးနဲ့ရောပြီး အညစ်အကြေးတွေ နှလုံးမှာ ရစ်ပတ်တွယ်ကပ်နေတာကို နှလုံးအဆီတိုးခြင်း၊ နှလုံးအဆီဖုံးခြင်းလို့ ခေါ်ကြတာ ဖြစ်ပါတယ်။ အဲဒီသွေးက ဖြစ်တဲ့ အညစ်အကြေးနဲ့ အဆီကဖြစ်တဲ့ အညစ်အကြေးတွေကြောင့် နှလုံးမှာ အဆီတိုးခြင်း၊ အဆီဖုံးခြင်း ဖြစ်ပါတယ်'

(စာမျက်နှာ (၁၇၂) သို့)



www.burmeseclassic.com

www.burmeseclassic.com

# ငှက်ပျောပင် အဖီးများပြီး အသီးထွားအောင်

[illegible] (မုံ့)

ကျွန်ုပ်ဟာ တပ်မတော်သားဘဝနဲ့ မြန်မာနိုင်ငံအနှံ့ တာဝန်ကျတဲ့ မြို့တွေမှာ စိုက်ပျိုးရေး၊ မွေးမြူရေး တာဝန်တွေကို ကာကွယ်ရေးတာဝန်နဲ့အတူ ပူးတွဲ ထမ်းဆောင်ခဲ့ရပါတယ်။

အဲဒီလို တာဝန်ထမ်းဆောင်ခဲ့ရင်းနဲ့ မိမိအိမ်ပတ်ဝန်းကျင်မှာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရင်းနဲ့ တပ်မိသားစုအတွက် အကျိုးဖြစ်ထွန်းတဲ့ ငှက်ပျောပင်နဲ့ ဘူးသီးပင် စိုက်ပျိုးခြင်း အစရှိတဲ့ စိုက်ပျိုးနည်းတွေကို နယ်ခံစိုက်ပျိုးရေးသမားများထံ မေးမြန်းလေ့လာဆည်းပူးရင်းနဲ့ ကိုယ်တိုင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ခဲ့တဲ့နည်းကို စာဖတ်သူမိတ်ဆွေပြည်သူများအတွက် အကျိုးရှိစေဖို့ ရေးသားတင်ပြရခြင်း ဖြစ်ပါတယ်။


စာရေးသူရဲ့ အကျင့်မှာ သီးပင်စိုက်ရင် အသီးစားရပါမှ၊ အရွက်ပင်စိုက်ရင်လဲ အရွက်စားရပါမှ ကုန်ခန်းသွားတဲ့ လုပ်အား၊ အချိန်၊ ငွေကြေးတွေအတွက် အကျိုးရှိတတ်ဖို့ ခံယူထားသူပီပီ တပ်မတော်မှာ တာဝန်ထမ်းစဉ်က တပည့်များကိုလဲ ဦးဆောင်ပြီး လုပ်ပြစေနိုင်းခဲ့ပါတယ်။

မိမိပတ်ဝန်းကျင်မှာ သီးပင်စားပင် စိုက်ရင်း စားမကုန်လို့ ပတ်ဝန်းကျင်ကို ဝေငှလောက်အောင်ကို ဖြစ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်အောင် ငှက်ပျောပင်ကို ဒီလို စိုက်ပျိုးရပါတယ်။

၁။ **ငှက်ပျောပင် စတင် စိုက်တော့မယ်ဆိုရင် မြေကို အရင်ပြင်ရပါတယ်။**

စိုက်မဲ့ကျင်းကို **ငှက်ပျောတစ်နှိက်၊ ဝါးတစ်မိုက်လို့** အဆိုအတိုင်း **ကျင်းအနက်(၁)ပေခွဲ၊ အကျယ်(၂)ပေတူးပြီး တစ်ပင်နဲ့တစ်ပင် (၇)ပေခွဲ** အကွာမှာ စိုက်ရပါတယ်။

၂။ **တူးပြီးတဲ့ ကျင်းထဲက အပေါ်ယံ**



**(၆)လက်မခန့် မြေကြီးကို သပ်သပ်ဖယ်ထားပြီး ကျင်းထဲကို သစ်ရွက်ခြောက်၊ အမှိုက်သွေးများထည့်ပြီး မီးရှို့ရပါမယ်။**

ကျင်းထဲကို ပိုးသတ်တဲ့သဘော၊ မြေကျက်ဖုတ်တဲ့ သဘောပါပဲ။

၃။ **မီးရှို့ပြီးတဲ့ ကျင်းထဲကို မြေဆွေးဖယ်ထားတဲ့ အပေါ်ယံမြေနဲ့ နွားချေး အဆွေးများကို ဆတူရောပြီး ကျင်းပြည့်အောင် ဖြည့်ပြီး တစ်ပတ်ခန့် ရေလောင်းပေးပါ။**

တစ်ပတ်ပြည့်သွားရင် ငှက်ပျောပင်စိုက်လို့ ရပါပြီ။

၄။ **စိုက်ပျိုးမယ့် ငှက်ပျောပင်ကို ငှက်ပျောခေါင်းကို အမြစ်ပွားများစင်အောင် ဓားထက်ထက်နဲ့ လှီးထုတ်ပစ်ရပါမယ်။**

အဲလိုလုပ်မှသာ သီးလာမယ့် ငှက်ပျောသီးမှာ အစေ့မပါဖို့ ဖြစ်ပါတယ်။

၅။ **ငှက်ပျောပင်ကို ကျင်းထဲမှာ (၁)ပေခန့် မြေကြီးကိုယက်ပြီး စိုက်ပါ။ အပင်ရဲ့ ဘေးပတ်လည်ကို မြေသိပ်အောင် ဖိပေးပါ။**

ဒါမှ အပင်ယိုင်မသွားဘဲ တည့်တည့်မတ်မတ် တက်လာမှာ ဖြစ်ပါတယ်။

၆။ ငှက်ပျောပင်စိုက်ရင် "**ငှက်ပျောကဆုန် ဝါးနယုန်**"လို့ စာဆိုရှိပေမယ့် ရေလောင်းနိုင်ရင် ရာသီမရွေး စိုက်လို့ရတဲ့ အတွေ့အကြုံက စာရေးသူ ကိုယ်တွေ့ စိုက်ခဲ့ပါတယ်။

များများစိုက်လိုက မိမိဒေသရဲ့ ရာသီဥတုနဲ့ချိန်ပြီး စိုက်ရင် ပိုအကျိုးရှိပါတယ်။

၇။ ငှက်ပျောပင် စတင်ပြီး (၃,၄)လ ရှိလာတဲ့အခါမှာ သားတက်များ ထွက်လာပါတယ်။ သားတက်အားလုံးထားရင် အပင်လှီပြီး အသီးမထွားမှာ ဖြစ်တဲ့အတွက် သားတက်ကို ခွဲထုတ်ခြင်း၊ ထုတ်ပစ်ခြင်း ပြုလုပ်မှ အသီးထွားပြီး အဖီးများမှာ ဖြစ်ပါတယ်။

၈။ ငှက်ပျောပင်မနဲ့ သားတက် (၂)ပင်ခန့် ချန်ထားပြီး ကျန်တဲ့ သားတက်များကို မနှမြောပါနဲ့။ ငှက်ပျောပင်ပေါက်ကို ဓားထက်ထက်နဲ့ မြေပြင်မှ တစ်မိုက်အကွာကို ဖြတ်ပါ။ ဖြတ်ပြီးရင် ကျန်တဲ့ ငုတ်တိုကို တင်းပုတ်လို ထုရိုက်



www.burmeseclassic.com

www.burmeseclassic.com

စရာ တစ်ခုခုနဲ့ မြေကြီးနဲ့ ကပ်သွားအောင် ထုရိုက်ချေပစ်လိုက်ပါ။

ငှက်ပျောပင် သဘာဝက အပင်ကို ဓားနဲ့ဖြတ်ရုံနဲ့ သေမသွားပါဘူး။ နောက်တစ်နေ့ ဖြတ်ထားတဲ့ နေရာက အစို့ပြန်ထွက်လာတဲ့ အတွက်ကြောင့် ထုရိုက်လိုက်မှသာ အူတိုင် ကြေသွားပြီး အပင်ဖြစ်မလာတော့ဘဲ ပင်မကြီးနဲ့ သားတက်(၂)ပင်ဟာ ကြီးထွားလာမှာ ဖြစ်ပါတယ်။

၉။ နွေရာသီစိုက်ရင်တော့ ရေ မကြာမကြာ လောင်းပေးရပေမယ့် မိုးတွင်းဆိုရင် မိုးရေနဲ့ လုံလောက်ပါတယ်။

မိုးများရင် အပင်ရဲ့ဘေးမှ မြေကို ပေါက်ပြားနဲ့ အပင်ဘက်ကိုဆွဲပြီး ပုံပေးပါက ပိုပြီး ကောင်းမွန်ပါတယ်။ အပင်ကို မြေတောင် မြှောက်သလိုလဲ ဖြစ်ပါတယ်။

၁၀။ ငှက်ပျောပင်စိုက်ပြီး (၆)လကျော်လာရင် အဖူးထွက်လာပါတယ်။ ငှက်ပျောအခိုင် ထွက်လာပြီး အသီးသီးလို့ ဆုံးပြီးနောက် ငှက်ပျောဖူးကို **အသီးရဲ့အောက် ကြိုးချည်စရာ ချန်ပြီးဖြတ်ပစ်ပါ။** ငှက်ပျောဖူးကို ခုတ်ဖို့ မေ့ထားခဲ့ရင်လဲ အသီးများ လှီသွားတတ်ပါတယ်။

၁၁။ ငှက်ပျောဖူးခုတ်ပြီးလို့ (၁,၂)လ လောက်ကြာရင် အသီးများ ကြီးထွားလာတော့ ငှက်ပျောပင်ကို ထောက်ပေးရပါမယ်။

အများအားဖြင့်တော့ ဝါး(၂)လုံးကို ကြက်ခြေခတ် သဘောမျိုးနဲ့ ထောက်ကြတာ များပါတယ်။

စာရေးသူပြောမယ့် နည်းကတော့ ဝါး(၁)လုံး (သို့မဟုတ်) ဝါးလုံးအရှယ်ခန့်ရှိတဲ့တိုင်ကို အသုံးပြုရင် ရပါတယ်။

ငှက်ပျောခိုင်ရဲ့ အောက်တည့်တည့်မှာ ဝါးကိုစိုက်ပြီး ငှက်ပျောဖူးဖြတ်ပြီး ကျန်တဲ့ ငှက်ပျောခိုင်ရဲ့ အဖျားနဲ့ ဝါးကို ချည်ထားလို့ ရပါတယ်။

ငှက်ပျောပင်မြင့်ရင် ဝါးကို ကြိုးချည်ပြီး ကြိုးတစ်ဖက်စကို ကွင်းလျှောလုပ်ပြီး ငှက်ပျောခိုင်ကို စွပ်ပြီးမှ ဝါးကို မြေမှာ စိုက်လို့ရပါတယ်။

၁၂။ ငှက်ပျောပင်ကို ဘာလို့ ဝါးကြက်ခြေခတ်နဲ့ မလုပ်သလဲဆိုရင် ငှက်ပျောခိုင်ဟာ ယခုနည်းအတိုင်း စိုက်ရင် အဖီးများပြီး အသီးထွားလာတာမို့ ငှက်ပျောသီး ရင့်လာရင် အသီးရဲ့ အလေးချိန်ကို မခံနိုင်၊ ငှက်ပျောပင် ကျိုးကျသွားတဲ့ အတွေ့အကြုံအရ အခိုင်ကို အောက်က ထိမ်ထားတဲ့ နည်းသာ သင့်တော်တာမို့ အခိုင်ကို အောက်က ထောက်ရခြင်း ဖြစ်ပါတယ်။

၁၃။ သီးလာတဲ့ ငှက်ပျောသီးရဲ့ထိပ်မှာ အညှာများ ခြောက်လို့ကြွေသွားရင် ငှက်ပျောပင်ကို ခုတ်လို့ ရပါပြီ။ ပင်မှည့်ထားရင်တော့ အရင်ဆုံး အသီးဝါတဲ့ အချိန်မှာ ခုတ်ရင်လဲ အဆင်ပြေပါတယ်။ (ရှည်ကြွက်တော့ ဂရုစိုက်ရပါမယ်။)

စာရေးသူ စိုက်ပျိုးခဲ့တဲ့ ငှက်ပျောပင်ကတော့ ဖီးကြမ်းငှက်ပျောနဲ့ ရခိုင်ငှက်ပျောပဲ ဖြစ်ပါတယ်။ ဖီးကြမ်းဆိုရင် (၁၃)ဖီးမှ (၁၅)ဖီးအထိသီးပြီး ရခိုင်ဆိုရင် (၁၇)ဖီးမှ (၂၃)ဖီးလောက်အထိ သီးခဲ့ပါတယ်။ စိုက်ပျိုးရေး ဝါသနာပါသူများ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်စိုက်ပျိုးနိုင်ကြပါစေ။

**အောင်နုတင် (မှန်)**

# နတ်မောက်ဒေသမှ

# မြွေတားဆေး

## အစီအရင်



နတ်မောက်ဒေသ ဒန့်သလွန်ပင် ရွာသည် မြွေဆိုးများ အလွန်ပေါများခဲ့သည်ဟုဆို၏။ နတ်မောက်မြို့က ဦးဘိုသန်းသည် ထိုရွာသို့ မကြာခဏ သွားလေ့ရှိသည်။ သို့သော် မည်သည့်မြွေကိုမှ မတွေ့ခဲ့ဟု ပြောသဖြင့် အံ့အားသင့်ကြသည်။

'ကျွန်တော်တို့ရွာကို ခင်ဗျား အချိန်မရွေး လာလာနေတာ ဘာမှ မဖြစ်ဘူး။ ဒီမှာ မကြာခဏ မြွေကိုက်ခံကြရတယ်'

ဒန့်သလွန်ပင်ရွာမှ ဦးမြက မေးခွန်းထုတ်သည်။

'ဒါက ဒီလိုရှိပါတယ်။ သူ့အတတ်ပညာနဲ့ သူ ပေါ့ဗျာ။ ဒါကို ခင်ဗျားတို့ကိုလဲ ပေးခဲ့ပါမယ်။ ဒီလိုဗျ အချိန်အခါကို စောင့်ရတယ်။ နက္ခတ်နဲ့ ဆိုင်တာပေါ့ဗျာ။ ဒီဆေးက တစ်နှစ်မှာတစ်ရက်တည်း စွမ်းတာ။

ကဆုန်လဆန်း(၅)ရက်နေ့မှာ အရှေ့ဘက်ကို သွား(ထွက်)တဲ့ ကုက္ကိုပင်ရဲ့ အမြစ်ကို ပိပိ ညာလက်ခလယ်အရှည်နဲ့ တိုင်းယူ ဖြတ်တောက်ရမယ်။ ပြီးတော့ ရေဆေး၊ ငါးပါးသီလခံပြီး ကုန်အောင်သာ စားလိုက်ပေတော့။ အဲဒါ မြွေတားဆေးပဲ။ ကျွန်တော် တစ်နှစ်တစ်ခါ စားလာတာ သုံးနှစ်ရှိပြီ'

ဦးဘိုသန်းသည် နတ်မောက်မှ ဟသ်ာတသို့ ရောက်နေခိုက် စာရေးသူကို ပြောပြခဲ့ခြင်း ဖြစ်သည်။

'တစ်ခုကျန်သေးတယ်။ **ဒီ ကဆုန်လဆန်း(၅)ရက်နေ့ အတိအကျ ဖြစ်ဖို့ရယ်၊ မြွေသားမစားတဲ့သူလဲ ဖြစ်ရမယ်ဗျ'**

ဟု နောက်ဆက်တွဲစကား ပြောပြခဲ့ပါသည်။ ယုံကြည်မှုနှင့် မြန်မာတို့ရှေးအတတ်ပညာ နက္ခတ်ဖမ်းခြင်းကို သိရှိနိုင်ပါရန် တင်ပြရပါသည်။

**ရဲရဲထွန်း(ဟသ်ာတ)**



www.burmeseclassic.com

www.burmeseclassic.com

ဘုမိဖသာရုပ်ပွားတော်နှင့်

# လှိုဏ်ခြောက်ပမှိုက်ကျိုးနှင့်စဉ်

ကဝိသိရေမတိ

ဘုမိဖသာမုဒြာ ရုပ်ပွားတော်သည် သုံးလောကထွတ်ထား ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဗောဓိပင်နဲ့ ရွှေပလ္လင်ကို ရတော်မူစဉ် မာရ်နတ်နှင့် အပေါင်းအပါတို့အား အောင်တော်မူသည့် အောင်ပွဲရခဲ့ခြင်းရဲ့ ပြယုဂ်သင်္ကေတကို ပေါ်လွင်ထင်ရှားစေတဲ့ ရုပ်ပွားတော်လဲ ဖြစ်ပါတယ်။

ထို့ကြောင့်...

ဘုမိဖသာမုဒြာ ရုပ်ပွားတော်အား အောင်တော်မူ ရုပ်ပွားတော်၊ အောင်ပွဲရ ရုပ်ပွားတော်၊ ရန်ပြေငြိမ်းရုပ်ပွားတော်လို့ ခေါ်ဝေါ်သမုတ်ရင်လဲ ရမှာဖြစ်ပါတယ်။ တစ်ဖန် ထိုနေရာဌာနကိုလဲ ရန်အောင်မြင် အောင်မြေလို့ ခေါ်ဝေါ်အပ်ပါတယ်။

သို့ပါ၍...

ထိုရုပ်ပွားတော်ထံမှောက်၌...

- ရန်အပေါင်းကို အောင်မြင်စေရန်၊
- အတိုက်အခံ အနှောင့်အယှက် ကင်းဝေးစေရန်၊
- အတိုင်အတောပြဿနာများ အနိုင်ရစေရန်၊
- လုပ်ငန်းတွင်း ပဋိပက္ခများ အေးငြိမ်းသွားစေရန်၊
- ဆုထူးဌာနန္တရများ တည်တံ့ခိုင်မြဲစေရန်၊
- ဘေးရန်ဥပဒ်အန္တရာယ် အသွယ်သွယ်တို့ ကင်းရှင်းစေရန်

သည်တို့အတွက် အဓိဋ္ဌာန်ပြု ဆုတောင်းခြင်းဖြင့် ကောင်းကျိုးချမ်းသာ ရမှာလဲ ဖြစ်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အမီအဟုန်ထူးဖြင့် ကြီးကျယ်ပြင်းထန်လွန်းလှတဲ့ ကြောက်ဖွယ်ရာ အန္တရာယ်ဆိုးကြီးကို အောင်တော်မူပုံကို ကြည်ညိုလျက် ယုံကြည်သဒ္ဓါ တရားကို နှိုးဆွပြီးမှ အဓိဋ္ဌာန်ပြုပါ။ ဆုတောင်းပါ။



ဘုမိဖသာ ရုပ်ပွားတော်

ဦးစွာ မာရ်နတ်သားတို့ရဲ့ လက်နက်(၉)ပါးကို အောင်တော်မူခဲ့ခြင်းရဲ့ အမှတ်သင်္ကေတ ရုပ်ပွားတော်ဖြစ်တဲ့အတွက် **"လက်နက်(၉)ပါး" အောင်ဂါထာ**ဖြင့် ကြည်ညိုဂါရဝ ပြုလိုက်ပါ။

> ဝါတံ ဝဿဥ္စ ပါသာဏံ၊
> အာဝုဓံ ဝါလုကံ တထာ။
> ကုက္ကုဠံ ကလလင်္ဂါရံ၊
> အန္ဓကာရန္တိမေ နဝ။
> သဗ္ဗေ မာရေန ဝိဿဋ္ဌေ
> ဝိဇယန္တံ ဇိနံ နမေ။
> အဟမ္ပိ တေန ပုညေန၊
> ဝိဇေယျံ သဗ္ဗမာ ယုဓေ။

(၉-ခေါက်)

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဝဿဥ္စ** | =ဝတ်သင်စ |
| **ဝါလုကံ** | =ဝါလုကံ |
| **ကုက္ကုဠံ** | =ကုတ်ကုလံ |
| **လင်္ဂါရံ** | =လင်ဂါရံ |
| **အန္ဓကာ** | =အန္ဓကာ |
| **ရန္တိမေ** | =ရန်တိမေ |
| **သဗ္ဗေ** | =သတ်ထေ |
| **ဝိဿဋ္ဌေ** | =ဝိတ်သတ်ထေ |
| **ဝိဇယန္တံ** | =ဝိဇယန်တံ |
| **အဟမ္ပိ** | =အဟမ်ပိ |
| **ပုညေန** | =ပုန်ညေန |
| **သဗ္ဗမာ** | =သပ်ဗမာ |


အနက်

**မာရေန၊** မာရ်နတ်သားသည်။ **သဗ္ဗေ၊** မြတ်စွာဘုရားသို့။ **ဝါတဥ္စ၊** အဟုန်ပြင်းစွာ တိုက်ခတ်လာသည့် လေလက်နက်ကို လည်းကောင်း။ **ဝဿဥ္စ၊** အဟုန်လွန်ပြင်း အတင်းရွာဖြိုး မိုးလက်နက်ကိုလည်းကောင်း။ **ပါသာဏဥ္စ၊** အဟုန်လွန်ကဲ ကျောက်ခဲမိုးဟူသော လက်နက်ကိုလည်းကောင်း။ **အာဝုဓဥ္စ၊** ဓားလှံသန်လျက် ထက်မြ ဖုံဖုံ အစုံစုံသော လက်နက်မိုးကို

www.burmeseclassic.com

လည်းကောင်း။ **ဝါဠုကာ၊** သဲပွင့်မှိုးကို လည်းကောင်း။ **တထာ၊** ထိုမှတစ်ပါး။ **ကုဏ္ဍုလဋ္ဌ၊** လွန်စွာတစ်မှု ပြာပွင့်မှိုးကို လည်းကောင်း။ **ကာလလဂ်ရိုဋ္ဌ၊** ရွှံ့ညွန်မိုး,မီးကျိုးမိုးကို လည်းကောင်း။ **အန္ဓကာရဋ္ဌ၊** အမိုက်မှောင်ကြီးကို လည်းကောင်း။

**ဣမေနဝ၊** ဤလက်နက်(၉)မျိုးတို့ကို။ **ဝိဿဇ္ဇေ၊** ပစ်လွှတ်အပ်သည်ရှိသော်။ **ဝိဇယန္တိ၊** အောင်တော်မူသော။ **ဇိနံ၊** အောင်တော်မူသော မြတ်စွာဘုရားကို။ **နမေနမာမိ၊** ရှိခိုးပါ၏။ **တေန** **ပုညေန၊** ထိုသို့ အောင်ပွဲကြီးယင် အောင်မြင်ကြီးမား မြတ်စွာဘုရားကို စိတ်ထားကြည်ညို ရှိသေမြတ်နိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ **အဟမ္ပိ၊** အကျွန်ုပ်သည်လည်း။ **သဗ္ဗာမာယုဓေ၊** အလုံးစုံသော လက်နက်ဟူသမျှကို။ **ဝိဇေယျံ၊** ကိုယ်၌မထိ မငြိလွဲရှောင် အောင်မြင်ရပါလို၏ ဘုရား။




**၅,ကြွင်း မဟာဘုတ်ပိုင်ရှင်များ အထူးဆောင်ရွက်ပါ။ [စနေဂြိုဟ်(ဝ,နေ) သိုက်ဂြိုဟ်နှင့် အင်္ဂါဂြိုဟ်(၃,ဂ်) ရာဇဂြိုဟ်တို့ ပက္ခမိနေသောကြောင့် ဖြစ်ပါတယ်။]**

***(ဤ ဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒ် မြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။)***

ပြီးလျှင်...

"အနုတ္တရော ပုရိသ ဒမ္မသာရထိ"

ဂုဏ်တော်ကို ပုတီး(၉)စိပ်ပါ။ အဖြစ် ချင်ဆုံး ဆန္ဒများကို ဆုတောင်းလိုက်ပါ။

ထိုအဓိဋ္ဌာန်ကို မွေးနေ့မှ စတင်ပြီး (၉)ရက်တိတိ ဆောင်ရွက်ရပါမယ်။ လှူဖွယ်ရာများအဖြစ်ကတော့ မိမိတို့ရဲ့ သဒ္ဓါတရားအလျောက် အလင်းတိုင်၊ နံ့သာတိုင်၊ ရေတော်၊ ပန်း စသည်တို့ကို လှူရမှာလဲ ဖြစ်ပါတယ်။

ဤကျင့်စဉ်သည်...

**မဟာဘုတ်အရဆိုလျှင်...**

အင်္ဂါသား မရဏဖွားများ၊ စနေသား မရဏဖွားများ၊ တနင်္ဂနွေသား မရဏဖွားများနဲ့ (၅)ကြွင်း မဟာဘုတ်ပိုင်ရှင်များအတွက် အထူးသင့်လျော်တဲ့ ကျင့်စဉ်လဲ ဖြစ်ပါတယ်။ မွေးနေ့တိုင်း ဆောင်ရွက်စေချင်ပါတယ်။ ကြည့်ပါ။

* * *

***သင့်တင့်အောင် နှလုံးသွင်း အခွင့်ကောင်း ပါစေ။***

**ကဝိသိရောမဏိ**





www.burmeseclassic.com

www.burmeseclassic.com



◆ ပျဉ်းကတိုးသစ်ကွင်းနှင့် ဝဒတ်ကွင်းကျေးရွာ

# ပျဉ်းကတိုး သစ်ကွင်း

ကိုမြသွေး
(ပေါင်းလောင်းမြေ)

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဝဒတ်ကွင်းကျေးရွာ မွေသိဒ္ဓိဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ တွေ့ခဲ့ရသော သစ်ကွင်းသစ်တံခါး ဖြစ်ပါသည်။ လူတစ်ယောက်ဝင်ထွက်၍ရသော အနေအထား ဖြစ်ပါသည်။ သစ်ပင် အမျိုးအစားက ပျဉ်းကတိုးပင် ဖြစ်ပါ

ပျဉ်းကတိုးသစ်ကွင်း၊
အနီးကပ်တွေ့မြင်ရစဉ် ◆



 စာမျက်နှာ (၁၈၁) သို့

www.burmeseclassic.com

www.burmeseclassic.com

# ဆီးချို အကျွက်

## ဆေးနည်းတို့

မောင်ဇော်ကြာ
(စီးပွားရေး)

ကျွန်တော်တို့ခေတ်မှာ အသက် (၅၀)ကျော်ပြီဆိုရင်ကို သွေးတိုး၊ နှလုံး၊ ဆီးချိုသွေးချိုဆိုတာတွေက လူတိုင်း ကိုယ်စီ ရှိကြသည်လို့တောင် ပြောရမလိုပါပဲ။ အဲ (၆၀)ကျော်ပြီဆိုရင်တော့ ဒီရောဂါသုံးမျိုးကနေ ပြေးမလွတ်တော့ပါဘူး။ တစ်ခုလောက်ကတော့ အနည်းဆုံး ရှိကြပြီပေါ့။

ဒီရောဂါသုံးမျိုးမှာ ဘယ်ဟာက ဆိုးသလဲတော့ မမေးလေနဲ့ သူမသာ ကိုယ်အသုဘပါပဲ။ အချိန်မရွေး ဒုက္ခပေးနိုင်ကြတာချည်းပါ။ ကျွန်တော့်မိဘနှစ်ပါးလုံး သွေးတိုးကြောင့် လေဖြတ်ပြီး ဆုံးပါးသွားခဲ့ကြတာသာ ကြည့်ပါတော့။

ဒီရောဂါသုံးမျိုးထဲကမှ သွေးချို (ဆီးချို)ရောဂါနဲ့ ပတ်သက်တဲ့ ဆေးနည်းတိုလေးတစ်ခုကို ပြောပြချင်တာပါ။

သွေးချို(ဆီးချို) ဘာကြောင့်ဖြစ်သလဲဆိုရင် အဓိကလက်သည်က အချိုပါ။ ခန္ဓာကိုယ် လိုအပ်ချက်ထက် အချိုတွေ ပိုစားလို့ပါလို့ ဆရာဝန်တွေက ဆိုပါတယ်။

ဒီတော့ ဖြစ်ပြီဟေ့ဆို အလွန်အစားရှောင်ကြရတာကြောင့် တချို့က ''ပြိတ္တာမဖြစ်ရုံတမယ်ပါပဲ'' လို့တောင် ပြောကြရတဲ့ အထိပါပဲ။ မရှောင်ရင်လဲ ဒုက္ခပေးမှာ ကေန်ပါ။ ကြည့်လေ လူတွေစားတဲ့ အစားအစာထဲမှာ အချိုမပါတာ ဘာများရှိပါသလဲ။

ဆီးချိုက သူ့ချည်းမနေပါဘူး။ ဆီးချိုကြောင့် သွေးတွင်း ကော်လက်စရောတက်ကာ သွေးတိုးနဲ့ နှလုံးရောဂါဆီ ဦးတည်သွားတတ်ပါတယ်။ ဒါ့အပြင် ဆီးချိုကြောင့် သွေးခုန်နှုန်းကို ထိန်းချုပ်မှုအား နည်းပါးလာပါတယ်။

အဲဒီကတစ်ဆင့် နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ကျောက်ကပ် အလုပ် မလုပ်တဲ့ရောဂါနဲ့ မျက်စိကွယ်ခြင်းတို့အထိ ဖြစ်နိုင်ပါတယ်။ ***(စာရေးသူရဲ့ အစ်ကိုဝမ်းကွဲ တစ်ယောက် မျက်စိကွယ်ခဲ့တာ ဒီပုံစံအတိုင်း ပဲဆိုတာ ကိုယ်တွေ့ပါပဲ။)***



ဒီရောဂါအတွက် အင်္ဂလိပ်ဆေးလဲ မျိုးစုံ၊ မြန်မာ့တိုင်းရင်းဆေးလဲမျိုးစုံ၊ ဆေးမြီးတိုတွေလဲ မျိုးစုံရှိပါရဲ့...

စာရေးသူ ကိုယ်တွေ့လေး တစ်ခုကို ပြောချင်ပါတယ်။ စာရေးသူနေထိုင်ရာ လမ်းထဲမှာ အမေစိန်လို့ လူသိများတဲ့ အဘွားတစ်ဦး ရှိပါတယ်။ အသက်က (၈၁)နှစ်ပါ။ တစ်နေ့မှာ အမေစိန်နဲ့ စကားစပ်မိရာကနေ သွေးချိုဆီးချို ရောဂါအကြောင်း ရောက်သွားပါတယ်။ ဒီတော့ အမေစိန်က...

'အမယ်လေးတော် သွေးချိုရောဂါများ ပျောက်ဖို့ လွယ်လွယ်လေးတဲ့။ စာရေးသူက ''အမေစိန် ကိုယ်တွေ့များရှိလို့လား'' လို့ မေးမိတော့ အမေစိန်က...

'ရှိပါ့တော် အမေစိန် အသက်(၆၀) ဝန်းကျင်လောက်ကပေါ့။ တစ်ကိုယ်လုံး အနာလေးတွေပေါက်နေတာ၊ တောင်လုပ် မြောက်လုပ်နဲ့ ပျောက်ကို မပျောက်နိုင်ဘူး။ ဆီးချိုကြောင့်မှန်းလဲ မသိခဲ့ပါဘူး။

တစ်နေ့တော့ အသိတစ်ယောက်က ဆေးမြီးတိုပေးမယ် လုပ်ကြည့်ပါလားလို့ ပြော... တယ်။ ဘာများလဲလို့ မေးတော့ ကြက်ဟင်း... ခါးရွက် ငါးရွက်ကို ထမင်းချက်လို့ ကျ... အခါ ထမင်းအိုးထဲထည့် နှပ်တဲ့အခါ ထမ... စားပါတဲ့'

'ဆေးနည်းက လွယ်လွယ်လေး... နော်'

'ဟုတ်ပါ့တော် ဒါနဲ့ အမေစိန်... ကြက်ဟင်းခါးရွက်ကို ပန်းကန်လုံး... ထဲထည့်၊ ပြီးရင် ထမင်းအိုးနှပ်တဲ့အ... ထမင်းအိုးထဲထည့် အပူငွေ့နဲ့ နွမ်းသွ... တဲ့အထိထား၊ ထမင်းနဲ့စားလိုက်... ခုနစ်ရက်လောက်လဲကြာရော အ... လေးတွေက အနာဖေးတက် ... ကုန်ပြီး အနာတွေ ပျောက်သွားပါ... ရော'



www.burmeseclassic.com

www.burmeseclassic.com

'တကယ်ဆို အမေစိန့်မှာ ဆီးချို သွေးချို ရှိပုံရတယ်။ ဒါကြောင့် အနာတွေ မပျောက်နိုင်တာနေမှာနော်'

လို့ စာရေးသူက မှတ်ချက်ပေးတော့...

'မသိပါဘူးတော်် အမေစိန်က ကြက်ဟင်းခါးရွက်ကို သုံးလလောက် ဆက်စားလိုက်သေးတယ်'

'တစ်ခါစားရင် ငါးရွက်ပဲပေါ့နော် အမေစိန်'

လို့ စာရေးသူက သေချာအောင်မေးတော့ အမေစိန်က ရယ်ကျဲကျဲ မျက်နှာပေးနဲ့...

'ဘယ်ဟုတ်လိမ့်မလဲ။ တစ်ခါစားရင် နှစ်ညှနဲ့ သုံးညှနဲ့လောက်က အရွက်တွေကို စားလိုက်တာ။ ဟင်း... ဟင်း... ဟင်း'

အမေစိန်က သူ့စကားသူ သဘောကျသလို ရယ်လိုက်ပါသေးသည်။ ပြီးမှ ဆက်ပြောတာက...

'အဲဒီလိုစားပြီး နှစ်နှစ်လောက်ကြာတော့ လေဖြတ်သလိုဖြစ်လို့ ဆေးရုံတက်ရပါရော။ သွေးတွေဖောက်စစ်၊ ဆီးတွေစစ်နဲ့ လုပ်ကြတာပေါ့။ သွေးစစ်တာက တစ်ရက်လဲမဟုတ်၊ နှစ်ရက်လဲမဟုတ် ခဏ,ခဏ သွေးဖောက်နေလို့ စိတ်မရှည်နိုင်တာနဲ့ ဘာဖြစ်လို့ ခဏ, ခဏ သွေးဖောက်နေကြတာလဲလို့ မေးတော့မှ အမေ့မှာ ဆီးချိုသွေးချိုရှိမယ်ထင်လို့ စစ်ကြည့်တော့လဲ မတွေ့တာနဲ့ ထပ်ကာထပ်ကာစစ်နေတာတဲ့လေ။

ဒါနဲ့ အမေစိန်က အမယ်လေးလေ ဒါများ ငါ့ကို မေးပါတော့လား။ ငါ့မှာ ဘာသွေးချိုမှ မရှိဘူးလို့ ပြောလိုက်မှပဲ ပြီးသွားတော့တယ်' တဲ့။

'အမေ့စိန်တင် ဘယ်ကမလဲ။ အမေစိန့် မိတ်ဆွေတစ်ယောက်လဲ တစ်ကိုယ်လုံး အနာတွေဖြစ်တာ အမေစိန့်ထက် ဆိုးတာပေါ့။ သူက အင်္ဂလိပ်ဆေးတွေသောက်တာ။ သက်သာလိုက်၊ အစားမှားလိုက်၊ ပြန်ဖြစ်လိုက်နဲ့လေ။

တစ်နေ့တော့ ကြက်ဟင်းခါးရွက် စားကြည့်ပါလားလို့ သူ့ကိုညွှန်းလိုက်တာ (၁၅)ရက်လောက်လဲကြာရော သူ့အနာတွေ ကျက်သွားလို့ဆိုပြီး အားရဝမ်းသာနဲ့လေ။ ထဘီတစ်ထည်နဲ့ မုန့်တစ်ပုံး လာကန်တော့ပါလေရဲ့။ သူ့မှာ သွေးချိုရောဂါရှိတယ်လို့ ပြောပြလို့ သိရတယ်။ ကိုယ်ကတော့ အနာကျက်ပါစေလို့ ဆိုပြီး ပြောလိုက်တာပါ'

ကဲ... စာရှုသူခင်ဗျား။သွေးချိုရောဂါရှိနေရင်တော့ အမေစိန့် ကိုယ်တွေ့ဖြစ်တဲ့ ကြက်ဟင်းခါးရွက်ကို စမ်းသပ်မကြည့်သင့်ပေဘူးလားဗျာ။ အလွန်လွယ်တဲ့ ဆေးမြီးတိုလေးပါ။ ကံစပ်ရင်လဲ ပျောက်မှာပေါ့နော်။

ဒီလိုပြောရခြင်း အကြောင်းရင်းကတော့ လူတစ်ယောက်နဲ့တစ်ယောက် ခန္ဓာကိုယ်ဖွဲ့စည်းပုံချင်း၊ ဓာတ်ခံချင်း မတူကြတာရယ် နောက်တစ်ခုကတော့ စာရှုသူ သိတဲ့အတိုင်း ဆေးပဲဖြစ်ဖြစ်၊ ဆေးမြီးတိုပဲဖြစ်ဖြစ်၊ အပ်စပ်မှ ပျောက်တာမို့ပါ။

**[ဆီးချိုနဲ့ ပတ်သက်လို့ ၁၆–၉–၂၀၁၂ နေ့ထုတ်၊ မြန်မာ့အလင်း သတင်းစာ၊ စာမျက်နှာ–၂ မှာပါတဲ့ သမားတော်ကြီး ဦးသောင်းရွှေ (အဋ္ဌာရသ)ရဲ့ "ဆီးချိုရောဂါအတွက် ဆေးစွမ်းကောင်း ကျွဲကောသီး"ဆိုတဲ့ ဆောင်းပါးကိုလဲ ဖတ်ရှုလေ့လာကြည့်ဖို့ မျှဝေပါရစေ။ အဲဒီဆောင်းပါးမှာတော့ "ကြက်ဟင်းခါး"နဲ့ ပတ်သက်လို့ "ကြက်ဟင်းခါး ပဥ္စင်းပါးပြုတ်ရည်ကို သောက်ပါ"လို့ ပါကြောင်းပါဗျား။]**

***ဆီးချိုရောဂါဘေးမှ***
***ကင်းဝေးကြပါစေ။***

**မောင်အေးကြူ(*စီးပွားရေး*)**

စာမျက်နှာ (၁၇၉)မှ အဆက်

သည်။

ယခင် ကျောင်းထိုင်ဘုန်းကြီးလက်ထက် ဒီရွာနှင့် ဒီကျောင်း တိုးတက်မှု မရှိသေးပါ။ ယခုလက်ရှိ ကျောင်းထိုင် ဦးဣန္ဒကလက်ထက် ကျောင်း၏ သာသနာပြုလုပ်ငန်းများ တိုးတက်လာသလို ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် ပရဟိတကျောင်း၏ သိမ်ဖရုပ် ကျောင်းတိုက်ခွဲလည်း ဖြစ်လာပါသည်။

ဝဒက်ကွင်းကျေးရွာလေးမှာ အိမ်ခြေ(၁၀၀)ခန့်ရှိပါပြီ။ နှစ်စဉ် ဆွမ်းလောင်းပွဲများဖြင့် ဘက်စုံ စည်ကားတိုးတက်နေပါသည်။

စာရေးသူလည်း သစ်ကွင်းကြီးအား ဓာတ်ပုံရိုက်နေစဉ် ဘုန်းကြီး၏ ဒကာတစ်ဦး ရောက်လာပြီး ပြောသည်မှာ...

'အခု ဆရာတော်လက်ထက် တိုးတက်လာတဲ့ အကြောင်းက မိတ်ဆက်ရနေလို့' တဲ့။ စာရေးသူကလည်း...

'လင်းစမ်းပါဦး'

ဟု ပြောတော့...

'ဘုန်းကြီးက တနင်္ဂနွေ သစ်ကွင်းက ပျိုးကတိုးဆိုတော့ ကြာသပတေးလေ အောင်ပေါ့'

ဟု ရှင်းပြပါသည်။

ဒီတော့မှ စာရေးသူလည်း ခေါင်းညိတ်ပြီး...

'ဟုတ်ပေသားပဲ'

ဟု ပြောမိပါသည်။

စာဖတ်သူများလည်း **သစ်ကွင်း၊ သစ်တံခါးများ၏ အသားနှံ့နှင့် မိမိမွေးနံ့ မိတ်ဓာတ်များ မိနေလျှင် ပို၍ အကျိုးပေးနိုင်ကြောင်း** တင်ပြလိုက်ရပေသည်။

**ကိုမြသွေး**
***(ပေါင်းလောင်းမြေ)***

www.burmeseclassic.com

# ဓာတ်ငုပ်ရောဂါနှင့်

"ဝ" (၄)လုံး လမ်းစဥ်

မောင်ရွှေသွေး
(ဆက်လက်)

ကျန်းမာရေးအတွက် ဓာတ်ဆေးများကို အသုံးပြုရာတွင် အလွန်အစွမ်းထက်၍ ဓာတ်ဆေးကို "နတ်ဆေး"ဟုပင် တင်စား၍ ရှေးခေတ်ဆရာကြီးများ၊ ပညာရှင်များက အဆိုပြုခဲ့ကြပါသည်။

သို့သော် ဓာတ်ပစ္စည်းများကို အသုံးပြုလိုလျှင် ယင်းဓာတ်ပစ္စည်းတို့တွင် ပါဝင်သော ဒေါသ၊ မလတို့အကြောင်းကို နားလည်ထားရန်လည်း အလွန်အရေးကြီးပါသည်။

ထိုသို့မဟုတ်ဘဲ သုံးစွဲမိပါက အသက်အန္တရာယ်ဖြစ်စေသော၊ အသက်အန္တရာယ်မဖြစ်ပါက ရုပ်လက္ခဏာကိုယ်အင်္ဂါတို့ကို ပျက်စီးစေသော အန္တရာယ်ကြီးပစ္စည်းပင် ဖြစ်ပေသည်။

ထို့ကြောင့် မည်သည့်ဓာတ်ပစ္စည်းကိုမဆို အသုံးပြုလိုလျှင် သုဒ္ဓပြု(သန့်စင်)ပြီး (သို့မဟုတ်) ပြာချပြီးမှသာ အသုံးပြုရပါမည်။

ယခု တင်ပြမည့် လမ်းစဉ်မှာ ဓာတ်ငုပ်(နာတာရှည်)ရောဂါ အမျိုးမျိုးအတွက် အသုံးပြုနိုင်သော လွယ်ကူစွာ ပြုလုပ်နိုင်မည့် "ဝ"လေးလုံး ရွှေပြာ လမ်းစဉ်ကို ရေးသား တင်ပြလိုပါသည်။

ဤနေရာတွင် ရွှေပြာကို အလိုရှိပါက ရွှေကိုတည်၍ ငွေပြာကို အလိုရှိပါက (ဘော်)ငွေကို တည်ရမည် ဖြစ်ပါသည်။

ရှေးမူမပျက်ပါရှိသော လင်္ကာကို ရှေးဦးစွာ ဖော်ပြလိုပါသည်။

၁။ ကရဏီယအောက်၊ ဝ, ၄ထောက်၊ ပေါက်ကန့်ရှင့်ကြီး၊ ထီးနှင့်ပျောက်၊ ၁,၂,၃,၄၊ စမထွေးနှင့်၊ နဝတိုင်အောင်ရေး၊ မပါဆေးဝါ၊ ဓာတ်(၉)ပါးကို၊ စမ္မာနဝ အင်းမှာယူလေ။

၂။ ဆားကား ဇက၊ ယမ်းနဝ၊ ဒွယကန့်ယူပါ။ ဟင်းရိုင်းအဌ၊ စိန်ကြ၊ သတ္တ-ဆေးဒန်းသား။ ဇဝက်သာဆ၊ ခြောက်ခုရ၊ ဇယ-လက်ချားသား။ (၄)လုံးထိုးပါ၊ ခံဝက်ဝါ၊ ဝစ္စာဆီစုရုပ်လေးတင်အောင်ပြု။



၃။ ရုပ်လေးတင်က၊ စ-ဗ-ဗထက်ခြိုက်၊ ပေါ်မြဲဆိုက်၏၊ ရိုက်လိုက်လျှင်ကြေ၊ ဓာတ်အနေကား၊ သကာပျားကောင်း၊ သင့်ရာလောင်း၍၊ သန်းခေါင်းလောက်မျှ၊ သုံးဆောင်ရမူ၊ ဖြလ-ဘနှစ်၊ ပို့မူဖြစ်၏၊ စင်စစ်မှန်လှ၊ ဝမနတည်း။

ယင်းကာတဖန်၊ တက်လိုပြန်မူ၊ ဓာတ်သေတစ်ကျပ်၊ သုတင်မူ၊ ဝင်အောင်နှူး၍ ပိုလ်မူးလေးပါ၊ ရုံကြားအကုန်၊ စိတ်ရွဲနှင့် ဖုတ်ကြလေပါ၊ ဆယ့်နှစ်ခါတည်း၊ မွဲပြာသို့ရောက်၊ တစ်ရွေးလောက်ကို၊ ဒန်ခြောက်ဆယ်တွင်၊ ပစ်လေချင်သော်၊ ဖြူစင်ဂွမ်းလား၊ နီလွင်ရွှေသား၊ သုံးစားမကုန်၊ တောင်နယ်ပုံသည်၊ လောက်လုံကြွယ်ဝချမ်းသာတည်း။

အများသူငါ လွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် ပြုလုပ်ပုံ အဆင့်ဆင့်ကို ရှင်းလင်းဖော်ပြပါမည်။

**"ဖြူစင်ဂွမ်းလား"** ဟူသည်မှာ ဘော်ရုပ်ဓာတ်ကို တည်ခဲ့သော ဓာတ်ကို ဆိုလိုပါသည်။ **"နီလွင်ရွှေသား"** ဟူသည်မှာ ရွှေရုပ်ဓာတ်ကို တည်ခဲ့သော ဓာတ်ကို ဆိုလိုပါသည်။ **(ဘော်လိုချင် ဘော်တည်၍ ရွှေလိုချင် ရွှေတည်ရန်သာ ဖြစ်ပါသည်။)**

ဓာတ်(၉)ပါးကို "ဝ" ၄လုံးသင်္ချာ ဖြစ်အောင် ယှဉ်စပ်ယူရပါမည်။

* * *

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၄ | ၅ | ၆ |
| ၇ | ၈ | ၉ |

စမ္မါနဝအင်းတွင် ရှုပုံ



www.burmeseclassic.com

www.burmeseclassic.com

၁နှင့် ၉ ထောင့်တစ်ခု "ဝ"တစ်လုံး၊
၃နှင့် ၇ ထောင့်တစ်ခု "ဝ"တစ်လုံး၊
၂နှင့် ၈ ထောင့်တစ်ခု "ဝ"တစ်လုံး၊
၄နှင့် ၆ ထောင့်တစ်ခု "ဝ"တစ်လုံး၊

တစ်ဆယ်(၄)ခါ သုည(၄)လုံး ဖြစ်သည်။ အလယ်ကောင်(၅)ကိုမူ ရုပ်ဓာတ်ဖြစ်သော ဘော်(သို့မဟုတ်) ရွှေကိုယူ၊ ကျန်ဂဏန်း(၈)လုံးကိုမူ နာမ်ဓာတ်ပစ္စည်းကိုယူ၊ ရုပ်ဓာတ်ကို ခြံရံနေသော နာမ်ဓာတ်တို့နှင့် သတ်ရမည်။ ဖော်ပြထားသော လင်္ကာအတိုင်း နာမ်ဓာတ်ကို ယူပုံမှာ...

* * *

| | | |
|---|---|---|
| ၁။ **သား** | (၁)မတ် | "ဝ"တစ်လုံး |
| ၂။ **ယမ်း** | (၉)မတ် | |
| ၃။ **ကန့်** | (၂)မတ် | "ဝ"တစ်လုံး |
| ၄။ **ဟင်းရိုင်း** | (၈)မတ် | |
| ၅။ **ရွှေ(သို့မဟုတ်)ငွေ** | (၅)မတ် | (တည်ရန်ရုပ်ဓာတ်) |
| ၆။ **စိန်** | (၃)မတ် | "ဝ"တစ်လုံး |
| ၇။ **ဆေးခန်း** | (၇)မတ် | |
| ၈။ **လက်ချား** | (၄)မတ် | "ဝ"တစ်လုံး |
| ၉။ **ဇက်သာ** | (၆)မတ် | |

အထက်ဖော်ပြပါ နာမ်ဓာတ်(၈)ပါး (ရုပ်ဓာတ်ရွှေ၊ ငွေမပါ)ကို သံပရာရည်နှင့် နာနာကြိတ်ပြီး နေလှန်းပါ။ ယင်းကို လေးပုံ ပုံ၍ ရုပ်ဓာတ်ဖြစ်သော ငွေကို (သို့မဟုတ်) ရွှေကို ဆေး(၁)ပုံ ထက်ခွဲ၍ အထက်၊အောက်ထား၍ လုံပိတ် ဖော်မံပြီးလျှင် မီးလျှံထိုးပြီးနောက် မီးနုံ၊ မီးလတ်၊ မီးပြင်းတို့ဖြင့် လုံတစ်ခိုင်ထိုးပါ။ **(ဓာတ်ဝင်အောင် ထိုးရန်နှင့် မီးရရန် အရေးကြီး၏။)**

ဒုတိယနေ့ တစ်လုံ ဆေး(၁)ပုံကို ထခင်နည်းအတိုင်း ထိုးပါ။ ထို့နောက် တတိယနေ့၊ စတုတ္ထနေ့တို့၌လည်း ယင်းအတိုင်းပင် ဆက်၍ထိုးပါလေ။

(၄)လုံထိုးပြီးနောက် ဝက်ဆီ (သို့မဟုတ်) ဖောပတ်တွင် ရုပ်လေးတင်အောင် ခံရည်လောင်းပါ။ ရုပ်လေးတင်သောအခါ ဓာတ်သေလက္ခဏာ ပေါ်လာပေမည်။

လက္ခဏာမှာ ဗထက်ခြိုက်အက္ခရာကဲ့သို့ အရှုံ့အရှိုက် အပဂိုက်ပေါ်လာပေမည်။ ထုရိုက်ကြည့်လျှင် ဆတ်နေမည်။ ကြေမည်။ ယင်းကို အာယုဝမုနအတွက် စားသုံးလိုမူ စားသုံးနိုင်ပေပြီ။

မစားဘဲ တက်လမ်းကို တက်လိုသော် ဓာတ်သေ(၅)မတ်ကို ထုထောင်းအမှုန့်ခြေ၍ မှုန့်ညက်သောအခါ ပြဒါးအစင် (၅)မူးသွင်း၍ ထားပါ။ လုံတွင်မင်းလေးပါးကို သံပရာရည်နှင့် ဖျော်ကြိတ်ခြေ၍ သုတ်ပါ။ **(အတွင်းဆေးလုံပြုလုပ်ပါ။)**

စီမံထားသော ဓာတ်နှင့် ပြဒါးကို ထိုဆေးလုံတွင်ထည့်၍ ဖော်မံပြီး ဖွဲတစ်အိတ်ကုန်အောင် ဖုတ်ပါ။ ဖွဲကို တစ်ခွက်၊ တစ်ပြည်မှ စ၍ ထည့်ပါ။

ပထမအကြိမ် ပြဒါးသွင်းရာ၌ မီးနုံ၊ မီးလတ်၊ မီးပြင်း ဖွဲမီးသွင်း၍ ဖုတ်ရာ၌ ဉာဏ်နှင့်ယှဉ်ရန် လွန်စွာ လိုအပ်သည်။ ယင်းနည်းအတိုင်း ပြဒါး(၁၂)ကြိမ် တက်ပါလေ ဓာတ်သေ ပြာရပါမည်။

ဓာတ်သေပြာကို အစွမ်းသတ္တိ ရှိ၊ မရှိ သိရန် ဉာဏ်ရှိသလို ပစ်၍ စမ်းသပ်နိုင်ပါသည်။ ရုပ်ဓာတ်(၈)ပါးကို ပစ်သောအခါ ရုပ်ပြောင်းလျှင် ခန္ဓာကိုယ်တွင်လည်း ကျန်းမာရေးအတွက် ရုပ်ပြောင်းနိုင်သည်မှတ်ပါ။ ခန္ဓာကိုယ်တွင်လည်း ရုပ်ဓာတ်အသီးသီး ရှိကြပါသည်။

ထိုပြာသည် ရသာယနပြာမျိုးအဖြစ်သို့ ရောက်စေနိုင်ပါသည်။ အထူး မှတ်ရန်မှာ နည်းမှန်၊ ဓာတ်မှန်၊ လုပ်နည်းမှန်ဖြစ်၍ ကြိုးစားအားထုတ်သော်လည်း ရသာယန ပြာအဆင့်တန်းသို့ ရောက်ရန် ကံအား၊ ဉာဏ်အား လွန်စွာလိုအပ်သောကြောင့် ရသာယန အဆင့်အတန်း ရောက်ချင်မှ ရောက်ပါမည်။

မရောက်သော်လည်း ထိုရွှေပြာကို ဓာတ်လုံးအမျိုးမျိုးကို ကျွေးနိုင်၏၊ သေသောပြာဖြစ်ပါက ဓာတ်ငုပ်ရောဂါ အမျိုးမျိုးအတွက် စားသုံးနိုင်၏။

**ဓာတ်ပြာ သေ၊မသေ သိရှိနိုင်ရန်**

လုံတွင်ထည့်၍ မိတ်ဖက်ဆေး (၅)မျိုးနှင့် ရောကာ မီးပေးပါက ပြောင်းလဲမှု မရှိလျှင် စင်းစင်းသေသောပြာ ဖြစ်ပါသည်။

တစ်နည်း ပြာကို လုံတွင် ထည့်၍ မီးတွင် ထားပါ။ မလျော့ခဲ့သော် ယင်းပြာသေပြီဟု မှတ်ပါ။ ရသာယနအတွက် ကံရှိသူ သုံးနိုင်ပြီး ဓာတ်ငုပ်ရောဂါအမျိုးမျိုးအတွက် ဉာဏ်ရှိသူတိုင်း အသုံးပြုနိုင်ရန် တင်ပြပေးလိုက်ရပါသည်။

**[ ဤစာမူဖြင့် ရသတရင်္ဂနီကျမ်းပြု ဆရာတော် အရှင် နာဂသေနာဘိဝံသ(မဟာစရိယ)အား ဦးခိုက်လျက်...]**

**မောင်နေသွေး (ဝက်လက်)**

www.burmeseclassic.com

## နားဆူ၊ အူလေထွက်
# နားပြည်ယိုဆေး





တချို့သော လူကြီးလူငယ်များနှင့် ကလေးသူငယ်များတွင် အခန့်မသင့်ပါက နားဆူ၊ နားအူ၊ နားလေထွက်ခြင်းနှင့် နားပြည်ယိုရောဂါများ ဖြစ်တတ်ကြပါသည်။ ထိုသို့သော် ရောဂါများ ဖြစ်ခဲ့ပါက နားလေးခြင်း၊ နားကောင်းစွာ မကြားခြင်းများ ကြုံရပါသည်။

အချို့သူများ ရေချိုး၊ ခေါင်းလျှော်ရင်း နားထဲ ရေဝင်၍ ရေမသန့်၍ နားထဲတွင် အနာဖြစ်ကာ နားပြည်ယိုကြပါသည်။ အချို့ကလေးများ နားပြည်ယိုပါက ပါးပြင်ပေါ်အထိ ပြည်များ စီးကျပြီး လွန်စွာမှ အနံ့ဆိုးပါသည်။

ငွေကြေး တတ်နိုင်သူများအဖို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုများထံ သွားရောက်ပြသပြီး လိုအပ်သလို ဆေးကုသနိုင်ကြပါသည်။ ငွေကြေးမတတ်နိုင်သူများမှာ နီးစပ်ရာကြားရာ ဆေးမြီးတိုဖြင့် ကုသကြသည်။

ယခုဖော်ပြမည့် နားဆူ၊အူလေထွက် နားပြည်ယိုပျောက်နည်းမှာ **မကွေးမြို့နယ်၊ မယ်လှတောင်အုပ်စု၊ မြင်းကင်းကျေးရွာ ကျောင်းသစ်ကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တသာသန ငယ်ရွယ်စဉ်** ဦးပဉ္ဇင်းဘဝက မန္တလေး ကျောင်းတိုက်ကြီးတစ်ခုတွင် ပရိယတ္တိ အခြေခံ သဒ္ဒါ၊သင်္ဂြိုဟ်၊ဝိနည်းနှင့် စာတော်ကြီးများ သင်ယူ ဆည်းပူးခဲ့သည်။ ထိုမှတစ်ဖန် ဆရာတော်များထံတွင် ဂန္ထဓူရ၊ ဝိပဿနာဓူရ နှစ်ဖြာတို့ကို သင်ယူတော်မူခဲ့သည်။

ကျောင်းတိုက်တွင် အတူနေ ဦးပဉ္ဇင်းကြီးတစ်ပါးက ဒကာ၊ ဒကာမများ၏ နားရောဂါကို ကုသပေးရာ နားဝေဒနာရှင်များ လက်တွေ့ နားရောဂါပျောက်ကင်း၍ လှူဖွယ်ပစ္စည်းများကို စေတနာ သဒ္ဓါတရား ထက်သန်စွာ ဦးပဉ္ဇင်းကြီးအား ဆက်ကပ်လှူဒါန်းကြသည်။

အထက်ဖော်ပြပါ နားရောဂါများ ပျောက်အောင်ကုသည့် ဆေးနည်းကို ရရန်အတွက် ဦးပဉ္ဇင်းကြီးအား သုံးနှစ်တာမျှ အနွံအတာခံ၍ ဆေးနည်းယူခဲ့ရကြောင်း စာရေးသူတို့ကို ပြန်လည် မိန့်ကြားခဲ့ပါသည်။ ဆရာတော်ကြီးက နားဝေဒနာရှင်များ သက်သာပျောက်ကင်းရန်အတွက် ဆေးနည်းကိုလက်ဆင့်ကမ်း ကုသရန် မိန့်ကြားခဲ့ပါသည်။

မည်သူမဆို အခက်အခဲမရှိ ကုသနိုင်သည့်နည်းလည်း ဖြစ်ပါသည်။ ထိုဆေးနည်းမှာ...

နှမ်းဆီစစ်စစ်ကို ဟင်းစားဖွန်း(ကြေးဖွန်း) တွင်ထည့်၍ ကြေးဖွန်းကို ဖယောင်းတိုင်မီးဖြင့် အပူပေးရပါမည်။ ဆီငွေ့တန်းလာပါက မီးငြိမ်းပြီး နှမ်းဆီ မပူလွန်း၊ မအေးလွန်း အချိန်တွင် နားဆူအူလေထွက် နားပြည်ယိုနေသည့် နားထဲသို့ ဆီလောင်းထည့်ရပါမည်။

နှုတ်မှလည်း "ကမအ"အထိ ဖြည်းဖြည်းချင်း ရွတ်ဆိုရပါမည်။ "ကမအ"အထိ မဆိုတတ်ပါက အမှတ်စဉ် တစ်မှ သုံးဆယ့်သုံးအထိ ဖြည်းဖြည်းမှန်မှန် ရွတ်ဆိုပြီးမှ နှမ်းဆီထည့်ထားသော "နား"ကို တစ်ဖက်သို့ စောင်း၍ ဆီကို နားထဲမှ ထုတ်ပစ်ရပါသည်။

တစ်နေ့လျှင် နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် အထက်ဖော်ပြပါ နည်းအတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ရပါမည်။ အထက်ဖော်ပြပါ နားရောဂါခံစားသူတိုင်း လက်တွေ့ ပွဲတွေ့ နားရောဂါများ ပျောက်ကင်းသောနည်း ဖြစ်ပါသည်။

ဆရာတော်ကြီး အထူး သတိပေး မိန့်ကြားသည်မှာ **ဆီသည် နှမ်းဆီ စစ်စစ်ဖြစ်ရပါမည်။ ဖွန်းသည် ကြေးဖွန်းစစ်စစ်** ဖြစ်ရပါမည်။ ဖယောင်းတိုင်မီးဖြင့်သာ အမျှင်တန်းသည်အထိ အပူပေးရပါမည်။ "ဆီ"ကို ကြေးဓာတ်ဝင်အောင်ပြုခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီး မိန့်ကြားသည့်နည်းအတိုင်း တစ်သဝေမတိမ်း နည်းမှန်လမ်းမှန် လုပ်ဆောင်ပါက နားအူခြင်း၊ နားဆူခြင်း၊ နားလေထွက်ခြင်း၊ နားပြည်ယိုခြင်းများကြောင့် နားလေးခြင်း၊ နားမကြားခြင်းများ ချက်ချင်းလက်ငင်း လုံးဝ ပျောက်ကင်းပါကြောင်းနှင့် လက်တွေ့ပွဲတွေ့နည်း ဖြစ်ပါကြောင်း **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**မှ တစ်ဆင့် ရေးသားတင်ပြလိုက်ပါသည်။

ဤဆောင်းပါးဖြင့် **"ဝေနေယျ သတ္တဝါများ ကောင်းကျိုးနှင့် ဗုဒ္ဓ သာသနာအကျိုး အဘက်ဘက်မှ ဆောင်ရွက်တော်မူခဲ့သည့် မြင်းကင်း ကျောင်းသစ် ဆရာတော်ကြီး ဦးသာသန(ပျံလွန်)အား ရိုသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ကန်တော့ပါသည်။**

မကွေးမြင့်သန်း(ဝေဇ



www.burmeseclassic.com

www.burmeseclassic.com

**ယခင်လမှ အဆက်**

နွေရာသီ ကျောင်းပိတ်ရက်ရှည်။
...ောင်ဖိုးဟန် အားမနာတမ်း ဖိုခွင်
...င်းနိုင်တဲ့ရက်။ နောက်နေ့မှ ဆက်ပြီး
...ွင်ဝင်မယ်။

...နေ့က သဲခွက်ထဲမှာ
...ည့်ထားတဲ့ နာကျိုးလုံ
...ယူ သံချွန်လက်ပွတ်
...ကလေးနဲ့ လုံထဲကို
...ကျိုးတွေကို ထိုးတယ်။
...ထိုးပြီးမွှတယ်။

အပေါ်ထိပ်ပိုင်း မွှနေတဲ့
...ကျိုးတွေ ပွလာတယ်။
...ထမင်းစားပန်းကန်
...ကြီးတစ်ချပ်ထဲကို မှောက်ချ
...ယ်။ ခေါက်ချတယ်။

...ကြေနေတဲ့ နာကျိုးတွေ အထွေး
...ိုက် အထွေးလိုက် ထွက်ကျလာ
...ယ်။ အတောင့်လိုက် ထွက်ကျမလာ
...ည်ပဲ။

...ဟန် နာကျိုးစလေး တစ်စကို
...ာက်လက်မနဲ့ လက်ညှိုး ညှပ်ယူပြီး
...စ်ကြည့်တယ်။ မာတော့မယောင်
...င်။

...အားစိုက်ပြီး ဖိညှစ်ဖျစ်လိုက်တော့
...သွားပြီ။ ကြိတ်ကြေထက်တောင်
...။ အမှုန့်ကလေးတွေ ဖြစ်သွားပြီ။
...ညှိုးနဲ့ လက်မမှာတော့ ခဲရောင်
...တယ်။

...က်ညှိုးနဲ့လက်မ ပွတ်ချပေမယ့်
...ကျဘူး။ အသားထဲမှာစွဲလို့ အသား
...ောင် ဝင်သွားသလိုလို။

...ောင်ဖိုးဟန် ဗလာစာအုပ်တစ်အုပ်
... အလယ်ကောင်ကိုဖွင့် ဘယ်ညာ
...က် တစ်ဆက်တည်း အရွက်ကြီး
...တ်။ နှစ်ရွက်ကို တစ်ရွက်တည်း
...ောင် ပြန်ပြီးခေါက်။



# ကန်နှာ နှပ်ပြုပဲ့ဖော (၂)

ရွှေတောင် ခင်မောင်ကြည်

ဗလာစာအုပ်ကို စားပွဲပေါ်ကိုတင် ဗလာစာရွက်ကို ခေါက်ကျိုးပြန်ဖြန့်။ နာကျိုးတွေကို ဗလာစာရွက်ထဲထည့်ဖို့ ကော်ဖီဖျော်တဲ့ ဇွန်းကလေးတစ်ချောင်းကိုယူ။

ကြွေပန်းကန်ပြားကြီးထဲက နာကျိုးတွေကို ကော်ဖီဇွန်းကလေးနဲ့ နည်းနည်းစီ နည်းနည်းစီ ခပ်ယူပြီး ဗလာစာရွက်ထဲကိုထည့်။ ဗလာစာရွက်ကို ခေါက်ချိုးပြန်ခေါက်။

အဲဒီအပေါ်မှာ ဖန်ပုလင်းတစ်လုံးကို တင်ပြီး ဖိကြိတ်လိုက်တယ်။ ဖန်ပုလင်းက အိခနဲ လိမ့်ဆင်းသွားတယ်။ ဖိတယ်။ ကြိတ်တယ်။ လိမ့်ဆင်းသွားတယ်။

ဖွင့်ဖွင့်ကြည့် ပေါင်ဒါသားကျသွားတော့ လက်ဖက်ရည် ပန်းကန်လုံးထဲကို သွန်ချလိုက်တယ်။ ခဲရောင် ဟိတ်တက်လို့ နေရောင်အောက်မှာ ပြောင်နေတယ်။

နာကျိုးတွေ အကုန်လုံး ကြိတ်ခြေလို့ ပြီးသွားတော့ နံပါတ်(၂) ဇောက်လုံကလေးကိုယူ အတွင်းအပြင်ကို အဝတ်နဲ့ပွတ်သပ် သန့်ရှင်း။ လုံတွင်းကို လေမှုတ်သွင်း။ အတွင်းမှာ ကပ်နေတဲ့ ဖုန်တွေ အကုန်စင်အောင်လုပ်။

လုံကို သဲခွက်ထဲမှာ ငုတ်တုတ်က

www.burmeseclassic.com

လေးငြိမ်အောင်ထည့်၊ လုံနှုတ်ခမ်းကို ဘယ်လက်ညှိုးနဲ့ လက်မ ညှပ်ပြီးတော့ ထိန်း။ မတိမ်းအောင် မယိမ်းအောင်။

လက်ဖက်ရည် ပန်းကန်လုံးထဲက ကြိတ်ကြေနာကျိုးတွေကို ကော်ဖီဇွန်းကလေးနဲ့ ကော်ကော်ပြီး ငုတ်တုတ်လုံကလေးထဲကို ခပ်ခပ်ထည့်၊ တစ်ကျပ်သားလောက် လုံထဲရောက်သွားရင် တော်...

လုံထဲက နာကျိုး မျက်နှာပြင်ကို ဝါးတဲစကလေးနဲ့ထိုး။ တွင်းကလေးယက်။ ပြဒါး(၅)မူးသား ချောင်ချောင်ချိချိ ထည့်သာအောင်ယက်။


ပြဒါးကို တစ်ကျပ်သားလောက် လက်ဖက်ရည် ပန်းကန်လုံးထဲထည့်၊ သူ့အပေါ်က ဆန်လွတ်နန္ဒင်းမှုန့် ကော်ဖီဇွန်းတစ်ဝက်စာလောက်ကိုတင်၊ ညာလက်ညှိုးလေးနဲ့ ဖိဖိပြီး စုမွှေပေး။

အမွှေနာလေလေ နန္ဒင်းက မှိုင်းကျလေလေ။ ထပ်မွှေ ထပ်၊ ထပ်မွှေ။ မွှေပြီးရင်းမွှေ။

လက်ဖက်ရည် ပန်းကန်တစ်လုံးကို ယူ။ အဲဒီအပေါ်မှာ လက်ကိုင်ပဝါအဖြူတစ်ထည်ကို ဖြန့်အုပ်ပြီးတင်လိုက်။ လက်ညှိုးလေးနဲ့ ဖိချ။ ခွက်သွားတဲ့ လက်ကိုင်ပဝါထဲကို အမွှေနာတဲ့ ပြဒါးတွေကို သွန်ထည့်လိုက်။

ဘယ်ဘက်လက်နဲ့ လက်ကိုင်ပဝါစကလေးကို စုပြီးကိုင်၊ လိမ်လိမ်ပြီးရစ်။ ညာလက်နဲ့ ဖျစ်ချ။ ပြဒါးသန့်သန့်တွေက အောက်ကို ယိုစိမ့်ပြီးထွက်ကျ။ လက်ကိုင်ပဝါမှာတော့ မည်းညစ်ညစ်နဲ့ ဝါဖန့်ဖန့်အရောင်တွေ စွဲနေတယ်။ မလတွေ။

အဲဒီလို (၃)ကြိမ်လောက် လုပ်လိုက်ရင် ပြဒါးတော်တော်သန့်သွားပြီ။ လက်ကိုင်ပဝါထဲကို ထပ်ထည့်။ ထပ်ညှစ် (၅)ကြိမ်လောက် ညှစ်လိုက်တော့



ဖွေးပြီးဥနေတဲ့ ပြဒါးကို ရလာတယ်။ တုန်တုန်...တုန်တုန်နဲ့။

ငုံ့ကြည့်လိုက်တော့ ဖိုးဟန် မျက်နှာလေးက ပြဒါးထိပ်မျက်နှာပြင်မှာ ကြည်ကြည်လင်လင် ပုံရိပ်ထင်။ ထင်ထင်ရှားရှား။ ပြတ်ပြတ်သားသား။

ပြဒါးသန့်(၅)မူးသားကို ချိန်ခွင်လေးနဲ့ချိန်ယူ။ လက်ဖက်ရည်ပန်းကန်တစ်လုံးထဲကိုထည့်။ မျက်စဉ်းခတ်တဲ့ ပလတ်စတစ်ပိုက်ကလေးနဲ့ စုပ်၊ စုပ်ပြီးယူ။

ပိုက်ကလေးထဲက ပြဒါးကို သဲခွက်ထဲက ငုတ်တုတ်လုံကလေးထဲက နာကျိုးပြဒါး ယက်ထားတဲ့ အခွက်ကလေးထဲကို တစ်စက်ချင်း တစ်စက်ချင်း ဖျစ်၊ ဖျစ်ချပြီးထည့်။ (၅)မူးသား စလုံးထည့်။ အကုန်ထည့်။

အဲဒီ ပြဒါး(၅)မူးသားအပေါ်ကို မောင်ဖိုးဟန် လက်ဖက်ရည်ပန်းကန်လုံးထဲက နာကျိုးအမှုန့်တွေကို ခပ်၊ ခပ်ပြီးထည့်တယ်။ ဖုံးတယ်။ ကော်ဖီဇွန်းကို မသုံးဘူး။ နှီးပြားကလေးနဲ့ ထည့်တာ။

(၆)လက်မလောက် ရှည်တဲ့ နှီးပြားလေးထိပ်ကို လက်မတစ်မတ်လောက် ထောင့်မှန်ပုံ ခေါက်ထားတယ်။ နာကျိုးမှုန့်တွေကို ခေါက်ထားတဲ့ လက်မတစ်မတ်လောက် နှီးပြားလေးနဲ့ ကော်ယူ။ လုံထဲကို အဲဒီနှီးပြားလေး တည့်တည့်ချ။ ပြဒါးထိပ်ပေါ်မှာ ဖြည်းဖြည်းလေး စောင်းပြီး သွန်တယ်။

ကော်ဖီဇွန်းနဲ့သာ ခပ်ပြီးထည့်ရင် လုံထိပ်ဝနဲ့ ပြဒါးအကွာအဝေးကြောင့် နာကျိုးမှုန့် ကျချက်ပြင်းမယ်။ နာကျိုးမှုန့် ပြဒါးနဲ့ ထိလိုက်တာနဲ့ ပြဒါး အရေ ပျက်သွားမယ်။ စဉ်ထွက်သွားမယ် ပုံပျက်ပန်းပျက်။ ဘေးပတ်လည်အနှံ့ ထွက်။

ဒါကြောင့် မောင်ဖိုးဟန်က နှီးပြား တစ်ဆစ်ချိုးကလေးကိုသုံးတာ။

ပြဒါး(၅)မူးသားအပေါ်မှာ နာကျိုးတွေ ဖုံးဖုံးပြီး အုပ်လိုက်တာ။ လုံနှုတ်ခမ်းနဲ့ စပါးလုံးတစ်ထောက်အကွာ နာကျိုးထည့်တာ ရပ်လိုက်ပြီ။ လုံငှား လေးဖုံး။ သဲခွက်ထဲမှာ အသာပစ်ထားလိုက်တယ်။ နင်နေ ငါသွား။

ပြည်မြို့က ဝယ်လာတဲ့ မုန့်အိမ်လေးကို သန့်ရှင်းရေးလုပ်၊ အဝတ်နဲ့ သုတ်။ မုန့်အိမ်လေးရဲ့ ကိုင်းအပေါ်ဘက်မှာ ချိတ်ထားဖို့ သွပ်နန်းကြိုးလေးကို လိုသလောက် ဖြတ်။

(၂)နံပါတ်ဖောက်လုံရဲ့ ဖင်နဲ့ အံဝင်ခွင်ကျ တင်ထားလို့ရမယ့် သွပ်နန်းကြိုး ကရွတ်ကလေး ဖြစ်လာအောင် ဝ,လုံးပုံဝိုင်း ပတ်ခွေတယ်။ အခွေလေး

သွပ်နန်းကြိုး အလယ်ကနေပြီး ဝ,လုံးဝိုင်း ဘယ်နဲ့ညာအစ နှစ်ဖက် လက်ဝဲ လက်ယာ ဆန့်ကျင်ဘက် ရစ်ရစ်ပြီး တွန့်တွန့်တင်လိုက်တယ် လုံတင်ဖို့ ကရွတ်ကလေး ဖြစ်သွားပြီ

သွပ်နန်းကြိုး နှစ်ဖက်အစ မုန့်အိမ်ကိုင်း အပေါ်ဘက်မှာ ချိတ် တိုင်းပြီးဖြတ်။ နှစ်ခုစလုံးကို ချိတ် လေးတွေကွေး ချိတ်ကြည့်။

နံပါတ်(၂)လုံ ဖောက်လုံတစ်လုံး ဝ,လုံးပုံ ကရွတ်အဝိုင်းကလေးအပေါ် ကို တင်ကြည့်။

နေရာအနေအထား ပုံမှန်ဖြစ် အဆင်ပြေ ချောသွားပြီဆိုတော့ ထားတဲ့ လုံခွံကလေးကိုယူ။



www.burmeseclassic.com

www.burmeseclassic.com

နာကျိုးထဲမှာ ပြဒါး(၅)မူးသား ဥပနာထားတဲ့ သဲခွက်ထဲက လုံကို သွပ်နန်းကြိုး ၀,လုံးပုံ အဝိုင်းလေးပေါ်ကိုတင်။

မှန်အိမ်လေးရဲ့ ပြောင်းထိပ်ဝနဲ့ သူ့အပေါ်က နာကျိုးပြဒါး လုံဖင်အကွာ အဝေးက လက်သန်းတစ်လုံး။ မလှမ်းမကမ်း။ အမှန်းအဆ။

လုံကို လုံငှားဖုံး မဖုံးရဘူးလို့ ဆရာဦးဟန်တိုးက မှာတယ်။

မှန်အိမ်ထဲကို ရေနံဆီထည့်။ မီးစာကို မီးညှိ။ မှန်အိမ်ပြောင်းကလေးကို စွပ်။ မီးတောက်အတက်အကျ။ အနိမ့်အမြင့်ကိုသိဖို့ မီးစာကို ကစားကြည့်။

မီးတောက် တေဇောအားကို မောင်ဖိုးဟန် ချင့်ချိန်နိုင်ပြီ။ မီးစာကို လျှော့ချ။ မီးမှိန်မှိန်ကလေးထား။

မောင်ဖိုးဟန် မှန်အိမ်ပြောင်းဝနဲ့ လုံဖင် အံ့ဝင်ခွင်ကျ ဖြစ်မဖြစ်ကို ထပ်မံစစ်ဆေးကြည့်။ သတိ။ ပိုသည်မရှိ။ လိုမည်သိ။

သေချာပြီဆိုတာနဲ့ မှန်အိမ်မီးစာ ကလစ်ကလေးကို ဖြည်းဖြည်းရစ်လှည့်ပြီးတင်။ လိုချင်တဲ့ မီးရှိန်အရောက်မှာ ရပ်။ မီးရှိန်ပျော့ပျော့လေးကစပြီး မီးတင်လို့ ကစား။

မီးတင်ကစားလို့ (၁၀)မိနစ်လောက် အကြာမှာ မှန်အိမ်မီးပေါ်ကလုံ တော်တော်ပူနေပြီ။ လုံကို ဖိုးဟန် မကိုင်နိုင်ဘူး။ အဲသလောက်ကို ပူတာ။ တေဇောလေ...

နေ့မီးညမီး နေ့နေ့ညည မီးတင်။

နေ့ဘက်မှာ မီးစာမြှင့်လိုက်၊ မီးမြှင့်လိုက်၊ မီးစာနှိမ့်လိုက်၊ မီးနိမ့်လိုက် ရေနံဆီ နည်းသွားပြန်ရင် ဖြည့်ထည့်လိုက်။

ညမှာတော့ မှန်အိမ်မီးပျော့ပျော့လေးနဲ့ တစ်ညလုံး ညလုံးပေါက် မီး



အလင်း မီးတင်၊ နေ့ရောက်တာနဲ့ မီးခွင်ပြောင်း အကြောင်းကြောင်းကို ထောက်ထား ချိန်ချိန်ဆဆ မီးကစား။

ပြဒါးဆိုတာက ဘယ်လိုပဲ မီးကစား ကစား မီးပြင်းတော့ မကြိုက်တာအမှန်။ အချော့ကြိုက်တာကတော့ ကေန်။

မီးမှန်သာဆိုရင်တော့ လှုပ်ရှားမှုမရှိ။ ပကတိအခြေအနေ။

မီးစာလေးများမြှင့်မိလို့ မီးများ ပြင်းသွားပြီဆိုရင် လုံထိပ်မှာရှိနေတဲ့ နာကျိုးအမှုန့်ကလေးတွေက လုံ အလယ်တည့်တည့်ကစပြီး လှုပ်ရှားလာတယ်။

သဲဆန်ဆန်မြေကြီး ကတော့ပုံ တွင်းကလေးထဲကို ဖုတ်ကောင်လေး တစ်ကောင် ယက်ပြီး ဝင်သွားတော့ တွင်းကလေးအလယ်က မြေမှုန့်ကလေးတွေ လှုပ်လှုပ်သွားသလိုမျိုး။ အဲသလို ဖြစ်လာရင်တော့ မီးရှိန်လျှော့ မလျှော့ရင် လျှော့မယ်။

မီးတင်လို့ (၃)နေ့နဲ့ (၃)ည ပြည့်တဲ့ (၄)ရက်မြောက်နေ့ မနက် (၉)နာရီတိတိမှာတော့...

မှန်အိမ်မီးကလေးကို ငြိမ်းပြီး လုံကိုတော့ ချိတ်လျက်ကလေးပဲထားလိုက်တယ်။

နောက် (၂)နာရီကျော်ကျော် အကြာ မနက်စာစားအပြီး လုံလေးကို ကိုင်ကြည့်တော့ အလိုချမ်းလို့ အေးနေပြီ။ လုံကို သွပ်နန်းကြိုး ပုခက်စင်ကလေးပေါ်ကယူ။ ထမင်းစား ကြွေပန်းကန်ပြားကြီး တစ်ချပ်ထဲကို မှောက်ပြီး သွန်ချလိုက်တယ်။

အောင်မယ် မကျပါလား။ လုံအပေါ်ယံ နာကျိုးက ထိပ်တင်းနေပြီ။ အမှုန့်လေးတွေ နည်းနည်းပဲ ကျလာတယ်။

လက်ပွတ်စူးအချွန်နဲ့ ထိုးလိုက်တာ စွတ်ခနဲ ဝင်သွားတယ်။ အချွန်ကလေးနဲ့ တဖြည်းဖြည်း ထိုး,ထိုးပြီး ဖွလိုက်တော့ နာကျိုးတွေ မွသွားပြီ။

လုံကိုစောင်းပြီး လှုပ်လှုပ် သွန်လိုက်တော့ ငုတ်တုတ်ကလေး ထိုင်နေတဲ့ ပြဒါးကို တွေ့ရတယ်။

ပြဒါးက ပထဝီဆောင်လို့ ခဲနေပါပကော။

လုံထဲကနေ ကြွေပန်းကန်ထဲကို ထွက်ကျလာတဲ့ပြဒါးလေးကို ညာဘက်လက်ညှိုးနဲ့ လက်မ ညှပ်ပြီး ကိုင်ကြည့်။ ဖိပြီး ညှစ်လိုက်တော့ မာလို့။ တင်းတင်းကြီး ပုံသဏ္ဌာန်မပျက်။

ပြဒါးခဲလေးရဲ့ အပေါ်အောက် ဘေးပတ်ပတ်လည်မှာ နာကျိုးအမှုန့်တွေ ကပ်နေတယ်။ တချို့နေရာတွေမှာ နာကျိုးအမှုန့်တွေနဲ့ ရောပြီး နာကျိုးအမှုန့်လေးတွေ ကပ်နေတာ တွေ့ရတယ်။

ပြဒါးခဲလေးကို ဘယ်ဘက် လက်ညှိုး လက်မနဲ့ ကိုင်၊ ညာဘက် လက်ညှိုးလေးနဲ့ ကပ်နေတဲ့ နာကျိုးတွေကို ပွတ်ပွတ်ပြီး ချလိုက်တော့ မစင်သေး။ လက်ကိုင်ပဝါအဖြူလေးထဲကို ထည့်ပြီး သုတ်ပေးလိုက်တော့ ပြောင်သွားပြီ။

ပြဒါးခဲ ပြောင်ပြောင်လေးကို စားပွဲပေါ် ပစ်ချလိုက်တော့ ဒေါက် ဒေါက် ဒေါက် တဒေါက်ဒေါက်နဲ့ ထွက်လာတဲ့ အသံ။ မြည်တဲ့ဟန်ကိုက ပြဒါးခဲရဲ့ မာဆကို ပြနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

စားပွဲပေါ်က ပြဒါးခဲကို ကောက်ယူ။ ဖဲ့စေ့စေ့စပ်စပ် ကြည့်လိုက်တော့…

ပြဒါးခဲလေးရဲ့ အပေါ်ယံမှာ အလွှာကပ်ပြီး အထပ်ကလေးတစ်ထပ် ရှိနေသလိုပဲ အရောင်ကလဲ ပြဒါးရောင်လို မဝင်းဘူး။ မှိုင်းနေတယ်။

ဘဲဥကို ပြုတ်ပြီး အခွံခွာလိုက်တော့ ဘဲဥနဲ့ အခွံအကြားက အမြှေးပါး အဲဒီ အမြှေးပါးလေးကို နေလှန်းလိုက်တော့ နေအပူကြောင့် ခြောက်သယောင်သွားတဲ့ ဘဲဥအမြှေးပါးလေးရဲ့ အရောင်မျိုး ဖုန်သလိုလို၊ မှုန်သလိုလို။

လက်နဲ့ ဆ,ဆကြည့်လိုက်တော့ အလေးချိန်က တစ်နေတယ်။ ဂနစ်းတယ်။ မောင်ဖိုးဟန် ရွှေချိန်တဲ့ ချိန်ခွင်လေးနဲ့ ချိန်ကြည့်လိုက်တော့ (၅)မူးသားပဲ။ အလေးချိန် မလျော့။

ပြဒါးရည်က ပြောင်းသွားတဲ့ ပြဒါးခဲ ဒါပဲကွာတယ်။

နာကျိုးနဲ့တော့ ပြဒါးခဲပြီးပြီ။

ပြဒါးခဲက ပြဒါးခဲပဲ ခဲသွားတဲ့ ပြဒါးပဲ ခဲရုံရှိသေး။ မီးမနေသေး။

ပြဒါးမီးနေဖို့အရေး မောင်ဖိုးဟန် တွေးရပြီ။ ပြဒါးခဲလေး လက်ကကိုင် ငိုင်ရပြီ။ ကဲ…ဘယ့်နှယ်လုပ်မတုံး။

ဆရာဟန် တစ်ကွက်ချန်လိုက်တော့ ဖိုးဟန်မှာ ပြဒါးခဲမီးနေဖို့ ကြံရပြီ။

ပြဒါးမီးနေဖို့ဆိုတာ လွယ်မှတ်လို့ နုနုဖတ်ဖတ်ကလေး ယုယုယယနဲ့ကို သိမ်းသွင်းမှ ဆင်ကို ကျုံးသွင်းသည့်နှယ်။ ပယ်ပယ်နယ်နယ်။

တရုတ်မော်ရွာ ဥသျှစ်ပင်ကျောင်း ဆရာတော်ကြီးဦးကလျာဏ နှုတ်တော်က ထုတ်ဖော်လို့ မိန့်ဆိုခဲ့တဲ့ စကားတစ်ခွန်း။ ဖိုးဟန် နားထဲမှာ စွဲနေတယ်။ ကြားကြားနေတယ်။

ဆရာတော်ကြီး ဦးကလျာဏ ရဟန်းပျို့ဘဝက ဟင်္သာတမြို့ ခြသေ့်ဦး



ကျောင်း ဆရာတော်ကြီး ထံတော်ပါးမှာ ဝပ်စင်းလို့ တပည့်ရင်းအဖြစ်နဲ့ အဂ္ဂိရတ်မီးပညာ သင်ယူနေတဲ့ အချိန်…

‘ငါ့လူ မောင်ကလျာဏလေး လင်ပန်းဖင်ကိုသာ ဆုပ်မိချင် ဆုပ်မိမယ် ပြဒါးမိဖို့ဆိုတာ မလွယ်ဘူး’

လို့ ခြသေ့်ဦးဆရာတော်ကြီးက မိန့်ကြားတော်မူဖူးသတဲ့။

ဒါပေမယ့် အဲဒီအချိန် ပဥ္စင်းပျို မောင်ကလျာဏလေးက သာမဏေဘဝမှာကတည်းက ရွှေဖြစ်တဲ့ကိုရင်…

အဖြစ်နည်းလို့ သည်းကြီးအူခါ ပညာတွေကို လိုက်ရှာနေခဲ့တာ။ ပြည့်စုံအောင် ကုံလုံကြွယ်ဝဖို့ ထွက်ရပ်လမ်းကို မျှော်မှန်း ထွက်ရပ်မြန်းနိုင်ဖို့။

ပြဒါးမီးနေဖို့အရေး တွေးတောကြံဆရင်း မောင်ဖိုးဟန် စိတ်က ဆရာတော်ကြီးဦးကလျာဏဆီ ရောက်သွားတယ်။

ဩော်…ဆရာရင်း တပည့်ရင်းပေကိုး။

ဆရာတော် ခဏခဏ ပြောကြားလုပ်ရင်းကိုင်ရင်းနဲ့ မိန့်ကြားခဲ့တာက…

‘မီးလိမ္မာမှ… မီးလိမ္မာမှ… မီးလိမ္မာမှ’

နောက်တစ်နေ့မနက် မိုးစင်စင်လင်းတာနဲ့ အန္တောချော်ဟောင်းတွေကို မောင်ဖိုးဟန် ထောင်းတယ်။ သံဆုံကလေးကတော့ ရှံ့လို့,မှဲ့လို့ တဒိုင်းဒိုင်း။

ဖော်မံထားတဲ့ ဖောက်လုံနံပါတ်(၃… ထဲကို (၅)မူးသား ပြဒါးခဲလေးကိုထည့်… သူ့အပေါ်က အန္တောချော်ဟောင်… ထောင်းထားတာတွေကို တင်ထည့်… ဖိဖိပြီး သိပ်၊ လုံနှုတ်ခမ်းနဲ့ စပါး… တစ်ထောက်စာအရောက်မှာ ရပ်။ … ငှားဖုံးလေးကို ဖုံး။ သဲခွက်ထဲမှာထည့်… တည် အဲဒါပြီးသွားတော့…

အိမ်ခေါင်းရင်းဘက် သရက်ပင်… အောက် ငှက်ပျော(၃)ရုံဆိုင်တဲ့နေ… အဲဒီနေရာလေးကို မောင်ဖိုးဟန် ရှ… တယ်၊ လင်းတယ် တစ်လံပတ်လည်…

မြေကွက်အလယ်မှာ ကျင်းကလေး… တစ်ကျင်းကို တူး။ ဖော်မံထား… နံပါတ်(၃)ဖောက်လုံ ချောင်ချောင်… လုံပတ်လည် လက်တစ်လုံးအကျ… အထိကျယ်။ ဖောက်အနက်က လက်… (၅)လုံး။

မြေတွင်းကလေးထဲကို သဲထည့်… သဲခွက်ထဲက ဖောက်လုံနံပါတ်(၃)… ယူ။ မြေကျင်းကလေးထဲမှာ လုံ… ထည့်ကြည့်။ လုံကိုမြှောက်လိုက်၊ … ထည့်လိုက်၊ လုံငှားဖုံးကို ဖွင့်ထား… လိုက်။

လုံကို မြှောက်,မြှောက်ပြီး သဲထည့်… လိုက်တာ လုံထိပ်နှုတ်ခမ်းက မြေတွ… နှုတ်ခမ်းနဲ့လဲညီရော လုံငှားဖုံးကို ပြန်… လိုက်တယ်။ လုံပတ်လည်မှာ သဲထ… ကျပ်၊ သဲထူးခတ်လိုက်ပြီ။

အချင်း(၆)လက်မ၊ အမြင့်(၁… လက်မ သွပ်ပြားခွေပတ် မြေနီကပ်ထား… တဲ့ဘောမှာ အပေါက်မပါတဲ့ လေဖိုထော… ကို စွပ်လိုက်တယ်။ အလယ်တည့်… တည့်မှာက…လုံ။

လေဖိုလေးရဲ့ အောက်နှုတ်ခမ်း… မြေပြင်နဲ့တစ်ညီတည်း ထိကပ် တစ်… တည်း။

www.burmeseclassic.com



ဖားဖိုမှာသုံးတဲ့ ပန်းပဲမီးသွေးကို ဆန်ကာချ အောက်ကို ထွက်ကျလာတဲ့ မီးသွေးအစအန အသေးအနုပ်ကလေးတွေ စုထားတာကို ယူ။

လုံငှားဖုံးကို ဘယ်ဘက်လက်နဲ့ ကိုင်ထားတဲ့ ညှပ်နဲ့ ထောက်ထား။ လုံငှားဖုံးအပေါ်ယံက မီးသွေးအသေးအနုပ်ကလေးတွေကို ညာလက်နဲ့ ဆုပ်ဆုပ်ပြီး လက်တစ်ဆုပ် လက်တစ်ဆုပ်စီတင်။ လက်(၃)လုံးလောက်မှာရပ်။

သူ့အပေါ်မှာ မီးဖိုချောင်က မီးတစ်ခဲ ညှပ်နဲ့ ဆွဲပြီးတင်။ လေဝင်ဖို့အပေါက်ဖောက်။

လေဖိုအဝိုင်း အောက်ခြေ မြေပြင်မှာ ကြိုက်ပုံ ထောင့်(၃)ထောင့်ညီညီ နေရာလေးမှတ် (၆)လက်မ ဆောက်ပါးသံချောင်းလေးနဲ့ မြေကြီးတွေကို ထိုးထိုးပြီး ကော်။ အနေတော် လေဝင်ပေါက်ကလေးရအောင် မြေကြီးတွေကို ကော်ကော်ထုတ်။ လခြမ်းပုံ အပေါက်ကလေး (၃)ပေါက်၊ ထောင့် (၃)ထောင့်မှာ ကိုယ်စီကိုယ်စီ လေဝင်ပြီ။

လေဖိုမှာမီးကူးပြီ။ မီးဝိုင်းလာတာနဲ့ မီးရှိန်ပေး။ မီးသေး မီးလေး အေးအေးလေး။

မီးသွေးတွေအကျမှာ မီးသွေးပြာတွေကို လေပေါက်ကလေး(၃)ပေါက်ကနေ ကော်ကော်ထုတ်။ လေဖွင့်ပေးမီးသွေးထပ်ထည့် လက်(၃)လုံးထက်တော့ မပိုစေနဲ့။

မီးသွေးတစ်အုပ် ကျသွားတိုင်း၊ ကျသွားတိုင်း လုံအနေအထားကိုကြည့်။ မီးသွေးဖြည့်၊ လုံကို ဆွဲတင်ဖို့ မစဉ်းစားနဲ့၊ လက်မယားနဲ့ ငြိမ်ငြိမ်နေ။

မီးသွေး လက်(၃)လုံးထု မီး(၅)အုပ်ကျသွားတော့ မောင်ဖိုးဟန် လုံငှားဖုံးပေါ်က မီးခဲတွေကို ညှပ်ရှည်နဲ့ ဆွဲဆွဲညှပ်ပြီးယူ။ လေဖိုအတွင်းနှုတ်ခမ်းဘေးကို ကပ်။

လုံဖုံးပေါ်က မီးသွေးပြာတွေကို (၃) မူးလုံး သံပိုက်ကောက် ကွေးထားတာလေးနဲ့ မှုတ်၊ ထုတ် လုံငှားဖုံးလေးကို ညှပ်ရှည်နဲ့ ဆွဲညှပ်ပြီးဖွင့် ကြည့်လိုက်တော့ လုံထဲမှာ အပေါ်ယံက ချော်ပျော်နေပြီ။

အရည်တော့ မလည်သေး၊ မသွက်သေး။

ချော်ဟောင်း အမှုန့်အရည်ပျော်က လုံတစ်ဝက် နင်းနေပြီ။ ဟောက်ကျသွားတာ။ ချော်ဟောင်းအမှုန့်တွေ ထပ်ထပ်ထည့်။ ချော်ပျော်မှထပ်ထည့်။

လုံထဲက ချော်အပူ၊ လုံပေါ်က မီးသွေးအပူ၊ လုံဘေးပတ်လည်က သဲအပူ။ သုံးပွင့်ဆိုင်တော့ဖော ညှပ်ပူးညှပ်ပိတ် ပြဒါးခံနိုင်တဲ့ အပူဟိတ်နဲ့။

စိတ်တိုင်းကျစီမံ မောင်ဖိုးဟန် လျှောက်လှမ်းနေတာက နည်းလမ်းအမှန်၊ မီးအမှန်။

နည်းလမ်းကလဲမှန်၊ မီးကလဲမှန် ဘာလိုသေးလဲ။ ရွှေခရီးဆက်ဖို့ရန် မီးမှန်မှန်နဲ့ ပြဒါးကို ဖိလိုက်တာ ညနေ (၅)နာရီထိုးပြီ။ လေဖိုကို ဒီအတိုင်း ပစ်ထားလိုက်တယ်။

တစ်ညလုံး သီတာတေဇော တစ်နေ့လုံး ဥဏှတေဇော။

ဒုတိယနေ့မနက်မှာလဲ ဒီလိုပဲ မီးတင်။ လေဖိုခွက်ကလေးနဲ့ လေဖိုလေးရဲ့တစ်ဖက် လေကြောင်း လွတ်တဲ့ဘက်မှာ အနောက်အရပ်မှာ မောင်ဖိုးဟန်လေ သူ အရှေ့အရပ်ကို မျက်နှာမူလို့ ဖိမ်ခံနေတယ်။ ပက်လက် ကုလားထိုင်ကလေးနဲ့။

စားပွဲဝိုင်း အပုလေးပေါ်မှာတော့ ရေနွေးဓာတ်ဘူး၊ လက်ဖက်သုပ်နဲ့ မြေပဲကြော်၊ သရက်တစ်ပင်ရွာက ထွက်တဲ့ ထန်းလျက်ကလေးက ပန်းကန်တစ်လုံး။ ကိုက်လိုက်ရင် ထောက်ခနဲ ထောက်ခနဲ လျှာဖျားမှာကတော့ ရှတတအရသာ။

မနေ့ကနဲ့ မတူဘူး၊ မီးကစားတာ တစ်မူထူးတယ်။ ဖိုခွင်ကတော့ မူလအတိုင်း။ လုံထားသာ ပြောင်းသွားတယ်။ မီးစတင်တဲ့ အချိန်ကနေ မီး(၃) အုပ်အကျမှာ လုံငှားဖုံးကို ဖွင့်ကြည့်တယ်။ ချော်ပျော်နေပြီ။ ချော်ဟောင်းထောင်းထားတာ နည်းနည်းထပ်ပြီး ဖြည့်တယ်။ မီးဆက်။

မီး(၅)အုပ်မှာ လုံကို စပါးလုံး တစ်ထောက်စာလောက် အပေါ်ကို ဆွဲတင်တယ်။ မီး(၇)အုပ်ကျတဲ့အထိ လုံအနေအထား နောက်ထပ်မပြောင်းဘူး။ ဓာတ်ငြိမ်တယ်။ ချော်ငြိမ်တယ်။ ဓာတ်မထွက်ဘူး။

မီး(၈)အုပ်မှာ နောက်ထပ် စပါးလုံး တစ်လုံးစာ လုံကို ဆွဲတင်ပြန်ပြီ။

အဲဒီလုံအနေအထားက ညနေ (၅) နာရီသာ ထိုးသွားရော မပြောင်းဘူး။ မီးရပ်သွားတဲ့အထိ။

တတိယနေ့ မနက်(၈)နာရီ၊ မီးစတင်ပြန်ပြီ။ လုံနှုတ်ခမ်း မြေပြင်ညီ လုံငှားဖုံး,ဖုံး။ မီးဆိုက် ညနေ(၅)နာရီထိုး ရှေ့မတိုးဘဲ မီးကိုရပ်၊ လက်စသတ်လို့ အလုပ်သိမ်း။

---

**ရွှေလ ဆက်ဖတ်ပါရန်**


**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com

(၄)ဂဏန်း





ဘာသာစကား(၂၉)

ဟူကွင်းဇီ

ကမ္ဘာမြေဆိုင်ရာ အမှတ်အသား ဖြစ်သည်။ စတုရန်း၊ ကုဗတုံး၊ နွေဦး–နွေ၊ ဆောင်းဦး–ဆောင်း ဟူသော ရာသီဥတု လေးခု၊ အရပ်လေးမျက်နှာ အညွှန်းပါဝင်သော လမ်းပြအိမ်မြှောင် စသည်တို့ဖြင့်လည်း ကိုယ်စားပြုဖော်ပြတတ်ကြသည်။

လက်တွေ့ကျသော ရုပ်ပိုင်းဆိုင်ရာတွင်သာမက စိတ်ခံစားမှုဆိုင်ရာ သင်္ကေတလည်းဖြစ်သည်။ အထက်ပါ သင်္ချာနိတူ သင်္ကေတများတွင် စတုရန်း၊ ကုဗတုံး၊ လမ်းပြအိမ်မြှောင်တို့မှာ ရုပ်ပိုင်းဆိုင်ရာ အကောင်ခြုပ်ရှိသော သင်္ကေတများဖြစ်၍ ရာသီဥတုလေးခုကား စိတ်ပိုင်းဆိုင်ရာ ခံစားသိ သင်္ကေတဖြစ်သည်။

ယင်းကဲ့သို့ ခံစားသိ သင်္ကေတကို အရှေ့တိုင်း အထူးသဖြင့် တရုတ်တို့၏ အယူဓလေ့တွင် ပိုမို၍ တွေ့ရ၏။ ယင်းတို့၏ ဓလေ့တွင် လေးဂဏန်း(၄)သည် သေခြင်းတရား၏ နိမိတ်ပုံဖြစ်သည်။

သက်မဲ့ရုပ်ကလာပ်ကို ထည့်သွင်းသယ်ဆောင်ရာတွင် နောက်ဆုံးအနေဖြင့် အခေါင်းဖုံးကို ထောင့်လေးထောင့်၌ သံမှိုလေးချက် ရိုက်နှက်ခြင်းဖြင့် ဘဝနိဂုံး အဆုံးသတ်ကြသည်။

ထို့ကြောင့်ပင် လူကြီးသူမများက **"သံမှိုလေးချက်မရိုက်မီတွင် ငါ့သား၊ ငါ့မယား၊ ငါ့ဥစ္စာဟူ၍ မမှတ်နှင့်"** ဟု ဆုံးမသြဝါဒပေးကြသည်။

သင်္ခါရ ပြောင်းလဲ ပြုပြင်စီရင်ခြင်းသဘောကို သင်ကြားပေးကြသည်။ မိမိ မသေမီကာလအတွင်း ပိုင်ဆိုင်မှုများ ပြောင်းလဲ ဆုံးရှုံးရတတ်သဖြင့် တစ်ထစ်ချ အယူအစွဲမကြီးစေရန် သတိပေးခြင်းဖြစ်သည်။

(၄)ဂဏန်းခြေကို **စီရှ်**(Si)ဟု ခေါ်၍ သေဆုံးခြင်းကိုလည်း **စီရှ်**(Si)ဟု ခေါ်၏။ (၄)ဂဏန်းမှာ သံပြတ်ဖြစ်၍ သေဆုံးခြင်းက တက်သံဖြစ်သည်သာ ကွာခြား၏။

ထို့ကြောင့် တရုတ်တို့က (၄)ဂဏန်းကို အမင်္ဂလာဂဏန်းအဖြစ် သတ်မှတ်သည်။ သို့သော်လည်း (၄)ဂဏန်းကို လုံးဝ ပစ်ပယ်သည်တော့ မဟုတ်ပေ။ အနယ်နယ်အရပ်ရပ် နှံ့စပ်ခြင်း၊ အစိတ်စိတ် အမြွာမြွာ စသည့် အဓိပ္ပာယ်များ ဆောင်ယူ သုံးစွဲသည်လည်း ရှိသည်။

ခြေနှစ်ဖက်၊ လက်နှစ်ဖက် ပေါင်း လေးဖက်ကို ရည်ညွှန်း၍ ချွေးမြေကျအောင် အားကြိုးမာန်တက်၊ အားစိုက်ခွန်စိုက် လုပ်ကိုင်ကြိုးစားခြင်း အနက်အဖြစ်လည်း သုံးကြသည့်အပြင် အနောက်တိုင်း အယူအဆကဲ့သို့ ရာသီလေးခု တစ်ပတ်လည်ခြင်း **(မြန်မာမှုတွင် တစ်ဆယ့်နှစ်ရာသီ)= ရာသီချိန်ခါမရွေး**ဟူသော အဓိပ္ပာယ်လည်း ဆောင်ယူတတ်သည်။

မကြာသေးသော အတိတ်ကာလက တရုတ်ဝေါဟာရ အဘိဓာန်ကို **(လေးထောင့်ဂဏန်း) စီရှ်ကျောင်ဟောက်မား**(Sì Jiǎo Hào Mǎ)ဟု ခေါ်ခဲ့ကြသည်။

တရုတ်စာလုံးတစ်လုံး၏ အဓိပ္ပာယ်ကို ရှာဖွေရာတွင် အထက်အောက် ထောင့်လေးထောင့်ကို စိစစ် ရှာဖွေရသည်။ **(တရုတ်စာလုံးမှာ ယေဘုယျအားဖြင့် လေးထောင့် စတုရန်းပုံစံရှိ၏။)**

ထိုသို့ စိစစ်ရှာဖွေရာ၌ စာလုံးပုံစံကို (သုည)ဝမှ ကိုး(၉)အထိ ဂဏန်းများဖြင့် ခွဲခြားထားသည်။

**ဥပမာ။** ။ ၀=(⼇)၊ ၁=(—)၊ ၂( | ) စသည်ဖြင့် ၉=(⺌) အထိ ခွဲခြားထား၏။

ထို့ကြောင့် မိမိရှာဖွေမည့် စာလုံး၏ လက်ဝဲအပေါ်ထောင့် ဖွဲ့စည်းပုံ၏ ဂဏန်းခြေကို ဦးစွာ ရှာရသည်။ ထို့နောက် လက်ယာအပေါ်ထောင့်၊ လက်ဝဲအောက်ထောင့်၊ လက်ယာအောက်ထောင့်ဟူ၍ ထောင့်လေးထောင့်၊ ဂဏန်းလေးလုံးအရ အညွှန်းပါ စာမျက်နှာတွင် အဓိပ္ပာယ်ကို ဖတ်ရှုရလေသည်။

(၂၀)ရာစု အလယ်ပိုင်းခန့်တွင် ရောမအက္ခရာများဖြင့် တရုတ်အသံဖလှယ်သည့်စနစ် တီထွင်လာသောအခါတွင် လေးထောင့်ဂဏန်းစနစ်သည် အနည်းငယ် ရှုပ်ထွေးသည့် (အတိတ်တစ်ခေတ်က) အဘိဓာန်ရှာနည်းအဖြစ် ကျန်ရစ်ခဲ့လေသည်။

နောက်ပိုင်း တရုတ်ဝေါဟာရ အဘိဓာန်များတွင် ရောမအက္ခရာဖြင့်




www.burmeseclassic.com

www.burmeseclassic.com

သာ စာမျက်နှာ စီစဉ်ထားကြပေသည်။

## (၅)ဂဏန်း




(၅)ဂဏန်းကို လူသား၏ ကျန်းမာရေးနှင့် ချစ်ခြင်းမေတ္တာအဖြစ် အဓိပ္ပာယ်ဖွင့်ကြသည်။ လူတစ်ဦးအတွက် ထိန်းချုပ်လှုပ်ရှားရသော ခြေ,လက် လေးဖက်နှင့် ဦးနှောက်တည်ရာ ဦးခေါင်းတို့ စုစုပေါင်း (၅)ခုကို ရည်ညွှန်းခြင်း ဖြစ်သည်။

ထို့အပြင် လက်ချောင်းလေးချောင်းနှင့် လက်မတစ်ချောင်း စုစုပေါင်း လက်ချောင်း(၅)ချောင်းဖြင့် ကိုင်တွယ်လှုပ်ရှားရခြင်းအဖြစ်ကို လည်းကောင်း၊ အဓိကကျသော အညွှန်းမှတ်လေးခုနှင့် ဗဟိုချက်တို့ကို ရည်ညွှန်း၍လည်းကောင်း သင်္ကေတပြုကြသည်။

ကောင်းကင်ဘုံရှိ အဓိကရအင်အားစုများ ပေါင်းစည်းခြင်းဟု ယူဆသည်။ ကျိုသြမေတြိုပညာအရ ပုံဖော်ထားသောပဉ္စဂံ သို့မဟုတ် ငါးမြှောင့်ကြယ်ဖြင့်လည်း သင်္ကေတ ဖန်တီးကြသည်။

အဆောက်အအုံတစ်ခု၏ အခြေခံအုတ်မြစ်သည် လေးထောင့် စတုရန်း သို့မဟုတ် လေးထောင့် စတုဂံပုံသဏ္ဌာန်ရှိပါက အထက်မှ ဆောက်လုပ်သော အဆောက်အအုံ ဖွဲ့စည်းပုံသည် ရိုးရှင်းလွယ်ကူပါသည်။

ပဉ္စဂံပုံ အုတ်မြစ်သည်ကား လေးထောင့်ပုံစံထက် ပိုမိုတွက်ချက် တွေးဆရသော မှတ်ဉာဏ်၏ အဆင့်မြင့် လုပ်ဆောင်မှုကို ဖော်ပြသည်။

ဤ ပဉ္စဂံအဆောက်အအုံများသည် ကောင်းကင်ဘုံနှင့် ဆက်နွယ်ကာ လျှို့ဝှက်နက်နဲသော စွမ်းအင်များ ကိန်းအောင်းသည်ဟု ယူဆကြလေသည်။**(အမေရိကန်မှ ပင်တဂွန် အဆောက်အအုံ၊ မြန်မာနိုင်ငံမှ ငါးမျက်နှာ စေတီပုထိုးများပုံစံ ဖြစ်သည်။)**

(၅)ဂဏန်းသည် ကိုယ်အင်္ဂါ အစိတ်အပိုင်းဆိုင်ရာ သဘာဝပုံစံအဖြစ် သတ်မှတ်သကဲ့သို့ ရုပ်ဝတ္ထုဆိုင်ရာ ဖွဲ့စည်းပုံ(၅)မျိုးကိုလည်း ရည်ညွှန်းသည်။

ယင်းသည် တရုတ်ခေလေ့တွင် ထင်ရှားစွာ တွေ့ရသောပုံစံ (၅)မျိုး ဖြစ်သည်။ **သစ်သား၊ မီး၊ မြေ၊ သတ္တုနှင့်ရေ** ဟူသော ကမ္ဘာတည် ဓာတ်ကြီးငါးပါးဖြစ်ကာ တရုတ်ဘာသာဖြင့် **ဝူယှီင်း**(Wǔ Xin'g)ဟု ခေါ်ကြသည်။


ထိုဓာတ်(၅)ပါးသည် ဖော်ပြပါ အစီအစဉ်အတိုင်း တစ်ခုက တစ်ခုကို ဖန်တီးမွေးဖွားပေးကြသည်။ ဥပမာ သစ်သားက မီးကို ဖန်တီးမွေးဖွား၍ မီးက မြေကို ဖန်တီးမွေးဖွားပေးသည်။ ဤဆက်သွယ်မှုကို **ရှန်းယှီင်း**(Shēng Xin'g)ဓာတိဖြစ်စဉ်ဟု ခေါ်ကြသည်။

အစဉ်အတိုင်း တစ်ဆင့်ကျော်ပါက ထိန်းချုပ်ခြင်း၊ အောင်နိုင်ခြင်းကို ဖြစ်စေသည်။

**ဥပမာ** ။ ။ သစ်သားက မြေကို ထိန်းချုပ်အောင်နိုင်၍၊ မြေက ရေကို၊ ရေက မီးကို၊ မီးက သတ္တုကို၊ သတ္တုက သစ်သားကို အစဉ်အတိုင်း ထိန်းချုပ်အောင်နိုင်ကြသည်။ ဤဆက်သွယ်မှုကို ခဲ့ယှီင်း(Ke Xíng) မရဏဖြစ်စဉ်ဟု ခေါ်လေသည်။

ထိုဓာတ်ငါးပါး၏ ဆက်သွယ်ပေါင်းစပ်မှုများသည် လောကအတွင်းရှိ လူမှုဆက်ဆံရေး၊ စစ်နည်းဗျူဟာ၊ ကျန်းမာရေးဆေးဝါးကုသမှု၊ အဆောက်အအုံတည်ဆောက်ခြင်း၊ ချစ်ခြင်းမေတ္တာ စသည်ဖြင့် နေရာအနှံ့အပြား၌ ပါဝင်ဖြစ်တည်လျက် ရှိသည်။ ဤတွင် (၅)ဂဏန်း၏ အဓိပ္ပာယ်ကို ဖော်ညွှန်းဖြစ်ရာ သိသာရုံမျှ ဖော်ပြခြင်း ဖြစ်ပါသည်။

## (၆)ဂဏန်း




ဆန့်ကျင်ဘက်နှစ်ခုကို ထိန်းညှိပေးခြင်းနှင့် ချိန်ခွင်လျှာ ညီမျှစေခြင်း၏ သင်္ကေတဖြစ်သည်။ မီးနှင့်ရေ၏ တြိဂံများ ပေါင်းစည်းမှု ဖြစ်သည်။ **(မီးနှင့်ရေ၏ သင်္ကေတများကို ၂၀၁၃ ခုနှစ်၊ ဖွန်လထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းပါ သင်္ကေတများ၏ ဘာသာစကား အမှတ်(၂၄)၊ စာမျက်နှာ (၁၀၁)တွင် ရှာဖွေကြည့်နိုင်သည်။**

ဤပေါင်းစည်းမှု သင်္ကေတဖြစ်သော ဂဏန်းခြေ(၆)သည် လူသား၏ ဝိညာဉ်ကိုလည်း ကိုယ်စားပြုပေသည်။


ဂရိ ရှေးဟောင်း အယူအဆအရမူ (၆)ဂဏန်းသည် အဖိုအမ လိင်(၂)မျိုးစလုံး ပါဝင်သော **ဒွိလိင်သတ္တဝါ** (Hermaphrodite)၏ ကိုယ်စားပြုသင်္ကေတ ဖြစ်သည်ဆို၏။ **(ဥပမာအားဖြင့် တီကောင်ကဲ့သို့ သတ္တဝါသည် ဒွိလိင်သတ္တဝါ ဖြစ်သည်။)**

* * *



www.burmeseclassic.com

www.burmeseclassic.com




အရပ်ညွှန်းသုံးခု
(3.Dimension)

(၆)ဂဏန်းသည် ဟင်းလင်းပြင် တစ်ခု၏ အရပ်ညွှန်းကိုလည်း ဖော်ဆောင်သည်။ ဟင်းလင်းပြင်တွင် အရပ်ညွှန်းသုံးခု ပါဝင်သည်။ ယင်းကို 3 Dimension ဟုခေါ်သည်။ 3D ဟု ဆိုလျှင် ယနေ့ခေတ် လူသိ များလိမ့်မည်။

2Dရုပ်ပုံ (ဥပမာ ဓာတ်ပုံတစ်ပုံ)တွင် ဘောလုံးကဲ့သို့ စက်လုံးအား စက်ဝိုင်းအဖြစ်သာ တွေ့မြင်ဖော်ပြနိုင်သည်။ 3Dကား စက်လုံးပုံသဏ္ဌာန်ကို ပီပြင်စွာ မြင်နိုင်အောင် သရုပ်ဖော်နိုင်သည်။ ပြားနေသော ရုပ်ပုံမှ ကြွတက်လာသောရုပ်ပုံ၊ မျက်စိအမြင်၌ အမှန်တကယ်မြင်ရပုံ ဖြစ်လာသည်။


ယင်းအတွက် အရပ်ညွှန်းဝင်ရိုး x,y,z ဟူ၍ သုံးခုလိုအပ်သည်။ ဝင်ရိုးသုံးခုဟုလည်း ဆိုနိုင်၏။ ဤတွင် မြင်ကွင်းသုံးခု ပါဝင်သည်။ xyမှ မြင်ရသောမြင်ကွင်း၊ yzမြင်ကွင်းနှင့် zxမြင်ကွင်းတို့ဖြစ်၏။

မြင်ကွင်းတစ်ခုစီတွင် အညွှန်း(အနား)(၂)ခုစီ ပါဝင်သဖြင့် စုစုပေါင်း မြင်ကွင်း(၃)ခုအတွက် အညွှန်း(အနား)(၆)ခုဖြစ်ရသည်။ **(သင်္ချာဘာသာရပ်ဆိုင်ရာ ဝေါဟာရများ ဖြစ်သော်လည်း လူအများ နားလည်နိုင်အောင် ကြိုးစားရှင်းပြထားပါသည်။)**

တစ်နည်းအားဖြင့် (၆)ဂဏန်းသည် ပျိုမျစ်သန့်စင်ခြင်း၊ စနစ်ဖယားတကျ ရှိခြင်း၏ အဓိပ္ပာယ်ကိုလည်း ဆောင်သည်။ အကြောင်းသော်ကား (69)(sixty-nine)(6နှင့်9သည် ပုံစံတူ၍ မောင်နှံစုံတွဲဟု တင်စား၏။)သည် နှစ်ကိုယ်ကျွမ်းပြီးသော ဖိုမတစ်စုံကို ရည်ညွှန်းတတ်ခြင်းကြောင့်ဖြစ်သည်။

တရုတ်ဓလေ့တွင်ကား (၆)ဂဏန်းသည် ချမ်းသာကြွယ်ဝခြင်းနိမိတ် ဆောင်ပေးသည်။ စီးဆင်းသည့် **လျို**(Liú)ဟူသော စကားလုံးနှင့် အသံထွက် ဆင်တူသဖြင့် စဉ်ဆက်မပြတ်ရှိခြင်း၊ သားစဉ်မြေးဆက် တိုင်အောင် ပျံ့နှံ့ခြင်း အနက်လည်း ဆောင်သည်။

## (၇)ဂဏန်း



ပြည့်စုံသော အစီအစဉ်၏ သင်္ကေတသို့မဟုတ် စက်ဝိုင်းတစ်ခု ပြီးစီးပြည့်ဝသော အချိန်ကာလဟု တင်စားကြသည်။

ဟင်းလင်းပြင်အညွှန်း အနား(၆)ခုနှင့် ဗဟိုချက်ပေါင်းသော် ရည်ညွှန်းမှတ်(၇)ခုဖြစ်၏။ ရက်သတ္တပတ် ပြည့်စုံစေရန် (၇)ရက်ရှိ၏။

ဂီတပညာတွင်လည်း **ဒိုင်အာတိုနစ်**(Diatonic) စကေးခေါ် အသံအနိမ့်အမြင့် (၇)သံဖြင့် စတင်ကာ သင်္ကေတ ရေးမှတ်ကြသည်။**(ယင်းကို အရှေ့တိုင်း (ဂီတ)သင်္ကေတ Oriental Note ဟု လည်းခေါ်ကြသည်။)**

ဒို(Do)၊ ရေ(Re)၊ မီ(Mi)၊ ဖာ(Fa)၊ ဆို(So)၊ လာ(La)၊ တီ(Ti)ဟူ၍ အမည် (၇)မျိုး ပေးထားသည်။

အနီ၊ လိမ္မော်၊ အဝါ၊ အစိမ်း၊ အပြာ၊ မဲနယ်၊ ခရမ်း ဟူ၍ ရောင်စဉ်ခုနစ်မျိုး သတ်မှတ်ခွဲခြားသည်။

အရှေ့တိုင်းရှိ တရုတ်ဓလေ့တွင်လည်း ဤကဲ့သို့ ရောင်စဉ်(၇)မျိုး သတ်မှတ်ချက်ရှိ၍ ဒွါရ(၇)ပေါက်ကိုလည်း ညွှန်းသည်။ မျက်နှာပိုင်းကို ဖော်ပြခြင်းဖြစ်ကာ မျက်စိ(၂)ကွင်း၊ နား(၂)ပေါက်၊ နှာခေါင်း(၂)ပေါက်နှင့် နှုတ်ခမ်းတစ်စုံတို့ ဖြစ်ကြသည်။

ရိုးရာထုံးဓလေ့အနေဖြင့် ကွယ်လွန်သူ၏ မိသားစုက ဒုမင်္ဂလဝတ်စုံကို ဝတ်ဆင်ကာ (၄၉)ရက်(၇×၇) ပြည့်မြောက်သောအခါ တမလွန်အတွက် ဆုတောင်းပွဲ ပြုလုပ်ပေးကြသည်။ **(မြန်မာမှုတွင် တစ်လပြည့်ဆွမ်းသွတ်ခြင်းနှင့် ဆင်တူ၏။)**

(၇)ဂဏန်းသည် နတ်ဒေဝတာဆိုင်ရာဂဏန်းဖြစ်၍ (၇×၇)=၄၉သည် တစ်ဘဝတာ ပြည့်စုံခြင်း ဖြစ်သည်ဟု ယူဆသည်။

**ထျန်းကန်းရှန်း**(Tiān Gāng Shēn) ခေါ် ကြယ်(၇)လုံး ပါဝင်သည့် ခုနစ်စင်တာရာ(ကြယ်)သည် လောကကြီးအတွင်း ဦးတည်ရာမဲ့ လမ်းပျောက်နေသူ လူသားများအတွက် ကောင်းကင်နတ်မင်းကြီးက တာဝန် ပေးအပ်ထားသော လမ်းပြတာရာ(ကြယ်)ပင် ဖြစ်လေသည်။


အရှေ့အနောက် ကမ္ဘာသမိုင်းဖြစ်စဉ်များအရ (၇)ဂဏန်းနှင့် ပတ်သက်ဆက်နွယ်သော ကာလများတွင် အပြောင်းအလဲများစွာ ပေါ်ပေါက်ခဲ့ရသည်ကို ညွှန်း၍ (၇)ဂဏန်းသည် **နာကျင်မှု၏ သင်္ကေတ၊ ရောဂါဘယနှင့် အနာတရဖြစ်ခြင်းတို့၏ နိမိတ်ပုံ** ဖြစ်သည်ဟုလည်း ကောက်ချက်ချကြလေသည်။

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com




▲ ထုက္ကန့်သိမ်ပုထိုးတော်ကြီး [ကောဇာ ၉၃၃ ခု(အေဒီ-၁၅၇၁)နှစ်တွင် ဘုရင်မင်းဖလောင်း တည်ထား ကိုးကွယ်ခဲ့သည်။ )]

# ထုက္ကန့်သိမ်ပုထိုးတော် မှ

## ရှေးခေတ်ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၁)

ဟန်းချိုထူးလှ
(ရှေးဟောင်းသုတေသန)

ရှေးမြို့တော်ဟောင်းတစ်ခု ဖြစ်သော မြောက်ဦးမြို့ဟောင်းတွင် "အိမ်အိုကျားကန်၊ မြို့အိုထုက္ကန်" ဟူသော တဘောင်အရ တည်ဆောက်လှူဒါန်းခဲ့သော ပုထိုးတော်ကြီးတစ်ဆူ ရှိပါသည်။

ထိုပုထိုးတော်ကြီးကို သမိုင်းအဆိုအရ **ထုက္ကန့်သိမ်ပုထိုးတော်ကြီး** ဟု ခေါ်ဆိုသည်ကို သိရှိရပါသည်။

ထိုပုထိုးတော်ကြီးသည် မြောက်ဦးမြို့နန်းတော်ကုန်း၏ မြောက်ဘက်မိုင်ဝက်ခန့်အကွာ **ရန်အောင်ဇေယျခေါ်သျှစ်သောင်း ပုထိုးတော်ကြီး**၏ အနောက်ဘက်၊ လေးမျက်နှာ ပုထိုးတော်ကြီး၏ အရှေ့တောင်ဘက် ခပ်ယွန်းယွန်းတွင် တည်ရှိပါသည်။


မူလ(ကတ္တာ) တောင်ကုန်းကို အုတ်တံတိုင်း ပတ်ပတ်လည်ကာရံပြီး စည်မျက်နှာကဲ့သို့ မြေညှိကာ တည်ဆောက်ထားသော ပုထိုးတော်ကြီး တစ်ဆူပင် ဖြစ်ပါသည်။

မြို့နိုင်ငံ၏ အကာအကွယ်အဖြစ် တည်ဆောက် ကိုးကွယ်ခဲ့သော ပုထိုးတော်ကြီးတစ်ဆူ ဖြစ်သည်ဟုလည်း သိရှိရပါသည်။

ထုပ်တန်းကြီးများသဖွယ် ကြီးမား ရှည်လျားသော ကျောက်တန်း ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားသောကြောင့်လည်း **"ထုက္ကန့်သိမ်"** ပုထိုးတော်ဟူ၍ ခေါ်တွင်သည်ဟု သိရှိရပါသည်။

ထုက္ကန့်သိမ်ပုထိုးတော်ကြီးကို ရခိုင်သက္ကရာဇ် ၉၃၃ ခုနှစ်(အေဒီ ၁၅၇၁ ခုနှစ်)တွင် ရခိုင်ဘုရင် မင်းဖလောင်းနှင့် မိဖုရားရှင်လတ်တို့က တည်ထားပူဇော် လှူဒါန်းခဲ့ပါသည်။

www.burmeseclassic.com




ထုက္ကန့်သိမ်ပုထိုးတော် တောင်ဘက်မြင်ပုံအဆွဲ

ပုထိုးတော်ကြီး တောင်မြောက် ပေအရှည် (၁၀၀)ကျော်ကျော်ခန့်၊ အရှေ့အနောက် (၁၂၃)ပေခန့်နှင့် ပုထိုးတော် အမြင့် (၄၅)ပေခန့် ရှိပါသည်။ ပုထိုးတော်ကြီး အနောက်ဘက်တွင် တစ်ဆက်တည်းကပ်လျက် ဥပုသ်ဆောင်တစ်ဆောင် ရှိပါသည်။

ဥပုသ်ဆောင် တောင်မြောက် (၄၆)ပေခန့်၊ အရှေ့အနောက် (၂၉)ပေခန့်နှင့် အမြင့်(၂၀)ပေခန့် ရှိပါသည်။ ဥပုသ်ဆောင်ကိုလည်း ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားပါသည်။

ထုက္ကန့်သိမ်ပုထိုးတော်ကြီးနှင့် ဥပုသ်ဆောင် တည်ဆောက်ထားသော ကုန်းတော် မဟာရံတံတိုင်း အမြင့်ပေ (၂၀)ခန့်ရှိပြီး အရှေ့အနောက် အကျယ် (၂၆၅)ပေခန့်နှင့် တောင်မြောက် အကျယ် (၂၀၆)ပေခန့် ရှိပါသည်။

ကုန်းတော်၏ အရှေ့တောင်ထောင့်၊ အရှေ့မြောက်ထောင့် မဟာရံတံတိုင်းတို့မှာ ထောင့်ချိုးများကို မသိမသာ ဖြတ်ထားသည့် အနေအထား တွေ့ရှိရပါသည်။

ကုန်းတော်၏ အနောက်ဘက်ခြမ်းမှာတော့ ဘဲဥထိပ်သဏ္ဍာန်တွေ့ရှိရပါသည်။ ပုထိုးတော်ကြီး တည်ရှိရာ ကုန်းတော်ပေါ်သို့တက်ရန် အရှေ့ဘက်နှင့် တောင်ဘက်မျက်နှာတွင်သာ ကျောက်လှေကားကြီး တွေ့ရှိရပါသည်။ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် မတွေ့ရှိရပါ။

မဟာရံတံတိုင်းများပင် ပျက်စီးနေပေပြီ။ ကျောက်လှေကားကြီးနှစ်ခုတွင် ကြီးမားရှည်လျားသော ကျောက်တုံးတန်းကြီးများဖြင့် လှေကားထစ်များ ပြုလုပ်ထားသည်။

ပုထိုးတော်ကြီး၏ နံရံများ၊ လိုဏ်ထပ်များနှင့် ဥပုသ်တော်ဆောင်ကို ကြီးမားရှည်လျားသော ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားသည်။

ပုထိုးတော်ကြီး ခေါင်မိုးနှင့် လိုဏ်ထပ်အတွင်းရှိ စင်္ကြံလမ်းများတွင် ဖျာချပ်ကဲ့သို့သော ကျောက်ဖျာကြီးများကို မိုးထား ခင်းထားသည်ကို တွေ့ရှိရပါသည်။

ပုထိုးတော်ကြီး ခေါင်မိုးပေါ်ရှိ အရံစေတီများလေးဆူနှင့် ဗဟိုဖင်မ စေတီတော်ကြီးတို့ကို အုတ်ဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။

ဥပုသ်တော်ဆောင်မှာ ထုက္ကန့်သိမ်ပုထိုးတော်ကြီးနှင့် တစ်ဆက်တည်းဆောက်ထားပြီး ပုထိုးတော်ကြီး၏ အနောက်တောင်ဘက်တွင် ကပ်လျက်တည်ရှိပါသည်။

ပုထိုးတော်ကြီး၏ လိုဏ်ဂူတော်အတွင်းသို့ ဝင်သော ဝင်ပေါက်မှ ဝင်ကာ အပြင်လိုဏ်ထပ်ကို အနည်းငယ်ကျော်ဖြတ်ပြီးမှ ဥပုသ်တော်ဆောင်သို့ ဝင်သော မုခ်သို့ ရောက်ရှိပါသည်။

ဥပုသ်ဆောင်နှင့် ပုထိုးတော်ကြား၌ ဥပုသ်ဆောင်၏ ဝင်ဝတွင် ပုထိုးတော်ကြီး၏ ခေါင်မိုးပေါ်သို့တက်ရန် ကျောက်လှေကားငယ်တစ်ခု ရှိသည်။ ကျောက်လှေကားထစ် ငါးထစ်ဖြင့် တွေ့ရှိရ၏။

လှေကားရင်းတွင် မူလက ရေးထိုးထားခဲ့သော ကျောက်စာနှစ်ချပ်ရှိသည်။ ကျောက်စာများမှာ ရေတိုက်စားသွားသဖြင့် ပျက်ပြယ်နေသည်ကို တွေ့ရှိရပါသည်။

ပုထိုးတော်ကြီး၏ မြောက်ဘက်နံရံ မုခ်ဝတစ်ခုတွင်လည်း "**မုတ်သုန်ဝ**" ဟူ၍ ရေးထိုးထားသော စာတစ်ကြောင်း တွေ့ရှိရပေသည်။ ရင်ပြင်တော်မှလည်း ကျောက်စာအပိုင်းအနည်းငယ်ကို တွေ့ရှိရသည်။

ပုထိုးတော်ကြီး၏ ခေါင်မိုးပေါ်တွင်





www.burmeseclassic.com

www.burmeseclassic.com

ထောင့်လေးထောင့်၌ စေတီရံငယ်တစ်ဆူကျစီ ရှိသည်။ အလယ်တည့်တည့်တွင် ဗဟိုစေတီတော်ကြီးနှင့် မုခ်ပေါက်တစ်ခု ပါရှိသော ပေါင်းကူးခေါင်မိုးတစ်ခု ရှိသည်။

ယင်း ပေါင်းကူးခေါင်မိုးမှ ဂန္ဓကုဋိတိုက်ခန်း တွေ့ရှိသည်။ ခန်းရှေ့ရှိ လိုဏ်ခန်း ပေါင်းကူးခေါင်မိုး ဖြစ်ပါသည်။ ဤ ပေါင်းကူးခေါင်မိုး၏ မုခ်ပေါက်မှာ ဂန္ဓကုဋိတိုက်ခန်းအတွင်းရှိ ဆင်းတုတော်ကြီးကို ဖူးမြော်ကြည်ညိုနိုင်ရန် အလင်းပေးသော အလင်းပေါက်ကြီးဖြစ်သည်။


စေတီရံများနှင့် စေတီတော်ကြီးမှာ ခေါင်းလောင်းမှောက် ပုံသဏ္ဌာန်မျိုး ဖြစ်သည်။ ထီးတော်ကို မှိုပွင့်သဏ္ဌာန် တင်လှူထားပါ၏။

ပုထိုးတော်ကြီး၏ လိုဏ်ထပ် အတွင်းသို့ဝင်ရန် အရှေ့ဘက် မျက်နှာစာ တောင်ဘက် ခပ်ယွန်းယွန်းတွင် မုခ်ဝင်ပေါက်တစ်ခုရှိသည်။ မုခ်ဝင်ပေါက် အမြင့်(၇)ပေ(၂)လက်မခန့်နှင့် အကျယ် (၃)ပေ (၈)လက်မခန့် ရှိပါသည်။

မုခ်ဝင်ပေါက်အပေါ်တွင် ကြီးမား ရှည်လျားသော ကျောက်တုံးတန်းရှည်ကြီးများဖြင့် ပေါင်းကူးထားသည်ကို တွေ့ရှိရပါသည်။

ဤဝင်ပေါက်မှစ၍ ထုက္ကန့်သိမ် ပုထိုးတော်ကြီးအတွင်းသို့ ခရုပတ်သဖွယ် လက်ယာရစ် ဝင်ရပါသည်။ ဝင်ဝင်ချင်း အပြင်လိုဏ်ပတ် အမြင့် (၁၀)ပေခန့်ရှိပြီး အကျယ်(၄)ပေ (၁၀) လက်မခန့် ရှိပါသည်။ လိုဏ်ပတ် လက်ဝဲ၊ လက်ယာ နှစ်ဖက်လုံးတွင် မုခ်ဖွင့်ဘုရားများ ရှိပါသည်။

မုခ်တစ်မုခ်စီ၏ အမြင့်(၃)ပေ (၃) လက်မခန့်နှင့် အကျယ် (၂)ပေ (၄)



ထုက္ကန့်သိမ်ပုထိုးတော်သမ္မုက်ပုံအခွဲ

လက်မခန့်စီ ရှိသည်ကို တွေ့ရှိရပါသည်။ မုခ်ထဲရှိ ဆင်းတုတော်များ ဉာဏ်တော်အမြင့်မှာလည်း (၂)ပေ (၇)လက်မခန့်ရှိပြီး ပခုံးစွန်းနှစ်ဖက် အကျယ်(၁)ပေ (၃)လက်မခန့်နှင့် ဒူးစွန်းနှစ်ဖက် အကျယ်(၁)ပေ (၁၀) လက်မခန့် ရှိကြပါသည်။

များသောအားဖြင့် ဆင်းတုတော်များမှာ **ပဇင်္ဂမုဒြာနှင့် ဘူမိဖဿ ဆင်းတုတော်မုဒြာများ** တွေ့ရှိရပါသည်။ တချို့ဆင်းတုတော်များမှာ သင်္ကန်းတော်ဖော်ထားပြီး တချို့ ဆင်းတုတော်များမှာ သင်္ကန်းတော် မဖော်ဘဲ ပူဖော်ထားသည်ကို တွေ့ရှိရပါသည်။

ဆင်းတုတော်တစ်ဆူ၏ ပလ္လင်တွင် သမင်လေးနှစ်ကောင်ဖြင့် ထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။

လက်ယာဘက်ရှိ ဆင်းတုတော်များမှာ ကျောက်တုံးတစ်တုံးတည်းကို ထုလုပ်ထားသော ရုပ်တုတော်များ ဖြစ်ကြပါသည်။ လက်ဝဲဘက်ရှိ ဆင်းတုတော်တချို့မှာ ရွှံ့စေးကို မီးဖုတ်ပြီး စဥ္ဆဝါရည်သုတ်ထားသော အုတ်ခေါင်းပွ ဆင်းတုတော်များ ဖြစ်ကြသည်။

လိုဏ်ပတ်လှမ်းထဲမှ ဘုရားတစ်ဆူစီ၏ မုခ်ပေါက် လက်ဝဲလက်ယာတို့တွင် နံရံကျောက်သားနှင့် တသားတည်း ထွင်းထုထားသော ရုပ်လုံးရုပ်ကြွ တစ်ဖက် တစ်ရုပ်ကျစီ ရှိသည်။


ထိုရုပ်လုံးရုပ်ကြွများကို စဥ္ဆရောင်စုံဖြင့် ခြယ်သခဲ့လိမ့်မည်ဟု ယူဆရပါသည်။ တချို့ ရုပ်လုံးရုပ်ကြွများတွင် လက်ရှိအခြေအနေ၌ စဥ္ဆရောင် အနည်းငယ် ကျန်ရှိနေသေးသည်ကို တွေ့ရှိရပါသည်။

လိုဏ်ပတ်လမ်း၏ တချို့ကြမ်းခင်းနေရာများတွင်လည်း စဥ္ဆရောင်များ တွေ့ရှိရပါသေးသည်။

ပုထိုးတော် တည်ဆောက်ခဲ့စဥ် မြောက်ဦးခေတ်လယ်၌ ရုပ်လုံးရုပ်ကြွ ကြမ်းခင်းများကို စဥ္ဆရောင်ဖြင့် တန်ဆာဆင်ခဲ့လိမ့်မည် ဖြစ်ပါသည်။

လက်ရှိ အခြေအနေတွင် မိုးရေများတိုက်စားမှုကြောင့် စဥ္ဆရည်များ အောက်ကျသွားသည်ကို တွေ့ရှိရပါသည်။ တချို့ ရုပ်လုံးရုပ်ကြွများမှာ စဥ္ဆရောင်များသာမက ကျောက်ဆစ်

www.burmeseclassic.com



ထုက္ကန့်သိမ်ပုထိုးတော်ပြတ်ပိုင်းပုံစံ

လက်ရာပါ ချောမွတ်ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။

ယခုနှစ်များတွင် ပုထိုးတော်ကြီး လိုဏ်ပတ်တစ်လျှောက် မိုးရေ ယိုစီးနေသည်ကို တွေ့ရှိရပါသည်။ မိုးရာသီတစ်ရာသီလုံး ရွာထားသော မိုးများမှာ ပုထိုးတော်ကြီးထဲတွင် စိမ့်ဝင်နေပြီး မိုးရေများ ပုထိုးတော်ကြီးထဲတွင် အိုင်ထွန်း စိုစွတ်နေသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ထုက္ကန့်သိမ်ပုထိုးတော်ကြီးအား မိုးရေ ယိုစိမ့်မှုနည်းပါးအောင် ယခုအချိန်တွင် ထိန်းသိမ်းသင့်နေပေပြီ။

မထိန်းသိမ်းလိုက်နိုင်ပါက နောင်နှစ်များတွင် မိုးရေ ဆက်လက်စိမ့်ဝင်လျှင် ရုပ်လုံးရုပ်ကြွများသာမက ပုထိုးတော်ကြီးတစ်ခုလုံး နောင်အရှည်တည်တံ့နိုင်ရေးအတွက် စိုးရိမ် ရင်လေးရပါသည်။

တတ်နိုင်သူများအနေဖြင့် ပုထိုးတော်ကြီး ရေရှည်တည်တံ့နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ထိန်းသိမ်းကြစေလိုပါသည်။

ပုထိုးတော်ကြီး လိုဏ်ပတ်တစ်လျှောက်တွင် မြောက်ဦးခေတ် တစ်ခေတ်လုံး၏ လူအဆင့်အတန်း၊ ဘွဲ့ထူး၊ ဂုဏ်ထူး၊ ရာထူးအဆင့်အတန်း၊ ယောက်ျားမိန်းမ အသက်အရွယ်အမျိုးမျိုးတို့၏ ဝတ်စားဆင်ယင် ထုံးဖွဲ့ပုံများကို အသေးစိတ် ထုလုပ်ထားပါသည်။

ရုပ်တုတိုင်းလိုလိုတွင် ဘုရားကို ပူဇော်နေဟန် ကြာဖူးတစ်ဖူးကျစီ လက်နှစ်ဖက်ဖြင့် ကိုင်ဆောင်ထားကြပါသည်။

မြောက်ဦးခေတ် တစ်ခေတ်လုံးတွင် ဝတ်စားဆင်ယင်ထုံးဖွဲ့ခဲ့သော မကိုဋ်သရဖူ၊ ဦးသျှောင်၊ ဗောင်းထုပ်၊ ဗောင်းတော်၊ ဆံထုံး၊ ပုတီး၊ နားတောင်း၊ ဘယက်၊ လက်ကောက်၊ လက်စွပ်၊ မောင်းကွပ်၊ ဆံထိုး၊ ရင်ထိုး၊ ဘာဓု (အင်္ကျီ)၊ ရင်ရှားထဘီ၊ ဒယော(ပုဆိုး)၊ စလွယ်၊ တဘက်၊ ခါးကြိုး၊ ဒွါဒရာ ပုံစံအမျိုးမျိုးတို့ကို အနုစိတ် ရှုမြင်နိုင်ပါသည်။

ယက္ခ၊ ကုမ္ဘဏ်၊ ဘီလူး၊ ဒွါရပါလရုပ်တုများကိုလည်းဆင်ယင်ထုံးဖွဲ့မှု အပြည့်ဖြင့် တွေ့ရှိရပါသည်။ ယခင်က ရုပ်လုံးရုပ်ကြွရုပ်တုပေါင်း (၅၈၄)ရုပ် ရှိသည်ဟုသိရှိရပါသည်။

ယခုအခါ ရုပ်လုံးရုပ်ကြွပေါင်း (၂၆၇)ရုပ်နှင့် ဆင်းတုတော်ပေါင်း (၁၄၉)ဆူ စုစုပေါင်း (၄၁၆)ရုပ်ခန့်သာ တွေ့ရှိရပါတော့သည်။

ရခိုင်တို့တွင် ဗောင်းတော်(၄၀)၊ စလွယ်တော်(၉)ပါး၊ ဆံထုံးထုံးနည်း (၆၄)မျိုးရှိခဲ့သည်ဟုသိရှိရပါသည်။ ရက္ခိုင်မဟာနိဒါန်းကျမ်းတွင် ရခိုင်တို့၏ ဆင်ယင်ထုံးဖွဲ့ပုံများကို အောက်ပါအတိုင်း ရေးစပ်သီကုံးထားပါသည်။

'ရက္ခိုင်နိဒါန်း၊ ကျမ်းဌ္ဌည့်နှံသား၊ ဥဒ္ဒါန်း... လာ၊ မဟာသမတ၊ မင်းမှစ၍၊ ရက္ခမဏ္ဍလာ... ပြည်ဓညာဝယ်၊ ဝံသာအပြား၊ မျိုးလေးပါး... ဝတ်စားဆင်ယင်၊ ထုံးဖွဲ့အောင်ကို၊ ပြင်ဆင်... သမှု၊ စဉ်ဆက်ပြု၍၊ ဂရုဂါရဝ၊ ပြုကြတုံရှော... ဆင်ယင်ပေါင်းကား...

ဗောင်းတော်လေးဆယ်၊ စလွယ်တော်... ပါး၊ ခါးကြိုးငါးရပ်၊ လက်စွပ်ရှစ်ဆယ့်... လည်ရစ်ကိုးခွေ၊ နဗေကိုးဆင့်၊ ကြည့်... တစ်ဆယ့်ခြောက်၊ လက်ကောက်နှစ်ဆ... ပန်းသွယ်ငါးမျိုး၊ ဆံထိုးရှစ်ခု၊ ပန်းပုရှစ်... ခြေစွပ်ခုနစ်ပါး၊ ကိုယ်လွှားငါးမျိုး၊ အဆိုအ... ထိုက်တန်လှသည့်၊ ရာဇအမတ္တာ၊ အလို့ငှာ... သေဋ္ဌီယနှင့်...

ဗြဟ္မဏာပုရောဟိတ်၊ နိမိတ်ဖတ်ဟူရား... ရှေ့ပြေးသံတော်ဆင့်၊ မျိုးမြင့်မျိုးမြတ်၊ ... အပ်ဆင်ရာ၊ အမြာမြာကို၊ လက်... ကုံးသတည်း'

လင်္ကာတွင် ဖော်ပြထားသည်



www.burmeseclassic.com

www.burmeseclassic.com

ရက္ခိုင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုများ အားလုံးကို ဤလိုဏ်ဂူတော်အတွင်းရှိ ရုပ်လုံးရုပ်ကြွများ၌ ဆင်ယင်ထုံးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။

လိုဏ်ဂူပတ်လမ်း၏ တစ်ဝက်ခန့်တွင် တံခါးပေါက် နှစ်ပေါက်ရှိသည်။ တံခါးပေါက်များတွင် တံခါးဆုံလည်များ တပ်ဆင်ရန် အပေါက်ဖောက်ထားသော ကြီးမားရှည်လျားသည့် ကျောက်တုံးတစ်တုံး ကျစီကို တစ်ဖက်တစ်ချက် တပ်ဆင်ထားပါသည်။

ပထမတံခါးကို ကျော်ဖြတ်လိုက်သောအခါ ယက်သွဲ့(ငါးသွဲ့)ထောင့်သဏ္ဌာန် အခန်းကျယ်တစ်ခုရှိသည်။ တရားကြီးစားအားထုတ်သော အခန်းတစ်ခန်းဟု သိရသည်။ ယင်းအခန်းကို ကျော်ဖြတ်ပြီးမှ ဒုတိယတံခါးကို တွေ့ရသည်။

ဒုတိယတံခါးကို ကျော်ဖြတ်လိုက်သောအခါ လိုဏ်ဂူ စင်္ကြံလမ်းမှာ လော်ရီကားကြီးများ သွားလာနိုင်သည့်အထိ ကျယ်ပြန့်လှသည်။ ဤအတွင်းလိုဏ်ပတ်လမ်း အမြင့်(၁၄)ပေခန့်နှင့် အကျယ်(၁၁၅)ပေခန့် ရှိပါသည်။

ဤလိုဏ်ဂူထပ်စင်္ကြံလမ်း အဆုံးတွင် ဘဲဥပုံသဏ္ဌာန် တံခါးပေါက်တစ်ခု ရှိပါသည်။ ယင်းတံခါးပေါက်မှဝင်ပြီး လှေကား(၉)ထစ် တက်ရပါသည်။

အပေါ်သို့ ရောက်သွားသောအခါ အာရုံခံရန် စတုရန်းပုံ အခန်းကြီး တစ်ခန်းရှိပါသည်။ ရှေးအခါက သာသနာပိုင်နှင့် ရဟန်းတော်ကြီးများ သံဃာ့အစည်းအဝေးကြီး ကျင်းပရာ ပဝါရဏာပြုရာ အခန်းဖြစ်ကြောင်း သိရပါသည်။

နံရံ၏ လက်လှမ်းတစ်မီခန့် အမြင့်၌ နံရံမှ ကျောက်စွန်းကြီးများပေါ်တွင် ဆီမီးခွက်များတင်၍ ထွန်းညှိနိုင်ရန် စီမံထားပါသည်။

ထိုအခန်းမှသည် လှေကားဖြင့် ဆင်းတုတော်ကြီး စံပယ်ရာ ဂန္ဓကုဋိတိုက်ခန်းသို့ တက်ရပါသည်။ လှေကား၏ လက်ဝဲလက်ယာ တစ်ဖက်တစ်ချက်စီတွင် ကြာပလ္လင်ဖြင့် စံပယ်နေသော လက်ဝဲရံလက်ယာရံ ကိုယ်တော်ကြီးနှစ်ဆူ ရှိပါသည်။

လှေကား၏ အပေါ်ဆုံး ဂန္ဓကုဋိတိုက်ခန်း၏ ဝင်ဝတွင် တံခါးဆုံလည်များ တပ်ဆင်ရန် ကျောက်ပေါက် (ကျောက်ခေါင်း)များ ရှိပါသည်။ ဂန္ဓကုဋိတိုက်ခန်းသည် ဗဟိုစေတီတော်ကြီး၏ အလယ်တည့်တည့် လိုဏ်ဂူဖြစ်ပြီး လခြမ်းသဏ္ဌာန် ဖြစ်ပါသည်။

လေနှင့်အလင်းများ ဝင်နိုင်ရန် လေးထောင့်ပုံအပေါက်များကို လိုဏ်ဂူတော် တစ်ခုလုံးတွင် စီမံထားရှိပါသည်။ ခေါင်မိုးပေါ်မှ အလင်းပေါက်ကြီးသည် အာရုံခံတိုက်ခန်းနှင့် ဂန္ဓကုဋိတိုက်ခန်းတွင် စံပယ်နေသော ဆင်းတုတော်ဘုရားကြီးကို လေဟာပြင်တွင် ဖူးတွေ့ရဘိသကဲ့သို့ မီးမောင်းထိုးပြနေသယောင် ရှိလှပါသည်။

ဂန္ဓကုဋိတိုက်ခန်းအတွင်းမှ မူလဆင်းတုတော်ကြီးမှာ ရတနာကိုးပါးဖြင့် သွန်းလုပ်ခဲ့သည့် ဆင်းတုတော်ကြီးဖြစ်သည်ဟု သိရှိရပါသည်။

မူလ ဆင်းတုတော်ကြီးကို မြောက်ဦးမြို့ ကျဆုံးသွားချိန်က မဃမာသူများ ချိုးဖွဲ့ဖျက်ဆီး သယ်ဆောင်သွားသည်ဟု သိရှိရပါသည်။

ကြွင်းကျန်နေခဲ့သော လက်မတစ်ချောင်း၊ လက်သန်းတစ်ချောင်းနှင့် ခရုခွေပုံစံ ဆံနွယ်များကို ဘဲဥပုံတံခါးလှေကားရင်းကို ရှင်းလင်းရာမှ တွေ့ရှိခဲ့ရပါသည်။

ယခု မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းလျက်ရှိပါသည်။ တွေ့ရှိရသော လက်ချောင်းများကို ထောက်ရှုပါက ဆင်းတုတော်ကြီးသည် (၇)ပေနီးပါးခန့် ရှိလိမ့်မည်ဟု ယူဆရပါသည်။

ဂန္ဓကုဋိတိုက်ထဲ၌ လက်ရှိစံပယ်နေသော ဆင်းတုတော်ကြီးမှာ ကျောက်ဆင်းတုတော်ကြီးဖြစ်ပြီး မြောက်ဦးမြို့ ပတ်ဝန်းကျင်တစ်နေရာမှ ရှေးဟောင်းဆင်းတုတော်ကြီးတစ်ဆူကို ပူဇော်ထားခြင်းဖြစ်ပါသည်။

မူလရတနာကိုးပါးဖြင့် သွန်းလုပ်ခဲ့သော ဆင်းတုတော်ကြီး ပျောက်ဆုံးသွား၍ ကျောက်ဆင်းတုတော်ကို အစားထိုးပူဇော်ထားခြင်း ဖြစ်ပါသည်။

ယခုဖူးတွေ့ရသည့် လက်ရှိဆင်းတုတော် ဉာဏ်တော်အမြင့် (၅)ပေ (၈)လက်မခန့်၊ ပခုံးစွန်းနှစ်ဖက် အကျယ် (၃)ပေ (၂)လက်မခန့်နှင့် ဒူးစွန်းနှစ်ဖက် အကျယ်(၄)ပေ (၉)လက်မခန့် ရှိပါသည်။

ထုက္ကန့်သိမ် ပုထိုးတော်ကြီး ဝင်ဝလိုဏ်ပတ်အတွင်း ဆင်းတုတော်လက်ဝဲလက်ယာ၌ တွေ့ရှိရသော နံရံကပ် ကျောက်ဆစ်ရုပ်ကြွများမှ ကူးယူထားသော မြောက်ဦးခေတ်လယ် အမျိုးသား၊ အမျိုးသမီး ဝတ်ဆင်ထုံးဖွဲ့မှု ကောင်းနိုးရာရာ လက်ရာတချို့ မပျက်စီးဘဲ ကျန်ရှိနေသည့် လက်ရာများကို ဖော်ထုတ် ရေးသားသွားပါမည်။

ရွှေလ ဆက်ဖတ်ပါရန်

**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

www.burmeseclassic.com

# ဆရာကြီး မင်းယက္ခ

## ၏ ဘဝအတွေ့အကြုံများ ( ၂၂ )





ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

ယခင်လမှ အဆက်

စာရေးသူ (မင်းယက္ခ) သည် နယ်များသို့ သိုင်းသွားသင်တိုင်း (အပျင်းပြေ သီချင်း နားထောင်ရန်နှင့် မှတ်တမ်း အဖြစ် အသံသွင်းရန်အတွက် (5310 Japan Cassette) တစ်လုံးကို ယူသွားလေ့ ရှိပါသည်။ (AC-DC)ရ၍ ဖွင့်ရတာ အဆင်ပြေသည်။ (1.5) ဓာတ်ခဲ(၆) လုံးဖြင့်ဖြစ်စေ (နိုင်းဗိုဘက်ထရီအိုး)နှင့် ဖြစ်စေ ဖွင့်၍ရသည်။ သီချင်း ကက်ဆက်ခွေ တော်တော်များများကို ယူဆောင်သွားလေ့ ရှိပါသည်။

ဆရာထွေးသောင်းက အဆိုတော် စိုင်းဆိုင်းမောဝ်၏ သီချင်းတစ်ပုဒ်နှင့် ဖျော်ဖြေပါသည်။ ဘော်ကြယ်များ ထိုးထားသော ရှမ်းအင်္ကျီ၊ ရှမ်းဘောင်းဘီတို့ကို ဝတ်ဆင်၍ ရှမ်းခေါင်းပေါင်း ပေါင်းထားပြီး မိတ်ကပ်များ လိမ်းခြယ်ထားသောကြောင့် မြင်ရသူများက စိုင်းဆိုင်းမောဝ် ကိုယ်တိုင်လာဆိုသည်ဟု မှတ်ထင်နေကြသည်။

သူတို့က စိုင်းဆိုင်းမောဝ်ကိုလည်း မြင်ဖူးကြတာမှ မဟုတ်တာ။ စိုင်းဆိုင်းမောဝ်သီချင်းကို ကက်ဆက်ဖြင့် ဖွင့်ပြီး ဓာတ်စင်ပေါ်တွင် ဟန်အမူအရာဖြင့် သရုပ်ဆောင်ပြခြင်း ဖြစ်သည်။ ထိုခေတ်က တေးသရုပ်ဖော်ဟု ခေါ်ပါသည်။

ကျေးရွာလူထုမှာ ရိုးသားသော ကြောင့် တေးသရုပ်ဖော်ဟု မသိဘဲ စိုင်းဆိုင်းမောဝ်ကိုယ်တိုင် လာရောက် ဆိုနေခြင်း ဖြစ်သည်ဟု ထင်မှတ်နေကြခြင်း ဖြစ်ပါသည်။

ရှမ်းရိုးရာ အဝတ်အစားနှင့် မိတ်ကပ် နှင့်ဆိုတော့ စောစောက ဓာတ်စင်ဘေး နှစ်ဖက်ကို မီးရှို့သွားသော "မီးရှို့တဲ့ သိုင်းသမား"ဖြစ်မှန်း မသိကြပါ။ သူတို့က ရိုးတာ၊ အတာကိုး။

ဆရာ ထွေးသောင်း၏ ပထမ တေးသရုပ်ဖော် အစီအစဉ်ပြီးတော့ ဒုတိယ နှင့် နောက်ဆုံး အစီအစဉ်ဖြစ်သော ဆရာ ထွေးသောင်းနှင့် တပည့်ကျော် ကျော်ဦး (ကျေးရွာကောင်စီဥက္ကဋ္ဌနှ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်၏ သား ဖြစ်သူ)တို့မှာ ဂျင်ဘောင်းဘီ၊ ဂျင်းအင်္ကျီ နှင့် လျှာထိုးဦးထုပ်ကိုယ်စီဖြင့် ဓာတ် စင်ပေါ်တွင် ပနာယူနေကြပါသည်။

သူတို့ သီဆိုဖျော်ဖြေမည့် သီချင်း ကတော့ (ရုပ်စ်ပျူတင်သီချင်း)ကို ကော်ပီလုပ်ထားသော သီချင်း ဖြစ်ပါသည်။ သီချင်းနာမည်နှင့် သီချင်း စာသားများကို မမှတ်မိတော့သော် လည်း "ကမ္ဘာပေါ်မှာ လူသား သန်းပေါင်း လေးထောင် အပျော်ဆုံး တို့နှစ်ယောက် ပါဝင်တယ်"ဟူသော စာသား ပါဝင်ပါသည်။

သူတို့နှစ်ယောက်သားက ကက် ဆက်မှ ထွက်ပေါ်လာသော တေးသွား ကို သံစဉ် တီးလုံးများအတိုင်း ကျယ် ကျယ်လောင်လောင် အော်ဟစ်သီဆို ပြီး ဓာတ်စင်ပေါ်တွင် ခုန်ပေါက်နေကြ ပါသည်။ ကျေးရွာလူထုကတော့ မသိ စာရေးသူကတော့ တော်တော်လေး မျက်စိနောက် နားငြီးနေပေပြီ။ ထိုင် ဆူညံအော်ဟစ်နေသော သီချင်းမျိုး လုံးဝ မကြိုက်ပါ။

'ချစ်ချစ်... အားလုံးချစ်... အားလုံး ထဲက တို့ချစ်ချစ် ယူနီယား သကြား



www.burmeseclassic.com

www.burmeseclassic.com

ုံးထက် စားလို့ချိုတယ်'

ဟူသော စာသားများလည်း ပါသည်။ ထိုသီချင်းမျိုး စာရေးသူ၏ က်ဆက်ခွေထဲတွင် မပါ။ သူတို့ သူတို့ ရှာထားပုံရသည်။ နှစ်ပေါင်း (၃) နှစ်လောက် ရှိပြီဖြစ်၍ စာသားများ ကိုတော့ သေသေချာချာ မမှတ်မိ တော့ပါ။

ကျေးရွာလူထုနားတွင် ကြားရသည် မှာ အဆင်မပြေ၊ ကြည့်ရမြင်ရသည် မှာ အမြင်မတော်၍လား မသိ၊ ပွဲကြည့် ရိုသတ်ကတော့ တစ်သုတ်ပြီး တစ်သုတ် ထပြန်နေကြပါသည်။ နောက်ဆုံး အစီအစဉ်လည်းဖြစ်၍ ကြို ၍ ပြန်ထားကြတာလည်း ဖြစ်နိုင်ပါ သည်။

သူတို့ နှစ်ယောက်သားကတော့ လိုက်ကန်းဆိုး မသိ၊ မျက်စိနောက် ရာ ကောင်းလောက်အောင်ကိုပင် စင် ပေါ်တွင် ခုန်ပေါက် ကခုန်နေကြပါ သည်။ ယခုခေတ် ရက်(ပ်) အဆိုတော် များထက်ပင် ဆိုးပါသေးသည်။

သူတို့နှစ်ယောက်က ခြေကားရား က်ကားရားနှင့် အမျိုးအမည် အတိ ကျ မခွဲခြားနိုင်သော မျောက်လွှဲ ကျော် အကများဖြင့် မမောနိုင် မပန်းနိုင် ဟော်ဟစ်သီဆို ကခုန်နေဆဲပါ။ စာရေး ဆရာ ဆရာကြီး မင်္ဂလာဇင်အောင်၏ ကားနှင့်သာ ဆိုရရင်တော့…

'တော်ကြပါတော့ မျက်စိကို နောက် နေတာပဲ။ တောင်းပန်လို့လဲ မရဘူး' ဟု ပြောရမလို ဖြစ်နေပါသည်။ သူတို့၏ဒဏ်ကို မခံနိုင်သောကြောင့် လူတွေလည်း ကုန်သလောက်ရှိပြီ။ နှင့်ချီသော လူအုပ်ကြီးမှာ တသော သောနှင့် ထပြန်ကြရာ လူနှစ်ဆယ် စိတ်လောက်သာ ကျန်ပါတော့



သည်။

ထို့ကြောင့် ထိုကျန်ရှိနေသော သူ များကို "သူတို့မို့ မျက်စိမနောက် နားမငြီး ကြည့်ပဲ ကြည့်နိုင်ကြပါပေ့" ဟု စိတ်ထဲမှ အပြစ်တင်နေမိပါသည်။ ထို့ကြောင့် ဇာတ်စင်ပေါ်မှ မျောက်နှစ် ကောင် ကြားရလောက်အောင်…

'ဟေ့ကောင်တွေ တော်ကြတော့ လူတွေလဲ ပြန်ကုန်ကြပြီ'

ဟု သံကုန်သံဖျား အော်ထည့်လိုက် ရပါသည်။ ဒီတော့မှ လော်စပီကာမှ ထွက်ပေါ်နေသော သီချင်းသံလည်း တိခနဲ ရပ်သွားပြီး စင်ပေါ်မှ လူ တစ်ပိုင်း မျောက်တစ်ပိုင်း နှစ်ကောင် သားမှာ ဟိုမရောက် ဒီမရောက် ကိုးရိုး ကားရားနှင့် ရပ်သွားပါတော့သည်။

ဆရာ ထွေးသောင်းက ပြုံးဖြဲဖြဲနှင့် ဇာတ်စင်ရှေ့နားတွင် ထိုင်နေကြသော ပရိသတ်အား…

'ကျွန်တော်တို့ရဲ့ တင်ဆက်ကပြတာ ကို ဖွဲကောင်းကောင်းနဲ့ ပွဲပြီးအောင် အားပေးကြလို့ ကျေးဇူး အထူး တင်ပါ တယ်ဗျာ'

လို့ အရှက်ပြေ ကျေးဇူးတင်စကား လှမ်းပြောလိုက်ရာ ခေါင်းဆောင်နှင့် တူသူ လူကြီးတစ်ယောက်က…

'ဘာမှ ကျေးဇူးတင်မနေနဲ့၊ ခင်ဗျား တို့ မပြီးနိုင်လို့ ပြီးအောင် စောင့်နေရ တာ၊ ခင်ဗျားတို့ကိစ္စပြီးတာနဲ့ ဇာတ်စင် ကို ညတွင်းချင်း ဖျက်ရမယ်။

မနက်ကို စိန်ပန်းကျေးရွာမှာ ပြည် ထောင်စုပွဲလုပ်မယ်။ ဒီညကတည်းက ဖျက်ထားမှ မနက်ကို ဟိုအရောက် ပို့နိုင်မယ်။ တကတည်း ပြီးကို မပြီးနိုင် ဘူး။ ကဲ… ကဲ၊ ပြီးရင်လဲ ဆင်းပါ တော့ဗျာ။ ကျုပ်တို့ ဇာတ်စင်ကို ဖျက်ရ ဦးမယ်'

ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ပြောပြီး ဇာတ်စင်ကို ဖျက်မည့်လူများကလည်း ရဲတင်းများ၊ တူများ၊ သံတူးရွင်း (ကုလားအော်)များကို ကိုင်ဆွဲ၍ ထလာ ကြရာ ဆရာ ထွေးသောင်းတို့ နှစ် ယောက်သားမှာ ဇာတ်စင်ပေါ်မှ ကသောကမျောနှင့် ပြေးဆင်းလာခဲ့ကြ ရပါတော့သည်။

* * *

## သိုင်းမှာ မင်းယက္ခ

ကျွန်တော်(ဆရာ မင်းယက္ခ)သည် ဘဝမျိုးစုံမှာ ကျင်လည်ခဲ့ရသော ကြောင့် ဘဝမျိုးစုံမှာ လူမျိုးစုံ၊ အလွှာမျိုးစုံ၊ အတန်းအစားမျိုးစုံနှင့် တွေ့ကြုံပေါင်းသင်း ဆက်ဆံခဲ့ဖူးပါ သည်။ ထို့ကြောင့် အတွေ့အကြုံများ မှာလည်း ဘဝမျိုးစုံအလိုက် စုံလင်လှ ပါသည်။

ကျွန်တော်သည် သိုင်းဆရာများ၊ ရှေ့နေများ၊ တိုင်းရင်းဆေးဆရာများ၊ မျက်လှည့်ဆရာများ၊ စာရေးဆရာများ၊ စစ်ဖက်နယ်ဖက်မှ ပုဂ္ဂိုလ်များ၊ နိုင်ငံ ရေးသမားများနှင့် ဆက်ဆံဖူးသလို…

ဇာတ်သဘင်လောကမှ အနုပညာ သည်များ၊ အငြိမ့်သဘင်လောကမှ



www.burmeseclassic.com

www.burmeseclassic.com

အနုပညာသည်များ၊ အတီးအမှုတ်ပညာသည်များ၊ ခေတ်ပေါ်တေးဂီတလောကမှ အနုပညာသည်များ၊ သီချင်းကြီးအဖွဲ့များမှ ပညာသည်များ၊ ရုပ်ရှင်ဗီဒီယိုလောကမှ ပညာသည်များ၊ အနုပညာရှင်များ၊ ထုတ်လုပ်သူများနှင့် ပေါင်းသင်းဆက်ဆံခဲ့ဖူးပါသည်။

ထိုသို့သော မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများထဲတွင် အငြိမ့်လောကမှ တစ်ချိန်၊ တစ်ခေတ်တစ်ခါက လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော လူရွှင်တော် ရန်ကုန်ဆန်နီနှင့်လည်း သူငယ်ချင်း ဖြစ်ခဲ့ဖူးပါသည်။

လူရွှင်တော်ဆန်နီကို နောက်ပိုင်းတွင် ဈေးသည်ကြီးဆန်နီဟု ခေါ်တွင်ပါသည်။ ထိုသို့ ဆန်နီနှင့် အပေါင်းအသင်း ဖြစ်ဖူးသောကြောင့်လည်း ယခုတင်ပြမည့် ဘဝအတွေ့အကြုံ ဇာတ်လမ်းလေးတစ်ခု ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

မြန်မာ့ အငြိမ့်သဘင်လောကတွင် ဆန်နီ နှစ်ဦး ပေါ်ပေါက်ခဲ့ဖူးပါသည်။ မူလက ဆန်နီအငြိမ့်သဘင်မှ လူရွှင်တော်ဆန်နီတစ်ဦးသာ ထင်ပေါ်ကျော်ကြားခဲ့သော်လည်း နောက်ပိုင်းတွင် လူရွှင်တော်ဆန်နီတစ်ဦး ပေါ်ပေါက်လာပါသည်။

ထို့ကြောင့် ရန်ကုန်မှ လူရွှင်တော်ဆန်နီကို ရန်ကုန်ဆန်နီ (သို့မဟုတ်) ဈေးသည်ကြီးဆန်နီဟု ခေါ်တွင်၍ နောက်မှပေါ်လာသော ဆန်နီကို ဖြူးဆန်နီဟု ခွဲခြားသတ်မှတ် ခေါ်ဝေါ်ခဲ့ကြပါသည်။

လူရွှင်တော် ရန်ကုန်ဆန်နီမှာ ကျွန်တော်(ဆရာမင်းယက္ခ)နှင့် စိန့်မိုက်ကယ်(ခရစ်ယာန်)ကျောင်းတွင် ငယ်စဉ်က အတူတကွ ပညာသင်ကြားခဲ့ဖူးပါသည်။ (ကျွန်တော့်နာမည်မှာ Teddy



တက်ဒီဟု ခေါ်ပါသည်။ ကျောင်းအုပ်ဆရာမကြီး T.L.Marshallကတော့ Teddy Bearဟု ခေါ်ပါသည်။)

ဆန်နီ၏ဖခင် လူရွှင်တော်ကြီး ဦးဟော်တယ် ရုတ်တရက် အနိစ္စရောက်သောအခါ သူသည် သားကြီးပီပီ ကျောင်းမှထွက်၍ မိခင်ကြီးနှင့် နှမလေးကို လုပ်ကျွေးပြုစုရန် အငြိမ့်လောက (ဇာတ်သဘင်လောက)သို့ လူရွှင်တော်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

အငြိမ့်အဖွဲ့မျိုးစုံတွင် လူရွှင်တော်အဖြစ် ကျင်လည်ခဲ့ပြီး နောက်ဆုံး နာမည် ကျော်ကြားလာသောအခါ ဆန်နီကပွဲသဘင် (ဝါ) ဆန်နီအငြိမ့်သဘင်ဟူ၍ ကိုယ်ပိုင် အငြိမ့်ထောင်ခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် ငယ်စဉ်ကတည်းက ဇာတ်သဘင်နှင့် အငြိမ့်သဘင်ကို လွန်စွာ ဝါသနာပါသူဖြစ်၍ သူငယ်ချင်းဆန်နီ ပါဝင်သော အငြိမ့်ပွဲနောက်သို့ အစဉ်အမြဲ ရောက်ပါသည်။

ဖြစ်ရပုံမှာ သူများတွေက အငြိမ့်ပြီးလျှင် အငြိမ့်မင်းသမီးကို ကြို၍ ပြန်ကြသည်။ မင်းသမီးကို ပြန်ပို့ပေးကြသည်။ ကျွန်တော့်မှာတော့ အငြိမ့်မင်းသမီးကို မကြိုရပါ။ လိုက်မပို့ရပါ။

သူငယ်ချင်းဆန်နီကို သူ၏ရည်စား အငြိမ့်သမနှင့်တွေ့ရန် ဒလသဘော်ဆိ[illegible] အငြိမ့်ပြီးတိုင်း လိုက်ပို့ပေးရပါသည်။ သူ၏ သက်ပိုင်မှူးမှာ ထိုစဉ်က အငြိမ့်[illegible] စင်တစ်ခုတည်းတွင် အတူတကွ က[illegible] နေကြသော လူရွှင်တော်ပြုံးချို၏နှ[illegible] ဖြစ်ပါသည်။

အငြိမ့်တစ်ခုထဲတွင် အတူတက[illegible] တွဲဖက်လုပ်ကိုင်နေရသူများ ဖြစ်ကြ[illegible] အစ်ကိုတော် လူရွှင်တော်ပြုံးချို မသိ[illegible] လေအောင် မရိပ်မိရလေအောင် သူ[illegible] နှမနှင့် ခိုးတွေ့ရသော ကိစ္စမှာ မလွယ်[illegible] လှပါ။

သို့သော် သူငယ်ချင်း၏ ကိစ္စဖြစ်[illegible] မတတ်သာဘဲ သူတို့နှစ်ဦး တွေ့ဆုံ[illegible] မည့်နေရာသို့ ကားဖြင့် လိုက်ပို့ပေး[illegible] ရပါသည်။

ဆန်နီ၏ အငြိမ့်တည်ရာ[illegible] ကျောက်ကုန်း အောင်ဇေယျလမ်း[illegible] နှင့် မိုးကောင်းဘုရားလမ်းထိပ်နား[illegible] ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်[illegible] တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြား[illegible] နေဆဲ ဖြစ်ပါသည်။

ထိုသို့ သွားလာ ဆက်ဆံခဲ့ကြသည်[illegible] မှာ ကျွန်တော် ရန်ကုန် ဝိဇ္ဇာနှင့် သိ[illegible] တက္ကသိုလ်သို့ ရောက်သည်အထိ [illegible] ပါသည်။ ကျောင်းချိန် အားသည်[illegible] ဆန်နီအငြိမ့်တိုက်ရာ ကျောက်က[illegible] အိမ်သို့ ရောက်ရှိသွားပါသည်။ အ[illegible] ပိုရှိတိုင်း ဆန်နီအငြိမ့်အိမ်သို့ ရော[illegible] သွားမြဲဖြစ်ပါသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဆရာကြီး မင်းယက္ခ**
***(တိုက်ပွဲဝင်)***



www.burmeseclassic.com

www.burmeseclassic.com





ကောင်းမြတ်သူ

# ခရီးကို အလုပ်ကို

အဆင်ပြေလိုသော်

ကျွန်တော်နှင့် ငယ်ပေါင်းကြီးဖော် ဖြစ်သော သူငယ်ချင်းမတစ်ဦး၏ ဖခင်သည် သာသနာရေးဦးစီးဌာနက အရာ ထမ်းတစ်ဦး ဖြစ်ပါသည်။ ဘာသာရေး အထူးကိုင်းရှိုင်းပြီး စကားလည်း အလွန် ပြောနိုင်သူ ဖြစ်သည်။

သူငယ်ချင်းမဆီ ကျွန်တော် သွားလည်လျှင် သူနှင့် မကြာခဏ ဆုံဖြစ်၍ ကျွန်တော့်အား ဆုံးမစရာ များ ရှိပါကလည်း သွန်သင်ဆုံးမတတ် သည်။

တစ်ညနေ၌ သူငယ်ချင်းမဆီ အလည်သွားရာတွင် သူငယ်ချင်းမ မရှိဘဲ သူ၏ဖခင်နှင့် သူတို့အိမ်သို့ အလည်ရောက်နေသော သူ၏ အစ်ကို ဘာလျှင် ရှိလေသည်။

'လှိုင်မြင့်ရေ လာကွာ၊ မင်း သူငယ် ချင်းတော့ ဈေးသွားတယ်။ မင်းအဘ နဲ့ စကားပြောပြီး ခဏစောင့်။ ဈေးက ခု ပြန်လာတော့မှာပါ'

'ရတယ်အစ်ကိုရေ၊ အဘနဲ့ စကား ပြောရတော့ ကျွန်တော့်အတွက် ဗဟု သုတ တိုးတာပေါ့'

သူငယ်ချင်းမ၏ အစ်ကိုသည် ရေနွေးအိုးကို ချပေးရင်း...

'ရေနွေးသောက်ကွာ... ဆေးလိပ် ကော သောက်လား'

ဟု မေးရင်း အိတ်ကပ်ထဲက စီးကရက်ဘူးကို ထုတ်ဟန်ပြင်နေ သဖြင့် ကျွန်တော်က...

'ကျွန်တော် ဆေးလိပ်မသောက် တတ်ဘူးအစ်ကို၊ ရေနွေးပဲ သောက်ပါ့ မယ်'

ဟု ပြောလိုက်ရသည်။ ထိုအခါ သူငယ်ချင်းမ၏ ဖခင်ကလည်း...

'ဟုတ်တယ် သားရေ၊ လှိုင်မြင့်က အရက်လဲ မသောက်၊ ဆေးလိပ်လဲ မသောက်၊ ကွမ်းလဲ မစားတတ်ဘူး ကွ'

ဟု ပြောရင်း ကျွန်တော့်ဘက် လှည့် ကာ...

'မင်းကို ဒါတော့ ချီးကျူးတယ်ကွာ၊ အခုခေတ် ယောက်ျားလေးတွေက အနည်းဆုံးတော့ ဆေးလိပ်ဖြစ်ဖြစ်၊ ကွမ်းဖြစ်ဖြစ် စားတတ် သောက်တတ် ကြတယ်ကွ။ နောက်ပြီး မင်းက အလောင်းအစားလဲ ဝါသနာမပါဘူး။ ကိုယ့်မိသားစုအပေါ်လဲ သစ္စာရှိရှိ နေတယ်ဆိုတော့ ဘာလိုသေးလဲ ကွာ။

အဘတုန်းကလဲ ဒီလို မသောက် မစားဘဲ ရိုးရိုးကုပ်ကုပ် ကြိုးစားခဲ့လို့ ဒီလိုအချိန်မှာ အေးအေးဆေးဆေးနဲ့ လုပ်ကိုင် စားသောက်နေနိုင်တာကွ'

ဟု ပြောလေသည်။ ထိုအခါ ကျွန်တော်က...

'အဘရယ် အဘကသာ ရိုးရိုး ကုပ်ကုပ် ကြိုးစားဖို့ အားပေးနေတာ။ တချို့သူတွေက ကျွန်တော် ဒီလို ရိုးရိုးကုပ်ကုပ် နေတတ်လို့ အ,တာတဲ့။ အ,လို့ထုံ၊ ထုံလို့ စီးပွားမဖြစ်တာလို့ အပြစ်ပြောနေကြတာ အဘရဲ့'

ဟု ပြောလျှင် အဘက...

'ကိုယ့်လမ်း ကိုယ်လျှောက်စမ်းပါ ကွာ၊ အဘ ဒီလို ရိုးရိုးကုပ်ကုပ် မသောက်မစား အလုပ်ကြိုးစားလို့ အလုပ်မှာဆို အထက်လူကြီးတိုင်းက ချစ်ခင်ပြီး အရေးပေးမြှောက်စားတာနဲ့ ဒီလို ဘဝအခြေထိ ရောက်လာနိုင်ခဲ့ တာလေ။

ဒါတွေကိုလဲ မင်းကို ပြောပြပြီးသား ပါ။ ရိုးရိုးသားသားလဲလုပ်။ ဘာသာ တရားကိုလဲ မမေ့နဲ့ပေါ့ကွာ။ ပုံမှန် ရွတ်ဖတ်မှုလေးတွေ လုပ်ပေါ့'

ဟု ပြောလေသည်။ ထိုအခါ ကျွန်တော်က...

'အဘရေ ရွတ်ဖတ်စရာ ဂါထာ တွေက များတော့ ဟိုဂါထာ ကောင်း နိုးနိုး၊ ဒီဂါထာ ကောင်းနိုးနိုးနဲ့ ဘာ ကို ပုံမှန် ရွတ်ဖတ်ရမှန်းမသိ ဖြစ်နေ တယ်'

ဟု ပြောလိုက်လျှင် အဘက...





www.burmeseclassic.com

www.burmeseclassic.com

'ဒီလိုရှိတယ် လှိုင်မြင့်ရဲ့၊ ခရီးတစ်ခု သွားရင် ဦးတည်ချက် ထားသလိုပေါ့။ အရှေ့ဆိုလဲ အရှေ့ပေါ့၊ အနောက်ဆို လဲ အနောက်ပေါ့။ စိုက်လိုက်မတ်မတ် သွားရတယ်။

အရှေ့ကို နည်းနည်းသွားလိုက်၊ ပြီးရင် မြောက်ဘက်နည်းနည်းသွား လိုက်၊ နောက်တစ်ခါ အနောက်ဘက် နည်းနည်းသွားလိုက်နဲ့ဆို ခရီးက ဦးတည်ချက်မရှိဘူး ဖြစ်နေလိမ့်မယ်။

ဒီလိုပဲကွ ဂါထာရွတ်ဆိုတဲ့ အခါမှာ လဲ ဂါထာတစ်မျိုးတည်းကို စွဲစွဲမြဲမြဲ ယုံယုံကြည်ကြည်နဲ့ ရွတ်ဆိုနေရင် ကြာရင် ထုံလာပြီး ရွတ်ဆိုတဲ့ ဂါထာ အစွမ်းတွေ ရလာလိမ့်မယ်ကွ'

ဟု ပြောရင်း ရေနွေးတစ်ခွက် ယူ သောက်လိုက်သည်။

ကျွန်တော်က ရေနွေးခွက်ထဲ ရေနွေး ဖြည့်ပေးရင်း...

'အဘရေ ကျွန်တော်လဲ အဘ ပြောသလို ဂါထာတစ်မျိုးတည်းကို အထုံဖြစ်အောင် စွဲစွဲမြဲမြဲ ရွတ်ချင်ပါ တယ်။ အဘရဲ့ကိုယ်တွေ့ အကျိုးဖြစ်ခဲ့ တဲ့ ဂါထာတစ်ခုလောက် ပြောပြပါ လား'

ဟု ပြောလျှင် အဘက ကျေနပ်ပြုံး ပြုံးရင်း...

'အေး...အေး... အဘ စွဲစွဲမြဲမြဲ ရွတ်ဖတ်ခဲ့တဲ့ **ဖျာပုံဆရာတော်ကြီးရဲ့ ဂါထာတော်ကို ပြောပြမယ်။** ဂါထာ မပြောခင် ဖျာပုံဆရာတော်ကြီး အကြောင်းလဲ ပြောပြရဦးမယ်။

အဘတို့ သာသနာရေးကိစ္စနဲ့ ဖျာပုံ မြို့ကိုရောက်တော့ ဖျာပုံကျောင်းတိုက် က ဆရာတော်ကြီးကို ဝင်ဖူးမြော်ခဲ့ကြ တယ်။ အဲဒီမှာတင် ဆရာတော်ကြီးက ဒီဂါထာရယ်၊ ဂါထာနဲ့ ပတ်သက်တဲ့ သူ့ရဲ့ကိုယ်တွေ့ အဖြစ်အပျက်လေးကို



ပြောပြခဲ့တာ။

ဆရာတော်ကြီးက ဒီဂါထာကို အမြဲ ရွတ်ပွားနေလေ့ရှိတာ။ တစ်နေ့တော့ ရွာတစ်ရွာက ည တရားပွဲတစ်ခုပင့်လို့ ဒကာတစ်ယောက်ခေါ်ပြီး တရားဟော ကြွခဲ့တယ်။

တရားပွဲက ည(၇)နာရီဆိုတော့ ညနေစောင်းလောက်ကျမှ ကားနဲ့ ကြွသွားခဲ့တာ။ ဖြစ်ချင်တော့ လမ်းခု လတ်မှာ ကားက ပျက်သွားတယ်။ ဘယ်လိုမှ ပြင်လို့မရ၊ ခရီးကြုံယာဉ် ကလဲ မလာတော့ ဆရာတော်ကြီးက ခြေကျင်ပဲ ဆက်ကြွသွားတယ်။ ပါလာ တဲ့ ဒကာက နောက်က အတူလိုက် လို့ပေါ့။

အမှောင်ရိပ်က တဖြည်းဖြည်း သန်းလာ၊ ခရီးကလဲ လိုသေး။ ဒီအတိုင်းဆို တရားပွဲချိန် ဘယ်လိုမှ မမီနိုင်တော့။ ဆရာတော်ကြီးကတော့ ရွတ်ဆိုနေကျ ဂါထာကိုပဲ စိတ်ထဲက ရွတ်ပြီး ဆက်ကြွနေတယ်။

ဒီအချိန်မှာပဲ မထင်မှတ်တဲ့ အဖြစ် အပျက်တစ်ခု ဖြစ်လာတယ်။ ဆရာ တော်ကြီး ကြွခဲ့တဲ့လမ်းအတိုင်း အနောက်ဘက်ကနေ ဆိုင်ကယ် တစ်စီး တဖုန်းဖုန်းနဲ့ မောင်းချလာ တယ်။

ဆရာတော်ကြီးနား ရောက်တော့ ဆိုင်ကယ်ကိုရပ်ပြီး...

"အရှင်ဘုရား တပည့်တော်က ရှေ့ရွာ အရွာကိုပြန်မလို့ ခရီးကြုံရင် တပည့်တော် လိုက်ခဲ့ပါလား ဘုရား"

လို့ ပင့်လျှောက်တယ်လေ။

ဒါနဲ့ပဲ ဆရာတော်ကြီးနဲ့ ဒကာ အဲဒီဆိုင်ကယ်နဲ့ လိုက်သွားလိုက်တာ တရားပွဲကို အချိန်မီရုံလေးပဲ။ နောက် တော့ အဲဒီဆိုင်ကယ်သမားကို စုံစမ်း ကြည့်တော့ ရွာသားတွေ ဘယ်သူမှ မသိကြဘူးတဲ့။ ဆရာတော်ကြီးက တော့ သူ အမြဲရွတ်နေတဲ့ ဂါထာတန်ခိုး ကြောင့် အဆင်ပြေသွားတယ်လို့ ယုံကြည်တယ်လေ'

အဘသည် စကားကို ရှည်လျား ပြောလိုက်ရ၍ အာခြောက်သွားသဖြင့် ရေနွေးတစ်ခွက် ယူသောက်လိုက် သည်။ ကျွန်တော်က...

'အဲဒီဂါထာကို ပြောပြပါတော့ အဘရယ်၊ ဂါထာအဓိပ္ပာယ်နဲ့ ဂါထာ အစွမ်းကကော ဘယ်လိုရှိလဲ၊ နောက် ပြီး ဒီဂါထာနဲ့ ပတ်သက်တဲ့ အဘရဲ့ ကိုယ်တွေ့အကြောင်းကိုလဲ ဗဟုသုတ ရအောင် ပြောပြပါလား'

ဟု ပြောလိုက်လျှင် အဘက...

'ဂါထာက...

▲ အနန္တသိဒ္ဓိ
လေးကျွန်းထိ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

▲ အနန္တသိဒ္ဓိ
လေးကျွန်းထိ
ဓမ္မံ သရဏံ ဂစ္ဆာမိ။

▲ အနန္တသိဒ္ဓိ
လေးကျွန်းထိ
သံဃံ သရဏံ ဂစ္ဆာမိ။





www.burmeseclassic.com

www.burmeseclassic.com

# ရက်မြတ် ရက်ကောင်း

လက်ဆန်း ရွေးစရာ

မောင်ဟိန်း
(အင်းတော်)



ချဟန်းခံ၊ ရှင်ပြု၊ လက်ထပ်ထိမ်း
။ အိမ်ဆောက်၊ ရေတွင်း၊ ကျောင်း
နှံ၊ ဇရပ် မင်္ဂလာအခန်း ဆောင်ရွက်
၍ အလွယ်တကူ ထုတ်သုံးနိုင်စေရန်
ဥ်ရွယ်ပြီး အောက်ဖော်ပြပါအတိုင်း
သုံးပြုနိုင်ရေးအတွက် စေတနာရှေ့
း လက်ဆောင်ပါးပါရစေ။

မြန်မာ့ရိုးရာ လက်ဆန်းနည်း
လာ အမှု ဆောင်ရွက်မည်ဆိုလျှင်
**က္ကရာဇ်အစွန်း လွတ်မလွတ်** ဦးစွာ
ရမည် ဖြစ်ပါသည်။

ကဗျာလင်္ကာ ကြိုက်သူများအဖို့
ျာဖြင့် ဦးစွာ တင်ပြပါမည်။

'ရဝိကုဋ္ဌေ၊ ငါးညဥ့်ပေ၊ စန္ဒေကျွန်ုပ်၊
ဘုဒ္ဓသောကြာ၊ ခပ်ညဥ့်ထား၊ ဇီဝါစိတ်ငုံပါ၊
သောရီကိစ္စာ'

အနက်အရ ပြန်ဆိုရပါလျှင် **ရဝိ**
နင်္ဂနွေ၊ **ကုဋ္ဌေ** အင်္ဂါ ကျန်နှစ်ရက်
းတို့သည်၊ ငါးအစွန်း (၃)ခု၊ ညဥ့်
စွန်း (၆)ခု၊ ပေအစွန်း (၁၀)။

**စန္ဒေ တနင်္လာ**
**ည်**၊ ကုအစွန်း (၁)ခု၊
တ်အစွန်း (၅)ခု၊
စွန်း (၈)ခု။

ဘုဒ္ဓသောကြာ**ဗုဒ္ဓဟူး**
**သောကြာ** တို့သည်၊
အစွန်း (၂)ခု၊ ညဥ့်
စွန်း (၆)ခု၊ ထားအစွန်း
)ခု။

**ဇီဝါ ကြာသပတေး**
ည်၊ စိတ်အစွန်း
)ခု၊ ငုံအစွန်း (၇)ခု၊
အစွန်း (၁၀)။

**သောရီ စနေသည်**၊ ကိတ်အစွန်း (၁)ခု၊ စ အစွန်း (၄)ခု၊ ဋ္ဌာအစွန်း (၈)ခုတို့၌ မဆောင်ကောင်း၊ ဆောင်သော် အကျိုးမရှိ။ ဆောင်မိသောသူတို့ကို ငဲ့လေ။ **ရာဇမတ္တဏ် ကျမ်း၌** ဆိုပါသည်။

အလွယ်သိရန် အလို့ငှာ အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်။

* * *

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်တွင် အစွန်း (၄)ကျသဖြင့် သက္ကရာဇ်စွန်း မလွတ်၍ မင်္ဂလာအမှု မပြုသင့်။

ထို့အတူ ကြာသပတေးသား သည်လည်း ထို့အတူ ဖြစ်ပါသည်။ ကျန်နေ့သားများအတွက် ဤ ဥပမာအတိုင်း ဇယားကိုကြည့်၍ ဆုံးဖြတ်ပါ။ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်တွင် ကျန်နေ့သားများ လွတ်ကင်းပါသည်။

လက်ဆန်းနည်း ဆရာများမှာ မင်္ဂလာကိစ္စအတွက် လာရောက် မေးမြန်းပါက သက္ကရာဇ်အစွန်းက စကြည့်ပါသည်။ နေ့ရက်အလိုက် ရက်ကောင်းများ အလွယ်တကူ ထုတ်သုံး နိုင်ရန် အောက်ပါအတိုင်း ဖော်ပြ သွားလိုပါသည်။

**သက္ကရာဇ်အစွန်း ရွေးပုံ**

| ၁-၃ | ၂ | ၄-၆ | ၅ | ၀ | နေ့နံသားသမီးများ |
|---|---|---|---|---|---|
| ၃ | ၅ | ၂ | ၄ | ၁ | သက္ကရာဇ် အစွန်းများ |
| ၆ | ၁ | ၆ | ၇ | ၄ | |
| ၁၀ | ၈ | ၉ | ၁၀ | ၈ | |

ဤဇယားအရ စနေသားသမီးသည်

* * *


| တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄၆ | ၅၀ | ၃၅ | ၁၄ | ၄၆ | ၅၀ | ၃၅ | ၁၄ | ၄၆ | ၅၀ | ၃၅ | ၁၄ | ရက်ရာဇာကိန်း |
| ၀၅ | ၆၄ | ၁၂ | ၃၄ | ၀၅ | ၆၇ | ၁၂ | ၃၄ | ၀၅ | ၆၄ | ၁၂ | ၃၄ | ပြဿဒါးကိန်း |
| ၁၇ | ၂၇ | ၄၅ | ၆၇ | ၁၂ | ၃၄ | ၆၅ | ၁၇ | ၁၇ | ၁၂ | ၃၄ | ၆၅ | သမားညိုကိန်း |
| ၃၇ | ၄၆ | ၁၇ | ၂၅ | ၃၇ | ၄၆ | ၁၇ | ၂၅ | ၃၇ | ၄၆ | ၁၇ | ၂၅ | လတွင်းကျကိန်း |
| ၃၅ | ၁၂ | ၄၆ | ၃၇ | ၃၅ | ၁၂ | ၄၆ | ၃၇ | ၃၅ | ၁၂ | ၄၆ | ၃၇ | လအထပ်သင့်ကိန်း |
| ၁၇ | ၂၇ | ၂၂ | ၆၇ | ၁၂ | ၃၄ | ၅၆ | ၁၇ | ၁၇ | ၁၂ | ၃၄ | ၅၆ | တတ်ပျက်ကိန်း |
| ၁၇ | ၂၇ | ၄၅ | ၆၇ | ၁၂ | ၃၄ | ၅၆ | ၁၇ | ၁၇ | ၁၂ | ၃၄ | ၅၆ | ကမ္ဘာပျက်ကိန်း |
| ၁၇ | ၂၇ | ၄၅ | ၆၇ | ၁၇ | ၃၄ | ၅၆ | ၁၇ | ၁၇ | ၁၇ | ၃၄ | ၅၆ | ဇော်ဂနိစက် |

 စာမျက်နှာ (၂၀၇) သို့

www.burmeseclassic.com

www.burmeseclassic.com





တစ်ပွဲတိုးထုံးမန်း ဘောလုံးပွဲနိုင်

ကျော် (ရမည်းသင်း

# ဈေးရောင်းကောင်းစေသေ

ကျင့်စဉ်များ

[ ၁ ]

အညာဒေသ မြေလတ်ပိုင်း ရမည်းသင်းမြို့နယ် ရွာတန်းဈေးကုန်းသို့ ဆိုင်ကယ်နှင့် သွားခဲ့သည်။ နွေနေပူပူအောက် စပျစ်ခြံများ၊ နွေစပါးစိုက်ခင်းများကို တွေ့နေရသည်။ အခြားဆိုင်ကယ်များကိုလည်း မနည်းမနော တွေ့ရသည်။

**"တဏှာစေရာ၊ မနေသာ၊ ဖွေရှာဆက်ရသည်"** ဆိုသော မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ အဆုံးအမကို သတိရသဖြင့် မသိမသာ ပြုံးလိုက်မိသည်။

တဏှာခိုင်းသမျှ မငြင်းနိုင်ဘဲ သွားလာလှုပ်ရှားနေရသော တို့ဘဝပါတကား။ အောင်နိုင်မှုကြောင့် ပျော်ပါးမော်ကြွားနိုင်သော်လည်း ကျရှုံးမှုကြောင့် မပျော်နိုင်ဘဲ ငေးမှိုင်ရသော အဖြစ်တွေလည်း များခဲ့ပါပြီ။

လမ်းတွင် ကလေးတစ်သိုက်၏ ဘောလုံးပွဲကို တွေ့လိုက်သည်။ မြန်မာတို့သည် ဘောလုံးအားကစားကို အလွန်နှစ်သက်ကြသည်။ ဘောလုံးပွဲနှင့် ပတ်သက်လာလျှင် စိတ်အားထက်သန်သည်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး မဟုတ်သည့် အင်္ဂလန် ပရီမီယားလိဂ်၊ အီတလီစီးအီးအေ၊ ဂျာမန်ဘွန်ဒက်ဂါလီ၊ စပိန်လာလီဂါ စသော ပွဲများကို အအိပ်ပျက်ခံ ငွေကုန်ခံပြီး အားပေးကြသည်။

အကယ်၍များ ကိုယ့်နိုင်ငံက ပွဲတွေ သူတို့လို ကောင်းကြရင် သူတို့တစ်တွေ ဘယ်လောက် ပျော်ကြမလဲ၊ ဘယ်လောက် အားပေးလိုက်မလဲ။ အေးလေ...တစ်နေ့တော့ ဖြစ်လာပါလိမ့်မည်။

'ဆရာဦးကျော်မွေးအိမ် ရောက်ပြီ'

ဆိုင်ကယ်ဆရာ၏ သတိပေးသံကြောင့် အတွေးစများ ပြတ်သွားပြီး ဆရာကြီးအိမ်အတွင်းသို့ ဝင်လိုက်သည်။

[ ၂ ]

'ဆရာကြီး ကျန်းမာပါရဲ့လား ခင်ဗျာ'

'ကျန်းမာပါတယ် တပည့်၊ အသက်ကြီးလာတော့ **"မတည့်တာမစား၊ တည့်တာကိုပင် သင့်ရုံစား"** ဆိုတဲ့ အတိုင်း နေထိုင်ရတာပေါ့ကွာ။ ဆီးချိုမတိုးအောင် အစားအသောက်၊ အနေအထိုင် ဆင်ခြင်ရတယ်။ ကဲ ထိုင်ကြပါဦးကွာ'

ဆရာကြီးသည် မူလတန်းကျောင်းအုပ်ဘဝဖြင့် လက်ပံတောရွာ၊ တိန်းညက်ကုန်းရွာတို့တွင် တာဝန် ထမ်းဆောင်ပြီး အငြိမ်းစားယူထားသည်။ သက်ငယ်ခြံရွာဇာတိ ဖြစ်သော်လည်း ရွာတန်းဈေးကုန်းတွင် မိသားစုနှင့်အတူ ကုန်စုံဆိုင်ကြီး ဖွင့်ထားသည်။ အိမ်အပေါ်ထပ်တွင် လူနေ၍ အောက်ထပ်တွင် ကုန်ပစ္စည်းများ သိုလှောင်ထာ[း]သည်။

သံ စသော အိမ်ဆောက်ပစ္စည်းမျာ[း] ထယ်သွား၊ ဓား စသော တောင်သူ[သုံး] လက်နက်များ၊ ဆန်၊ ဆီ၊ ဆား စသည် ဖြင့် လူသုံးကုန်ပစ္စည်းများနှင့် စက်သုံး ဆီများကို ရောင်းဝယ်သည်။ သားသမီး များ အားလုံး ဘွဲ့ရပညာတတ်များဖြစ် ပြီး အိမ်မှာပင် ဈေးရောင်းနေကြသည် ဝင်ငွေကောင်းလှပါသည်။

ဆရာကြီး၏ ဇနီးလက်ရာဖြစ်သော ဆိတ်သားကုလားပဲဟင်း၊ ကြက်သား ကာလသားချက်၊ ငါးပိရည် တို့စရာ များဖြင့် နေ့လယ်စာကို မြိန်မြိန် ရှက်ရှက် သုံးဆောင်လိုက်သည်။ ကော်ဖီနှင့် နန်းစိန်ကိတ်တို့ကို အစ ပိတ်အဖြစ် ထပ်ဖြည့်လိုက်သဖြင့် နေ့ ဒဏ်နှင့် ခရီးပန်းမှုများ ပျောက်ကွယ် သွားသည်။

အိမ်ပေါ်တွင် ဆရာကြီး မောင်နှံနှင့် ရှေးဟောင်းနှောင်းဖြစ်မျာ ကို ပြောမိသည်။ သားသမီးများကတော့



www.burmeseclassic.com

www.burmeseclassic.com

ဈေးရောင်းဈေးဝယ် မလည်အောင် ဖြစ်နေသည်။ ဆီထည့်သော ဆိုင်ကယ်များက အများဆုံးဖြစ်သည်။

ဆရာကြီးသည် စာသင်စဉ်ကလည်း အောင်ချက်ကောင်းခဲ့သည်။ အခြေခံပညာ ကျောင်းပေါင်းစုံ ဘောလုံးကန်ရာတွင်လည်း အနိုင်ရ ဖိုလ်စွဲခဲ့သည်။ ဈေးရောင်းပြန်တော့လည်း သူများဆိုင်တွေထက် ရောင်းအားပိုကောင်းနေသည်။ နှစ်ထပ်တိုက်နှင့် အဆင်မြင့်မြင့် နေထိုင်နိုင်သည်။

အသက်အရွယ်အရ ခန္ဓာကိုယ် အကျပိုင်းသို့ ရောက်နေသော်လည်း အတွေ့အကြုံရင့်ကျက်သဖြင့် စိတ်ဓာတ်ခိုင်မာ အားကောင်းသည်။ ဘာသာရေးအမြင်နှင့်လည်း ပြည့်စုံသည်။ ထို့ကြောင့် ဆရာကြီးထံတွင် တစ်ချိန်က မူလတန်းပညာများကို လေ့လာ ဆည်းပူးခဲ့ဖူးသော တပည့်တစ်ဦးအနေဖြင့် ယခုအခါ ဘဝအတွေ့အကြုံပညာများကို လေ့လာသင်ယူရပါတော့မည်။

'ဆရာကြီးခင်ဗျာ တပည့်တို့ လေးတန်းတက်စဉ် လွန်ခဲ့တဲ့ အနှစ် (၄၀)ခန့်က အခြေခံပညာ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲမှာ ရမည်းသင်းမြို့ပေါ်အထိ အနိုင်ရ ဖိုလ်စွဲခဲ့တာကို မှတ်မိနေပါတယ်။ ဆရာရဲ့ နည်းဗျူဟာများကို သိချင်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒီနှစ်မှာ ဆီးဂိမ်းပြိုင်ပွဲကြီး ရှိနေလို့ အောင်မြင်ရေး ကျင့်စဉ်များကို ဖြန့်ဝေချင်ပါတယ်'

ဆရာကြီးသည် ရေနွေးကြမ်းကို သောက်ရင်း ခေတ္တစဉ်းစားနေပါသည်။ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်မသောက်သောသူအဖို့ ရေနွေးကြမ်းသည် အပန်းဖြေစရာတစ်ခုပင်





ဖြစ်သည်။

'အေးကွ တပည့်မေးတော့လဲ ပြောရမှာပေါ့။ တစ်ချိန်တုန်းကတော့ လျှို့ဝှက်ချက်ပါ။ တပည့်သိတဲ့အတိုင်း လက်ပံတောကျေးရွာ မူလတန်းကျောင်းဆိုတာ ရွာငယ်ကျောင်းငယ်လေးပါ။ ဒါကြောင့် လူရွေးတဲ့နေရာမှာ စိတ်ဓာတ်ကောင်းသူ၊ ကြံ့ခိုင်သူ၊ ရဲရင့်သူများကို စနစ်တကျ ရွေးချယ်တယ်။

ဘောလုံးကန်ရင် နိုင်ရမယ်၊ ဘယ်အသင်း ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး။ အနိုင်ရဖို့ ပထမဆိုတဲ့ အောင်စိတ်သွင်းပေးတယ်။ ရဲရဲလှ၊ ရဲရဲပြေး၊ ရဲရဲကန်၊ ရဲရဲသွင်းဆိုပြီး ရဲလေးရဲနဲ့ နေ့စဉ် လေ့ကျင့်ထားတယ်။ အပေးအယူ အချိတ်အဆက်တွေကိုလဲ ပုံစံကျအောင် သင်ထားတယ်။

အထူးသဖြင့် ဂိုးပေါက်တည့်အောင် ကန်တတ်ဖို့ အဓိက လေ့ကျင့်တယ်။ အားရှိမယ့် အစားအစာများ ကျွေးတယ်။ အိပ်ရေးဝအောင် အိပ်ခိုင်းတယ်။ ပြိုင်ဘက်အသင်းရဲ့ အားသာချက်၊ အားနည်းချက်ကို သိအောင် လေ့လာပြီး အားသာတဲ့နေရာကို ရှောင်ပြီး အားနည်းတဲ့နေရာကို ဖိတွယ်ဖို့ မှာထားတယ်။

စစ်တိုက်တာပဲဖြစ်ဖြစ်၊ ဘောလုံးပွဲပဲဖြစ်ဖြစ် ပြိုင်ပွဲတိုင်းမှာ ဗျူဟာလိုတယ်။ ဒါကြောင့် ကမ္ဘာကျော်အင်္ဂလန် ပရီမီးယားလိဂ်ပွဲတွေမှာ နည်းပြကောင်းကောင်း ခန့်ထားရတယ်။ နည်းဗျူဟာ ကောင်းရင် တိုက်ပွဲမှာ တစ်ဝက်အောင်နေပါပြီ။ ပြိုင်ပွဲနေ့တွေမှာတော့ ထုံးမန်းတိုက်တယ်။ ပွဲတိုင်း အနိုင်ရခဲ့တယ်'

'ဆရာရဲ့ ဗျူဟာတွေက တကယ်ကောင်းတယ်။ ဒါကြောင့် ပထမဒိုင်းဆုရတာပဲ။ ထုံးမန်းလေး ချီးမြှင့်ပေးပါဆရာ၊ ကောင်းတာလေး ချန်မထားပါနဲ့။ သုံးချင်တဲ့သူတွေ အဆင်သင့် ရစေဖို့ပါ'

'တစ်ပွဲတိုး ထုံးမန်းလို့ ခေါ်တယ်။ စစ်ပွဲတွေ၊ အားကစားပြိုင်ပွဲတွေ စတဲ့ ပြိုင်ပွဲအမျိုးမျိုးမှာ သုံးလို့ရပါတယ်။ အောင်မြင်မှုကတော့ ပွဲတွေ့ပဲ၊ **မတရားတဲ့ကိစ္စတွေမှာ မသုံးပါနဲ့။ သုံးသူကို ပြန်ထိတတ်တယ်။**

ကွမ်းစားထုံးကို သင်္ဘောစေ့ခန့် အလုံးသေးသေးလေးတွေ လုံးထားပါ။ ခန္ဓာသုတ်အဆုံးဂါထာကို ရှေ့က ဦးခံပြီးတော့(၇)အုပ်မန်းရတယ်။ **ဦး...ကတာ မေ ရက္ခာ၊ ကတံ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ။ သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာ သမ္ဗုဒ္ဓါနံ'**။

'ဂါထာတော်ရဲ့ အနက်အဓိပ္ပာယ်ကိုပါ ရှင်းပြပါဆရာ'

'**ဦး**၊ အောင်စေသတည်း။ **ကတာ မေ ရက္ခာ၊** ကျွန်ုပ်သည် ရတနာသုံးပါး အစောင့်အရှောက်ကို ပြုအပ်ပြီ။ **ကတံမေ ပရိတ္တံ၊** ကျွန်ုပ်သည် ရတနာသုံးပါး အရံအတားကို ပြုအပ်ပြီ။ **ပဋိက္က မန္တု ဘူတာနိ၊** ရန်သူတို့သည် ဖယ်ခွာ



www.burmeseclassic.com

www.burmeseclassic.com

ရှောင်ကြပါစေ ကုန်သတည်း။ **သောဟံ နမော ဘဂဝတော၊** ကျွန်ုပ်သည် မြတ်စွာဘုရားအား ရှိခိုးပါ၏။ **နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ၊** ခုနစ်ဆူကုန်သော ရှေးဘုရားရှင်တို့အား ရှိခိုးပါ၏'

ပြိုင်ပွဲမစမီ တစ်ယောက်ကို သုံးလုံးစီ ရေနွဲ့တိုက်ရမယ်။ တစ်ခါ သောက်တစ်လုံးပါ။ ဆေးလုံးက လည်ချောင်းမှာ နင်ရင် အောင်ပြီလို့ မှတ်ပါ။ လေ့ကျင့်မှု၊ စိတ်ဓာတ်၊ ဘုရားဆေးလုံးတို့ ပေါင်းလိုက်တော့ ကလေးတွေက ပြိုင်ဘက်ကို လုံးဝ မကြောက်ဘဲ အတင်းဝင် အတင်းဖျက် အတင်းကန်နဲ့ ပွဲတိုင်း အနိုင်ရခဲ့တယ်'

'ဟုတ်ပါတယ် ဆရာ၊ တစ်ဖက် အသင်းက ဘယ်လောက်ပင် ကောင်းကောင်း၊ ကန်ခွင့်မရအောင် လုပ်ထားနိုင်ရင် ဒီနှစ် ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာနိုင်ငံသီချင်းသံ ကြားရမှာ အသေအချာပါပဲ'

## [၃]

'ဒါနဲ့ ဆရာကြီးရေ စပ်စုတယ်မထင်ပါနဲ့၊ အိမ်ရှေ့မှာ စက်သုံးဆီ ရောင်းနေတာ လက်မလည်အောင်ပဲ၊ ပုလင်းပြားလေးကိုလဲ ထူးထူးခြားခြား တွေ့နေတယ်။ ရှင်းပြလို့ရမယ်ဆိုရင် သိချင်ပါတယ်ဆရာ'

'အင်း တပည့်ရေ အဲဒါပုလင်းပြား မဟုတ်ဘူး။ ထမင်းအိုးကြီးကွ။ လျှို့ဝှက်ချက်ကို ပြောရတော့မယ်။ ဒါဟာ စေတနာလို့လဲ ပြောနိုင်တယ်၊ နည်းဗျူဟာလို့လဲ ဆိုနိုင်တယ်။ ဈေးရောင်းရင် **"ဈေးချိုနှုတ်ချို၊ ဉာဏ်နှစ်ချို၊ ဆောင်ကို ဆောင်ရမယ်"**တဲ့။ သံတောင်ကြီး ဆရာတော်က သတိပေး ဆုံးမတော်မူတယ်။



ဟုတ်တယ်၊ စကားချိုသာ ဆက်ဆံရေးကောင်း၊ ဈေးချိုတဲ့ဆိုင်၊ အဆစ်ပေးတဲ့ဆိုင်၊ လက်ဆောင်ပါတဲ့ဆိုင်၊ ကံစမ်းမဲပါတဲ့ဆိုင်ကို အားပေးကြတယ်။ ဓာတ်ဆီ ရေသန့်ဘူးတစ်လုံးကို တစ်ထောင်ကျပ်နဲ့ ဆိုင်တိုင်း ရောင်းကြတယ်။

ဒီဆိုင်မှာက ဓာတ်ဆီပုလင်းပြားလေးတစ်လုံး လက်ဆောင်ပေးတယ်။ တစ်ခါတစ်ရံ ဓာတ်ဆီဈေးကျရင် ဆိုင်ကယ်ကြိုး၊ မီးခြစ်၊ သော့ချိတ်၊ စာအုပ် စတာတွေကို လက်ဆောင်ထပ်ပေးတယ်။ ဒါတွေပေးလိုက်လို့ ဓာတ်ဆီ တစ်ပုလင်းပေါ်မှာ အမြတ်နည်းသွားပေမယ့် ဆီပီပါတွေ အများကြီး ကုန်သွားလို့ အမြတ်တွေလဲ အများကြီး ရပါတယ်။

ပြီးတော့ **"ပစ္စည်းမှန်၊ ဈေးမှန်၊ အချိန်မှန်၊ မှန်သုံးမှန်လဲ ဆောင်ရမယ်"**တဲ့။ ရောင်းဝယ်တဲ့ ပစ္စည်းတွေရဲ့ အရည်အသွေးစစ်မှန်ဖို့ ကောင်းဖို့လိုတယ်။ ဈေးနှုန်းကိုလဲ တက်ရင်တက်သလို ကျရင်လဲ ကျသလို မှန်မှန်ကန်ကန် ရောင်းဝယ်ရမယ်။

သင့်တော်တဲ့ အမြတ်ရရင် တော်ပါပြီ။ မတရား ဈေးတင်ရောင်းမယ်ဆိုရင် တစ်ခါစား ဖြစ်သွားမယ်။ တစ်ခါပဲ ဝယ်မယ်။ ဆိုင်ဖွင့်ချိန်၊ ပိတ်ချိန် အချိန်မှန်မှ စားသုံးသူက သဘောကျတယ်'

ဆရာကြီး၏ စီးပွားရေးနှင့် ဆိုင်သော လျှို့ဝှက်ချက်ကို ရလိုက်သဖြင့် ဝမ်းသာနေမိပါသည်။ သို့သော်အခြားလျှို့ဝှက်ချက်များလည်း ရှိနိုင်ပါသည်။ ထို့ကြောင့် ဆရာကြီး၏ ဘာသာရေး ကျင့်စဉ်များကို မေးမြန်းမိပါသည်။

'ဘာသာရေးကတော့ ဗုဒ္ဓဘာသာ မြန်မာပီပီ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို ငယ်ငယ်ကတည်းက လေးစားတယ်။ မူလတန်းပြဆရာဖြစ်စက လခလေးက ထောင်ဂဏန်းလောက်ပဲရတယ်။ ရတဲ့လခရဲ့ ထက်ဝက်ကျော်ကျော်ကို မိဘနှစ်ပါးကို အမြဲ လှူဒါန်းတယ်။ အိမ်ဆောက်ပေးတယ်။

အခု နေ့စဉ် မနက်စောစော ဘုရားရှိခိုးတာလေးကို ပြောပြမယ်။ နတ်ပြဟ္မာများကို ဖိတ်ကြားတယ်။ ဘုရားရှင်အား မီးအလင်း သောက်တော်ရေ ပန်း စတာ လှူဒါန်းတယ်။ ဘုရား၊တရား၊သံဃာ ဂုဏ်တော်များကို ပါဠိ၊ အနက် ရွတ်ဆိုပူဇော်တယ်။ ရေအိုးကို ရှေ့မှာထားပြီး ပရိတ်တော်များကို ရွတ်တယ်။

တောင်တန်းသာသနာပြု ဆရာတော်ကြီးရဲ့ နတ်ချစ်ဂါထာများ။ ရသေ့ကြီး ဦးခန့်ရဲ့ ရွှေလာငွေလာဂါထာကို ရွတ်ဆိုပူဇော်တယ်။ မေတ္တာပို့အမျှဝေတယ်။ နတ်များကို စောင့်ရှောက်ပေးကြဖို့ မေတ္တာရပ်ခံတယ်။ ပရိတ်ရေများကို အခြားရေများနဲ့ပြားပြီး အိမ်ရှေ့ ဆိုင်ရှေ့ လမ်းမပေါ်မှာ နေ့စဉ် ပက်ဖျန်းတယ်။ ဘာသာတရားရဲ့ ကျေးဇူးကြောင့် အတိုက်အခိုက်တွေကင်းတယ်။ အရောင်းအဝယ်ကောင်းပြီး စီးပွားတက်နေပါတယ်'

ဆရာကြီးထံမှ ရွှေလာငွေလာဂါထာကို မှတ်သားခဲ့ပါသည်။ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စသော အရေးတို့တွင် အောင်မြင်နေသူများ



www.burmeseclassic.com

www.burmeseclassic.com

ရှိကြပါသည်။ ထိုသူတို့သည် အကြောင်းမဲ့ ထီပေါက်၍ အောင်မြင်နေသူများ မဟုတ်ပါ။ အောင်မြင်ရေးအတွက် အောင်မြင်ကြောင်းများကို ကြိုးစားလုပ်ရ၏။ အနစ်နာခံရ၏။ ဉာဏ်သုံးရ၏။ အရင်းအနှီးများ စိုက်ထုတ်ရ၏။ အချိန်ကာလတစ်ခုအထိ သည်းခံစောင့်ရ၏။

အချို့လူများသည် အောင်မြင်ချင်သော်လည်း အောင်မြင်နည်းများကို မကြိုးစားဘဲ ဖြတ်လမ်းလိုက်ကြသဖြင့် အောင်မြင်မှုကို မရကြပေ။ အောင်မြင်ပြန်လျှင်လည်း ကြာရှည်မခံ၊ တစ်ခဏအတွင်း ကျရှုံးရ၏။ ထို့ကြောင့် အောင်မြင်မှုကို လိုလားကြကုန်သောသူတို့သည် အောင်မြင်ရေးကျင့်စဉ်များကို ကြိုးစားကြပါကုန်ဟု တိုက်တွန်းရင်း ရွှေလာငွေလာဂါထာကို ပူဇော်လိုက်ပါသတည်း။

အရဟံ ဗဟိအန္တ ဇယံ သုဂတံ၊
အမိတံ ဝိရဇံ လလိတံ။
အတုလံ စရဏံ တိတဂုပသမံ ယမကံ၊
သုခဒံ သရဏံ ပဏာမာမိ ဇိနံ။

အနက်

**အရဟံ၊** ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ **ဗဟိအန္တဇယံ၊** အတွင်းအပြင်ရန်ကို အောင်မြင်တော်မူထသော။ **သုဂတံ၊** ကောင်းသော တရားစကားကို ဟောတော်မူတတ်ထသော။ **အမိတံ၊** မနှိုင်းယှဉ်အပ်သော တန်ခိုးပြာဋိဟာ ရှိတော်မူထသော။ **ဝိရဇံ၊** ကိလေသာမြူ ကင်းတော်မူထသော။ **လလိတံ၊** တင့်တယ်သပ္ပာယ်တော်မူထသော။ **အတုလံ၊** အတုမရှိ ဖြစ်တော်မူထသော။ **စရဏံ၊** အကျင့်စရဏနှင့် ပြည့်စုံတော်မူထသော။ **တိတဂုပသမံ၊** ဘုံသုံးပါး၌ ကိလေသာငြိမ်းအေးတော်မူထသော။ **ယမကံ၊** ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာနှင့် ပြည့်စုံတော်မူထသော။ **သုခဒံ၊** ချမ်းသာကို ပေးစွမ်းတော်မူထသော။ **သရဏံ၊** ကိုးကွယ်အားထားရာ ဖြစ်တော်မူထသော။ **ဇိနံ၊** မာရ်ငါးပါးကို အောင်မြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ **(အဟံ၊** တပည့်တော်/မသည်)။ **ပဏာမာမိ၊** လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**ကျော်(ရမည်းသင်း)**

စာမျက်နှာ (၂၀၂)မှ အဆက်

တဲ့။

**ဂါထာအဓိပ္ပာယ်ကတော့...**

**"အတုမရှိသော ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် အဆုံးမရှိသော တန်ခိုးစွမ်းအားများသည် ကျွန်ုပ်ကြီးလေးကျွန်း တည်ရာအနှံ့ ပျံ့နှံ့တည်ရှိကြကုန်သည်၏"** လို့ အဓိပ္ပာယ်ရတယ်ကွ။

ဒီဂါထာကို စွဲစွဲမြဲမြဲ ယုံယုံကြည်ကြည်နဲ့ ရွတ်ဆိုရင် အန္တရာယ်ကင်း ဘေးရှင်းပြီး လုပ်ကိုင်သမျှ အကြီးအငယ်တွေ အောင်မြင်စေတယ်ကွ။ အထူးသဖြင့်ကတော့ ခရီးသွားလာခြင်း ကိစ္စတွေ၊ အလုပ်အပြောင်းအရွှေ့ ကိစ္စတွေမှာ အဆင်ပြေချောမွေ့စေတယ်။ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် အခက်အခဲ မတွေ့ရဘူး။

အဘကိုယ်တိုင်လဲ ဒီဂါထာကို စွဲစွဲမြဲမြဲရွတ်နေတော့ လက်ရှိဌာနက ဘယ်ဌာနကို ပြောင်းရပြောင်းရ အဘရောက်တဲ့ဌာနတိုင်းက အရာထမ်း အမှုထမ်းအားလုံးနဲ့ အဆင်ပြေစွာ ပေါင်းသင်းဆက်ဆံနိုင်တယ်။ ပေးအပ်တဲ့တာဝန်ကိုလဲ ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့တယ်ကွ'

ဟု ပြောပြလေသည်။ ထိုအချိန်မှာပင် သူငယ်ချင်းလည်း အပြင်မှ ပြန်လာပြီဖြစ်၍ ကျွန်တော်တို့ စကားဝိုင်းလည်း အဆုံးသတ်သွားခဲ့လေသည်။

**(ကွယ်လွန်သွားပြီဖြစ်သော အဘ ဦးအောင်မင်းချွန်အား သတိတရဖြင့် ရေးဖြစ်ပါသည်။)**

**ဆရှမှန်ဖြင့်...**

**ကောင်းမြတ်သူ**

စာမျက်နှာ (၂၀၃)မှ အဆက်

မှတ်ချက်

သည(ဝ)/ရ = စနေ ဖြစ်ပါသည်။

| | | |
|---|---|---|
| တနင်္ဂနွေ | ⇨ | ၁ |
| တနင်္လာ | ⇨ | ၂ |
| အင်္ဂါ | ⇨ | ၃ |
| ဗုဒ္ဓဟူး | ⇨ | ၄ |
| ကြာသပတေး | ⇨ | ၅ |
| သောကြာ | ⇨ | ၆ |
| စနေ | ⇨ | ဝ/ရ |

ကျန်သွယ်လယ်လှပ် ကြေးတောင်း ရွှေရာ အိမ်ဆောက်ထိမ်းမြားမင်္ဂလာတို့ကိုရက်ရာဇာမှအပ ကျန်နေ့များ ရှောင်ပါလေ။

ရက်ရာဇာနှင့်ပတ်သက်ပြီး မှတ်ခွဲများ ရှိပါသည်။

တန်ခူးလတွင် သောကြာ, တနင်္လာ၊ နတ်တော်လတွင် တနင်္လာ, စနေ၊ တန်ဆောင်မုန်းလတွင် သောကြာ, ဗုဒ္ဓဟူး။ တပေါင်းလတွင် စနေ, ဗုဒ္ဓဟူး, သောကြာ, ကြာသပတေး ဟူ၍လည်းကောင်း ရှိပါသည်။

အသုံးပြုသူများ အကျိုးစီးပွားအမှန် အမြဲတမ်း ဖြစ်သည်ကို ယူပါလေ။ ရက်ရာဇာ၏ ကွဲလွဲချက်များ ဖြစ်ပါသည်။ ယေဘုယျ ရွေးချယ်ချက် ဖြစ်ပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**

ကျမ်းကိုး။ ။ ❋ **ပဉ္စသာခါကျမ်း။**

❋ **လောကသမ္မုတာ၊ လောက သင်္ကေတကျမ်း။**



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်ကင်း

# ရန်မျိုးလုံအင်း

အန္တရာယ်ကင်း ရန်မျိုးလုံအင်း အစီအရင်ကို **မကွေးမြို့မှ မိတ်ဆွေ ဗေဒင်ဆရာ ဦးကြည်ဆိုင်မှ** ပြောပြပေးခြင်း ဖြစ်ပါသည်။

ထိုအင်း၏ အကျိုးထူး ကျေးဇူးများမှာ အတိုင်းအရှည် မသိနိုင်အောင် ဖြစ်ပါသည်။ သို့သော် တတ်စွမ်းသမျှ ဖော်ပြရသော်...

- ✤ မီးဘေး၊ ရေဘေး၊ လေဘေး၊ အပျက်အစီးဘေးမှ ကင်းဝေးလုံခြုံစေသည်။
- ✤ သွားလေရာဒေသ မြို့ရွာနိုင်ငံတွင် ဆောင်ယူသွားလျှင် ဘေးကင်းလုံခြုံပြီး ရန်ဝေးစေသည်။
- ✤ သူခိုး၊ သူခိုးဓားပြ၊ ဓားပြရန် ဝေးစေသည်။
- ✤ မိမိအပေါ် အတိုက်အခိုက် မကောင်းမကြံစည်နိုင်။ ကြံစည်လျှင် ထိုသူသာလျှင် နောက်ဆုံး တန်ပြန်ဆိုးကျိုး ခံစားရစေသတည်း။
- ✤ ရုပ်ထားနာမ်ထား၊ သူပြုလုပြု အမှောင့်ပယောဂများ ကင်းဝေးစေသည်။
- ✤ စီးပွားဉစ္စာ တည်မြဲစေပြီး အမြဲ စိတ်အေးချမ်း သာယာစေသည်။

အထက်ဖော်ပြပါ အချက်များမှာ ယေဘုယျ အကြမ်းဖျင်း အကျိုးတရားများ ဖြစ်ပါသည်။


ရန်မျိုးလုံအင်း အစီအရင်မှာ မခက်ခဲပါ။ ရွှေပြား သို့မဟုတ် ငွေပြားပေါ်တွင် ရေးဆွဲပြီး လက်ဖွဲ့လိပ်၍လည်း ဆောင်နိုင်ပါသည်။

နေအိမ်ဘုရားစင်တွင် တင်လှူပူဇော်ပြီးလည်း ဆောင်နိုင်ပါသည်။ မိမိစိတ်ကြည်လင်သလို ဆောင်ထားနိုင်ပါသည်။

ရှေးဘိုးဘွားအဆိုအရ နတ်အိုးကွဲတွင် ရေးဆွဲ၍ နေအိမ်တွင် ဆောင်နိုင်သည်ဟုလည်း ဆိုပါသည်။ စီရင်ပြုလုပ်ပုံမှာ...

'ဓ'တွင် 'စ'အုပ်။
ယင်းတွင် 'ဝ'အုပ်။
၎င်းကို 'ဗ'အုပ် ရေးရမည်။
သို့ဖြစ်၍...
ဓ၊ စ၊ ဝ၊ ဗ
ဠ၊ ဏ၊ က၊ ရ
ဋ၊ သ၊ က၊ ဥ
လ၊ န၊ ဂ၊ ယ

တို့ကို ရေးသွင်းရပါမည်။ လွဲမှားခက်ခဲမှု မရှိစေရရန် နမူနာ ရေးဆွဲပြလိုက်ပါသည်။




အထက်ပါအတိုင်း ပီပြင်စွာ မကျိုးမပေါက် ရေးသွင်းပြီးလျှင် အောက်ပါဂါထာဖြင့် (၁၀၈)ခေါက် စုတ်ပေးရပါမည်။ **(ဌာန်နှင့်မာန်နှင့် ပီပြင်ကြည်လင်စွာ ရွတ်ဆိုစုတ်ပေးနိုင်ရန် တင်ကြို လေ့ကျင့်ထားရပါသည်။)**

✦ သိဒ္ဓိ နမော ဗုဒ္ဓါယ ဦ
ဦ နမော ဗုဒ္ဓါယ သိဒ္ဓိ
စတုဓာတု ပသိဒ္ဓိ ဝိဇ္ဇာယောဂံ၊



သဗ္ဗသတ္တရုဂါယံ ဝိနဿတိ၊
မဟာဝိဇ္ဇာဓရေန သဗ္ဗကမ္မံ သိဒ္ဓိကိစ္စံ၊
ပဥ္စပဒုမံ ပဥ္စဗုဒ္ဓါနံ၊ နမော သိဒ္ဓိ သွာဟုံ။

ဖော်ပြပါ ဂါထာမန္တန်ဖြင့် (၁၀၈)ခေါက် စုတ်ပြီးလျှင် စီရင်ခြင်းကိစ္စပြီးပြည့်စုံပါသည်။

သိဒ္ဓိစုတ်ကြိုက်၊ နှစ်ဖက်မြင်၊ ကမ္ဘတ်နက္ခတ်၊ စနေနေ့ မွန်းလွဲအချိန် စီရင်လျှင် ပိုမိုကောင်းပါသည်။

သို့မဟုတ် အမြိတ္တစုတ်နေ့၊ ရက်ရာဇာနေ့ စီရင်နိုင်သည်။ အဓိကမှာ ပြဿဒါးရက် လွတ်ကင်းဖို့သာ လိုပါသည်။ ပြက္ခဒိန်များတွင် ရှာဖွေကြည့်ပြီး ရက်ရွေးစီရင်နိုင်ပါသည်။

**အောင်အိုး(နတ်မောဘီ)**



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

အတန်ငယ်ကြာသော် ဝုန်းခနဲ
ညီသံ ထွက်ပေါ်လာ၏။
ကြီးထံမှဖြစ်၏။ မြွေရှိရာ
ကွက်တွင် မီးခိုးသဏ္ဌာန်
အငွေ့ပြာပြာတို့
ိုင်းနေ၏။
ဆောင်ပေါ်တော
ရုံလုံး လေပြင်း
ာ်လာ၏။ တဝေါဝေါ
ည်နေ၏။ ကျွန်ုပ်
တ်အစားတို့ပင်
ခါယမ်းနေ၏။
ပင်တို့ ပြင်းထန်စွာ
ခွဲ့နေသည်။
အကြာတွင်
သံရော မြည်သံပါ
နဲ ရပ်သွား၏။
ပြည်လေး တဖြူးဖြူး
ခတ်နေပါသည်။
ကျွန်ုပ်လည်း ယခုမှပင်
ဝင်လာသကဲ့သို့
ပြီး မေတ္တာပို့၍ အလုပ်ကို ရပ်
မိ၏။ မျက်စိစုံမှိတ်ကာ ပတ်ဝန်း
ကို ထပ်မံ မေတ္တာပြု၏။ မနောတွင်
တစ်ခု ဝင်လာ၏။
မြွေထုံကူးတာ ခေါ်တယ်။ ကျင့်စဉ်တစ်ခု
ပျောက်သွားခြင်းပဲ။ ဒီပညာတက်ချိန်မှာ
နားမှာရှိတဲ့ သတ္တဝါ လူတို့ကို အန္တရာယ်
တတ်တယ်။ အနှောင့်အယှက်ဖြစ်မှာစိုး
အလွှတ်မပေးဘူး။
မင်းမှာ ခန္ဓသုတ်ပရိတ် ထုံသူဖြစ်တာ
ည် ခန္ဓသုတ်ပရိတ် ရွတ်ပွားချိန်ရယ် မြွေနဂါး
မေတ္တာပညာ မျှဝေတဲ့ ပါရမီဆက်ကြောင့်
ည် ထုံကူးတာကို မြင်ခွင့် တွေ့ခွင့်ရတာ
တယ် လူလေး’
မင်းဟန်ပေါက်သော အသံ



ဦးအောင်

# ပါရမီဝခန်း အာဇိဗ္ဗာန်ဆေး (၃)

တစ်သံကို မနောသံစဉ်အဖြစ် သိနေရသည်ဟု ပြောချင်ပါသည်။ ကျွန်ုပ်ပြောသမျှ နားထောင်နေပြီးမှ ဆရာတော်က မှတ်ချက်ပြု၏။

‘မယုံနိုင်စရာပဲ ဆရာနော်၊ လူတွေပြောပြရင် ယုံပါ့မလား’

‘ယုံနိုင်သူ ရှိသလို၊ မယုံနိုင်သူတွေလဲ ရှိမှာပေါ့ဘုရား… ဒါကတော့ မိမိဆန္ဒပေါ့ ဘုရား’

‘အေးပေါ့ဗျာ ရုပ်ခွဲ နာမ်ခွဲ အိုဝ်မက်အာရုံ အစရှိတာတို့ရဲ့ သဘော သဘာဝကိုက သာမန်ထက် ကဲလွန်ခြင်း လက္ခဏာ ဆောင်ယူပေတာပဲ၊ ဒီတော့ သာမန်ထက်ကို ထူးခြားသော၊ ထက်မြက်သော ဝိသေသ ဆောင်ယူတဲ့ ကျင့်စဉ်ခွန်အားနဲ့မှသာ ရနိုင်၊ ယူနိုင် သိနိုင်ပေမယ်’

‘မှန်ပါဘုရား “ဘ” ဘုရားရှင်မိန့်တော်မူတဲ့ စကားတစ်ခွန်းကို သတိရမိတယ်။ ဆရာတော်ကြီးတစ်ပါး ဟောပြသံ နာခံဖူးတာပါ။ ဆရာတော်ကြီးအမည်တော့ မေ့နေပြီ။ **“မှန်တဲ့အလုပ်မှာ ဝီရိယနည်းရင် အကျိုးယုတ်သလို၊ မှားတဲ့အလုပ်အကျင့်**

www.burmeseclassic.com

မှာ ဝီရိယကောင်းသလောက် **အကျိုးယုတ်တယ်**''တဲ့ ဘုရား'

'မှန်ပါ့ဗျာ မှန်ပါ့ ဒီနေရာမှာ တရားတော်နဲ့ညီအောင်၊ ဓမ္မရဲ့ အနှစ်သဘောဆိုက်အောင် သိနားလည်ခြင်း၊ ကျင့်ဆောင်ခြင်းဆိုတာ ရှိရမှာပေါ့။ ပုထုဇဉ် အငယ်စားတွေအဖို့ လိုရှိလည်းကောင်း၊ ပိုရှိလည်းကောင်း နှလုံးသွင်း မိစမြဲပေါ့'

'မှန်လှပါဘုရား ဆရာကောင်း၊ အမှီကောင်း၊ နိသျကောင်းအစရှိတဲ့ ဝတ္ထုပစ္စည်းရဲ့ အထောက်အပံ့ လိုပါတယ်ဘုရား။ ဥပနိဿယပစ္စယောလို့ ဆိုရမယ် ထင်ပါတယ်'

'ဟုတ်တယ်... ဟုတ်တယ် ဒီလိုသဘောကြောင့် ဘုရား၊ ရဟန္တာ အစရှိတဲ့ ရှေးအရှင်တို့မှသည် ယနေ့အထိ အရှင်ကောင်း အရှင်မြတ်တွေက တရားတော်ကို လက်ဆင့်အမွေကမ်းလို့ ကျင့်ကြ ဟောကြ ရေးကြ အနားမနေကြပါဘူး။ သန်ရာသန်ရာ စွမ်းဆောင်တော်မူကြပါတယ်'

'တင်ပါဘုရား အန္တိမ်းမဲ့ ကျေးဇူးတော်ရှင်များ ဖြစ်ကြကုန်သော ဘုရား၊ တရား၊ သံဃာ၊ ဆရာသမားတို့ အမှန်ကို ညွှန်ပြတော်မူသော ဂုဏ်နဲ့တကွ အခြားသော ဂုဏ်များစွာတို့ကြောင့် အနည်းကျဉ်းမျှ သိရှိနဲ့ပင် တို့အရှင်တို့ရဲ့ ကျေးဇူးတော်ကို ပူဇော်အားရ မဆုံးနိုင်အောင် ရှိပါတယ်ဘုရား'

'အိမ်း... သာဓု...သာဓု...သာဓုဗျာ၊ တရားတော်နဲ့ ဘုရားအမွန် အစရှိသော အရိယာကြီးများရဲ့ စကားတော်တို့ကို ဤသို့ပင်လျှင် မိမိဉာဏ်နဲ့ တန်ရုံ ဆွေးနွေး ကြည့်ညိုရခြင်းသည်ပင်လျှင် ဓမ္မသဝန၊ ဓမ္မသာကစ္ဆာမင်္ဂလာ မည်ပေတယ် ဆရာရဲ့။ ကဲ အပြောတွေရပ် အလုပ်စခန်း ဝင်လိုက်ကြဦးစို့ဗျာ အချိန်



သင့်နေပါပြီ'

'တင်ပါဘုရား သင့်နေပါပြီ'

ဆက်စပ်ရာ ဉာဏ်မှီသမျှ၊ ဉာဏ်ထင်သမျှ စကားအစုတို့ကို ဆွေးနွေးခြင်းကို ရပ်၍ အဓိဋ္ဌာန်ပါရမီအတွက် အစပျိုး ပြင်ဆင်ရပါတော့သည်။ မိုးကုတ်ဆရာတော်ကြီး ဆုံးမစကားအရ **"ငါသည် မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်"** ဟူသည့် အတိုင်း ထိုသို့သော အချိန်ပိုင်း မရောက်မီ အပါယ်ဘေးလွတ်အောင် ကြိုးပမ်းရပါလေတော့မည်တည်း။

* * *

နံနက်စော အရုဏ်တက် အလုပ်ချိန်ပြီးလျှင် ကျွန်ုပ်နှင့် ကပ္ပိယကြီးမှာ နံနက်ဆွမ်းအတွက် တတ်သရွေ့ မှတ်သရွေ့ ချက်ကြ ပြုတ်ကြ၏။ အရုဏ်တက် အလုပ်ချိန် များသွားသော အခါမျိုးတွင် နံနက်ရှစ်နာရီခန့်မှ အရုဏ်ဆွမ်းကိုစွ ပြီးတော့၏။

သုံးဦးစာ ဝန်မကျယ်လှသော်လည်း ဗာဟိရအလုပ်နှင့် ရှုပ်သွားလျှင် ဆွမ်းနောက်ကျမြဲ။ ထိုအခါ သင့်သလို ဆွမ်းရော ဆွမ်းဟင်းပါ နေ့ခင်းခါအတွက်ပါ ချက်ထားရ၏။

မွန်းတည့်ပြီးမှပင် စားမှုသောက်မှု ဝန်ငြိမ်းတော့၏။ ဆရာတော်မှ ကြည့်ရင်း အားနာသနားလာဟန်တူ၏။

'ဆရာလဲ စားမှုသောက်မှု ဝင်စီမံ နေရတာ ပင်ပန်းရှာမယ်နော်။ အလု... တရားကလဲ များဆိုတော့'

ဟု မိန့်၏။ ခန္ဓာဝန်က နိုင်သ... ထမ်းရသည့် အမျိုးပေမယ့် အစုအ... အတူနေသူခြင်း ဆိုသည်ကလည်... သင့်ရာဝန် ထမ်းရသည့်သဘော နှ... သွင်းမိပြီးဖြစ်၍ ခန္ဓာပင်ပန်းသော်... စိတ်မှ ခံသာပါမည်။ အနှောင့်အယှ... သိပ်မဖြစ်ပေ။

'မှန်လှပါဘုရား... အဂ္ဂိရတ်... ပြောရရင်တော့ စားလမ်းပေါက်နေပြီ... တော့ ပြောနိုင်ပါပြီ ဘုရား'

ကျွန်ုပ်အပြောကို ဆရာတော်... ကပ္ပိယကြီးမှ နှလုံးတွေ့ဟန်... နှစ်ခြိုက်စွာ ရယ်မောကြ၏။ တစ်... ကုန် အလုပ်ချိန်များ ဆက်စပ်အော... ခွင်ချထားပြီး ဆက်တိုက် တစ်မျိုး... တစ်မျိုး လုပ်ဆောင်သွားသော်... ပျံ့လွင့်မှု နည်းလာတော့၏။

အားချိန်မထားဘဲ ဆက်တိုက်... ထုတ်ရခြင်းသည် သမာဓိ... တိုးပွားခိုင်ခံ့စေသည် ဟူသော အ... ကို သဘောကျနိုင်တော့၏။

စင်္ကြံလျှောက် အားထုတ်ခြင်း... သမာဓိကို ဖြစ်စေ၏၊ ခန္ဓာမျှတ... ၏ ဟူသော ဆုံးမစကားသည်... မျှတသည်ကို ဖြစ်နိုင်သော်လ... သမာဓိဖြစ်ရန် တွေးမရပါ။ (ကျ... အထင်ပါ။)

မလွဲမရှောင်သာဘဲ အားထု... (ထိုင်၍) များများထားလိုက်၍... ထုတ်သော် အညောင်းပြေနိုင်ရန်... လျှောက်ချိန်ပါ ထည့်သွင်းစဉ်... အားထုတ်ရ၏။

အညောင်းပြေရုံ အာရုံ... အတင့် မပျံ့ရန်သာ ရည်ရွယ်... တကယ်လုပ်၍ အားထုတ်... စင်္ကြံကမ္မဋ္ဌာန်းအကျိုး သ...



www.burmeseclassic.com

www.burmeseclassic.com

ရလွယ်ပါ၏။ ထိုအခါတွင် ဆုံးမတော်
ကြကုန်သော အရှင်ကောင်း အရှင်
တော်ကြီး၏ စကားကို ဟုတ်နိုင်ပါ့မလား
သော သံသယမနောကံပြစ် ကျေစေ
အတန်တန် အလီလီ ကန်တော့
ပြန်ပါတော့၏။

ဓမ္မပဒစေတီတော်၏ ရာဟုထောင့်
ကျောက်တုံးကြီးပေါ်တွင် အခင်းခင်း၍
ထိုင်၏။ ပရိက် ပြုပြီးသည်နှင့် မေတ္တ
သုတ်ပရိတ်ကိုတော်ကို ရွတ်ပွားပါ
သည်။ မီးပျက်သဖြင့် စေတီရော
**ရွှေမြင်တင်တစ်တောင်လုံး** အမှောင်
နေ၏။

ဖယောင်းတိုင် လှူသော်လည်း
တဝေါဝေါတိုက်၍ ငြိမ်းကာ
မွှေးတိုင်မီးတို့သာ တရဲရဲ မြင်ရတော့
၏။ နှင်းမှုန်တို့ ထူထပ်စွာ ကျလာ၍
အေးမာတ် ပိုလာ၏။ မေတ္တာသုတ်
ရိုတ်တော်ကို တစ်ခေါက်ပြီး တစ်ခေါက်
တိုးမကျယ် ရွတ်ပွား၏။

အချိန်အတန်ကြာလာသော် ပရိတ်ရွတ်
ဝယ် စိတ်နှစ်မြုပ်နေ၍ ပရိတ်သံနှင့်
နှိုပ် နှစ်ဦးတည်း ရှိနေသလို ခံစားရ
၏။ ပြောမပြတတ်သာ စိတ်အေးငြိမ်းမှု
အတူ လေအဝှေ့တွင် သင်းပျံ့သော
မွှေးတိုင်အနံ့ကပါ ဓမ္မ၏ချမ်းမြေ့မှုကို
ဆင်ဟပ်စေပါသည်။

ပရိတ်ပြီးမှ ဝင်လေထွက်လေကို
ဆင်ခြင်ရ၏။ ပရိတ်ရွတ်၍ အနည်းငယ်
မောနေသဖြင့် ထွက်လေသိဝင်လေ
သိမှတ်သော် နားရသလိုဖြစ်၍ မှတ်
ကောင်းပြီး သမာဓိဖြစ်လွယ်နေပါ
သည်။

မနောအာရုံတွင် မူလက မှောင်ရာမှ
ရောင်ပမာ တဖြည်းဖြည်း လင်းလာ
၏။ လေတိုးမှု မဟိဒ္ဓဓါယောရုပ်၊ ဝင်လေ
သိ လေတိုးမှု အဇ္ဈတ္တဓါယောရုပ်၊
ထွက်လေ ထွက်တိုင်း ဝင်တိုင်း သိမှု



သည်၊ နာမ် အစဉ်မပြတ်ခြင်းသည်
သတိ၊ ဝင်လေထွက်လေ အစဉ်တိုင်း
နှင့် သိမှုတွဲ၍ စက်ဝန်းပမာ ချာချာလည်
နေပါတကား မရပ်မနားပါ။

ဝင်ပါစေ၊ ထွက်ပါစေဟု စိတ်မှ
ကြောင့်ကြစရာမလို။ သူ့သဘော
အတိုင်း ဝင်ချည်ထွက်ချည်။ ဤသည်
မှာ ဘုရားရှင် ဟောတော်မူသော
တရားအစုတို့၏ မုခ်ဦးတံခါးဝတည်းဟု
ဆင်ခြင်မိ၏။ အာရုံနိမိတ်တို့သည်
မနောကြည့်လျှင် လာရောက် ထင်ဟပ်
မြဲဖြစ်၏။

မိမိလည်း ရှိ၏။ မြင်အပ်၊ မမြင်
အပ်သော ပုဂ္ဂိုလ်သတ္တဝါတို့သည်
လည်း ရှိ၏။ မိမိလည်း မရှိ၊ မြင်အပ်၊
မမြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါတို့သည်
လည်းမရှိ၊ အသွေးစု၊ အသားစု၊ ရုပ်စု၊
နာမ်စု၊ မဟာဘူတရုပ်နာမ်အစု၊ ဓာတ်
အစု၊ သင်္ခါရတရားစု၊ ပညတ်သဘော၊
ပရမတ်သဘော၊ ခန္ဓာဉာဏ်သိသဘော
မိရန် အထပ်ထပ် အဖန်ဖန် ဆင်ခြင်ရ
ပါ၏။

ကြည့်ရှုဖန်များလျှင် ရုပ်အစု၊
နာမ်အစုတို့သည် မဖုံးကွယ်သော
သဘာဝသဘောရှိကို ပြတော့၏။ မိမိ
စိတ်က သိမှုက ရုပ်စဉ်နာမ်စဉ်ဟု
ပြော၍ ရမည်ထင်ပါသည်။

တရားစုတို့က သပ်သပ် သိနေခြင်း
က သပ်သပ် ပွဲကြည့်သလို၊ ပွဲကသူကို
မြင်ရသော ခံစားမှု ထိုင်ကြည့်နေသလို
ပင်။

အလင်းရောင်အာရုံတွင် **ဓမ္မပဒ
စေတီ၊ တံခွန်တိုင်၊ မောင်တော်ကြီး
နတ်နန်း၊ တောင်ဘက်စောင်းတန်း**
အစရှိသော အဆောက်အအုံတို့ကို
ထင်ရှားစွာ မြင်နေရ၏။

စောင်းတန်းနှင့် မောင်တော်နန်း
ကြားထဲ ကျောက်လုံးကြီးများ၊
ကျောက်နံရံကြီးများ ရှိ၏။ ယင်း
အလယ် မြေကွက် ဆယ်တောင် ပတ်
လည်ခန့်သာ ရှိ၏။ ထိုနေရာတွင်
သုံးတောင်ခန့်ရှိသော **ရွှေရောင်စေတီ
တော်တစ်ဆူ** ဖောင်းရစ်ရှည်သွယ်
သွယ်နှင့် ရှမ်းဘုရားပုံစံနှင့် ဖူးတွေ့နေ
ရ၏။

သင့်ရာ ကျောက်တုံးကြီးများပေါ်နှင့်
လေထဲတွင် ရဟန်းဝတ်၊ ရသေ့ဝတ်၊
နီညိုစိမ်းပြာ စသော အရောင်တို့
ဝတ်ဆင်ထားသော ပုဂ္ဂိုလ်အသီးသီး
ကန်တော့နေကြ၏။ ကျွန်ုပ်လည်း
တစ်နေရာမှ ကန်တော့နေသည်ကို
မြင်ရပြန်၏။

'နဝဌာနီနန်းဦးအောင်စေတီ အတွင်း
ဘုရားစေတီတော်မြတ်ကြွယ်၊ ဓာတ်တော်
မွေတော်တွေ ဌာပနာလို့ ထိုက်ရာ ပုဂ္ဂိုလ်
များ ဖူးမြော်နိုင်ရန် တည်ထားကြခြင်း ဖြစ်
တယ်'

အသံတစ်သံ ကြားလာရ၏။ ထို
အသံ ရပ်သွားသော် ပိန္နဲရောင်ရင့်ရင့်
သင်္ကန်းတော်နှင့် ဆရာတော်ကြီး
တစ်ပါး မျက်လွှာချ၍ နှုတ်မှ မိန့်တော်မူ
ပါ၏။

'သညာတည်းဟူသော မှတ်သားမှု တရားစု
တို့သည် လောကဃဘောလွှမ်း၍ ဓမ္မ
သဘော အစစ်မှန်သို့ ဆိုက်ရောက်သည်
ရှိသော် သရုပ်အမှန် မြင်တွေ့သိရှိ နားလည်
၍ တွယ်တာကပ်ငြိခြင်း ပက်ပျောက်သော်



www.burmeseclassic.com

www.burmeseclassic.com

လိုချင်ခြင်းတည်းဟူသော အဝမ္ဗတရားစု တို့ကို ရှောင်တိမ်းစွန့်ခွာနိုင်ပေလိမ့်မည်'

သံဝေဂတရားစုအဖြစ် ဟောကြားဟန်၊ မိမိကိုယ်တိုင် ဆင်ခြင်နေဟန် မနောအာရုံတွင် ကြားနေရပါ၏။ **(မှတ်မိသမျှ ရေးပြခြင်းဖြစ်၍ တရားသဘော သဘာဝ ဆိုက်ကောင်းမှ ဆိုက်မည်ဖြစ်၍ သိရှိနားလည်သူ အရှင်ကောင်း အရှင်မြတ်တို့မှ သည်းခံခွင့်လွှတ်၍ လိုအပ်သည်တို့ကို ညွှန်ပြပါစေသတည်း။)**

မနောသံ ကြားသိမှု ရပ်သွားသော် တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထ၍ ကြည်နူးသော ခံစားမှုတစ်မျိုး ခံစားနေရပါ၏။

'ပိုပိုလဲ တရားကို သိအောင်ကျင့်၊ သတ္တဝါ များစွာ ဝေနေယျတို့အားလဲ တရားအမြိုက်ဆေး တိုက်ကျွေး ဆုံးမတော်မူကြပါပေကုန်၏'

ဟူသော သံဃာတော် အရှင်မြတ်တို့၏ အံ့ချီးမကုန် ဂုဏ်တော်ကြီးကို မနောမှပင် ဆင်ခြင်ကြည်ညို ပွားများမိပါသည်။ ပွားနေကျတရားကို ဆက်၍ ဆင်ခြင်နေမိ၏။

ထွက်လေဝင်လေ တရားစုတို့ လှုပ်ရှားနေသရွေ့ ငါဟူ၍ မှတ်သားပြောဆိုနိုင်သေးသော်လည်း ဝင်လေထွက်လေ ချုပ်ငြိမ်း ဖြတ်တောက်သွားသော် **"ငါသေ၊ သူသေ"**ဟု လောကသဘော ပြောရ၏။

ဝင်လေတစ်ရှိုက်၊ ထွက်လေတစ်ရှိုက် အတွင်းဝယ် မဝင်မူ၊ မထွက်မူ၍ ခန္ဓာသည် သေ၏။ ပျက်စီး၏။ ထွက်,ဝင်လေ တစ်စုံအပေါ်တွင်သာ မှီတည်နေရသော ဤခန္ဓာ၏ တည်ရာမှီရာသည် တဲတဲလေးမျှသာတည်း။ အားရဲရဲ မကိုးလောက်စရာပင်။

သို့သော် ကျွန်ုပ်တို့က **"ငါ ငယ်**



**သေးပါတယ်။ သန်တုန်း၊ မြန်တုန်း တော်တော်နဲ့ မသေနိုင်သေးပါဘူး"** ဟူ၍ အသက်ကြီးမှ သေသည့် အမျိုးဟူ၍ စွဲယူထားပါ၏။ ဤသည်ကို ရည်ရွယ် သနားတော်မူရှာသော မိုးကုတ်ဆရာတော်ကြီးက အထပ်ထပ် မိန့်မှာ၏။

'ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်။ ဝေဒနာကို လွန်အောင် လုပ်ထားကြ။ မပျော်နဲ့ဦး။ အသေ စိတ်မချရဘူး။ ဖြစ်ပျက် မြင်၊ မုန်း၊ ဆုံးအောင်လုပ်လိုက်ဦး'

အဲဒီကျမှ အသေ စိတ်ချရတယ်။ အပါယ် လွတ်တယ်။ အဲဒီခါမှ ပျော်ကြပါ။ ဘုန်းကြီးက သနားလွန်းလို့ သတိပေးတာ။ ဝေဒနာ မလွန်ခင် အသေဦးသွားရင် ကိုယ်ကျိုးကြီး နည်းလိမ့်မယ်'

ဟူ၍ ဆုံးမတော်မူသော စကားစု၊ တရားစုကို မှတ်မိသရွေ့ ဆင်ခြင်၍ မိမိကိုယ်ကို အားတင်းအားပေးခြင်း ပြုရပါသည်။

အချိန်ကြာလာသော် ပတ်ဝန်းကျင် အာရုံ၊ နိမိတ်အာရုံတို့မှာ မထင်ရှားလာတော့၊ ခန္ဓာပေါ်လည်း အာရုံတင်မရတော့၊ တရားပေါ် စိတ်မပျော်နိုင်ပါပြီ မနိုင်ရင် လျှော့ရတော့၏။

သမာဓိကြဲ၍ တရားဖြုတ်သော် နှင်းမှုန်ဥတို့ ခေါင်းပေါ်ဝယ် ရွှဲစို၍ တစ်ဖုံ

ဥ၍ တစ်မျိုး ရှိနေ၏။ အသေ...
ဓာတ်ကိုလည်း သိသာစွာ ခံစား...
တော့၏။

(၃၁)ဘုံရှိ မြင်အပ်,မမြင်အပ်ပု...
အပေါင်း၊ မိဘ,ဆရာ သုံးပါးနှင့် ...
ဒေဝါအပေါင်းအား မေတ္တာကော...
အကြောင်းပြု၍ သာဓုခေါ်ဆိုနိုင်...
အမျှဝေရပါလေသည်။

များစွာသတ္တာ ဝေနေယျာတို့အ...
"ဘ"ဘုရားရှင်ကဲ့သို့ပင် သ...
ကရုဏာ ကြီးမားစွာနှင့် အကြိမ်...
အလီလီ တရားဓမ္မ ဟောပြဆုံးမတော်...
ကြကုန်သော ပရမတ္ထ သမုတိ...
အရှင် သံဃာတော်မြတ်တို့အ...
ကြည်ညိုစွာနှင့် ကန်တော့၍ အဓိ...
အလုပ်စခန်းကို ရပ်နားလိုက်ရပါ...
၏။

**"သံဃောမေ သရဏံ အညံ...
ပါ ဘုရား"**

ယေပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ၊
တေ ဒက္ခိဏေယျာ သုဂတဿ သာ...
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဣဒမ္ပိ သံဃေရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု၊

**'လေးပါးအစုံ ရှစ်ပါးကုန်သော... အရိယာ အရှင်သံဃာမြတ်တို့သည်... ဤလောက၌ သက်တော်ထင်... ရှိတော်မူကြပါကုန်၏။ မြတ်သောအ... ကိုလဲ ခံယူထိုက်ပါပေကုန်၏။**

**သံဃာနှင့် တူမျှသော ရတနာသည်... ဤလောက၌မရှိ။ သံဃာရတနာသည်... အမြတ်ဆုံး ဖြစ်ပါပေ၏။**

**ဤသစ္စာသည် မှန်၏။ ဤမှန်သော... သစ္စာစကားကြောင့် သတ္တဝါအပေါ်... တို့သည် ဘေးရန်ကင်းကွာ ချမ်းသာ... ပါစေကုန်သတည်း။**

***သတ္တဝါအပေါင်း ချမ်းသာကြ...***

**ဦးအောင်...**



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ကျွင်းတမ်း (၇၅)

ထက်မြင့်ကျော်စွာ





❂ ထည့်စရာ ဘူးလွတ်၊ ခွက်လွတ်ကို မြင်မက်ပါက စိတ်လက်မရွှင်မပျ ဖြစ်တတ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားအလုပ်အကိုင်အတွက် စိတ်မအေးနိုင် ဖြစ်ရမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်တွင်းလိုအပ်ချက် လစ်ဟာမှုများစွာအတွက် စိတ်ညစ်ညူးနောက်ကျိနေမည်။

✤ **လူပျို အိမ်ထောင်မရှိသေးသူ မြင်မက်လျှင်...**

ဘဝနေထိုင်မှု မရေမရာ ဖြစ်နေမည်။

✤ **အပျိုမိန်းကလေးက မြင်မက်လျှင်...**

စိတ်မတည်ငြိမ် ယောက်ယက်ခတ်နေမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ကျောင်းတွင် စိတ်မပါ၊ သင်ခန်းစာများ၊ မကျေမလည် စိတ်ပျက် လေလွင့်နေတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ရောင်းရေးဝယ်တာ အချိတ်အဆက် မမိ အဆင်မပြေပါ။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံရောဂါနှင့် ပိုးမွှားတိရစ္ဆာန် အဖျက်အဆီးများစွာ ကြုံတွေ့မည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

အစီအစဉ်မကျ ခရီးပန်း နွမ်းလျနေမည်။

✤ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

လျှောမွေး(ကိုယ်ဝန်ပျက်) တတ်သည်။

✤ **အချုပ်အကျဉ်းကျနေသူ မြင်မက်ပါက...**

လွတ်လမ်း မမြင်ပါ။

✤ **ကျန်းမာရေးမကောင်းသူ မြင်မက်လျှင်...**

စမ်းတဝါးဝါးဖြင့် ရှည်ကြာပါဦးမည်။

✤ **ပစ္စည်းပျောက်လျှင်...**

သတင်းစကားမရပါ။

✤ **လူပျောက်လျှင်ကား...**

တွေ့နိုင်ရန် မလွယ်လှပါ။

❂ ရေပြည့်နေသော ဘူးခွက်ကို မြင်မက်လျှင် ပြည့်ဝသောနိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသည့် ဘဝသို့ ရောက်မည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

စားရေရိက္ခာဖူလုံ၍ ဇိမ်ခံပစ္စည်းများ ဝင်နိုင်သည်။

✤ **လူပျိုက မြင်မက်လျှင်...**

သာယာလှပသော အနာဂတ်ကို တွေ့ရှိရမည်။

✤ **အပျိုက မြင်မက်လျှင်...**

မှီခိုအားထားစရာ ခင်ပွန်းကောင်း ရရှိတတ်သည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲတွင် ချောမောစွာ အောင်မြင်မည်။

✤ **အချုပ်အကျဉ်းကျနေသူက မြင်မက်ပါက...**

မကြာမီ လွတ်ရက်စေ့မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်စည်စီးဆင်းမှု လွယ်ကူ၍ အမြတ်ငွေ တိုးပွားမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံ အထွက်တိုးမည်။

✤ **ဝန်ထမ်းလုပ်သား ဖြစ်လျှင်ကား...**

ရာထူးလစာ တိုးပွားနိုင်သည်။

✤ **အိမ်ထောင်နှင့် ကွဲကွာနေသူက မြင်မက်လျှင်...**

မကြာမီ ပြန်လည် ပေါင်းထုတ်ဖြစ်မည်။

✤ **ဆေးသမားတော်က မြင်မက်လျှင်...**

ကူးစက်ရောဂါဘေးကို အောင်မြင်စွာ တွန်းလှန်တိုက်ဖျက်နိုင်မည်။

✤ **ခရီးထွက်စဉ် မြင်မက်ပါက...**

ခရီးစဉ် ချောမွေ့အဆင်ပြေမည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**



www.burmeseclassic.com

www.burmeseclassic.com

ခေတ္တငှားရမ်းသွားခြင်း သို့မဟုတ် အထားအသို မှားယွင်းခြင်း ဖြစ်သည်။

✤ **လူပျောက်ရှာစဉ် မြင်မက်ပါက...**

အနီးအနားတွင်ပင် ရှိနေသည်။

✤ **ကိုယ်ဝန်ဆောင်မိခင် မြင်မက်ပါက...**

မကြာမီ မျက်နှာမြင်မည်။

✤ **ရပ်ဝေးမြေခြားတွင် စီးပွားရှာဖွေစဉ် မြင်မက်ပါက...**

ကံလုံကြွယ်ဝစွာဖြင့် ဌာနေပြန် မျက်နှာပန်းလှမည်။

◎ နို့အပြည့်ရှိသော ဘူးခွက်ကို မြင်မက်ခြင်းသည် ကျန်းမာအေးချမ်းမှုနိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ကျန်းမာသန်စွမ်း၍ စိတ်အေးချမ်းမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ဗာဟီရ သောကနည်းပါး၍ အိမ်တွင်းသုခ ပြည့်ဝမည်။

✤ **အပျိုက မြင်မက်လျှင်...**

နေ့ဂုဏ်၊ ရှုပဂုဏ် ပြည့်စုံသူက ကမ်းလှမ်း စကားစလာမည်။

✤ **လူပျိုက မြင်မက်ပါက...**

မိန်းကလေးများအကြား မျက်နှာပန်းပွင့်မည်။

✤ **အိမ်ထောင်ကွဲနေသူ အမျိုးသားက မြင်မက်လျှင်...**

အပျော်အပါးကြောင့် ဒုက္ခကြုံရတတ်သည်။

✤ **အိမ်ထောင်ကွဲ အမျိုးသမီးက မြင်မက်ပါက...**

မှီခိုစရာ အသစ်တစ်ပင်ရမည်။

✤ **ခရီးထွက်နေသူက မြင်မက်လျှင်...**

ကျန်းမာရွှင်လန်း၍ ခရီးတွင်ကျယ်မည်။



✤ **ကုန်သည်က မြင်မက်လျှင်...**

အရင်းအနှီး တိုးပွားမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံအထွက်တိုးသည့် မျိုးကောင်းမျိုးသန့်ရရှိ၍ ဝင်ငွေကောင်းမွန်မည်။

◎ ပစ္စည်းပျောက်ရှာစဉ် မြင်မက်က ပြန်ရမည်။

✤ **လူပျောက်စဉ် မြင်မက်က...**

သူ့အလိုအလျောက် ပြန်လာမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်မည်။

✤ **အချုပ်အကျဉ်းကျနေသူ မြင်မက်ပါက...**

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ယနေ့ပင် လွတ်မြောက်နိုင်သည်။

✤ **ကိုယ်ဝန်ဆောင်မိခင် မြင်မက်က...**

သဘာဝနည်းလမ်းအတိုင်း အောင်မြင်စွာ မွေးဖွားမည်။

✤ **မကျန်းမာစဉ် မြင်မက်ပါက...**

ဆေးကောင်းဝါးကောင်း တွေ့၍ မကြာမီ ရောဂါပျောက်ကင်းမည်။

✤ **ရပ်ဝေးမြေခြား စီးပွားရှာသူက မြင်မက်လျှင်...**

မျှော်လင့်သည်ထက် ဆောလျင်စွာ အိမ်ပြန်ရောက်၍ ဆန္ဒပြည့်ဝမည်။

◎ ကျိုထားသောဆေးရည် ဖြည့်ထားသောဘူးခွက်ကို မြင်မက်လျှင် ကျန်းမာရေး ယိုယွင်းမည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

နာမကျန်းဖြစ်၍ အလုပ်ပျက်ကွက်မည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ချူချာ၍ အိမ်တွင်းရေး မသာမယာဖြစ်မည်။

✤ **အပျိုလူပျိုက မြင်မက်လျှင်ကား...**

ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်း ခံရမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်ပစ္စည်း ဆုံးရှုံးပျောက်ပျက်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ရာသီဥတုဖောက်ပြန်၍ သီးနှံပျက်စီးမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ကျန်းမာရေးကြောင့် ပညာရေးလစ်ဟင်းမည်။

✤ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

ခွဲစိတ် မွေးဖွားရတတ်သည်။

◎ သံဘူး သံခွက်(နို့ဆီဘူးခွံကဲ့သို့)ကို မြင်မက်လျှင် ဒုက္ခနိမိတ်ပုံဖြစ်သည်။ နေ့စဉ်ရုန်းကန်ကြိုးစားသော်မှ နှုတ်ခမ်းကပ်ရုံ စွတ်စိုရုံမျှသာ ရတတ်သည်။

◎ ဘူးခွက်အသစ်ကို မြင်မက်ပါက ကောင်းသောနိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အမည်ကောင်းသတင်း ကျော်စောမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်တွင်းမှုလုံခြုံ၍ အနေအထိုင် အဆင့် မြင့်မားလာမည်။

✤ **လူပျိုလူလွတ်က မြင်မက်လျှင်...**

www.burmeseclassic.com

www.burmeseclassic.com

သားမက်ဖမ်းလိုသူ ပေါ်များမည်။

❖ **အပျိုလှလွတ်က မြင်မက်လျှင်...**

လူတကာအရေးပေး၍ ကမ်းလှမ်းသူ ပေါ်များမည်။

❖ **အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

ဝမ်းမြောက်စရာ သတင်းကောင်း ကြားရမည်။

❖ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲတွင် လွတ်လွတ်ကျွတ်ကျွတ် အောင်နိုင်သည်။

❖ **မကျန်းမာသူက မြင်မက်လျှင်...**

ဆေးဝါးကုထုံးသစ်ကြောင့် သက်သာခွင့် ရမည်။

❖ **ကုန်သည်က မြင်မက်လျှင်...**

ဈေးကွက်ဝယ်လက်အသစ်ရရှိမည်။

❖ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးထပ်သီးညှပ်များကြောင့် ဝင်ငွေ တိုးသွားမည်။

❖ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

ကျန်းမာသန်စွမ်းသော သမီး ရတနာ ဖွားမြင်မည်။

⊛ ဘူးခွက် လိမ့်လာသည်၊ လိမ့်ကျသွားသည် ဟု မြင်မက်လျှင် အနိဋ္ဌာရုံဖြစ်သည်။

❖ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားပျက်တတ်သည်။

❖ **အိမ်ရှင်မက မြင်မက်လျှင်...**

စားနပ်ရိက္ခာ ချို့တဲ့နွမ်းပါးမည်။

❖ **အပျိုလှပျိုက မြင်မက်လျှင်...**

စိတ်တိုင်းမကျ အလိုဆန္ဒ မပြည့်ဝ နိုင်ပါ။

❖ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ ကျတတ်သည်။

⊛ ဟောင်းနွမ်းပေါက်ပြဲနေသော ဘူး ခွက်ကို မြင်မက်ပါက အသုံးစားရိတ်ကြီးမား၍ ဝင်ငွေနည်းပါးနေခြင်းကို ပုံရိပ်ထင်ခြင်းသည်။

⊛ ဘူး ခွက်၏ ထိပ်ပိုင်းကိုသာ မြင်တွေ့ရပါက ဘဝရှင်သန်ရေးအတွက် အသေအလဲ ရုန်းကန်ကြိုးစားရခြင်းကို ညွှန်းသည်။

⊛ ဘူး ခွက်အတွင်းသို့ တစ်ခုခုဖြည့်သွင်းရသည်ဟု မြင်မက်ပါက မိမိဘဝတွင် ကောင်းမွန်သော အလှည့်အပြောင်း ကြုံတွေ့ရတော့မည့်နိမိတ် ဖြစ်သည်။

**ထက်မင်းကျော်စွာ**

စာမျက်နှာ (၂၁၆)မှ အဆက်

ဗုလင်း ယူပေးလိုက်ပါသည်။

'ရော့... ဒကာ နံနက်၊ နေ့လယ်၊ ည ဟင်းခပ်ဇွန်းနဲ့ တစ်ဇွန်း ခပ်သောက်ပါ။ အတော့်ရောဂါ သက်သာ ပျောက်ကင်းသွားလိမ့်မယ်'

အဆိုပါဒကာသည်လည်း တစ်လခန့်ကြာသော် လျှူဖွယ်ရာ ပစ္စည်းအစုံနှင့် ရောက်လာ၏။

'အရှင်ဘုရားပေးသော နတ်သိကြားဆေးပဲ၊ တပည့်တော်မှာ သွေးချိုတွေကျ အပေါ်အရောင်တွေ ကျဆင်းကုန်ပြီ။ အမောမဖောက်တော့ နှလုံးရောဂါတောင် ပျောက်ပြီထင်တယ်။

ကျောက်ကပ်ပြွန်ကောင်းလို့ ထင်ပါရဲ့ ဆီး ပုံမှန်သွားနိုင်ပါပြီ။ အမှန်ပြောရရင် ဆေးက ချိုဝိုင်ကွဲ ရှားတယ၊ အရသာက ခပ်ကောင်းကောင်း ရောဂါလဲ ညှိုးကျသွားပြီ နောက်ထပ် ဆေးတစ်ဖုံ ထော်ပေးပါဦးဘုရား'

ဟု၍ လျှောက်လာသည်။

'ဪ... ဒကာရယ် မကော်ပါနှင့် သင်တုံးမှုန့်ကို လက်တစ်ဆုပ်စီ ခုတ်စဉ်း (၅၀) ပိဿာ ဝင်အိုးထဲ ထေနဲ့ ဆလှယည်ပြီး ပျို့ယပ်တန်းလျက် (၅) ပိဿာ ထုထောင်းထည့် (၅)ရက်ပိတ် အိုးမိရှည်ကို အရက်ချက်သလို ပေါင်း ခွေးရည်ထုတ် အဲဒါ သင်တုံးမှုန့် အသီးချက်ဆေး ရတယ်။ ဒကာက ဒီဆေးနဲ့ ဒီလိုရောဂါမျိုးဖြစ်ရင် ဒီလို ကုသိုလ်ယူလိုက်ပါကွယ်'

ဆရာတော်သည်လည်း ထိုဒကာအား လမ်းညွှန်မှာကြားပြီး ကျောင်းအောက်ဆင်း သွားပါတော့သည်။

**သုခိတာ မောဂထ ဓမ္မမဏ္ဍာ**

**ကောင်းဟိန်း(ကျွန်းသစ်)**

စာ

မူ

ပို့

လို

တ...

**ဦးကျော်မိုးဆိမ်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**အမှတ် ၂၃၃၊ (၂၉)လမ်း၊**

**မင်းတဲတန်းမြို့နယ်၊**

**ရန်ကုန်မြို့။**

**ဖုန်း-၀၁ ၂၄၂၈၅၇**



www.burmeseclassic.com

www.burmeseclassic.com

# ဆင်တုံးမန္တယ် အဆီချက်ဆေး

ဒီရောဂါတွေ ပျောက်ပြီ



ကောင်းဟိန်း
(ကျွန်းသစ်)

ကျွန်ုပ် ငယ်စဉ်က ဘုန်းကြီးကျောင်းသားဘဝမှာ ကျော်ဦးဆိုတာ သစ်ပင်တက် အလွန်တော်သည်။ ကျွန်ုပ်တို့ အညာဒေသမှာ သစ်ပင် ခပ်မြင့်မြင့်ဆိုရင် တိုးလိုးတွဲလောင်း နွယ်ပင်ကြီးတွေကို ဆင်တုံးမန္တယ်လို့ အားလုံးသိ၏။

တစ်ခါတစ်ရံ ဒန်းစင်လုပ် ဆော့ကြ၏။ ရွာဦးဆရာတော် ဦးသံဝရသည် တိုင်းရင်းဆေးပညာ အလွန်တော်၏။

သစ်တောထွက်ပစ္စည်းတွေစု ဆေးဖက်ဝင်သမျှ ခုတ်ဖြတ်တူးဖြတ်၊ အမြစ်, အဖု, အဉ, အရွက်, အသီး, အပွင့်, အငုံပါမကျန် အားလုံးစု၊ ခြောက်လှန်းတန်လှန်း၊ ရသမျှ ဆေးဖက်ဝင်များ စုစည်း ဆေးဖော်၏။

သစ်ပင်ပေါ်မှ တွဲလောင်းကျနေသည့် ဆင်တုံးမန္တယ်များကို သစ်ပင်တက် ပါရဂူ ကျော်ဦးအား ဆင်တုံးမန္တယ်ပင်တွေ ဓားနှင့် တက်ချိုင်ခိုင်းသည်။

အပိုင်းအစ လက်တစ်ဆစ်ခန့် ခုတ်စဉ်းဖြတ်ပြီး (၅၀)ပိဿာဝင် အိုးကြီး၌ထည့် တစ်ဝက်လောက်ရှိတော့ ရေလည်း ထိုအိုးထဲ ရေတစ်ဝက်ထည့်ပြီး (၁၅)ရက်လောက် စိမ်ထားပါသည်။

(၁၅)ရက်ပြည့်တာနှင့် အဆိုပါ ဆင်တုံးမန္တယ်အဆီ ထုတ်ဖို့ အဆိုပါ ဆင်တုံးမန္တယ် စိမ်ရည်အိုးကို အရက်ချက်သလို ပေါင်းချွေးရည်ခံပြီး အဆီထုတ်ပါသည်။

ယင်းအဆီကို ပုလင်းတွေကို သန့်အောင်စီစဉ်ပြီး ထည့်ပါသည်။ ကျောင်းကျက်သရေတိုက် သဘော်ကြမ်းစင်ပေါ် စီတင်ထားပါသည်။

ထိုအခါက ကျွန်ုပ်တို့ ဘာမှ မသိခဲ့ပါ။ လူတွေ ကျောင်းရောက်ရင်၊ ဘုန်းကြီးထံ ဆေးလာလျှောက်ရင် အဆိုပါ သဘော်ကြမ်းစင်ပေါ်မှ ပုလင်း (ငှက်ပျောဖူးခန့်)ကို ထုတ်ပေးလေ့ရှိပါသည်။

ဘယ်ရွာကလည်းမသိ၊ ဒကာတစ်ယောက်မှာ ချမ်းသာကြွယ်ဝဟန် တူ၏။ ရုပ်က ခပ်ချောချော၊ အသက်က (၄၀)ကျော် ဝဝတုတ်တုတ် လူတစ်ယောက် ကျောင်းပေါ် တက်လာသည်။

'အရှင်ဘုရား တပည့်တော်အိမ်မှာ သင်္ကန်းကပ် သရဏဂုံတင်လိုပါသဖြင့် ကြွရောက်ပါရန် ပင့်လျှောက်ပါတယ်ဘုရား'

အဆိုပါ ...ကြီးသည် ခြေထောက်တွေ ဖောရောင်ကိုင်းနေလေသည်။ ဘုန်းဘုန်းက ခေါင်းညိတ် လက်ခံရင်း အဆိုပါ ဒကာအား ငေးစိုက်ကြည့်နေ၏။

'တို့ဒကာ ဆီးချို၊ ကျောက်ကပ်၊ သွေးတိုး၊ နှလုံးရောဂါ ရှိတယ်ထင်တယ်'

'မှန်ပါတယ်ဘုရား။ တပည့်တော်လဲ မြို့ကိုတက်ပြီး ဆေးကုသတာ အနောက်တိုင်းဆေးနဲ့ တောင်မပျောက်၊ ငွေလဲ သိန်းချီကုန်၊ နွားနဲ့ လယ်ယာမြေ တောင် ပြုတ်တော့မယ်။ တပည့်တော် လဲ ကြာကြာနေရတော့မှာ မဟုတ်တော့ပါဘူး။ မသေခင် သရဏဂုံတင် သင်္ကန်းကပ်ချင်လို့ပါဘုရား'

ဒကာလည်း မျက်ဝန်းလေးထဲ မျက်ရည်တွေ ဝိုင်းနေပါသည်။

'ဩော်... ဒီလိုကိုး။ ဟဲ့... ဟဲ့ ဖိုးကောင်း ဟို သဘော်ကြမ်းစင်ပေါ်က ပုလင်းတစ်လုံး ဆွဲခဲ့ကွာ'

ကျွန်ုပ်လည်း ဆရာတော့် အမိန့်အတိုင်း ဆင်တုံးမန္တယ်အဆီ ဆေး

စာမျက်နှာ (၂၁၅) သို့



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်
ကြည်မောင်ဘြော်

# သံပိုတောင်က အမေညို (၂)

**ယခင်လမှ အဆက်**

မောင်ဖိုးဟန် (၁၉၈၁–၈၂)ပညာသင်နှစ် မော်လမြိုင်ဆရာ အတတ်သင် …က်ခဲ့စဉ်က မြတ်ပေရွာက ဆရာ …စောလှကြိုင်ရဲ့ အကျွမ်းတဝင် ခင်မင် …နီး မိတ်ဆွေတွေ ဖြစ်ကြတယ်။

ဒါဆိုကျောင်းပိတ်ရက် မြတ်ပေရွာ …က်သွားတော့ ဦးစောလှကြိုင်ကို …မထားတော့မတွေ့။ မင်္ဂလာဆောင် …နေ။ သူ့အမေအိမ်က စောင့်။

…နောက်စာ ထမင်းကျွေးတော့ ဖိုးဟန်က ဝက်သားမစား။ ခက်သွားကြပြီ။ ဘဲဥကြော်နဲ့ ငါးပိရည်တို့စရာ။ ဖိုးဟန်မှာ ငါးပိရည်နဲ့တို့စရာ ဘယ်လိုကြိုက်မှန်းမသိ။ သတိမထားမိ။ ဟင်းချိုလိုသောက်သောက်ပြီးတော့စား၊ ဦးစောလှကြိုင် မိခင်ကြီးက ဝမ်းမြောက်ဝမ်းသာပီတိပွား။

အခုလဲ အဲဒီလို အမေညို ပီတိပွား… သား…သား…စား။

ထမင်းစားပြီးတော့ ရေနွေးဝိုင်းဆက်၊ လက်ဖက်သုပ်၊ ပဲနီစေ့ပြုတ်၊ ငှက်ပျောသီး၊ ထန်းလျက်၊ မုန့်ဖက်ထုပ်က အဖြူအနီ အစိအရီ၊ လက်နှိုက်စရာ ပန်းကန်တွေက အလျှံပယ်။ ဘယ်… ဘယ်…ဘယ်…လက်နဲ့ နှိုက်ရပါ့။

မောင်ဖိုးဟန် မစားနိုင်တော့ဘူး။ ထမင်းနဲ့တင် ဗိုက်တင်းပြီ။ မုန့်ပဲသရေစာ သွင်းဖို့ ငြင်းနေပြီ။ စားရင်…

www.burmeseclassic.com

နေကလဲ ပြင်းလှပြီ။ နွေခေါင်ခေါင် နေကျဲကျဲ ပူလိုက်တာ။ အေးရိပ်ဆာယာ သစ်ပင်ကြီးတွေကြောင့်တော့ဖြင့် အပူသက်သာ။ ကျောင်းထဲမှာ။

အပြင်မှာကတော့ ပူရှိန်ပြင်း၊ နွေခင်းကြီးလေ...ကြောင်တောင်။

ခဏနေတော့ အမေညို တောင်ဘက်ကျောင်းပေါ် တက်သွားတယ်။

အမျိုးသမီး တစ်ယောက်က ဖိုးဟန်ကို ကျောင်းပေါ်လိုက်သွား။ လေးလေးနောက်ကို လိုက်သွားလို့ပြောတယ်။

သူ့အသားက ဖြူဖြူ၊ ပိန်ပိန်ပါးပါး၊ ပေါ့ပါးသွက်လက် ချက်ချာ။

နောက် မေးကြည့်တာကြောင့် သိရတာက သူ့အမည် ဒေါ်ဟန်။ ဖိုးဟန်ကတော့ မမဟန်လို့ခေါ်တယ်။ မေ့ပါဘူး ဗျာ အစ်မဟန်။ ကောင်းရာသုဂတိ ရောက်မည်ကောန်။

ဖိုးဟန် ရုတ်ခနဲ ချက်ချင်းထ အမေ့နောက်ကလိုက်၊ တွေ့လိုက်ရပါပြီ အမေညို့ကျောင်း။

ကျောင်းက (၂)ထပ်ဆောင်၊ ကျယ်ကျယ်ဝန်းဝန်း။ အနောက်ဘက်အရပ်မှာ အဖီလေးချလို့။ လှေကား (၂)ဆင့်။ ခပ်မြင့်မြင့်လေး။

လှေကားထိပ်မှာ ကပြင်၊ ဖိနပ်ချွတ်၊ တံခါး(၂)ချပ်ပိတ်၊ အဝင်ပေါက်က ဖွင့်ထားတယ်။

တံခါးပေါက်ဘေး ဘယ်ညာနှစ်ဖက်က ပျဉ်ထောင်မှာတော့ သင်္ချာပညတ်နဲ့ (၄)ကို နှစ်လုံးပူးပြီး ရေးထားတယ်။ (၄၄)။

မောင်ဖိုးဟန် ကျောင်းပေါ်ရောက်တော့ အမေညိုက မောင်းစည်းလက်ဖွဲ့ တစ်လုံး၊ အင်းလက်ကိုင်ပဝါတစ်ထည်၊ ဆေးက(၃)တောင့် ပေးတယ်။ နောက်လဲ မကြာမကြာ လာဖို့မှာတယ်။ ပြုံးစားပြင်းစား။

'ကဲ ကဲ ပြန်ကြတော့'

လို့ ဆိုပြီး ချက်ချင်းပြန်ခိုင်းတယ်။ နေပူကြီး၊ ကျဲကျဲကြီး ပူတဲ့နေ။

မွန်းလွဲ(၂)နာရီလောက်မှာ မောင်ဖိုးဟန်တို့ သံဖိုတောင်ကနေ ပြန်လာခဲ့ကြ။ တောထဲကအထွက် ရေနံမြေလမ်းမကြီးကို ရောက်တော့ ဟော ကားသံကြားပြီ။ (၅)မိနစ်အတွင်းကားစီး။ ကွေ့မကိုရောက်တော့ သားအဖနှစ်ယောက် တရုတ်မော်အရောက် ခြေကျင်လျှောက်၊ နေမဝင်မီအရောက်။

အိမ်အပြန်ခရီးမို့ ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း ပင်ပန်းတယ်လို့ မထင်ရ။

ဖိုးဟန်အဖေ ဦးခင်မောင် ယောင်လို့တောင် မညည်း။ တစ်ခဏ မနား။ စကားတပြောပြောနဲ့ လျှောက်လာလိုက်ကြတာ။ အိမ်ကိုရောက်ပြီ ညနေ (၄)နာရီ။

သံဖိုတောင် ခရီးတစ်ထောက် တစ်ခေါက် မမေ့ပျောက်နိုင်တဲ့ ဘဝ တစ်ကွေ့။

နောက်လဲ သံဖိုတောင် ဒီခရီး သွားပြီးရင်းသွားရင်း... သားနဲ့မိခင် အသွင်မခြား မေတ္တာတွေထားခဲ့ကြ။ ဩော်...သံယောဇဉ် အမျှင်တန်းပါလို့။

* * *

အခေါက်ပေါင်း များစွာထဲက တစ်ခေါက် ကျောင်းပိတ် စနေ မနက်စောစော ကွေ့မကို ခြေကျင်လျှောက်၊ ရေနံတောင်ပေါ်ထိ ကားစီး။

ရေနံမြေတောင်ပေါ် ရဲကင်းစခန်း အလွန်မှာ လမ်းခွဲ(၂)ခုရှိတယ်။ လမ်းရဲ့ ညာဘက်မှာပါ။ တောင်ဘက်လမ်းခွဲနဲ့ သူ့အလွန်က မြောက်ဘက်လမ်းခွဲ ဘယ်လမ်းကသွားသွား ရောက်တာပဲ။

လမ်းမှာ တွေ့တဲ့လူတိုင်းကို မေးပါ။ သံဖိုတောင်ကို လမ်းညွှန်ပါလိမ့်မယ်။

နှစ်ပေါင်းကကြာပြီ (၄၀)ကျော်။ သံဖိုတောင်ကို သွားခဲ့တဲ့ အခေါက်ရေတွေကလဲများ၊ စာအရေးအသားမှာ ရှေ့နဲ့နောက် ကဘောက်တိကဘောက်ချာ ဖြစ်နိုင်ပါတယ်။ ဖြစ်လဲဖြစ်မှာပါ။

ဆိုပါတော့... တတိယအခေါက်ကို မမှတ်မိတာ၊ ပဌမအခေါက်ကို တွေးလို့ မရတာ၊ အခေါက်ရေနဲ့ အဖြစ်အပျက် လွဲချက်တွေ နာနိုင်ပါတယ်။ ဖြောက်သောက်ရောပွမ်း။

ဒါပေမယ့် ဖြစ်စဉ်တွေကိုတော့ မမေ့ပါဘူး။ မေ့ပြီး မကျန်ပါဘူး။ ချန်ခဲ့တာတွေတော့ ရှိပါတယ်။ ဖိုးဟန်က ရေးလိုက်သမျှကို တာဝန်ယူနိုင်မှ တင်ပြတာပါ။ မယုံရင် ကြုံတဲ့သူတွေက သက်သေပါ။ မောင်ဖိုးဟန်ရဲ့ သက်သေ တွေပါ။

တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေ ကို ဆက်ရေးမှာပါ။ ခက်တာက နေ့စဉ် မှတ်တမ်းတွေကလဲ ခြကိုက်လို့ ပျက်စီး မီးနဲ့ရှို့လိုက်ရ၊ များလှပေါ့။

လူတစ်ကိုယ် စိတ်တစ်မျိုး။ လူအမျိုး မျိုး စိတ်အထွေထွေ အတွေးအခေ မတူရင် အထင်အမြင် အယူအဆ ကွာခြားကြပါလိမ့်မယ်။

လူပုဂ္ဂိုလ် တစ်ယောက်အကြောင်း ပြောကြတာ၊ မကောင်းပြောကြတာ ဘယ်သူမဆို ကိုယ်အပါအဝင် နှစ်ခြ နှစ်ဝ ရှိနေကြဆဲ၊ ရှိနေဆဲ။

သံဖိုတောင်က အမေညိုကို အကောင်းအဆိုး အကျိုးအကြောင်း သောင်းပြောင်းထွေလာ ပြောကြမှာ ပြောသူတွေရှိကြ။ အတွေ့အကြုံပေါ် မူတည်ပါတယ်။ တော်ရုံတော်ဝ မေ ကြလို့သာ ဘာသိဘာသာ။

သူလဲ သူ့ထိုက်နဲ့ သူ ကိုယ်လဲ ကိုယ်ထိုက်နဲ့ ကံ ရှိ





www.burmeseclassic.com

www.burmeseclassic.com

မြန်မာတို့ရဲ့ အတတ် ဝိဇ္ဇာပညာရပ်ကို အောင်မြင်ပြီးမြောက် ခရီးရောက်အောင် ကြိုးဆောင်ကြိုးစား အရောက်သွားဖို့ မနားမနေ လျှောက်လှမ်းတော်မူနေကြတဲ့ ဝိဇ္ဇာဇော်ဂျီ တပသီတွေ မြန်မာနိုင်ငံအနှံ့ ရှိနေကြပါတယ်။ ရဟန်းအသွင်၊ ရသေ့အသွင်၊ ယောဂီအသွင်၊ ပိတ်ဖြူဖြူပုဆိုးနဲ့ အမျိုးမျိုးသောအသွင်၊ မြင်သော်လဲမသိ၊ ပါရမီရှိကြမှသာ။

သံဖိုက အမေညို အဝတ်ညိုနဲ့ ယောဂီအသွင်။

သံဖိုတောင် ဘေးပတ်လည်တစ်ခွင် အနီးဆုံးက သီးကုန်း အင်ဂူ သမင်လူး သိမ်ကွင်းနဲ့ ကြာကန် စတဲ့ ရွာတွေ။

သံဖိုတောင်ရဲ့ အရှေ့မြောက်၊ အရှေ့တောင်၊ အရှေ့ဘက်ဖြတ်ပြီး ဆက်လိုက်ရင် (၂)မိုင်ပျော့ပျော့ခရီး။ ...တော့မနီး။ မနီးမဝေး။


* * *

သံဖိုတောင်မှာ အမေညို အားပြုရတဲ့သူ (၂)ဦးရှိတယ်။ တစ်ယောက်က ...ဟန်၊ ဖိုးဟန့်ခေါ်တာက "မမ"၊ နောက်တစ်ယောက်က မောင်ခင်ညွန့်... ဟန်ကို အစ်ကိုကြီးတစ်ယောက်လို ...တဲ့ ဖိုးဟန်ချစ်တဲ့ညီလေး။

အစ်မဟန်က ကွယ်လွန်ရှာပြီး (၁)နှစ်ကျော်ပြီ။ မောင်ခင်ညွန့်က အသက် (၆၀)ကျော်။

ဖိုးဟန် လွန်ခဲ့တဲ့ (၃)နှစ်လောက် နောက်ဆုံး ရောက်ခဲ့တဲ့အခေါက်။ ၂၀၁၀ ပြည့်နှစ်လောက်။ ဖိုးဟန်ညီရဲ့ ...ကားနဲ့ သွားခဲ့တာ။

ရန်ကုန်-ပြည်ကားလမ်း ရန်ကုန် ...ဘက်ကလာရင် အင်းမအလွန်မှာ ...ပင်ဂိတ်ဆိုတာ ရှိတယ်။ အဲဒီဂိတ် ...နေ ရေနံမြေကားလမ်းအတိုင်း ...ပြီးမောင်း။ တောင်အလုံး (၄၀)



ကျော်ကိုကျော်။ ဓာတ်ငွေ့ဖိအားမြှင့် စက်ရုံအလွန် ရေနံရှာဖွေရေး ဝန်ထမ်းအိမ်ရာမှာ ကားကိုထား။ ခြေကျင်ဆက်လျှောက်။ မိနစ်(၃၀)။

'အစ်ကိုများ သံယောဇဉ်ပြတ်တယ်။ နေနိုင်လိုက်တာ ကျွန်တော် အသက် (၂၀)ကျော်က တွေ့ခဲ့ကြတာ။ အခု ကျွန်တော် အသက်(၆၀)ကျော်ပြီ။ နှစ်ပေါင်း(၄၀)ကျော်...'

'ဟာ ဘယ်က နှစ်(၄၀)ကျော်မလဲကွ'

'ပြန်လဲ တွက်ကြည့်ပါဦး အစ်ကိုရယ်'

ဟုတ်တယ်၊ တွက်ကြည့်တော့ အမှန်ကေန် အနှစ်(၄၀)။ အကြာကြီး ကြာခဲ့ပြီ။ အဝေးကြီး ဝေးခဲ့ကြပြီပဲ။

အဲဒီနောက်ဆုံးအခေါက်က တူမတစ်ဝမ်းကွဲ၊ တူတစ်ဝမ်းကွဲတို့ကို ဖိုးဟန် လိုက်ပို့တာ။

'အမေညိုက အပဟောအပြောနည်းသွားပြီ။ စကား သိပ်မပြောတော့ဘူး။ အသက်ကလဲ (၁၀၂)နှစ်ရှိပြီ'

ကျောင်းအပေါ်ဆင့်မှာ ထိုင်နေတဲ့ အမျိုးသမီး(၃)ယောက် (၄)ယောက်က ဝိုင်းပြီးပြောကြတယ်။

ဒါပေမယ့် ဖိုးဟန်က အမေညိုကို မေးတယ်။

'မှတ်မိပါသလား'

ဆိုတော့ ခေါင်းညိတ်တယ်။

'အမေရယ် စကားလေးများ ပြောပါဦး'

လို့ ဖိုးဟန်ကဆိုတော့ အမေညို အာရုံပြု၊ မနောစုလို့ ဟိတ်ကိုမြင်။ ပုရိပ်တွေဝေဝါးက ပြတ်သားလို့ လာလေပြီ။ မြင်ပြီ။ ဖိုးဟန်ကို အမေညို မှတ်မိပြီ။

နှစ်ပေါင်း(၄၀) ဘာကြာတာမှတ်လို့။ တဒင်္ဂနဲ့ မြင်သမျှက ထင်ထင်ရှားရှား။ နှစ်တွေ ခြားသော်လဲ မနေ့တစ်နေ့က အလား။

'ခလုတ်ထိမှ အမိ,တတာလား သားရဲ့'

လို့ ဆိုနေဟန်။ ဖိုးဟန်မှာကတော့ နေမထိထိုင်မသာ။ ဗျာပါဒနဲ့သောက နှစ်ဖြာ။

မရှောင်သာတော့လဲ မေးဖြစ်အောင်ကို မေးရပြီ။ ဟောတော့မယ်တဲ့၊ ဟောတော့မယ်။ ပြောတော့လဲ ပြောတော့မယ်။ ကဲ ဘယ့်နှယ်ရှိစ။ နားဆင်ကြ။

ဖိုးဟန်နဲ့ပါသွားတာက ဖိုးဟန် ညီအရင်း ဦးအောင်ဝင်း၊ နှမတစ်ဝမ်းကွဲရဲ့ သမီး(၂)ယောက်၊ အကြီးဆုံးမနဲ့ အငယ်ဆုံးမ၊ နောက် တူကတစ်ယောက်။

တူမအငယ်ဆုံးကို ကြည့်ပြီး ဟောပြီ။

'ညည်းဝတ်ထားတဲ့ အင်္ကျီ...၊ မီးရှို့လိုက်၊ ဒါမှမဟုတ် ပုံ့သကူ...လိုက်၊

www.burmeseclassic.com

ညည်းတို့ရဲ့ စီးပွားရေးကို ကြီးထွားအောင် ဖြည့်ဆည်းပေးနေရတဲ့ အောက်လက်က တော်လှန်တော့မယ်။ ညည်းအင်္ကျီရင်ဘတ်မှာ တံဆိပ်ကပ်ကပ်ထားတဲ့အတိုင်း ခြေထောက်ရာကြီးအတိုင်း ညည်းတို့မိသားစု ရင်ဝကို ခြေစုံကန်တော့မယ်။ ချက်ချင်းချွတ် အခုချွတ်'

အားလုံးက အံ့အားသင့်နေကြတယ်။ ဘာမှ မပြောနိုင်ကြဘူး။ တုတ်တုတ်မလှုပ်။ ငေးလို့ငိုင်လို့။

ဖိုးဟန်မှာ ဝမ်းသာတဲ့ပီတိတွေ ထိပ်ကိုတက် အလုအယက်။

'မချွတ်သေးဘူးလား ညည်းမှာ အင်္ကျီအပိုတစ်ထည် ပါလာတယ်။ ကျောင်းပေါ်တက်၊ လဲဝတ်လိုက်'

အိတ်ထဲမှာ အင်္ကျီအပိုတစ်ထည် ပါနေတာ အမေညိုပြောတဲ့အတိုင်း ကွက်တိ။

အင်္ကျီက သူ့အဖေ စင်ကာပူကို ဆေးသွားကုတုန်းက ဝယ်လာတဲ့အင်္ကျီ နှမြောနေဟန်တူပါရဲ့။ ခြေထောက်ရာကြီးနဲ့။

တူမလေးက ဘေးလွယ်အိတ်ကလေးကိုဖွင့်တယ်။ အမေညိုပြောတဲ့အတိုင်းပါလာ။ တစ်လုံးမမှား ကြည့်ပါလား။ အင်္ကျီတစ်ထည်ဆွဲထုတ်။ အင်္ကျီကို ယူပြီးတော့ ကျောင်းလေးအပေါ်ဆင့်ကို တက်သွားတယ်။ သူ့နောက်က အမျိုးသမီး(၃)ယောက် လိုက်သွားတယ်။

ကျောင်းပေါ်ကနေ တူမလေး ပြန်ရောက်လာတော့ အမေညိုကို ဦးချကန်တော့လိုက်ပြန်ပြီ။ အမေညိုကလဲ ဟောပြန်ပြောပြန်ပါပြီ။

'အဖေ ထားခဲ့တဲ့ စီးပွားဥစ္စာကို တိုးပွားအောင်လုပ်၊ မဆုတ်ယုတ်စေနဲ့၊ အဖေ' တာဝန်ကျေခဲ့ပြီ။ သားသမီး တာဝန်ကျေဖို့လိုတယ်။ အဖေ့လုပ်ငန်းတွေက ကြီးတယ်။ သားသမီးတွေ နိုင်နင်းအောင် ထိန်းကြ၊ သိမ်းကြ၊ အောက်ခြေကစ။ အေးငြိမ်းတဲ့သုခ ချမ်းသာ တစ်သက်တာ ရကြလိမ့်မယ်။

ငါ့သားငါ့သမီးတွေကို အမေ ရင်အုပ်မကွာ စောင့်ရှောက်ရမှာပေါ့။ မေတ္တာတရား ရှေ့ထားရင် သစ္စာစကားနဲ့ မပြီးတဲ့အရာမရှိဘူးကွယ့်။ ကဲ ထမင်းစားကြ'

ဆာဆာနဲ့ စားလိုက်ကြတာ ခေါင်းမခေါ်ကြဘူး။ ဝမ်းအပြင်တော့ ပုတ်မပါ။ ဆာလောင်တဲ့ဝမ်းမီး ငြိမ်းသွားလေပြီ။

ထမင်းစားပြီးတော့ ရေနွေးဝိုင်းဆက်။ တစ်ခွက်၊ နှစ်ခွက် သောက်ပြီးတော့ အမေညို နေရာကအထ။

'ကျောင်းပေါ်သွားမယ် လိုက်ခဲ့ကြ' လို့ခေါ်ပြီး ကျောင်းပေါ်ကိုအကြွ။

ဖိုးဟန်တို့က နောက်ကလိုက် ထိုက်လျောက်တဲ့ နေရာမှာထိုင် အပြိုင်အဆိုင် ရှိုးရိုးဦးချ။ မြတ်ဗုဒ္ဓကို ကြည်ညို။ ဘာဆိုဘာသံမှ မကြားရ။ တိတ်ဆိတ်ငြိမ်သက်လှ။ အကာလ ညည်ည်သန်းခေါင်နှယ်။

ခဏအကြာ အမေညို အခန်းထဲက ထွက်အလာ လက်ထဲမှာ တစ်ခုခုကို ကိုင်ဆုပ်ထားတယ်။

ဖိုးဟန်တို့အနားကို ရောက်အလာ ထိုင်ပြီးတာနဲ့ ပစ္စည်းတွေ ဖိုးဟန်တို့ကို ပေးတယ်။ သွပ်လက်စွပ် တစ်ကွင်းစီ။

အဲဒီသွပ်လက်စွပ်မျိုး မောင်ဖိုးဟန် ရခဲ့ဖူးတာပဲ။ လွန်ခဲ့တဲ့ (၃၅)နှစ်ကျော်က သွပ်ကို အမေညို ထိုးသတ်ထားတာပဲ။ ကိုယ်တိုင် လက်တွေ့ မြင်ခဲ့ဖူးတာပဲ။

အမေညို သွပ်ကို လက်စွပ်သာမက လက်ကောက်၊ ဆွဲကြိုး၊ အမျိုး... တွေ့ခဲ့ဖူးတာပဲ။

အမေညို ထိုးထားတဲ့ (၅)ကျပ်သာ... သွပ်လုံးကြီးကနေ မောင်ဖိုးဟန် (... ကျပ် တစ်မတ်သားကို ဖြတ်စို့ကြ... ဖြတ်ပြီး ယူခဲ့ဖူးတာပဲ။ ဖိုးဟန်ဆီ... အဲဒီသွပ် အခုထိရှိသေး။ အဲဒီ (၃)ကျ... မတ်တင်းသားထဲက...

တစ်ကျပ်ခွဲသားကို ဖြတ်ယူ... ထိုးခဲ့တာ။ ကျန်တာကို ရှမ်းကြီးဦး... မောင်တောင်းလို့ ပေးလိုက် မထို... တော့ အကုန်ထွက်၊ လုံခွက်ချည်း... ခံ။

ဖိုးဟန်က လုံပေါင်းများစွာ၊ အကြ... ပေါင်းများစွာ၊ ရက်ပေါင်းများ... နှစ်ကာလရှည်ကြာ နှစ်ပေါင်း(... သာသာ။

အခုအချိန်မှာတော့ (၆)မူး... ကျန်ရှိ။ ပကာတိရွှေ ကျွေးရတော... ရွှေ...အခေါက်ရွှေ။

အမေညို ပေးလိုက်တဲ့ လက်စွပ်... ကိုယ်စီကိုယ်စီ လက်သူကြွယ်တွေ... စွပ်ကြည့်လိုက်ကြတော့ အံဝင်ခွင်... ချွတ်မရပြီ၊ ပီတိတွေခ။ ကောင်းလေ... တစ်ယောက်မျက်နှာ တစ်ယော... ကြည့်ကြ။ ရောင်းပန်းဝယ်ပန်း ပွင့်... ပီယ။

တောတွေအလယ် တောင်... အကြား ထွက်နေတဲ့ တောင်စွယ်... ကမူစွန်းကုန်းမြေမှာ ကိုယ်တို... တရားရှာ၊ အများသတ္တဝါတွေ... ကယ်မ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ... စေရန် ရှေးရှု။


ဟောမှု၊ ပြောမှု၊ ဆေးကု... ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်၊ ဓာတ်... အသွင်အပြင်က ယောဂီရသေ့... တောင်က အမေညို။

လိုတာတွေ ဝယ်နိုင်ငြိမ်းနိုင် ...



www.burmeseclassic.com

www.burmeseclassic.com



ဆည်းနိုင်ဖို့ ဖိုးဟန်တို့က လှူကြတယ်။ တစ်ယောက်တစ်သောင်း၊ ငါးယောက် တွက်ငါးသောင်း။

ဒီအလှူ ဒီဒါန နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ပီတိတွေဖြာ။

အငယ်ဆုံးတူမက သူ့အမေကို မေ့ချန်မထား။ သတိတရရှိလှ။ သူ ရသလို အမေကိုလဲ ရစေချင်။ ဒီတော့ အမေညိုဆီမှာ လက်စွပ် နောက်တစ် ကွင်းထပ်တောင်း အမေညိုကလဲ ပေးပါတယ်။ နောက်တစ်ကွင်း ရော့... ယူ။

နေပူပူမှာ အပြန်ခရီး၊ ရှိခိုးဦးချ ဝတ်ပြုကြလို့ အမေညိုကို နှုတ်ဆက်၊ တောင်အတက်အဆင်း (၃)ခုကို ကျော်၊ ကားပေါ်ရောက်မှပဲ လူသက်သာ၊ နေကလဲ ပူလိုက်တာ။

ရေနံမြေကားလမ်းမှာ တောင်(၄၄) လုံးကိုကျော်မှ ကြို့ပင်ဂိတ်ကို ရောက်မယ်။ တစ်တောင်ကျော်နင်း တစ်တောင်ဆင်းနဲ့ ဖိုးဟန်ညီအရင်း ဦးအောင်ဝင်းက ကားကို မောင်းနေ တယ်။ သတိကြီးစွာထား ဂရုတစိုက် နဲ့။

တချို့နေရာတွေမှာ လမ်းကြမ်း တယ်။ တချို့နေရာတွေမှာ လမ်း မကောင်းဘူး။ ချိုင့်ခွက်နဲ့ သဲမြေ။ ဖိုးဟန်မှာလေ ကားလေးကို သနား လိုက်တာ... မောင်ပါဂျရို။

သံဖိုတောင်ကထွက် ကားပေါ်တက် တဲ့အထိ ခြေကျင် လျှောက်နေရစဉ်က နေပူပူ တောင်အတက် မောချက်က ပြင်းထန်၊ တစ်ယောက်ကိုတစ်ယောက် စကားပြောနိုင်ဖို့ဝေးစွ၊ ချွေးပြိုက်ပြိုက် ကျ။ အားခဲလို့ လျှောက်ကြရ။

ကားပေါ်ရောက်ကြတော့ အဲကွန်း နဲ့ အမောပြေ။ စကားတွေ များကြပြီ။ တစ်ယောက်တစ်ပေါက် ပြောကြပြီ။ ဖိုးဟန်ကိုလဲ မေးကြပြီ။ အကြီးဆုံးမ က...

'ဦး အမေညိုနဲ့ တော်တော်ရင်းနှီး တာပဲ။ သားအမိရင်း ကျနေတာပဲ။ သံဖိုတောင်ကို ရောက်ရောက်ချင်း အသက်ကလဲ (၁၀၀)ကျော်။ စကား ပြောဖော်ကလဲ မရတော့ဘူးဆိုတော့ စိတ်ဓာတ်တောင် ပျက်ပြားသွားတယ်။ ငိုချင်ရယ်ချင်တောင် ဖြစ်လာတယ်။ အချိန်ကုန် လူပင်ပန်းပြီး ဆုံးရှုံးခြင်း ကြီးစွာနဲ့ ပြန်ရတော့မယ်ထင်နေတာ၊ တော်ပါသေးရဲ့'

'မနောပိုင်နေတဲ့ ပုဂ္ဂိုလ်ထူးဆိုတာ အာရုံပြုက တစ်ခဏနဲ့ ဆေးရောင်စုံ ရုပ်ရှင်ကားကြီး ကြည့်နေရသလို ဗီဒီယို ကြည့်သလို ချက်ချင်းမြင်။ အချိန်နဲ့ ကာလကို ဆွဲဆန့်လို့ရတယ်။ ချုံ့ချလို့ ရတယ်။ မယုံကြည်နိုင်စရာ အံ့သြ ဖွယ်'

'သမီးတို့ကို မကောင်းကြံနေတဲ့ သူတွေ၊ မကောင်းကြံမယ့်သူတွေကို နာမည်နဲ့ မဟောပေမယ့် နေ့သားနဲ့ ဟောလိုက်တာ သမီးတို့မှာ သိလိုက် တာမှ ဒက်ထိ။ တည့်တည့်ကိုထိုးတာ။ မှန်လိုက်တာမှ၊ ဟုတ်လိုက်တာမှ မဟုတ်မမှန်တာ တစ်ခွန်းမပါ'

'ကိုယ်တွေ့တွေသာ ပြောပြရင် နင်တို့ ပိုပြီးစိတ်ဝင်စားမယ်။ သဘော ကျကြမယ်'

'ဦး ပြောပြစမ်းပါ သမီးတို့ ကြားချင် လို့ပါ'

မောင်ဖိုးဟန် ကိုယ့်စကားနဲ့ကိုယ် ချောင်ပိတ်မိနေပြီ။ စကား စကား ပြောပါများ စကားထဲက ဇာတိပြ။ မပြောပြန်ရင်လဲ မကျေနပ်ကြ။ ပြောမှ ပြောမှ...

ပြောချင်နေတဲ့ မောင်ဖိုးဟန် အံ့ကိုက် အတော်ပဲ။ ကဲ ပြောတော့မယ်။

* * *

အဖေ လိုက်ပို့လို့ သံဖိုတောင်ကို မောင်ဖိုးဟန် ပထမတစ်ခေါက် ရောက် ခဲ့ပြီ။ ဒုတိယတစ်ခေါက်မှာတော့ အဖေ မပါ တစ်ကိုယ်တည်း။

စနေနေ့မနက် တရုတ်မော်က ထွက် အလာ သံဖိုတောင်မှာ အဲဒီညအိပ် မယ်။ တစ်ညအိပ်ခရီး အကြာကြီး။

သံဖိုတောင်ကို မနက်(၉)နာရီခွဲမှာ ရောက်တယ်။ မြောက်ဘက်ကျောင်းနဲ့ တောင်ဘက်ကျောင်းကို ဆက်ထိုး ထားတဲ့ မဏ္ဍပ်ထဲကို ကြည့်လိုက်တော့ လူတွေရှိတယ်။ အများကြီး။

မိန်းမတွေရော ယောက်ျားတွေရော တစ်ပြုံကြီး။ နှစ်ဆယ်အစိတ်လောက်။ ထချိတစ်ခါ၊ ထိုင်ချိတစ်လှည့် ယောက်ယက်ခတ်မျှ လှုပ်လှုပ်ရှားရှား။

ရွှေလ ဆက်ဖတ်ပါရန်

ရွှေတောင် ကြည်မောင်(ရေး)

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်မှ (၃၁)ရက်နေ့အထိ
ခုနစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်

## တနင်္ဂနွေ

**စီးပွားရေး။** ။ လုပ်ငန်းတစ်မျိုးမက လုပ်ကိုင်နေရမည်။ အရန်ထုတ်ကုန်များကို စတင်ထုတ်ဖို့ အချိန်တန်ပါပြီ။

စီးပွားရေးအခွင့်အလမ်းများ ကောင်းမွန်သောကာလဖြစ်၍ ပိုပြီးကြိုးစားလိုက်ပါ။ အောင်မြင်မှု ကြီးမားပါလိမ့်မည်။

**ဝန်ထမ်းရေးရာ။** ။ အထက်လူကြီးများနှင့် အဆင်ပြေအောင်နေပါ။ ဘဝ၏ တိုးတက်မှုအတွက် လိမ္မာပါးနပ်ပါ။

**အိမ်တွင်းရေး။** ။ ခင်ပွန်းသည်၊ ဇနီးသည် ခရီးထွက်ရလိမ့်မည်။ မိသားတစ်စု ပျော်ရွှင်ရမည့်ကာလဖြစ်သည်။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်းမည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် ကံကောင်းသောကာလဖြစ်သည်။ ချစ်သူများ၍ အရွေးရခက်နေမည်။

**ပညာရေး။** ။ ပညာရေးကံကောင်းသောကာလ ဖြစ်သည်။ မိမိ သင်ယူလိုသော ပညာရပ်များကို သင်ယူပါ။ အောင်မြင်ပါလိမ့်မည်။

**ကျန်းမာရေး။** ။ အအေးမိဝေဒနာ ခံစားရတတ်သည်။ ညဘက် ရေမချိုးပါနှင့်။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၄၊ ၅၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်ယတြာ။** ။ အောင်မြင်၍ အန္တရာယ်ကင်းရှင်းစေရန် သမ္ဗုဒ္ဓေဂါထာကို (၁၀၈)လုံး ပုတီးကုံးဖြင့် တနင်္ဂနွေနေ့တိုင်း နံနက်(၉)နာရီတိတိတွင် (၉)ပတ်စိပ်ပါ။

## တနင်္လာ

**စီးပွားရေး။** ။ လုပ်ငန်းများတွင် ငွေအဝင် နှောင့်နှေးနေလိမ့်မည်။ မျှော်လင့်သည်ထက်ပို၍ ငွေဝင်လိမ့်မည်။ အသင့်ချုပ်ပြီးသား ဝတ်စုံများ၊ အကျီများ၊ ဘောင်းဘီများ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ အထက်လူကြီး၏ ထောက်ပံ့မှုကို ရမည်။ လုပ်ဖော်ကိုင်ဖက်များကြောင့် လုပ်ငန်းများ အောင်မြင်မည်။ ရာထူးတိုးတက်သည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်မပြေ ဖြစ်တတ်သည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေး ဂရုစိုက်ပါ။ သားသမီးကြောင့် ထွက်ငွေများနေမည်။

**အချစ်ရေး။** ။ ကြားလူကြောင့် ချစ်သူက အထင်အမြင် လွဲမှားတတ်သည်။ ကြားလူများစကားကို နားမဝင်ရန် ကြိုတင်သတိပေးထားပါ။

**ပညာရေး။** ။ ပညာရေးကံကောင်းသောကာလဖြစ်သည်။ အဆင့်မြင့်ပညာရေးကို တက်လှမ်းနိုင်ပါလိမ့်မည်။

**ကျန်းမာရေး။** ။ အကြောတက်ခြင်း၊ အကြောနာခြင်းများ ဖြစ်တတ်သည်။ ရေနွေးနှင့်စပ်၍ ရေချိုးပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၁၁၊ ၁၃၊ ၁၆၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၅၊ ၈၊ ၉၊ ၁၄၊ ၁၇၊ ၁၈၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၃၊ ၆၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်ယတြာ။** ။ ဘုရားဆင်ကို နံ့သာ+ကရမက်ရေဖြင့် ပက်ဖျန်းပေးပါ။ လိုရာဆုတောင်းပါ မကြာမကြာ ပြုလုပ်ပေးပါ။









## အင်္ဂါ

**စီးပွားရေး။** ။ လှောင်ထားသော ပစ္စည်းများ၊ ကုန်များအမြန်ထုတ်ရောင်းပါ။ အမြတ်အစွန်းများများရမည်။ အလုပ်တစ်မျိုးမက လုပ်ရမည်။ အချိန်ကောင်း အခါကောင်းတွင် ပိုကြိုးစားလိုက်ပါ။ အောင်မြင် ကြီးပွားပါလိမ့်မည်။

**ဝန်ထမ်းရေးရာ။** ။ တာဝန်တစ်ခု မပြီးပြတ်မီ နောက်ထပ်တာဝန်တစ်ခုကို ထမ်းဆောင်ရကိန်းရှိသည်။ အလုပ်လုပ်မှသာ မိမိ၏ အရည်အချင်းကို အများက သိရှိမည်ဖြစ်သည်။

**အိမ်တွင်းရေး။** ။ ဒုတိယအချစ် ပေါ်ပေါက်တတ်၍ အထူးသတိထားပါ။ တတိယအရွယ်၏ ဒုတိယဝေဒနာ မဖြစ်ပါစေနှင့်။

**အချစ်ရေး။** ။ ချစ်သူပတ်လည်ဝိုင်းနေသော ကာလဖြစ်သည်။ ချစ်သူရွေးဖို့ ခက်နေမည်။ လက်ထပ်ဖို့စီစဉ်လျှင် အဆင်မပြေသေးပါ။

**ပညာရေး။** ။ အချစ်ရေးကြောင့် ပညာရေးကို လျစ်လျူရှုတတ်သည်။ ချစ်တော့ချစ်ပါ ပညာရေးကိုတော့ မထိခိုက်ပါစေနှင့်။

**ကျန်းမာရေး။** ။ စိတ်ညစ်၊ စိတ်ရှုပ်၊ စိတ်အလိုမကျဖြစ်တတ်၍ စိတ်ရောကိုယ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၅၊ ၇၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၆၊ ၈၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၄၊ ၂၆၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၅၊ ၉၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၃၊ ၅၊ ၇ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်ယတြာ။** ။ စိတ်ညစ်စိတ်ရှုပ်စရာများပျောက်၍ စိတ်ချမ်းသာကိုယ်ကျန်းမာစေရန် သံဃာတော်(၃)ပါးအား ဆေးဝါးများ လှူဒါန်းပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး။** ။ ငွေကြေးရောင်းဝယ်ရေး၊ လဲလှယ်ရေးလုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။ အမြတ်များမည်။ ငွေထည်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ ရွှေအရောင်းအဝယ်လုပ်ငန်းများ အမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ ငွေသုံးစွဲမှု၊ ငွေစာရင်းတို့တွင် ပြဿနာမပေါ်အောင် အထူးသတိထားပါ။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး ပျော်ရွှင်သာယာပါလိမ့်မည်။ သားသမီးများ၏ နိုင်ငံခြားခရီး အဆင်ပြေပါလိမ့်မည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေမည်။ ရှတ်တရက် လက်ထပ်ရသော အခမ်းအနား ဆောင်ရွက်ရကိန်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





**ပညာရေး**။ ။ ပညာရေးကံဇာတာ တက်နေပါသည်။ တက်ချင်သည့် သင်တန်းကိုတက်၊ သင်ယူချင်သည့် ပညာရပ်ကို သင်ယူပါ။
**ကျန်းမာရေး**။ ။ အပယိကရောဂါငယ်များ ဖြစ်တတ်သည်။
**ဆောင်ရန်ရက်များ**။ ။ ၁၊ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။
**ရှောင်ရန်ရက်များ**။ ။ ၂၊ ၄၊ ၇၊ ၁၁၊ ၁၃၊ ၁၆၊ ၂၀၊ ၂၂၊ ၂၅၊ ၂၉။
**ထီထိုးရန်ရက်များ**။ ။ ၃၊ ၅၊ ၈၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၇၊ ၃၀။
**ထီထိုးရန်ဂဏန်းများ**။ ။ **၃၊ ၅၊ ၆၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ "သဗ္ဗကိစ္စ၊ အရဟံ၊ နဘယံ သိဒ္ဓိ" ဆိုသောဂါထာကို ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီအချိန်မှစ၍ သက်စေ့ရွတ်ပွားပေးပါ။

## ကြာသပတေး

**စီးပွားရေး**။ ။ ပြဿနာပေါ်သော် မစိုးရိမ်နှင့်၊ သူ့အလိုလို ပြေငြိမ်းသွားလိမ့်မည်။ ငွေကြေးထည့်ဝင်သူ၊ ရှယ်ယာသမားများ ပေါ်ပေါက်လာလိမ့်မည်။ လုပ်ငန်းတိုးတက်အောင်မြင်မည်။ ရွှေအရောင်းအဝယ်ကောင်းမည်။ အမြတ်အစွန်းများမည်။
**ဝန်ထမ်းရေးရာ**။ ။ တာဝန်များ အချိန်မီ ပြီးစီးလိမ့်မည်။ ခရီးဝေးသွား၍ တာဝန်ထမ်းဆောင်ရလိမ့်မည်။
**အိမ်တွင်းရေး**။ ။အိမ်ထောင်ဖက်နှင့် အဆင်ပြေမည်။ မိသားတစ်စုလုံး အဆင်ပြေပြေနေနိုင်လိမ့်မည်။ မိမိ၏ ကျန်းမာရေးညံ့၍ မိသားစု စိတ်ပူပန်ရတတ်သည်။
**အချစ်ရေး**။ ။လေ့နှံနှစ်ဖက် မနှင်းချင်ပါနှင့်။ တစ်ယောက်တည်းကိုသာ သစ္စာရှိရှိ ချစ်ပါ။ လက်ထပ်ဖို့ကိစ္စ အဆင်မပြေသေးပါ။
**ပညာရေး**။ ။ ဆက်သွယ်ရေး၊ စီးပွားရေး၊ ဆေးဝါးကျွမ်းကျင်ရေး သင်တန်းတစ်ခုခု တက်ခွင့်ကြုံလိမ့်မည်။ ကြိုးစားပါ။
**ကျန်းမာရေး**။ ။ခြေ,လက် အဆစ်အမြစ်ကိုက်သောရောဂါ ဖြစ်တတ်၍ အဆီအအိမ့်များ လျှော့စားပါ။ အအေးမခံပါနှင့်။
**ဆောင်ရန်ရက်များ**။ ။ ၁၊ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၂၊ ၂၄၊ ၂၈၊ ၃၁။
**ရှောင်ရန်ရက်များ**။ ။ ၂၊ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၃၊ ၂၅၊ ၂၉။
**ထီထိုးရန်ရက်များ**။ ။ ၃၊ ၇၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၇၊ ၂၀၊ ၂၁၊ ၂၄၊ ၂၆၊ ၂၇၊ ၃၀။
**ထီထိုးရန်ဂဏန်းများ**။ ။ **၁၊ ၃၊ ၇၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ ဗုဒ္ဓဟူးနေ့တွင် (အဆင်ပြေသည့် အချိန်နှင့် နေရာတွင်) ဂုဏ်တော်(၉)ပါးကို အကြိမ်(၁၀၈)ကြိမ် ရွတ်ပွားပူဇော်ပါ။

## သောကြာ

**စီးပွားရေး**။ ။ စီးပွားရေးလုပ်ငန်းများ အခြေအနေ ပိုမိုတိုးတက်လာမည်။ ကုန်ပစ္စည်းအသစ်များ ထုတ်လုပ်လိုပါက ထုတ်လုပ်နိုင်သောကာလ ဖြစ်သည်။ လုပ်ငန်းများတိုးချဲ့ခြင်း၊ လုပ်ငန်းသစ်များ စတင် လုပ်ကိုင်နိုင်ပါသည်။
**ဝန်ထမ်းရေးရာ**။ ။ ပိုမိုကောင်းမွန်သော နေရာသို့ ပြောင်းရွှေ့ရကိန်းရှိသည်။ နေရာပြောင်းလျှင် အောင်မြင်တိုးတက်မှုများ ရလိမ့်မည်။
**အိမ်တွင်းရေး**။ ။ အိမ်တွင်းရေး သာယာမည်။ အိမ်၏ စီးပွားရေး၊ ကြီးပွားရေးများ ကောင်းမည်။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများကောင်းမွန်မည်။
**အချစ်ရေး**။ ။ ချစ်တမ်းမကစားနှင့် ဘဝပျက်သွားမည်။ သတိရှိပါ။ လက်ထပ်ဖို့ နှစ်ဦးဖက် သဘောတူညီမှုရမည်။
**ပညာရေး**။ ။ ကံတရားက မိမိဘက်မှာရှိနေစဉ် ဉာဏ်နှင့်ဝီရိယပါ ထပ်မံပေါင်းလိုက်လျှင် တစ်ဟုန်ထိုးအောင်မြင်သွားမှာပါ။
**ကျန်းမာရေး**။ ။ လေးဖက်နာရောဂါဖြစ်တတ်၍ ကြိုတင်စစ်ဆေးပါ။ ထိထိရောက်ရောက်ကုသပါ။ အအေးမခံပါနှင့်။
**ဆောင်ရန်ရက်များ**။ ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ**။ ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။
**ထီထိုးရန်ရက်များ**။ ။ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ**။ ။ **၃၊ ၆၊ ၈၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီတိတိအချိန်မှစ၍ "ဒိဗ္ဗတပတိ" ဂါထာတော်ကို (၁၀၈)လုံးပုတီးကုံးဖြင့် တစ်ပတ်စိပ်ပါ။ လိုရာဆုတောင်းပါ။

## စနေ


**စီးပွားရေး**။ ။ လုပ်ငန်းများအောင်မြင်မည်။ နိုင်ငံခြားသားများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးတွဲလုပ်ကိုင်ရမည်။ ငွေရေးကြေးရေး အဆင်ပြေမည်။ ငွေအရောင်းအဝယ်၊ ငွေကြေးလဲလှယ်ရေးလုပ်ငန်းများ အမြတ်ငွေများမည်။
**ဝန်ထမ်းရေးရာ**။ ။ မနိုင်ဝန်ကို ထမ်းရလိမ့်မည်။ မိမိအရည်အချင်းကို ယုံကြည်၍ တာဝန်များ ထပ်ဆင့်ပေးလိမ့်မည်။
**အိမ်တွင်းရေး**။ ။ မိမိ၏ အိမ်ထောင်ဖက်အနေဖြင့် သံယောဇဉ်အသစ်တွေ့ရတတ်၍ ဆူဆူပူပူမလုပ်ပါနှင့်။ လိမ္မာပါးနပ်ပါ။
**အချစ်ရေး**။ ။ ချစ်ပန်းရနံ့များ ကြူကြူမွှေးနေသော ကာလဖြစ်သည်။ သတိထားပါ။ အချစ်လိမ်၊ အချစ်တုများ ပါလာလိမ့်မည်။ နှလုံးသားကို သာမက ဦးနှောက်ပါ အသုံးပြုပေးပါ။
**ပညာရေး**။ ။ ပညာသင်ကြားနေစဉ် စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ဖြစ်လိမ့်မည်။ စီးပွားရေးကိုလည်း လုပ်ပါ။ စီးပွားရေးတွင် အထောက်အကူဖြစ်စေသည်။
**ကျန်းမာရေး**။ ။ လေးဖက်နာ၊ အဆစ်အမြစ်နာများ ဖြစ်တတ်၍ ကြိုတင်စစ်ဆေး ကြိုတင်ကာကွယ်ကုသပါ။
**ဆောင်ရန်ရက်များ**။ ။ ၃၊ ၆၊ ၁၀၊ ၁၃၊ ၂၀၊ ၂၃၊ ၂၆၊ ၃၀။
**ရှောင်ရန်ရက်များ**။ ။ ၄၊ ၇၊ ၁၁၊ ၁၄၊ ၁၇၊ ၂၁၊ ၂၄၊ ၂၇၊ ၃၁။
**ထီထိုးရန်ရက်များ**။ ။ ၂၊ ၅၊ ၈၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၂၉။
**ထီထိုးရန်ဂဏန်းများ**။ ။ **၃၊ ၆၊ ၉၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ ဘေးအန္တရာယ် ကင်းရှင်း၍ ကျန်းမာချမ်းသာစေရန် ဗုဒ္ဓဟူးနေ့နံနက်(၉)နာရီမှစ၍ ဒိဗ္ဗတပတိဂါထာတော်ကို (၁၀၈)ခေါက်ရွတ်ပွား၍ ညနေ (၉)နာရီမှစ၍ သမ္ဗုဒ္ဓေဂါထာတော်ကို (၁၀၈)ခေါက် ရွတ်ပွားပေးပါ။

***ကျန်းမာ ချမ်းသာကြပါစေ။***

**ဆရာ ရောင်ခြည်**

www.burmeseclassic.com





▲ ရှားရှားပါးပါး တွေ့ခဲ့ရသည့် ကျားနို့

◀ ကျားနို့၏ အသုံးဝင်မှုကို ရှင်းပြသည့် ဆရာကြီးဦးသံခဲ

# အစွမ်းထက်သော ကျားနို့၏ အသုံးဝင်မှုတစ်ရပ်

၂၀၀၀ ပြည့်နှစ်က စာရေးသူ နယ်လှည့်ခဲ့တဲ့ သက်တမ်းတစ်လျှောက် ကျားနို့ခဲ(ဝါ)ကျားနို့ကို တစ်ကြိမ်တစ်ခါမှ မတွေ့မမြင်ခဲ့ဘူးပါ။

ဒီခရီးပတ်မှာတော့ **စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်ဇေယျရပ်ကွက်မှာနေတဲ့ ရှေးမီနောက်မီ တိုင်းရင်းသမားတော်ကြီး ဦးသံခဲ** ထိုစဉ်က အသက်(၇၀)နှစ်နဲ့ ဆေးပညာအကြောင်း ဆွေးနွေးရာက အကြောင်းတိုက်ဆိုင်ပြီး ကျားနို့ခဲကို တွေ့မြင်ခဲ့ရပါတယ်။

ဆရာကြီးက...

'ကလေးသူငယ်တွေ စားဖို့ ဖော်စပ်ကြတဲ့ သူငယ်နာဆေးထဲ ကျားနို့မပါရင် ဒီဆေးက မထက်တော့ဘူး'

လို့ အစချီ ရှင်းပြရင်း ကျားမ,ကြီးက ရင်သွေးငယ်များကို နို့ချို့ကျွေးတဲ့ အကြောင်းကိုပါ ပြောပြပါတယ်။

ကျားပေါက်ကလေးတွေရဲ့ လျှာက ကြမ်းတယ်။ ဒါကြောင့် မိခင်ကျားမ,ကြီးက လူနို့တိုက်သလို တိုက်လို့ မရဘူး။ ကျားနို့က လူနို့၊ နွားနို့တွေလို အရည် မဟုတ်ပြန်ဘူး။ နို့ဆီလို ပျစ်ခဲခဲပဲ။

ဒါကြောင့် ကျားမ,ကြီးက ရင်သွေးကလေးတွေကို နို့တိုက်ချင်ရင် ပျစ်ခဲခဲနို့တွေကို ကျားကလေးတွေ မြင်လောက်တဲ့နေရာတွေမှာ ညှစ်ချ ထားရစ်ခဲ့တယ်။

ဒါကို ကျားကလေးတွေက စားသုံးလို့ ဝ,တာနဲ့ စွန့်ခဲ့ကြတယ်။ ကြာတော့ ခဲပြီး မာသွားတယ်။ ကျားနို့ခဲပေါ့။ ဒီကျားနို့ခဲကို တခြား ကျားပေါတဲ့ဒေသတွေမှာ ရကောင်း ရမှာပါ။ လောလောဆယ်တော့ ကချင်ပြည်နယ်၊ **မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးတစ်ဝိုက်ကတောတွေမှာ ရတယ်။** ကချင်တိုင်းရင်းသားတွေက ကောက်ပြီး ရောင်းကြတာပေါ့။

ကျဖဟုံးဓာတ်

ဆရာကြီးက ကျားနို့ရဲ့ ထက်မြက်ပုံကို ဥပမာတစ်ရပ်နဲ့ ထပ်ပြီး ရှင်းပြပါသေးတယ်။

'မွေးစကနေ တစ်နှစ်သားအတွင်း ကလေးတွေမှာ ကျဖဟုံးဓာတ် ကပ်ပါလာတတ်တယ်။ ဒီဓာတ်ပါလာရင် ကလေးများ ဝမ်းသက်တဲ့အခါ အစိမ်းရောင်ဖြစ်နေတယ်။

ဒီရောဂါကို ကျားနို့ပါတဲ့ သူငယ်နာဆေးမှ နိုင်တယ်။ ကျဖဟုံးဓာတ်ကို မနှိမ်နင်းနိုင်ရင် ကလေးတစ်ကိုယ်လုံး အနာကလေးတွေ ပေါက်လာလေ့ ရှိတယ်'

လို့ ဆရာကြီးက သတိပြု ဆင်ခြင်ဖွယ်ကို ပြောပြပါတယ်။

အချုပ်ကို တင်ပြရရင် ကျားနို့ (နို့ခဲ) ဆိုတာ ရခဲတဲ့ ပစ္စည်းတစ်မျိုးပါပဲ။ အရောင်က သနပ်ခါးခဲနဲ့ ဆင်ပါတယ်။ ကြုံလို့ရခဲ့ရင် ဂရုတစိုက် သိမ်းထားသင့်ကြပါတယ်။ အဆက်အသွယ်ရှိခဲ့ရင် မိုးညှင်းနယ် အင်းတော်ကြီး ရေလယ်ဘုရားဘက်က ဒေသခံတွေဆီ ဆက်သွယ်ရင် ရနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

**နယ်လှည့်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်

# ဖိုးဦးတောင် လှမ်းဝေတါမှ

အလွမ်းဇာတ်လမ်းလေး (၂)

ယခင်လမှ အဆက်

အမျိုးသမီးငယ်၏ကိုယ်မှ ထွက်လာသော အမျိုးအမည် မသိနိုင်သည့် အလွန်မွှေးကြိုင်သော ရနံ့လေးကို သူ ရှူရှိုက်လိုက်ရသည်။ မိန်းမနှင့် စိမ်းလွန်းလှသည့် သူ့အတွက် အတွေ့အထိနှင့် ကိုယ်သင်းနံ့မွှေးမွှေးလေးက ရင်ဖိုသွားစေလေသည်။ ရင်တွေ တဒိန်းဒိန်း ခုန်သွားစေသည်။

တစ်ခဏတော့ ကြက်သေ သေကာ ခက်ထားမိ၏။ ဘုရားပေါ် တက်ကြ၊ ဆင်းကြသူတွေက သူတို့ကို မမြင်သလို အရေးမစိုက်ကြ။ အမျိုးသမီးလေးက သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ သို့သော် မျက်နှာလေးကတော့ မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့နှင့်။

'ဆောရီးပဲ ညီမ၊ အစ်ကိုက ညီမ လဲသွားတာထင်လို့ လှမ်းဆွဲထူရင်း ဖက်မိသလို ဖြစ်သွားတာပါ'

ဟု သူက တောင်းပန်လိုက်သည်။

'ရပါတယ်အစ်ကိုရယ်၊ အစ်ကိုသာ မဆွဲလိုက်ရင် စိမ်း အောက်ကိုပြုတ်ကျသွားနိုင်ပါတယ်။ အစ်ကို ဆွဲလိုက်လို့သာ သက်သာရာ ရသွားတာပါ။ စိမ်းက တောင်းပန်ရမှာပါ။ ကျေးဇူးလဲ တင်ပါတယ်ရှင်'

အမျိုးသမီးက လေသံမှုနှင့် အားနာစွာ ပြော၏။

'ဩော် ညီမလေး နာမည်က စိမ်းတဲ့လား'

'ဟုတ်ပါတယ် အစ်ကို၊ နာမည် အပြည့်အစုံက စိမ်းလဲ့လဲ့ပါ'

'သိရတာ ဝမ်းသာပါတယ်။ အစ်ကို့နာမည်ကတော့ မြဝင်းလို့ ခေါ်ပါတယ်။ ပန်းတောင်း ဉသျှစ်ပင်ကပါ။ မစိမ်းလဲ့လဲ့ကော ဘယ်မှာ နေလဲဟင်'

'စိမ်းလို့ခေါ်လဲ ရပါတယ်။ စိမ်းက

www.burmeseclassic.com



မြစိမ်းကျွန်းက ရွာလေးတစ်ရွာကပါ။ တပို့တွဲလပြည့်နေ့တိုင်း ကျင်းပလေ့ရှိတဲ့ ဘုရားပွဲကို စိမ်းတို့ လာနေကျပါ'

'ဟုတ်လား အစ်ကိုလဲ ဒီလိုပဲ'

ထို့နောက် နှစ်ယောက်သား ဘုရားပေါ် တက်လာကြသည်။ ဘုရားဖူး ဝတ်ပြုပြီးကြသည်နှင့် ဘုရား၏ ရှေ့ဘက် ရင်ပြင်တော်၌ ထိုင်လိုက်ကြသည်။ အတော်အတန်လည်း ရင်းနှီးသွားကြပြီဖြစ်၏။

နှင်းပွင့်တို့ ကြွေသက်လုလု၊ နွေဦးကာလကို ဦးတည်ပြုနေသည့် တပို့တွဲလပြည့်ည၏ ပိုင်းစက်အိရွှန်းနေသော လဝန်းကြီးက သူတို့နှစ်ယောက်၏ ကိုယ်ပေါ်သို့ ဖြာကျနေသည်။

တောတောင်များကို ဖြတ်တိုက်လာသည့် လေနုအေးလေးကလည်း နှင်းရည်လဲ့လဲ့ ငွေရည်ဖွဲ့လျက် မပြယ့်တပြယ် နှင်းစက်လေးများဖြင့် လာရောက်ကျီစယ် တို့ကစားသွားကြ၏။

စိမ်းလဲ့လဲ့၏ ကိုယ်မှ အမွှေးနံ့လေးကလည်း သင်းကြိုင်နေသည်။

'အစ်ကို စိမ်းကို တွေ့တွေ့ချင်း တစ်နေရာရာမှာ တရင်းတနှီး တွေ့ဖူးသလိုပဲစိမ်း၊ ဘယ်မှာတွေ့ဖူးမှန်းသာ မသိတာ၊ တွေ့ခဲ့ဖူးတာတော့ အမှန်ပဲ။ စိမ်းကော မမှတ်မိဘူးလားဟင်'

မောင်မြဝင်းက သူ့ရင်ထဲ မတင်မကျ ဖြစ်နေသည်ကို မေးလိုက်၏။ ထိုအခါ စိမ်းလဲ့လဲ့၏ မျက်နှာလေးက ဘာရယ်ကြောင့်မှန်းမသိ မသိမသာလေး အိုသွား၏။

'စိမ်းလဲ အစ်ကို ထင်သလိုပဲ ထင်နေတယ်။ ဟြော် အစ်ကိုရယ်... အစ်ကိုနဲ့ စိမ်းတို့ တစ်နေရာရာမှာ အမှန်တကယ် ဆုံဖူးကြမှာ အမှန်ပါပဲ။ ဒီဘဝမဟုတ်ဘဲ အရင်ဘဝတွေကလဲ ဖြစ်နိုင်ပါတယ်လေ။ အစ်ကို့ကို တွေ့တွေ့ချင်း စိမ်း စိတ်ထဲမှာ ဆွေရင်းမျိုးရင်း တစ်ယောက်ကို တွေ့လိုက်ရသလို အရမ်းဝမ်းသာသွားတာပါပဲ'

ဟု ခပ်မြေ့မြေ့လေး ပြောလိုက်သည်။ နောက် မောင်မြဝင်း၏ မျက်နှာလေးကို မောမောလေး ငေးကြည့်နေလေသည်။

မောင်မြဝင်းကလည်း တံတွေးတစ်ချက် မျိုချလိုက်ရင်း စိမ်းလဲ့လဲ့၏ မျက်နှာလေးကို ပြန်လည် ငေးစိုက်ကြည့်လိုက်မိ၏။ မှန်ရာကို ဝန်ခံရပါမူ စိမ်းလဲ့လဲ့ကို တွေ့ကတည်းက မောင်မြဝင်း၏ စိတ်များ အထူးလှုပ်ရှားခဲ့ရသည် မဟုတ်ပါလား။

'စိမ်းကို တွေ့ချင်ရင် တို့ ဘယ်လို တွေ့နိုင်မလဲဟင်'

သို့ကြောင့်ပင် စိမ်းလဲ့လဲ့ကို မေးလိုက်လေ၏။

'ဒီဘုရားပွဲရက်ကလွဲလို့ စိမ်းနဲ့ အစ်ကိုနဲ့ တွေ့ဖို့က မလွယ်ပါဘူး အစ်ကိုရယ်။ စိမ်းတို့က မောင်နှမနှစ်ယောက်တည်း ရှိကြတာ။ စိမ်းရဲ့ အစ်ကိုကြီးက အရမ်းစည်းကမ်းကြီးတယ် အစ်ကို။ စိမ်းကို လွတ်လွတ်လပ်လပ် အပြင်ထွက်ခွင့်ဆိုလို့ ဒီဘုရားပွဲရက်တစ်ရက်ပဲ ပေးတာပါ။

အစ်ကိုနဲ့ စိမ်း တွေ့ဖို့ဆိုရင် နောက်တစ်နှစ် တပို့တွဲလပြည့်အထိ စောင့်ကြရဦးမှာပါ။ အစ်ကို ဒီစေတီလေးကိုသာ တပို့တွဲလပြည့်ညတိုင်း လာပါ။ အစ်ကို့ကို စိမ်းစောင့်နေမယ်နော်၊ ဆက်ဆက်လာခဲ့ပါ အစ်ကိုရယ်'

ဟု စိမ်းလဲ့လဲ့က တိုးညင်းသော အသံလေးနှင့် ပြောလိုက်သည်။ သူ့လေသံက တောင်းပန်နေသံလေး ဖြစ်၏။

နောက်တော့ သူတို့နှစ်ယောက် တပို့တွဲလပြည့်နေ့တိုင်း ဖိုးဦးတောင် လွမ်းစေတီမှာ ဆုံဖြစ်ကြသည်။

ကြာတော့လည်း အတိတ်က အကြောင်းပေလားမသိ။ မဆွတ်ခင်ကပင် ညွတ်ချင်သူလေးနှင့် သူ အသည်းနှလုံးချင်း ရင်းနှီးခဲ့ရ၏။

* * *

ယခုဆိုလျှင် သူပင် ကောလိပ်ကျောင်းသားကြီး ဖြစ်ခဲ့ချေပြီ။

တစ်နှစ်မှ တစ်ခါသာ တွေ့ကြရသော်လည်း သူတို့နှစ်ဦး၏ မေတ္တာက ခိုင်မြဲလှပေသည်။ နှစ်တိုင်း တပို့တွဲလပြည့်နေ့ရောက်တိုင်း သူတို့နှစ်ဦးက ဒီဖိုးဦးတောင်စေတီလေးမှာ ဆုံနေကျ။ တစ်ခါမှ ပျက်ကွက်ခဲ့သည်မရှိ။


မောင်မြဝင်းက လက်ထပ်ဖို့ပြောတိုင်း **"မဖြစ်နိုင်သေးလို့ပါ"** ဆိုသည့် စကားနှင့် **"နောက်တော့လဲ ကို သိမှာပါလေ"** ဆိုသည့် စကားနှစ်လုံးဖြင့်သာ ပြန်ကြားခဲ့သည်။ ထိုစကားနှစ်လုံးဖြင့်သာ မောင်မြဝင်း တင်းတိမ်ခဲ့ရသည်။

ဒီတစ်ခါတော့ သူလည်း ကျောင်းပြီးတော့မည်မို့ လက်ထပ်ရေးအတွက် မရမက အခွင့်အရေးဆိုမည်ဟု ဆုံးဖြတ်ထားသည်။ တူနှစ်ကိုလည်း နီးချင်လှပေပြီ။ ချစ်သူဘဝနှင့်နေလာခဲ့ကြရသည်မှာလည်း ကြာပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ကြာကြာ ခွဲမနေချင်တော့။

မောင်မြဝင်းသည် လက်မှ နာရီလေးကို ကြည့်လိုက်၏။ နာရီလက်တံလေးတွေက ည (၉)နာရီ (၁၀)မိနစ်ကို ညွှန်ပြနေသည်။

ဘုရားပွဲခင်းဆီက ဆိုင်းသံ ဗုံသံတွေ ညံနေသည်။ ဇာတ်ကြီးအဖွဲ့၊ ရုပ်သေးအဖွဲ့၊ အငြိမ့်အဖွဲ့ အစရှိသဖြင့် စုံလင်လှသော ဇာတ်ပွဲများတွင် လူတွေကအပြည့်။ စောင်းတန်းကြီးတစ်ခုလုံးလည်း လူတွေပြည့်နေသည်။ လပြည့်ည၏ လမင်းကြီးကလည်း ထိန်လို့။ လျှပ်စစ်မီးတွေကလည်း ရှုမငြီးစရာ။

ဒီအချိန်ဆို စိမ်းလဲ့လဲ့ စေတီလေးမှာ ရောက်ပြီး သူတို့နှစ်ယောက် တွေ့နေကျ နေရာလေးကနေ သူ့ကို စောင့်မျှော်နေလောက်ပြီ။

"သနားပါတယ် စိမ်းရယ် အစ်ကို နည်းနည်း နောက်ကျသွားတယ်"ဆိုသည့် အတွေး တွေးရင်း ပွဲခင်းထဲကနေ စေတီလေးဆီ သူ ထွက်လာခဲ့၏။

စိမ်းက ခါတိုင်းလို ရင်ပြင်တော်ပေါ်ကနေ သူ့ကို ကြိုမနေ။ စေတီလေး၏ အဝင်မုခ်ပေါက်မှ စောင့်နေသည်။ သူ ရောက်သည်နှင့် စေတီလေးပေါ် ခဏတက် ဘုရားဖူးပြီး သူ ဘာမှ မပြောရသေးခင်ပင်...

'ကိုကို စိမ်းနေတဲ့ မြစိမ်းကျွန်းကို ခဏခေါ်သွားဦးမယ်၊ စိမ်းတို့နေရာလဲ ရောက်ဖူးအောင်လေ့'

ဟု ပြောပြီး မောင်မြဝင်းလက်ကို ဆွဲပြီး ဘုရားပေါ်ကနေ ဆင်းခဲ့ကြ၏။

စိမ်းလဲ့လဲ့ဆီက ထွက်နေသည့် ကိုယ်သင်းနံ့မွှေးကြိုင်ကြိုင်လေးက ခါတိုင်းထက် ထူးထူးခြားခြား ပိုထွက်နေသလို ထင်ရသည်။ သူ့နှာဝမှာ သင်းပျံ့မွှေးကြိုင်နေသည်။ ကရမက်နံ့လား၊ ကတိုးနံ့လား၊ နံ့သာနီ၊ဖြူနံ့လား၊ အကျော်လား၊ အားလုံး ပေါင်းထားသည့် အနံ့လားတော့ သူ မဝေခွဲတတ်။

အနံ့ကတော့ ခါတိုင်းထက် ထူးထူးကဲကဲ။ ထို ထူးကဲလှသည့် ရနံ့လေးကို ရှူရှိုက်ရင်း အရာရာကို သူမေ့သလို ဖြစ်နေသည်။ ဘာစကားမျှ မပြောဖြစ်၊ စိမ်းခေါ်ရာနောက်သို့သာ လိုက်ပါခဲ့သည်။

ခဏအတွင်းမှာပင် သူတို့နှစ်ယောက် မြစိမ်းကျွန်းကို ရောက်သွား၏။ မောင်မြဝင်း အံ့အားသင့်သွား၏။ မြစိမ်းကျွန်းဆိုတာ လှေတို့ ဘောက်တူတို့နှင့်သွားရသည်။ ရေပြင်ကြီးကို ဖြတ်ရသည်။ ယခုတော့ မည်သည့်လှေ၊ မည်သည့်ဘောက်တူမျှ မစီးရ၊ ခဏလေးနှင့် ကျွန်းကို ရောက်သွားကြသည်။ ရေပြင်လည်း မဖြတ်ခဲ့ကြရပါ။

သူ သတိထားလိုက်မိသည်က သူ ဝတ်လာခဲ့သော အဝတ်အစားများ။

သူ ဝတ်လာသည်က ဂျင်းပင်နှင့် နိုင်ငံခြားဖြစ် အကောင်းစပို့ရှပ်၊ စပို့ရှပ်အပေါ်က သိုးမွေးဂျာကင်အကျႌ ယခုတော့ သူ့အဝတ်အစားများ မဟုတ်ကြဘဲ ပွဲခင်းထဲက မင်းသားများ ဝတ်သလို တောက်ပ ပြောင်လက်နေသည့် တောင်ရှည်ပုဆိုးနှင့် ထိုင်မသိမ်းအကျႌ ရွှေခြည်ငွေခြည်တွေနှင့်။

နောက်ပြီး သူ သွားနေရသည်က ခါတိုင်းလိုမဟုတ် ပေါ့ပါးနေသည်။ လဲဝါလေးလို လွင့်လွင့်မျောမျောလေး။ မြေကြီးလှမ်းစရာပင် မလိုသလိုမျိုး ဖြစ်၏။

စိမ်းလဲ့လဲ့က မြစိမ်းကျွန်းတစ်ကျွန်းလုံး လိုက်ပို့သည်။ လက်ပန်းကျွန်းရွာ ရောက်တော့ မောင်မြဝင်း ကိုဘုန်းကြွယ်နှင့် မမြစိမ်းကို သတိရပြီး သူ့ကိုယ်သူ ကိုဘုန်းကြွယ်လိုလိုထင်ပြီး စိမ်းလဲ့လဲ့ကို သိုက်နန်းရှင်မလေး မမြစိမ်းလိုလို ခံစားလိုက်ရသည်။ ထို့နောက် ကိုဘုန်းကြွယ်နှင့် မမြစိမ်း အကြောင်းတွေကို တွေးပြီး သူ မျက်ရည်တွေ စီးကျလာသည်။ ထိုအတူ စိမ်းလဲ့လဲ့မှာလည်း မျက်ရည်တွေနှင့်။

'ဒီရွာလေးမှာ ကိုဘုန်းကြွယ်နဲ့ မမြစိမ်းတို့ နေခဲ့ကြတာနော် စိမ်း။ သနားပါတယ် စိမ်းရယ်။ သားလေး တစ်ယောက်ရလို့ ရင်ပြုမယ်လုပ်မှ သိုက်ဆရာတွေကို သိုက်ဆရာတွေ မှန်းမသိဘဲ လှေကြုံတင်လာမိတဲ့ အတွက် ကိုဘုန်းကြွယ်နဲ့ မမြစိမ်း သားလေးကိုတောင် ရင်အတူတကွ မပြုလိုက်ကြရဘဲ ခွဲခွာခဲ့ကြတာ။ ဘယ်လောက်များ ရင်နာလိုက်ကြမလဲလို့'

မောင်မြဝင်းက ဝမ်းနည်းပန်းနည်း ပြောလိုက်သည်။

စိမ်းလဲ့လဲ့ကတော့ ဘာစကားမှ ပြန်မပြော။ ခေါင်းလေး ညိတ်လိုက်ရင်း မျက်ရည်များကို မှိတ်ချလိုက်၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com

နောက် မောင်မြဝင်းကို အဆောက်အအုံကြီးတစ်ခုထဲ ခေါ်ခဲ့သည်။ အဆောက်အအုံကြီးမှာ မြစိမ်းကျွန်းရှိ သစ်တောကြီး၏အလယ်တွင် ရှိသည်။ သူ့နံဘေးမှာတော့ သဲသောင်ပြင်ကြီးက တစ်မျှော်တစ်ခေါ်။

အဆောက်အအုံကြီးက နန်းတော်ကြီးတမျှ ခမ်းနားထည်ဝါလှ၏။ အုံအဆင့်ဆင့် ပြာသာဒ်အဆောင်ဆောင်တွေနှင့် စုလစ်မွမ်းချွန်တွေနှင့် ဥယျာဉ်နှင့် ကြာမျိုးငါးပါး သင်းနေသော စိမ်းလဲ့ကြည်လင်နေသည့် ရေကန်ကြီးနှင့်။

'အဲဒါ စိမ်းနေတဲ့ အိမ်ကြီးပဲ အစ်ကို။ ဒီဂေဟာကြီးက စိမ်းရဲ့ ဂေဟာကြီးပါ'

စိမ်းလဲ့လဲ့က သူ့ကို ပြောပြသည်။

'ဒါပေမယ့် စိမ်း တစ်နေ့မှ မပျော်ပိုက်ပါဘူး အစ်ကိုရယ်'

ဟုလည်း ဆိုသည်။

ဂေဟာကြီး၏ အတွင်းအပြင်တွင်တော့ ပုံစံအမျိုးမျိုးနှင့် တာဝန်ထမ်းဆောင်နေကြသူများကို တွေ့ရသည်။ စိမ်းလဲ့လဲ့က သူ့ကို အဆောက်အအုံအိမ်ဂေဟာကြီးအတွင်းကို ခေါ်လာ၏။ တစ်ဆောင်ပြီးတစ်ဆောင်၊ တစ်ခန်းပြီး တစ်ခန်း ခေါ်လာသည်။

အခန်းတိုင်း မဟော်ဂနီရောင် တောက်နေကြသည်။ အခန်းတိုင်း ရွှေငွေရတနာတို့ဖြင့် ပြည့်နေသည်။ စိန်များထားရာအခန်း၊ ပတ္တမြားများထားရာအခန်း၊ မြ၊ နီလာ၊ ကျောက်စိမ်း၊ ရွှေ၊ ငွေစသည်ဖြင့် သူ့အခန်းနှင့်သူ အခန်းကြီးတွေအပြည့် အခန်းတွေက တသီကြီး။

မောင်မြဝင်း စိမ်းလဲ့လဲ့ဘဝကို နားလည်လိုက်သည်။

ထို့အတူ သူ့ဘဝကိုလည်း တွေးနေမိသည်။ ထိုအချိန် ခပ်ရွယ်ရွယ် ချောချောခံ့ခံ့နှင့် သူတို့လိုပင် ရှေးနန်း



သုံး အဝတ်အစားများ ဝတ်ဆင်ထားသူ လူရွယ်တစ်ဦး သူတို့ရှေ့မှာ ဘွားခနဲ ပေါ်လာသည်။ နောက် သူ့ကို သေသေချာချာကြည့်သည်။ သူ့အကြည့်က ပထမ တွေ့တွေ့ချင်းတော့ မထူးခြား။ ဒါပေမယ့် ခဏအကြာတွင်တော့ ကြည့်ရင်း ကြည့်ရင်း နာကြည်းမုန်းတီးရိပ်တွေ ပေါ်လာသည်။

'ညီမတော်ပြောတာ သူလား'

သူက မေးလိုက်သည်။ သူ့အသံက အခန်းကြီးတစ်ခုလုံး ဟိန်းထွက်သွားသည်။

စိမ်းလဲ့လဲ့က မဝံ့မရဲနှင့်...

'ဟုတ် ဟုတ်ပါတယ် အစ်ကိုတော်'

ဟု ခပ်တိုးတိုး ဖြေလိုက်၏။

ထိုအခါ အစ်ကိုတော်ဆိုသူက "တောက်"တစ်ချက်ခေါက်လိုက်သည်။ ထို့နောက် လက်သီးတွေဆုပ်ရင်း...

'အင်း ဟုတ်ပါပြီ လက်စသတ်တော့ ညီမတော်ပြောတာ မင်းကိုး'

ဟု တစ်စုံတစ်ရာကို သုံးသပ် ပြောဆိုရင်း...

'မင်းက ဟိုတက်ဘဝတုန်းက ဒုက္ခပေးခဲ့တာ မကျေနပ်လို့ ခုတစ်ခါ ထပ်ဒုက္ခပေးဦးမလို့လား'

ဟု မေးလိုက်၏။

မောင်မြဝင်းကတော့ ဘာမျှ နား

မလည်။ သို့သော် ဘာကြောင့်မှန်းမသိ အားငယ် ဝမ်းနည်းကြေကွဲနေရ၏။

'ဒီမှာ ညီမတော် ငါတို့ စောင့်ရှောက်နေတာက ဘုရားသိုက်တွေ။ အရိမေတ္တေယျ မြတ်စွာဘုရားပွင့်ရင် ရွှေကျောင်းဆောင် ငွေကျောင်းဆောင် ဆောက်ဖို့ ရတနာတွေ အရိမေတ္တေယျမြတ်စွာဘုရားရဲ့ သာသနာအတွက် ပစ္စည်းတွေ အရမ်းအရေးကြီးတယ်။ သူက ငါတို့သိုက်ကို ဖျက်ဆီးဖို့ သိုက်ဆရာတွေခေါ်လာတဲ့ ဘုန်းကြွယ်ပဲ။

ခုတစ်ခါလာဆုံပြန်ပြီ။ သူက ငါတို့ ရန်သူ ဒါကြောင့် ခုချိန်ကစ ညီမတော် အဆက်ဖြတ်လိုက်ပါ။ နောက်ပြီး တပို့တွဲလတိုင်းကျင်းပတဲ့ ဖိုဦးတောင်ဘုရားပွဲကိုလဲ ငါမပါတဲ့ ခုချိန်ကစပြီး သွားခွင့်မပြုဘူး သွားချင်ရင် ငါကိုယ်တိုင်လိုက်ပို့မယ်'

ဟုလည်း ဒေါသသံနှင့် ပြောလိုက်လေသည်။

မောင်မြဝင်းအတွက် ခုမှ ဇာတ်အိမ်က လည်သွားပေပြီ။

ဒါဆို...ဒါဆို...

'မင်း သွားတော့'

အစ်ကိုတော်က မောင်မြဝင်းကို သူတို့အိမ်ဂေဟာ သိုက်နန်းကြီးထဲက နှင်ထုတ်လိုက်သည်။ မောင်မြဝင်းလည်း သူ့ကိုယ်သူ ဘုန်းကြွယ်အဖြစ် ခံစားလိုက်ရကာ သူ့ဘဝ သူ့အဖြစ်တွေကို အလွန်နာကြည်းသွား၏။ မပေါင်းရသည့် စိမ်းလဲ့လဲ့အတွက်လည်း ကြေကွဲမဆုံး။

တကယ်ဆို သူ အမှန်တကယ်ကို ဘုန်းကြွယ် ဖြစ်ခဲ့ပါလျှင် ဟိုဘက်ဘဝက မမြစိမ်းနှင့် မပေါင်းရပေမယ့် ဒီဘဝမှာ စိမ်းလဲ့လဲ့နှင့်တော့ ပေါင်းသင့်သည် ပဲမဟုတ်လား ခုတော့...

'ကိုရယ် စိမ်းကိုခွင့်လွှတ်ပါနော်၊ စိမ်း တောင်းပန်ပါတယ်'

စိမ်းလဲ့လဲ့က သူသွားခါနီး မျက်ရည်စီးကြောင်းများကြားက ယဲ့ယဲ့မျှသော

(ကျေးဇူးပြု၍ စာမျက်နှာ (၂၃၀) သို့)



www.burmeseclassic.com

www.burmeseclassic.com

# သိင်္ချောမြင်း သက်ရောက်တွက်နည်းနှင့် အဟော



ကောင်းခန့် (သခွတ်မြေ) ဇက်လက်

ဗေဒပညာမှာ သက်ရောက်တွက်နည်း များစွာရှိသည့်အနက်မှ ယခုကျွန်ုပ်ရေးမည်ဖြစ်သော "**သိင်္ချောမြင်း သက်ရောက်တွက်နည်း**" သည်လည်း တွက်နည်းတစ်နည်း အပါအဝင်ပင်ဖြစ်၏။

ရှေးပညာရှိတို့ ထားခဲ့သော ပညာအမွေအနှစ်တို့ကို မေ့လျော့ ပျောက်ကွယ်မသွားစိမ့်သောငှာ ကျွန်ုပ်သည် ပြန်လည်ဖော်ထုတ်၍ လေ့လာလိုသော ဝါသနာရှင်တို့အတွက် လေ့လာဖတ်ရှု၍ လွယ်ကူရှင်းလင်းစွာ နားလည်စေရန် တွက်နည်းနှင့် နမူနာတွက်နည်းတို့ကို စေတနာထား၍ ရှာဖွေစုဆောင်း ရေးသားနေရခြင်း ဖြစ်ပါသည်။


ဗေဒပညာရပ် အသင့်အတင့် တတ်ကျွမ်းထားရုံဖြင့် ထိုပညာကို အသုံးပြု၍ လူမှုပေါင်းသင်း ဆက်ဆံရေးနယ်ပယ်တွင် ခင်မင်ရင်းနှီးမှုကို ရယူရန် လွယ်ကူသော ပညာရပ်တစ်ခုပင် ဖြစ်၏။

လူတိုင်းလူတိုင်း မိမိ၏ အနာဂတ်ကို ကြိုတင်၍ သိလိုကြသည်မှာ ဓမ္မတာပင်။ ထို့ကြောင့် ရှေးပညာရှိတို့သည် ယောက်ျားတို့၏ တတ်အပ်သော **အဋ္ဌာဒသ တစ်ဆယ့်ရှစ်ရပ်**သော ပညာရပ်တို့တွင် ဗေဒင်ပညာသည်လည်း တစ်ရပ်အပါအဝင်ဟု ဆိုထားခဲ့ကြသည်ပင် မဟုတ်ပါလား။

**ဗေဒဝိဇ္ဇာလင်္ကာရ ကျမ်းထဲမှ** သိင်္ချောမြင်း သက်ရောက်တွက်နည်း သင်္ကာကို လေ့လာကြပါဦးစို့။

တွက်နည်းလင်္ကာ...

နောင်အစဉ် မှတ်ရာကြောင်း ရှစ်သောင်းတဲ့ မြတ်ဆရာ၊ နာဂတ်ကိုရှုမြော်တွေး ရေးထားသည့်တာ၊ သက်တည်ပါ သတ်နှင့်သာစား။ အကြွင်းစာဆိုနှင့် နက်မြင်းညို သိန္ဓဝယောက မှာ။



**(အထက်ပါ တွက်နည်းလင်္ကာ၏ အဓိပ္ပာယ်မှာ တွက်လိုသူ၏ ရောက်သက်ကိုတည်ပြီး (၇)နှင့် စားရပါမည်။ လဒ်မလို၊ ထို့နောက် အကြွင်း ကျရောက်ရာ အောက်ပါလင်္ကာ အတိုင်း ဟောရပါမည်။)**

အဟောလင်္ကာ...

၁။ တစ်ခုကြွင်း နက်မြင်းတဲ့သီလာ၊ ပဒုမ္မာ ရွှေကြာပန်းလို လန်းလိမ့်ဦး၏ လူများစွာသဂါရဝ ရှိသေစွာ ပူဇော်ပြုလိမ့်မည် ကိန်းနှင့်အကျူး။

၂။ နှစ်ခုကြွင်း နက်မြင်းတဲ့ နှုတ်သီးမှာ ရောင်ပါလေ ကိုယ့်စကားနှင့် တရားတပေါင်း ဖြစ်မည်စိုးရိမ်စစ်သာ၊ ချစ်ကြည်စွာ ဖြစ်ပါလူအများ။ နှုတ်မှုမဆင်ခြင်လို့ အစဉ်ပင် ရန်မအေးတယ် ရှေးမိန့်စကား။

၃။ သုံးခုကြွင်း နက်မြင်းတဲ့ ရှေ့ခွာ၊ မှန်ရာကို ဟောပါလိမ့်၊ နားစိမ့်စိမ့်နာ၊ မပျော်ပါ ပြောင်းရှာတတ်ဘိ၊ ခရီးယာယီရှိငဲ့ ဟောချက်ကမိ။

၄။ လေးခုကြွင်း နက်မြင်းတဲ့ သိုမှာနေ မြတ်အဆွေ ရှင်ရဟန်းငယ်တို့ တခန်းလူထွက်လျှင် ထွက်ချက်ညှို့ငဲ့ ဟောချက်ကထွေ၊ လူဖြစ်ပေ အိမ်နေမယား။ ချစ်ကယ်လျှင်မြန်ခလိမ့် ဟောကြအများ။

၅။ ငါးခုကြွင်း နက်မြင်းတဲ့ လက်,ခြေ အထွေထွေဟောရန်ထား များသည့်အနေ ပျော်ပေ ပြောင်းပေတတ်စွ ခရီးယာယီသွား များသည့်အရာ။

၆။ ခြောက်ခုကြွင်း နက်မြင်းတဲ့ အမြီးမှာ စိတ်မကြည် တောင်မြောက်ကယ်နှင့်၊ တွေးတောက်သင့်ပါ၊ ကြေးငွေရှာ ရ ရှာမလွဲ နက်မြင်းညို သိန္ဓဝ ဟောကြအမြဲ။

၇။ သဗ္ဗမော မြင်းချောတဲ့ ကျောက်ကုန်းမှာ အကောင်းတွေ စုလာတတ် ဟောလတ်မကြာ မှုဆောင်တာ အောင်ပါမည်လို့ ဆိုဖွယ်ရာ ဘယ်မှာရမည် ဟောကြလူတို့။

**အထက်ပါ အဟောလင်္ကာ၏ အဓိပ္ပာယ်မှာ...**

၁။ **တစ်ခုကြွင်းလျှင် မြင်း၏ ဦးခေါင်းတွင် ကျရောက်၍** လူအများ၏ ကြည်ညိုလေးစားမှုကို ရမည်၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ အရာရာပြည့်စုံကာ ပျော်ရွှင်မှုကို ရရှိမည့်နှစ် ဖြစ်၏။

၂။ **နှစ်ခုကြွင်းလျှင် မြင်း၏ နှုတ်သီးမှာ ကျ၏။** စကားပြောဆင်ခြင်ပါ။ မိတ်ဆွေပေါင်းသင်း ချစ်ခင်ရင်းနှီး

www.burmeseclassic.com

သူများနှင့်ပင် မိမိစကားကြောင့် ရန်ဖြစ်တတ် တရားတပေါင် ဖြစ်ရတတ်၏။

၃။ **သုံးခုကြွင်းလျှင် နတ်မြင်း၏ ရှေ့ခွာကျ၏။** နေရာအပြောင်းအရွှေ့၊ အလုပ်အပြောင်းအရွှေ့ ခရီး မကြာခဏ သွားရတတ်၏။

၄။ **လေးခုကြွင်းလျှင် နတ်မြင်း၏ ဘို့မှာ ကျရောက်၍** ငယ်ရွယ်သူဆိုလျှင် စုတ်လာဘ်ကြီး၍ ချစ်ခင်သူနှင့် တွေ့ရတတ်၏။ အိမ်ထောင်သည်ဆိုလျှင် မိမိကြင်သူသက်ထားဇနီးမယားက ချစ်အားပိုသော နှစ်ပိုင်းဖြစ်၍ ရဟန်းသော်မှ လူထွက်ရသော နှစ်ဖြစ်ပါသည်။

၅။ **ငါးခုကြွင်းလျှင် နတ်မြင်း၏ လက်ခြေတို့တွင် ကျရောက်ကာ** ယာယီကြီးသောနှစ်ဖြစ်၍ ခရီးရှည်မကြာခဏထွက်ရတတ်ခြင်း။

၆။ **ခြောက်ခုကြွင်းလျှင် နတ်မြင်း၏ အမြီးမှာကျပြီး** ငွေကြေးရှာရတွင် တောင်အရပ်၊ မြောက်အရပ်က ငွေရတတ်၍ စိတ်လက်မကြည်မသာ ဖြစ်လျှင်လည်း ထိုအရပ်သို့ သွားက ပျောက်၏။

၇။ **ခုနစ်ခုကြွင်းလျှင် နတ်မြင်း၏ ကျောကုန်းမှာ ကျရောက်၍** မည်သည့် အမှုကိစ္စမျိုးမဆို ပြုလုပ်လျှင် အောင်မြင်သောနှစ်ဖြစ်ပြီး စီးပွားဥစ္စာ တိုးပွားသော နှစ်ဖြစ်၏။

အထက်ပါ အဟောတို့ကို မိမိတို့ဉာဏ်ရှိသလို ချဲ့ထွင်၍ ဟောပြောနိုင်ပါသည်။ တွက်နည်းကို ရှင်းလင်းစွာ သိရှိစေရန် နမူနာအဖြစ် လက်တွေ့တွက်ပြပါမည်။

ဥပမာ။ ။ **အသက် ၃၂ နှစ် ရှိသူ** ကို တွက်ကြည့်မည်ဆိုပါစို့။

၇ ÷ ၃၂-၄(လဒ်မလို)

၂၈

၄ အကြွင်းကိုယူပါ။

အထက်ပါ အသက် (၃၂)ရှိသူကို တွက်ကြည့်ရာ အကြွင်း (၄)ဖြစ်၍ နတ်မြင်း၏ "ဘို့"မှာရောက်နေ၏။

ထို့ကြောင့် ထိုသူသည် ထိုနှစ်ပိုင်း၌ စုတ်အလွန်ကြီး၍ ချစ်သူရည်စားတွေ့တတ်ခြင်း၊ အိမ်ထောင်ပြုရတတ်ခြင်းဟူသော နှစ်ပိုင်းနှင့် ကြုံနေကြောင်းကို တွေ့မြင်ရမည်ဖြစ်၏။

***သုနက္ခတ္တံ ကောင်းသော နက္ခတ်နှင့် ကြုံကြိုက်၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***

**ကောင်းခန့် (သခွတ်မြေ)**
**ဝက်လက်**

စာမျက်နှာ (၂၂၈)မှ အဆက်

လေသံလေးနှင့် တောင်းပန်လာ၏။

မောင်မြဝင်းကလည်း တွေတွေ စီးကျနေသော မျက်ရည်များနှင့် စိမ်းလဲ့လဲ့ကို ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။ မဆုံကောင်းနိုင်သော ဘဝနှစ်ခုကိုလည်း သူနားလည်လိုက်ပါပြီ။ "တစ်ချိန်ကျ ကိုသိမှာပါလေ" ဆိုသော စိမ်းလဲ့လဲ့၏ အရင်က ပြောကြားခဲ့သည့် စကားလေးကိုလည်း ပြန်လည်စဉ်းစားမိလိုက်၏။

'ခွင့်လွှတ်ပါတယ်စိမ်းရယ် ဒါပေမယ့် ကိုယ် စိမ်းနဲ့ တွေ့ခဲ့တဲ့ စေတီလေးကနေ စိမ်းကို စောင့်မျှော်ရင်း ထာဝရလွမ်းနေပါ့မယ်'

ဟု တိုးဘိတ်လွန်းသော လေသံလေးနှင့် ဆို့ဆို့နင့်နင့် ပြောလိုက်လေ၏။ ထိုသို့ ပြောပြီးသည်နှင့် အခေါက်အအုံကြီးမှ ထွက်ရန် လုပ်လိုက်သည်။

မောင်မြဝင်း ခြေလှမ်းပြင်လိုက်စဉ် မိုက်ခနဲ ဖြစ်သွားသည်။ သတိပြန်ရတော့ စေတီလေးပေါ်မှ သူနှင့် စိမ်းလဲ့လဲ့တို့ အမြဲနေခဲ့ကြသော နေရာလေး ဆီရောက်နေသည်ကို သိလိုက်ရ၏။

ထိုအချိန်မှစ၍ စေတီလေးပေါ်၌ ညရောက်တိုင်းနေစဉ် လူငယ်လေး တစ်ယောက်ကို လူအများ တွေ့နေရပေသည်။ ထိုလူငယ်လေးမှာ မောင်မြဝင်းပင်ဖြစ်ပေသည်။ မောင်မြဝင်းသည် တစ်နေ့မပျက်၊ တစ်ညမပျက် စေတီပေါ်လာပြီး စိမ်းလဲ့လဲ့ကို စောင့်မျှော်ရင်း လွမ်းမောနေလေ့ရှိသည်။ ကြာတော့ သူ့အကြောင်းကို သိသူများက ထို စေတီလေးကို "**လွမ်းစေတီ**"အဖြစ်ပင် သမုတ်ခဲ့ကြလေသည်။

သူကတော့ တစ်ချိန်က စိမ်းလဲ့လဲ့ ပြောကြားခဲ့သည့်

'ကိုနဲ့စိမ်းတို့ ဒီစေတီလေးမှာ အမြဲ ဆုံကြရအောင်နော်၊ စိမ်း အမြဲတမ်း ဒီစေတီလေးကနေ ကို့ကို စောင့်နေမယ်'

ဆိုသည့် စကားသံလေးကို ကြားယောင်ရင်း..

'စိမ်းရေ... ခုတော့ ဒီစေတီလေးကနေ ကိုယ်က စိမ်းကို စောင့်နေရပြီ စိမ်းရယ်'

ဟု အမြဲ တမ်းတမ်းတတ ပြောကြားလျက် ရှိပေ၏။ သို့သော် သူ့အသံတွေက လည်ချောင်းဝတွင်သာ တိမ်ဝင်ပျောက်ကွယ်ခဲ့ကြလေသည်။

**[ဆရာရဲဇော်နှင့် ဆရာအေးရွှေ (ပန်းတောင်း)တို့ ပြောကြားခဲ့သော ဖြစ်ရပ်မှန် ဇာတ်လမ်းလေးကို ခံစားရေးဖွဲ့ပါသည်။]**

**ကောင်းမြတ်**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊
ဒီဇင်ဘာလအတွင်း
ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ



ဟူကျင်ဇီ (Hu Jin Zhi)

ဤလတွင်...



÷ ကြွက်နှစ်ဖွားများ

ပရဟိတလုပ်ငန်း များပြားနေမည်။ မိတ်ဆွေသားချင်းများ၏ အရေးကိစ္စများအတွက် ကိုယ်ပိုင်အချိန်နှင့် ဗာဟီရများ ပျက်ကွက်နေတတ်သည်။

တွေ့ကြုံဖြေရှင်းနေရသည့် စီးပွားရေး လူမှုရေး ပြဿနာများ အဆင်ပြေလျော့ပါးသွားမည်။ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ ဝင်ကိန်းရှိသည်။



÷ နွားနှစ်ဖွားများ

ငွေကြေး အဖိတ် အစဉ် များပြားသောကာလဖြစ်သည်။ ကျန်းမာရေးနှင့် အထွေထွေ ကုန်ကျစရိတ်များကြောင့် ငွေကြေး ကျပ်တည်းနိုင်သည်။

သံ,သွပ် စသည့် သတ္တုပစ္စည်းများကြောင့် သွေးထွက်သံယို ဖြစ်ကိန်းရှိသည်။ အိမ်ထောင်ဦးစီးတို့ ဇနီးမယားနှင့် ကတောက်ကဆတ် ဖြစ်ရဖွယ် ရှိသည်။



÷ ကျားနှစ်ဖွားများ

စီးပွားရေးဆိုင်ရာ အထောက်အပံ့များ လက်ခံရရှိတတ်သည်။ မျက်စိနှင့်ဆက်သက်သော ရောဂါဝေဒနာများ သက်သာပျောက်ကင်းသွားမည်။

သစ်,ဝါး,ကြိမ် သစ်တောထွက်ပစ္စည်းများ အကျိုးပေးသန်သည့်ကာလ ဖြစ်သည်။ ခါးဝတ်တန်ဆာများ လက်ဆောင်ရတတ်သည်။



÷ ယုန်နှစ်ဖွားများ

အကြံအစည် အောင်မြင်မည်။ ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းငွေကြေးများ အကောင်အထည်ပေါ် မြတ်စွန်းမည်။ မိခင်၏ ဆွေမျိုးသားချင်းများအတွင်းမှ အကူအညီ ရတတ်သည်။

ပတ်ဝန်းကျင်ရှိ အခက်အခဲများအတွက် သင်ယူလေ့လာထားသော တတ်သိပညာဖြင့် ကူညီဖြေရှင်းပေးနိုင်လိမ့်မည်။



÷ နဂါးနှစ်ဖွားများ

ငွေကြေးပြဿနာများ ပေါ်ပေါက် ဖြေရှင်းရတတ်သည်။ လောင်းကစားနှင့် ဥပဒေငြိစွန်းသည့် ငွေကြေးလုပ်ငန်းများနှင့် ဆက်နွှယ်ကာ အကျိုးနည်းတတ်သဖြင့် သတိပြု ရှောင်ရှားပါ။

လောဘကို ထိန်းသိမ်းနိုင်ပါမှ ဆုံးရှုံးမှု နည်းပါးလိမ့်မည်။ အဆုတ်နှင့် အူမဆိုင်ရာ ရောဂါများ သတိပြု ကုသပါ။



÷ မြွေနှစ်ဖွားများ

နေထိုင်မှု အဆင့်အတန်း တိုးတက်ကောင်းမွန်လာလိမ့်မည်။ ဖိမ်ခံပစ္စည်းများ ဝင်ကိန်းရှိသည်။ ရပ်ဝေးမှ မျှော်လင့်နေသော သတင်းစကားများ ကြားသိရတတ်သည်။

အမျိုးသမီးများမှာ အဝေးရောက်ချစ်သူ၊ အိမ်ထောင်ဖက်နှင့် စကားပြောဆို ကြည်နူးခွင့် ရနိုင်သည်။



÷ မြင်းနှစ်ဖွားများ

လူအများ လေးစား ကြည်ညိုမှု ခံရတတ်သည်။ ပတ်ဝန်းကျင်မှ ဝိဝါဒကွဲလွဲမှုများတွင် ပုဏ္ဏားတိုင် လူကြီးအဖြစ် ဦးဆောင် ဖြေရှင်းပေးရကိန်း ရှိသည်။

အဖျော်ယမကာ၊ သောက်သုံးဖွယ်ပစ္စည်းများ အကျိုးပေးသန်သော ကာလ ဖြစ်သည်။ အိမ်ရှင်မတို့ ခင်ပွန်းထံမှ အဖိုးတန်လက်ဆောင် လက်ခံရဖွယ်ရှိသည်။



÷ ဆိတ်နှစ်ဖွားများ

ငွေကြေး အစုအပုံလိုက် ပိုင်ဆိုင်ရဖွယ်ရှိသည်။ စီးပွားရေး မျက်နှာစာတွင် အောင်မြင်မှုရချိန်ဖြစ်သည်။ ယာဉ်ရထား ဝင်ကိန်းရှိသည်။

အဆိပ်ရှိသော ပိုးမွှားတိရစ္ဆာန်များ ရန်ဘေး သတိထား ရှောင်ကွင်းပါ။ လူပျိုလူလွတ်များ ဇနီးမယား ရကိန်းရှိသည်။



÷ မျောက်နှစ်ဖွားများ

နှစ်ကာလရှည်ကြာ မျှော်လင့်ထားသည့်ကိစ္စများ အကောင်အထည်ပေါ်လာမည်။ လွင်ပြင်ကျယ်ဒေသများသို့ သွားရောက်ရတတ်သည်။

ကတိစကား တည်ကြည်မှန်ကန်မှုအတွက် တုံ့ပြန် အကျိုးကျေးဇူးများ ခံစားရဖွယ်ရှိသည်။ စားကောင်း



www.burmeseclassic.com

www.burmeseclassic.com

သောက်ဖွယ် လက်ဆောင်ရတတ်ပါသည်။



✣ ကြက်နှစ်ဖွား

အိမ်၊ ခြံမြေ သူခိုးသူဝှက် ဝင်ရောက်တတ်သည်။ လုံခြုံရေး သတိထားဆောင်ရွက်ပါ။ အစားအသောက်လွန်ကဲ မှားယွင်းမှုကြောင့် ဘေးဥပဒ်ကြုံရဖွယ်ရှိသည်။ မိမိတို့ တတ်အားသရွေ့ အလှူအတန်းကလေးများ ပြုလုပ်ပေးသင့်သည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအတွက် စကားပြောဆို ငြင်းခုံရကိန်းရှိသည်။



✣ ခွေးနှစ်ဖွား

ငွေကြေး အတန်အသင့် ဝင်အား ကောင်းပါသည်။ လေ့လာမှတ်သားထားသည့် တတ်သိပညာများကြောင့်လည်း လာဘ်လာဘ တို့တို့တိတိ မကြာမကြာ ဝင်လာတတ်သည်။

အဆုတ်နှင့် အသက်ရှူလမ်းဆိုင်ရာ ဝေဒနာများ သတိပြုကာကွယ်သင့်သည်။ အိမ်ထောင်ဦးစီးတို့ ဇနီးမယား၏ ပါရမီဖြည့်မှုကြောင့် လုပ်ငန်းဆောင်တာများ သွက်လက်လာမည်။



✣ ဝက်နှစ်ဖွား

ခန့်မှန်းတွက်ဆမှုများ နီးစပ်၊ မှန်ကန်နေတတ်သည်။ မျှော်လင့်ချက်၊ ဆန္ဒအချို့ ပြည့်ဝလာမည်။ ပိုမို၍ ကောင်းမွန် အဆင်ပြေသော အိမ်နေရာ၊ အလုပ်ဌာနများသို့ ပြောင်းရွှေ့ရတတ်သည်။

လျှာနှင့် လည်ချောင်းတို့တွင် အနာရောဂါ ဖြစ်ပွားတတ်ပါသည်။ မီးဖို ချောင်သုံးပစ္စည်းများ ဝင်ကိန်းရှိသည်။

ဤလတွင် ကံဇာတာ မှေးမှိန်နေသူတို့သည် တနင်္လာနေ့တွင် မွန်းမလွဲမီ အချိန်တွင် ဆန် လက်တွင်းတစ်ဆုပ်နှင့် ဆားအနည်းငယ်ကို စီးနေသော ရေ၌မျှောကာ ရေသတ္တဝါတို့အား ဒါန ပြုပါ။

**ကံအဆိုးတရားများ လျော့ပါး ပျောက်ကွယ်သွားပါလိမ့်မည်။**

***ကြံအောင်သမျှ အောင်မြင်ကြပါစေ***

**ဟူရျင်းဇီ**

# ခရမ်းငါးမြစ် အားအင်ဖြစ်



အိမ်ထောင်ရှင် အမျိုးသားတိုင်း သိထားသင့်သော ဆေးနည်းဖြစ်၍ တင်ပြလိုပါသည်။ အိမ်ထောင်ရေးသုခ မပြည့်ဝသည့် အိမ်ထောင်ရှင်တို့ "ခရမ်းငါးမြစ် အားအင်ဖြစ်" ဆေးနည်းကို ယုံကြည်စွာ ဖော်စပ်သုံးစွဲသင့်ပါသည်။ အမျိုးသားများအတွက်ဟု ဆိုသော်လည်း အမျိုးသမီးများလည်း သောက်သုံး၍ ရပါသည်။

ရှေးအတီတေက နန်းတွင်း လျှို့ဝှက်သမားတော် ဆေးဆရာကြီးများ၏ ဆေးနည်းလည်း ဖြစ်ပါသည်။ မင်းညီမင်းသားများအတွက် နန်းတွင်းသမားတော်ကြီးများမှ သီးသန့်ဖော်စပ်ပေးရသော ကျားဆေးဟု သိရပါသည်။

ဆရာတော်ကြီးတစ်ပါးမှ ယင်း၏ ပစ္စည်းလေးပါး ဒါယကာကို ဖော်စပ်သုံးစွဲရန် ညွှန်ပြမိန့်ဆိုရာမှ ဤဆေးနည်းကို သိရှိခဲ့ရခြင်း ဖြစ်ပါသည်။

**ထိုခရမ်းငါးမြစ်မှာ...**

❖ ခရမ်းစပ်မြစ်၊
❖ မြေပုံခရမ်းမြစ်၊
❖ ဆင်ခရမ်းမြစ်၊
❖ ခရမ်းအချိုမြစ်၊
❖ ခရမ်းကစော့မြစ်

တို့ ဖြစ်သည်။ အမြစ်တစ်ထွာခန့်စီတူး၍ နုပ်နုပ်စဥ်း... နေရိပ်ထဲမှာပင် ခြောက်သွေ့စေရပါသည်။ နေပူလှန်းလျှင် ဆေးအာနိသင် လျော့ပါးစေပါသည်။

ခြောက်သွေ့ပြီဆိုလျှင် မှုန့်အောင်ထောင်းပြီးထားပါ။ နေ့... နံနက်အိပ်ရာထတွင် လက်ဖက်ရည်ဇွန်း ငါးဇွန်းနှင့် ဆေး... လက်ဖက်ရည်ဇွန်းဝက် ဖျော်သောက်ပါ။ ည အိပ်ရာဝင်ခါ... တွင် တစ်ကြိမ်သောက်ပါ။

တစ်ပတ်မျှသောက်လျှင် ကျားမာန် အင်အားများ ပြည့်... ဖွံ့ဖြိုးလာပါမည်။ လုံလောက်လျှင် ဆေးကို ရပ်ထား... လိုသည်ထက်ပိုလျှင် ကာမဖောက်ပြန်သောစိတ် ဝင်... တတ်အောင်ပင် အစွမ်းထက်စေပါသည်။

တန်ဆေး လွန်ဘေး မဖြစ်စေသင့်ပါ။ ယောကျ်ားပီသ... ဘဝ အရတော်လှသည့် အဆင့်သာ ကောင်းပါသည်။

**နေမဝင် (နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com



သာရာနေမျိုး (ဘီအေ)

# ဒေးရွှန်ပါတောင်တော်မြတ်

## အတွင်းစခန်းဆီမှ မပန်းဝတ်ရည်မှုံ (၁)

မြင်ဖူးနေကျ မြင်ကွင်းမဟုတ်တာ သချာပါသည်။ လူတစ်ဖက်စာခန့် ကြီးမားပြီး အောက်ခြေတွင် ပြောင်ချောနေသော သစ်ပင်ကြီးများကို တာသဖွယ် မြင်တွေ့ နေရလေသည်။ ဆန်ကောလောက်ရှိသော ပွင့်ဖတ်များသည် သအငေ့တွင် ဝေ့ကာ ကာ ကြွေကျနေလေသည်။

ပန်းပွင့်များ၏ အရောင်မှာ အနီရောင်ဖြစ်ပြီး နှင်းဆီပန်း နှံ့ သင်းနေလေသည်။ သမ်းတစ်လျှောက်လုံး အနီရောင်ပွင့်ဖတ်များ ဖြန့်ကျဲနေလေသည်။ နေရောင်သည် သစ်တောအတွင်း ဆန်ကာ ကွက်ကြဲ၍ ကျနေလေသည်။ အလင်းရောင်ကို ကြည့်ပြီး နက် (၁၀)နာရီခန့်ရှိမည်ဟု ခန့်မှန်းမိသည်။

အနီရောင်ပွင့်ဖတ်များပေါ် ရဲရဲနင်း ပြီး အရှေ့အရပ်ဟု ယူဆမိသော ဘက်သို့ လျှောက်လာရာ တစ်နေရာ ရောက်တွင် အဖြူရောင် ဇာလက် ည်အင်္ကျီနှင့် ကြိုးကြီးချိတ် ထဘီ ဖြူရောင် ဝတ်ဆင်ထားသော အမျိုး သမီးတစ်ယောက် ကျွန်တော်ရှိရာသို့ ည်ငြိမ်စွာ လျှောက်လှမ်းလာနေ ည်ကို တွေ့မြင်ရ၍ ခေတ္တရပ်ပြီး င့်ကြည့်နေလိုက်သည်။ (၁၀)ပေ ခွာလောက်အရောက်တွင် အမျိုး သမီးမှ...

'ဘယ်ကို သွားမှာလဲ'

ဟု မေးလာသည်။ ဘာဆိုဘာမှ မဖြေဖြစ်ဘဲ သူ့မျက်နှာကိုသာ မှင်တက်မိပြီး ငေးကြည့်နေမိသည်။

'မေးနေတယ်လေ'

ဟု ခပ်ဆတ်ဆတ်လေး ပြောလိုက်မှ သတိထားမိပြီး...

'ဩော် ဟုတ်ကဲ့ မသိဘူး'

'ဘာ'

"ဘာ"ဟူသောအသံမှာ တစ်တောလုံး ဟိန်းထွက်သွားမလားဟု ထင်မိပါသည်။

'ဒီကို ဘယ်သူ ပို့ပေးလိုက်တာလဲ'

ထပ်မေးနေပြန်ပြီ။ အသံကို ကြားရပါသည်။ ပြန်ဖြေချင်စိတ် မရှိဘဲ ကျွန်တော် ငိုင်နေမိသည်။

အမျိုးသမီးမျက်နှာနှင့် ကိုယ်လုံးကိုယ်ပေါက်၊ အရပ်မြင့်ပုံ၊ အသံအနေအထားကို ကြည့်ပြီး မင်းမျိုးမင်းနွယ် မဟာဆီမဟာသွေး အပြည့်ရှိသည့် ပုံမျိုး ဖြစ်လိမ့်မည်။ သူ ဘယ်ကလို့

www.burmeseclassic.com



သဘောပေါက်သွားသည်မသိ။

'ကောင်းပြီ ကောင်းပြီ လာ လာ တို့နောက်က လိုက်ခဲ့တော့'

ဟု ခေါ်ပြီး လာလမ်းအတိုင်း ပြန်လှည့်၍ ထွက်သွားလေသည်။ ကျွန်တော် သူ့နောက်မှ ကြောင်စီစီနှင့် လိုက်ပါသွားခဲ့လေသည်။

သစ်ပင်ကြီးများကို ကွေ့ပတ်၍ သွားရလေသည်။ တောကြီးထဲတွင် ကျေးငှက်သတ္တဝါတစ်ကောင်မှ မတွေ့ရပါလားဟု စိတ်မှာ တွေးထင်နေမိသည်။

သစ်တောအပြင်ဘက်တွင် မြက်ခင်းစိမ်းစိမ်းများ ပေါက်နေသည့် လွင်ပြင်ကျယ်ကို တွေ့ရလေသည်။ တောစပ်နားတွင် သစ်သားခုံတန်းရှည် နောက်ကျောမှီလေးနှင့် ဆေးအဖြူရောင်သုတ်ထားသည်ကို တွေ့ရသဖြင့် ငေးကြည့်နေမိသည်။

ကျွန်တော် ရပ်ကြည့်နေမှန်းသိ၍ အမျိုးသမီးက...

'ခဏ ထိုင်ချင်ထိုင်လေ'

ဟု ပြောပြီး ရပ်နေ၍ ခုံတန်းရှည်လေးတွင် ဝင်ထိုက်လိုက်မိပါသည်။

သစ်တောအတွင်းမှ လေအဝေ့တွင် အနီရောင်ပွင့်ဖတ်များ ကျွန်တော့်ရှေ့သို့ ပြေးထွက်လာသလား ထင်မှတ်မိသည်။ အသက်ရှူသွင်းလိုက်ရသောလေသည် အနံ့အရသာ ရှိနေသလို ခံစားရမိပါသည်။

သူ မတ်တတ်ရပ်လျက် စောင့်နေပြီး...

'သိပ်ကြာလို့ မဖြစ်ဘူးနော် မင်းရောက်တာ စာရင်းသွားသွင်းရဦးမယ်။ ကဲ ထတော့ လာသွားမယ်'

ဟု ပြောပြီး ရှေ့မှ လျှောက်သွားလေသည်။

သူပြောသည့်အတိုင်း တစ်သဝေမတိမ်း လိုက်ပါနေမိသည်။ သိပ်မကြာလိုက်ပါ။ ဖြူဖွေးသော အပွင့်များနှင့် ပြည့်နှက်လျက် မွှေးကြိုင်သော ရနံ့များရှိသည့် စံပယ်ပန်းပင်များကို တွေ့မြင်ရသည်။

စံပယ်ပန်းပင်များထဲသို့ လမ်းဖြူဖြူလေးအတိုင်း ဝင်လာရာ အမျိုးသမီးများ (၃)ယောက် (၁)တွဲစီ (၃)စုခွဲ၍ ထိုင်ပြီး သံပြိုင်ရွတ်ဆိုနေကြလေသည်။ ရွတ်ဆိုနေသံကို သေသေချာချာ နားစွင့်ထောင်လိုက်ရာ နမောတဿဂါထာကို ရှမ်းသံဝဲဝဲနှင့် ရွတ်ဆိုနေမှန်းသိရလေသည်။

အမျိုးသမီးများဘေးမှ ဖြတ်လျှောက်လာပြီး အစိမ်းရောင်ရင့်ရင့် ကျောက်တုံးများနှင့် သေသပ်ကျနစွာ စီထားသော လှေကားထစ်များကို နင်းတက်လာရသည်။

လှေကားထစ်များဆုံးလျှင် နီညိုရောင်ရှိပြီး ကြီးမား ကျယ်ပြန့်သော ကျောက်ပြားကြီး အလယ်တည့်တည့်လောက်တွင် အဝိုင်းကြီးပေါ်မှာ ခုံညားသပ်ရပ်စွာ ထိုင်နေသော ဥပမိရုပ်ကောင်းကောင်းနှင့် အဖြူရောင်လက်ရှည်အင်္ကျီ ဝတ်ဆင်ထားသည့် အသက်(၅၀)အရွယ်ခန့် လူကြီးတစ်ယောက်ကို တွေ့ရလေသည်။ အမျိုးသမီးက...

'ဆရာကြီး လူသစ်တစ်ယောက်ရောက်ရှိပါတယ်'

ဆရာကြီးဆိုသူက ကျွန်တော့်ကို သေသေချာချာကြည့်ပြီး...

'တို့ဘက်က မဟုတ်ဘူး မင်းတို့တောင်ခြမ်းက'

'ဒါဆိုလဲ မယ်မယ်ဘုရားဆီ ခေါ်သွားပါ့မယ်'

ဆရာကြီးက ခေါင်းညိတ်ပြလေသည်။

သူတို့ ဘာတွေပြောဆိုနေမှန်း ကျွန်တော်မသိပါ။ အမျိုးသမီးက...

'လာ လိုက်ခဲ့'

ဟု ပြန်ခေါ်နေလေသည်။ မှိုင်းမိနေသလိုဖြစ်ပြီး သူနောက်က ပြန်လိုက်လာခဲ့ပါသည်။ လာလမ်းအတိုင်း မဟုတ်တာ သေချာပါသည်။

ယခု ရောက်နေသော နေရာမှ ကြာပန်းအတိ ပြည့်နေသော ရေကန်ပေါ်ရှိ သစ်သားတံတားလေးပေါ် ရောက်နေလေသည်။ ကန်ရေပြင်ကို ဖြတ်၍ တိုက်ခတ်လာသော လေအရှိန်ကြောင့် ကြာပန်းပွင့်များ ယိမ်းနွဲ့နေပြီး ကြာပန်းရနံ့များလည်း သင်းပျံ့နေလေသည်။

တံတားလေးဆုံးလျှင် အောက်ဘက်သို့ လှေကား(၃)ထစ်ဆင်းလိုက်မှ ကန်ပေါင်ရိုးပေါ်သို့ ခြေချမိလေသည်။ ကန်ပေါင်ပေါ်မှ လှမ်းကြည့်လိုက်လျှင် မြေနီလမ်းကလေးသည် အင်္ဂလိပ်အက္ခရာ (S)အက်(စ်)ပုံကွေ့ကွေ့အဖြစ် မြင်ရလေသည်။

မြေနီလမ်းကလေးကို လွန်လာလျှင် ကြီးမားသော တိုင်လုံးကြီးများနှင့် ဆောက်လုပ်ထားသော နန်းဆောင်တော်ဟု ထင်ရသည့် အဆောင်တော်ကြီးအတွင်း ဝင်ရောက်ရလေသည်။

အဆောင်တော်ကြီး ခေါင်းဘက် (သလွန်)ညောင်စောင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com

အဖြူရောင် ဇာပဝါကို ပခုံးနှစ်ဖက်လုံး လွှမ်းခြုံထားပြီး အဖြူရောင်ဝမ်းဆက် ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ထိုင်နေလေသည်။

ကျွန်တော့်ကို ခေါ်လာသော အမျိုးသမီးက ကျွန်တော့်ဘယ်ဘက်တွင် လက်အုပ်ချီပြီးရပ်လျက်...

'မယ်မယ်ဘုရား လူသစ်တစ်ယောက် ရှေ့တော် ဝင်ရောက်ကြောင်းပါ'

ဟု လျှောက်တင်သလိုမျိုးပြောလေသည်။ မယ်မယ်ဘုရားမှ...

'သူ့အလှည့်မဟုတ်သေးဘဲ ရောက်လာတာ ရေစင်တော်လေး ပေးပါ'

ဟု ပြန်ပြောလေသည်။ ကျွန်တော့်နံဘေးမှ အမျိုးသမီးက မယ်မယ်ဘုရားညာဘက်ရှိ ရေတကောင်းမှ ရေကို ခွက်ထဲ လောင်းထည့်ပြီး လက်နှစ်ဖက်နှင့် ရိုသေစွာ ကိုင်၍ မယ်မယ်ဘုရားထံ ပေးလေသည်။ မယ်မယ်ဘုရားက ရေခွက်ကိုယူပြီး ခွက်ထဲမှရေကို စိုက်ကြည့်နေလေသည်။ ပြီးမှ...

'သားငယ်လေး ရှေ့ကို လာခဲ့'

ဘေးမှ အမျိုးသမီးက...

'သွားလိုက်လေ မင်းကို မယ်မယ်ဘုရား ခေါ်နေတယ်'

ဟု အနားကပ်ပြီး ပြောလိုက်မှ ဘုမသိဘမသိနှင့် ကျွန်တော် ရှေ့ကို ခြေသုံးလှမ်းတက်၍ ရပ်လိုက်မိပါသည်။

'ရော့ ဒီရေစင်တော်ကို သောက်'

ကျွန်တော် ရေခွက်ကို လှမ်းယူ၍ သောက်လိုက်မိပါသည်။ သောက်ဖူးနေကျ ရေနှင့်မတူဘဲ ရင်ထဲ နှလုံးသားထဲအထိ အေးစိမ့်ပြီး ဦးခေါင်းတစ်ခုလုံး ကြည်လင် လန်းဆန်းသွားလေသည်။

နှုတ်မှလည်း...



'မယ်မယ်ဘုရားက ဘယ်သူလဲ'

ဟု မေးလိုက်မိသည်။

'ဒီမှာတော့ မယ်မယ်ဘုရားလို့ ခေါ်ကြတယ်။ မင်းတို့ဆီမှာတော့ သူရသတ္တိနဲ့ ပြည့်စုံသူလို့ ခေါ်မှာပေါ့'

ကျွန်တော့်နားထဲမှာ "**သူရသတ္တိ**" လို့ သုံးကြိမ်လောက် ဆက်တိုက်ကြားလိုက်မိပါတယ်။ မယ်မယ်ဘုရားမှ...

'မယ်မှူရေ သူက မယ်မှူပဋ္ဌာန်းဆက်ကွယ့်။ ကြုံတုန်းဆုံတုန်း တို့ဆီက ဘုရားတွေ လိုက်ဖူးပါစေ။ သူ့အလှည့် မရောက်သေးတော့ မင်းပဲ ပြန်ပို့လိုက်ပါနော်'

'မှန်လှပါ မယ်မယ်ဘုရား'

'သိချင်တာရှိ ပြောပြလိုက်ပါ။ ကဲ သားတို့သွားကြ ရေလိုအေးချမ်း ငြိမ်းချမ်းကြပါစေ'

မယ်မှူက...

'ပေး ပေး ရေစင်တော်ခွက်'

လို့ ပြောပြီး ကျွန်တော့်လက်ထဲမှ ရေခွက်ကို ယူပြီး ရေတကောင်းပေါ်တွင် ရိုရိုသေသေ ပြန်အုပ်တင်ထားလိုက်သည်။

ပြီးမှ နောက်ပြန် ခြေသုံးလှမ်းဆုတ်၍...

'ခွင့်ပြုတော်မူပါ မယ်မယ်ဘုရား'

ဟု လျှောက်တင်လေသည်။

မယ်မယ်ဘုရားက ခေါင်းညိတ်သည့်ဆိုရုံလေး ညိတ်ပြလေသည်။

မယ်မယ်ဘုရားကို မှတ်မိအောင် သေသေချာချာ စူးစူးစိုက် ကြည့်လိုက်မိသည်။ 'အသက်အားဖြင့် (၂၉)နှစ်ခန့် ရှိမည်ဟု ထင်ရပြီး မျက်နှာ အထူးကြည်လင်အေးချမ်း၍ မြင်ရသူ စိတ်နှလုံးထဲအထိ ငြိမ်းအေးစေသည့် မျက်နှာမျိုးဖြစ်သည်။

မယ်မှူက အနားသို့တိုးကာ...

'ဟေ့လူ မယ်မယ်ဘုရားကို အဲဒီလိုမျိုး မကြည့်ရဘူး ခေါင်းငုံ့နေစမ်း'

ဟု အသံကိုနှိမ့်ပြီး ခပ်အုပ်အုပ်လေး ပြောလိုက်မှ ကျွန်တော် သတိဝင်ပြီး အနည်းငယ် ခေါင်းငုံ့နေလိုက်မိပါသည်။

'အခု ရှင် ကျွန်မနဲ့ ပြန်လိုက်ခဲ့လာ'

ယောင်တောင်တောင်နှင့်...

'ဟုတ်ကဲ့'

ဟု ပြောပြီး သူနောက်က ပြန်လိုက်ခဲ့ပါသည်။ နန်းဆောင်တော်ရှေ့အရောက်တွင် သူ လက်ညှိုးညွှန်ပြ၍ ပြောလေသည်။

'အရှေ့ဘက် တောင်တန်းကြီးရဲ့ တောင်ဘက်က အဆောင်တော်တွေက ဆရာတော်ကြီးတွေရဲ့ သီးသန့်အဆောင်တော်တွေပေါ့'

'ဆရာတော်ကြီးတွေ သွားဖူးတွေ့လို့ရလား'


'အခုအချိန်မှာ အထက်ဆရာတော်ကြီးတွေ အစည်းအဝေးလုပ်နေလို့ သွားဖူးတွေ့လို့ မရဘူး'

'ဒါဆို မယ်မှူတို့ ဖူးတွေ့တဲ့ ဘုရားတွေ လိုက်ပို့လေ'

'လာ မာလကာတောဘက်က ဖြတ်သွားကြမယ်'

ဟု ပြောပြီး လျှောက်သွားလေ

www.burmeseclassic.com



သည်။

ပတ်ဝန်းကျင်အခြေနေကို အကဲခတ်လေ့လာကြည့်ပြီး သူနောက်မှ ဖြည်းဖြည်းချင်း လိုက်လာခဲ့ပါသည်။ မာလကာပင်များမှာ အသီးများနှင့် ဝေဆာလှပနေလေသည်။ အသီး၏ အရောင်မှ အနီရောင်ရဲရဲ ဖြစ်လေသည်။

မာလကာပင်များကြားရှိ လမ်းကလေးအတိုင်းဆက်၍ လျှောက်လာရာ လူအများ နေထိုင်သည်ဟု ထင်ရသည့် ဇရပ်ကြီးများကို တွေ့ရလေသည်။

ဇရပ်များ၏ ခေါင်းရင်းခန်းတွင် မြတ်စွာဘုရားသစ္စာလေးပါး တရားဦးဟောဟန် နံရံပြည့် ပန်းချီကားများကို တွေ့ရလေသည်။

ဇရပ်များမှာ အဆင့်သုံးဆင့် ဆောက်လုပ်ထားလေသည်။ ထိပ်ဆုံးအဆင့်တွင် လူကြီးတစ်ယောက်၊ ဒုတိယအဆင့်တွင် လူကြီးသုံးယောက်၊ နောက်ဆုံးအဆင့်တွင် အမျိုးသမီးငါးယောက် အားလုံး ပိတ်ဖြူစင်ကြယ် ဝတ်ဆင်ထားကြပြီး တည်ငြိမ်စွာ တရားထိုင်နေကြလေသည်။

သိချင်စိတ်များ တားဆီးမရ ဖြစ်လာ၍…

'မယ်မှုံ သူတို့ တရားထိုင်နေတာ ကျွန်တော်စိတ်ထဲမှာ ကြည်နူးလာတယ်။ ဘယ်လောက်ကြာအောင် ထိုင်ကြသလဲဟင်'

မယ်မှုံက တစ်ချက်ပြုံး၍…

'မင်းတို့ဆီက အချိန်နဲ့ဆိုရင် တစ်လလောက်ပေါ့'

'ဗျာ အဲဒီလောက်တောင် ကြာသလား'

'အေး အေး မတော်တာတွေ တွေးမနေနဲ့။ လာ ဟိုဘက်နားရောက်ရင် ဖိုပညာစခန်းကို ရောက်ပြီ'

နဂါးရုပ်ပုံ ထွင်းထုထားသော ကျောက်လှေကား ထစ်လေးများအတိုင်း အောက်ဘက်သို့ ဆင်းလာခဲ့ကြပါသည်။ အောက်ဘက် မြေပြန့်ခပ်လှမ်းလှမ်းတစ်နေရာတွင် အမျိုးသမီးတစ်ယောက် မတ်တတ်ရပ်၍ အင်္ဂရုတ်လေဖိုကို စူးစူးစိုက်စိုက် ကြည့်နေလေသည်။

လေဖိုအဝမှ မီးရောင်သည် အနီရောင် လုံးဝမရှိဘဲ အလယ်တည့်တည့်တွင် အပြာရောင်နုနုနှင့် ဘေးပတ်လည်တွင် အဝါရောင်ရင့်ရင့်က လွှမ်းခြုံထားလေသည်။

လေဖိုအနားသို့သွား အနီးကပ်ကြည့်လိုက်မှ အံ့ဩစရာ ကောင်းလွန်းလှပါသည်။ လေဖို၏ မီးညွန့်ထိပ်တွင် ဂေါ်လီလုံးခန့်ရှိသည့် အနက်ရောင်ဓာတ်လုံးမှာ မီးတောက် အနိမ့်အမြင့်အတိုင်း ဆင်းလိုက်တက်လိုက် ဖြစ်နေလေသည်။

'ရှေ့ကို သိပ်တိုးမသွားနဲ့'



ဟု မယ်မှုံ သတိပေးလိုက်မှ ကို
ရှိန်သတ်၍ နောက်သို့ အနည်း
ဆုတ်ပြီး ကြည့်နေမိပါသည်။

'အရှေ့ဘက်က ဘုရားတွေ
လိုက်ပို့ပေးမယ်လေ'

မယ်မှုံ ခေါ်နေသဖြင့် လေဖိုနား
မနည်းခွာပြီး ပြန်လည့်ခဲ့ရပါသည်
အရှေ့ဘက်တွင် စေတီတော်
များများ ဖူးတွေ့ရလေသည်။

'မယ်မှုံ ဒါ ဘယ်နေရာလဲဟင်'

'ဘယ်နိုင်ငံ ဘယ်အုပ်ချုပ်ရေး
မဆက်စပ် မပတ်သက်တဲ့ တို့နိုင်
အတွင်းစခန်းပါ'

သူပြောဆိုနေပုံက ထူးထူးဆ
ဆန်းတွေပါလား။

စေတီတော်တွေ၏ ဉာဏ်တော်
(၉)ပေခန့်လောက်သာ ရှိမည်
ထင်ရသည်။ စေတီတော်တိုင်းတွင်
ငှက်မြက်နားနှင့် ထီး မတွေ့ရဘဲ ကြာ
ပုံများ သာတွေ့ရလေသည်။

အခြေမှ ကြာဖူးအထိ ရွှေသားအ
ဖြစ်လေသည်။ ငြုပ် (၈)ခွင်ပါသော
စေတီတော်ရှေ့အရောက် ရှိသေ
ထိခြင်းငါးပါးနှင့် ကန်တော့လိုက်
သည်။ မယ်မှုံက ဘယ်ဘက်ခပ်လှ
လှမ်းလောက်မှ ကန်တော့လေသည်
ပြီးမှ…

'ဟိုး အရှေ့ဘက်နားအထိ လိုက်
ပေးမှာပါ။ လက်ဆောင်ပစ္စည်း
ပေးလိုက်ချင်ပါတယ်။ ဒါပေမယ်
မင်းက ယူဆောင်သွားလို့ မရသေး
စိတ်မကောင်းတော့ မဖြစ်ပါနဲ့နော်'

'ဟုတ်ကဲ့ပါ'

---


ရှေ့လ ဆက်ဖတ်ပါရန်

---

ဆရာနေမျိုး(ဗိုလ်အေ)

www.burmeseclassic.com

www.burmeseclassic.com



တပါနှင်းဝင်

# ရွှေစက်တော်ကြိုးဝိုင်းထဲက

ရွှေရောင်လိပ်ကလေး

ရွှေစက်တော်ကြိုးဝိုင်းဆိုတာ မန်း ရွှေစက်တော်နယ်မြေက ကြိုးဝိုင်းသစ်တောကြီးပါ။ ဒီသစ်တောကြီးက **မင်းဘူး(စကု)မြို့နယ်နှင့် ပွင့်ဖြူမြို့နယ်ထဲမှာ** တည်ရှိပြီး **'ရွှေစက်တော်ဘောမဲ့တော'**ဟု ထင်ရှားကျော်ကြားလူသိများပါသည်။

ရွှေရောင်လိပ်ကလေးကတော့ အဲဒီကြိုးဝိုင်းထဲမှာတွေ့၍ ကောက်ယူမွေးစားခဲ့သည့် လိပ်ကလေးပါ။ လိပ်ကလေး၏ အရောင်က သာမန်လိပ်တွေနှင့်မတူဘဲ ထူးခြားနေ၍ စတွေ့ကတည်းက သဘောကျပြီး မွေးဖို့ ကောက်ယူခဲ့ပေမယ့် နိုင်ငံခြားသား သစ်တောပညာရှင်တွေက တား၍ ထားခဲ့ရသည်။

တစ်နေ့ ပြန်ရှာမည်ဟု စိတ်ထဲက ဆုံးဖြတ်ပြီး ပြန်ရှာ၍ တွေ့ခဲ့ပုံကို သတိရနေသလို လိပ်ကလေးနှင့် တွေ့ဖို့ ကြုံလာသည့် ခရီးစဉ်တွေကိုလည်း ယနေ့အထိ မမေ့သေးပါ။

မှတ်မှတ်ရရ **၁၉၈၂ ခုနှစ်ကပါ။** အဲဒီအချိန်တုန်းက သစ်တောဝန်မှာ ဦးသိန်းညွန့်။ ရွှေစက်တော်ဘောမဲ့တောကို အဆင့်မြှင့် ဖွဲ့စည်းအုပ်ချုပ်ဖို့ ပဏာမ လေ့လာရေးအတွက် နိုင်ငံခြားသားပညာရှင်နှစ်ဦးနှင့် ရုံးချုပ်မှ တောအုပ်ကြီးနှစ်ဦး ရောက်လာသည်။

လေ့လာရေးအဖွဲ့ကို ဦးဆောင်ပြီး ကွင်းနင်းဖို့ တာဝန်ကို သစ်တောဝန်က စာရေးသူကို ပေးအပ်ခဲ့သည်။

စာရေးသူနှင့် လေ့လာရေးအဖွဲ့ မင်းဘူးမှ ရွှေစက်တော်ကို ထွက်ခဲ့ကြသည်။ နောက်နေ့မှာ ဘုရားကနေ ချောင်းမကြီး ချောင်းအတိုင်း ဆန်တက်ပြီး ထုံးတောင်နှင့် ထနောင်းစမ်းကို ဖြတ်ခဲ့ကြသည်။

လမ်းမှာ တွေ့သမျှ ငှက်ကလေးတွေကို ဓာတ်ပုံရိုက်လိုက်၊ ငှက်မှတ်တမ်းစာအုပ်တွေကို လှန်လိုက်နှင့် တရွေ့ရွေ့ လျှောက်ခဲ့ကြသည်။

တစ်ယောက်က ဟိုကြည့်ဒီကြည့် ကြည့်ကာ သမင်ရှာရင်း လိုက်လာသည်။ ထနောင်းစမ်းအလွန် တဲတစ်တဲရောက်တော့ ဆီချိုလိပ်တစ်ကောင်ကို အစိမ်းလိုက် ခုတ်ဖျက်နေသည်ကို တွေ့၍ စိတ်ဝင်တစား သွားကြည့်ခဲ့ကြသည်။

လိပ်က အကွက်သိပ်လှသည်။ မစ္စတာစေရာက လိပ်ခွံကို သေချာကြည့်ပြီး ဓာတ်ပုံရိုက်လိုက်၊ မှတ်တမ်းစာအုပ်တွေ လှန်ကြည့်လိုက်နှင့် အလုပ်ရှုပ်နေသည်။

တောအုပ်ကြီးနှစ်ဦးနှင့် မြန်မာ

www.burmeseclassic.com

အခေါ်၊ ဒေသအခေါ်၊ သိပ္ပံအခေါ်တွေကိုပါ ရှင်းပြီး ရှားပါးသည့် ဆီချိုလိပ်အကြောင်း အသေးစိတ် အပြန်အလှန် ပြောဆိုနေကြသည်။

**ဤလိပ်သည် မျိုးပွားပြီးသည့် လိပ်မဖြစ်ကြောင်း။ လိပ်မတွေသည် (၇)နှစ်၊ (၈)နှစ်အရွယ်မှာ စပြီး မိတ်လိုက်ကြောင်း** လိပ်၏ဗိုက်ခွံ စအိုပိုင်းကိုကြည့်ကာ ရှင်းပြသည်။



လိပ်၏ ဗိုက်ခွံကိုကြည့်လျှင် အမြီးထွက်သည့်နေရာက အခွက်မှာ ယူ(U)ပုံဖြစ်နေလျှင် အမဖြစ်ပြီး၊ ဗွီ(V)ပုံဖြစ်နေလျှင် အထီးဖြစ်ကြောင်းကိုလည်း ရှင်းပြသည်။

လိပ်ထီးနှင့် လိပ်မသည် တစ်နှစ်လျှင် သုံးကြိမ် ဆုံနေကျ နေရာလေးမှာ ဆုံပြီး မိတ်လိုက်ပျော်ပါးလေ့ရှိကြောင်း၊ လိပ်ထီးတစ်ကောင်က လိပ်မတစ်ကောင်တည်းနှင့်သာ အမြဲ မိတ်လိုက်လေ့ရှိကြောင်း...

မိတ်လိုက်၍ သန္ဓေအောင်၍ ဥချသည့်အခါ ဘေးကင်းလုံခြုံသည့် မြေနေရာလေးကိုရှာပြီး တစ်ထွာလောက်နက်သည့် တွင်းကို တူးကာ ဥ,ဥလေ့ရှိကြောင်း...

ဥ,ဥပြီးသည့်အခါ မြေနှင့် ပြန်ဖို့ပြီး ဗိုက်နှင့် ပွတ်ကာ ခြေရာဖျောက်ထားခဲ့လေ့ရှိကြောင်း၊ တစ်ခါဥလျှင် (၈)လုံးကနေ (၁၀)လုံးထိ ဥကြောင်း...

လိပ်မတစ်ကောင်က တစ်နှစ်မှာ (၃)ကြိမ် ဥချလေ့ရှိကြောင်း၊ ဥချပြီး (၈)လမှာ ဥကနေ သားပေါက်ကြောင်း၊ ပေါက်ဖွားလာသည့် လိပ်ကလေးတွေသည် သူတို့ဘာသာ မြေကို တိုးထွက်လာပြီး အစာရှာစားကာ ကြီးထွားလာကြကြောင်း၊ ပျမ်းမျှ တစ်နှစ် (၂၅) ကောင်လောက် ပေါက်ဖွားကြောင်း...

ဒီလိပ်ကို မြန်မာလို **ဆီချိုလိပ်**ဟုခေါ်ပြီး ဒေသအခေါ် **လိပ်ပြောက်**ဟုလည်းခေါ်ကြောင်း၊ လိပ်၏ ကျောက ကြယ်ပုံလေးတွေ၏ အလှကြောင့် **ကြယ်လိပ်**ဟုလည်း ခေါ်နိုင်ကြောင်း၊ အသက် (၅၀)ကနေ (၆၀)ထိ ရှည်ကြောင်း...

မြန်မာနိုင်ငံမှာသာရှိပြီး ရွှေစက်တော် သစ်တောကြိုးဝိုင်းထဲမှာသာ အတွေ့များကြောင်း မှတ်တမ်းမှာတွေ့ရကြောင်း ပြောဆိုရှင်းပြနေသည်ကို မှတ်ရင်း ထနောင်းစမ်းစခန်းမှ ထခဲ့ကြသည်။

အချိန်လည်း အတော်ကြာသွားပြီ။ ဒီလိုနှင့် သမင်ရှာရင်း တွေ့သမျှငှက်တွေ၊ တွားသွားသတ္တဝါတွေကိုပါ လေ့လာရင်း လျှောက်လာလိုက်ကြတာ အမဲတောအုပ် ဦးထွန်းရှင် သမင်တွေကို ကျွေးထားသည့် ဆားကျင်းတွေရှိရာ ကံတော်ကြီး၊ ကံပုကွင်းတွေဆီ ရောက်သွားသည်။

ဆားကျင်းတွေ ဘေးမှာတော့ သမင်ခြေရာတွေက ထပ်ထပ်ကြမ်းလို့။ ခြေရာပုံတွေကတော့ အရွယ်စုံပါပဲ။ မစ္စတာဆော်လ်တာနှင့် မစ္စတာစေရာတို့ အတော်သဘောကျသွားသည်။ ဒါပေမယ့် ဒီနေရာထိ သမင်ဆိုလို့ တစ်ကောင်တစ်မြီးမျှ မတွေ့ရသေးပါ။ ဆားကျင်းမှ ခြေရာတွေကို ဓာတ်ပုံရိုက် မှတ်တမ်းယူကြသည်။ ခြေရာကိုသာ တွေ့နေရသည်။ သမင်တွေကို တွေ့လိုမြင်လိုသည့် ဆန္ဒက ပြင်းပြနေကြသည်။

သမင်တွေမှာလည်း သူတို့ပျော်ပိုက်ရာ တောထဲမှာ ကျူးကျော်ယာလုပ်သူတွေ ရောက်လာပြီး ခွေးတွေပါမွေး အမဲတွေပါလိုက်ဆိုတော့ လွတ်လွတ်လပ်လပ်နေခွင့် မရတော့ဘဲ ဘေးလွတ်ရာမှာ လုံခြုံအောင် ပုန်းကွယ်နေကြရပုံရသည်။

မစ္စတာဆော်လ်တာက သူတို့၏ သမင်ရှာဖွေတိုင်းတာရေး နည်းပညာအတိုင်း မြေပုံပေါ်နှင့် မြေပြင်မှာ သတ်မှတ်ပြီး ဒီဂရီညွှန်းအတိုင်း ရှေ့တည့်တည့် လျှောက်ရာလိုက်၊ ညာဘက်ချိုးလိုက်၊ ရှေ့တည့်တည့် ပြန်လျှောက်လိုက်၊ ဘယ်ဘက်ချိုးရှာလိုက်နှင့် ရှာနေဆဲမှာပဲ မှန်ကပ်ကန်ရှာဖွေတိုင်းတာရေး အကွက်ထဲမှ သမင်တစ်ကောင် ချုံပုတ်ထဲက ထပြေးသွားသည်။

သမင်က အပြေးမြန်လွန်း၍ ပီသကွဲကွဲ မမြင်လိုက်ကြရ။ မစ္စတာစေရာလည်း ကင်မရာကို မြှောက်ရုံသာ



www.burmeseclassic.com

www.burmeseclassic.com

မြှောက်ခွင့်ရလိုက်သည်။ ဓာတ်ပုံမရိုက်လိုက်ရ။ အထီးလား၊ အမလားဟု လှမ်းအော်မေးနေသည်။

စာရေးသူက ပြေးသွားသည့် သမင်မှာ ချို မမြင်လိုက်ရ၍ အမဟု အော်ပြောလိုက်ရသည်။


စာရေးသူလည်း သမင် ထပြေးသွားသည့် ချုံပုတ်ဆီသွားကာ အသေအချာကြည့်မိသည်။ ချုံထဲမှာ ပြောင်နေသည့် အိပ်ကျင်းကိုသာ တွေ့ရ၍ ပြန်အလှည့်မှာ ချုံစပ်မြေတွင်းထဲက လိပ်ပေါက်စလေးတွေ တိုးထွက်နေသည်ကို တွေ့လိုက်ရသည်။ အံ့ဩလွန်း၍ အဖွဲ့ကို အော်ခေါ်ပြမိသည်။

မြေတွင်းထဲက ယက်ကန်ယက်ကန် တွန်းတိုးထွက်လာသည့် လိပ်ပေါက်စလေးတွေကို မစ္စတာစေရာက အသေအချာ ဓာတ်ပုံရိုက်ယူနေသည်။ လိပ်ပေါက်စလေးတစ်ကောင်က အကွက်မပါ ရွှေဝါရောင်လေးပါ။ အရွယ်က ခုံညင်းသာသာလောက်သာ ရှိပါလိမ့်မည်။

စာရေးသူက ရွှေရောင်လိပ်ပေါက်စလေးကို ကောက်ပြီး ယူခဲ့ဖို့ လုပ်တော့ ထားခဲ့ပါဟု မစ္စတာဆော်လ်တာက ပြောနေ၍ မထားချင် ထားချင်နှင့် ထားခဲ့ရသည်။ လိပ်ကလေးကို ပြန်လာရှာဖို့ နေရာကိုပါ အသေအချာ မှတ်လာခဲ့သည်။

ညနေရောက်၍ စခန်းချရပ်နားတော့ ရွှေဝါရောင်လိပ်ကလေးကို ပြန်ရှာပါသေးသည်။ မတွေ့တော့ပါ။ မြက်ခြောက်တွေ ဖုံးသည့် တောဆိုတော့ ပုန်းနေကြပါလိမ့်မည်။ တစ်နေ့မှာ တွေ့ တွေ့အောင် လာရှာဖို့ ဆုံးဖြတ်ထားသည်။

ဒီလိုနှင့် ပန်တော်ပြန့်စခန်းမှာ တစ်ညအိပ်ပြီး နောက်နေ့မှာ ရွှေစက်



တော်ကြိုးဝိုင်းတောကြီးကို အပြီးကွင်းနင်းကာ မြကျိုင်းတောင်က ဆည်တော်ရွာ မဲဇလီက ဆည်ဘိုတဲကြီးမှာ တစ်ညတည်းပြီး ပြန်ခဲ့ကြရသည်။

ထူးထူးခြားခြား မြေသားတွင်းထဲက တွန်းတိုးထွက်လာကြသည့် လိပ်ပေါက်စလေးတွေထဲက ရွှေရောင်လိပ်ကလေးကိုတော့ မျက်စိထဲ မြင်နေဆဲပါပဲ။

မှန်ကပ်ကန်တောမှာ တွေ့ခဲ့ရသည့် ရွှေရောင်လိပ်ကလေးကို အရွယ်ရောက်၍ လူတွေ ကောက်မသွားမီ နောက်တစ်ခေါက်သွားပြီး ရှာဖို့ စိတ်ကူးထားပေမယ့် သွားဖို့ အခွင့်မကြုံခဲ့ပါ။

အခွင့်ကြုံလျှင် သွားရှာဖြစ်အောင် ရှာဖို့ ဆန္ဒက ပြင်းပြနေလို့လားတော့ မသိ။ ရွှေစက်တော် ကြိုးဝိုင်းကြီးထဲကို နောက်တစ်ကြိမ်သွားဖို့ ကြုံလာခဲ့ရလေတော့သည်။

ရွှေစက်တော် ဘေးမဲ့တောကြီးကို အဆင့်မြှင့်အုပ်ချုပ်ဖို့ ဘေးမဲ့တောဌာနခွဲကို သစ်တောဦးစီးဌာနမှ လွှဲအပ်ရတော့မည်။ ရှေ့တန်းရုံး၊ နောက်တန်းရုံးတွေ ဆောက်ဖို့ စီမံချက်တွေ ကျနေပြီ။

ရွှေစက်တော်ကြိုးဝိုင်းထဲက ကျူးကျော် တောင်ယာလုပ်သူတွေကို စာရင်းကောက် အမှုဖွင့် အရေးယူထားဖို့ သစ်တောဝန်က စာရေးသူကို ရွေးပြီး တာဝန်ပေးသည်။ သစ်တောဝန်က ဦးအမ်ကျော်သိန်း ဖြစ်နေပါပြီ။

စာရေးသူလည်း ဝန်ထမ်းအဖွဲ့နှင့်အတူ စကု၊ ကျီးကန်လမ်းမှ မှန်ကပ်ကန်စခန်းနှင့် အနီးဆုံးလမ်းကိုရွေးပြီး ဌာနပိုင် ထွန်စက် နောက်တွဲယာဉ်ပေါ်ရိက္ခာတွေတင်ပြီး ထွက်ခဲ့သည်။

စခန်းချသည့်နေရာ ရောက်လျှင် ရောက်ချင်း လိပ်သားပေါက်ကျင်းတွေ့ရာနေရာမှာ ရွှေရောင်လိပ်ကလေးကို တွေ့လိုတွေ့ငြား သွားရှာသည်။ မတွေ့ပါ။ အလုပ် လုပ်ရင်း လိပ်ရှာထွက်ခဲ့သည်မှာ (၄,၅)ရက်သာ ကြာသွားသည်။ လိပ်ကလေးကိုတော့ မတွေ့ရသေးပါ။

ကျူးကျော် ယာသမားတွေကလည်း အမှုဖွင့် အရေးယူဖို့ သစ်တောဝန်ထမ်းတွေ ရောက်လာသည်ကို သိသွားသည်နှင့် အားလုံး ထွက်ပြေးကုန်ကြသည်။ အလုပ်ကလည်းပြီးတော့မည်။ လိပ်ကလေးကလည်း ရှာမတွေ့ဖြစ်နေသည်။

၁၉၈၂ ခုနှစ်က စတွေ့ခဲ့သည့် လိပ်ပေါက်စလေး ယခု ၁၉၈၄ ခုနှစ်

www.burmeseclassic.com



ဆိုတော့ (၂)နှစ်သားပဲ ရှိသေးသည်။ စားလောက် သောက်လောက်သည့် အရွယ် မရောက်နိုင်သေး။ လူတွေ့သွားတာလည်း မဖြစ်နိုင်လောက်ပါ။

အလုပ်က ပြီးပြီ၊ ပြန်ဆုတ်ကြရတော့မည်။ ကံပုစခန်းကနေ ခုနစ်ဘို့လမ်းအတိုင်း ထွက်ဖို့စီစဉ်နေပြီ။ ကံပုနှင့် မှန်ကပ်ကန်က တစ်မိုင်သာသာလောက်သာဝေးသည်။ ပြန်ခါနီး ထပ်ရှာဖို့ တောခေါင်း ကိုမြဖေကိုခေါ်ပြီး ထွက်ခဲ့သည်။

ဒီတစ်ခါ ကွက်စိတ်နင်းပြီး ရှာဖို့ စိတ်ကူးထားသည်။ လိပ်သားပေါက်ကျင်းနေရာကို ဗဟိုပြုကာ တစ်ဖာလုံအကွာလောက်ကနေ စက်ဝိုင်းပုံပတ်ပြီး ရှာကြသည်။

ကိုမြဖေက တွေ့သမျှ သစ်မြစ်ဆုံတွေ၊ သစ်တုံးအောက်တွေ၊ မြေကလိုင်တွင်းတွေထဲကို နှံ့နှံ့စပ်စပ်ရှာသည်။ စာရေးသူကလည်း စေ့စေ့စပ်စပ်ရှာသည်။

ဘယ်လိုမှ ရှာမတွေ့တော့၍ စိတ်ပျက်လက်ပျက်နှင့် ပြန်အလာ သန်းပင်အိုကြီး၏ မြစ်ဆုံကြားထဲမှာ အင်ကြင်း ကျောက်ရောင် ထန်းသီးလုံးလောက် ကျောက်တုံးလေးလို လုံးလုံးကလေးတွေ့၍ ဆွဲလှန်လိုက်ရာ အဝါရောင် လိပ်ကလေး ဖြစ်နေ၍ "တွေ့ပြီဗျို့"ဟု ဝမ်းသာအားရ ထအော်လိုက်ရာ ကိုမြဖေပင် လန့်သွားပါတော့သည်။

ဤခရီးစဉ်ကျမှ အလိုဆန္ဒ ပြည့်ဝခဲ့၍ အပြန်ခရီး လှခဲ့သည်။ အိမ်ပြန်ရောက်တော့ "မြလေးရေ မင်းအတွက် လက်ဆောင်"ဆိုပြီး ချစ်ဇနီးကို ပေးခဲ့သည်။ မြလေးကလည်း လိပ်ကလေးကို ရွှေရည်ငွေရည်လောင်းပြီး ကောင်းကောင်းမွေးထားသည်။

နေ့စဉ် ဈေးက ပြန်လာတိုင်း ကန်စွန်းရွက် လတ်လတ်ဆတ်ဆတ်ကလေးတွေနှင့် ခရမ်းချဉ်သီး နီနီရဲရဲလေးတွေကို အမြဲကျွေးသည်။ လိပ်ကလေးကလည်း တဖြည်းဖြည်းကြီးလာကာ အကွက်ကလေးတွေပါ ပေါ်လာသည်။

လိပ်ကလေး အိမ်ရောက်လာသည်မှာ နှစ်,နှစ်ရှိပါပြီ။ မိသားစု စီးပွားရေးလည်း သိသိသာသာ အဆင်ပြေလာသည်။ ဌာနလုပ်ငန်းတွေလည်း အထူးအောင်မြင်ခဲ့သည်။ စာရေးသူလည်း ရာထူးနှစ်ဆင့် တိုးခဲ့သည်။ ကြိုပေးစပါးတွေရ၍ ကိုယ်ပိုင်ကားပင် ဝယ်နိုင်ခဲ့သည်။

ရွှေရောင်လိပ်ကလေးသည် စာရေးသူတို့မိသားစုအတွက် **"ရတနာလာဘ်ကောင်လေး"**ဟု ဇနီးသည်က တဖွဖွပြောပြီး မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေပါတော့သည်။

ဒီအချိန်မှာပဲ ရွှေစက်တော် ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တင့်က တောအုပ်ဝင်းဦးကို လွှတ်ကာ နိုင်ငံခြားသား ပညာရှင်တွေအတွက် အရွယ်ရောက်ပြီး ကြယ်လိပ်ကို ပြဖို့ဆိုပြီး ငှားသွားသည်။ လူချင်းက ရင်းနှီးသူတွေဖြစ်၍ မငှားချင် ငှားချင်နှင့် ငှားလိုက်ရသည်။

မြန်မာ့ဆီချိုလိပ်ကလည်း ၁၉၉၅ ခုနှစ်ကစပြီး ကြယ်လိပ်အဖြစ် ထင်ရှားကျော်ကြားလာပါတော့သည်။ စာရေးသူနှင့်ဇနီးသည်တို့ တယုတယ (၁၀)နှစ်တာမျှ မွေးထားခဲ့ရသည့် ရွှေစက်တော်ကြိုးဝိုင်းထဲက ရွှေရောင်လိပ်ကလေးမှာလည်း ရွှေစက်တော် ဘေးမဲ့တောအုပ်ချုပ်ရေးမှူး၏ အုပ်ချုပ်မှုအောက်မှာပဲ ပျောက်ချင်းမလှ ပျောက်သွားခဲ့ရပါတော့သည်။

နှစ်ပေါင်းလည်း ကြာခဲ့ပါပြီ။ ၂၀၁၂ ခုနှစ်၊ ဖွန်လထဲမှာ စိမ်းစိုညွှန်မှူးအဖြစ်နှင့် ရာထူးတိုးပြီး ရောက်လာသည့် အုပ်ချုပ်ရေးမှူးဟောင်း ဦးမောင်မောင်တင့်နှင့် တွေ့တော့ "ဟဲ ဟဲ ခင်ဗျားလိပ်ကြီး ငှားပြီး ဖျောက်ပစ်ခဲ့တာ"ဆိုပြီး အတူတွဲ လုပ်ကိုင်ခဲ့စဉ်က အမှတ်တရလေးတွေကို ရယ်ရယ်မောမော ပြောဖြစ်ခဲ့ကြသည်။

သူ မမေ့သလို နှစ်ပေါင်းများစွာ တယုတယ မွေးလာခဲ့ကြသည့် စာရေးသူနှင့် ဇနီးသည်တို့ကလည်း ယနေ့အထိ နှမြောတသ သတိရနေဆဲဆိုတာ သူလည်း သိနေပုံရပါသည်။

**တင်ဘုန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com



# ကြုံဆုံခဲ့သော ဖြစ်ရပ်ဆန်း

သီလေးငယ်
(လယ်တော်)

လွန်ခဲ့သော (၁၀)နှစ်ကျော်ကာလ လောက်က ဖြစ်ပါသည်။ စာရေးသူတို့ ညီအစ်ကိုနှစ်ယောက်သည် စာရေးသူတို့၏ ဆရာတော် သီတင်းသုံးနေရာ **ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်အတွင်းတွင် တည်ရှိသော ကြက်တက်တောင်**ပေါ်သို့ ဆရာတော်အား ကန်တော့ရန် သွားရောက်ခဲ့ပါသည်။

ထိုစဉ်က ဆရာတော်သည် ထိုတောင်ပေါ်တွင် တစ်ပါးတည်း သီတင်းသုံးနေခြင်း ဖြစ်ပါသည်။ စာရေးသူတို့ ငယ်စဉ်က စာရေးသူတို့၏ လယ်တော်ရွာတွင် ခေတ္တခဏ သီတင်းလာသုံးရင်း စာရေးသူတို့အား ဘုရားစာ၊ လင်္ကာ၊ ဂါထာများ သင်ပြပေးခဲ့ဖူးပါသည်။ ထို့ကြောင့် စာရေးသူတို့နှင့် ဆရာရင်း၊ တပည့်ရင်းများ ဖြစ်ကြပါ၏။

ယခုတွင် ဆရာတော်သည် ကြက်တက်တောင်ပေါ်တွင် သီတင်းသုံးနေသည်မှာ (၃)ဝါတိတိပင် ရှိပြီဖြစ်ပါသည်။ ကြက်တက်တောင်ဟု ခေါ်ရခြင်းမှာ ကြက်တက်ရွာ၏ နယ်နိမိတ်အတွင်းတွင် တည်ရှိသောကြောင့် ဖြစ်ပါသည်။

ထိုတောင်သည် ကြက်တက်ရွာ၏ အနောက်ဘက်တွင်ရှိသော တောင်တန်း၊ တောင်စွယ်များ၏ အလယ်တွင် တည်ရှိပါသည်။

တောင်မှာ အတော်အတန် မြင့်မား ပြီး ပုပ္ပါးတောင်နှင့် အနည်းငယ်

www.burmeseclassic.com

အလားသဏ္ဍာန် တူပါသည်။ တောင်ပေါ်တွင် ကျယ်ပြန့်ညီညာသော မြေကွက်လပ်ရှိ၍ ဆိတ်ငြိမ် အေးချမ်းလှပါသည်။

ထိုစဉ်က ထိုတောင်ပေါ်တွင် အနည်းငယ် ပျက်စီးနေသော ဘုရားစေတီငယ်တစ်ဆူနှင့် ဆရာတော် သီတင်းသုံးရာ ဝါးကျောင်းလေးတစ်ကျောင်းသာ ရှိသေး၏။ **(ယခုအခါတွင် စေတီကြီးနှင့် ကျောင်းဆောင်အသစ်များ တိုးချဲ့တည်ထားပြီး ကြက်တက်ရွာ၏ ကိုးကွယ်ရာ ဘုန်းတော်ကြီးကျောင်းပင် ဖြစ်နေလေပြီ။)**

ထိုတောင်သည် မြင့်မားလွန်းသဖြင့် အဆင်းအတက် လုပ်ရာတွင် မလွယ်ကူလှပါ။ ထို့ကြောင့် လူသူအရောက်အပေါက်လည်း နည်းပါသည်။

ဤသည်ကို ဆရာတော်က ဆွမ်း၊ ကွမ်း ပြည့်စုံစွာ သီတင်းသုံး နေထိုင်နိုင်၍ စာရေးသူတို့ အံ့ဩခဲ့ရပါသည်။ သောက်သုံးရေအတွက်ကိုမူ တောင်ပေါ် ကျောက်ကြိုကျောက်ကြားထဲမှ စီးဆင်းနေသော ရေရှိသဖြင့် အဆင်ပြေလှပါသည်။

စာရေးသူတို့သည် နှစ်စဉ် သီတင်းကျွတ်လတိုင်း ဆရာတော်အား သွားရောက် ကန်တော့လေ့ ရှိပါသည်။ ယခုတွင်မူ သီတင်းကျွတ်လ မဟုတ်သော်လည်း အလုပ်အားနေသဖြင့် ဆရာတော်အား ကန်တော့ရန် ထွက်လာခဲ့ကြခြင်း ဖြစ်ပါသည်။

တပေါင်းလဖြစ်သဖြင့် ကောင်းကင်ထက်ဝယ် နေမင်းကြီးက ချစ်ချစ်တောက်ပူလျက် ရှိနေပါသည်။ ဆရာတော် သီတင်းသုံးနေရာ ကြက်တက်တောင်နှင့် စာရေးသူတို့ရွာမှာ (၇)မိုင်ကျော်ကျော်ဝေးပါသည်။



စာရေးသူတို့ ညီအစ်ကိုနှစ်ယောက်သည် ခြေကျင်ခရီးဖြင့် လာခဲ့ကြခြင်းဖြစ်သဖြင့် နံနက် (၈)နာရီကတည်းက ထွက်လာခဲ့ကြသော်လည်း နေ့လယ် (၁၁)နာရီကျော်လောက်မှ တောင်ခြေသို့ ရောက်ရှိခဲ့ကြပါသည်။ တောင်ခြေတွင် ရေသောက်ရင်း ခဏနားပြီး တောင်ပေါ်သို့ တက်ခဲ့ကြသည်။

တောင်မှာ မတ်စောက်လွန်းသဖြင့် တက်ရသည်မှာ ပင်ပန်းလှပါသည်။ လမ်းမှာ လူသွားလမ်း ကျဉ်းကျဉ်းလေးသာဖြစ်ပြီး လှေကားထစ်ပုံ ဖော်ထားသည်။ မတ်စောက်သဖြင့် တောင်အောက်သို့ မလိမ့်ကျစေရန် ဘေးမှ သစ်ပင်များကို ကိုင်တွယ်ကာ တဖြည်းဖြည်း သတိထားတက်နေရသည်။

ဆရာတော်ကတော့ ထိုတောင်ကို အလွယ်တကူ အတက်အဆင်း လုပ်နေကျ ဖြစ်သည်။ ထိုစဉ်က ဆရာတော်မှာ သက်တော်(၅၀)ကျော်အရွယ်လောက်ရှိပြီ ဖြစ်သည်။

ဤသို့ဖြင့် စာရေးသူတို့ညီအစ်ကို နှစ်ယောက်မှာ တောင်တက်ရင်း နေပူဒဏ်ကြောင့် ပင်ပန်းလွန်းသဖြင့် တောင်တက်လမ်း တစ်ဝက်ကျော်ကျော်လောက်တွင် ခဏနားကြသည်။ အရိပ်ကောင်းသည့် သစ်ပင်အောက်တွင် နှစ်ဦးသား အမောဖြေရင်း တောင်ပေါ်သို့ မျှော်ကြည့်မိသည်။

စာရေးသူတို့ ရောက်ရှိနေသော နေရာသည် တောင်ပေါ်သို့ ထင်ထင်ရှားရှား မြင်ရပါသည်။ စာရေးသူတို့ နှစ်ယောက်သည် တောင်ပေါ်တွင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် လွန်စွာ အံ့ဩသွားကြရပါသည်။

စာရေးသူတို့ ယခု တွေ့မြင်နေရသော မြင်ကွင်းသည် ယခင်အခေါက် ဤတောင်ပေါ်သို့ လာရောက်စဉ်က မြင်တွေ့ရသော မြင်ကွင်းများနှင့်မတူပေ။ ယခင်က တောင်ပေါ်တွင် ဆရာတော် သီတင်းသုံးရာ ဝါးကျောင်းငယ်လေးနှင့် စေတီဖြူဖြူကိုသာ အထီးကျန်ဖွယ် မြင်တွေ့ရသည်။ လူသူဟူ၍ ဆရာတော်မှတစ်ပါး မည်သူမျှ မရှိပါချေ။

ယခုတွင်မူ စာရေးသူတို့ မြင်တွေ့နေရသည်ကား များပြားလှသော လူအုပ်ကြီးဖြစ်၏။ စာရေးသူတို့ ခန့်မှန်းခြေအရ အယောက်(၂၀)လောက် ရှိဟန်တူပါသည်။

ထိုသူများမှာ သစ်လွင်တောက်ပြောင်သော အဝတ်ဖြူများနှင့် ဖြစ်ကြပြီး တချို့မှာမူ ယောဂီဝတ်စုံများနှင့် ဖြစ်ကြသည်။ အားလုံးမှာ ဘုရားဝင်းအတွင်းတွင် သန့်ရှင်းရေး လုပ်နေကြဟန်တူပါသည်။ မြက်ပေါက်သူက ပေါက်၊ အမှိုက်ကျုံးသူကကျုံးနှင့် ကိုယ်စီအလုပ်ရှုပ်နေကြသည်။

သူတို့၏ မျက်နှာများကိုတော့ အနည်းငယ် ဝေးကွာနေသေးသဖြင့် ထင်ထင်ရှားရှား မမြင်ရပါ။

စာရေးသူတို့ ညီအစ်ကိုနှစ်ယောက်မှာ ထိုအခြင်းအရာများကိုကြည့်ပြီး အံ့ဩသွားရသည်။ မည်သို့ဖြစ်သော် စာရေးသူတို့သိသလောက် ထိုတောင်ပေါ်တွင် ယခုကဲ့သို့ တခါမှ လူမစည်



www.burmeseclassic.com

www.burmeseclassic.com



သူးပေ။

ထိုနေ့သည် အခါရက် (လပြည့်၊ လကွယ်ရက်) ဟုတ်၍ ရွာအတွင်းမှ လူများ ဆရာတော်ထံ သီလယူရန် လာရောက်ကြခြင်းလည်း မဖြစ်နိုင်ပေ။

အကယ်၍ လာရောက်ကြသည် ဆိုပါသော်လည်း လူများ ထိုလောက် များနိုင်ပါ။ ထိုစဉ်က ထိုရွာရှိသူများမှာလည်း တခြားရွာ ဘုန်းကြီးကျောင်းများကိုသာ ကိုးကွယ်လေ့ ရှိကြပါသည်။

ဆရာတော် သီတင်းသုံးရာ နေရာသည်ကား လူသူ အရောက်အပေါက်နည်းသော နေရာလည်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့ လူအများ ရောက်ရှိနေကြသည်မှာ စာရေးသူတို့အတွက် အံ့သြစရာပင် ဖြစ်နေပါသည်။ ထို့ကြောင့် စာရေးသူက အစ်ကိုဖြစ်သူအား တအံ့တသြ မေးကြည့်လိုက်သည်။

'လူများလိုက်တာနော် အစ်ကို ထူးထူးခြားခြားပါလား'

'အင်း ဟုတ်တယ်နော် ဆရာတော်ရဲ့ ဧည့်သည်တွေ ထင်တယ်။ ဘယ်လိုဖြစ်ဖြစ် လူတွေ ရှိနေတော့လဲ ငါတို့အတွက် တစ်မျိုးကောင်းတာပေါ့။ ကဲ ကဲ ငါတို့လဲ အမောပြေပြီဆိုတော့ သွားကြမယ်'

'ဟုတ်ကဲ့ အစ်ကို'

စာရေးသူတို့ ညီအစ်ကိုနှစ်ယောက်သည်လည်း ပြောပြောဆိုဆိုပင် ဆရာတော်အား ကန်တော့ရန် ကန်တော့စာထည့်လာသော လွယ်အိတ်ကို လွယ်၍ တောင်ပေါ်သို့ ဆက်လက်တက်ခဲ့ကြပြန်သည်။

ဤသို့လျှင် တဖြည်းဖြည်း တက်လာရင်း တောင်ပေါ်သို့ ရောက်ရှိခဲ့ကြသည်။

တောင်ပေါ်သို့ ရောက်ချိန်၌ စာရေးသူတို့ ညီအစ်ကိုနှစ်ယောက်မှာ အလွန်အမင်း အံ့သြမှုနှင့်အတူ တုန်လှုပ်ချောက်ချားသွားခဲ့ရပါသည်။

အကြောင်းမူကား စောစောက စာရေးသူတို့ တွေ့ခဲ့သော ဖွေးဖွေးလှုပ်နေသည့်လူများကို တစ်ယောက်မှ မတွေ့ရတော့သောကြောင့် ဖြစ်ပါသည်။

စာရေးသူတို့ ညီအစ်ကိုနှစ်ယောက်မှာ အံ့သြမှုနှင့်အတူ ထိုသူများကို နေရာအနှံ့ လိုက်ရှာကြည့်နေမိသည်။ သို့သော် ထိုတောင်ပေါ်တွင် လူရောက်ထားသည့် အရိပ်အယောင်ကိုပင် မတွေ့ရပေ။ ထိုသူတို့ သန့်ရှင်းရေး လုပ်နေကြသော စေတီဖြူဖြူ၏ ဘေးတွင်လည်း လုပ်ထားသည့်ပုံစံမရှိ။ လူသူရောက်ထားခြင်း မရှိသည်မှာ သိသာနေပါသည်။

ဘေးပတ်ဝန်းကျင် နေရာအနှံ့တွင် လူများ မတွေ့ရသည့်အပြင် ဝါးကျောင်းငယ်လေးထဲမှ ဆရာတော်ကိုလည်း မတွေ့ရပါ။ ဆရာတော်က တောင်အောက်ရွာသို့ ကြွသွားဟန်တူပါသည်။

ထို့ကြောင့် စာရေးသူတို့ ညီအစ်ကို နှစ်ယောက်မှာ ကြောက်အားကြီးကာ ဆရာတော်၏ ဝါးကျောင်းငယ်လေးထဲသို့ပင် မဝင်ရဲတော့ဘဲ အပြင်မှ သစ်ပင်အောက်တွင် ဆရာတော်အလာကို ထိုင်စောင့်နေမိပါတော့သည်။ နှစ်ဦးသား ကြောက်စိတ်များဖြင့် ဆရာတော်လာမည့် တောင်တက်လမ်းကို မျှော်ကြည့်နေမိသည်။

ခဏအကြာမှာတော့ အသက်(၃၀) ကျော်အရွယ် လူတစ်ယောက်နှင့် ဆရာတော် ရောက်ရှိလာခဲ့ကြပါသည်။ ထိုအခါမှ စာရေးသူတို့မှာ ဝမ်းသာကြရပါတော့သည်။ ဆရာတော်က စာရေးသူတို့ကို တွေ့သောအခါ ပြုံးရွှင်သော မျက်နှာတော်ဖြင့်...

'ငါ့သားတို့ ရောက်နေကြတာကိုး ရောက်နေတာကြာပြီလား'

'အခုလေးတင်ပါ ဘုရား'

ထို့နောက် ဆရာတော်က အတူလိုက်ပါလာသူအား...

'ကဲ ဒကာလေးလဲ အလုပ်ရှိသေးရင် ပြန်လို့ရပြီ။ ဆွမ်းချိုင့်ကိုတော့ ဒီဒကာလေးတွေဆီ ပေးခဲ့ပါကွယ်'

'တင့်ပါဘုရား'

ထိုသူသည် ပါလာသော ဆွမ်းချိုင့်အား စာရေးသူတို့ထံ ကမ်းပေး၍ ဆရာတော်အား ကန်တော့ကာ ပြန်သွားခဲ့သည်။ ထို့နောက် စာရေးသူတို့နှစ်ယောက်မှာ ဆရာတော်နှင့်အတူ ဝါးကျောင်းငယ်လေးထဲသို့ ဝင်ခဲ့ကြသည်။

ဆရာတော်က ရွာထဲတွင် အိမ်သစ်တက် အလှူဆွမ်းကပ်၍ သွားရောက်နေကြောင်းပြောပါသည်။ ထို့နောက် ဆရာတော်သည် ပါလာသော ဆွမ်းချိုင့်ထဲမှ ထမင်းဟင်းကို စာရေးသူတို့

www.burmeseclassic.com

အား စားစေပါသည်။

ဆရာတော်သည် ထိုသို့ ဆွမ်းအပို ယူလာသောကြောင့် စာရေးသူတို့ ရောက်နေသည်ကို သိနေသည့် ပုံစံပင်။

စာရေးသူတို့မှာ ထမင်းစားသောက်ပြီး စာရေးသူတို့ စောစောက တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ဆန်းအကြောင်းကို ဆရာတော်အား လျှောက်ထားလိုက်သည်။ ထိုအခါ ဆရာတော်က ပြုံးရွှင်သောမျက်နှာတော်ဖြင့်...

'အင်း ဝိုသားတို့က သူတို့တွေနဲ့ တွေ့ခဲ့ကြတာကိုး'

ဆရာတော်၏ စကားအဆုံးတွင် စာရေးသူတို့နှစ်ယောက်စလုံး ပြိုင်တူ မေးမိလိုက်သည်။

'သူတို့ဆိုတာက ဘယ်သူတွေလဲ ဘုရား'

'ဒီတောင်က **အစောင့်အရှောက်တွေပါကွယ်။** သူတို့တွေက **သူတော်ကောင်းတွေပါ။** ငါ့သားတို့ကို ဒုက္ခမပေးပါဘူး။ မကြောက်ပါနဲ့'

ဆရာတော်၏ စကားအဆုံး၌ စာရေးသူတို့ ညီအစ်ကိုနှစ်ယောက်မှာ အံ့သြမှုနှင့်အတူ စောစောက တွေ့ခဲ့ရသော ဖွေးဖွေးလှုပ်နေသည့် လူအုပ်ကြီးကို ပြန်မြင်ယောင်လာရင်း ကြက်သီးဖျန်းဖျန်း ထနေမိပါတော့သည်။

ထို့နောက် ဆရာတော်က ထိုတောင်ပေါ်တွင် အစောင့်အရှောက်တွေများစွာရှိကြောင်း၊ ဆရာတော်ရောက်စက ထိုအစောင့်များက ဆရာတော်အား ခြောက်လှန့်တတ်ကြောင်း၊ တစ်ညအတွက်မူ ဆရာတော် ကျိန်းစက်နေစဉ် ခေါင်းရင်း၌ နွားဆိုးတစ်ကောင်၏ တွန်သံသဖွယ် အသံပြု၍ ခြောက်လှန့်သဖြင့် ထကြည့်သည့်အခါ ဘာကိုမှ မတွေ့ရကြောင်း...

နောက်ပိုင်းတွင်မူ ဆရာတော်၏ မေတ္တာပို့သပေးမှုကြောင့် ဆရာတော်အား မနှောင့်ယှက်တော့သည့်အပြင် ယခုတွင်မူ ဆရာတော်ကိုပင် ကူညီနေကြကြောင်းနှင့် စာရေးသူတို့ စောစောက တွေ့ခဲ့ကြသော အခြင်းအရာများကြောင့် နောင်တစ်ချိန်၌ ထိုတောင်ပေါ်တွင် ဘုရား၊ စေတီများဖြင့် စည်ကားလာနိုင်ကြောင်း စသည်ဖြင့် မိန့်ကြားခဲ့ပါသည်။

စာရေးသူတို့ ညီအစ်ကိုနှစ်ယောက်သည် ဆရာတော် မိန့်ကြားသည်များကို အံ့သြစွာ နားထောင်၍ အပြီးတွင် ပါလာသော လှူဖွယ်ပစ္စည်းများဖြင့် ဆရာတော်အား ကန်တော့လိုက်ကြသည်။ ထို့နောက် နေမဝင်မီ အိမ်သို့ ပြန်ရောက်ရန် ရွာသို့ သုတ်ခြေတင် ပြန်ခဲ့ကြပြန်ပါသည်။

ဤသို့ဖြင့် ဆရာတော်သည် ထိုတောင်ပေါ်တွင် နောက်ထပ် (၅)လကြာ သီတင်းသုံးပြီးနောက် တခြားတစ်နေရာသို့ ကြွသွားခဲ့ပါသည်။ မည်သည့်နေရာသို့ ကြွသွားခဲ့သည်ကိုမူ စာရေးသူတို့ မသိလိုက်ရပါ။ ယခုချိန်ထိ စာရေးသူတို့နှင့်လည်း အဆက်အသွယ် မရတော့ပါချေ။

**မှတ်ချက်** ။ ။ **ဆရာတော် မိန့်ကြားခဲ့သည့်အတိုင်းပင် ယခုအချိန်၌ ထိုတောင်ပေါ်တွင် ဘုရားကျောင်းကန်စေတီများဖြင့် စည်ကားလျက်ရှိနေပါသည်။**

***(စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်အား ဆီလျော်အောင် ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။)***

***ပညာအလင်းဖြင့် အမှောင်ခွင်းနိုင်ကြပါစေ။***

**ညီလေးငယ်(လယ်တော်)**

စာမူရှင်များသို့...

ပေးပို့သော

စာမူများကို

မူမှား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

အယ်ဒီတာ...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

မောင်ကံ
(တံတားရွာ)

# စိုးလှောင်အိပ်ရောဂါ

တက်အိပ်မိတဲ့
ဘုမသိ ဘမသိနဲ့ ကျွန်တော်



ဆောင်းပါးခေါင်းစဉ်ကို ဖတ်ပြီး ဘာပါလိမ့်ဟု အမျိုးမျိုး တွေးကြပါလိမ့်မည်။ အတွေးတွေ မကြာရအောင် ရှင်းပြပါမည်။ ဝန်ထမ်းဘဝ ပြည်နယ်များသို့ လှည့်လည် တာဝန်ထမ်းဆောင်နေစဉ် ကျွန်တော့်ကိုယ်တွေ့များ အနက်မှ အချို့ကို ဆောင်းပါးရေးခဲ့ပါသည်။

ယခု ဆောင်းပါးသည် ကျွန်တော် ယခင် ရေးသားခဲ့သော သက်ရှိထင်ရှား ရှိစဉ်ကလည်း ကျွန်တော့်ကို ထမင်းချက်ကျွေးပြီး၊ ကွယ်လွန်ပြီးနောက်ပိုင်းတွင်လည်း ကျွန်တော့်ကို ထမင်းချက်ကျွေးရန် ညစဉ် မီးဖိုခန်း၌ ထင်းလာခွဲနေသော တပည့်ဖြစ်သူအကြောင်း ရေးသားခဲ့သည့် **"မဲခေါင်မြစ်ကမ်းက ထင်းခွဲသံ"** ဟူသော ဖြစ်စဉ် ဖြစ်ပေါ်ခဲ့ရာ မဲခေါင်မြစ်ကမ်းရှိ ဝမ်ကျင်းရှမ်းတိုင်းရင်းသားရွာကြီးတွင် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်မှန် ဖြစ်ပါသည်။

၂၀၀၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပုံမှန် အုပ်ချုပ်ရေးစနစ် ထူထောင်ရန်အတွက် မြို့နယ်ခွဲများ

www.burmeseclassic.com

ဖွဲ့စည်းရာတွင် ကျွန်တော် တာဝန်ကျသော တာချီလိတ်မြို့နယ်သည် တာလေမြို့နယ်ခွဲနှင့် ကျိုင်းလပ်မြို့နယ်ခွဲဟူ၍ မြို့နယ်ခွဲ(၂)ခု ဖွဲ့စည်းရပါသည်။

တာလေမြို့နယ်ခွဲမှာ တာချီလိတ်မြို့မှ သွားလာရန် လွယ်ကူ၍ အခက်အခဲ အနည်းငယ်သာရှိသော်လည်း ကျိုင်းလပ်မြို့နယ်ခွဲမှာမူ ထိုအချိန်က လမ်းပန်းဆက်သွယ်ရေးမှာ လွန်စွာ ခက်ခဲပြီး ဖိုးပိုးကားများပင် မိုးရာသီတွင် နေ့ချင်းမပေါက်ဘဲ တစ်ချိန်က တရုတ်ဖြူများ ကြီးစိုးခဲ့သည့် မိုင်းပါလျှိုး ဧရိယာအတွင်းရှိ ရွာတစ်ရွာတွင် တစ်ညအိပ်ကာ (၂)ရက် သွားရသည်များလည်း ရှိခဲ့ပါသည်။ သွားလာရေးခက်ခဲမှုကို ယခင်ဆောင်းပါးတွင် ရေးခဲ့ပြီးဖြစ်၍ ထပ်မံ မရေးတော့ပါ။



ခရီးသွားရသဖြင့် ရှမ်းပြည်နယ်၏ ဒေသန္တရ ဗဟုသုများစွာ ရရှိခဲ့ပါသည်။ တာလေအလွန် မိုင်းလင်းရွာရှိ **မိုင်းလင်းဘုရား (ဆင်းတုတော်)**မှာ လွန်စွာ တန်ခိုးကြီးလှကြောင်း ဒေသခံများထံမှ သိရှိရပါသည်။

ဘုရားသမိုင်းစာအုပ်လည်း ဖတ်ရှုရပါသည်။ အကျယ် မရေးတော့ပါ။ ဒေသခံများ၏ ပြောကြားချက်အရ ဗ.က.ပများ သောင်းကျန်းစဉ်အခါက မိုးလင်းဘုရားကုန်းတော်တွင် တပ်စွဲထားသော တပ်မတော်စစ်ကြောင်းကို ဘုရားကုန်းပတ်လည်ရှိ တောင်ကုန်းများပေါ်မှ လက်နက်ကြီးများဖြင့် အကြိမ်ကြိမ် ပစ်ခတ်သော်လည်း ဘုရားကုန်းတော်ပေါ်သို့ လက်နက်ကြီးကျည်တစ်ကြိမ်မျှ မကျဘူးကြောင်း၊

သောင်းကျန်းသူများ ပစ်ခတ်ပြီး မကြာမီ တောင်များပေါ်မှ မြူခိုးများ ထွက်ပေါ်လာကာ ဘုရားကုန်းတော်ပေါ်သို့ စုစည်းရောက်ရှိလာပြီး ဖုံးအုပ်လိုက်ရာ သောင်းကျန်းသူများမှာ ဘုရားကုန်းတော်ကို ရှာမတွေ့တော့ဘဲ ပစ်ခတ်မှုကို ရပ်ဆိုင်းရကြောင်း ဒေသခံ အသက်အရွယ်ကြီးသူများထံမှ မိုင်းလင်းဘုရား၏ တန်ခိုးတော်အကြောင်း ဗဟုသုတအဖြစ် ကြားသိရပါသည်။

ဒေသန္တရဗဟုသုတ အခြားတစ်ခုမှာ ဆောင်းရာသီ ချမ်းချမ်းစီးစီး ကာလတွင် ကိုရင်လေးများ သင်္ကန်းရောင် ဦးထုပ်များဆောင်းကာ စက်ဘီးလေးစီးပြီး ဆွမ်းအုပ် သယ်ယူနေသည်မှာ မြေပြန့်တွင် မတွေ့မြင်ဘူး၍ အမြင်ဆန်းလှပေသည်။

တိုင်းရင်းသား ကိုရင်လေးများသည် ဝဝတုတ်တုတ် မျက်နှာဝိုင်းဝိုင်း ပါးဖောင်းဖောင်းနှင့် ရုပ်ရည်သန့်ပြန့်လှသည့်အပြင် ပါးပြင်၌ သွေးခြည်မျှင်လေးများ ပေါ်နေအောင် နုနယ်လှရာ ကျွန်တော့်မှာ ကိုရင်လေးများကို မြင်တိုင်း ကြည့်မဝ၊ ဖူးမဝနှင့် မျက်စိတစ်ဆုံး ငေးမောလိုက်ကြည့်ခဲ့သည်မှာ အကြိမ်ကြိမ်ပင်။

မြို့နယ်ခွဲ ဖွင့်လှစ်မည့် မဲခေါင်မြစ်ကမ်းက ဝမ်ကျင်းရွာကြီးသို့ ညနေပိုင်းတွင် ရောက်ရှိပါသည်။ ရောက်လျှင်ရောက်ချင်း ရုံးဆောက်လုပ်မည့် မြေနေရာရွေးချယ်ခြင်း၊ မြေတိုင်းခြင်း အမှုတွဲတွင် လိုအပ်သည့် အကြောင်းအရာများ ပြည့်စုံစေရန် ကျေးရွာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ညနေပိုင်းတွင် ရွာပြင်ရှိ စမ်းချောင်းသို့ ရေချိုးဆင်းကြပါသည်။

ဒေသထုံးစံအရ မြို့များကဲ့သို့ အိမ်မှာ ရေသိုလှောင်ပြီး ရေချိုး၊ အဝတ်လျှော်ခြင်း ပြုလေ့မရှိပါ။ စမ်းချောင်းတစ်လျှောက် ကြည့်လိုက်သောအခါ ရွာသူရွာသားများ ရေချိုးနေသည်ကို တွေ့ရသော်လည်း အမျိုးသားမှာ လွန်စွာနည်းပါးပါသည်။ အခြားနေရာများတွင် သွားချိုးနေ၍လည်း ဖြစ်နိုင်ပါသည်။

အမျိုးသမီးများမှာမူ ရေချိုး၊ အဝတ်လျှော် လုပ်ငန်းကိုယ်စီနှင့် စမ်းချောင်းဘေးတွင် ရှိနေပါသည်။ ညနေပိုင်း တိမ်တောက်ချိန်တွင် ရှမ်းတိုင်းရင်းသူပျိုဖြူများ၏ လှပသည့်မျက်နှာ၊ ဝါဝင်းသော အသားအရေ၊ ပြေပြစ်သော ကိုယ်လုံးနှင့် စိမ်းစိုသော တောတောင်ရှုခင်း၊ ကြည်လင်သော စမ်းချောင်းရေ အစီအရီရှိနေသော သဘာဝကျောက်တုံးများ ပေါင်းစည်းလိုက်သောအခါ ဒီလိုမြင်ကွင်းမျိုး ဘယ်နေရာမှာမှ မရှိနိုင်ဟုပင် ကိုယ့်သဘောနှင့်ကိုယ် သတ်မှတ်ခဲ့ပါသည်။

ရေချိုး ညစာ စားပြီးနောက် လိုအပ်သည့် စာရွက်စာတမ်းများ ပြုစုခြင်း လုပ်ပါသည်။ မကြာမီ အိပ်ရာဝင်ပါတော့မည်။ အိမ်ရှင်မှာ စီးပွားရေး ပြေလည်သူ ဖြစ်ပါသည်။ နှစ်ထပ်အိမ်ကို အသစ်ဆောက်ထားပြီး ဧည့်သည်များအတွက် တစ်ဦးလျှင် မွေ့ရာတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

နှင့် စောင်၊ ခြင်ထောင် အလုံအလောက် ထုတ်ပေးပါသည်။

အတူလာသူများတွင် ခရိုင်အုပ်ချုပ်ရေးမှူးသည် ကျွန်တော့်ထက် အသက်ကြီးပြီး တပ်ခွဲမှူးဘဝက ဤရွာတွင် မကြာခဏ လာရောက်တပ်စွဲဖူး၍ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံကို သိထားသူ ဖြစ်ပါသည်။

ရွာသူရွာသားများနှင့်လည်း ရင်းနှီးပြီး ရှမ်းတိုင်းရင်းသား စကားကိုလည်း အထိုက်အလျောက် ပြောတတ်သဖြင့် အိမ်ရှင်နှင့် တစ်ခါတစ်ရံ ရှမ်းတိုင်းရင်းသားလို ပြောသည်လည်း ရှိပါသည်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ကို ယခု ပထမဆုံး တာဝန်ကျဖူးသူဖြစ်၍ ဘာမှမသိပါ။

အိမ်အပေါ်ထပ်တွင် အိပ်ရာများ ခင်းပြီးနောက် ကျွန်တော်က ဘေးတွင် လူ(၂)ယောက်ရှိလျှင် မအိပ်တတ်သဖြင့် အခန်းကန့်ထားသော နံရံနားရှိ မွေ့ရာပေါ်တွင်အိပ်ရန် ကျွန်တော့်လက်ဆွဲအိတ်ကို ယူပြီး နေရာချပါသည်။

ထိုအခါ ခရိုင်အုပ်ချုပ်ရေးမှူးက...

'ကိုယ့်ညီ ဒီဘက် လာအိပ်ပါလား'

ဟု ပြောပါသည်။ သို့ရာတွင် ကျွန်တော်သည် နံရံဘေးတွင် လွတ်လွတ်လပ်လပ်အိပ်ရန် ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ်မို့...

'ဒီမှာပဲ အိပ်တော့မယ် အစ်ကိုကြီး'

ဟု ပြန်ပြောရင်း အိပ်ရာပြင်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူးက ဘာမှ ဆက်မပြောတော့ပါ။ ကျွန်တော် ခြင်ထောင်ထောင်၍ မပြီးမီ ခရိုင်အုပ်ချုပ်ရေးမှူးက...

'ကိုယ့်ညီ ဒီဘက် လာအိပ်ပါလား အကျယ်ကြီးပဲ'



ဟု အပြင်တံခါးရှက်ဘက်ကို လက်ညှိုးထိုး၍ ပြောပါသည်။

ကျွန်တော်လည်း ကိုယ့်စိတ်ကူးနှင့်ကိုယ်မို့...

'နေပါစေတော့ အစ်ကိုကြီး ရပါတယ်'

ဟု ပြန်ပြောပါသည်။ ဒီလိုနှင့် နောက်ဆုံး တကယ်အိပ်တော့မည်ဟု ပြင်ဆင်နေချိန်တွင် ခရိုင်အုပ်ချုပ်ရေးမှူးက...

'အဲဒီဘက်နဲ့စာရင် ဒီဘက်က ပိုကောင်းတာပေါ့'

ဟု နောက်ဆုံးစကားကို ပြောပါသည်။

ကျွန်တော် ဘာမှ ပြန်မပြောတော့ပါ။ ပင်ပန်းလာသမျှ ခေါင်းချပြီး အိပ်လိုက်ပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ရုံးဝန်ထမ်း(၂)ဦးတို့လည်း ကိုယ့်နေရာနှင့်ကိုယ် အိပ်ကြပါသည်။

ခရီးပင်ပန်း၍ လွယ်လွယ်ကူကူ အိပ်ပျော်သွားချိန်တွင် ကျွန်တော့်ခေါင်းကို ဖြည်းဖြည်းချင်း ကိုင်လှုပ်သည်ကို သိလိုက်ရပါသည်။ မျက်စိကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်တော့ မှုန်ဝါးဝါး အလင်းရောင်တွင် သက်ကြီးအရွယ်အမျိုးသားတစ်ဦးကို မသဲမကွဲ မြင်ရပါသည်။ ရုတ်တရက် ထိတ်လန့်ပြီး အိပ်နေရာမှ ကုန်းထပြီး ကြည့်သောအခါ ဘာမှ မရှိတော့ပါ။

အတူပါသူများလည်း ဟောက်သံအမျိုးမျိုးဖြင့် အိပ်နေကြပြီဖြစ်ရာ ထွေထွေထူးထူး မစဉ်းစားဘဲ ပြန်အိပ်လိုက်ပါသည်။ ခရီးပန်းသည့်အရှိန်၊ ဆောင်းရာသီ၏ အေးမြသော အခြေအနေကြောင့် ချက်ချင်း ပြန်အိပ်ပျော်သွားပါသည်။

အိပ်ပျော်၍မှ မကြာမီပင် စိတ်အာရုံထဲတွင် သက်ကြီးအရွယ်အမျိုးသားတစ်ဦး ကျွန်တော့်ပေါ်မှ အုပ်မိုးကာ ကျွန်တော့်လက်နှစ်ဖက်ကို မ,နေသည်ဟု ခံစားရပါသည်။ သူ၏ အမူအရာမှာ စိတ်ဆိုးလာသည့် ဟန်ပန်မျိုး ဖြစ်နေပါသည်။

ကျွန်တော့်မှာ တော်တော်လေး ကြောက်လာပြီး ကုန်းထလိုက်ပါသည်။ ထလိုက်သည်နှင့် ထိုပုဂ္ဂိုလ်မှာ အနားတွင် မရှိတော့ပါ။ ကျွန်တော် စဉ်းစားမိပါပြီ။ တစ်ခါမှ မရောက်ဘူးသည့် အရပ်ဒေသနေအိမ်တွင် ကျွန်တော် အိပ်နေသည်ကို မနှစ်မြို့သူက နှောင့်ယှက်နေသည်ဟု သိလိုက်ရပါသည်။

ဝိညာဉ်ပိုင်းဆိုင်ရာဆိုတော့ ဗုဒ္ဓဘာသာထုံးစံအတိုင်း သရဏဂုံ(၃)ပါး ရွတ်ခြင်း၊ ဂုဏ်တော်(၉)ပါးရွတ်ဖတ်ခြင်း၊ ပြီး ဂါထာအချို့ ရွတ်ဖတ်ခြင်းကို လဲလျောင်းလျက်ပင် အာရုံပြု ရွတ်ဖတ်ပါသည်။ အချိန်အနည်းငယ်ကြာလျှင် အိပ်ချင်လာသဖြင့် လဲလျောင်းရင်း အိပ်ပျော်သွားပါသည်။

အနှောင့်အယှက် ရှိနေပြီဆိုတော့ စိတ်ဖြောင့်ဖြောင့်တော့ မအိပ်နိုင်ပါ။ သတိထားအိပ်နေစဉ် ကျွန်တော် အိပ်နေသည့် အချိန်အတွင်း ထိုပုဂ္ဂိုလ်ကြီးမှာ မည်မျှ စိတ်ဆိုးနေသည်ကို ကျွန်တော် မသိပါ။ ဒီတစ်ခါတော့



www.burmeseclassic.com

www.burmeseclassic.com



တော်တော့်ကို ကြမ်းလာပါပြီ။

ကျွန်တော် အိပ်ပျော်သွားစဉ် ကျွန်တော့်ခြေနှစ်ချောင်းကို လက်နှစ်ဖက်ဖြင့်ကိုင်ပြီး မွေ့ရာအောက်သို့ ဆွဲချလိုက်သလို ရုတ်တရက် ခံစား၍ လန့်နိုးပြီး ကြောက်လန့်တကြား ကုန်းထပါသည်။

ထိုင်လျက်အနေအထားဖြင့် ကြည့်လိုက်ရာ ကျွန်တော်သည် မွေ့ရာ၏ အရင်းပိုင်း ရောက်နေသည်ကို သတိထားမိပါသည်။

အကြောက်လွန်ပြီး အေးလွန်းလှသည့် ဆောင်းရာသီ၌ပင် ချွေးစီးများ ထွက်လာပြီး ခေါင်းထဲတွင်လည်း မူးနောက်နောက် ရီဝေဝေ ဖြစ်လာပါတော့သည်။ ဒီအတိုင်းတော့ ဆက်မအိပ်ရဲတော့ပါ။ အနီးရှိ အိပ်နေသူများကိုလည်း မနှိုးလိုပါ။ မွေ့ရာပေါ်တွင် ထိုင်နေရင်း ရသမျှ ဘုရားစာကို အတည့်ရော၊ ခုန်ကျော်၊ ပေါက်ကျော်ရော ရွတ်ဆိုနေပါသည်။

ထိုအချိန်ကျမှ ခရိုင်အုပ်ချုပ်ရေးမှူးက ကျွန်တော့်ကို ဘာကြောင့် နေရာရွှေ့အိပ်ခိုင်းသည်ကို အနည်းငယ် သိလာပါသည်။ အတန်ကြာတော့လည်း စိတ်လည်း တည်ငြိမ်လာပြီး အရုဏ်တက်ချိန်လည်း နီးလာပြီဟု ခန့်မှန်းမိသဖြင့် တစ်ညလုံး ကောင်းစွာ မအိပ်ရခဲ့သောကြောင့် အိပ်သင့်ပြီဟု ဆုံးဖြတ်ကာ ပြန်အိပ်လိုက်ပါသည်။

မိုးလင်းခါနီး၍လားမသိပါ။ နံနက် (၆)နာရီ အိပ်ရာမှ နိုးသည့်အထိ ထိုပုဂ္ဂိုလ်မှာ ပြန်မလာတော့ပါ။

အိပ်ရာထ မျက်နှာသစ်ပြီးနောက် အိမ်ရှင် ဦးခံက ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ကိုစားကာ ပစ္စည်းများ ကားပေါ်တင်ပြီး မဲခေါင်မြစ်ကမ်း၊ ဝမ် ကျင်းရွာကြီးမှ ပြန်လည် ထွက်ခွာလာပါသည်။

ကားထွက်ပြီး နာရီဝက်ခန့်အထိ ဟိုရောက်ဒီရောက် စကားပြောလာသော်လည်း နောက်ပိုင်းတွင် ကျွန်တော်သည် စကားမပြောတော့ဘဲ ညက အိပ်ရေးပျက်ခဲ့သဖြင့် ကားစီးရင်းပင် မှေးခနဲ အိပ်ပျော်သွားပါသည်။ နာရီဝက်ခန့် အိပ်လိုက်ပြီးနောက် ပြန်နိုးလာရာ ခရိုင်အုပ်ချုပ်ရေးမှူးက အိပ်ရေးပျက်နေသော ကျွန်တော့်ပုံစံကို ကြည့်ပြီး…

'ကိုယ့်ညီက ကောင်းကောင်း မအိပ်ရဘူးနဲ့တူတယ်'

ဟု ပြောရာ ကျွန်တော်က ညက ဖြစ်စဉ်ကို အသေးစိတ် ပြောပြပါသည်။ ထိုအခါ ခရိုင်အုပ်ချုပ်ရေးမှူးက…

'ကိုယ့်ညီကို အဲဒီ မွေ့ရာပေါ်မှာ မအိပ်စေချင်လို့ ဒီဘက်ကို လာအိပ်လို့ ခေါ်တာ ကိုယ့်ညီကမှ လာမအိပ်တာ'

ဟု ပြောရာ သူ ဘာကို ဆိုလိုသည်ဟု ကျွန်တော်မသိပါ။

ဒါကြောင့် သိအောင်ရှင်းပြခိုင်းရာ ခရိုင်အုပ်ချုပ်ရေးမှူး…

'ဒီလိုကွ ကိုယ့်ညီရ ဒီဒေသက လူတွေမှာ ရိုးရာဓလေ့တစ်ခုရှိတယ်။ အဲဒါက ကွယ်လွန်သွားတဲ့ မိဘတွေကို နေစရာမရှိမှာစိုးလို့လား (ဒါမှမဟုတ်) မိဘနဲ့အတူ နေချင်လို့လားတော့ မသိဘူး။ မိဘတွေ ကွယ်လွန်ရင် ကျန်တဲ့ သားသမီးက နှစ်ထပ်အိမ်ဆိုရင် အပေါ်ထပ်ခန်းဆီးကာတဲ့ နံရံရဲ့ အပြင်ဘက် တစ်ထပ်ဆိုရင်လဲ ခန်းဆီးကာတဲ့ အပြင်ဘက် ကပ်လျက်မှာ မွေ့ရာ၊ စောင် အိပ်ရာကိုခင်းပြီး အဖေ၊ အမေ ဒီမှာအိပ်ပါလို့ ပြောပြီး မွေ့ရာ တစ်ခုကို အမြဲခင်းထားပေးတယ်။ လာအိပ်မအိပ်တော့ မသိနိုင်ဘူး။ အဲဒီမွေ့ရာကို အိမ်သားတွေ ဘယ်သူမှ မအိပ်ရဘူး။ မိဘကို ရိုသေသမှု သဘောပေ့ါ။ ပြောရရင်တော့ အဲဒီအိပ်ရာက ဝိညာဉ်အိပ်ရာပေ့ါ။ ကိုယ့်ညီက ညက ကွယ်လွန်သွားတဲ့ အိမ်ရှင်အဖေရဲ့ အိပ်ရာပေါ် တက်အိပ်နေတော့ အိပ်ရာပိုင်ရှင်(ဝိညာဉ်)က မကျေနပ်လို့ ကိုယ့်ညီကို သူ့အိပ်ရာပေါ်က တစ်ညလုံး ဆွဲချနေတာ ဖြစ်မှာပေ့ါ'

ဟု ရှင်းပြတော့ ကျွန်တော့်မှာ ဘာကြောင့် ဒီလို ဖြစ်ရသည်ကို သိရပါတော့သည်။

ခရိုင်အုပ်ချုပ်ရေးမှူး ရှင်းပြမှသာ ကျွန်တော်သည် ပြီးခဲ့သောညက **"ဘုမသိ ဘမသိနှင့် ဝိညာဉ်အိပ်ရာပေါ် တက်အိပ်ခဲ့မိပါလား"** ဟု သိရပါတော့သည်။ ဝန်ထမ်းဘဝ၌ ဒေသတစ်ခုတွင် ထူးခြားမှု ဤဖြစ်စဉ်ကို ကျွန်တော့်တစ်သက် မမေ့နိုင်တော့ပါ။

ဤဆောင်းပါးကို ဖတ်သူတိုင်း မည်သူမဆို တိုင်းရင်းသားဒေသများကို ရောက်ရှိပါက သူတို့၏ ရိုးရာဓလေ့ ထုံးစံများကို ပြည့်ပြည့်စုံစုံ လေ့လာသင့်ပါကြောင်း၊ လိုက်နာသင့်ပါကြောင်း မျှဝေချင်၍သာ ဤဆောင်းပါးကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

မောင်ကံ (တံတားဦး)



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြင့်မြတ်စိန်

# အောက်လမ်းပညာဖြင့်

မကောင်းကြံ ခံရလေသောအခါ

ကျွန်တော်ဟာ ဒီဆောင်းပါးကို ရေးသင့်မရေးသင့် အတော် စဉ်းစားခဲ့ရပါတယ်။ နည်းပညာ အသစ်အသစ်တွေနဲ့ အလွန်ခေတ်မီတိုးတက် ပြောင်းလဲနေတဲ့ ဒီနေ့ခေတ်အခါကြီးမှာ '**အောက်လမ်းပညာသည်တွေရဲ့လုပ်ကြံမှု**' အကြောင်း ဖော်ထုတ် ရေးသားရမှာ လက်တွန့်နေမိတာ အမှန်ပါ။

ဒါပေမယ့်လဲ ဒီအကြောင်းအရာဟာ '**အကယ့်ဖြစ်ရပ်မှန်**' ဖြစ်နေပြန်တော့ ကျွန်တော် ရေးချင်မိပြန်ပါတယ်။ ဆောင်ရန်၊ ရှောင်ရန် သိစရာ မှတ်စရာတွေလဲ စုံလင်နေတာမို့ ရေးဖြစ်ခဲ့ပါတယ်။ အကြောင်းအရာ ခိုင်လုံတိကျအောင် ကျွန်တော်ကိုယ်တိုင် စုံစမ်းမေးမြန်းခဲ့ပါတယ်။

**၂၀၁၃ ခုနှစ်၊ ဇွန်လ ကုန်ရက်က** ဖြစ်ပါတယ်။ ကျွန်တော့်ဇနီးဟာ ဈေးကအပြန်မှာ အိမ်ရောက်ရောက်ချင်း ကျွန်တော့်ကို သူ့မိတ်ဆွေအကြောင်း ပြောပြပါတယ်။ အဲဒီ သူ့မိတ်ဆွေ အမျိုးသမီးဟာ ကျွန်တော်တို့ ရပ်ကွက်ထဲက ဖြစ်ပါတယ်။ **ကျွန်တော်ဟာ တောင်ကြီး အေးသာယာမြို့သစ်၊ အမှတ်(၁၀)ရပ်ကွက်မှာ နေပါတယ်။**

အဲဒီအမျိုးသမီးနာမည်က မနန်းနွယ်ပါ။ မနန်းနွယ်မှာ ခင်ပွန်း မရှိရှာတော့ပါဘူး။ သားသုံးယောက်နဲ့အတူ ဘဝကို ရုန်းကန်နေသူ ဖြစ်ပါတယ်။ ဈေးထဲမှာ စက်ချုပ်ပါတယ်။ သူ့လက်ရာက ကောင်းတော့ လက်မလည်အောင် စက်ချုပ်ရပါတယ်။ ဝင်ငွေကောင်းပါတယ်။ သားသုံးယောက်ကလဲ အလုပ်ကိုယ်စီ၊ ဝင်ငွေကိုယ်စီ ရှိကြတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ သူတို့သားအမိလေး ယောက်အိမ်မှာ ဝင်ငွေကောင်းတယ်။ စားနိုင်သောက်နိုင်တယ်။ ကိုယ်ပိုင်မြေ ကွက်ဝယ်ပြီး တစ်ထပ်တိုက်ကလေး ဆောက်တယ်။ ခေတ်မီအသုံးအဆောင် တွေ ဝယ်နိုင်သုံးနိုင်ကြပါတယ်။ သား တွေလဲ ဆိုင်ကယ်တစီစီ စီးနိုင်ကြပါ တယ်။

ဒါကြောင့် မနန်းနွယ်တို့ မိသားစုကို မနာလိုတဲ့သူ ရှိလာတယ်။ အပြိုင် အဆိုင် လုပ်ချင်တဲ့သူတွေ ရှိလာပါ တယ်။

ကျွန်တော့်ဇနီးနဲ့ မနန်းနွယ်တို့ဟာ ဈေးထဲမှာ ဆုံနေကျဖြစ်ပါတယ်။ မနန်းနွယ်က ဈေးမှာပဲ စက်ချုပ်ဆိုင် ဖွင့်ထားတာဆိုတော့ တစ်နေကုန် ဈေးမှာပဲ စက်ချုပ်နေရတာ ဖြစ်လို့ပါ။

အဲဒီနေ့က မနန်းနွယ်ဟာ ကျွန်တော့် ဇနီးကို မြင်လိုက်တာနဲ့ လှမ်းခေါ်ပြီး သူမရဲ့ အလွန် တုန်လှုပ်ချောက်ချား စရာကောင်းတဲ့ အဖြစ်အပျက်တွေကို ပြောပြပါတယ်။ ပြီးတော့ မနန်းနွယ် ဟာ ကျွန်တော့် စာဖတ်ပရိသတ် တစ်ဦးလဲ ဖြစ်နေတော့ ကျွန်တော့်ကို လဲ ဒီအကြောင်းတွေ ရေးစေချင်တယ် လို့ ပြောခဲ့ပါတယ်။

ကျွန်တော်ဟာ ကျွန်တော့်ဇနီးက အဲဒီအကြောင်းတွေ ပြောပြပြီး ကတည်းက ဒီအကြောင်းတွေ စာရေး သင့် မရေးသင့် စဉ်းစားနေမိပါတယ်။ ညနေ မနန်းနွယ် ဈေးသိမ်းပြန်ချိန် လောက်မှန်းပြီး ကျွန်တော့်ဇနီးကိုပါ ခေါ်ပြီး မနန်းနွယ်ရဲ့အိမ်ကို သွားခဲ့ပါ တယ်။

ညနေ ခြောက်နာရီကျော်နေပါပြီ။ မနန်းနွယ် ပြန်မရောက်သေးလို့ပါ။ (၁၅)မိနစ်လောက် စောင့်နေရပါသေး တယ်။ မနန်းနွယ် ပြန်လာတာမြင်မှ သူ့အိမ်ကို ကျွန်တော်တို့ဇနီးမောင်နှံ နှစ်ယောက်သွားပါတယ်။ မနန်းနွယ်က ဖော်ရွေလိုက်လှဲစွာ ဧည့်ခံပါတယ်။

မနန်းနွယ် ဈေးက ပြန်ရောက် ရောက်ချင်း အမောတောင် မဖြေနိုင် ဘဲ ကျွန်တော့်ကို သူ့အတွေ့အကြုံ အဖြစ်အပျက်တွေကို ပြောပါတော့ တယ်။

သူ ပြောနေတဲ့အချိန်မှာပဲ မိုးက သဲသဲမဲမဲ ရွာချလိုက်ပါတယ်။ လေက လဲ ထန်နေတော့ တံခါးတွေ ဖွင့်လိုက် ပိတ်လိုက်နဲ့ ဂျိမ်းခနဲ၊ ဂျိုင်းခနဲ အသံ တွေနဲ့ ချောက်ချားစရာ ဖြစ်နေပြန် ပါတယ်။ ည(၇)နာရီလောက် ရှိပြီဆို တော့ ပတ်ဝန်းကျင်ကလဲ မှောင်နဲ့ မည်းမည်းပါပဲ။

ကျွန်တော်တို့ ဇနီးမောင်နှံနှစ် ယောက်မှာလဲ မနန်းနွယ် ပြောပြတဲ့ အကြောင်းတွေကို စိတ်ဝင်တစား နားထောင်နေရင်း တုန်တုန်လှုပ်လှုပ် ချောက်ချောက်ချားချား ဖြစ်နေကြပါ တယ်။ မနန်းနွယ်က အောက်ပါအတိုင်း ပြောပြပါတယ်။

'ဆရာရယ် ကျွန်မတို့ ဒီအိမ်ကို ရောက်ကတည်းက ငွေဘယ်လောက် ဝင်ဝင် မပြည့်ဘူး။ ကြံဖန်ပြီး ကုန်နေတာ ပဲ။ ကျွန်မတို့သားအမိ လေးယောက် စလုံး အလုပ်ကိုယ်စီ ဝင်ငွေကိုယ်စီ ရှိပေမယ့် ငွေမစုမိဘူး။

ဒီအိမ်ရောက်တာ ခုဆို လေးနှစ် လောက်ရှိပြီ။ သားတွေလဲ ခဏခဏ ရန်ဖြစ်ကြတယ်။ ဆိုင်ကယ်မှောက် တယ်။ ဆိုင်ကယ် တိုက်မိတယ်။ ခဏ ခဏ ငွေလျော်ရတယ်။ ညီအစ်ကိုချင်း လဲ မတည့်ကြဘူး။ အမေကိုလဲ ကလန် ကဆန် လုပ်ကြတယ်။ အမေ့စကားလဲ နားမထောင်ကြဘူး။

ကျွန်မလဲ အလုပ်ကပင်ပန်း စိတ်က ပင်ပန်းနဲ့ စိတ်တွေညစ်လာတယ်။ ဘာလို့ ဒီလိုတွေဖြစ်နေရလဲလို့ ခဏ ခဏ စဉ်းစားမိလာတယ်။ သားတွေကို လဲ **"အိမ်မှာ ဒီလို အဆင်မပြေမှုတွေ ဘာလို့ ဖြစ်နေရလဲ"** ဆိုတာကို သား တွေကို သတိပေးတယ်။ သားတွေလဲ တဖြည်းဖြည်း ဆင်ခြင်လာမိ သတိ ထားမိလာကြတယ်။ ဗေဒင်မေးကြ၊ အကြားအမြင်နဲ့ တတ်ကျွမ်းနားလည် သူတွေ မေးကြတာတွေ လုပ်လာကြ တယ်။

ဒီနှစ် သင်္ကြန်ရက်တွေကလဲ အိမ်မှာ ပြဿနာတွေ ဖြစ်လိုက်တာ ဆရာရယ်။ သင်္ကြန်ရေပက်ခံထွက်ရင်း ဆိုင်ကယ် တိုက်မိကြ၊ ရန်ဖြစ်ကြနဲ့ ငွေလဲ အတော် ကုန်သွားတယ်။

ညီအစ်ကိုချင်းတွေလဲ ရန်ဖြစ် နပမ်း လုံးကြတယ်။ ကျွန်မလဲ စိတ်မရှည် တော့ဘူး။ အော်ရ ဟစ်ရ ဆူရတော့ တယ်။ စိတ်တွေလဲ ထွေနေတော့ တယ်။ သားအကြီးဆုံးကတော့ လိမ္မာ ပါတယ်။ အားလုံးကို ဖျောင်းဖျပါတယ်။

သားကြီးဟာ ပြီးခဲ့တဲ့ မေလတုန်းက သူ့အလုပ်ထဲက အသိမိတ်ဆွေနဲ့အတူ ဗေဒင် မေးခဲ့တယ်။ အဲဒီဗေဒင်ဆရာ က ဂေါ်ရခါးလူမျိုးပါ။ သူ ကိုးကွယ်တဲ့ မယ်တော်ရဲ့ အကူအညီနဲ့ ဟောတာလို့ ပြောပါတယ်။

ကျွန်မအိမ်မှာ အောက်လမ်းပညာနဲ့ လုပ်ထားတာ ခံနေရတယ်တဲ့။ ရန်ငြိုး ရှိတဲ့သူက လုပ်တာတဲ့။ သားကြီးက ဒီအကြောင်းတွေကို ကျွန်မကို ပြော ပါတယ်။ အဲဒီဂေါ်ရခါး ဆရာမက ရှာပေးမယ့်အကြောင်းလဲ ပြော တယ်။

သားကြီးဟာ အဲဒီ ဂေါ်ရခါးဆ ကို ကျွန်မတို့အိမ် ခေါ်လာ အဲဒီဆရာမက ကန်တော့တွေ လု





www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ပါတယ်။ ကန်တော့ပွဲ အောင်မြင်မှ အိမ်မှာလုပ်ထားတဲ့ နေရာတွေ ရှာတွေ့နိုင်ပြီး ရှင်းပေးနိုင်မယ့်အကြောင်း ရှင်းပြပါတယ်။

တရော်ကင်ပွန်းရည်တွေလဲ များများ လုပ်ခိုင်းထားပါတယ်။ ဖယောင်းတိုင်မီးလဲ အဆက်မပြတ်တမ်း မီးထွန်းခိုင်းပါတယ်။

ဂေါ်ရခါးဆရာမဟာ ကန်တော့ပွဲ အောင်မြင်တဲ့အခါ သူ ကိုးကွယ်တဲ့ မယ်တော်ထံ တိုင်တည်ပါတယ်။ ပြီးတော့ ကျွန်မတို့အိမ်ခြံဝင်းထဲမှာ အောက်လမ်းပညာနဲ့ လုပ်ထားတဲ့ နေရာတွေကို ရှာဖွေပါတယ်။

ဆရာမဟာ ညနေခြောက်နာရီလောက် ကတည်းက ကန်တော့ပွဲ စ,ထိုးပါတယ်။ တဖြည်းဖြည်း ညဘက်ရောက်လာတယ်။ ဆရာမဟာ အိမ်အပြင်ဘက် ခြံထဲထွက်ပြီး အဲဒီနေရာတွေကို ရှာတော့ ညရှစ်နာရီလောက် ရှိနေပြီ။

ကျွန်မတို့ အိမ်ခေါင်းရင်းဘက်အိမ်နဲ့ ကပ်လျက် တစ်နေရာကို တူးခိုင်းပါတယ်။ တစ်တောင်လောက် တူးလိုက်တဲ့အခါ အဝတ်စနဲ့ ထုပ်ထားတဲ့ အထုပ်တစ်ထုပ်ကို တွေ့ရပါတယ်။

ဆရာမဟာ သူကိုယ်တိုင် ဆွဲထုတ်ပါတယ်။ ပြီးတော့ အထုပ်ကို ဖွင့်ကြည့်လိုက်တယ်။ အထုပ်ထဲမှာ ဆံပင်မွေးတွေ၊ ခြေသည်းလက်သည်းတွေ ပါတယ်။ မတ်စေ့တစ်စေ့ ပါလာတယ်။ ဓာတ်ပုံတစ်ပုံ ပါတယ်။ အဲဒီဓာတ်ပုံကို အထပ်ထပ်ခေါက်ထားတယ်။

ဓာတ်ပုံရဲ့ နောက်ကျောဘက်မှာ **"သောကြာ၊ တနင်္ဂနွေ အကုန်သေ"** လို့ စာရေးထားပါတယ်။ ဓာတ်ပုံက မိန်းမတစ်ယောက်ရဲ့ပုံပါ။ အစိမ်းသေသေတဲ့ မိန်းမလို့ ဆရာမက ပြောပါတယ်။



အဝတ်စကလဲ မိန်းမထဘီ မသန့်တဲ့ ထဘီစလို့ ပြောပါတယ်။ အဲဒီ အစိမ်းသေ မိန်းမကို နှောင့်ယှက်ခိုင်းထားတာလို့ ရှင်းပြပါတယ်။ ကျွန်မကတော့ အံ့ဩလွန်းလို့ ကြောင်ပြီး ရပ်ကြည့်နေမိတယ်'

မနန်းနွယ်ပြောတဲ့ အကြောင်းတွေကို ကျွန်တော်တို့ဇနီးမောင်နှံ နှစ်ယောက်လဲ အလွန် အံ့ဩနေမိတာပါပဲ။ မနန်းနွယ်က အဲဒီလို ပြောနေတဲ့ အချိန်မှာပဲ အိမ်ရှေ့တံခါးရွက်ကို လေတိုက်လို့ ဂျိမ်းခနဲ အသံမြည်ပြီး ပိတ်သွားပါတယ်။

လေကလဲ ဝေါခနဲ တိုက်လိုက်တာ ကျွန်တော်ကိုယ်တိုင် ကျောထဲက စိမ့်သွားပါတယ်။ မနန်းနွယ်က ဆက်ပြောပါတယ်။

'ဆရာမဟာ နောက်ထပ်တစ်နေရာ ကျန်သေးတယ်ဆိုပြီး ရှေ့ကသွားပါတယ်။ အိမ်နောက်ဖေး မီးဖိုချောင် အဝင် အုတ်လှေကားထစ်အောက်ကို တူးခိုင်းပါတယ်။ အုတ်အင်္ဂတေတွေ ထုရိုက်ပြီး ဖယ်ရပါတယ်။

မြေကြီးထဲ တစ်တောင်လောက်မှာ အိုးလေးတစ်လုံး တွေ့ရပါတယ်။ အဲဒီ အိုးကိုလဲ ဆရာမကိုယ်တိုင် ဆွဲထုတ်ယူပါတယ်။ အိုးထဲမှာ ဘုရားရုပ်ပွားတော်တစ်ဆူကို မသန့်တဲ့ မိန်းမထဘီနဲ့ ပတ်ထားပါတယ်။

ဆံပင်မွေး၊ ခြေသည်းလက်သည်းတွေနဲ့ ဓာတ်ပုံတစ်ပုံ တွေ့ရပါတယ်။ ဓာတ်ပုံရဲ့ နောက်ကျောဘက်မှာ **"သောကြာ တနင်္ဂနွေ အကုန်သေ"** လို့ စာရေးထားပါတယ်။

ကျွန်မက တနင်္ဂနွေသမီး၊ သားနှစ်ယောက်က သောကြာ၊ တစ်ယောက် တနင်္ဂနွေဆိုတော့ ကျွန်မတို့မိသားစု အကုန်သေအောင် လုပ်တဲ့ သဘောပါ ဆရာ။ စောစောက တွေ့ရတဲ့ ဓာတ်ပုံထဲက အစိမ်းသေမိန်းမရဲ့ ဓာတ်ပုံပဲ ဖြစ်ပါတယ်။

ကျွန်မကတော့ အံ့ဩပြီးရင်း အံ့ဩရင်းပါပဲ ဆရာရယ်။ တုန်လှုပ်မိတာလဲ အမှန်ပဲ'

မနန်းနွယ် ပြောပြတာ ကြားရတာတောင် အလွန် စိတ်မသက်သာစရာပါ။ စိတ်မချမ်းမြေ့ဖွယ် ကောင်းလှပါတယ်။ အကုသိုလ်မကြောက်၊ ငရဲမကြောက် ယုတ်မာရဲလိုက်ကြတာ။ တုန်လှုပ်စရာ၊ ထိတ်လန့်စရာပါပဲ။

မနန်းနွယ်က ဆက်ပြီး ပြောပြပါတယ်။ ဒီအချိန်မှာ မိုးကလဲ သဲသဲမဲမဲ ရွာလို့ နေပါတယ်။ တစ်ခါတစ်ရံ မိုးခြိမ်းသံက ဂျိုးဂျိုးဂျိမ်းဂျိမ်း မြည်ဟည်းနေပါတယ်။

ချောက်ချားစရာ ကောင်းနေတာ အမှန်ပါပဲ။ စကားဆက် ပြတ်သွားတဲ့အခါ တဒင်္ဂ တိတ်ဆိတ်မှုက စိုးထိတ်စရာတောင် ကောင်းနေပြန်ပါတယ်။

'ဆရာမဟာ အောက်လမ်းပညာနဲ့ လုပ်ထားတဲ့ နေရာတွေကို ဘာချော်



www.burmeseclassic.com

www.burmeseclassic.com



ကင်ပွန်းရည်တွေနဲ့ ဆေးကြောခိုင်းပါတယ်။ တွေ့ရတဲ့ ပစ္စည်းတွေကိုလဲ ချက်ချင်းပဲ ရေစီးတဲ့ချောင်းထဲကို သွားမျှောခိုင်းပါတယ်။

သွားမျှောတဲ့အခါ နောက်ပြန်လှည့် မကြည့်ဖို့လဲ မှာလိုက်ပါတယ်။ အိမ်ပြန်ရောက်တော့ တရော်ကင်ပွန်းရည်နဲ့ ခေါင်းလျှော် ရေချိုးစေပါတယ်။ တစ်အိမ်လုံး၊ တစ်ခြံဝင်းလုံးကိုလဲ တရော်ကင်ပွန်းရည်နဲ့ ပက်ဖျန်းသန့်စင်ပါတယ်။ဆရာမဟာ မအိပ်ပါဘူး။ ပြန်သွားပါတယ်။

ကျွန်မတို့ကိုတော့ ဘုရားကျောင်းဆောင်မှာ ဖယောင်းတိုင်မီး တစ်ညလုံး ဆက်ထွန်းထားဖို့ အဆက်မပြတ် ထွန်းထားဖို့ သေသေချာချာ မှာသွားပါတယ်။

ကျွန်မတို့သားအမိတွေလဲ တစ်ညလုံးမအိပ်ဘဲ မီးဆက်ထွန်းပါတယ်။ ကျွန်မကတော့ စိတ်ရောလူရော ပင်ပန်းလွန်းလို့ မှေးခနဲ ခဏအိပ်ပျော်သွားပါတယ်။ သားတွေကတော့ မအိပ်ဘဲ စောင့်နေကြပါတယ်။

မနက်စောစော ဆရာမ ပြန်လာပါတယ်။ ဆရာမက **"ညက ဘာတွေ ထူးခြားလဲ"** လို့ မေးပါတယ်။ သားတွေက ကြွက်ပုပ်နံ့ရကြောင်း၊ တစ်ခါတစ်ရံ လေလည်တဲ့ အနံ့ဆိုးမျိုးရကြောင်း ပြောတဲ့အခါ ဆရာမက **"ဒါဆို မထွက်သေးဘူး။ ဘုန်းကြီးပင့်ပြီး ပရိတ်နဲ့ ကမ္မဝါရွတ်ရမယ်"** လို့ ပြောပါတယ်။

ဒါနဲ့ ကျွန်မတို့ သားအမိတစ်တွေဟာ ပရိတ်တရားပွဲလုပ်ဖို့ ချက်ချင်း စီစဉ်ပါတယ်။ နေ့လယ်ဘက်မှာ ဘုန်းကြီးတွေ ကြွလာပြီး ပရိတ်ချီးမြှင့်ပါတယ်။ ကမ္မဝါဖတ်ပါတယ်။ အမျှဝေကြပါတယ်။ ဆရာတော်တွေ ပြန်ကြွသွားတော့ ဂေါ်ရခါးဆရာမက ပြောပါတယ်။

အစိမ်းသေ မိန်းမဟာ ဆရာတော်တွေ ပရိတ်တရားနာဖို့ခေါ်တော့ ရောက်လာကြောင်း၊ ကမ္မဝါစာဖတ်ပြီး နှင်ထုတ်တဲ့အခါ ငိုပြီး ထွက်သွားကြောင်း ပြောပါတယ်။ ကျွန်မတို့သားအမိတွေလဲ ဒီတော့မှ စိတ်သက်သာသွားကြပါတော့တယ်။ ဆရာမကို ကျေးဇူးတင်လွန်းလို့ ထိုက်ထိုက်တန်တန် ကန်တော့လိုက်ပါတယ်။

ဆရာမကို ကန်တော့နေတဲ့ အချိန်မှာ ဆရာမကို မိန်းမတစ်ယောက် ပူးကပ်ပြီး ပြောပါတယ်။ ဆရာမအသံတော့မဟုတ်ဘူး။ အဲဒီအသံရှင်ကို ကျွန်မနဲ့ ကျွန်မသားတွေက ကြားလိုက်တော့ အံ့ဩသွားတယ်။ ဒီအသံကို ကျွန်မတို့ မှတ်မိပါတယ်။ ကောင်းကောင်းမှတ်မိတယ်။

"နင်တို့က တော်တော် တော်ကြတယ်ပေါ့လေ။ သိပ်တော်တဲ့ ဆရာမကို ရှာလာတာပေါ့လေ ဟုတ်လား"

တဲ့။ အသံရှင်က ပြောသွားတာပါ။ မကျေနပ်တဲ့အသံနဲ့ ပြောတာပါ။ ဆရာမက သတိပေးပါတယ်။ ဒီအကြောင်းတွေကို ဘယ်သူမှ မပြောဖို့ ပြန်ပြီးတော့လဲ မတုံ့ပြန်ကြဖို့ ပြောပါ တယ်။

ပြီးတော့ ဆရာမကမေးပါတယ်။ **ဟိုအရင်တုန်းက ညဘက်မှာ ဟင်းချက်တဲ့အနံ့ ရလားတဲ့။ အိမ်ခေါင်မိုးပေါ်က ဒုံးဒုံးဒိုင်းဒိုင်း အသံတွေ ကြားခဲ့လားတဲ့။** ကျွန်မကလဲ တအံ့တဩနဲ့ ဟင်းနံ့တွေ ည(၂)နာရီလောက်ဆို မကြာခဏရကြောင်း၊ ဘယ်အိမ်ကမှ ညကြီးချက်နေလဲ မသိဘူးလို့တော တွေးမိသေးကြောင်း ပြောလိုက်ပါ တယ်။

အိမ်ခေါင်မိုးတွေကိုလဲ **အဲဒီ အစိမ်းသေ မိန်းမကပဲ** ဒုံးဒုံးဒိုင်းဒိုင်းလုပ်တာ ဖြစ်ကြောင်းလဲ ဆရာမက ပြော တယ်။ ကျွန်မတို့ကလဲ မကြာခဏ အဲဒီအသံတွေ ကြားနေရကြောင်း ပြောလိုက်ရပါတယ်'

မနန်းနွယ်ကို ကျွန်တော်က...

'ခုနောက်ပိုင်းကျတော့ရော အဲ ဟင်းနံ့တွေ ရသေးလား၊ အသံတွေ ရော ကြားရသေးလား'

'ဟင်းနံ့တွေလဲ မရတော့ပါဘူး ခေါင်မိုးက အသံတွေလဲ မကြားရတော့ ဘူး။ ဆရာမ ပြောပြမှ ဒီလိုဟင်းနံ့တွေ ဘာကြောင့် နံ့ခဲ့တယ်ဆိုတာ သဘော ပေါက်သွားတာပါ။ အရင်ကတော့ ဘေးအိမ် တစ်အိမ်အိမ်ကပဲ ဟင်းချက် တယ် ထင်ခဲ့တာပါ။ ကြာတော့ ရိုးသွားခဲ့တယ်။

ခေါင်မိုးက အသံတွေကိုလဲ သွ ထားလို့ အေးလိုက်ပူလိုက်ဖြစ်ပြီး အ မြည်တာလို့ ထင်နေခဲ့မိတာ။ ဟ တော့ ဟုတ်တယ်ဆရာ။ အသံတွေ နေမပူတဲ့နေ့တွေလဲ ကြားရတော

တစ်ခါတစ်ရံ ဝုန်း ပြ



www.burmeseclassic.com

www.burmeseclassic.com

ခေါင်မိုးပေါ်က အသံတွေ ကြားနေရတယ်။ လန့်တောင်လန့်သွားတယ်။ ခုတော့လဲ ကျွန်မတို့ သားအမိတွေ စိတ်ရှင်းသွားပါပြီ။ အဆင်ပြေသွားပါပြီ'

'မနန်းနွယ် ဘာသာတရား ကိုင်းရှိုင်းတာပဲနော်။ မနန်းနွယ်တို့ ဘုရားကျောင်းဆောင်က ကျက်သရေ ရှိတယ်ဗျာ။ ဒီလောက် ဘာသာရေး လုပ်တာတောင် နှောင့်ယှက်ခံရတယ်နော်။ သတိထားစရာပဲ'

'ဟုတ်တယ်ဆရာ၊ ကျွန်မတို့က တောင်ပိုင်း ရှမ်းတိုင်းရင်းသားစစ်စစ်တွေလေ။ ငယ်စဉ်ကတည်းက ဘုရား၊ တရား ယုံကြည်ကိုးကွယ်ခဲ့တာ။ ဘုရားရှိမခိုးဘဲ အိပ်လို့မရဘူး။ ကျွန်မ အိပ်မက်ထဲမှာတောင် ဘုရားစာတွေ ရွတ်နေမိတတ်တယ်။ မကြာခဏ အိပ်မက်ထဲမှာ အန္တရာယ်တစ်ခုခု ကြုံရင် သရဏဂုံသုံးပါးကို ရွတ်နေမိတတ်တယ်'

'ဟာ ဒါဆို မနန်းနွယ်က သရဏဂုံ ထုံနေတာပေါ့ဗျာ၊ ဒါကြောင့်လဲ ဒီလို မကောင်းတဲ့အတတ်၊ အောက်လမ်းပညာနဲ့ လုပ်ကြံမှုက လွတ်မြောက်အောင် လုပ်ပေးနိုင်တဲ့သူ တွေ့ရတာ ဖြစ်မယ်ဗျ။ ဆက်ပြီးတော့ ဘာသာရေးကို ပိုပြီး လုပ်ပေါ့ဗျာ'

'လုပ်မှာပါ ဆရာ၊ ဂေါရခါးဆရာမက ပြောသွားသေးတယ်။ ဒီလိုလုပ်ထားတာ နှစ်ချီကြာနေပြီ။ ခေါင်းရင်းမှာ မြှုပ်ထားတာက (၇)နှစ်တောင်ရှိပြီ။ မီးဖိုချောင်မှာ မြှုပ်ထားတာတော့ (၄)နှစ်လောက် ရှိပြီတဲ့။ ကျွန်မ ဒီမြေကွက် ဝယ်ခဲ့တာ (၇)နှစ်ကျော် (၈)နှစ်ထဲရောက်ပြီ။ ဒီတစ်ထပ်တိုက်လေးက ဆောက်တာ နောက်ကျတယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်ကမှဆောက်ပြီး မိသားစု နေခဲ့တာပါ'



'အင်း ဒါဆို မနန်းနွယ်တို့ အိမ်မဆောက်ခင်ကတည်းကကို အောက်လမ်းနဲ့ လုပ်ထားတာပဲနော်။ နောက်တစ်ခုက အိမ်ဆောက်ပြီးမှ လုပ်တာ ဖြစ်မယ်ဗျ။ အတော်ကြောက်စရာ ကောင်းတယ်နော်'

'ဟုတ်တယ်ဆရာ၊ ဆရာလဲ ဒီအကြောင်း စာရေးပါဆရာ၊ နာမည်တော့ လွှဲရေးပေါ့'

ကျွန်တော်က ဘာမှ ပြန်မပြောခဲ့ပါဘူး။ ရေးသင့် မရေးသင့် စဉ်းစားမရသေးလို့ပါ။ ကျွန်တော့်စိတ်ထဲမှာ ဒီလို လုပ်ရပ်ကို စက်ဆုပ်မိတာရော၊ တုန်လှုပ်တာရော၊ အံ့ဩတာရော လှုပ်လှုပ်ခတ်ခတ်နဲ့ ရင်သပ်ရှုမော ဖြစ်နေပါတော့တယ်။

ဒါပေမယ့် ကျွန်တော် နှစ်ရက်, သုံးရက်လောက် စဉ်းစားသုံးသပ်ပါတယ်။ ချပြီးတော့ မရေးဖြစ်သေးပါဘူး။ စိတ်ထဲမှာ တစ်ပတ်လောက် တအုံနွေးနွေးနဲ့ ဖြစ်နေမိပါတယ်။ ဒီလို မကောင်းတဲ့ အတတ်တွေ၊ အဖြစ်ဆိုးတွေ ကြားရကြုံရတာကို စိတ်ထဲမှာ မကောင်းလွန်းလို့၊ စိတ်မသက်မသာ ရှိလွန်းလို့ ဒီအကြောင်းတွေ ရေးသားရမှာ လက်တွန့်နေခဲ့ရပါတယ်။

နောက်ဆုံးမှာတော့ စာဖတ်သူတွေအတွက် ဗဟုသုတတွေ၊ သင်ခန်းစာတွေ၊ ဆောင်ရန်ရှောင်ရန်တွေ တင်ပြပေးနိုင်တယ်လို့ ယူဆမိတဲ့အခါ ရေးဖြစ်သွားပါတော့တယ်။

ဒီလို ခေတ်အခါကြီးမှာလဲ ဒီလို အောက်လမ်းအတတ်တွေက ရှိနေပါသေးတယ်ဆိုတာ လက်တွေ့ဖြစ်ရပ်မှန်နဲ့ တင်ပြခွင့်ရလိုက်ပါတယ်။ ဒါပေမယ့် အနာရှိရင် ဆေးရှိတယ်ဆိုတာ လက်တွေ့ပါပဲ။

မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး။ ဒုစရိုက်သမားတွေကို သုစရိုက်သမားတွေက ဆုံးမနိုင်စမြဲပါ။ အချိန်ကာလတစ်ခုတော့ စောင့်ရတတ်ပါတယ်။ ရတနာမြတ်သုံးပါး အမြဲဆည်းကပ်ရင် ကံကောင်းထောက်မလာမှာပါပဲ။ ဒါတွေကို သိစေချင်တဲ့ စေတနာနဲ့ ဒီဆောင်းပါးကို ရေးရတာပါ။

ကျွန်တော့်အနေနဲ့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကတစ်ဆင့် စာဖတ်သူများကို မေတ္တာရပ်ခံချင်ပါတယ်။

ဒီလို အောက်လမ်းပညာတွေနဲ့ လုပ်ကြံမှုတွေကို ဘယ်လို ကာကွယ်ရမလဲ၊

တကယ်လို့ ဒီလိုကြုံလာရင် ဘယ်လို လုပ်ရမလဲ၊

ဒီလိုလုပ်ရပ်တွေကို ဘယ်လို သိနိုင်သလဲ စတဲ့ အချက်တွေကို **ဖြေရှင်းနိုင်တဲ့သူတွေရှိရင် ဖော်ထုတ်ရေးသားပေးစေချင်ပါတယ်။ တတ်ကျွမ်းနားလည်သော ပညာရှင်များအားလဲ ဖော်ထုတ်ရေးသားပေးဖို့ လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။**

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေကြယ်၏ ကျောက်သမားဘဝ (၉)

ရွှေကာသစ်
(ကျောက်မျက်)



## သုံးကွင်းဖူးစာ

တပေါင်းလရဲ့တစ်ရက် စောစော (၄)နာရီခန့်မှာ လမ်းလျှောက်ထွက်ရန် ဦးချမ်းသာ အိပ်ရာမှ နိုးခဲ့လေတယ်။ သုံးထပ်တိုက်ရဲ့ စလောင်းထက်မှ သပိတ်လွယ် ခေါ် ငှက်ကြားငှက်ကလေးရဲ့ ချစ်သူကို မြှူဆွယ်သော နွေဦး တေးသံသာလေးအား နားမှ ကြားနေရင်း ရောက်မိရောက်ရာ အတွေးကြောတွင် မျောနေမိပါတယ်။

ထိုအတွေးကြားမှ မနေ့ညနေက ညောင်ပင်သာရပ်မှ မောင်နီရဲ့...

'ဆရာကြီး မနက်ဖြန် ကျွန်တော်တို့ ပစ္စည်း ရောက်မယ်'

ဆိုသော ဦးချမ်းသာရဲ့ ကျောက်ဖောက်သည် မောင်နီ ချိန်းထားခြင်းကို သတိရမိပြီး ဒီနေ့တော့ ကျောက်တစ်စပ် ကြည့်ရမှာပါလား ဆိုတာကို သတိရနေမိပါတယ်။

ညောင်ပင်သာရပ်တွင် နေထိုင်သော မောင်နီတို့မှာ ပင်လယ်နဘူးအိုင်ဇာတိဖြစ်၍ သူ့ရဲ့ရှယ်ယာ သန်းမောင်မှာ မန္တလေး-မုံရွာ ကားလမ်း အုံးတောအလွန်မှ နတ်ခရိုင်ရွာသားများ ဖြစ်ပေတယ်။ နတ်ခရိုင်ရွာသားများ ဖြစ်ကြသော သန်းမောင်နဲ့ မောင်ဌေးတို့ ညီအစ်ကိုမှာ စစ်ထွက်များ ဖြစ်ကြလို့ မန္တလေး ကျောက်စိမ်း ခေတ်ထချိန်တွင် မန္တလေးမှ သံလမ်းရိုးမြို့များသို့ နီးစပ်သူများနဲ့ ရှယ်ယာလုပ် ရောင်းဝယ်နေကြရင်း မန္တလေးသူများနဲ့ အိမ်ထောင်ကျပြီး ဇာတိရွာသို့ မပြန်ကြတော့ဘဲ မန္တလေးတွင် အခြေချ နေထိုင်သူများ ဖြစ်ကြပါတယ်။

ဦးချမ်းသာ မနက် (၁၀)နာရီခန့်တွင် ညောင်ပင်သာရပ်ရှိ မောင်နီ၏အိမ်တွင် သူတို့ ဝယ်လာကြသော ကျောက်များ အနက် (၅)ပိဿာခန့်ရှိသော တစ်တုံး လုံး ကွမ်းသွေးလို နီရဲနေတဲ့ **မုံထုနှမ်း နိုင်ကျောက်တစ်တုံးအား** ကြိုက်၍ ဈေးမေးခဲ့ရာ မောင်နီက...

'ဆရာကြီး တခြားဟာတွေ မကြိုက်ဘူးလား၊ အဲဒီ တစ်တုံးတည်းဆိုရင် တစ်သောင်းရောင်းမယ်'

'ဟကောင်ရ ဈေးလှချည့်လား



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ချိန် (၅)ပိဿာလောက်ရှိတာ တစ်သောင်းဆိုတော့ တစ်ပိဿာ (၂)ထောင်ဈေး ဖြစ်နေပြီ'

ထိုအချိန်က လက်ရှိကျောက်ဈေးမှာ လက်ရွေး တစ်ပိဿာ (၅၀၀)ကျပ်ဈေး ခန့်ရှိသောအချိန် ဖြစ်ပါတယ်။

'ကဲပါလေ ဆရာကြီးကလဲ ဆိုဈေးအတိုင်း ပေးဝယ်မှာမှ မဟုတ်တာ။ ဘယ်လောက်မှီလဲ ချိန်မနေပါဘူး။ တုံးပြတ်ပဲ ပြောကြတာပေါ့'

'တုံးပြတ်ဆို သုံးထောင်ပေးမယ်'

'မရပါဘူး။ ဆရာကြီးကြိုက်ရင် ဈေးတက်ပေးပါ။ ကယ်ရီခွေ ဈေးများတယ်'

ဒါနဲ့ ဈေးညှိကြရင်း (၄၅၀၀)ကျပ်ကို ရောက်ခဲ့ကြရာ မောင်နီမှ...

'အဲဒါ ကျွန်တော့်ကျောက် မဟုတ်ဘူး။ ဆရာကြီး ကိုသန်းမောင် သီးသန့်ဝယ်လာတာ သူလာရင် ဆရာကြီးပေးတဲ့ဈေးကို ပြောပြပေးပါမယ်'

ဒီလိုနဲ့ ဦးချမ်းသာလဲ အရောင်းအဝယ် စကားပြတ်ခဲ့ပြီး အိမ်ကို ပြန်လာခဲ့တော့တယ်။ နေ့လယ်ပိုင်းမှာ ကိုသန်းမောင် ဦးချမ်းသာရဲ့အိမ်ကို လိုက်လာပြီး...

'မနက်က ကျွန်တော့်ကျောက် ဆရာကြီး ဈေးပေးသွားတယ်ဆို'

'ဟုတ်တယ် ကျွန်တော် (၄၅၀၀)ကျပ် ပေးခဲ့တယ်'

'အဲဒီကျောက် ရှယ်ယာလုပ်မယ်ဆိုရင် ဆရာကြီး ဈေးဘယ်လောက်ထားမလဲ'

'ကိုသန်းမောင်ကလဲ ကျွန်တော် (၄၅၀၀)ကျပ်မီလို့ ဈေးပေးခဲ့တာပဲ။ ခင်ဗျား ရှယ်ယာလုပ်ချင် တစ်ဝက်ထည့်ပေါ့'

ကိုသန်းမောင် ခေတ္တ စဉ်းစားနေပြီး...

'တော်ပါပြီ ဆရာကြီးရာ...ခင်ဗျားပဲ ယူလိုက်ပါတော့၊ ပစ္စည်းတွေ ပြတ်သွားရင် ကျွန်တော်တို့က မိုးကောင်းထပ်သွားရမှာ။ ဒါလေး တစ်တုံးနဲ့တော့ သံယောဇဉ် ထားမနေတော့ပါဘူး'

ဒါနဲ့ ဦးချမ်းသာလဲ ကျသင့်ငွေ ပေးချေ၍ ကျောက်ယူပြီး လက်ကောက်လုပ်ရန် ဦးချမ်းသာရဲ့ လက်ကောက်ပုတီးများလုပ်ရာ အလုပ်ခုံ မောင်သာကူးအိမ်ကို ပို့ထားခဲ့တော့တယ်။

ညနေပိုင်းအချိန်မှာ ဦးချမ်းသာ အိမ်ကို မောင်သာကူး ရောက်လာပြီး...

'ဆရာကြီး မနက်က ဝယ်လာတဲ့ကျောက် လက်ကောက်လုပ်ဖို့ မျက်နှာဖွင့်လိုက်တာ လက်ကောက်အဆင့် မဟုတ်ဘူး။ ဆရာကြီး လာကြည့်ပါဦး'

မောင်သာကူးအိမ်ကို ဦးချမ်းသာ လိုက်သွားပြီး ကျောက်ကြည့်ရာ မျက်နှာဖွင့်ထားသော ကျောက်တုံးမှာ လက်ကောက်အဆင့် မဟုတ်တော့ဘဲ အောင်ကျောက် ဖြစ်နေတော့တယ်။ လန့်တက်အရည်မှာ အဝါသန်းပြီး တစ်နေရာတွင် လက်တစ်ဆစ်ခန့် လက်စွပ်ပွင့်ရည် ခဲနေပါတော့တယ်။

နောက်နေ့မှာတော့ ကျောက်များ လျှောက်ကြည့်ပြီး နေ့ပိုင်းတွင် တစ်နေ့လုံး ယင်းကျောက်တုံးအား ဖြတ်တောက်ရာတွင် အလေအလွင့် မရှိစေရန် စီစဉ်ပေးနေရပါတော့တယ်။

ကျောက်တုံး တစ်တုံးလုံး ဖြတ်တောက်ပြီးချိန်မှာတော့ လက်ကောက်အရည်စွဲ ကွင်းကြီးနှစ်ကွင်း၊ အလတ်တစ်ကွင်းတွဲ (၁၂)ပွင့်၊ (၂၅)ကလပ်ခန့် လက်စွပ်ရည်တစ်ပွင့် ရရှိခဲ့ပါတော့တယ်။ နောက်ရက်များတွင် အဲဒီခေတ်ငွေ တန်ဖိုးရှိချိန် တွဲ(၁၂)ပွင့်ကို (၂)သောင်းကျပ်နဲ့ ရောင်းလိုက်ပါတယ်။

အလုပ်ကောင်းတဲ့ အချိန်ဖြစ်ရာ လက်ကောက်သုံးကွင်းကိုတော့ တစ်လခန့် အချိန်မှာမှ ဈေးကွက်တင်ကြည့်ရပါတယ်။ ဦးချမ်းသာ ပစ္စည်းကောင်းရထားရင် ရောင်းပုံက အများနဲ့မတူပါ။ တခြားသူများ လက်ကောက်ရောင်းပုံက မိမိလက်ကောက်များအား လက်ကောက်ပွဲစားအား ထည့်ပေးပြီး လက်ကောက်ဝိုင်းတွင် ပွဲတိုက်ခိုင်းပြီး ဒီနေ့ ဒီပွဲစားနဲ့ ဈေးမကိုက်ပါက နောက်နေ့ နောက် လက်ကောက်ပွဲစားစီ ထည့်၍ မတည့်မချင်း ပွဲစား တစ်ယောက်ပြီး တစ်ယောက် လက်ကောက်များ ပေးပြီး ပွဲတိုက်ခိုင်းကြတာပါ။

ယနေ့ ဒီပွဲစားထဲပါသော လက်ကောက်အား နောက်နေ့ နောက်ပွဲစားလက်တွင် ကြည့်ရတာပါ။ လက်ကောက်ကုန်သည်တွေက မှီသောဈေးထက် နှိမ့်ပေးတတ်ကြတာပါ။ နောက်နေ့ တစ်ယောက် ယူလာမှ နည်းနည်း ဈေးပေးတတ်ကြတာပါ။

လက်ကောက်ကုန်သည်တိုင်း လိုလိုပါပဲ။ ကျောက်ဆိုတာကလဲ မူသေသတ်မှတ်ဈေး မရှိတော့ ကုန်သည်တိုင်းကလဲ သက်သာသမျှ သက်သာအောင် ဈေးနှိမ်ဝယ်တတ်ကြတာပါ။ အဲဒီအချိန်က လက်ကောက်ဝိုင်းက (၃၄)လမ်းနဲ့ (၈၈)လမ်းဆုံမှာပါ။

ဦးချမ်းသာ လက်ကောက် ရောင်းတာက အများနဲ့မတူပါဘူး။ ဦးချမ်းသာ လက်ကောက်သုံးကွင်းကို ကိုင်သွားတဲ့ ပွဲစားက ညနေပိုင်းသိမ်းချိန် ပစ္စည်းပြန်အပ်ရင်း...

'သုံးသောင်းပဲထွက်တယ် ဆရာကြီး'

'သုံးသောင်းတန်ပစ္စည်းမှ မဟုတ်တာ မရောင်းပါဘူးကွာ'

www.burmeseclassic.com

ဆိုပြီး လက်ကောက်သုံးကွင်းကို သိမ်းထားလိုက်တော့တယ်။

အဲဒီ လက်ကောက်သုံးကွင်းကို ဈေးပေးလိုက်သော တရုတ်မလေးနှစ်ယောက်က နောက်နေ့ လက်ကောက်ဝိုင်းရောက်တော့ ဒီလက်ကောက်သုံးကွင်း ဘယ်ပွဲစားထဲပါလဲ လျှောက်ကြည့်ကြတော့ လက်ကောက်သုံးကွင်းဟာ ဘယ်ပွဲစားထဲမှာမှ မတွေ့ရဘဲ ပျောက်နေပါတော့တယ်။

အရောင်းအဝယ် တည့်သွားလား မေးတော့ ကြိုက်ပြီး ဈေးနှိမ့်ပေးလိုက်မိတဲ့ တရုတ်မလေးနှစ်ယောက် ပြာပြီပေါ့။ ပစ္စည်းကောင်းဆိုတော့ အမော စုံစမ်းရပြီပေါ့။ အဲဒါ ဘယ်သူ့ပစ္စည်းလဲ၊ ပိုင်ရှင်ဘယ်သူလဲ လမ်း(၄၀)က ဦးချမ်းသာပစ္စည်း ဆိုတာလဲ သိရော ဦးချမ်းသာနဲ့ ခင်တဲ့သူများ ရှာရပါတယ်။

နေ့လယ်ပိုင်းကျတော့ ဦးချမ်းသာ ပစ္စည်းချရောင်းလို့ ချမ်းသာနေပြီဖြစ်တဲ့အတွက် ပွဲစားဒေါ်ကြင်စိန်က ဦးချမ်းသာဆီ ဖုန်းဆက်လာတယ်။

'ဟဲလို'


'ဆရာကြီး... ဘွားတော်ပါ။ ဆရာကြီးဆီမှာ လက်ကောက်သုံးကွင်း ရှိတယ်ဆို'

ဒီအချိန်မှာတော့ ဦးချမ်းသာ ဂွင်(ခွင်)ပေါ့။

'ရှိသားပဲ ဘွားတော်... ကျောက်သမားဆီမှာ ကျောက်ရှိတာ အဆန်းလုပ်ပြီး မေးနေရသေးလား'

'အဲဒီ လက်ကောက်သုံးကွင်း ဘယ်လောက်ရောင်းမှာလဲ ဆရာကြီး'

'ဟာ မရောင်းသေးပါဘူး ဘွားတော်ရာ၊ ကျောက် နားမလည်ဘဲ ဈေးတွေတောင်ပေး မြှောက်ပေးမို့ မရောင်းဘဲ သိမ်းထားတော့မလို့'



ပွဲစားအဘွားကြီးလဲ အကျပ်ရိုက်သွားပါတယ်။

'ရောင်းပေးပါ ဆရာကြီးရာ ဘွားတော်ကုန်သည် ကောင်မလေးတွေပါ'

'ဘွားတော်ကုန်သည် ဆိုတာက ကိစ္စမရှိဘူး။ ဒီပစ္စည်း ဘွားတော် မြင်ရလို့လား၊ ဒီပစ္စည်းမျိုးရဖို့ဆိုတာ ကျောက်အလုံးတစ်ရာ ခေါင်းလို့ လက်ကောက် ကောင်းကောင်း တစ်ကွင်းထွက်ဖို့ မလွယ်ဘူးဗျ။ ဒါ ရှားပါးပစ္စည်း။

ရှည်ရှည်ဝေးဝေး ပြောမနေပါနဲ့ ဘွားတော်ရယ်၊ အဲဒီ လက်ကောက်သုံးကွင်း တစ်သိန်းဆို ကျွန်တော် ရောင်းမယ်'

ခဏနေမှ...

'မလုပ်ပါနဲ့ ဆရာကြီးရယ် ငါးသောင်းနဲ့ ရောင်းပေးပါ'

'ဒါ ငါးသောင်းတန်ပစ္စည်း မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော် ဒီပစ္စည်း မရောင်းချင်တာ'

'တစ်သိန်းတော့ မလုပ်ပါနဲ့ ဆရာကြီးရယ်၊ သူတို့ကိုလဲ ဘွားတော် ဈေးကုန် အတက်ခိုင်းပါမယ်'

'ကဲ ဘွားတော်ရေ ကျွန်တော့်ဘက်ကိုတော့ မညှိနဲ့တော့၊ သူတို့ကိုသာ ဈေးကုန်အတက်ခိုင်းတော့၊ ကျွန်တော် ရောင်းနိုင်တဲ့ ဈေးဆို ရောင်းပေးမယ်။ ဒါတွေကြောင့် ကျွန်တော့်ဆီမှာ ပစ္စည်းကောင်းရှိရင် ခင်တဲ့သူတွေ မသိစေချင်တာ'

မန်ကျည်းသုံးပင် အဘွားကြီးရဲ့ ဂျိတိုက်မှုကြောင့် ဒီလက်ကောက်သုံးကွင်းကို ရှစ်သောင်းနဲ့ ရောင်းလိုက်ရပါတော့တယ်။ အခုအချိန်မှာ ဒါမျိုးရလို့ကတော့ (၃)ကွင်း သိန်း(၅၀၀) ပြေးမလွတ်ပါ။

လက်ကောက်သုံးကွင်း ဇာတ်လမ်းက ဒီတင် မပြီးသေးဘူး။ မန်ကျည်းသုံးပင် အဘွားကြီးမှာ သားချည်းသုံးယောက် ရှိပါတယ်။ ဘွားတော်ဟာ ပင်လယ်နဘူးအိုင်ဘက်က တောသူဖြစ်ပေမယ့်လဲ ကျောက်ပွဲစားရေဝသွားတော့ ကျောက်အလုပ်ဆိုတာကလဲ တရုတ်တွေ၊ တရုတ်မတွေနဲ့ ဆက်ဆံရတာများတော့ တရုတ်လူမျိုးများရဲ့ စီးပွားရှာမှုကို ဘွားတော်က အားကျပြီး သူ့သားတွေကို တရုတ်မတွေနဲ့ပဲ ပေးစားချင်နေပါတယ်။

ဒီလိုနဲ့ ဦးချမ်းသာ လက်ကောက်သုံးကွင်းကို ပွဲစားလုပ်ရာက လက်ကောက်ဝယ်တဲ့ တရုတ်မလေး နှစ်ယောက်အနက် တစ်ယောက်ကို သူ့သားအလတ်ကောင် ကံချွန်နဲ့ ပေးစားလိုက်တယ်ဗျ။ လက်ကောက်ရေးတဲ့ ဖူးစာလို့ဆိုရမယ် ထင်တယ်။ ဘွားတော်ကြီး ကွယ်လွန်သွားပေမယ့်လဲ သူ့သား ကံချွန်တို့ ဇနီးမောင်နှံဟာ အာစီငါးထပ်တိုက်ကြီး ဆောက်နေကြတာ ဘွားတော်သာ သက်ရှိထင်ရှား ရှိသေးရင် ဘယ်လောက်များ ဝမ်းသာရှာမလဲလို့ ဦးချမ်းသာ တွေးနေမိပါတော့တယ်။

***ခဏရောက်ရ လူ့ဘဝ သုခချမ်းသာ ပြည့်စုံပါစေ။***

**ရွှေကာသစ်**
**(ကျောက်မျက်)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့်

# နတ်လော ဘီလူးလော

မဟာစက်ရှင်
(ညှို့င်လင်)



နက္ခတ္တရောင်ခြည် မဂ္ဂဇင်းအား
အစဉ်တစိုက်ဖတ်သည်မှာ ကြာ
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ
သော ဗဟုသုတ ပညာတို့ကိုလည်း
သင့်သလို ယူခဲ့ပါသည်။ အတော်
အောင် ရယူခဲ့ပြီး ယခုမှ ပြန်လည်
လှသော ဆန္ဒကြောင့် ပြန်လည်
ဆပ်ရသည်ကိုလည်း ပီတိ
သည်။

တစ်ခေါက်တွင် ကျွန်ုပ် ကိုယ်
ခင်တစ်ချိန်က အမှန်တကယ်
ခဲ့ရသော ဆန်းကြယ်ဖြစ်ရပ်ကို
ည်။ ယင်းဖြစ်ရပ်မှန်ကို တင်ပြ
ကျွန်ုပ် အသက်(၃၀)ဝန်းကျင် အချိန်ကာလ၌ ဖြစ်ပျက်ခဲ့ရသော ကျွန်ုပ်၏ ဘဝဇာတ်ကြောင်းကို အစပြုမှ ဖြစ်ပါမည်။

ထိုအချိန်တွင် ကျွန်ုပ်မှာ စက်ပြင်လုပ်ငန်းကို လုပ်ကိုင်နေစဉ်က ဖြစ်ပါသည်။ စာဖတ်ဝါသနာပါသောကြောင့် စာအုပ်နှင့် မျက်နှာ သိပ်မပြတ်ခဲ့ပါ။ အဓိက ဖတ်လေ့ဖတ်ထရှိသော စာအုပ်မှာ ဝေဒမဂ္ဂဇင်း ဖြစ်ပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ထိုစဉ်က မရှိသေးပါ။

တစ်လတွင် ဝေဒမဂ္ဂဇင်းမှ(ရေးသားသည့် ဆရာအမည် ဇဝေဇဝါ ဖြစ်နေပါသည်။ အင်းနှင့်ပတ်သက်ပြီး အင်းကွက်ကို ဖော်ပြ၍ ဗျည်း(၃၃)လုံး (က မှ အ,အထိ) မြင်းသွားချနည်းဖြင့် အင်းကွက်၏ အလယ်ဗဟိုတွင် (အ,အက္ခရာ)ကို ရောက်အောင်ချသော (အ)အလယ်သေ အင်းပညာကို ခင်း၍ ပရိသတ်အား ပညာစမ်းထားသောအကြောင်း ပါရှိပါသည်။

ထိုအင်းကွက်ကို နွားကျောင်းသား

www.burmeseclassic.com



လေးတစ်ယောက် နွားကျောင်းရင်း သစ်ပင်ရိပ်အောက်တွင် မြေပေါ် တုတ်နှင့် ခြစ်၍ ချနေရာ တစ်နေ့တွင် (အ) အက္ခရာမှာ အင်းကွက်အလယ်သို့ လွတ်လွတ်ကျွတ်ကျွတ်ရအောင် ချမိသောအခါ အင်းဝိဇ္ဇာတစ်ပါး ပေါ်လာပြီး အင်းကို ဖျက်ခိုင်း၍ လိုသောဆုတောင်းခိုင်းသည်ဟု ပါရှိသောကြောင့် ကျွန်ုပ်မှာ အလွန် စိတ်ဝင်စားသွားရပါသည်။

**"ငါလဲ ရအောင်ချမယ်"** ဟူသော စိတ်ဖြင့် ဗလာစာအုပ်တွင် ပြထားသော အင်းကွက်ကို အဆင်သင့်ဖြစ်အောင် ဆွဲထားပြီး အင်းကွက် ဗဟိုအတွင်း (အ)အလယ်ဝင်အောင် ကြိုးစားနေမိပါသည်။

နေ့လယ်ခင်းတွင် စက်ပြင်အလုပ်လုပ် အင်းချသော်လည်း ညနေစောင်းလျှင် လူငယ်သဘာဝ အသောက်အစားလေးလည်းရှိသော ကျွန်ုပ်မှာ ယမကာဆိုင်သို့ အပေါင်းအသင်းများနှင့် တစ်ခွက် တစ်ဖလား ကြိတ်တွယ်နေချိန်လည်း ဖြစ်ပါသည်။ ယင်းအချိန် ကျွန်ုပ်မှာ အိမ်ထောင်မကျသေးပါ။

ဤသို့ဖြင့် တစ်နေ့ အင်းစချပြီး (၅)ရက်အရောက်တွင် **(အ)** အက္ခရာမှာ အင်းကွက်၏ အလယ်ဗဟိုတွင် လွတ်လွတ်ကျွတ်ကျွတ် ဝင်ရောက်သွားပါတော့သည်။

ကျွန်ုပ်လည်း ရင်များ ခုန်လာပြီး အင်းကွက်ကို စိုက်ကြည့်ရင်း "ပေါ်လာမည့် ဝိဇ္ဇာ"ကို စောင့်နေရာ ရုတ်တရက် ရှေ့တွင် လာရပ်သော အဝတ်အဖြူနှင့် လူတစ်ယောက်ကို တွေ့လိုက်၍ ရင်ထိတ်၊ ခေါင်းကြီးသွားပြီး ကမန်းကတမ်း မော့ကြည့်လိုက်ရာ ဝိဇ္ဇာမဟုတ်ပါ။

အကျီဖြူကို ဒူးလောက် ဝတ်ထားပြီး ဦးထုပ်ဖြူ ဆောင်းထားသည့် ဘာသာခြားလူတစ်ဦးကို စက်တစ်လုံးကိုင်၍ ရပ်နေသည်ကို တွေ့ရပါသည်။ ကြုံကြုံဖန်ဖန် တိုက်ဆိုင်လွန်းလှ၏။ စက်ပြင်ရန်လာသောသူ ဖြစ်နေ၍ မိမိအဖြစ်ကို စဉ်းစားရင်း ပြုံးမိပါသည်။

သို့သော် ရင်ထဲမှာတော့ မကျေနပ်ပါ။ "ငါအရက်သောက်နေပြီး အင်းချလို့ ဝိဇ္ဇာမကြွတာလား" ဟူ၍လည်း စိတ်က ဖြစ်မိပြန်သည်။ ထိုအချိန်မှစ၍ အင်းစောင့်၊ စမစောင့် ဝိဇ္ဇာတို့ကို ယုံကြည်မှု သိပ်မရှိချင်တော့။ ဤကိစ္စတို့နှင့် ကြုံလာလျှင် ဘုကန့်လန့် လုပ်ချင်လာသည်အထိ မကျေနပ်စိတ်က ကြီးစိုးလာတော့သည်။

လောကီပညာတို့ကို ဘုကန့်လန့် လုပ်ချင်နေသော ကျွန်ုပ်မှာ မထင်မှတ်ဘဲ ဝိဇ္ဇာဂိုဏ်းကြီးတစ်ခုနှင့်ပါ ဘုတောရန် အကြောင်းကလည်း ပေါ်လာရပါသေးသည်။ အဖြစ်က ဒီလိုပါ။

ကျွန်ုပ်နှင့် ညနေခင်း ညဦးပိုင်းတွင် သောက်ဖော်သောက်ဖက် သူငယ်ချင်း (၅)ယောက်၊ (၆)ယောက် ပင်တိုင်ရှိပါသည်။ အားလုံးလိုလိုပင် ယမကာလေး ရစ်လာလျှင် ဂီတာကလေးတစ်လုံးနှင့် ဆိုင်ရာကောင်မလေးများ၏ အိမ်ရှေ့တွင် ဂီတာတီး၍ ဖိုသံပေးလေ့ရှိသည်ကလည်း ညစဉ်ညတိုင်းပါ။

သို့သော် တစ်ညနေတွင် သူငယ်ချ... (၆)ယောက်မှ (၄)ယောက်သ... ယမကာဝိုင်းကို မလာကြတော့... အကြောင်းကို စုံစမ်းကြည့်ရာ ကျွန်ုပ်... ဖိုသံပေးရစ်နေကြသော ကောင်မလေး... များမှာအားလုံး ရွှေရင်ကျော်ဂိုဏ်းထဲ... ဝင်ကုန်ကြသောကြောင့် ဖြစ်သည်... သတင်းက ရလိုက်ပါသည်။

ပိုဆိုးသည်က ကောင်မလေးမျာ... ပါးစပ်က အငြိမ်မနေ ဤတွင် ... ကြော်လိုက်ပြန်ပါသေးသည်။

'ငါတို့ ရည်းစားထားရင် အိမ်ထောင်... ရွေးရင် ရွှေရင်ကျော်အဖွဲ့ဝင် ယော... လေးတွေထဲကပဲ ရွေးကြမယ်။ အဲဒီ... မယောက်တဲ့ ယောကျ်ား နောက်မီး... ယောကျ်ားမျိုးနဲ့ ကြုံရမှာ ဒါမှ မဟု... စိတ်မချရဘူး'

ဂန္ဓာရီယမဟိဒ္ဓိစေဂိုဏ်း (... ရွှေရင်ကျော်ဂိုဏ်းတော်ကြီးမှာ ... အချိန်က မြန်မာနိုင်ငံတစ်ဝန်း ... လျှမ်းတောက် အောင်မြင် ကျော်... နေသည့်အချိန်၊ ဂိုဏ်းတော် စည်း... ကလည်း **"အရက်သေစာ မသော... စားရ၊ အမဲသား၊ ကျွဲသား မ... လင်ရှိမိန်းမကို ကာယကံမြော... မကျူးလွန်ရ"** ဆိုသည့် စည်း... ကလည်း ရှိလေရာ ကောင်မလေ... ပြောအားရှိကြရခြင်း ဖြစ်သည်။

ရွှေရင်ကျော်ဂိုဏ်းတော်ကပဲ ... ထက်၍လား၊ ကောင်မလေး... ကြွေးကြော်သံကပဲ တန်ခိုးထက်... မပြောတတ် ကျွန်ုပ်၏ သော... သောက်ဖက် မိတ်ဆွေ ဘသ... လေးယောက်မှာ ရွှေရင်ကျော်... ခြေစုံပစ် ဝင်ချသွားပါတော့...

ကျွန်ုပ်တို့မှာ ကျန်ရစ်သည့်... ချည့်ချည့်နဲ့နဲ့နှင့် ဂီတာတီး ...




www.burmeseclassic.com

www.burmeseclassic.com



ရသည်မှာ စိုပြည်မှုမရှိတော့ပါ။ ထို အချိန်မှာစ၍ ရွှေရင်ကျော်ဂိုဏ်းဝင် ကောင်မလေးများကို ဘုကန့်လန့် လုပ်ချင်စိတ်က များလာပြီး...

'မင်းတို့က အရက်သောက်တာ မကြိုက်ရင် ငါတို့ သောက်တယ်ကွာ ဘာဖြစ်လဲ'

ဆို၍ ခါတိုင်း တစ်ခွက်သောက်နေကျမှာ နှစ်ခွက်သောက်ပါတော့သည်။

'မင်းတို့ အမဲသားစားတာ မကြိုက်ရင် ငါတို့စားတယ်ကွာ ဘာဖြစ်လဲ'

ဟု ဆိုကာ ခါတိုင်း မြေပဲဆန်ကြော်လေးနှင့် အမြည်းလုပ်နေသော ကျွန်ုပ်တို့မှာ အမဲခြောက်ကြော်နှင့် ယမကာအမြည်း လုပ်ဖြစ်နေပါတော့သည်။

ဤမျှလောက်နှင့် အားမရသေးသော ကျွန်ုပ်မှာ ကောင်မလေးများ ကြွေးကြော်သကဲ့သို့ တန်ပြန် ကြွေးကြော်မိပါသေးသည်။

'ငါကလဲ ရည်းစားထားရင် ရွှေရင်ကျော်ထဲက မိန်းကလေးနဲ့ ဘယ်တော့မှ မထားဘူး။ မိန်းမယူရင်လဲ ရွှေရင်ကျော်ထဲက မိန်းမဆို ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ပဲဟေ့'

ကောင်မလေးများအပေါ် မကျေနပ်သော ကျွန်ုပ်မှာ ကြာတော့ မဆီမဆိုင် ရွှေရင်ကျော်ဂိုဏ်းကိုပါ ကြည့်မရ ဘုကန့်လန့် လုပ်ချင်လာပါတော့သည်။

ဘုကန့်လန့် လုပ်ချင်နေသည့် အချိန်တွင်မှ ကျွန်ုပ်တို့ အလွန်လေးစားပြီး အစ်ကိုရင်းကဲ့သို့ ခင်တွယ်ရသော ကိုမြင့်လွင်ဆိုသူမှာ ကျွန်ုပ်တို့ထံ မကြာခဏ ဝင်ထွက်လာတတ်သော်လည်း၊ ထိုလောက် ပျောက်သွားပြီး ပြန်ရောက်လာတော့ ရွှေရင်ကျော်ဂိုဏ်းမှ **"ဆေးဆော်ဖိုင်"**ဆရာ တစ်ယောက်အဖြစ် ပြန်ရောက်လာပါသည်။

ကျွန်ုပ်ကိုလည်း အလွန် သံယောဇဉ်ရှိသောကြောင့် အရက်မသောက်စေလိုသော ဆန္ဒနှင့် ရွှေရင်ကျော်ဂိုဏ်းထဲ ဝင်ဖို့ မကြာခဏ ကျွန်ုပ်အား တွန်းအားပေးနေပါသည်။

ဂိုဏ်းပညာထက် ဂိုဏ်းဝင်ဆရာများလည်း ထက်ကြ၏။ အခြားဂိုဏ်းမှ ကု၍ မနိုင်သည့်ရောဂါများကို ကိုစိန် (ကိုမြင့်လွင်လေးကို ကျွန်ုပ်တို့ ခေါ်သော နာမည်)မှ ဒိုင်ခံကုသပြီး အခြားဂိုဏ်းဆရာ အများအပြား ကိုစိန်ထံ တပည့်ခံ၍ ရွှေရင်ကျော်ဂိုဏ်းဝင်များ အဖြစ်သို့ ရောက်ရှိစေခဲ့ပါသည်။

ကိုစိန်မှာ သူ၏တပည့်များကို ခေါ်လာ၍ ကျွန်ုပ် အားကျစေရန် အမျိုးမျိုး ပြောဆိုသော်လည်း ကျွန်ုပ်မှာ လူအများအဖွဲ့အစည်းနှင့် ကိစ္စတို့ကို ဝါသနာမပါဟု အကြောင်းပြကာ ခေါင်းတွင်တွင် ခါသော်လည်း ကိုစိန်ကား ဖွဲ့မလျှော့။

ထို့ကြောင့် တစ်နေ့တွင် ကျွန်ုပ်မှာ ဤသို့ စိတ်ခေါ် အလောင်းအစား ပြုလိုက်ပါသည်။

'ကိုစိန်တို့ ဂိုဏ်းမှာ ကိုစိန် ပြော,ပြောနေတဲ့ ပုဏ္ဏကဘီလူးစမဆိုတာ ရှိတယ်နော်။ အဲဒီစမကို အသုံးချပြီး ကျွန်တော် ပုဏ္ဏကဘီလူးကို ခေါ်မယ်။ ကိုယ်တိုင်ကိုယ်ကျ မျက်စိရှေ့ရောက်လာတာ တွေ့မှ ကျွန်တော် ရွှေရင်ကျော်ဂိုဏ်းထဲ ဝင်မယ်'

ကိုစိန် အတော် အကျပ်ရိုက်သွားသည်ကို ကျွန်ုပ် တွေ့လိုက်ရသော်လည်း **"အေး မင်းစမ်းကြည့်ချင် စမ်းကြည့်ပေါ့ကွာ"**ဟုသာ ဆိုပါတော့သည်။

တစ်ရက်... အတိအကျဆိုရလျှင် (လကွယ်)ရက် တစ်ညတွင် ကျွန်ုပ်သည် ပုဏ္ဏကဘီလူးအား ခေါ်မည့် စမ်းသပ်မှုကို ပြုလုပ်ရန် ဆုံးဖြတ်လိုက်ပြီး ထိုနေ့ ညနေတွင် ကျွန်ုပ်သည် အပေါင်းအသင်းများနှင့် ယမကာဆိုင်သို့ မသွားတော့ဘဲ ဂေါ်ရချီအရက် (ဂေါ်ရခါးလူမျိုးများချက်သည့် ရိုးရာအရက်) တစ်ပုလင်းကို ဝယ်၍ အိမ်တွင် သောက်ကာ ပုဏ္ဏကဘီလူးခေါ်ရန် အစီအစဉ် ပြုလုပ်ပါသည်။

ဤတွင် ကျွန်ုပ် အိပ်စက်သည့် နေရာကို တင်ပြမှ ပြည့်စုံမည်ဖြစ်၍ တင်ပြလိုက်ပါသည်။ ကျွန်ုပ်တို့၏ ပင်မအိမ် ပျဉ်ထောင်နှစ်ထပ်အိမ်မှာ အရှေ့ဘက်သို့ မျက်နှာမူ ဆောက်ထားပြီး မိဘနှင့် အခြားမောင်နှမသားချင်းတို့ နေထိုင်ကြ၍ အိမ်အောက်ထပ် (၉)ပေ နှစ်ခန်းကိုမူ ကျွန်ုပ်၏ စက်ပြင်ဆိုင်လေး အတွက် နေရာယူထားပါသည်။

ကျွန်ုပ် ညအိပ်သည့်နေရာမှာ အိမ်မကြီး၏ အနောက်ဘက် ပေ(၅၀)အကွာတွင် ရှိသော (၈)ပေ ×(၁၂)ပေ တဲငယ်လေးတွင် ခုတင်တစ်လုံးချ၍ တစ်ယောက်တည်း အေးဆေးစွာ နေပါသည်။

ထို့ကြောင့် ကျွန်ုပ်၏ စမ်းသပ်မှုမှာ လူသူမသိဘဲ အဆင်ပြေနိုင်ပါသည်။ ယခင် ညနေခင်း အလုပ်သိမ်းပြီး ယမကာသောက်သော်လည်း ယင်းညတွင်မူ ပုဏ္ဏကဘီဘူးအား ခေါ်မည့်ည (၁၁)နာရီတွင်မှ သောက်ရန် ဆုံးဖြတ်၍ ကျွန်ုပ်စားရန် ညနေစာကိုပါ တဲသို့ ကြိုတင်ယူထားလိုက်ပါသည်။

www.burmeseclassic.com

**ပုဏ္ဏကဘီလူးစမ (ရှ.သ.က.ည)** ကိုမူ မိုင်းကိုင်စက္ကူပေါ်တွင် (၉)ကွက် အင်းချ၍ ထိုအင်းကွက်ထဲသို့ အင်းဆန် အဖြစ်သွင်းနှင့်ထားပြီး ဖြစ်သည်။

ည(၁၁)နာရီခန့်တွင် ကျွန်ုပ်သည် တဲတံခါးပေါက်၏ဘေး (ခုတင်ခြေရင်းဘက်)တွင် စားပွဲငယ်တစ်လုံး ချပြီး ပန်းကန်ပြားလေးပေါ်တွင် ပုဏ္ဏကဘီလူးအင်းချပ်ကို တင်၍ ဖယောင်းတိုင်ကို အင်းပေါ် စိုက်ထားပါသည်။

ထို အင်းပန်းကန်ဘေးတွင် အရက်ထည့်ထားသော ဖန်ခွက်ငယ်လေးနှင့် ပန်းကန်လုံးတစ်လုံးထဲတွင် ထမင်းဟင်းထည့်၍ ပုဏ္ဏကဘီလူးကို ရည်စူးကာ တင်ထားပါသည်။

(၁၁)နာရီထိုးသည်နှင့် ကျွန်ုပ်သည် အင်းပေါ်မှ ဖယောင်းတိုင်အား မီးညှိ၍ ဤသို့ ဆိုလိုက်၏။ **(ပုဏ္ဏကအင်းကို ပြထားပါသည်။)**

* * *

| | | |
|---|---|---|
| ရှ | ည | က |
| သ | ၇ | သ |
| က | ည | ရှ |

ကျွန်ုပ် ပုဏ္ဏကဘီလူးခေါ်သော ပုဏ္ဏက စမအင်း

ရှ.သ.က.ည

| | | |
|---|---|---|
| ရှ (၁) | ည (၄) | က (၇) |
| သ (၆) | မွေးနံ | သ (၂) |
| က (၃) | ည (၈) | ရှ (၅) |

အင်းဆန်နှင့် အင်းသွား

'ပုဏ္ဏကဘီလူးမင်း သိပါစေ။ အသင်ပုဏ္ဏကဘီလူးသည် လောက၌ အမှန်တကယ်ရှိသည်ဆိုပါက ကျွန်ုပ်ထံသို့ ယခုချက်ချင်း လာရောက်၍ အင်းမီးကိုငြိမ်း၍ ကိုယ်တိုင်ကိုယ်ကျ ကျွန်ုပ်မြင်တွေ့အောင် လာရောက်ပါစေ။ သင့်အတွက် ရည်စူးထားသော စားဖွယ်သောက်ဖွယ်တို့ကိုလဲ သုံးဆောင်ပါ။ တံခါးလဲ အသင့်ဖွင့်ပေးထားပါသည်'

ဟု ဆို၍ ကျွန်ုပ်သည် ယမကာကို စတင်သောက်၏။

ဖွင့်ထားသော တံခါးပေါက်ဘက်ကိုလည်း မကြာခဏကြည့်ပါသည်။ သို့သော် အချိန်မှာ တဖြည်းဖြည်း ကုန်သွားသကဲ့သို့ ကျွန်ုပ်မှာလည်း ယမကာ(ဂေါ်ရချီ)အရှိန်ကြောင့် မူးရစ်လာပါသော်လည်း ပုဏ္ဏကဘီလူးကား ကြွမလာ။

စိတ်ရှည်ရှည်နှင့် ထပ်စောင့်ပါသော်လည်း ဘာမှ ထူးခြားမှုရှိမလာ။ ဖယောင်းတိုင်မီးမှာ အင်းနားသို့ ကပ်နေပါပြီ။ ကျွန်ုပ်လဲ စိတ်မရှည်နိုင်တော့၍ ဤသို့ ပြုလုပ်မိပါသည်။ အင်းဖယောင်းတိုင်မီးကို မှုတ်ငြိမ်း၍ အင်းချပ်ပေါ်မှ ဖယောင်းတိုင် အကျန်အားခွာပြီး ပစ်ထုတ်လိုက်ကာ အင်းချပ်ကို လုံးချေ၍ ပါးစပ်ထဲသို့ထည့်၍ ဝါးစားလိုက်သည်။

ထို့နောက် ပုဏ္ဏကဘီလူးအား ဆက်ထားသော အရက်ခွက်ကို ယူ၍ အင်းချပ်ကို အရက်နှင့် မျောချလိုက်ပါသည်။ တင်ထားသည့် ထမင်းနှင့် ဟင်းကိုလည်း ကျွန်ုပ်စားရန် ထည့်ထားသော ထမင်းပန်းကန်ထဲသို့ ခရာထည့်၍ စားလိုက်ပါသည်။

ပုဏ္ဏကဘီလူး ကြွမလာသောကြောင့် ဘုကန့်လန့်တိုး၍ လုပ်လိုက်ခြင်းပါ။ မူးမူးနှင့် အိပ်ရာဝင်၍ နံနက်ရောက်မှ ပြဿနာက စပါတော့သည်။

နံနက်(၅)နာရီလောက်တွင် ကျွန်ုပ် အိပ်ရာမှ နိုးလာသော် မျက်စိဖွင့်လိုက်သည်နှင့် ခေါင်းထဲမှ တရှီရှီအသံကဲ့သို့ ကြားရပြီး ကျွန်ုပ်တစ်ကိုယ်လုံးမှာ လှုပ်ရှား၍ လုံးဝမရတော့ပေ။

ငယ်စဉ်က ဘီလူးစီး(လက်မစီး... သကဲ့သို့ ခံစားရပြီး ငယ်စဉ်ကလိုတော... အိပ်ပျော်ပြီး ကယောင်ချောက်ခြ... အိပ်မက် မက်သွားသည်တော့ မဟုတ်... ပါ။ အိပ်မပျော်ဘဲ အားလုံးကို သိ... မြင်နေပါသည်။

ကျွန်ုပ်တဲဘေးမှ ဖြတ်လျှောက်... တဲနောက်ဘက် ရေအိမ်သို့ သွား... သောသူတို့၏ အသံဗလံများလည်း... ကြားနေရပါသည်။ သို့သော် တစ်ကိုယ်... လုံး မလှုပ်ရှားနိုင်တော့ဘဲ ရုတ်တ... ဗိုက်ထဲတွင် စူးအောင့်သောဝေဒနာ... ခံစားရပြီးနောက် ဝေဒနာ လျော့... သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ ဘ... ဘက်နားထဲတွင် အသံတစ်သံ... ထူးဆန်းစွာ ကြားလိုက်သည်။

အသံမှာ ပြင်ပဘက်မှ လာ... အသံမဟုတ်ဘဲ ကျွန်ုပ်၏ ဝမ်းဗိုက်... မှလာသော အသံဖြစ်နေပါသ... အသံမှာ သေးသေးရှရှနှင့် အနည်... တိုးညင်းလှသော်လည်း ပီသပါသ... မြန်မာလိုပြောနေခြင်း ဖြစ်၍... အံ့သြမိပါသည်။ ပြောဆို... အကြောင်းများမှာ ဤသို့ဖြစ်၏...

'ဟား... ဟား... ဟား... ဟ...
ဟား... ဟား... ဟား... ဟား...'

ဘယ်ဘက်နားမှ ရယ်သံကြား... ရယ်သံ ပျောက်သွားသည်နှင့် ဗိုက်... စူးအောင့်လာပြန်သည်။ ထို့... ကျွန်ုပ်မှာ ပါးစပ်လှုပ်မရ၍ စိတ်... ဤသို့ ပြောနေရပါသည်။

'ဗိုက်ထဲမှာ ဘယ်သူလဲ ...
မြန်မြန်ထွက်'



www.burmeseclassic.com

www.burmeseclassic.com

စူးအောင့်သည့်ဝေဒနာ ပျောက်သွားပြီး နားထဲကြားရပြန်သည်။

'ဟား... ဟား... ဟား... မင်း တော်တော်ခံနိုင်သားပဲ ဖိုက မခံနိုင်ဘူး ထင်နေတာ'

အသံပျောက်သွားပြီး ဗိုက်က စူးအောင့်လာပြန်သည်။

'ဘယ်ကကောင်လဲ ဘယ်သူလဲ ထွက်စမ်း မြန်မြန်'

ကျွန်ုပ် စိတ်နှင့် ပြော၏။ သူက ဗိုက်ထဲမှ ပြန်ပြော၏။ ထိုပုဂ္ဂိုလ် စကားသံပျောက်လျှင် ဝမ်းဗိုက်ထဲက စူးစူးလာ၏။ ဝမ်းဗိုက်မှ စူးအောင့်ဝေဒနာ ပျောက်လျှင် စကားသံ ကြားရပြန်၏။

'မင်း မနေ့က ဘာလုပ်ထားလဲ ပြန်စဉ်းစားစမ်း'

ကျွန်ုပ်မှာ အပြေးအလွှား စဉ်းစားကြည့်၏။ စိတ်က တုန်လှုပ်နေ၍ စဉ်းစားမရ။

'ပြန်စဉ်းစားလေ ကောင်လေး၊ သိမှာပေါ့ကွ ဟား... ဟား...'

ကျွန်ုပ်သည် စဉ်းစားနေဆဲမှာပင် တစ်ကိုယ်လုံး ပြန်၍ လှုပ်ရှား၍ ရလာ၏။

ဝမ်းဗိုက်လည်း မစူးအောင့်တော့ နားမှလည်း ဘာစကားသံမျှ မကြားရတော့။ အလွန် ထူးဆန်းသော ဖြစ်ရပ်ကို မထင်မှတ်ဘဲ ကြုံသဖြင့် အလွန်အံ့သြမိသကဲ့သို့ တုန်လည်း တုန်လှုပ်မိ၏။

ကျွန်ုပ် ပြန်စဉ်းစားမိသည်မှာ ပုဏ္ဏကဘီလူး အင်းချပ်ကို အရက်နှင့် မျှောချမိခြင်းကိုသာ သတိရ၍ **"မဟုတ်မှလွဲရော ပုဏ္ဏကဘီလူး ငါ့ဗိုက်ထဲ ရောက်နေပြီလား"** ကျွန်ုပ်မှာ ထိတ်လန့်မှုများ ဖြစ်လာရပါသည်။

ဒီလိုနှင့် တစ်နေ့တာ ကုန်ဆုံး၍ တစ်ညတာ လွန်မြောက်ပြီး နောက်နေ့ နံနက်(၅)နာရီအချိန် ရောက်သော်



ယခင်က မနက်ကကဲ့သို့ လက်မစီးသလို ဖြစ်၍ လူမှာ မလှုပ်ရှားနိုင်တော့ ဗိုက်မှာ စူးအောင့်လာပြန်ပြီး ဝမ်းဗိုက်ထဲမှ လှမ်းပြောသော စကားသံ ကြားရပြန်ပါသည်။

'ဟေ့ ဘယ်လိုလဲကွ နေရထိုင်ရတာ'

ကျွန်ုပ်မှ...

'ဗိုက်ထဲက ပုဂ္ဂိုလ်ကြီး ဘယ်သူလဲ ပုဏ္ဏကဘီလူးလား'

ဘာမှ ပြန်မပြော ငြိမ်နေ၏။ ကျွန်ုပ်ကပင်...

'ဒါဖြင့် ဘာအမျိုးအနွယ်လဲ'

'နတ်အမျိုးအနွယ်'

'ဘာနတ်လဲ'

'ထုံနတ်'

ထုံနတ် ကျွန်ုပ် တစ်ခါမှ မကြားဘူးသော နတ်ဖြစ်၍ စဉ်းစားကြည့်လည်း နားမလည်နိုင်သော အတွေးသာ ပိုလာသည်။

ကျွန်ုပ်က ဆက်၍...

'ဘာမှာနေလဲ'

အနောက်ဘက်အရပ်ကို ညွှန်ပြ၏။ ညွှန်ပြသည်ကို အာရုံဖြင့် သိနေရ၍ အံ့သြမိပါသည်။

ဝမ်းဗိုက်ထဲမှ စကားသံလည်း ထပ်မကြားရ၊ နားစွင့်နေတုန်း ကျွန်ုပ်လည်း ပြန်လှုပ်ရှားလာနိုင်ပြီး ပုံမှန် ပြန်ဖြစ်သွားပါသည်။

ကျွန်ုပ်မှာ အလွန် ထိတ်လန့်နေပြီး နောက်နေ့ နံနက်တွင် ထို(ထုံနတ်) ဝမ်းဗိုက်ထဲ မနေနိုင်အောင် တဲထဲ မဝင်နိုင်အောင် ကိုစိန်ဆီမှ ဘုရားစမ၊ သိကြားမင်းစမ၊ သူရဿတီစမနှင့် အခြားစမများကို တောင်းပြီး ကျွန်ုပ်နေထိုင်ရာ တဲတံခါးဝ တဲ၏ တန်းများ၊ ထုပ်များ၊ တိုင်များ၊ နံရံများပါမကျန် နေရာအနှံ့ မြေဖြူခဲနှင့် ရေးထားလိုက်ပါသည်။ အရပ်၊ နဘယ်၊ ၂၄ ပစ္စည်း စုံအောင် ရေးထားလိုက်၏။

ရေးထားပြီးသော် မိမိကိုယ်ကို မိမိ လုံခြုံပြီဟု ထင်မိပါသည်။ ကျွန်ုပ်ထံသို့ မကြာခဏ ဝင်ထွက်တတ်သော ကျွန်ုပ်ထက် အသက်အလွန်ကြီးသော **"ကိုစိုင်းလုံ"** ဆိုသူမှာ ကျွန်ုပ်၏ တဲကို ကြည့်ပြီး

'ဟ... တစ်တဲလုံး စမတွေနဲ့ မောင်ရင့်တဲ မိုးပေါ် မြောက်တက်သွားပါဦးမယ် ကြည့်လုပ်ဦး'

ဟု ပြောရသည်အထိ တစ်တဲလုံး စမများနှင့် ဖွေးဖွေးလှုပ်နေပါသည်။ သို့သော်လည်း မရပါ။

နောက်တစ်နေ့မနက် အချိန်မှန် (၅) နာရီအချိန်ရောက်လျှင် ထုံးစံအတိုင်း ကျွန်ုပ် တစ်ကိုယ်လုံး လှုပ်ရှားမရတော့ဘဲ ဗိုက်နှင့်နား ဆက်သွယ်ရေး လုပ်နေရပြန်ပါသည်။

ထိုနံနက်က စ,ထူးသည်မှာ ယခင်က စကားသံ မကြားရမီ ဗိုက်စူးအောင့်သော်လည်း တတိယမြောက် နံနက်မှ စ၍ ဗိုက်မှာ မစူးအောင့်တော့ဘဲ နားမှာ စကားသံတို့ကို ဝမ်းဗိုက်ထဲမှ တစ်ခွန်း ကြားရပါသည်။

ကျွန်ုပ်မှစ၍...



www.burmeseclassic.com

www.burmeseclassic.com

'ရောက်နေပြီလား'

'အေး'

'နတ်ဆိုရင် ပညာလေးပေးပါလား ဝိဇ္ဇာဖြစ်အောင်'

ဘာမျှ ပြန်မပြော။

'ဒါဖြင့်ရင် ထီဂဏန်းလေးတစ်လုံး လောက်'

ဘာမှ ပြန်မပြော။

'ဒါဆို ကျွန်တော် မိန်းမရဦးမှာလား'

'ရဦးမယ်'

ဤအမေးကျတော့ အဖြေရ၏။

'ဘယ်ဘက်ကလဲ'

ကျွန်ုပ်နေသည့် နေရာမှ တောင်ဘက်အရပ်ကို ညွှန်ပြသည်ကို ကျွန်ုပ် သိနေရ၏။

'ဘယ်သူလဲ'

ဘာမှ ထပ်မပြော။

**[ကျွန်ုပ် အိမ်ထောင်ကျသော် ကျွန်ုပ်၏ဇနီးမှာ ထိုအရပ်၌ နေထိုင်သူ ဖြစ်နေ၏။]**

သို့နှင့် ကျွန်ုပ်လည်း ပြန်လှူပ်ရှားပြီး ပုံမှန်ဖြစ်သွားပြန်၏။ ကျွန်ုပ်နှင့် ထို ထုံနတ်ကြီးမှာ နွေစဉ် တစ်လနီးပါး စကားအပြန်အလှန် ပြောကြရာ အလေးအနက် မရှိသော စကားများလည်း ပါလာ၏။ ထမင်းစားရေသောက် အမေးအဖြေမျိုးလည်း ပါလာ၏။ သာမန်လူတစ်ယောက်ကို ခင်မင်သည့်ပုံစံအထိပင် ဖြစ်လာ၏။

ပညာလည်းမရ၊ ဥစ္စာလည်းမရ၊ ကုသိုလ်လည်းမရဘဲ ဆက်ဆံနေရသည်မှာ နံနက်တိုင်း ရက်ခြားပင်မရှိ။

ထို့ကြောင့် သူ မလာနိုင်အောင် တားလိုသော ဆန္ဒကြောင့် ဂုဏ်တော်၊ သမ္ဗုဒ္ဓေဂါထာတော်၊ ၂၄ ပစ္စည်းနှင့် အခြားဂါထာတို့ကို ရွတ်ပွား၍ အရက်ကို နားပြီးနေလည်း ထူးမလာ။ နံနက်တိုင်း လာနေမြဲဖြစ်၏။



စမပေးသော ရွှေရင်ကျော်ဆရာ ကိုစိန်အား အကျိုးအကြောင်းပြော၍ ထိုနတ်ကြီးအား ထုတ်မိုင်းသော်လည်း မထွက်တော့။ **''ရွှေရင်ကျော်ဂိုဏ်း စမတော်တို့ကို မလေးမစား လုပ်လို့ ရွှေရင်ကျော်ဘိုးတော်တို့က မှတ်လောက်အောင် ဒဏ်ပေးထား တာများလား''**ဟု အတွေးများက စုံလာသည်။

တစ်ရက်တွင် ကျွန်ုပ်နှင့်အတူ လောကီပညာ ဝါသနာတူ ဓမ္မမိတ်ဆွေ ကိုအောင်ထွန်းဖံ ဆိုသူနှင့် တွေ့ရာ...

'ကိုတင် ခင်ဗျား ပေါ့တောမပေါ့နဲ့ ဗျာ၊ ခင်ဗျားကို ဒီလောက် ချုပ်ကိုင်နိုင်မှတော့ ခင်ဗျားအသက်ကိုပါ ယူသွားနိုင်တယ်နော်'

သူကပင် ဆက်၍...

'ဒီလိုလုပ် ကိုတင် ကျွန်တော့်ဆီမှာ စည်းချဂါထာလေးတစ်ခု ရှိတယ်။ အဲဒီဂါထာနဲ့ စည်းချကြည့်ပါလား'

ကျွန်ုပ်အား ဂါထာတိုလေးတစ်ခုပေး ပါသည်။

ကျွန်ုပ်လည်း ဂါထာအား ရအောင်ကျက်၍ အလွတ်ရသည်။ ညတွင် စ၍ ရွတ်ပြီး စည်းချရာ နံနက်(၅)နာရီ ရောက်တိုင်း လာနေကျဖြစ်သော ထုံနတ်ကြီး ပေါ်မလာတော့။

ထိုအချိန်ကတည်းက ကြွက်ပျောက် ငှက်ပျောက် ပျောက်သွားသည်မှာ ယခုအချိန်ထိ ဖြစ်ပါသည်။ ဓမ္မမိတ်ဆွေ (ကိုအောင်ထွန်းဖံ)ကိုလည်း အလွန် ကျေးဇူးတင်မိ၏။ ဂါထာကား အစွမ်းထက်လှပါသည်။ လူသိများသော ဂါထာဖြစ်သော်လည်း ယင်းအချိန်က ကျွန်ုပ်မှာ မသိရှိခဲ့ပါ။ ဂါထာကို ဖော်ပြလိုက်ပါသည်။

သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာ နဉ္စယာဗလံ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ရွှေရင်ကျော်ဂိုဏ်းတော် စမနှင့် ပတ်သက်ပြီး ကြုံခဲ့ရသော ဤဖြစ်ရပ်မှာ စိတ်ကူးယဉ် လုံးဝမဟုတ်ပါ။ ကျွန်ုပ် ဘဝတွင် အမှန်တကယ် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန် အကြောင်းမှန် ဖြစ်ပါသည်။

ထိုအချိန်က ကြွေးကြော်ခဲ့သော ရွှေရင်ကျော်ဂိုဏ်းဝင် မိန်းကလေး အများစုနှင့် ဖူးစာဆုံခဲ့ကြသော ယောက်ျားလေးများမှာ အားလုံးနီးပါး အရက် အလွန်သောက်ကြကုန်သော သူများ ဖြစ်နေ၍ ကျွန်ုပ်မှာ အလွန် သံဝေဂရမိပါသည်။

ကျွန်ုပ်မှာလည်း အိမ်ထောင်ကျရာ ကျွန်ုပ် နောင်မှ သိရလိုက်သည်မှာ ကျွန်ုပ်၏ ဇနီးသည် ရွှေရင်ကျော်ဆေး အဆင့်(၂)ဆင့် တက်ထားသူ တစ်ယောက် ဖြစ်နေပါသည်။

သူ၏ မောင်နှစ်ယောက်မှာလည်း ရွှေရင်ကျော်ဂိုဏ်းတော်ကြီး၏ (၉)ဆင့် ဆရာများ ဖြစ်ကြပြီး ဇနီးသည်၏ဖခင် (ကျွန်ုပ်၏ ယောက္ခမ)မှာ ရွှေရင်ကျော်ဂိုဏ်းတော်ကြီးမှ ဆေးဇာပိုင်ဆရာကြီးတစ်ယောက်ဖြစ်၍ အလွန် အစွမ်း

စာမျက်နှာ (၂၇၂) သို့



www.burmeseclassic.com

www.burmeseclassic.com



ထိလာကျော်

# ယောက်ျားတစ်ဦး၏ ချင်ခြင်းတပ်ပုံ

### ဖြစ်ရပ်ဆန်း

ချင်ခြင်းတပ်သည်ဆိုသည်မှာ ကိုယ်ဝန်ရှိသော အမျိုးသမီးများတွင် ဖြစ်လေ့ဖြစ်ထရှိပါသည်။ ချင်ခြင်းတပ်သည့် အရာသာ ကွဲလွဲပါလိမ့်မည်။ ယောက်ျားတစ်ဦးက ချင်ခြင်းတပ်သည်ဟုဆိုလျှင်တော့ မည်သူကမှ ယုံကြည်ကြမည် မဟုတ်။ ပြောသူကိုသာ အရူးဟု ဆိုကြပေလိမ့်မည်။

ဒါဆိုလည်း စာရေးသူကိုသာ အရူးဟု ပြောလိုက်ကြပါတော့။ ယခု စာရေးသူ ရေးသားဖြစ်မည့် စာစုသည် ယောက်ျားတစ်ဦး၏ ချင်ခြင်းတပ်ပုံ အကြောင်းပင် ဖြစ်ပါသည်။

သူ၏အမည်ကား **ရဲဘော်မောင်ထွေး**ဖြစ်သည်။ ခ–လ–ရ(၇၂)မှ တပ်ခွဲမှူး ဗိုလ်ကြီးစံရွှေ(ယခုတော့ ဘယ်အဆင့်အထိ တက်လှမ်းနေပြီ မသိရပါ)၏ ပီအေဖြစ်သည်။ ဗိုလ်ကြီးစံရွှေက နောက်တောက်တောက်၊ ရဲဘော်မောင်ထွေးက နုံတုန်တုန်ဖြစ်သည်။

အမျိုးသမီးများ ချင်ခြင်းတပ်ပုံမှာ တစ်ဦးနှင့်တစ်ဦး မတူကြပါ။ အချို့က သာမန် ချင်ခြင်းတပ်သော်လည်း အချို့ကြတော့ ဆန်းပြားလှသည်။ ချင်ခြင်းတပ်ပုံကိုကြည့်၍ ယောက်ျားလေးမွေးမည်။ မိန်းကလေးမွေးမည် ခွဲခြားကြည့်ကြသည်။ မွေးလာသည့်အခါ စိတ်ကောင်းရှိမည်။ စိတ်ယုတ်ညံ့မည်ဟုလည်း ကြိုတင် ခန့်မှန်းတတ်ကြသည်။

အဇာတသတ်၏ မိခင်သည် အဇာတသတ်ကို ကိုယ်ဝန်ရှိစဉ်က ခင်ပွန်းသည်၏ လက်မောင်းသွေးကို ဖောက်သောက်လို၍ တိုက်ရသည်ဟုဆိုသည်။

စာရေးသူတို့ရွာ၏ အနီးရွာမှ အမျိုးသမီးတစ်ဦးသည် ကိုယ်ဝန်ရှိတိုင်း ငှက်ပျောသီးကိုသာစားသည်။ တစ်နေ့ တစ်ရက်မဟုတ် ကလေးမွေးပြီးမှသာ အခြား အစားအသောက် စားတော့သည်။

ကိုယ်ဝန်မရှိသော အချိန်များမှာတော့ ငှက်ပျောသီးစားဖို့မပြောနှင့် ကြည့်တောင်မကြည့်ချင်ဟု ဆိုသည်။

စာရေးသူတို့ရွာက ဒေါ်ဖွားမေကတော့ တစ်မျိုး ချင်ခြင်းတပ်ပြန်သည်။ နွားကူးကျေးရွာသည် စာရေး



www.burmeseclassic.com

www.burmeseclassic.com

သူ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာတွင်ရှိသည်။ နှီးလုပ်ငန်းလုပ်ကိုင်ကြသည်။ နှီးဖလားလုပ်ငန်းလည်း ပါသည်။ မိတ္ထီလာမြို့ကလည်း တောင်သာနှင့် မိုင်လေးဆယ်ကျော် ကွာဝေးပါသည်။

ဒေါ်ဖွားမေ ချင်ခြင်းတပ်ပုံကတော့ နွားကူးနှီးဖလားအသစ်နှင့် မိတ္ထီလာကန်ရေကို နံနက်စောစော သောက်ချင်ဆိုပဲ။ သူ့အမျိုးသားက ဆန္ဒကိုဖြည့်ဆည်းပေးရသည်ဟု ငယ်စဉ်က သိမှတ်ခဲ့ရပါသည်။ ချင်ခြင်းတပ်ပုံ ကွဲပြားမှုများစွာ ရှိပါသည်။ ရေးပြနေလျှင်တော့ ကုန်မည်မဟုတ်။

ရဲဘော်မောင်ထွေး၏ ချင်ခြင်းတပ်ပုံကို စတင်ပါတော့မည်။ စာရေးသူ **ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ထားလဲကျေးရွာတွင် တာဝန် ထမ်းဆောင်စဉ်က** တွေ့ခဲ့၊ သိခဲ့ရသည့် အဖြစ်အပျက်ကလေးပါ။

ကယားပြည်နယ်သည် ထိုစဉ်က အညိုရောင်နယ်မြေ ဖြစ်သည့်အတွက် တပ်မတော်သည် ပြည်သူလူထုလုံခြုံရေးအတွက် နေ့ညဉ့်မပြတ် လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ကြသည်။

အဆိုပါထဲတွင် ခ-လ-ရ(၇၂) တပ်လည်း အပါအဝင်ဖြစ်သည်။ ကယားပြည်နယ်တွင် (၅၄)၊ (၇၂)၊ (၁၀၂)တပ်များရှိသည့်အနက် ထားလဲကျေးရွာဘက်သို့ (၇၂)တပ်များသာ အရောက်များသည်။

တပ်မတော်သည် ရွာသို့ မကြာမကြာ ရောက်သည့်အပြင် ယာယီကျောင်းဆောင် (လူလည်းနေ၊ စာလည်းသင်)သို့လည်း လာတည်းကြပြန်သည်မို့ သူတို့တစ်တွေ၏ ဘဝတစ်စိတ်တစ်ပိုင်းမျှသာ သိခွင့်ရ,ရသည်။



ခ-လ-ရ(၇၂) ဗိုလ်ကြီးစံရွှေ၏ ပီအေ ရဲဘော်မောင်ထွေးသည် သံပရာသီးကို အလွန်မုန်းသည်။ ကြည့်တောင်မကြည့်ချင်ဟုဆိုသည်။ သံပရာသီးစားဖို့ မပြောနှင့် သံပရာရည်ပင်မသောက်ပေ၊ သံပရာသီးအနံ့ပင်မခံဟုဆိုပြန်သည်။ သံပရာသီးနံ့ နံလျှင်ပင် အော့အန်တတ်သည်။

တစ်နေ့တွင်တော့ စာရေးသူသည် ကိုယ့်မျက်စိကိုယ်ပင် ကိုယ်မယုံဖြစ်နေသည်။ အကြောင်းသော်ကား ရဲဘော်မောင်ထွေးတစ်ယောက် သံပရာသီးကို လေးစိတ်ခွဲကာ ဆားနှင့်တို့ပြီး အားရပါးရ စားနေသည်ကို တွေ့ရ၍ ဖြစ်သည်။

ဟုတ်မှဟုတ်ရဲ့လား လူများ လွဲနေသလားဟုတွေးမိကာသေချာပြန်ကြည့်မိသည်။ ရဲဘော်မောင်ထွေးအစစ်ဖြစ်သည်။

စာရေးသူလည်း သိချင်စိတ်ကို မျိုသိပ်မထားနိုင်တော့ပေ။ မေးဖြစ်အောင် မေးလိုက်တော့သည်။ ထိုစဉ်ကတော့ စာရေးခြင်းအလုပ်ကို မလုပ်သေး၍ စာရေးဖို့မေးခြင်းတော့ မဟုတ်။

'ရဲဘော်မောင်ထွေး သံပရာသီးကို မုန်းတယ် ဘယ်တော့မှ မစားဘူးဆို၊ အခုတော့လဲ အားရပါးရ စားနေပါလား'

'ဟုတ်တယ် ဆရာ။ ဒီအချိန်မျိုးဆို ကျွန်တော် သံပရာသီးကို ကြိုက်ပြန်ရော'

'ဟုတ်လား နေ့တိုင်း (၁၀)နာရီဆို စားတာလား'

နာရီကိုကြည့်မိတော့ (၁၀)နာရီထိုးနေပြီမို့ မေးခြင်းဖြစ်သည်။

'ထူးခြားတဲ့အချိန်ကို ပြောတာ ဆရာ။ ဒါပေမယ့် ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး ဆရာ'

'ဘယ်လို ဘယ်လို'

'ဒုက္ခလို့ပြောတာ ဆရာ'

'နားလည်အောင်လဲ ပြောဦးလေ'

စာရေးသူနှင့် ရဲဘော်မောင်ထွေးတို့ စကားလုံးလည်း လိုက်နေသည်။ အဖြေက မပေါ်။

စိတ်မရှည်တော့သော ဘေးက ရဲဘော်(နာမည်မမှတ်မိ)တစ်ဦး ပြောတော့မှ အဖြေက ရှင်းတော့သည်။

'ဒီလိုပါ ဆရာ။ ရဲဘော်မောင်ထွေးက သာမန်အချိန်ဆို သံပရာသီး မစားပါဘူး။ သူ သံပရာသီး စားပြီဆိုလျှင် သူ့မိန်းမမှာ ကိုယ်ဝန်ရှိနေပြီ။ သူ့မိန်းမကတော့ ဘာချင်ခြင်းမှ မတပ်ဘူး ဆရာရဲ့ တစ်ခါမဟုတ်ဘူး ဆရာ။ ဒါနဲ့ဆို သုံးယောက်ရှိပြီ'

ဤအဖြစ်အပျက်လေးသည် ထိုစဉ်က လျှပ်တစ်ပြက်သိခဲ့ခြင်းဖြစ်သော်လည်း ယခုတော့ နက္ခတ္တရောင်ခြည် ပရိသတ်အတွက် ဆောင်းပါးတစ်ပုဒ်အဖြစ် မွေးထုတ်လိုက်ရပါတော့သည်။

**[အမည်မှန်ဖြင့် ရေးဖွဲ့ကာ ထားလဲကျေးရွာ အမှတ်တရ ဖြစ်ရပါသည်။]**

**ထီလာကျော်**



www.burmeseclassic.com

www.burmeseclassic.com



# ရှိတော့ရှိတယ် ရှားတယ်

ပြည့်ဖြိုးဝေ
(ညှို့ပြင်ကျော်)

စာရေးသူ၏ဇာတိ အစုကြီးကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျိုက်ပိရဲ ဒွာနအပိုင်းတွင် တည်ရှိပြီး မော်လမြိုင်ကျွန်းမြို့နယ်မှ လေှ၊ သမ္ဗန်၊ မော်တော် ဖြင့်လာလျှင် မမွေးကျွန်းအလွန် သက်ဝဲဘက်ရှိ ချောင်းအတိုင်း လာပါက ရွာသစ်ရွာနှင့် သင်ပန်းချောင်းရွာ မှလွန်လျှင် အစုကြီးရွာကို ရောက်ပါသည်။

အစုကြီးကို ဦးကြာဖြူ+ဒေါ်ထွန်းလှ၊ ဦးကြာဖြူ၏ညီမ ဒေါ်လှဘော်၊ ဒေါ်ညှင်းမွှေး၊ ဒေါ်နွယ်သန်း၊ ဒေါ်ထွန်းလှ၏ညီမ ဒေါ်သာမိတ်၊ ဒေါ်ထွန်းလှ၏ မောင် ဦးမြတ်ရေးနှင့် ဦးစိုး ကရင်တိုင်းရင်းသားမိသားစု (၇)အိမ်ဖြင့် ရွာသစ်တည် နေထိုင်ကြသဖြင့် ပတ်ဝန်းကျင်ရှိ ရွာသူရွာသားများက ကရင်စုကြီးဟု ခေါ်ကြသည်။

ကာလ ကြာမြင့်သောအခါ ဗမာမိသားစုများပါ လာရောက်နေထိုင်ကြသဖြင့် အစုကြီးရွာဟု ပြောင်းလဲခေါ်ခဲ့ကြပါသည်။

ယင်းရွာသူရွာသားများသည် မြေလွတ်မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းကာ စပါးစိုက်၍ လယ်လုပ်ငန်းဖြင့် အသက်မွေးကြပါသည်။ သူတို့ခေတ်က လယ်တစ်ကေလျှင် စပါးတင်း (၁၂၀)အထိထွက်သဖြင့် အလွန် ချမ်းသာကြသည်။

ရွာလယ်ရှိ စံရွှေးချောင်း အရှေ့ဘက်ကမ်း၌ ဦးနေလင်း+ဒေါ်နှင်းပွင့်မိသားစုက ဘုန်းကြီးကျောင်း ဆောက်လုပ်လှူဒါန်းပြီး ဦးလီကုတ်+ဒေါ်အေးဝမိသားစုတို့က မြသိန်းတန် စေတီတော်ကို တည်ထားကိုးကွယ်ကာ ဦးညွန့်၊ ဒေါ်စံယု၊ ဦးစောင်း၊ ဒေါ်ခင်ဥမိသားစုက ကြေးဆင်းတုရုပ်ပွားတော်နှင့် ဘုရားတန်ဆောင်းတော်ကို ဆောက်လုပ် လှူဒါန်းပူဇော်ကြပါသည်။

ရွာသားများသည် ချောင်း၏ ဝဲယာတွင် အိမ်ဆောက်နေထိုင်ကြကာ ရွာတည်စဉ်က (၇)အိမ်မျှသာ ရှိသော်လည်း ယခုအခါ အိမ်ခြေ (၄၀၀)ကျော်

www.burmeseclassic.com

ရှိ ရွာကြီးတစ်ရွာ ဖြစ်နေပြီး တောင်ဘက်ကမ်းသည် ငွေးကုန်းကျေးရွာအုပ်စု၊ မြောက်ဘက်ကမ်းသည် ဘုရားကြီးကုန်းကျေးရွာအုပ်စု…

ချောင်း၏အရှေ့ပိုင်း လက်ယာဘက်ကမ်းသည် အုန်းပင်စုကျေးရွာအုပ်စုဟူ၍ ကျေးရွာ (၃)အုပ်စု၏ အုပ်ချုပ်မှုအောက်တွင် စည်းစည်းလုံးလုံး နေထိုင်ကြကာ လူမှုရေး၊ ဘာသာရေးကိစ္စများကို ရွာစ,တည်သည့်နေ့မှ ယနေ့အထိ ညီညီညွတ်ညွတ် ဆောင်ရွက်လျက် ရှိပါသည်။

ရွာတည်စ,က စီးပွားရေးကောင်းသော်လည်း ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း စပါးဝယ်ယူသူ မရှိခြင်း၊ ဂျပန်ခေတ်နှင့် လွတ်လပ်ရေးရပြီးနောက် ရောင်စုံသောင်းကျန်းသူများကြောင့် တစ်ရွာလုံး ဆင်းရဲသွားကြပါသည်။ ရွာသူရွာသားများသည် စီးပွားဥစ္စာ ဆင်းရဲကြသော်လည်း လှူဒါန်းမှုစေတနာသဒ္ဓါတရား အလွန် ကောင်းကြပါသည်။

နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် (၈)ရက် ကထိန်အလှူပွဲ၊ တန်ဆောင်းမုန်းလပြည့်ကျော်(၈)ရက် မြသိန်းတန်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို စုပေါင်းရှင်ပြု၊ ရဟန်းခံ၊ သီလရှင်ဝတ်ပွဲကိုပါ ဆိုင်းဝိုင်းကြီးဖြင့် ခြိမ့်ခြိမ့်သဲ လှူဒါန်းပူဇော်ကြပါသည်။

နွေရာသီရောက်လျှင်လည်း အသံမစဲ မဟာပဋ္ဌာန်းရွတ်ပွဲနှင့် မိုးကုတ်ဝိပဿနာ (၇)ရက်စခန်းပွဲများကိုလည်း နှစ်စဉ် ကျင်းပကြပါသည်။

လွန်ခဲ့သော နှစ်(၉၀)ခန့်က အစုကြီးရွာတွင် ကရင်တိုင်းရင်းသားကြီး ဦးတောဒန်း၊ ဦးသာအောင်၊ ဦးကျော်မြဟူ၍ ဆရာကြီး(၃)ဦးရှိခဲ့ပြီး ရွာသူရွာသားများအား ဆရာကြီး ဦးတောဒန်းက အင်းပညာ၊ ဂါထာမန္တန် စသည်တို့နှင့် စောင့်ရှောက်ခဲ့သည်။

ဆရာကြီးဦးသာအောင်က ပယောဂနှင့် မြွေဆိုးအန္တရာယ်ကို ကာကွယ်ပေးခဲ့ပြီး ဆရာကြီးဦးကျော်မြက ဗိန္ဒောဆေးပညာ၊ အဂ္ဂိရတ်ပညာဖြင့် စောင့်ရှောက်ပေးခဲ့ကြသဖြင့် ရွာသူရွာသားများ အလွန် အန္တရာယ်ကင်းခဲ့ကြပါသည်။

ယင်းဆရာကြီး(၃)ဦးတွင် ဆရာကြီး ဦးသာအောင်သည် အတိတ်ဘဝက ဒါနမျိုးစေ့ နည်းခဲ့ဟန်တူ၏။ အလွန်ဆင်းရဲရှာသည်။ စီးပွားဥစ္စာ ချို့တဲ့သော်လည်း ပယောဂပညာနှင့် မြွေပညာတို့တွင် ပြိုင်ဘက်မရှိအောင် ထက်မြက်ပါသည်။

စာရေးသူတို့ရွာ အပါအဝင် သူကြီး (၃)ဦးပိုင်နက်အတွင်း တစ်ဦးတစ်ယောက် ပယောဂဖြစ်လျှင်၊ မြွေဆိုးကိုက်ခံရလျှင်၊ မိသားစုအန္တရာယ်တစ်ခုခုကြုံလျှင် (သို့မဟုတ်) တစ်ယောက်ယောက် အန္တရာယ်ကြုံလျှင် ဆရာကြီး ချက်ချင်းသိပြီး တပည့်တစ်ယောက်ကို ဘယ်ရွာက ဘယ်သူဘာဖြစ်နေသည်ဟု ပြောကာ သူကယ်လို့ ရ,မရပါ ပြောကြားလေ့ရှိသည်။

တစ်ယောက်ယောက် မြွေဆိုးအကိုက်ခံရ၍ ဆရာကြီးကို လာပင့်လျှင် "ငါလိုက်စရာ မလိုပါဘူးကွာ၊ တစ်ခါတည်း ကုပေးလိုက်မယ်။ မင်းတို့အထဲမှ တစ်ယောက် ငါ့အနားလာ" ဆရာကြီးအနား ရောက်လာသူကို အိပ်ခိုင်းပြီး "**မြွေကိုက်ခံရသူ (မည်သည့်ရွာ)မှ (မည်သည့်နေ့သား) (မောင်ဘယ်သူ)၌ တက်နေသော မြွေဆိပ်သည် ယခု အိပ်နေသူထံရောက်စေ**"ဟု အမိန့်ပေးလိုက်လျှင် အိပ်နေသူသည် ချက်ချင်း မြွေဆိပ်တက်ကာ

သတိလစ်သွားပါသည်။

ထိုအခါ ဆရာကြီးသည် ဂါထာမ[...]
ပြီး သပြေခက်နှင့် အဆိပ်တက်ကာ
သတိလစ်နေသူ၏ ဦးခေါင်းမှ ခြေဖျား
အထိ ရိုက်ချလိုက်လျှင် မြွေဆိပ်ကျ
သွားပါသည်။

ဆား၊ ထန်းလျက်၊ ကွမ်းယာတစ်ခု[...]
ကို မန်းပြီးကျွေးကာ (၁၅)မိနစ်ခန့်ကြာ[...]
လျှင် "ပျောက်ပြီ ပြန်ကြတော့"ဟု
ပြော၍ ဆရာကြီးအား လာပင့်သူများ
ကို ပြန်လွှတ်လေ့ရှိ၏။ မူလ မြွေဆိုး
အကိုက်ခံရသူလည်း အကောင်း
ပကတိ ဖြစ်သွားပါသည်။

မြွေဆိုးကိုက်ခံရသဖြင့် ဆရာကြီးကို
သွားပင့်၍ ကြွလိုက်လာလျှင်လည်း
လူနာအနား ရောက်သည်နှင့် အိမ်မှ[...]
မွေးထားသောခွေးကို ခေါ်ပြီး ဆရာကြီး
၏ နှုတ်မှ "**ယခု မြွေကိုက်ခံထား[...]
သူ၌ တက်နေသော အဆိပ်အားလုံး
ခွေးထံရောက်စေ**"ဟု အမိန့်ပေး
လိုက်လျှင် ခွေးမှာ အဆိပ်တက်ပြီး
မြွေကိုက်ခံရသူက အကောင်းပကတိ
ဖြစ်၏။

ဆရာကြီးသည် လူနာအိမ်၌ တစ်
ရက်၊ နှစ်ရက် စသည်နေပြီး ပြန်ခါနီး
မြွေကိုက်ခံရသူကို "**မင်းက လူနာကွ
လူနာဆိုတာ လူနာလို နေရတယ်
လာ့အိပ်**"လို့ ခိုင်းပြီး "**ခွေးမှာရှိ[...]
မြွေဆိပ် မူလအတိုင်း ပြန်ရောက်စေ**"
ဟု အမိန့်ပေးလိုက်လျှင် ခွေး[...]
အကောင်းဖြစ်ပြီး မြွေကိုက်ခံရ[...]
အဆိပ်တက်တော့၏။

ထိုအခါ ဆရာကြီးသည် ဂါထာမ[...]
ပြီး သပြေခက်နှင့် လူနာ၏ ဦးခေါင်း[...]
ခြေဖျားအထိ ရိုက်ချပြီး ဆား၊ ထန်း[...]
လျက်၊ ကွမ်းယာ တစ်ခုခုမန်းပြီး ကျွေး[...]
လိုက်လျှင် အကောင်းပကတိ ဖြစ်[...]
သည်။





www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ဖခင် ဦးသူငယ်သည် မိုးဦးကျ ပင်လယ်ရေတက်နေစဉ် ရေမြောင်းတစ်ခုကို ဖြတ်သွားရာ ရေမြောင်းထဲမှ ဂျုတ်မြွေအကိုက်ခံရ၏။

ဆရာကြီးဦးသာအောင်ထံ သွားရောက်ကုသခံရာ ဆရာကြီးသည် ဖခင်ကြီး၏ ဦးခေါင်းမှ ခြေဖျားထိ လက်ယာလက်ဖြင့် သပ်ချကာ ဆားမန်းကျွေးပြီး ပြန်လွှတ်လိုက်၏။ အချို့သော မြွေဆိုးအကိုက်ခံရသည့် လူနာများကို **'ကံကုန်နေပြီ ငါကယ်လို့မရတော့''**ဟု ပြောလေ့ရှိပါသည်။ ပယောဂအမျိုးမျိုးကိုလည်း ပိုင်ပိုင်နိုင်နိုင် ကုသပေးပါသည်။

အချို့သော ပယောဂများသည် ဆုံးမ၍ မရဘဲ ရက်ရက်စက်စက် နှိပ်စက်မှုရမည့် အခြေအနေမျိုးဖြစ်လျှင် ဆရာကြီးသည် အကုသိုလ်အဖြစ်မခံလိုသဖြင့် တရားစကားပြောပြီး ပြန်လွှတ်လေ့ရှိ၏။

အများအားဖြင့် ဆရာကြီးထံ ရောက်လာသူများသည် ရောဂါပျောက်ကင်း ချမ်းသာသွားကြသူ များပါသည်။ ဆရာကြီးဦးသာအောင်သည် စာရေးသူ၏ ဖခင်ဘက်က အဘိုး ဦးကြာညိုနှင့် ဥပုသ်နေ့တိုင်း ရွာလယ်ရှိ ဘုရားတန်ဆောင်းသို့ သွားကာ ဥပုသ်စောင့်လေ့ရှိ၏။ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲ၌လည်း တတ်အားသမျှ ကုသိုလ်ပါဝင်ပါသည်။

စာရေးသူ၏ဘကြီး ဦးကြာရိုးသည် ဆရာကြီးဦးသာအောင်ထံ မြွေကုထုံး သင်ပေးရန် တောင်းခံရာ ဆရာကြီးက မြွေဆိပ်ချပညာကို ကြိုးစားသင်မှ ရနိုင်ကြောင်း မိန့်ကြားပြီး စနေဆန်းသော နှစ်ဆန်း(၁)ရက်နေ့မှစပြီး သက်သတ်လွတ်စားကာ ခန္ဓသုတ်ပရိတ်တော်ကို တစ်ရက်လျှင် (၉)ရက်၊ (၁)နှစ်



တိတိရွတ်၊ ရက်မပျက်ရ၊ ငါးပါးသီလမြဲ၊ မြွေအမျိုးမျိုးကို မေတ္တာပွား **''အကောင်းဆုံး မြွေမှော်သွင်းနည်းပဲတပည့်၊ အပင်ပန်းခံပြီး ကြိုးစား၊ လူတစ်ယောက် အသက်ကယ်ရတဲ့ ကုသိုလ်က အင်မတန် မြတ်တယ်''** ဟု မိန့်ပါသည်။

တပည့်တစ်ယောက်က ပယောဂပညာကို သင်ပေးရန် တောင်းဆိုရာ ဆရာကြီးက ပယောဂပညာမှာ သီလနှင့် သမာဓိ ပြည့်စုံအောင် အားထုတ်ရမည်။ ငါးပါးသီလ လုံခြုံအောင်ထိန်း၊ သမာဓိအားကောင်းအောင် ဂုဏ်တော် (၉)ပါးကို အဓိဋ္ဌာန်တင်ပြီး ပုတီးစိပ်၊ အာနာပါနရှုပွား၊ ''အဋ္ဌာနုမေတံ'' ဂါထာတော်ကို ဌာန်ကရိုဏ်းပီသစွာ တစ်နေ့(၉)ကြိမ်ရွတ်...

သတ္တဝါများအပေါ် မေတ္တာထားကာ အသားဟင်းစားခြင်းမှရှောင်၊ လပြည့်လကွယ်နေ့တိုင်း လေးလေးနက်နက် မေတ္တာဘာဝနာပွားပြီးလျှင် ''အဋ္ဌာနုမေတံ''ဂါထာတော်ကြီးကို (၁၀၈)ခေါက်ရွတ်...

တစ်နှစ်ပြည့်လျှင် ပယောဂမျိုးစုံကို ပိုင်ပိုင်နိုင်နိုင် ကုနိုင်မယ်။ ရောဂါကုသတဲ့အခါ ဒေါသစိတ်ရှောင်၊ မေတ္တာစိတ်နှင့်ကု၊ ကိုယ့်အတွက် အန္တရာယ်ကင်းတယ်ဟု မိန့်ကြားကြောင်း ဘကြီးဦးကြာရိုးထံမှ ကြားသိရပါသည်။

စာရေးသူ (၇)နှစ်သားအရွယ်တွင် ဆရာကြီးဦးသာအောင် ဘဝတစ်ပါးပြောင်းသွားပါသည်။ ဘဝပြောင်းပြီး (၁၅)နှစ်ခန့်ကြာလျှင် သူ၏ မြေးမလေး မတင်ပုထံ နာမ်ချဉ်းပြီး အသက်ထင်ရှားရှိစဉ်ကလိုပင် ရွာသူရွာသားများကို စောင့်ရှောက်ပါသည်။

လူတစ်ဦး(သို့မဟုတ်) မိသားတစ်စု ကျန်းမာရေး၊ လူမှုရေး စသည့်တစ်ခုခုအတွက် ဆရာကြီး၏ အကူအညီကိုလိုလျှင် မတင်ပုထံသွားပြီး ဆရာကြီးကို ပင့်ခိုင်းရ၏။

ဆရာကြီးကို ပင့်လိုလျှင် မတင်ပုသည် ရေချိုး၊ သနပ်ခါးလိမ်း၊ သန့်ပြန့်သောအဝတ်ကို ဝတ်ပြီး အိမ်၌ ကိုးကွယ်ထားသော ဘုရားကို သောက်တော်ရေကပ်၊ အလင်းတိုင်၊ အမွှေးတိုင် ထွန်းညှိပူဇော်ပြီး ငါးပါးသီလခံယူ ဘုရားရှိခိုးပြီးမှ ဆရာကြီးကို ပင့်ရ၏။

မတင်ပုသည် ဘုရားရှိခိုးစဉ် ကျုံ့ကျုံ့ထိုင် လက်အုပ်ချီထားသော်လည်း ဆရာကြီးကြွလာလျှင် တင်ပျဉ်ခွေထိုင်၊ ခါးကုန်းပြီး မျက်စိမှိတ်ထား၏။ မတင်ပုသည် အဘိုးအိုကြီးတစ်ဦး အသွင် ဖြစ်သွားပြီး အသံမှာလည်း အဘိုးအိုကြီးအသံမျိုး ဖြစ်သွားပါသည်။ ယင်းအချိန်တွင် မိမိသိလိုရာကို မေး၍ရပါသည်။

စာရေးသူ ရန်ကုန်မြို့၌နေစဉ် အစုကြီးရွာ ဘုရားပွဲနှင့် ရဟန်းခံရှင်ပြုပွဲသို့ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ်(၅)ရက်နေ့ ရန်ကုန်–မော်ကျွန်းသွား ရေဝတီသင်္ဘောဖြင့် အလှူပွဲသို့ သွားပါသည်။

တန်ဆောင်းမုန်းလဆုတ် (၈)ရက် အလှူပွဲပြီး၍ လဆုတ်(၉)ရက်နေ့ နေ့လယ်အချိန်တွင် စာရေးသူသည် မတင်ပုထံသွားပြီး ဆရာကြီးဦးသာ



www.burmeseclassic.com

www.burmeseclassic.com

အောင်နှင့် စကားပြောချင်သည်။ ပင့်ပေးပါဟု မေတ္တာရပ်ခံရာ မတင်ပုသည် ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်ပေးပါသည်။

ဆရာကြီးကို မပင့်မီ မတင်ပု၏ ခင်ပွန်း ကိုကျွန်းမောင်သည် မြေဖြင့် ပြုလုပ်ထားသည့် လက်ဖက်ရည်အိုးနှင့် ရေနွေးကျိုထားပြီး လက်ဖက်ခြောက်များများ ခတ်ထားကာ အကြမ်းပန်းကန် (၅)လုံးကို အဆင့်သင့်ထားရ၏။

ပြောင်းဖူးဖက်ကို ဆေးစပ်ကောင်းကောင်းဖြင့် လိပ်ထားပြီး မီးညှိအောင် ဖွာထားရသည်။ မတင်ပုသည် အထက်က ဖော်ပြထားသည့်အတိုင်း စီစဉ်ပြီး ဆရာကြီးကို ပင့်၏။

ဆရာကြီး ကြွလာလျှင် တင်ပျဉ်ခွေထိုင်၊ ခါးကိုင်း၊ မျက်စိမှိတ်ထားကာ ကိုကျွန်းမောင်ကို ဆေးလိပ်ဆက်ခိုင်းပြီး အားရပါးရဖွာ၏။

နောက် ရေနွေးကြမ်း(လက်ဖက်ရည်ခါး)ဆက်ခိုင်းကာ အကြမ်းပန်းကန် (၁၀)လုံးခန့် သောက်ပြီး ကိုကျွန်းမောင်ကို "ဘာကိစ္စ ပင့်သလဲ"ဟု မေး၏။ ကိုကျွန်းမောင်က စာရေးသူက ပင့်ခိုင်းလို့ အဘဟု ဖြေ၏။

**ဆရာကြီး**။ ။'ဘာကိစ္စ ရှိလို့လဲ' ဟု မေး၏။

**စာရေးသူ**။ ။'ကိစ္စအထူးမရှိပါ။ ဆရာကြီးနဲ့ စကားပြောချင်လို့ပါ'

**ဆရာကြီး**။ ။'ဘယ်ရွာသားလဲ'

**စာရေးသူ**။ ။'အစုကြီးရွာသားပါ'

ဟု ဖြေလိုက်လျှင် ဆရာကြီးသည် ခေတ္တ ငြိမ်သွား၏။ စာရေးသူ၏ မိဘစသည်ကို လိုက်ရှာပုံရ၏။

**ဆရာကြီး**။ ။'ဘယ်သူ့သားလဲ'

**စာရေးသူ**။ ။'ကိုသူငယ်ရဲ့ သားပါ ဆရာကြီး'

**ဆရာကြီး**။ ။'ကိုကြာညိုသား မောင်သူငယ်လား'

**စာရေးသူ**။ ။'ဟုတ်ပါတယ် ဆရာကြီး'

**ဆရာကြီး**။ ။'ကိုကြာညို မောင်သူငယ်၊ မောင်အောင်စိန် (ဦးကြာညို၏ သားငယ်)တို့ကို သိပါတယ်။ ကိုကြာညိုက ဆရာရဲ့ ကျေးဇူးရှင်ပါ။ သူ့ကြောင့် ဘာသာတရားကိုင်းရှိုင်းတတ်လာတာပါ။ အစုကြီးရွာမှာနေတာ မဟုတ်ဘူး ထင်တယ်'

**စာရေးသူ**။ ။'ရန်ကုန်မှာ နေပါတယ် ဆရာကြီး'

**ဆရာကြီး**။ ။'ဒါကြောင့် ဆရာ မသိတာ။ ဒီရွာမှာ နေတဲ့သူအားလုံးကို သိပါတယ်။ ရွာသားအားလုံးကိုလဲ စောင့်ရှောက်ပါတယ်။ ဥပုသ်နေ့တိုင်းနဲ့ ဘုန်းကြီးကျောင်းမှာ အလှူရှိတိုင်း သွားပါတယ်။

လူတွေကတော့ ဆရာ့ကို မမြင်ကြဘူးပေါ့လေ။ မောင်အောင်စိန်က စေတနာကောင်းနဲ့ ဆေးကုပေးလို့ ဆရာ စောင့်ရှောက်ပါတယ်။

ဆရာကိုယ်တိုင်လဲ တစ်ခါတစ်ရံ မောင်အောင်စိန် ဖော်စပ်ထားတဲ့ ဆေးကိုယူပြီး လူနာကို တိုက်ရပါတယ် ဘာသိချင်သေးလဲ'

**စာရေးသူ**။ ။'ဆရာကြီး ရှေ့ကို ဘယ်လို ဘဝမျိုး ဖြစ်မှာပါလဲ'

**ဆရာကြီး**။ ။'ဝိဇ္ဇာဓိုရ် ဖြစ်မှာပါ'

**စာရေးသူ**။ ။'ဘယ်တော့လောက် ဖြစ်မှာလဲ ဆရာကြီး'

**ဆရာကြီး**။ ။'အချိန်ကာလကို မပြောနိုင်ပါ။ ရောင်တော်ပြန်ဘုရားပွဲမီအောင် ကြိုးစားနေပါတယ်'

**စာရေးသူ**။ ။'ဆရာကြီး စိုက်ထားတဲ့ ပတ်မထမ်း ဝါးရုံနားကို တစ်ယောက်ယောက်က မရှိမသေလုပ်

မိရင် ခေါင်းကိုက်၊ ဗိုက်အောင့်၊ မူး... အော့အန်၊ ဖျားနာတစ်ခု ဖြစ်တတ်... တယ်။ အဲဒါ ဘာကြောင့်ပါလဲ ဆရာ... ကြီး'

**ဆရာကြီး**။ ။'အဲဒီနားမှာ ဆရာနေ... ဗိမာန်ရှိတယ်။ မရိုမသေ... မလုပ်မိအောင် ဆုံးမတာပါ'

**စာရေးသူ**။ ။'ဆရာကြီးနေတဲ့ ဗိမာ... လို့သာ ပြောတယ်။ ... ပင်ပဲ မြင်ရပါလား'

ဟု ပြောလိုက်တော့ ဆရာကြီးသည်... အားပါတရရယ်ပြီး...

'ပကတိမျက်စိနဲ့ ဆရာ့ရဲ့ ဗိမာန်... ဘယ်မြင်နိုင်မလဲ၊ ဆရာတို့က က... နဲ့ ဖန်ဆင်းပြီးနေတာ။ မြင်ချင်... သမထအလုပ်လုပ်ပါ။ အားကော... သော သမာဓိမျက်စိနဲ့ ကြည့်... တွေ့ပါလိမ့်မယ်'

ဟု မိန့်ကြားပြီး ပြန်ကြွသွားပါသည်...

ထို့ကြောင့် ဆရာကြီး ဘယ်လို... သင်ခဲ့သည်ကို မမေးလိုက်ရပါ။

မြသိန်းတန်စေတီတော်ကြီး၏ ... ပူဇနီယပွဲ မကျင်းပမီ တစ်ရက်အ... တွင် ဆရာကြီးဦးသာအောင်အတွ... ကန်တော့ပွဲပေးပြီး ပင့်ဖိတ်ထား... ဘုရားပွဲလာ ပရိသတ်အတွက် အ... အန္တရာယ်ကင်းပါသည်။

ဆရာကြီးဦးသာအောင်၏ ... ဒေါ်တင်ပု အသက်(၇၅)နှစ် ... ခုနှစ်၊ တပို့တွဲလတွင် ကွယ်လွန်... သဖြင့် သူ၏သမီးဖြစ်သူ မစန်းကြည်... ဆရာကြီးက ဆက်လက် စောင့်ရှော... လျက် ရှိပါသည်။

***ကမ္ဘာဓိဋ္ဌိတန်ခိုးရှင်များကို တွေ့မြင်... လျှင် သမာဓိတရားကို ကြိုးစားပွား... ကြပါရန်။***

**ပြည့်ဖြိုးဝေ(လှိုင်ထိပ်)**



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

ဆရာတော်တစ်ပါး၏

# မေတ္တာဓာတ် ဂါထာတော်အစွမ်းကြောင့်

မရဏတောင်ကို ဖြတ်ကျော်ခဲ့သူ

ခွေးရုပ်ဘူတာတွင် ဆင်းသက်၍ ဦးမောင်လေးကို ရှာဖွေရာ ရွာသူ ရွာသားများက ပျူငှာစွာပင် ကူညီပေးကြသဖြင့် ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့ဖြစ်ခဲ့သည်။

'ရန်ကုန်က ကိုလှမောင် ဖုန်းဆက်ထားလို့ ကျွန်တော်တို့ မျှော်နေကြတယ်။ နောင်လဲ လာသာ လာကြပါ။ (၁၅)ယောက်၊ (၂၀)ဆိုရင်လဲ အားမနာပါနဲ့'

ဦးမောင်လေးက သူ၏ အိမ်ဝင်းသို့ ခေါ်ဆောင်သွားသည်။

'ဒီနေ့မှပျာ ဗိုက်ခွဲထားတဲ့ ဒဏ်ရာက ပြန်နာနေတယ်။ တလောက ပင်ပန်းသွားလို့နဲ့ တူတယ်။ ဒါပေမယ့် ရွာဝန်းကျင်ကိုတော့ လိုက်ပို့ပေးနိုင်ပါတယ်။ ကျောက်ပန်းအိုး တောင်ပေါ်ကို ကျွန်တော့်သား အောင်မျိုးဦးက ပို့ပေးပါလိမ့်မယ်'

'ခင်ဗျားရောဂါက ဘာဖြစ်တာတဲ့လဲ'

'ပထမအကြိမ်က အူအတက်ပေါက်လို့၊ နောက်တော့ အူပုပ်လို့ဆိုလား သုံးကြိမ်အထိ ခွဲစိတ်ခံထားရတယ်။ အခုဟာက အဆိုးကြီးတော့ မဟုတ်ပါဘူး။ အအေးမိထားလို့ ချောင်းဆိုးတဲ့အခါ ဗိုက်ကြောက နာတာပါ။ ဖြစ်စတုန်းကတော့ သေပြီလို့ပဲ အောက်မေ့တာ။**တောင်ကြီးကအောင်မေတ္တာ ဆရာတော်ကျေးဇူးနဲ့ အသက်ဆက်နိုင်ခဲ့တာပါ'**

ထိုစဉ်ကာလ ၂၀၀၀ ပြည့်နှစ် အချိန်က ဦးမောင်လေးသည် တောင်ကြီးဆေးရုံသို့ တက်ရောက်ကာ တတိယအကြိမ်မြောက် ဝမ်းဗိုက်ခွဲစိတ်ကုသမှု ခံယူရသည်။

ခွဲစိတ်ပြီးသော်လည်း သိသာစွာ ကောင်းမွန်လာခြင်းမရှိ၊ ဝမ်းဗိုက်တွင် ဆေးရည်စိမ် ပတ်တီးစ တစ်ညီခြိန့်

www.burmeseclassic.com

သွင်းထားရသော အနာကလည်း ပင်ကိုယ် အခြေအနေအတိုင်း တိုးတက်မှု မရှိပါ။ ရက်အတန်ကြာသည်အထိ အစာမဝင်၊ ဂလူးကို့စ်အနည်းငယ်သာ ပါးစပ်တွင်း အစက်ချပေးရသဖြင့် အရိုးပေါ် အရေတင်ရုံသာ ရှိသည်။

ထိုကာလမတိုင်မီ စကားပြောနိုင်သော အချိန်ပင် မိမိ၏ နောက်ဆုံးကာလ ဖြစ်နိုင်သည်ဟု သဘောပေါက်ထားသည့် အားလျော့စွာ **"မိခင်နှင့် ဇနီးသားသမီးတို့အား မိမိဘာသာ အေးချမ်းစွာ နေပါရစေ။ စကားမပြော မမေးမြန်းပါနှင့်။ ရှိမရှိ သိလိုလျှင် လက်တို့လိုက်ပါ။ မျက်လွှာလှုပ်ပြပါမည်"**ဟု ကြိုတင်ပြောကြားထားနှင့်လေသည်။

နောက်ဆုံးအချိန်ကို စောင့်မျှော်လျက် သတိဝင်သည့် ကာလများတွင် သရဏဂုံတည်၍ သမ္ဗုဒ္ဓေဂါထာကိုသာ နှလုံးသွင်း ပူဇော်သည်။

တစ်လမျှကြာသောအခါ တောင်ကြီးမြို့ အောင်မေတ္တာကျောင်းတိုက်တွင် ရုပ်တုရုပ်ပွား၊ သာသနိက အဆောက်အအုံများ ပြုလုပ်တည်ဆောက်နေသည့် ယောက်ဖတော်သူ ပန်းရန်ဆရာကိုသာဒင်က အောင်မေတ္တာဆရာတော်ကြီးအား ဆေးရုံသို့ ပင့်လာသည်။

ဆရာတော်က သုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပေးသည်။ ထို့နောက်...

'ဘုရား၊ တရား သိရင်တော့ မေတ္တာပို့ပေးနိုင်ပါတယ်'

ဟု မိန့်ကြားလျှင် လူနာ၏နား အနီးကပ်ကာ ဂါထာတစ်ပုဒ် သင်ပေးသည်။

ဂါထာမှာ မရှည်လှသော်လည်း အားနည်း ယိုယွင်းနေချိန်ဖြစ်၍ ရုတ်တရက် မမှတ်မိပါ။ ပါးစပ် လှုပ်သည်ကိုကြည့်၍ ဆရာတော်က အထပ်ထပ် ရွတ်ပြသည်။



ထိုဂါထာကို ရွတ်ဖတ်စဉ် မြတ်စွာဘုရားရှင်၊ ဆရာတော်တို့အား မြင်ယောင် ကြည်ညိုကာ ဦးခေါင်းမှစ၍ မိမိခြေဖျားတိုင်အောင် အာရုံပြုသွားရလေသည်။

ကောက်ရိုးတစ်မျှင်ပမာ မှီတွယ်ရာရသဖြင့် လက်အုပ်ချီရှိခိုးလိုသော်လည်း အသံပင် မထွက်နိုင်သဖြင့် အထမမြောက်ပါ။ ဆရာတော်က...

'စိတ်နဲ့ ရှိခိုးတာလဲ အတူတူပဲ'

ဟု နှစ်သိမ့်ပေးတော်မူသည်။

'ဒီဂါထာကို ရွတ်ဖတ်နှလုံးသွင်းလိုက်တဲ့အခါ ကျွန်တော့်ကိုယ်ထဲမှာ အင်အားတစ်ခု လှည့်ပတ်သွားနေတယ်လို့ ထင်မိတယ်။ တစ်ရက်ပြီးတစ်ရက် သတိဝင်တဲ့အချိန်တွေ ပိုလာတယ်။ အစာမစားနိုင်သေးလို့ မလှုပ်ရှားနိုင်ပေမယ့် စိတ်ကတော့ အတော်ကလေး တည်ငြိမ်လာတယ်။

အရင်က အားမတန်လို့ မာန်လျှော့ရတာ ဘာမှန်းမသိတဲ့ ကြောက်စိတ်နဲ့ မိန်းမောတွေဝေနေခဲ့တယ်။ အခုတော့ ချက်ချင်း သေမယ်ဆိုရင်တောင် ဆောက်တည်ရာမရတဲ့ အခြေအနေမျိုး မဟုတ်တော့ဘူး။

တစ်ပတ်လောက်အကြာမှာ ဆရာဝန်က လူနာရှင်တွေ ဆန္ဒရှိရင် ထပ်မံခွဲစိတ်နိုင်ပါတယ်။ အောင်မြင်နိုင်ခြေက (၁)ရာခိုင်နှုန်းပဲရှိတယ်လို့ ပြောတယ်။

မေမေက ဆွေမျိုးလူကြီးသူမတွေနဲ့ တိုင်ပင်တယ်။ ဒီအတိုင်းဆိုရင် ဆရာဝန်က လက်လျှော့လိုက်ပြီ သေဖို့သာရှိတယ်။ ခွဲစိတ်လိုက်ရင် မျှော်လင့်ချက် မှိန်မှိန်ကလေးက မျက်နှာသာပေးနိုင်တယ်လို့ ဆုံးဖြတ်၊ ခွဲစိတ်ဖို့ သဘောတူလိုက်တယ်။

ခွဲမယ့်နေ့ တနင်္လာနေ့မှာ ကျွန်တော့် နောက်ဆုံးနေ့ ဖြစ်နိုင်တယ်ဆိုပြီး ခွေးရုပ်တစ်ရွာလုံးလောက်နီးနီး လာကြည့်ကြတယ်။ ရွာက ကျွန်တော့်အပေါ် သံယောဇဉ် ရှိကြပါတယ်။

ဒါပေမယ့် အရေးတကြီးကိစ္စ ပေါ်လာလို့တဲ့ ဆရာဝန်က ဗုဒ္ဓဟူးနေ့ကို ပြောင်းလိုက်တယ်။ တစ်ခါ ဗုဒ္ဓဟူးနေ့ ရောက်ပြန်တော့ အရေးကြီးတဲ့ ထိုးဆေးတစ်မျိုးလိုနေလို့ မခွဲဖြစ်ပြန်ဘူး။ တောင်ကြီး၊ ကလောအပြင် ရန်ကုန်၊ မန္တလေး မိတ်ဆွေတွေက တစ်ဆင့်ရှာကြည့်ပေမယ့် ဆေးကပြတ်နေတယ်။

အဲဒီအချိန်မှာ အူကအနာအတွက် ပတ်တီးလဲတော့ အနာက အသားနုတက်ပြီး ကောင်းသလောက်နီးပါး တွေ့ကြရတယ်။ မခွဲရတော့ဘူး။ ခွဲဖြစ်ရင်လဲ ကျွန်တော့်အခြေအနေနဲ့ အသက်ရှင်ဖို့ လုံးဝမဖြစ်နိုင်ဘူး။

တစ်လလောက်ကြာတော့ အနာက ကောင်းသွားပြီ။ ဆေးရုံကဆင်းပြီး အိမ်မှာပဲ အနားယူအားမွေးရင်း အသက်ဆက်နိုင်ခဲ့ပါတယ်။

ထူးခြားတာက ရက်ရှည်လများ ဆေးရုံတက်နေရတော့ အိမ်သားတွေ စားဝတ်နေရေးအတွက် မယားနဲ့ ကလေးတွေက ပြောင်းကလေး



www.burmeseclassic.com

www.burmeseclassic.com

ပဲကလေး စိုက်ကြရတယ်။ အဲဒီနှစ်က ပြောင်းခင်းကွက်ဝင်စားလို့ ခွေးရုပ်တစ်ရွာလုံး ပြောင်းဖူးမရကြပေမယ့် ကျွန်တော့်အခင်းက ပြောင်းပင်တွေကို ကွက်မဖျက်ဘူး။ ပြောင်းဖူးအပြည့်အဝ ရတယ်။

ပြီးတော့ ပဲစင်းငုံ အကြမ်းကြပြီး စိုက်ထားတာ သူက အပင်သန်လို့ အသီးထွက်ခါနီးမှာ ပိုးသတ်ဆေးဖျန်းပေးရတယ်။ မဖျန်းရင် ပိုးဖျက်ပြီး အသီးမတင်ဘူး။ ဖနီးက (၅)တင်းလောက် ထွက်နိုင်ခြေရှိတယ်လို့ မှန်းဆပြီး သာစည်မှာ ပဲပေးနဲ့ ပိုးသတ်ဆေး အကြွေးဝယ်ခဲ့တယ်။

အမေသိတော့ ငါ့သား အခြေအနေနဲ့ သံသရာကြွေး ပါသွားမှာ စိုးရိမ်တယ်ဆိုပြီး ငွေချေပေးတယ်လို့ နောက်မှ သိရတယ်။ အဲဒီ ပဲခင်းက ပဲ(၂၇)တင်းတိတိ ရတယ်ဗျာ။

ဒါတွေက အောင်မေတ္တာဆရာတော် ပို့သတဲ့ မေတ္တာကို ကျွန်တော် အပြည့်အဝ ခံယူရရှိတာမို့ အကျိုးထူး ခံစားရတယ်လို့ ယူဆပါတယ်။ အခုတော့ ဆရာတော်ကြီး ပျံတော်မူသွားပါပြီ'

'ဓာတ်ပုံကော ကျန်သလား'

'ဟင့်အင်း ဆေးရုံက ဆင်းပြီးတော့ အောင်မေတ္တာကျောင်းသွားပြီး ရက်အတော်ကြာအောင် ဝတ်ကြီးဝတ်ငယ် ပြုစုပေးဖြစ်ခဲ့ပါတယ်။ ဆရာတော်မိန့်သလို စိတ်ရင်းက ကြည်ညိုရင် ပြီးတာပဲဆိုပြီး ဓာတ်ပုံလဲ မတောင်းမိ၊ ဘွဲ့အမည်တောင် မသိရပါဘူး။ ဒါပေမယ့် ကျောင်းကိုသွားရင် သိနိုင်ပါတယ်။ အင်းသားလူမျိုးပါ။

**တောင်ကြီးမြို့ပတ်လမ်းက ကန်သာ ဈေးရုံရှေ့။ တံတားဖြူရှေ့ရောက်ရင် ညာဘက်ကွေ့လိုက်။ ကုန်းဆင်းမတက်နဲ့ တည့်တည့်သွားပါ၊ အောင်မြေသာစည်ကျောင်းဆိုတာ ခြင်္သေ့ကြီး နှစ်ကောင်နဲ့ တွေ့မယ်၊**

**ဒီကျောင်းနားမှာ အောင်မေတ္တာကျောင်း သို့ဆိုတဲ့ လမ်းညွှန်ဗိုင်းဘုတ်ငြ ဆက်သွားရင် ရောက်ပါတယ်၊ ပျံတော်မူတာ (၇)နှစ် လောက် ရှိပေမယ့် နောက်ထက်ဆက်ခံတဲ့ ဆရာတော်တွေကို ဖူးမျှော်ရင်ရမှာ ပါ။**

ဆရာတော်ရှိစဉ်က ရွှေငွေဖြစ်တယ်လို့ ပြောကြတယ်။ ဆရာတော်က ထေရဝါဒဗုဒ္ဓဘာသာမှာ ဦးပွတွေ လက်မခံပါဘူး။ ဒါပေမယ့် **"ဒါယကာ အဆင်ပြေမှ သာသနာအတွက် လှူနိုင်မှာပေါ့"**လို့ ဆိုပြီး လာဘ်လာဘ အတွက် မေတ္တာပို့ပေးတယ်လို့ သိရတယ်။

ကျွန်တော့်အတွက်ကတော့ လာဘ်လာဘနဲ့ ဘယ်လိုမှ မလဲနိုင်တဲ့ အာရောဂျဆုလာဘ်ကြီး စွန့်လှူခဲ့တဲ့ ကျေးဇူးရှင် ဆရာတော်ကြီးပါဗျာ။ ဆရာတို့လဲ ခရီးရောက်မဆိုက် နားကြပါဦး။ ပြီးမှ ရွာထဲ လျှောက်ပြပေးပါ့မယ်'

'အရေးကြီးတာလေးတော့ ပြောပြပါဦး။ ဦးမောင်လေးကို ဆရာတော် သင်ပေးခဲ့တဲ့ ဂါထာဆိုတာပါ'

'ဉုံ နဘယံ အရဟံ ဘဂဝါ။

တဲ့။ ဒါကိုရွတ်ပြီး ဦးခေါင်းကစ ခြေဖျားအဆုံး အာရုံပြုရပါတယ်။ ဆရာတော်ကြီး ပို့သပေးတဲ့ မေတ္တာကို ဆက်စပ်ရရှိပြီး အသက်ချမ်းသာခွင့် ရခဲ့တယ်လို့ ထင်ပါတယ်။

**ခွေးရုပ်ကျေးရွာမှ ဦးမောင်လေး၏ ကိုယ်တွေ့ဖြစ်ရပ်ကလေး ဖြစ်ပါသည်။**

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)


စာမူရှင်များသို့ . . .

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

လေးစားစွာဖြင့် . . .

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# ငါး အညှီမကျန်

ဒိုက်စော် မနံရအောင်

ကျွန်တော်နေသည့်မြို့က မြစ်ဝကျွန်းပေါ်ဒေသ မအူပင်မြို့။ ကျွန်တော်က မအူပင်မှာသာနေတာ မအူပင်သား မဟုတ်၊ ဖျာပုံသား။ ကျွန်တော်က အလုပ်က အနားယူပြီးသည့်နောက် တစ်ခါတစ်ရံ ဖနီးသည့် ကျောင်းဆရာမက ဈေးဝယ်ခိုင်းတတ်သည်။

အဲဒီမှာ ဈေးဝယ်သည်ဆိုရာ၌ ယောက်ျားနှင့် မိန်းမ ကွာခြားပါသည်။ ဟင်းစားဝယ်တိုင်း သူ တစ်ခါမှ စိတ်တိုင်းမကျ။ ဘာဖြစ်လို့လဲဆိုတော့ ပင်လယ်ပိုင်းကလာသည့် ကျွန်တော်က ငါးကြိုက်တတ်သည်။ ဝယ်တိုင်းလည်း အဆော်ခံ၊ အနှပ်ခံရသည်။


ငါးဝယ်ပြီ ဆိုသည်နှင့် ဈေးထဲက ငါးသည်တွေက မိန်းမချင်းဆိုလျှင် ညာမရ ငြင်းမရ၍ အမှန်အတိုင်း ပြောရောင်းသည်။

ရောင်းသည်ဆိုရာ၌ မြစ်ငါး၊ ကန်ငါးဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ မြစ်ငါးနှင့် ကန်ငါး(မွေးမြူရေးငါး)က ကွာသည်။ **ရေအရှင်နှင့် ရေအသေမို့ ကန်ငါးက ဒိုက်စော် နံတတ်သည်။**

တစ်ခါတစ်ရံ ကျွန်တော် ဝယ်လာသည့် ငါးက မွေးမြူရေးကန်ငါး ဖြစ်နေသည့်အခါ မိန်းမက မျက်နှာဆူပုပ်နေပါသည်။ ထူးခြားတာက မအူပင်မြို့မှာ ဓားဆောင်စရာမလိုပါ။ ကြက်သားပဲ ဝယ်ဝယ်၊ ငါးပဲဝယ်ဝယ် ဈေးသည်များက အပြီးခုတ်ပေးပါသည်။ အိမ်ရောက်လျှင် ရေဆေး အကြေးခွံစင်အောင် လုပ်ရုံပါပဲ။ ပြီးလျှင် ဆီ၊ နနွင်း၊ အချိုမှုန့် ငရုတ်သီးမှုန့်နှင့် နယ်ပြီး လုံးချက်ရန်ပါပဲ။

ဒါပေမယ့် ငါးက မွေးမြူရေးငါးဆိုလျှင် အညှီကျန် ဒိုက်စော် နံသည့်အခါ မနံရအောင်၊ အညှီပျောက်အောင် ပြုလုပ်သည်နည်းကို ဖော်ပြချင်၍ပါ။

ကျွန်တော် ဈေးသွားပြီး ဝယ်လာ



သည့်ငါးဆိုလျှင် မိန်းမဖြစ်သူက...

**ကျောက်ချဉ်တုံး တစ်တုံးကိုယူ ရေနှင့် ခေတ္တစိမ်ထားပြီး နောက် ထိုကျောက်ချဉ်ရည်နှင့် ငါးအတုံးများ ထည့်ထားသော အင်တုံထဲသို့ လောင်းထည့်ပြီး လက်နှင့် ငါးအတုံးများကို တိုက်ချွတ်ရပါသည်။ (၂) ကြိမ်ခန့် အထက်ပါအတိုင်း ပြုလုပ်ပါက မည်သည့်ငါးမဆို အညှီကုန် အကြေးခွံ ဒိုက်စော် မနံတော့ပါ။**

ဒါက အိမ်ရှင်မဖြစ်သူ၏ မီးဖိုချောင်က ထွက်ပေါ်လာသည့် နည်းပေမို့ ကျွန်တော့်လို ဈေးသွားဝယ်ရသည့် ပုရိသယောက်ျားများ အိမ်ရှင်မ၏ မျက်စောင်းမှလွတ်အောင် ဤနည်းကို ဆောင်ထားကြပါရန် ရေးသားတင်ပြရပါသည်။

ကျော်ဇင်ဖြူ

စာမျက်နှာ (၂၆၂)မှ အဆက်

ထက်သူဖြစ်ကြောင်းသိရပါတော့သည်။

ရွှေရင်ကျော်ဂိုဏ်းအား အမြင်မရှင်းသော ကျွန်ုပ်သည် ရွှေရင်ကျော် အသိုင်းအဝိုင်းနှင့်မှ တိုးရသည့် ရေစက်ကလည်း ဆန်းကြယ်မှုတစ်ခုပါ။

ကျွန်ုပ်သည် ရွှေရင်ကျော်ဂိုဏ်းဝင် မဟုတ်သော်လည်း အိမ်ထောင်ကျသည်နှင့် ကျွန်ုပ် နှစ်သက်သော ယမကာကို မမှီဝဲတော့ပါ။ ဘုရားထံ အပြီးအပြတ်လှူပြီး ကျွန်ုပ် ဝါသနာပါသော ဝိဇ္ဇာလမ်းကို ကိုယ့်လမ်းကိုယ် ဖောက်ကာ ကြိုးစား၍ ငွေလျှောက်လှမ်းနေသူသာဖြစ်၏။ တင်ပြစရာ ရှိပါသေးသည်။

အိမ်ထောင်ကျပြီး တစ်ရက်တွင် ကျွန်ုပ်၏ ဘုရားခန်းအတွင်း၌ ဝိဇ္ဇာတို့အား အလေးအမြတ်ပြုလို၍ ဝိဇ္ဇာစင်လေး ပြုလုပ်ထားရာ ဝိဇ္ဇာရုပ်တု မရှိသေးသဖြင့် ကျွန်ုပ်၏ ဇနီးအား ဈေးလွှတ်၍ ဝိဇ္ဇာရုပ်တု ရှာဝယ်ခိုင်းရာ ဇနီးမှ...

'ဝိဇ္ဇာရုပ်တု ဟုတ်လား'

ကျွန်ုပ်မှ...

'အေး ဘိုးဘိုးအောင်တို့၊ ဘိုးမင်းခေါင်တို့ပေါ့ကွာ'

မကြာပါ။ ဈေးခြင်းထဲမှ စက္ကူဖြင့် ထုတ်ပိုးထားသော အထုပ်လေးများနှင့် ဇနီးသည် ရောက်လာသည်။

'ဘိုးဘိုးအောင်နဲ့ ဘိုးမင်းခေါင် ကုန်နေလို့ ရှိတဲ့ဝိဇ္ဇာတွေကိုပဲ မ,ချလာလိုက်တယ် ကိုရေ'

'အေး ကိုတို့က ဝိဇ္ဇာတွေကို မ,ရမယ့်သူတွေဆိုတော့ ပြစ်မှ်းပါဦး'

စက္ကူထုပ်လေးများကို ဖြေကြည့်လိုက်တော့ ထွက်ကြွလာကြသည့် ဝိဇ္ဇာများမှာ **"ဘိုးတော်ပြုး၊ "ဘိုးတော်အေး"၊ "ဘိုးတော်မွှင့်"၊ ဘိုးတော်ဟန်"** စသည့် ရွှေရင်ကျော်ဂိုဏ်းတော်၏ အဓိပတိပုဂ္ဂိုလ်များ ဖြစ်နေပါတော့သည်။

ရေစက်ဟု ပြောရမည်လား၊ ပဋ္ဌာန်းဆက်ဟု ပြောရမည်လား မသိတော့သို့သော် ယနေ့အချိန်ထိ ရွှေရင်ကျော်ဂိုဏ်းတော်မှ ဘိုးတော်တို့သည် ကျွန်ုပ်၏ ဘုရားခန်း ဝိဇ္ဇာစင်ထက်တွင် စိတ်အေးချမ်းသာစွာဖြင့် စံမြန်းနေကြပါသည်။

**(ရွှေရင်ကျော် ဂိုဏ်းတော်နှင့် ပတ်သက်၍ အမှားများရှိပါကသည်းခံခွင့်လွှတ်ကြပါရန်...)**

**မေတ္တာရည်၍...**

**မဟာစက်ရှင် (လှိုင်လင်)**



www.burmeseclassic.com

www.burmeseclassic.com

ကိန္နရာချောင်းခြား

# ရက္ခစိုး သမီးရည်းစား

နှင့် ဦးမောင်လှ

အောင်မြင့်မြတ်
(ကလေး)



စာရေးသူသည် ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် (ပရလောကရောင်ခြည်)မှ **"ကျောက်ခုတ်ရွာကလေးက နတ်ဝှက်တဲ့အဘွား"**အကြောင်း ရေးသားတင်ပြခဲ့ဖူးပါသည်။

ယခု တင်ပြမည့် ဇာတ်လမ်းတိုကလေးမှာလည်း ယင်းကျောက်ခုတ်ရွာအနီး မြစ်သာမြစ်ကမ်းရှိ ပျဉ်းပင်ကြီးတစ်ပင်တွင် နေထိုင်သူ လူပျိုကြီး ရက္ခစိုးနတ်မင်းနှင့် မြစ်သာမြစ် ဒီမှာဘက်ကမ်းနေ ရေသဖန်းပင်တွင် နေထိုင်သူ အပျိုလေး မရက္ခစိုးတို့နှင့် ပတ်သက်သော စိတ်ဝင်စားဖွယ်ရာ ပရလောက ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါ၏။

ဇာတ်လမ်းပါ ဦးမောင်လှ ဆိုသူမှာ ကလေးမြို့နယ်၊ ရေဆန်ကျွန်းဘုရားအနီး ကျီကုန်းကျေးရွာအုပ်စုအပိုင် ကျောက်ခုတ်ရေနံ့ မှော်ရွာ တစ်ဖက်ကမ်းရှိ ဦးကြင်ဖော်၊ ဒေါ်တင်အေး (ယခင် ရေနံချက်ဖိုနေရာ) (ယခုသရက်ခြံနှင့် အခင်းယာကွက်)နှင့် ကပ်လျက် နေထိုင်ကြသော မိသားစုမှ အိမ်ဦးစီး ဖြစ်သည်။ ဇနီးသည်၏ အမည်မှာ ဒေါ်ငွေလှိုင် ဖြစ်သည်။

www.burmeseclassic.com

ဦးမောင်လှသည် အိပ်ရာဝင်, အိပ်ရာထ ဘုရားရှိခိုး၊ ပုတီးစိပ်၊ အမျှအတမ်း ပေးဝေမှု စရဏ အမြဲရှိသော်လည်း ဖနီးဖြစ်သူ ဒေါ်ငွေလှိုင်မှာ သားသမီး ဝေယျာဝစ္စနှင့် ဘုရား, တရား အာရုံ သိပ်မရှိလှပါ။

ဦးမောင်လှသည် (၄)ကေအကျယ် အခြောက် ယာခင်းကွက်နှင့် ရှောက်, သရက်, ပိန္နဲ, မာလကာ အစရှိသည့် စားပင်သောက်ပင်များကို ခြံပတ်လည် စိုက်ပျိုးထားသည်။ တစ်နှစ် တစ်ရာသီ ပဲ, ပြောင်း သီးနှံများ စိုက်ပျိုးစား သောက်သည်။

ကလေး, ကလေးဝ ကားလမ်းဘေး တွင် ခြံထွက်သီးနှံနှင့် ကွမ်းယာ၊ ဆေး လိပ်၊ မုန့်စုံ အရောင်းဆိုင်ကလေး တစ်ဆိုင် ဖွင့်ထားသည်။ သားသမီး သုံးယောက်နှင့် အေးအေးလူလူ စား သောက်နေထိုင်ကြသည်။

သားသမီး သုံးယောက်မှ အငယ်ဆုံး သားထွေး ရှင်ပြုပေးသည့် နှစ်မှစ၍ ဦးမောင်လှသည် တရားဘက် အားကျ ကာ သားစားဖားစား ရှောင်ပြီး ဥပုသ် သီတင်းမပြတ် စောင့်လျက် ငါးပါးသီလ မြဲတည်သည်။ အိပ်ရာဝင်၊ အိပ်ရာထ ဝတ်မပျက် ဘုရား ဝတ်တက်ဝတ်ကပ် ပြုပြီး ပုတီးစိပ်၊ သမထထိုင်၊ မေတ္တာပို့ အမျှအတန်းပေးဝေခြင်းတို့ကို ရက်ပျက် မရှိ လုပ်ဆောင်သဖြင့် လူအချို့က သူ့ကို အကြားအမြင်ပေါက်သည်ဟုပင် ထင်မြင်ကြသည်။

ပင်ကိုစရိုက်က ရိုးသားပြီး ရှေးရိုး ဗေဒင် အတွက်အချက်နှင့် ယတြာပေး ကလေးများ လုပ်ကိုင်ပေးတိုင်း အောင် မြင်မှု ရကြသဖြင့် လူအများက သူ့အား ယုံကြည်ကိုးစားကြသည်။

အခကြေးငွေ ဘယ်ရွေ့ဘယ်မျှဟူ၍



ကြေးမဆို၊ ပူဇော်သမျှနှင့် လက်ခံ သည်။ အခမပါလျှင်လည်း ကန်တော့ တာနှင့် လက်ခံ ဆောင်ရွက်ပေးသည်။ အရေးကြုံလျှင် ဥုံဟဲ့ ဖွဟဲ့ မန်းမှုတ်ကာ အမှောင့်ပယောဂများလည်း ချေချွတ် ပေးနိုင်သူ ဖြစ်သည်။ သူ့နေရာနှင့်သူ တော့ ဆရာတစ်ဆူ ဖြစ်နေပါသည်။

တစ်ညဉ့်တွင် ဦးမောင်လှ တစ်ယောက် ပုတီးစိပ် မေတ္တာပို့အပြီး၌ ဇနီးဖြစ်သူထံ တစ်စုံတစ်ယောက်က ဝင်ပူးပြီး ဦးမောင်လှအား ကန်တော့၍ နေပါတော့သည်။ ထိုအခါ ဦးမောင်လှ က ဇနီးဖြစ်သူ၏ရှေ့တွင် တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး...

'ဟေ့... သင်က ဘယ်သူလဲ၊ ဘာ ကိစ္စနဲ့ ငါ့ကို ရှိခိုးနေရတာလဲ'

'ဘဘလှ... ဘဘလှ သမီးကို ကူ ညီပါ။ သမီးက ဘဘလှ ဘုရားဝတ်ပြု အမျှပေးဝေတိုင်း သာဓုခေါ်နေတဲ့သူပါ'

'အေး... ကောင်းပြီ။ သမီးနာမည် ဘယ်လိုခေါ်သလဲ။ သမီးက ဘယ်မှာ နေတာလဲ။ ဘာတွေ ကူညီရမှာလဲဟဲ့'

'သမီးက ဘဘလှအခင်း ရေစပ်က ရေသဖန်းပင်မှာ နေပါတယ်။ သမီး နာမည်တော့ မပြောပါရစေနဲ့။ သမီးရဲ့ လိုအပ်ချက်ရှိတာလေးကိုသာ ပြောပါရ စေ'

'ဒါဆိုလဲ ပြောပါ။ ဘဘ လုပ်ပေးနိုင် တာရှိရင်တော့ လုပ်ပေးရမှာပေါ့'

'ဒီလိုပါဘဘ။ သမီးနေရတဲ့ ရေ သဖန်းပင်က ရေစပ်မှာဆိုတော့ နှစ်စဉ် ရေကြီးတဲ့အခါ အပင်များ ကျွတ်ပြီး မျောပါသွားမလားလို့ အမြဲတမ်း စိုးရိမ် နေရပါတယ်။ ဒါကြောင့်မို့ သမီး အတွက် ဘဘရဲ့ ယာခင်းကွက် တစ် နေရာမှာ ခိုနားစရာကလေးတစ်ခု လုပ် ပေးဖို့ တောင်းခံချင်တာပါ'

'သမီး ပြောမယ်ဆိုရင်လဲ ပြောချင် စရာပါကွယ်။ ရေကြီးတဲ့အခါမှာ ကြောက်စရာ ကောင်းလောက်အောင် တဟဲဟဲမြည်ပြီး စီးနေတဲ့နေရာက အပင် ဖြစ်နေတာကိုး။ ဒါပေမယ့် ခုလောလောဆယ်က အဘတို့ စား ဝတ်နေရေးက ခက်နေတယ် သမီးရဲ့။ မြေနေရာလေးလောက် ပေးရတာ က ဘဘအတွက် အခက်အခဲ မရှိ ပါဘူး။ နန်းဆောက်ဖို့ ဆိုတာကတော့ ဘဘ မတတ်နိုင်သေးဘူးကွယ်။ အဲဒါ ကို ဘယ်လိုလုပ်ကြမလဲ'

'ဒီလိုလုပ်ပါ ဘဘရယ်။ ဘဘလှက နေရာပေးမယ်လို့သာ ခွင့်ပြုပါ။ နန်း ဆောက်နိုင်ဖို့အတွက်ရော၊ ဘဘတို့ အတွက် မပူမပင် စားနိုင်သောက်နိုင် ဖြစ်အောင်လဲ သမီး စွမ်းနိုင်သမျှ ကူညီ ပါ့မယ်'

'ကောင်းပြီလေ သမီး။ မင်းအမေလဲ မင်းရောက်နေတာနဲ့ ပင်ပန်းရှာမယ်။ ဘဘ မင်းရဲ့အမေနဲ့ တိုင်ပင်ပြီးမှ စဉ်း စားလိုက်ပါဦးမယ်။ ကဲ... ကဲ ပြန်တော့ ပြန်တော့'

ဦးမောင်လှက ပြန်တော့ဟု ခွင့်ပြု လိုက်သည်နှင့် ရေသဖန်းပင်စောင့် ရုက္ခစိုးနတ်သမီးမှာ ဦးမောင်လှကို ဦးသုံးကြိမ်ချပြီး ညင်သာစွာ ထွက်ခွာ သွားပါလေတော့သည်။

'ကိုမောင်လှ ကျွန်မ ဘာဖြစ်တာလဲ ဟင် ရေတစ်ခွက်ပေးပါ။ ရေဆာနေပြီ'





www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်လှက အနီးရှိ ဘုရားသောက်ရေအိုးမှ ရေတစ်ခွက် လှမ်းခပ်ပြီး ပေးလိုက်သည်။ ရေသောက်အပြီး၌...

'ဒီလို ရှင်မရဲ့ မင်းကို တို့ရေဆိပ်က ရေသဖန်းပင်စောင့်တဲ့ ရုက္ခစိုးနတ်သမီးက မှီတွယ်ပြီး နေရာရလို့မှုနဲ့ တောင်းသကွာ။ ငါလဲ သနားတာနဲ့ မင်းနဲ့တိုင်ပင်ပြီးမှ လုပ်ပေးမယ်လို့ ပြောလိုက်ရတယ်'

'သူက ဘာတွေ ပြောသွားသေးလဲ ကိုမောင်လှရဲ့'

'သူက တို့ကို သူ့အတွက် နေရာသာ ပေးပါ။ နန်းဆောက်နိုင်အောင် ကူညီမစမယ်ပေါ့ကွာ။ နေရာပေးရတာက တို့အတွက် အပန်းမကြီးပါဘူး။ ကမ်းဘေးက အခင်း ခြံစည်းရိုးမှာ ကပ်ပေးလိုက်ရင် ရတာပဲ မဟုတ်လား'

'ဟုတ်တော့ ဟုတ်ပါတယ်။ မြေနေရာ ပေးရတာ မခက်ပေမယ့် နန်းဆောက်ဖို့ သစ်ဝါးက ခက်တာပေါ့ ကိုမောင်လှရဲ့'

'အေး... လောလောဆယ် တို့စီးပွားရေး အခြေအနေနဲ့ ခက်တော့ ခက်တာပေါ့ကွာ။ ဘာမှလဲ သောကဖြစ်မနေပါနဲ့။ သူပြောသလို သူ မ,စတယ်ပဲထား။ ကိုယ်လုပ်ကိုင်နေတဲ့ အခင်းဝရင်းလေးတွေ သိသိသာသာ အဆင်ပြေလာတယ်ဆိုရင် လုပ်ပေးလိုက်ကြတာပေါ့ကွာ။

သူတစ်ပါး စိတ်ဆင်းရဲ ဒုက္ခရောက်နေတာကို အကူအညီပေးရင် ကိုယ်လဲပဲ ဘဝအဆက်ဆက် စိတ်ဆင်းရဲ ဒုက္ခရောက်ရတဲ့ ဆင်းရဲဒုက္ခမျိုးက ကင်းလွတ်နိုင်တာပေါ့။ မဟုတ်လား'

'အင်း... ဒါတော့ ဟုတ်တာပေါ့ ကိုမောင်လှရယ်။ ဒါတော့ ဒါပေါ့'

ဒီမျှနှင့် တိုင်ပင်ရေးစခန်းက ပြီးခဲ့ပြီ။ ထိုနှစ်က မြစ်ရေကျ၍ စိုက်ပျိုးချိန်တွင် စိုက်ခင်းကွက်များ၌ နုန်းသစ်များ ပို့ချခဲ့၍ မြေပဲစိုက်ရန် စီမံပြီး စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းပြီး၊ ဈေးကောင်းလည်း ရလိုက်သဖြင့် နေအိမ်ကပ်မိုးကို သွပ်မိုး မိုးနိုင်လိုက်သည်။ သမီးငယ်များအတွက် ရွှေတိုငွေစကလေးများပင် ဆင်ပေးနိုင်လိုက်သည်။

ကားလမ်း နံဘေးတွင်လည်း တစ်ဖက်ရပ် ဈေးဆိုင်ကလေးကို ထိုးကာ ခြံထွက်သီးနှံ မာလကာ, ရှောက်, သရက်, ပိန္နဲ, ပြောင်းဖူးအပြင်, ချိုချဉ်, ဆီးထုပ်, ပလုတ်တုတ်နှင့် ကွမ်းယာက အစ တင်ပြီး ရောင်းချသည်။

နွေရာသီတွင် မိခင် ဒေါ်ငွေလှိုင်က ဆိုင်စောင့်ရောင်းချပြီး ကျောင်းမသွားမီနှင့် ကျောင်းဆင်းချိန်များတွင် သမီးနှစ်ယောက်က အလှည့်ကျ ဈေးရောင်းသင်ရင်း ရောင်းကြသည်။ ထိုအခါ စားဝတ်နေရေး ပြေလည်လာသည်နှင့် ကိုမောင်လှ ကတိတည်ရတော့သည်။

မြစ်ဆိပ်နံဘေးရှိ အခင်းခြံစည်းရိုးနံဘေးတွင် တစ်ပင်တိုင် နန်းဆောင်ငယ်တစ်ခုကို သွပ်မိုး၊ ပျဉ်ကာဖြင့် ဆောက်လုပ်လိုက်သည်။ လူ့ဘဝတွင် နေရစဉ်က (၁၆)နှစ်သမီး အပျိုအရွယ်ဘဝတွင် ဤနေရာ အနီးတစ်ဝိုက်၌ ဆုံးပါးခဲ့ရကြောင်း ပြောပြခဲ့ဖူးပြန်သဖြင့် အပျိုအရွယ်တို့ ဘာသာဘာဝ ကြိုက်နှစ်သက်ရာ သနပ်ခါးကျောက်ပျဉ်၊ ဘီးမှန်နှင့် သနပ်ခါးတုံးများလည်း ထားရှိပေးထားသည်ကို နန်းဆောင်တွင် တွေ့မြင်ရသည်။

ယင်းကဲ့သို့ ဦးမောင်လှတို့ မိသားစု စားဝတ်နေရေး ချောင်လည်နေချိန် တစ်ညည့်သ၌ ဦးမောင်လှ ဘုရားဝတ်ပြု အမျှအတန်း ပေးဝေ၍အပြီး၌ ဒေါ်ငွေလှိုင်ထံ၌ တစ်စုံတစ်ယောက်က လာရောက်၍ တစ်စခန်း ထပြန်ပါတော့သည်။

ဒီတစ်ကြိမ် ဝင်ရောက်လာသူမှာ တည်တည်ငြိမ်ငြိမ်မရှိ။ ကိုယ်နေဟန်ကို လှုပ်ခါယမ်းပြီး ခေတ်ကြောင့်ထိုင်ကာ ဦးနှိမ်ဝပ်ချလာသဖြင့် ဦးမောင်လှအမြင်တွင် ယခင် လာရောက်ဖူးသူနှင့်မတူ အသွင်တစ်မူ ထူးခြားနေသည်ကို သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ချက်ချင်းပင် နတ်ဝင်ပူးနေသူ ဇနီးသည်၏ရှေ့တွင် တင်ပျဉ်ခွေထိုင်လိုက်ပြီး အကျိုးအကြောင်းကို မေးသည်။

'အခု ရောက်လာတာ ဘယ်သူလဲဟေ့။ လာရင်းကိစ္စကို တိုတိုနဲ့ လိုရင်းကိုပြောပါ'

'ဘဘလှ ကျွန်တော်က ဟိုဘက်ကမ်းက အပြေးကူးလာရလို့ ကိုယ်ကြမ်းစိတ်ကြမ်းဖြစ်တာ ခွင့်လွှတ်ပါ။ ကျွန်တော်က ဘဘလှ အခင်းကွက် ဟိုမှာဘက်ကမ်းက ပျဉ်းပင်မှာနေရတဲ့ ရုက္ခစိုး လူပျိုကြီးပါ။ ကျွန်တော့်အနေနဲ့လဲ ဘဘလှ အခင်းနားက သူလေးလိုပဲ အဆောင်လေးတစ်ဆောင် ရချင်စိတ်ရှိလို့ လာခဲ့ရတာပါ'

'သင်က ဘာအကြောင်းကြောင့် နန်းဆောင် ရချင်ပြန်ရတာလဲ။ ပြောပြစမ်းပါဦး'

'ဒီလိုပါဘဘ။ ကျွန်တော် မှီခိုနေရတဲ့အပင်က ပျဉ်းပင်ဆိုတော့ လူတွေအကြိုက် ဖြစ်နေရပါတယ်။ ပင်စည်ကို ခုတ်လှဲပြီး အိမ်ဆောက်နိုင်တယ်။ ဖြတ်ပိုင်းပြီး ထင်းလုပ်လဲကောင်းတယ် ဖြစ်နေပါတယ်။

တစ်လောက ဘဘလဲ ကြားသိလိုက်မှာပါ။ ကျွန်တော့်ဘက်ကမ်းမှာ အခုတ်ထင်းခုတ်လာတဲ့ လင်မယား နှစ်ယောက်ပေါ့။ တောထဲမှာ ပျဉ်းပင်တွေ အပေါသားနဲ့။ ကမ်းနားမှာ နေရတဲ့ ကျွန်တော့်အပင်ကိုလာပြီး ရန်ရှာတယ်။ ဘယ်လိုလုပ်တယ် မှတ်သလဲ။ အပင်ထိပ်ဆုံးကိုင်းကို တက်ပြီး ခုတ်ဖြတ်တယ် ဘဘ။

ကျွန်တော်လဲ သည်းမခံနိုင်လွန်းလို့ သူ ခုတ်ဖြတ်ထားတဲ့အကိုင်းကို မပြီး အပင်ထိပ်မှာ အကြာကြီး ကတော့ထိုးသလို ဝဲပြလိုက်တော့ သူ့ဟာသူကြောက်အားလန့်အားဖြစ်ပြီး အပင်ပေါ်က ကျတယ်။ မြို့ဆေးရုံမှာပို့ပြီး ကုကြတော့ ဆေးရုံမှာ ပစ်ခဲ့ရတယ်လေ။

အဲဒီနောက် ကျွန်တော့်အပင်ကို အများတကာ ရန်မရှာအောင်ဆိုပြီး သစ်ပင်ခွကြားကနေ မီးလုံးကြီး တစ်လုံးကို ထိန်ထိန်လင်းအောင် ထွန်းပြလိုက်တယ်။ အဲဒီအချိန်ကစပြီး ရပ်နီးကလူတွေကတော့ ရန်မရှာရဲကြပါဘူး။ ရပ်ဝေးက အကြောင်းမသိသူတွေရဲ့ ရန်ကတော့ စိတ်မအေးရဘူးပေါ့ ဘဘရယ်။

ကျွန်တော့်အပင်က ရေဆိပ်နဲ့နီးပြီး လူကြိုက်များတဲ့အပင် ဖြစ်နေတာကိုး။ ဒါပေမယ့် ဘဘရယ်။ ကျွန်တော့်ကို သနားသဖြင့် ကူညီပါလား ဘဘရယ်'

ရုက္ခစိုး ကိုလူပျိုကြီးသည် ထိုသို့ပြောပြီး စကားကို ဆက်မပြောသေးဘဲ အမောပြေ ရပ်နားနေသဖြင့်...

'မင်းအတွက် ဘေးကင်းရန်ကွာတော်သလောက် ပြည့်စုံရင် တော်ပြီကောကွယ်။ ငါ့ကို ဘာကြောင့်များ တစ်ပူကနှစ်ပူ ကပ်ချင်ရပြန်တာလဲ'

'အပူကပ်တယ်လို့ မထင်ပါနဲ့ ဘဘရယ်။ သည်းခံပြီး နားထောင်ပေးပါဦး။ ကျွန်တော် ပြောရမှာ ရှက်တော့ ရှက်ပါတယ်။ ဒါပေမယ့် မပြောမပြီး၊ မတီးမမြည် ဆိုသလို ပြောရတော့မှာပဲ။

ဒီလိုပါ ဘဘလှရဲ့။ ကျွန်တော်က ဘဘလှ ခြံစပ် ရေဆိပ်က ရေသဖန်းပင်မှာနေတဲ့ အပျိုမ ရုက္ခစိုးနဲ့ ကြိုက်နေကြတယ်။ ညတိုင်းလဲ အမြဲ သူ့ဆီ သွားသွားလည်တယ်။

သူ့ဆီ အပျိုလည်ရင်းနဲ့ ဘဘလှ ဘုရားဝတ်ပြုတဲ့ဆီက မေတ္တာပို့၊ အမျှ ပေးဝေနေတာတွေကို အတူ သာဓု ခေါ်ယူနေကြသူတွေပါ။ ကျွန်တော်တို့ ဘဝတွေက မြစ်ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းဆိုတော့ ကိန္နရီ၊ ကိန္နရာ ချောင်းခြားနေသလို ဖြစ်နေရပါတယ်။

ဒီလိုနေကြရတာထက် သူ့မှာက ဘဘလှရဲ့ ကောင်းမှုကြောင့် နန်းဆောင်နဲ့ ဘာနဲ့ ဖြစ်လာတော့ ကျွန်တော့်အတွက် ရန်သူတစ်ယောက် ပေါ်လာနေတယ်'

'ဘယ်ကဘယ်လို ရန်သူ ပေါ်ရပြန်တာလဲ။ ပြောစမ်းပါဦး'

ရုက္ခစိုးနှင့် ဦးမောင်လှတို့ နှစ်ဦး အချီအချ မေးမြန်းပြောဆိုသံကို ရောက်ရှိ နားထောင်နေသူ အိမ်နီးချင်း ဘေးပရိသတ်မှာလည်း ကျိတ်၍ ပွဲကျနေသည်။

'ဘယ်သူဖြစ်ရမှာလဲ ဘဘရယ်။ ဘဘတို့ရဲ့ အနောက်ဘက် ဗိုလ်မှူး... က နောက်မှပေါက်လာတဲ့ ပိန္နဲပင်စောင့်တဲ့ အကောင်ပေါ့။ သူကလဲ လူပျိုပေါက် ရုက္ခစိုးဆိုတော့ တစ်ဖက်ကမ်းတည်း... ဖြစ်ပြန်၊ အိမ်နားနီးချင်းလဲဖြစ်လေတော့ သူတို့ချင်း ရည်ငံသွားမှာ စိုးရိမ်နေရ... တယ်'

'ဟုတ်တယ်၊ ဟုတ်တယ်။ ... လောကတောင် ငါ့ဇနီးဆီမှာ ... တောပြောတောင်ပြော ... သေးတယ်။ ကညည်းစကားလဲ ငါးနာ... မလည်၊ နောက်တစ်ခါ ကညည်းစကား...

www.burmeseclassic.com

တတ်သူလာမှ သူ့ကို ကညည်းမှန်း သိရတယ်။ ထားပါတော့ကွာ၊ ဘဘက မင်းအတွက် နန်းဆောင် ဆောက်ပေးမယ်ဆိုရင် မင်းက ဘဘ တောင်းချင်တာလေးတစ်ခု ပေးနိုင်မလား'

ဦးမောင်လှက ရုတ်တရက် စိတ်ကူးအကြံတစ်ခု ရသဖြင့် အပျော်သဘော မေးလိုက်သည်။

'ဘာတောင်းချင်တာလဲ ဘဘ။ ကျွန်တော် တတ်နိုင်တာဆိုရင် ဆောင်ရွက်ပေးပါ့မယ်'

'တခြားဟာတော့ မဟုတ်ပါဘူးကွာ။ ငါတို့မိသားစုမှာ အခု လောလောဆယ်တော့ စားရေးနေမှု ဖူလုံပါတယ်။ ဒါပေမယ့် သမီးလေးတွေ ကျောင်းတက်နေရတာက စက်ဘီးတစ်စီးတည်း နှစ်ယောက်ပေါင်းစီးနေရတယ်။

ရှေ့ဆက်တက်ရမယ့် အထက်တန်းပညာရေးအတွက်လဲ ရင်လေးနေရတယ်။ ဒါကြောင့် သူတို့လေးတွေ ရှေ့ရေးအတွက် အထောက်အပံ့လေး ရအောင် ဒီအပတ်ထွက်မယ့် ချဲဂဏန်းလေးများ ရနိုင်မယ်ဆိုရင် ရချင်လို့ပါ'

ထိုစကားကို ကြားလိုက်သည်နှင့် အနားရှိ ပရိသတ်အားလုံး အပ်ကျသံကြားရမတတ် တိတ်ဆိတ်သွားသည်။

'အို... ဒါ... ဒါတော့ ကျွန်တော် မတတ်နိုင်ပါဘူး ဘဘရယ်။ ချဲဂဏန်းဆိုတာ သူများနိုင်ငံကထုတ်တဲ့ ဂဏန်းဖြစ်တာကတစ်ကြောင်း၊ ကျွန်တော် ရထားတဲ့ တန်ခိုးအာဏာနဲ့ ကွာလှမ်းတာကတစ်ကြောင်းမို့ မကူညီနိုင်ပါဘူး ဘဘ။ ကျွန်တော့်ကို ဒီအတွက် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

'အေးကွာ ငါလဲ စိတ်ထဲ ဖျတ်ခနဲ ဖြစ်ပေါ်လာတဲ့ စိတ်ကူးနဲ့ ပြောလိုက်မိတာပါ။ ဒီအတွက် ဖွဲမယူပါနဲ့။ ဒါပေမယ့် ဟိုဘက်ကမ်းမှာ နန်းဆောက်ပေးဖို့ ဆိုတာကတော့ အကြောင်းကောင်းမှ အကျိုးလှမှာမို့ သူ့ကံ၊ ကိုယ့်ကံလို့ပဲ သဘောထားကြရအောင်။ ကုန်းတစ်တန် ရေတစ်တန် ကူးသန်းရလဲ မလွယ်ဘူးမောင်ရ'

'မှန်ပါတယ် ဘဘလှ။ ကျွန်တော်တို့ ဘဝကလဲ အကြောင်းမကောင်းခဲ့လို့ အကျိုး မကောင်းခဲ့ကြရတာပါ။ ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ သဘောထားဖြေပါ့မယ်။

ဘဘလှအနေနဲ့ကလဲ အသက်ထင်ရှား ရှိနေသမျှ အိပ်ရာဝင်၊ အိပ်ရာထ ဘုရားဝတ်ပြုပြီးတိုင်း၊ ကျွန်တော်တို့အတွက် မေတ္တာပို့ အမျှအတန်းတွေ မှန်မှန် ပေးဝေပေးပါလို့ နောက်ဆုံး တောင်းဆိုပါရစေ။ ကျွန်တော် ဘဘကို ဦးချခဲ့ပါတယ်။ ပြန်ခွင့်ပြုပါ'

'သာဓုကွယ်... သာဓု... သာဓု။ ဘဘ ကျန်းမာသမျှ ထာဝရ မေတ္တာပို့ အမျှပေးပါ့မယ်ဗျာ'

ဦးမောင်လှကား ၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း (၅) ရက်နေ့တွင် ဘဝတစ်ပါးသို့ ပြောင်းကြွသွားခဲ့ပါလေပြီ။

ရုက္ခစိုး သမီးရည်းစားကား ကိန္နရီ၊ ကိန္နရာပမာ ချောင်းခြားလျက်၊ အမျှပေးဝေသံ ဝေးလေသည်နှင့်အတူ လူပျိုကြီးရုက္ခစိုးမူကား နန်းဆောင်မဲ့စွာ ချစ်သူနှင့်ဝေးမည်၊ နီးမည် မသိတတ်နိုင်ပါပြီ။

**[ကိုရှမ်းထွေးနှင့် ဇာတ်လမ်း ပြောပြသူ သိကြားမြင် ပုဂ္ဂိုလ်အပေါင်းအား ကျေးဇူးတင်ရှိစွာဖြင့်...]**

*သဗ္ဗေသတ္တာ ကမ္မသကာ*

**အောင်မြင့်မြတ်** *(ကလေး)*



၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ

# ထီ

အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၂၉၉ |
| **ဒီဇင်ဘာလ** | ၁၂ |
| **ခုနှစ်** | ၂၀၁၃ |
| | ၂၃၂၄ = ၁၁ = ၂ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၂) ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၂၊ ၃၊ ၅၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထူးသဖြင့် ရှေ့ဂဏန်းများကို **၁၊ ၂၊ ၃၊ ၅** ဂဏန်းများကို ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၂...၁ | ၃...၁ | ၅...၁ |
| ၁...၂ | ၂...၂ | ၃...၂ | ၅...၂ |
| ၁...၃ | ၂...၃ | ၃...၃ | ၅...၃ |
| ၁...၅ | ၂...၅ | ၃...၅ | ၅...၅ |
| ၁...၀ | ၂...၀ | ၃...၀ | ၅...၀ |

စာမျက်နှာ (၂၀) သို့



www.burmeseclassic.com

www.burmeseclassic.com



မောင်ရိုးရှ
(အနောက်ရိုးမ)

မြေအောက်က

# ကြေးစည်သံ

အနောက်ရိုးမတောင်ခြေက "မော" ဟူသော ရွာငယ်လေး။ အိမ်ခြေ ငါး ဆယ်ခန့်။ ရွာဘေးတွင် မုံးမြစ်က တသွင်သွင်။ မုံးမြစ်၏ တစ်ဖက်တစ်ချက်မှာတော့ တစ်မျှော်တစ်ခေါ် လယ်ကွင်းများ။ ရွာသားများကား နွေမှာ စပါး၊ မိုးမှာ မြေပဲ စိုက်ပျိုး၍ အလုပ်နားချိန်၌ ငါးရှာ၊ ဖားရိုက်၊ အမဲလိုက်ရင်း တောခလေ့ ပျော်မွေ့ခဲ့ကြ၏။ သာယာငြိမ်းချမ်းလှသည့် တောင်ပေါ်ရွာကလေးပင်။

တစ်ခါက ဤရွာကလေးဆီသို့ ကြမ္မာဂြိုဟ်ဆိုး ဝင်ခြေထိုး၍ ရွာသားများ "သား လူလေး၊ အစ်ကို၊ ညီလေး၊ မောင်လေး" စသည့်... စသည်ဖြင့် အော်ခေါ်ရင်း ယူကျုံးမရ ပူလုံးထကာ ငိုပွဲဆင်ခဲ့ကြရသည်။

အဖြစ်သနစ်က ဆယ်စုနှစ် လေး၊ ငါးစုလောက် ကြာမြင့်ပြီ ဖြစ်သော်လည်း ယနေ့တိုင် မေ့မရကြ။ လပြည့်၊ လကွယ်နှင့် ဥပုသ်နေ့ ရောက်တိုင်း မြေအောက်မှ ထွက်ပေါ်လာတတ်သည့် ကြေးစည်သံက မေ့စက်အိပ်မောကျနေသည့် သူတို့၏ နှလုံးသားကို ပြန်လည်ထိုးဆွ နိုးကြွစေခဲ့ပြီ မဟုတ်ပါလား။

* * *

တစ်နေ့၌ ဘုန်းတော်ကြီးတစ်ပါး
သည် မုံးမြစ်အတိုင်း ဆန်တက်ရင်း
ဤရွာသို့ ကြွရောက်လာ၏။ အသား
ဖြူဖြူ၊ အသက်က (၄၀)ဝန်းကျင်ခန့်
ဖြစ်၏။ ဘွဲ့အမည်က ဦးသုမန။ လူ
အရောက်အပေါက် နည်းပါးလှသည့်
ဝေးလံခေါင်ဖျား နယ်စပ်ဒေသများ
ကြွချီကာ သာသနာ ထွန်းကား
ရေး ဆောင်ရွက်နေသည့် ရဟန်း
တစ်ပါးပင် ဖြစ်သည်။

www.burmeseclassic.com



ရွာရှေ့ရှိ ဇရပ်တွင် သီတင်းသုံးရင်း တရားဒေသနာများ ဟောကြားတော်မူ၏။ ရွာသားတို့၏ ဆန္ဒအရ ဤရွာ၌ပင် တစ်ဝါဆိုခဲ့ရသည်။

တစ်ဝါဆိုပြီး၍ ခရီးဆက်မည် ပြုတော့လည်း ရွာသားများက ဘုန်းကြီးအား ကြည်ညိုလွန်းစွာ ရှိလှသဖြင့် ဆပ်၍ လျှောက်ထားတောင်းပန် တားကြပြန်ရာ ဘုန်းကြီးခမျာ ရိုးမတောင်ခြေက မောရွာ၌ပင် ရာသက်ပန် ကျောင်းထိုင်ကာ သာသနာပြုသွားရန် ိတ်တုံးတုံး ချလိုက်ရတော့သည်။

ရွာ၌ ဘုန်းကြီးတစ်ပါး အမြဲရှိတော့ ည်ဖြစ်၍ ရွာသားများကား ပျော်၍ ဆုံး။ ကျောင်းဆောင်ကြီးကိုပင် ဇရပ် ား၌ သုံးပင်×ငါးပင် ပျဉ်ခင်း၊ ပျဉ် ာ၊ သက်ငယ်မိုးလျက် ခိုင်ခိုင်ခံ့ခံ့ ာက်လုပ်ကြသည်။ ပြီးမှ ရေတွင်း သစ်လုံးများ ညီညာစွာစိုက်၍ ာရံကြသည်။

ကျယ်ဝန်းသည့် ခြံအတွင်း စားပင်၊ ပင်နှင့် အလှပင်များလည်း ဝေ ာဆာ စိုက်ကြသည်။ ဘုန်းကြီး တွက် သင်္ကန်း၊ ဆွမ်း၊ ဆေးသာမက ယျာဝစ္စဟူသမျှ အစွမ်းကုန် ဖြည့် ည်း ဆောင်ရွက်ပေးကြသည်။

ဘုန်းကြီးကလည်း ရွာသားများအား တရားတော် ဟောကြားတော်မူ ည့်အပြင် ရွာမှ ကလေးများ လိမ္မာ ြားရှိလာအောင် ဗုဒ္ဓဘာသာ ခံသင်တန်းများလည်း ဖွင့်လှစ် ကြားပေးသည်။

ဆိုစဉ်က ရွာ၌ စာသင်ကျောင်း သေးသဖြင့် ယောကျ်ားကလေးများ ာ့ ကျောင်းအိပ်ကျောင်းစား ဖြင့်ထားကာ အတန်းပညာများကို ကြားပေးသည်။ အတော်အသင့် ဉာဏ်ထက်မြက်သည့် ကလေးများဆိုလျှင် မြို့ကျောင်းသို့ပင် ကိုယ်တိုင် သွားရောက် အပ်နှံပေး၏။

ထို့ပြင် ကျောင်း၏မြောက်ဘက် ကုန်းကမူလေးပေါ်တွင် ရွာဦးစေတီ တစ်ဆူ တည်ထားကိုးကွယ်လေ၏။

ဥပုသ်နေ့ရောက်တိုင်း ရွာသားများ ဘုရားသွား၊ ကျောင်းတက် ဥပုသ် စောင့် သီလယူတတ်လာကြသည်။ ညဦးယံနှင့် မိုးသောက်ယံများတွင် ကလေးများ၏ ဘုရားရှိခိုးသံ၊ အမျှဝေ သံများဖြင့် မင်္ဂလာရှိလျက်။ ကြေးစည် သံကလည်း တလွင်လွင်။

အခါကြီး၊ ရက်ကြီးများဆိုလျှင် အလှူဒါန ပြုကြသည်မှာ တစ်ရွာလုံး မီးခိုးတိတ်ပင်ဖြစ်၏။ သာသနာရောင်ဝါ ထွန်းလင်းတောက်ပကာ ပျော်ရွှင် ချမ်းမြေ့ဖွယ် မောရွာကလေး ဖြစ်လာ ခဲ့ရသည်။

တစ်နေ့ ကျောင်းဝင်းအတွင်းသို့ လုံးပတ် လူတစ်ယောက်ဖက်စာ အရှည် ဝါးနှစ်ပြန်ခန့်ရှိမည့် မြွေကြီးတစ်ကောင် ပေါက်ချလာလေ၏။ ဘယ်အရပ်၊ ဘယ်ဌာနက လာသည်ကိုတော့ မည်သူမျှ တိတိပပ မသိ။ မှန်းဆ၍ လည်း မရကြ။

ထူးသည်က စည်းရိုးလည်း ပျက် မသွား၊ သွားရာလာရာလည်း မထင်။ မြွေကြီး၏ ကိုယ်ထည်ပေါ်က အနီ၊ အဝါ နှစ်ရောင်ခြယ် အကွက်များက လေအဟပ်မှာ ပြိုးပြိုးပြက်ပြက် တောက်ကြွလင်းထ၍ နေလေ၏။

ဘုန်းကြီးသာမက ရွာသားများပါ အံ့ဩမှုနှင့်အတူ စိုးရိမ်ထိတ်လန့်ကုန်၏။ ရွာသားများက ကလေးတွေ အတွက် အန္တရာယ်ကြီးသည်ဆိုပြီး သတ်မည်၊ ဖြတ်မည် တကဲကဲ လုပ်ကြတော့ ဘုန်းကြီးက နေ့လယ်မွန်းတည့် ချိန်အထိတော့ စောင့်ကြည့်စေချင် ကြောင်း မေတ္တာရပ်ခံလိုက်သည်။

ထို့နောက် မြွေကြီးအား မေတ္တာ တွေ ပို့ကာ မိမိအရပ်ဌာနသို့ ပြန်ရန် တောင်းပန်၏။ မြွေကြီးကား တုတ်တုတ်မျှမလှုပ်။ အဆိပ်ကင်း ဒေါမာန်ရှင်းသည့်နှယ် ဦးခေါင်းကို မြေမှာကပ်ထားရင်း ငြိမ်ချက်သား ကောင်းလျက်။

မွန်းတည့်ချိန် ရွာသားများ ဓား၊ လှံ၊ သေနတ်ကိုယ်စီဖြင့် ကျောင်းဝင်း အတွင်း ရောက်လာကြတော့၏။ ဘုန်းကြီးလည်း မြွေကြီးအား နောက် ဆုံးအကြိမ် မေတ္တာပို့ပြီး ကိုယ့်အရပ် ဌာနပြန်ရန် ထပ်မံ တောင်းပန်ရှာပြန် သည်။

ဤနေရာကား သူ၏ ဌာနေလား ဗိမာန်လေလားမသိ။ မြွေကြီးကား လှုပ်ရှားမှု အလျှင်းမရှိ။ မိမိနေ့ ရောက်နေသည့် ဘုန်းကြီးနှင့် ဓား၊



www.burmeseclassic.com

www.burmeseclassic.com

လုံ၊ သေနတ်များ ကိုင်ဆောင်ထားကြသည့် ရွာသားများကိုကြည့်ရင်း သူ၏ မျက်ဝန်းအိမ်ဆီမှ မျက်ရည်များသာ တပေါက်ပေါက် ကျကြွေလာတော့၏။

သူ အသနားခံလွှာ တင်သွင်းခြင်းဖြစ်မည်ထင့်။ ဘုန်းကြီးလည်း ဤအဖြစ်သနစ်ကို ကြာကြာ မကြည့်ရက်သဖြင့် ကျောင်းပေါ်သို့ ခပ်သုတ်သုတ် လှမ်းတက်သွားလေတော့သည်။

သိပ်မကြာပါ။ သေနတ်သံများ ငရဲပြည်အမျှ ပွက်လောရိုက် ထွက်ပေါ်လာ၏။ ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်တရက် အမှောင်ဖုံးသွားသည်။ မြွေကြီး၏ လူးလိမ့်ခုန်ပေါက်မှု အရှိန်ကြောင့် မြေကြီးလည်း တသိမ့်သိမ့် တုန်ခါသွားသည်။ ဖုန်လုံးကြီးလည်း ကြည့်မကောင်း၊ ရှုမကောင်း တထောင်းထောင်း။

ဘေးဘီရှိ သီးပင်၊ စားပင်များကလည်း အပြိုပြိုအလဲလဲ။ အဆုံးတွင် မြွေကြီးခမျာ မလူးသာမလိမ့်သာဖြင့် သွေးအိုင်ထဲမှာပင် အသက်ပျောက်သွားရရှာလေ၏။

မြွေကြီး မရှိတော့မှ ရွာသားများ အသက်ရှူ ချောင်ကြရပြီ။ စိတ်အေးရပြီ။ ညဦးယံတွင် ဘုန်းကြီးကျောင်းဆီက ကလေးတို့၏ စာသံပေသံများ မူလထက်မက သောသောညံလာသည်။ ဘုရားရှိခိုးသည့် မင်္ဂလာရှိသော အသံများလည်း ပြန်လည်နိုးထဝေစည်လာသည်ဟု ထင်ရသည်။

သို့သော် အရုဏ်တက်ချိန်၌ကား ဘုန်းကြီးကျောင်းဆီမှ ယခင်ကလို အုန်းမောင်းခေါက်သံလည်း ထွက်မလာ၊ ဘုရားရှိခိုးသံလည်း မကြားရ၊ ကြေးစည်လည်း မပြည်၊ စာသံလည်း တိတ်လျက် သုသာန်တစပြင်အလား ငြိမ်သက်၍ နေလေ၏။

ဆွမ်းသွားပို့ကြလည်း မိုးသာ လင်းသွားသည်။ ကျောင်းကိုကား ရှာမတွေ့ကြ။ ကျောင်းသာမက ကျောင်းပရိဝုဏ်ပါ ကြက်ပျောက်ငှက်ပျောက် ပျောက်နေလေ၏။ ကျောင်းနေရာ၌ကား မူလက ရှိခဲ့ဖူးသည့် မြက်ရိုင်းများနှင့် ချုံနွယ်များ ပြန်လည် ကြီးစိုးလျက် ရှိနေလေသည်။

ရွာသားများ သည်းထိတ်ရင်ဖို ဖြစ်ကြရသည်။ မြွေကြီးကို သတ်ခဲ့မိသည်ကိုပင် ကြီးစွာ နောင်တရနေကြ၏။ မိမိ၏ ကလေးများကို တွေ့လိုတွေ့ငြား "သား၊ လူလေး၊ အစ်ကို၊ ညီလေး၊ မောင်လေး" စသည်... စသည်ဖြင့် အော်ခေါ်ရင်း ဝန်းကျင်အနှံ့ ခြေဆန့်ရှာကြသည်။ ခြေရာမတွေ့။ လက်ရာလည်း မရှိ။ ရွာလေ ဝေးလေ ဖြစ်ကာ တစ်ရွာလုံး ယူကျုံးမရ အပူလုံးထ ငိုပွဲ ဆင်နွှဲကြရသည်။

ဤအဖြစ်သနစ်က နှစ် ဆယ်စုနှစ်လေး,ငါးစုလောက် ကြာမြင့်ခဲ့ပါပြီ။ သို့သော် ဘုန်းကြီးကျောင်းနေရာ၏ မြေအောက်တစ်နေရာမှ ကြေးစည်သံကိုကား လပြည့်၊ လကွယ်နှင့် ဥပုသ်နေ့ရောက်တိုင်း ယနေ့တိုင် ခပ်သဲ့သဲ့လေး ကြားနေရဆဲဖြစ်၏။

ကြေးစည်သံ ကြားလေရတိုင်း မော ရွာသားတို့ ရင်မောစွာဖြင့် ကျိတ်ငိုခဲ့ရသည်ချည်းပင် မဟုတ်ပါလား။

**မှတ်ချက်** ။ ။ **ဤဖြစ်ရပ်မှန်ကို ပြောပြခဲ့ကြသည့် ဖခင် ဦးထွန်းလောနှင့် မိခင် ဒေါ်လုစိန်တို့အား ဤစာစုဖြင့် ကန်တော့ပါ၏။**

**မောင်စူးရှ (အနောက်ရိုးမ)**

**စာမျက်နှာ (၂၇၇)မှ အဆက်**

မှတ်ချက် ။ ။ (...)ကွင်းအတွင်း ပြထားသော အလယ်ဂဏန်းများကို ၂၊ ၃၊ ၅၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "လ" ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၁ + ၂ + ၂ + ၀ + ၁ + ၃)=၉ ရသည်။ သို့ဖြစ်၍ '**၉**'ဂဏန်းကိုလည်း ပယ်၍မရပါ။

စ... ဆုံး

| | | | | | | |
|---|---|---|---|---|---|---|
| ၁... | ၁၊ | ၂၊ | ၃၊ | ၅၊ | ၉၊ | ၀ |
| ၂... | ၂၊ | ၃၊ | ၅၊ | ၉၊ | ၀၊ | ၁ |
| ၃... | ၃၊ | ၅၊ | ၉၊ | ၀၊ | ၁၊ | ၂ |
| ၅... | ၅၊ | ၉၊ | ၀၊ | ၁၊ | ၂၊ | ၃ |

ဤလတွင် **အထူးသဖြင့် တနင်္လာသားသမီးများ** ထီကံပွင့်နေ... သည်။

သို့ဖြစ်၍ မိမိတို့ အရပ်ဒေသ... ရှေးဟောင်းဘုရားတစ်ဆူဆူ၏ ရင်ပြင်တော်ကို သန့်ရှင်းရေး တတ်နိုင်သ... ဆောင်ရွက်ပေးပါ။ တတ်နိုင်ပါက (၃) ရက်တိတိ ဆောင်ရွက်ပါ။

ထိုဘုရားတစ်ဆူဆူ၏ မိမိမွေး... အရပ်ထောင့်တွင် "ဒီဝါတပတိ"အ... ချီ သဗ္ဗဓေယျမင်္ဂလာဂါထာတော်အား (၁၀၈)လုံး ပုတီးကုံးဖြင့် မိမိသက်... စိပ်ပွားပူဇော်ပါ။ (၃)ရက်ဆက်တိုက် အဓိဋ္ဌာန်ဝင်ပါ။

ထိုအဓိဋ္ဌာန် အောင်ပြီးပါက သ... ကြီးရွယ်အိုနှင့် ကလေးငယ်တို့အား ဆေးဝါး၊ အာဟာရ တစ်ခုခု လှူ... ပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦၁၂၃၅၅၀ ✦၂၃၁၁၅၂ ✦၁၂၅၉...

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက် (သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းဝန်
(မာန်အောင်)

# သုံးပန်လှဒေဝီ နှင့်
## တွေ့ဆုံခြင်း

လွန်ခဲ့သော အနှစ်(၂၀)ခန့်က ရွှေကျင်မြို့သို့ ခဏရောက်ခိုက်တွင် ပဌာန်းဆက်ကြောင့် မမျှော်လင့်ဘဲ သုံးပန်လှဒေဝီနှင့် တွေ့ဆုံခဲ့ရသည်။ ကြာပြီဆိုသော်လည်း သုံးပန်လှဒေဝီနှင့် ပတ်သက်၍ တိုက်ဆိုင်မှုရှိတိုင်း သတိရလျက် ရှိနေခဲ့ပါသည်။

မိုးအေးအေးရွာနေသည့် နေ့တစ်နေ့တွင် စာရေးသူသည် ၂၀၀၅ ခုနှစ်၊ ဩဂုတ်လထုတ်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို ဖတ်မိပါသည်။ စာမျက်နှာ (၂၅၂)တွင် **မြတ်သစ်ဋ္ဌေး(မြတ်စေတနာ)**၏ **"ပုံပြင်လေးများမဟုတ်ပါ"** ဖြစ်ရပ်မှန်ရောင်ခြည်ကို စိတ်ဝင်စားစွာ ဖတ်ရပါသည်။ သုံးပန်လှဒေဝီ၏ ဘဝအကြောင်း တစေ့တစောင်းကို ပို၍ သိရှိရသည့်အတွက် မြတ်သစ်ဋ္ဌေး (မြတ်စေတနာ)နှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ကျေးဇူးတင်ရပါသည်။

သုံးပန်လှဒေဝီသည် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့က **"ကိုကိုကြီး၊ မမကြီး(သုံးပန်လှဒေဝီ)နှင့် ကိုကိုလေး၊ မမလေး နတ်မောင်နှမလေးယောက်"**ထဲက တစ်ယောက်ဖြစ်သည်။ မမကြီးသည် လူ့ဘဝတုန်းက လွန်စွာ ချောမောလှပပြီး တစ်နေ့ကို ပုံစံသုံးမျိုးပြောင်းနိုင်သဖြင့် "သုံးပန်လှဒေဝီ"ဟုခေါ်ကြောင်း သိရှိရပါသည်။

ဤတွင် သုံးပန်လှဒေဝီနှင့် ဆက်နွှယ်ခဲ့သည့် စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း ချစ်သူများသို့ တင်ပြအပ်ပါသည်။

**မြန်မာသက္ကရာဇ် ၁၃၅၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၂)ရက်နေ့။**

စာရေးသူ ရဟန်းဘဝကာလက ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ထောင်လောင်

www.burmeseclassic.com

ကျောင်းဆရာတော် ဦးပညာလင်္ကာရ၊ ဦးပဋ္ဌင်း ဦးကောဝိဒ၊ ဦးကုသလနှင့် ထောင်လောင် ရွာသူရွာသားတို့၏ မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲ ဖြစ်မြောက်ရေး အကျိုးဆောင်မှုကြောင့် တောင်ငူ၊ ထန်းတပင်မြို့နယ်(ရွှေဈေးအနီး) ကျောက်ဝိုင်းတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်မှ ကျောက်ဝိုင်း ဆရာတော်ကြီး ဦးသုဒဿန၊ ဦးမေဓာဝီ၊ ဦးသီရိန္ဒ(စာရေးသူ)နှင့် တောင်ငူဆရာတော် ဦးဝါယမနှင့် ဦးဝါယမ၏ ကပ္ပိယကြီး ဦးလှသောင်းတို့သည် တရားပွဲကျင်းပပေးရန် ထောင်လောင်ရွာသို့ ရောက်ရှိခဲ့ကြပါသည်။

၁၃၅၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်နေ့မှ (၁၂)ရက်နေ့ထိ မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားပွဲ (၁၀) ရက်စခန်းကို ပထမအကြိမ် ရွှေကျင်မြို့နယ်၊ ထောင်လောင်ရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျောက်ဝိုင်းဆရာတော်ကြီးနှင့် ဦးဝါယမတို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း 'နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းဖြစ်သော ဝိပဿနာတရားတော်များကို ဟောဖော် ညွှန်ကြား ပြသတော်မူခဲ့ကြပါသည်။

ထောင်လောင်ရွာ (၁၀)ရက်စခန်း တရားအားထုတ်ပွဲ အောင်မြင်စွာ ပြီးဆုံး၍ အပြန်တွင် ရွှေကျင်မြို့ပေါ်ရှိ ဘုရားကျောင်းကန်၊ စေတီပုထိုးများကို လှည့်ပတ် ဖူးမြော်ကြပါသည်။ ရွှေကျင်မြို့အရှေ့ မဟာဗုဒ္ဓဘုရားကြီး စေတီတော် ရင်ပြင်တွင် ဘုရားဖူးများထက် မမကြီး(သုံးပန်လှဒေဝီ)နှင့် ကိုကိုလေး၊ မမလေးတို့၏ နတ်နန်းများတွင် ပူဇော်ပသနေသူက ပိုများသည်ဟု ထင်ရပါသည်။

ကိုကိုကြီးကတော့ ရွှေကျင်ချောင်းတစ်ဖက်ကမ်းတွင် နတ်နန်းဖြင့် တစ်ထီးတစ်နန်း စံမြန်းလျက် ရှိနေပါသည်။ ထိုသို့နေခြင်းသည် ကတိဖျက်ပြီး အိမ်ထောင်ပြုသွားသည့် မမကြီးကို စိတ်နာ၍ဟု ဆိုကြသည်။

ဤတွင် ဦးသီရိန္ဒ(စာရေးသူ)မှ ဦးမေဓာဝီအား...

'ဦးပဋ္ဌင်းဘုရား၊ ရင်ပြင်တော်မှာ ဘုရားဖူးပရိသတ်ထက် နတ်ဖူးပရိသတ်က ပိုများနေပါလား၊ နတ်နန်းတွေမှာ ပန်းတွေ ဝေဆာ များပြားသလောက် ဘုရားမှာ ပန်းတွေ မွဲပြာညှိုးနွမ်း ခြောက်ကပ်နေတာ စိတ်မကောင်းစရာပဲ'

ဟု ပြောရာ ဦးမေဓာဝီကလဲ...

'ဒါပေါ့ ဦးပဋ္ဌင်း၊ လူတွေဟာ တကယ့်ကိုးကွယ်ရာအစစ် ရတနာသုံးပါး၊ ဆောက်တည်ရာ အစစ်ဖြစ်တဲ့ သရဏဂုံသုံးပါးထက် လွန်ကဲပြီး ရလိုမှု ကြောက်ရွံ့မှုတွေကြောင့် နတ်နန်းတွေမှာ စည်ကားနေတာပေါ့။ သစ္စာတရား မသိမှုတွေကြောင့်လဲ ပါတာပေါ့'

ဟု ပြန်ပြောလေသည်။

သုံးပန်လှဒေဝီ မမကြီးနတ်နန်းရှေ့ ဖြတ်လျှောက်စဉ် ဦးသီရိန္ဒက ကပ္ပိယကြီး ဦးလှသောင်းအား...

'ဒကာကြီး အမှတ်တရ ဓာတ်ပုံလေးဘာလေး မရိုက်ဘူးလား'

ဟု မေးရာ...

'တပည့်တော်မှာ ဓာတ်ပုံရိုက်မယ့် အဖော်မှ မရှိဘဲဘုရား'

'ဒကာကြီးကလဲ အဖော်မရှိရင် မမကြီးတို့ညီအစ်မနဲ့ သွားရိုက်ပေါ့'

'ဟာ ဦးပဋ္ဌင်းကလဲ တပည့်တော် မရိုက်ဝံ့ပါဘုရား'

ဟု ဦးလှသောင်းက ကြောက်လန့်တကြား ပြန်ပြောရာ စာရေးသူတို့ ပြုံးမိကြပါသည်။

ဒီလိုနှင့် ဘုရားဖူးကြပြီးနောက် ညနေ(၄)နာရီခန့်တွင် ရွှေကျင်မြို့မှ တောင်ငူမြို့သို့ အပြန်ခရီး စပါတော့သည်။ ရွှေကျင်မြို့မှ ထွက်၍ လျှပ်စစ်မီးတိုင် (ဓာတ်တိုင်)နှစ်တိုင် အလွန်လောက်တွင် ရုတ်တရက် စက်ချို့ယွင်း၍ ကားရပ်သွားပါသည်။

နာရီဝက်ခန့် ပြင်ဆင်ပြီး စက်ကောင်းသွားသဖြင့် ခရီးဆက်ကြပြန်သည်။ ဓာတ်တိုင်(၂)တိုင်ခန့် ခရီးမှာ တစ်ဖန် ကားရပ်သွားပြန်သည်။ နာရီဝက်ခန့် ပြင်ဆင်ပြီး ခရီးဆက်ကြပြန်သည်။

ဓာတ်တိုင်(၂)တိုင် အကွာလောက်တွင် တစ်ကြိမ်စီ ကားစက်ချို့ယွင်းသဖြင့် ဝါအငယ်ဆုံးဖြစ်သည့် ဦးသီရိန္ဒ(စာရေးသူ)နှင့် ကပ္ပိယကြီးဦးလှသောင်းတို့မှာ တောက်လျှောက်ဆိုသလို ရွှေ... တလုံးလုံးနှင့် ကားကို တွန်းပေးကြရပါသည်။

ကားပိုင်ရှင်ကလည်း "တပည့်တော် ကားက မော်ဒယ်အသစ် ဝယ်တာ တစ်ပတ်တောင်မရှိသေးဘူး။ ဘယ်လိုဖြစ်တယ်မသိဘူး" ဟု ပြောပါသည်။

ထိုသို့ စက်ချို့ယွင်းလိုက်၊ ပြင်လိုက်၊ တွန်းလိုက်၊ မောင်းလိုက်နှင့် (အချိန်... နေရာတွင် နာရီဝက်၊ တစ်နာရီ... တစ်နာရီကျော်ခန့် စသဖြင့် ကြာ... သည်။)ခရီးဆက်ကြရာ ညောင်လေး... ပင်နယ်ထဲသို့ ရောက်သည့်အခါ... စက်ချို့ယွင်းခြင်းမရှိတော့၍ ချောမော... စွာ မောင်းနှင်နိုင်ပါသည်။

ရွှေကျင်နှင့် ညောင်လေးပင်သည် ... မိုင်(၂၀)ခန့်သာ ဝေးသော်လည်း ရွှေကျင်မှ ညနေ(၄)နာရီတွင် လာကြ...





www.burmeseclassic.com

www.burmeseclassic.com



ရာ ညောင်လေးပင်သို့ ည(၉)နာရီ ကျော်မှသာ ရောက်လေ၏။ (၄၅)မိနစ်ခန့်သာ မောင်းရမည့်ခရီးကို (၅) နာရီကျော် မောင်းနှင်ခဲ့ရသည်မှာ စဉ်းစားစရာဖြစ်ပါသည်။

မော်တော်ကား စက်အခြေအနေ ကောင်းသွားသော်လည်း တောင်ငူအထိ ခရီးဆက်ကြရမည်ဖြစ်၍ လမ်းခရီးတွင် ပိုပြီး အဆင်ပြေ ချောမွေ့စေရန် ညောင်လေးပင်မြို့ရှိ ဝပ်ရှော့တစ်ခုသို့ ဝင်ရောက် အကူအညီတောင်းကြပါသည်။

ထိုစဉ် ဝပ်ရှော့ပိုင်ရှင် အမျိုးသမီးကြီးက ''အရှင်ဘုရားတို့ တပည့်တော်အိမ်ပေါ်သို့ ကျောင်းအမှတ် သီတင်းသုံးရန် ခေတ္တကြွတော်မူပါဘုရား''ဟု လျှောက်သဖြင့် အိမ်ပေါ်သို့ တက်ရောက်ကြပါသည်။

'အရှင်ဘုရားတို့ ဘယ်က ကြွလာကြပါသလဲဘုရား'

'ဘုန်းကြီးတို့ ရွှေကျင်ထောင်လောင်ရွာမှာ ဆယ်ရက်တရားစခန်း ကျင်းပပြီးစီးလို့ ပြန်လာကြတာပါ။ တောင်ငူထိ ခရီးဆက်ရမှာ။ ညနေ(၄) နာရီကတည်းက ရွှေကျင်က ထွက်လာကြရာ လမ်းမှာ ကား ခဏခဏ ပျက်လို့ ခုလို ညဉ့်နက်သွားတာ'

'တပည့်တော်မလဲ ညောင်လေးပင်နဲ့ရွှေကျင် အနီးကလေးဆိုပေမယ့် တစ်ခေါက်ပဲ ရောက်ဖူးပါတယ်ဘုရား။ လူပြောများလို့ နတ်ဘီလူးမောင်နှမလေးယောက်ကို ကြောက်လို့ မသွားဖြစ်တာ။ တစ်ခေါက်ဆိုတာကလဲ သမီးကြီး ကျောင်းဆရာမ ရွှေကျင်ကို ပြောင်းရပါတယ်။

ရွှေကျင်ရောက်တော့ သမီးကြီး ခဏခဏ စိတ်တွေ လေးလံပြီး နေမကောင်းဖြစ်တယ်။ ဆေးကုလဲ မသက်သာတဲ့ပြင် ကိုယ်လက်တွေ ရောင်ကိုင်းလာတယ်ဆိုလို့ တပည့်တော် လိုက်သွားပါတယ်ဘုရား။

ရွှေကျင်မြို့ဆေးခန်းမှာ အဒေါ်ကြီးတစ်ယောက်က "မမကြီးတို့မောင်နှမကို မျက်နှာဖုံးဆက်ပြီးပလား"လို့ မေးပါတယ်။ မဆက်ရသေးကြောင်းပြောတော့ "ဟင် ဒါဆို အမြန်ဆုံးသွား တောင်းပန်ပြီး မျက်နှာဖုံးဆက်"လို့ ပြောတာနဲ့ မမကြီးတို့ နတ်နန်းကို ချက်ချင်းပဲ သွားပြီး မျက်နှာဖုံးဆက်ပါတယ်။ အမှားအယွင်းရှိရင် ခွင့်လွှတ်ဖို့ စောင့်ရှောက်ကူညီကြဖို့ တောင်းပန် ပူဇော်ပသပါတယ်။

တစ်ပတ်အတွင်းမှာပဲ ကိုယ်လက်ရောင်တာတွေ ပျောက်ကင်းပြီး နေကောင်းသွားပါတယ်ဘုရား။ မမကြီးတို့မောင်နှမက သူတို့ကို အသိအမှတ်ပြု ပူဇော်ပသရင် ကူညီစောင့်ရှောက်ကြပါတယ်။

မခန့်လေးစား စော်ကားမော်ကား ရှုတ်နောက်နောက် မဖွယ်မရာတွေလုပ်ရင်တော့ အသက်တောင် အန္တရာယ်ပေးတတ်ပါဘုရား။ တပည့်တော်မလဲ ကြောက်တာနဲ့ အဲဒီတစ်ခေါက်ပဲ ရွှေကျင်ကို ရောက်ဖူးပါတယ်ဘုရား'

ဝပ်ရှော့ပိုင်ရှင် အဒေါ်ကြီး စကားအဆုံး ဦးသီရိနန္ဒက...

'ဟုတ်မယ် ဒကာမကြီး၊ ဦးပဋ္ဌင်းတို့ကို မကျေနပ်လို့ မမကြီးတို့က ပညာပြလိုက်တာဖြစ်မယ်။ ဒီလို ဒကာမကြီး။ ဦးပဋ္ဌင်းက မမကြီးနတ်နန်းရှေ့မှာ ဒီဒကာကြီး(ကပ္ပိယကြီး)ကို ဓာတ်ပုံရိုက်ဖို့ အဖော်မရှိရင် မမကြီးတို့ညီအစ်မနဲ့ သွားရိုက်ပေါ့လို့ ပြောမိခဲ့တယ်။

ပြီးတော့ မမကြီးတို့နတ်နန်းမှာ ပန်းတွေ ဝေဆာနေသလောက် ဦးပဋ္ဌင်းတို့ ဘ,ဘုရားမှာ ပန်းတွေ မွဲပြာခြောက်သွေ့နေတယ်။ ဘုရားဖူးထက် နတ်ဖူးကများကြောင်း ပြောတော့ ဦးပဋ္ဌင်း ဦးမေဓာဝီကလဲ လူတွေဟာ ရတနာမြတ်သုံးပါးထက် နတ်တွေကို ဦးစားပေး ကြည်ညိုနေကြတာ၊ သစ္စာတရားမသိလို့ အယူလွဲမှားနေကြတာလို့ ပြောခဲ့ပါတယ်။

ဒါတွေကို မကျေနပ်လို့ ဦးပဋ္ဌင်းတို့ကို ဒုက္ခပေးလိုက်တာ ဖြစ်မယ်။ ဝါအငယ်ဆုံးဖြစ်တဲ့ ဦးပဋ္ဌင်းနဲ့ ကပ္ပိယဒကာကြီးတို့ နှစ်ယောက်ကတော့ ကြာရင် အမောဆို့ပြီး သေသွားနိုင်တယ်။ ညောင်လေးပင်နယ်ထဲ အရောက်မြန်လို့ သူတို့ပိုင်နက်မှာဆို မလွယ်'

ဟု ပြောကြားလေသည်။

ထိုအခါ ကျောက်ပိုင်းဆရာတော်ကြီးက...

'အင်း မင်းတို့တွေ ပါးစပ်သရမ်းကြတာကိုး၊ တော်သေးတယ်။ တရားအားထုတ်နေတဲ့ ရဟန်းတွေမို့လို့ လူဆိုရင် ကားမှောက်ပြီး သေသွားနိုင်တယ်။ ကားစက်ပျက်တာလောက်နဲ့ ကျိန်းကျေသွားလို့၊ ကိုယ်နဲ့နှုတ်ထိန်းမှပေါ့။ မိမိ အမှတ်တမဲ့ ပြောလိုက်တဲ့စကားဟာ မရည်ရွယ်ပေမယ့် တစ်ဖက်သားကို ထိခိုက်ခဲ့ပြီးပြင်သွားရင် မကောင်းဘူး။ ကဲ ကြုံတုန်းပြောမယ်၊ အမျှော်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ဒါယိကာမကြီးရော၊ ဦးပဥ္စင်းတွေပါ နားထောင်ကြ။

နတ်နဲ့ပတ်သက်လို့ ဗဟုသုတအဖြစ် ပြောပြမယ်။ နတ်ဆိုတာ **နာထ**ဆိုတဲ့ပါဠိဟာရမှ ဆင်းသက်လာတဲ့ စကားဖြစ်ပြီး နာထဆိုတဲ့စကားက **ကိုးကွယ်ရာ၊ ကိုးကွယ်ကြောင်းတဲ့**။

နတ်ကိုးကွယ်မှု ဆိုင်ရာမှာလဲ ပိဋကတ်တော်လာ မဟာသမယသုတ်နဲ့ အာဋာနာဋိယသုတ်တော်လာ နတ်မင်းကြီး(၉)ပါးနဲ့ နတ်စစ်သူကြီး (၂၈)ပါး ပေါင်း(၃၇)မင်းတို့အပြင် နောက်ထပ်တစ်ဖန် ရှေ့ကပုဂ္ဂိုလ်တွေ ဖြည့်စွက်ပြီး အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း၊ မြေနတ်၊ ရေနတ်၊ မိုးနတ်၊ နေနတ်၊ လနတ်၊ သစ်ပင်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ် စသဖြင့် အမည်နာမ ပညတ်များ သမုတ်သတ်မှတ်ကာ ကိုးကွယ်ခဲ့ကြတယ်။

နတ်တွေကို ယုံယုံကြည်ကြည် ကိုးကွယ်မှု၊ ပူဇော်ပသမှု ပြုတဲ့သူတွေကို နတ်တွေက ရန်အန္တရာယ်အပေါင်းမှ ကာကွယ်ခြင်း၊ ကောင်းကျိုးချမ်းသာများကို ပေးခြင်းဖြင့် ပြန်လည်အကျိုးပြုကြောင်း နတ်မင်းကြီးတွေကို ဂါရဝတရားဖြင့် ပူဇော်ကြပါက အကျိုးရှိတယ်လို့ မြတ်စွာဘုရားဟောကြားခဲ့တဲ့ **ဥရဂဝဂ် ပေတဝတ္ထု၊ အဋ္ဌကထာ ပိဋ္ဌဓီတလိကပေတဝတ္ထုမှာ** တွေ့ရှိရတယ်။

မြန်မာမှုနယ်ပယ်မှာ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးကလွဲရင် နတ်ယုံကြည်ကိုးကွယ်မှုဟာ ဒေသအလိုက် ကိုးကွယ်မှုအများဆုံးဖြစ်ကြောင်းကို တောတောင်အတွင်း ဘုရားကျောင်းကန်၊ စေတီပုထိုးများအတွင်း အဆောက်အအုံများနှင့် မြို့ရွာ၊ ရွာဦးထိပ်မှာ တည်ဆောက်ကိုးကွယ်လျက် ရှိကြတဲ့ နတ်ကွန်း၊ နတ်နန်းတွေက သက်သေခံနေတာ တွေ့ကြရမယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက (၃၁)ဘုံဆိုတာ အမှန်တကယ်ရှိတယ်လို့ ဟောတော်မူခဲ့ပါတယ်။ ဗြဟ္မာဘုံ (၂၀)၊ နတ်ပြည် (၆)ထပ်၊ လူ့ဘုံ (၁)ဘုံ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟု ဆိုအပ်သော အပါယ် (၄)ဘုံ စုစုပေါင်း (၃၁)ဘုံရှိတယ်။

တိရစ္ဆာန်ဘုံနဲ့ ပြိတ္တာဘုံလို့ခေါ်တဲ့ ပေတဘုံနဲ့ နီးစပ်တယ်။ ပေတထဲမှာ သရဲ တစ္ဆေ၊ မှင်စာ၊ ကျတ်၊ သဘက်၊ ဝေမာနိကသိုက် စသဖြင့် စုံတယ်။ ဒီအထဲမှာ နတ်ဘီလူး၊ နတ်သရဲလို့ ခေါ်တဲ့ နတ်သရဲ၊ အစိမ်းသရဲ၊ နတ်စိမ်းတွေလဲ ရှိသေးတယ်။

ပရလောကဆိုတာ အမှန်တကယ်ရှိတယ်။ သူတို့မှာ ကမ္ဘာဦးဇွမ်းအင် ရှိကြတယ်။ ရှိသလို တဲ့ ဣဒ္ဓိပါဒ်လဲ ရှိကြတယ်။ သူတို့နဲ့ နီးစပ်သူတွေကို စောင့်ရှောက် ကူညီတတ်တယ်။ ရန်ငြိုးရန်စရှိသူကို ဒုက္ခပေးတတ်တယ်။ သူတို့ဟာ (၃၁)ဘုံသားတွေဖြစ်လို့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ ရှိကြတယ်။ ကြီးနိုင်ငယ်ညှဉ်းတတ်ကြတယ်။

နိုင်ရာစား မတရားလုပ်တာတွေလဲ ...
တယ်။

စင်စစ် ပရလောကဆိုတာ ...
သာမန်တို့ မြင်နိုင်စွမ်းခက်ခဲတဲ့ သ...
ဝိညာဉ်လောကဖြစ်လို့ အ...
ဆန်းပြား အံ့ဩဖွယ်ကောင်းတ...
ဒါကြောင့် **နတ်နဲ့နဂါး မလှည့်စားနဲ့**...
ပြောကြတာ။ နတ်တွေကို မထီမဲ့မြ...
မပြုသင့်ကြောင်း သာဓကပြလို့...
တာပဲ။ သုံးပန်လှဒေဝီကို ကျေး...
တောင် တင်ရဦးမယ်။

တရားပွဲကျင်းပပြီး တရားအားထု...
ရာမှ ပြန်လာကြတဲ့ ရဟန်းတွေဖြစ်...
ထိခိုက်နာကျင် အနာတရဖြစ်အော...
မလုပ်လိုက်တာ။ အသက်ကို အန္တရာ...
မပြုလိုက်တာ။ ဒီလောက်နဲ့ပဲ ကျေ...
ကြပါလို့ သုံးပန်လှဒေဝီတို့ကို တော...
ပန် မေတ္တာပို့ အမျှဝေလိုက်ကြ။

ပုရွက်ဆိတ်၊ ခါချဉ် စတဲ့ အကော...
ငယ်ကလေးတွေတောင် သူတို့ကို ...
ရင် ပြန်ကိုက်တတ်ကြတယ်ဆိုတ...
ထောက်ပြီး ဘုန်းကံနည်းပါး...
ဘုမ္မသိတဝိနိပါတိက နတ်သေ...
နတ်မွှားများဖြစ်ကြသော်လည်း သူ...
ကို မတော်တရော်၊ မထီမဲ့မြင် လုပ်...
ကြရင် သူတို့ကလဲ ပြန်လှန်ပြီး ပြုလု...
တတ်ကြတယ်ဆိုတာ မှတ်ထားကြ...

ကဲ ညဥ့်လဲနက်ပြီ၊ ခရီးဆက်ကြ...
ဦးစို့'

**[ဤဖြစ်ရပ်မှန်ရောင်ခြည် စာ... ဖြင့် ကျေးဇူးတော်ရှင် ကျောက်ပိ... ဆရာတော်ကြီးကို ပူဇော် ဦးခိုက်ပါ... ၏။]**

***(၃၁)ဘုံသားအားလုံး***
***ကျန်းမာချမ်းသာကြပါစေ။***

**မောင်သိန်းတန် (မာန်အောင်)**



www.burmeseclassic.com

www.burmeseclassic.com



# ရွှေအိုးလေးသော

ကန်တော်မောင်နှမနတ်

စည်သူ (မြည်)


လွန်ခဲ့သော ၁၉၈၉ ခုနှစ်က ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်မှာ အမှန်တကယ်ဖြစ်ခဲ့သော ဖာတ်လမ်းတစ်ပုဒ်ဖြစ်ပါတယ်။ ဒီ ဖြစ်ရပ်မှန်ဇာတ်လမ်းကို စာရေးသူက ပြန်လည် ရေးသားတင်ပြအပ်ပါတယ်။

အိမ်ခြေနှစ်ရာရှိသော ပေါက်ကုန်းကျေးရွာတွင် ဦးထွန်းလှကို မသိသူမရှိပါ။ ပြည်မြစ်ကမ်းနားမှာ နေထိုင်ပြီး တံငါအလုပ်နဲ့အသက်မွေးဝမ်းကျောင်းပြုပါတယ်။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုသလို အသက်နှစ်ဆယ်အရွယ်မှာ တစ်ရွာတည်းနေသူ ဒေါ်အေးမြနဲ့ အိမ်ထောင်ကျလို့ သားတစ်ယောက်ထွန်းကားခဲ့ပါတယ်။

ထိုကလေးကို ထွန်းမြလို့ အမည်ပေးပြီး မကြာခင်မှာ ဇနီးသည် အေးမြတစ်ယောက်က သားဖြစ်သူ ထွန်းမြအရွယ်မရောက်သေးခင်မှာ ဆုံးပါးသွားခဲ့ပါတယ်။ ဒီလိုနဲ့ ဦးထွန်းလှဟာ အဖေတစ်ခု သားတစ်ခုဘဝနဲ့ ရုန်းကန်ရင်းဖြင့် ထွန်းမြတစ်ယောက် အရွယ်ရောက်လာတော့ သူ့ဖခင်အလုပ်ကို အမွေမယူဘဲ တောင်ယာအလုပ်နဲ့ စားဝတ်နေရေးကို ဖြေရှင်းခဲ့ကြပါတယ်။

အချိန်က လူကိုမစောင့် ဆိုတဲ့အတိုင်း ထွန်းမြတစ်ယောက် အိမ်ထောင်ပြုလို့ ဦးထွန်းလှမှာ ပုတီးချ မြေးကို မ,ရပြန်တယ်။ ထွန်းမြက သိတတ်တော့ သား

www.burmeseclassic.com



တစ်ယောက်လို့ ပြောရမှာပါ။ သူ့ဖခင်ကို လိုလေသေးမရှိအောင် ကျွေးမွေးပြုစုရှာပါတယ်။ ဇရာတရားက ဦးထွန်းလှကို သတိပေးနေလို့ အခုဆိုရင် (၆၅)နှစ်အရွယ် ရောက်ရှိနေတဲ့ ဦးထွန်းလှက နေ့စဉ် ပြည်–ရန်ကုန် ကားလမ်းမကြီး ဘေးနားတွင်ရှိသော ဖောင်တော်ဦးကျောင်းသို့ ကောင်းမှုကုသိုလ်ယူရန် သွားနေကျပါ။

ဦးထွန်းလှက ဖောင်တော်ဦး ဆရာတော်ကြီး ခိုင်းတာတွေ အားလုံးကို မညည်းမညူ လုပ်ကိုင်ပေးတတ်ပါတယ်။ ဆရာတော်ကြီးကလဲ ဦးထွန်းလှရဲ့ ကောင်းမှုကုသိုလ်တွေကို အမြဲသာဓုခေါ်ဆိုပေးပါတယ်၊ **မှတ်ချက်။ ။ ထိုစဉ်က ဖောင်တော်ဦးစေတီမှာ ဘုရားငုတ်တိုလေးသာ ရှိပါသေးတယ်။ မပြုပြင်သေးတဲ့ အချိန်ပါ။**

နေ့စဉ် ဦးထွန်းလှဟာ ဘုရားငုတ်တိုလေးနားက အမှိုက်တွေကို သန့်ရှင်းရေးပြုလုပ်ပြီး ရင်ပြင်ကမ်းနားက ကန်တော်မောင်နှမ နတ်ကွန်းလေးတစ်ခုကို နံနက်ပိုင်း တစ်ခါ၊ ညနေပိုင်း တစ်ခါ သန့်ရှင်းရေး ပြုလုပ်ပေးနေကျပါ။ အဲဒီ ကန်တော်မောင်နှမ နတ်ကွန်းမှာ သာမန်နတ်ကွန်းတော့ မဟုတ်ပါ။ ပြည်မြစ်ရိုးတစ်ခုလုံးကို ပိုင်စိုးသော နတ်မောင်နှမနှစ်ယောက် ရှိပါတယ်။ အလွန်နတ်ကြီးကြောင်း လူသိများလှပါတယ်။ ဒီနေရာတွင် အမှား ဘယ်သူမှ မလုပ်ရဲကြပါ။

ဦးထွန်းလှဟာ အလွန်နတ်ကြီးပါတယ်ဆိုတဲ့ ကန်တော်မောင်နှမနတ်ကွန်းကို အမြဲတမ်း သန့်ရှင်းရေး လုပ်ပေးနေကျဆိုတော့ သူ့အတွက် ဒီနေရာလေးဟာ ပျော်စရာကောင်းတယ်လို့ မှတ်ယူထားပါတယ်။

ထိုသို့ ပြုလုပ်ပေးတဲ့အတွက် ဖောင်တော်ဦး ဆရာတော်ကြီးက ဦးထွန်းလှကို နေစရာ တဲကျောင်းတစ်လုံး ပေးထားပါတယ်။ သူ့အိမ်ကို တစ်ခါတစ်ရံမှသာ ပြန်လာတတ်ပါတယ်။ တစ်နေ့ ဦးထွန်းလှတစ်ယောက် ဘုရားပေါ်မှာ သန့်ရှင်းရေး လုပ်ကိုင်နေရင်း ခါတိုင်းနေ့တွေလို မဟုတ်ဘဲ တဝါးဝါးနဲ့ သမ်းလာပြီး အိပ်ချင်စိတ်တွေ ဖြစ်နေလို့ မိမိတဲကျောင်းရှိရာကို ပြန်လာခဲ့ပါတယ်။

ညနေ မှောင်စပြုလာလို့ ရေနံဆီမီးခွက်ကို မီးထွန်းညှိလိုက်ပြီး ခုတင်ပေါ်တက်အိပ်လိုက်ပါတယ်။ ဦးထွန်းလှ အိပ်ပျော်နေစဉ်…

'အဘ သမီးတို့ကို အထဲဝင်ခွင့်ပြုပါ'

လို့ ဆိုပြီး တဲအပြင်က လူနှစ်ယောက် ခွင့်တောင်းနေလို့ ဆရာတော်ကြီးထံ လာကြတဲ့ ဧည့်သည်တွေ အထင်နဲ့ ဦးထွန်းလှ အိပ်ရာမှ ထထိုင်လိုက်ပြီး ရေနံဆီမီးခွက်ကို မီးစာတင်ရင်းနဲ့ "လာလေ…အထဲကို ဝင်ထိုင်ကြပါ"လို့ ဖိတ်ခေါ်လိုက်ရာ အပြင်က လူနှစ်ယောက်မှာ တဲထဲအတွင်းကို ဝင်လာခဲ့ပါတယ်။

သူတို့ကို သေချာကြည့်လိုက်တော့ တစ်ယောက်က ယောက်ျားလေး၊ တစ်ယောက်က မိန်းကလေး ဖြစ်နေပါတယ်။ သူတို့နှစ်ယောက်က သာမန်အဝတ်အစားတွေနဲ့ မဟုတ်ဘဲ ရှေးခေတ်က နန်းတွင်းဝတ်စုံတွေနဲ့ ဖြစ်နေတာကို မီးရောင်ကြောင့် ရှင်းလင်းစွာတွေ့မြင်လိုက်ရပါတယ်။

သူတို့နှစ်ယောက်က ထိုင်ခုံပေါ်မှာ တက်ထိုင်ပြီး "သမီးတို့ကို အထဲဝင်ခွင့်ပြုတာ ကျေးဇူးတင်ပါတယ်"လို့ မိန်းကလေးဖြစ်သူက ပြောပြီး ပြုံးပြနေပါတယ်။ ဦးထွန်းလှက လာရင်းအကြောင်းကို သိချင်လို့ "ဒါနဲ့ သမီးတို့နှစ်ယောက်က ဆရာတော်ကြီးထံ လာတဲ့ဧည့်သည်တွေလား"လို့ မေးကြည့်လိုက်တာ…

'ဒီလိုပါ… သမီးတို့နှစ်ယောက်က အဘထံ လာခဲ့တာပါ။ အဘကို လက်ဆောင်ပေးစရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ပါ။ သမီးတို့မောင်နှမနှစ်ယောက်က ဟိုအနားက နတ်ကွန်းမှာ နေပါတယ်။ သမီးတို့နေတဲ့ နတ်ကွန်းကို အဘ နေ့တိုင်း သန့်ရှင်းရေး လာလုပ်ပေးတာ သမီးတို့ မြင်ပါတယ်။ ဒီအတွက် အဘရဲ့စေတနာကို လေးစားလို့ လက်ဆောင်လာပေးတာပါ။

အရင်တုန်းက သမီးတို့မောင်နှမနှစ်ယောက်ဟာ ပြည်မြစ်ရိုးတစ်ခုလုံးကို အပိုင်စားရခဲ့ပါတယ်။ အခုတော့ အထက်က အမိန့်ပေးထားလို့ နေရာနည်းနည်းလေးသာ ပိုင်စားရပါတော့တယ်။ ဒါကြောင့် ဒီပစ္စည်းလေးတွေကို အဘအတွက် လာပေးတာပါ။ ပစ္စည်းတွေကို ကြည့်ပါဦး'

လို့ ဆိုပြီး ယောကျ်ားလေးဖြစ်သူက တဲအပြင်ကနေ မြေအိုးလေးတစ်လုံးကို ယူလာပြီး ကြမ်းပြင်ပေါ်မှာ သွန်ချလိုက်ရာ ရေနံဆီမီးရောင်နဲ့ တွေ့ရတာကတော့ ရွှေချောင်းတွေဖြစ်ပြီး ခြောက်လက်မအရှည် ကိုးချောင်းတိတိအား ဦးထွန်းလှ တွေ့မြင်လိုက်ရလို့ မျက်နှာဝင်းလက်သွားပါတယ်။

"ဒါတွေက အဘကို ပေးတာလား" လို့ ဝမ်းသာပြီး မေးကြည့်လိုက်ရာ...

'ဟုတ်ပါတယ်။ ဒီပစ္စည်းတွေက သမီးတို့မောင်နှမနှစ်ယောက် ပိုင်တဲ့ပစ္စည်းတွေပါ။ ဒါတွေကို ရောင်းချပြီး အဘလဲ စားသုံးပါ။ အလှူအတန်းလုပ်ပြီး သမီးတို့ မောင်နှမနှစ်ယောက်ကိုလဲ အမျှပေးဝေလိုက်ရင် သမီးတို့တွေ ဒီဘဝက လွတ်မြောက်မှာပါ။ ဒီပစ္စည်းတွေကို နတ်ကွန်းနားက ခရေပင်အောက်မှာ မနက်စောစော သွားတူးယူပါ။ ဘယ်သူ့ကိုမှ မပြောပြရဘူးလို၊ ခေါ်လဲမခေါ်မပြပါနဲ့။ အဘက မမေ့အောင် သတိထားပြီး လုပ်ဆောင်ပေးပါ။ အခု သမီးတို့ မောင်နှမနှစ်ယောက် ပြန်ရတော့မယ်'

လို့ ပြောပြီး သူတို့နှစ်ယောက်ဟာ တဲအပြင်ကို ရောက်တာနဲ့ ဝင်းထိန်နေသော မီးအလင်းတန်းကြီးနှယ်ခုကို တွေ့မြင်ခဲ့ရပြီး မနက်(၄)နာရီထိုးတဲ့အခါမှာ ဦးထွန်းလှတစ်ယောက် အိပ်နေရာက လန့်နိုးသွားခဲ့ပါတယ်။

"ဟင်... ငါ အိပ်မက်တွေ မက်နေတာပဲ" လို့ ဆိုရင်း သတိရပြီး တွေးကြည့်လိုက်ရာ သူ့ကို ကန်တော်မောင်နှမနတ်က အိပ်မက်ထဲမှာ ရွှေအိုးတစ်လုံး လာယူရန် ပြောသွားခဲ့လို့ ကြောက်စိတ်များ ဝင်လာပြီး ကြက်သီးများပင် ထလာခဲ့ပါတယ်။ အလွန်နတ်ကြီးသော ကန်တော်မောင်နှမနတ်ကို ကိုယ်တိုင်ကြုံတွေ့နေရလို့ အံ့သြနေပါတယ်။

ဦးထွန်းလှတစ်ယောက် အိပ်ပျော်သွားအောင် ဘုရားစာတွေ ရွတ်ဆိုရင်းနဲ့ အိပ်ပျော်သွားခဲ့ပါတယ်။ မနက်ရောက်တာနဲ့ အိပ်ရာထပြီး နာရီကို ကြည့်လိုက်ရာ မနက်(၈)နာရီထိုးနေပါပြီ။ အိပ်မက်ထဲကအတိုင်း ခရေပင်အောက်ကို ပြေးကြည့်လိုက်သောအခါမှာ သူ့မျက်လုံးများ မှားနေတာလားဟု ထင်လိုက်မိပါတယ်။ ခရေပင်အောက်မှာ လမ်းခင်းကျောက်ခဲတွေကို ကားတွေနဲ့ စုပုံထားနေကြပါတယ်။ ကျောင်းဝင်းထဲမှာလဲ ကျောက်ခဲများကို သယ်နေတဲ့ အလုပ်သမားတွေလဲ ရောက်ရှိနေပါတယ်။

ဦးထွန်းလှက ကျောက်ခဲတွေ သယ်နေတဲ့ လုပ်သားတွေထံသို့ အကျိုးအကြောင်း သွားမေးကြည့်ခဲ့ရာ မြစ်ရေတိုက်စားမှုကြောင့် ကမ်းစပ်တွေ မပြိုနိုင်စေဖို့ ကျောက်တွေနဲ့ ပေါင်ခတ်ရန် ဖြစ်ကြောင်း သိလိုက်ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အိပ်မက်ထဲကလို အကောင်အထည်ဖော်ဖို့ ခက်သွားခဲ့ပါပြီ။ ဦးထွန်းလှသာ မနက်စောစော တူးယူထားလိုက်ပါက ဒီပြဿနာကို တွေ့ရမည် မဟုတ်ပါ။ ကျောက်ခဲတွေကို လုပ်သားတွေက ထုခွဲနေကြတာ



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ကုန်နိုးနိုးနဲ့ နေ့စဉ် ထိုင်ကြည့်နေခဲ့တာ အခုဆိုရင် လေးရက်တောင်ပြည့်ခဲ့ပါပြီ။ သူတစ်ယောက်တည်း ပစ္စည်းတွေ မတူးရဲတော့လို့ သားဖြစ်သူ ထွန်းမြကို ခေါ်ပြီး တိုင်ပင်ခဲ့ပါတယ်။

ဒီလိုနဲ့ ငါးရက်ပြည့်တဲ့အခါမှာ လမ်းခင်းတဲ့ ကျောက်ခဲတွေဟာ ခရေပင်အောက်မှာ မရှိတော့ဘဲ ရှင်းလင်းသွားခဲ့ပါတယ်။အခုမှဦးထွန်းလှတစ်ယောက် သက်ပြင်းချနိုင်ပါတော့တယ်။ဒီညတော့ သူတို့သားအဖနှစ်ယောက် ည(၈)နာရီခွဲအချိန်မှာ လူရိပ်သူရိပ်ကို အကဲခတ်ပြီး နှစ်ယောက်သား ခရေပင်အောက်ကို သွားပြီး စတင် တူးဖော်နေပါတယ်။

တူးဖော်နေစဉ် မြေကြီးတစ်တောင်ခွဲလောက်အရောက်မှာ မြေအိုးလေးတစ်လုံးကို မြင်လိုက်ရတာနဲ့ ထွန်းမြက ဝမ်းသာပြီး “အဖေရေ... ကျွန်တော်တို့တွေ သူဌေးဖြစ်တော့မယ်”လို့ ဆိုလိုက်ရာ ဦးထွန်းလှက မြေအိုးကို မ,ယူပြီး အားပါးတရ အဖုံးကို ဖွင့်လိုက်စဉ် မြေအိုးထဲမှာ ရွှေချောင်းတွေ မဟုတ်တော့ဘဲနဲ့ မီးသွေးချောင်းတွေကိုသာ တွေ့မြင်လိုက်ရလို့ သူတို့သားအဖနှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် သေချာကြည့်ရင်းနဲ့ ဦးထွန်းလှက သတိရသွားပြီး “ဟာ...သွားပါပြီကွာ”လို့ ဆိုရင်း သူ့နဖူးကို လက်ဝါးနဲ့ ရိုက်ချလိုက်ပါတယ်။

ထွန်းမြက ဦးထွန်းလှကို ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေရှာပါတယ်။ ဦးထွန်းလှဟာ သူ့အမှားကို သတိရသွားပြီး မြေအိုးကို မူလနေရာဟောင်းမှာပဲ ပြန်ထားလိုက်ပါတယ်။ သူတို့သားအဖနှစ်ယောက် လုပ်ကိုင်နေတာတွေကို တခြားသူတွေ မြင်သွား



ခဲ့ရင် အခြေအနေ တစ်မျိုးပြောင်းသွားနိုင်တာကြောင့် မြေအိုးကို မူလနေရာမှာပဲ ပြန်ထားခဲ့ပြီး သူတို့သားအဖနှစ်ယောက် စိတ်ပျက်စွာနဲ့ တဲကျောင်းကို ပြန်လာခဲ့ပါတယ်။ ထွန်းမြက ဦးထွန်းလှ လုပ်ကိုင်ခဲ့တာတွေကို မရှင်းလင်းလို့ မေးမြန်းကြည့်နေပါတယ်။

‘ဒါနဲ့ အဖေပြောတော့ မြေအိုးထဲမှာ ရွှေချောင်းတွေ ရှိတယ်ဆို အခုတွေ့ရတာ မီးသွေးချောင်းတွေကိုပဲ တွေ့ရတယ်။ အဲဒါက ဘယ်လိုဖြစ်တာလဲ။ ကျွန်တော့်ကို ရှင်းပြဦးလေ’

လို့ ဆိုလိုက်ရာ...

‘ဒီမယ်...ငါ့သား ရတနာပစ္စည်းဆိုတာ ကိုယ်နဲ့ထိုက်မှ ရတာကွ။ တို့တွေက မရထိုက်လို့ နေမှာပေါ့။ ကဲ... မင်းလဲ ပြန်မယ်ဆိုရင် ပြန်တော့၊ အဖေကတော့ အိပ်တော့မယ်’

လို့ ဆိုရင်း အိပ်ရာတွေ ခင်းပြီး ည(၉)နာရီအချိန်မှာ ဦးထွန်းလှဟာ အိပ်ပျော်သွားခဲ့ပါတယ်။

သူ အိပ်ပျော်သွားတာနဲ့ ကန်တော်မောင်နုမနတ်က အိပ်မက်ပေးပါတယ်။ အိပ်မက်ထဲမှာ မိန်းကလေးဖြစ်သူက ဦးထွန်းလှကို စိတ်တွေ ဆိုးနေပါတယ်။

‘အဘက သမီးတို့ပြောတာကို နားမထောင်တော့ ရွှေတွေ မီးသွေး ဖြစ်သွားပြီ။ ဘယ်သူ့ကိုမှ မပြောပြပါနဲ့ဆိုတာကို သတိမထားဘဲ အဘရဲ့သားကို ပြောပြလိုက်တယ်။ အခု သမီးတို့ပေးတဲ့ ရွှေတွေကို အထက်က သိမ်းယူသွားပြီ။ အဘထိုက်နဲ့ အဘကံပဲ’

လို့ ပြောရင်း မျက်နှာကလေး ညှိုးငယ်စွာနဲ့ ဦးထွန်းလှကို နှုတ်ဆက်ပြီး ပြန်သွားခဲ့ပါတယ်။ နောက်ပိုင်းမှာ ကန်တော်မောင်နုမနတ်က အိပ်မက်ထပ်မပေးတော့ပါ။

ဒီဖြစ်ရပ်ကို ဦးထွန်းလှက တရားနဲ့သာ ဖြေခဲ့ပါတယ်။ ဒီလိုနဲ့ ဦးထွန်းလှဟာ မမြဲသော တရားသဘောကြောင့် အသက်(၇၃)နှစ်အရွယ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။ ပေးကားပေးသော်လဲ မရထိုက်သူတွေထဲမှာ ဦးထွန်းလှလဲ တစ်ယောက် ပါဝင်ခဲ့ပါတယ်။ သူ့ရဲ့ မြေးတော်စပ်တဲ့ သူငယ်ချင်းဖော်ကြီးက စာရေးသူကို ပြန်ပြောပြခဲ့လို့ ရေးသား တင်ပြနိုင်တာပါ။ အခုချိန်မှာ ဖောင်တော်ဦးစေတီတော်ကို ပြန်လည်ပြုပြင်ထားလို့ ကြည်ညိုစရာကောင်းလှပါတယ်။ အဲဒီဘုရားစေတီတော်ဟာ **ပြည်–ရန်ကုန် အဝေးပြေးကားလမ်းမကြီးဘေးနားတွင် ခေါင်းလောင်းသံ တလွင်လွင်နဲ့ သာယာလှသလို** ဝိပဿနာအလုပ်ပေး တရားဒေသနာတော်များကို ဟောကြားသောနေရာအဖြစ် တည်ရှိနေပါတော့တယ်။

***စာဖတ်သူများ ကျန်းမာပြီး ချမ်းသာကြပါစေ။***

စည်သူ (ပြည်)



www.burmeseclassic.com

www.burmeseclassic.com

# ကာလီမာနုတ်ဘုရားနှင့်

စာရေးသူဘဝ



စာရေးသူသည် ၁၉၇၁ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့ရှိ ခြေလျင်တပ်ရင်းမှာ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

စာရေးသူတို့ တပ်ရင်းသည် နယ်မြေခံတပ်ရင်းဖြစ်၍ တပ်ခွဲများသည် လှုပ်ရှားစစ်ဆင်ရေးတာဝန်နှင့် နယ်မြေထိန်းတာဝန်ကို အလှည့်ကျ ထမ်းဆောင်ရပါသည်။

နယ်မြေထိန်း တပ်စခန်းများထဲမှ နဘူးကျေးရွာရှိ **"နဘူးတပ်စခန်း"** သည် အချက်အချာကျသော စခန်း တစ်ခု ဖြစ်ပါသည်။

ထိုစဉ်က မှောင်ခိုစီးပွားရေးလုပ်ငန်းကို ထိန်းချုပ်ခြင်းနှင့် ရန်သူ့သတင်း စုဆောင်းတင်ပြခြင်းတို့ကို အဓိကထား လှုပ်ရှား ဆောင်ရွက်ရပါသည်။

နဘူးကျေးရွာသည် အိမ်ခြေသုံးရာခန့်ရှိပြီး ရွာကြီးတစ်ရွာဖြစ်ပါသည်။ ပတ်ဝန်းကျင် ကရင်တိုင်းရင်းသားရွာများ အားလုံးက ဈေးလာဝယ်ရသော အရောင်းအဝယ် အချက်အချာကျသည့် ဈေးရွာကြီး ဖြစ်ပါသည်။


လူသုံးကုန်ပစ္စည်းမျိုးစုံ ရနိုင်သော စတိုးဆိုင်များ၊ ကုန်စုံဆိုင်ကြီးများ ရှိပါသည်။ နဘူးရွာ၏ မြောက်ဘက်ထိပ်တွင် ပိုးကရင်လူမျိုးများ၏ အိမ်(၁၅) လုံးခန့်ရှိ ကရင်စုလေးတစ်စု ရှိပါသည်။

နဘူးတပ်စခန်းကို ရွာ၏ အရှေ့တောင်ဘက်ထိပ်ရှိ ဟိန္ဒူလူမျိုးများ ကိုးကွယ်သော ကာလီမာနုတ်ဘုရား ကျောင်းဝင်းအတွင်း တည်ဆောက်ထားပါသည်။ ဘုရားကျောင်းဝင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အလျားအနံ ပေငါးရာ ပတ်လည်ခန့် ကျယ်ဝန်းပါသည်။

ထူးခြားသည်ကား အုန်းပင်များ ထူထပ်စွာ ရှိနေသည့် အုန်းတောလေး တစ်ခု ဖြစ်နေခြင်းပင်တည်း။ နဘူးရွာသည်လည်း အုန်းပင်များဖြင့် ဖုံးလွှမ်းထားသော အုန်းတောရွာကြီး ဖြစ်ပါသည်။

၁၉၇၂ ခုနှစ်ထဲမှာ စာရေးသူတို့ တပ်စု နဘူးစခန်းမှာ တာဝန်ကျပါသည်။ စခန်းလက်ခံပြီးနောက် စာရေးသူ မေးမြန်းလေ့လာချက်အရ...

'ကာလီမာနတ်က တန်ခိုးကြီးကြောင်း၊ နတ်ဘုရားမှာ အစောင့်ပရလောကသားကြီး ရှိကြောင်း၊ အစောင့်ပရလောကသားက အပေါ့အလေး မဆင်မခြင်စွန့်ပါက သေသည်အထိ ဒုက္ခပေးတတ်ကြောင်း...

တစ်နှစ်လျှင် ဝါဝင်,ဝါထွက် နှစ်ကြိမ်ဆွမ်းတင် ပူဇော်ပွဲလုပ်ရကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာများရှိ ဟိန္ဒူဘာသာဝင် ကလယ်လူမျိုး အိမ်ထောင်စု လေး,ငါးစုက ကိုးကွယ်ပူဇော်ကြောင်း'

သိရပါသည်။

စာရေးသူသည် ဘာသာတရား လေးစားသူဖြစ်ရာ အကြပ်တပ်သားများအား အခြားသူများ ကိုးကွယ်သည့် ဘာသာကိုလည်း လေးစားကြရန်၊ ကာလီမာနတ် မကြိုက်သည်များ ဂရုစိုက် ရှောင်ရှားကြရန် နားလည်သဘောပေါက်အောင် ရှင်းပြထားပြီး နေ့စဉ် ဘုရားကျောင်း သန့်ရှင်းရေးနှင့် ဆွမ်း၊ သောက်တော်ရေ ကပ်လှူစေပါသည်။

စာရေးသူလည်း နေ့စဉ် နံနက်တိုင်း ဘုရားကျောင်းဝင်းအတွင်း ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်းများ ပြုလုပ်ပြီး ကာလီမာနတ်ဘုရားအား...

'စာရေးသူနှင့် ရဲဘော်များအား အများအယွင်းရှိပါက ခွင့်လွှတ်ပါရန်၊ ဘေးအန္တရာယ်များမှ ကာကွယ် စောင့်ရှောက်ပေးပါရန်နှင့် ဘေးအန္တရာယ်များမှ ကာကွယ် စောင့်ရှောက်ပေးပါက စာရေးသူအနေဖြင့် ရာသက်ပန် ဆွမ်းတင်ပူဇော်ပွဲ ပြုလုပ်ပါမည်'

ဟု ကတိပြုထားခဲ့ပါသည်။ ဝါဝင်, ဝါထွက်ရက်များတွင် ဟိန္ဒူဘာသာဝင်များနှင့် စုပေါင်းပြီး နတ်ဘုရားအား ဆွမ်း၊ နွားနို့၊ အုန်းသီး၊ ထန်းလျက်များဖြင့် အသက်လွတ် တင်လှူပြီး အစောင့်ပရလောကသားကြီးအား ဆိတ်သတ်၍ တင်မြှောက်ပသကြရပါသည်။

စာရေးသူတို့တပ်စု စတင် တာဝန်ယူပြီးသည့် ရက်မှစ၍ ဘုရားကျောင်းဝင်းအတွင်းရှိ အုန်းပင်များကို အုန်းပင်အကြောင်း နားလည် တတ်ကျွမ်းသူများနှင့် ပြုပြင်ပျိုးထောင်စေပြီး နှစ်လတစ်ကြိမ်မျှ အသီးများချပါသည်။ အုန်းသီးများ ရောင်းရငွေကို နတ်ဘုရားအလှူငွေအဖြစ် ထားပြီး ဘုရားကျောင်းပြုပြင်ခြင်း၊ အမွှေးနံ့သာနှင့် ပဝါဝယ်လှူခြင်း၊ ဆွမ်းတင်ခြင်းများအတွက်သာ သုံးစွဲစေပါသည်။

အုန်းပင်များကို စနစ်တကျ ပြုပြင်ထိန်းသိမ်းခဲ့ရာ အုန်းပင်အားလုံးမှာ အသီးခိုင်များ ပြွတ်ခဲနေပါသည်။ စာရေးသူတို့အိပ်သော တပ်စုရုံးဘန်ကာဘေး ကပ်ပေါက်နေသည့် (၁၅)ပေခန့်မြင့်သော အုန်းပင်ပု တစ်ပင်မှာလည်း အသီးအခိုင်များ ပြွတ်ခဲနေပါသည်။

မတ်လထဲမှာ အကြမ်းဖက်သောင်းကျန်းသူများ လှုပ်ရှားမှု များလာပါသည်။ တစ်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူ အင်အားနှစ်ရာကျော် တောင်ပေါ်မှ ဆင်းလာပြီး နဘူးစခန်းနှင့် ခုနစ်မိုင်ခန့်ဝေးသော ''ထော့ကိုကိုး'' ရွာကြီးမှာ စခန်းချနေကြောင်း၊ နဘူးတပ်စခန်းအား တိုက်ခိုက်နိုင်ကြောင်း ခိုင်လုံသောသတင်း ရပါသည်။

စာရေးသူလည်း ရန်သူ့သတင်းကို တပ်ရင်းသို့ တင်ပြထားပြီး လုပ်သင့်လုပ်ထိုက်သည့် ခံစစ်ပြင်ဆင်မှုများ ပြုလုပ်၍ သတိဝီရိယဖြင့် အသင့်စောင့်နေကြပါသည်။

ရန်သူ့သတင်းရပြီးနောက် ငါးရက်မြောက်နေ့ နံနက်သုံးနာရီ ကင်းသံချောင်းခေါက်ပြီးသည်နှင့် တစ်ပြိုင်နက် စာရေးသူတို့ ဘန်ကာဘေးမှ ''ရှုမ်း'' ခနဲ ပေါက်ကွဲသံနှင့်အတူ မီးရောင်များ





www.burmeseclassic.com

www.burmeseclassic.com



ဝင်းလက်၊ မြေတုန်ဟည်းသွားပြီးနောက် လက်နက်ကြီးငယ်မျိုးစုံနှင့် တရစပ် ပစ်ခတ်သံများ ဆူညံသွားပြီး တိုက်ပွဲ စ,ပါတော့သည်။

စာရေးသူတို့လည်း သတ်မှတ်ခံစစ် နေရာများမှ ရန်သူအား ပြန်လည် ပစ်ခတ်ကြပါသည်။ စာရေးသူနှင့် တပ်စု တပ်ကြပ်ကြီးတို့သည် စခန်း ပတ်လည် တပ်စု ခံစစ်ယူထားမှုကို လိုက်လံ စစ်ဆေးကွပ်ကဲရင်း ရန်သူ တိုက်ခိုက်မှု အခြေအနေကို သုံးသပ် ကြည့်ကြပါသည်။

ရန်သူ၏ အဓိကအင်အားစုမှာ စခန်းမြောက်ဘက် ရွာပိုင်းမှ ဖြစ်ကြောင်း သိရပါသည်။ မြောက်ဘက်တွင် ရွာနှင့် တပ်စခန်းရိုးအကြား ကိုက် တစ်ရာငါး ဆယ်ခန့်ကျယ်သော အင်းတောရှိပြီး သစ်ပင်နှင့် အတားအဆီးများမရှိ၍ ရန်သူအတွက် မြင်ကွင်း,ပစ်ကွင်း ကောင်းပါသည်။

ရန်သူများ ပစ်ခတ်လိုက်သော ကျည်ဆန်နှင့် ဗုံးသီးများသည် အုန်းပင်၊ သရက်ပင်များအား ထိမှန်ပြီး ပေါက်ကွဲကုန်ကြပါသည်။ ရန်သူ့ အခြေအနေကို သုံးသပ်ပြီး စာရေးသူ က တပ်စုတပ်ကြပ်ကြီးအား ရန်သူ ကွပ်ကဲမှုရှိနိုင်သည့် နေရာဘက်သို့ နှစ်လက်မ စိန်ပြောင်းဖြင့် ဆယ်လုံးခန့် ဆက်တိုက် ပစ်ခတ်စေလိုက်ပါသည်။

မိနစ်ပိုင်းအတွင်း တပ်စု တပ်ကြပ်ကြီး ပစ်လိုက်သော စိန်ပြောင်းဗုံးသီးများ ရန်သူများဘက်ဆီမှ ဆက်တိုက် ပေါက်ကွဲသံများ ကြားရပြီးနောက် ရန်သူများ၏ ပစ်ခတ်သံများ ရုတ်ခြည်း ရပ်စဲသွားပါသည်။

ရန်သူ၏ အော်ဟစ်ပြောဆိုသံများ၊ ခွေးဟောင်သံများ ကြားနေရပါသည်။ စာရေးသူကလည်း အပစ်ရပ်စေပြီး အခြေအနေကို အကဲခတ် စောင့်ကြည့် နေပါသည်။ ဆယ်မိနစ်ခန့်ကြာသော အခါ ခွေးဟောင်သံများ တဖြည်းဖြည်း ဝေးသွားသဖြင့် ရန်သူများ ဆုတ်ခွာ သွားကြောင်း သေချာ၍ နာရီကြည့် လိုက်ရာ လေးနာရီထိုးရန် တစ်ဆယ့် ငါးမိနစ်လို ဖြစ်ပါသည်။

တပ်စုရှိ အကြပ်တပ်သားများအား လူ,လက်နက်ခဲယမ်းများ စစ်ဆေးစေ ရာ ထိခိုက်ဒဏ်ရာရမှု လုံးဝမရှိသဖြင့် အားလုံး ပျော်ရွှင်တက်ကြွနေကြပါ သည်။ အပြင်ထွက်ရှင်းရန် မြင်ကွင်း မကောင်းသေး၍ လက်ဖက်ရည်ဖျော် သောက်ရင်း တိုက်ပွဲအကြောင်း တစ် ယောက်တစ်ပေါက် ပြောဆိုနေကြပါ သည်။

မိုးစင်စင်လင်းလျှင် ကျေးရွာလူကြီး များ တပ်စခန်းသို့ ရောက်လာကြပြီး ရန်သူများ ဆုတ်ခွာသွားပြီဖြစ်ကြောင်း၊ ရန်သူ့အလောင်းနှစ်လောင်း ကျန်ရစ် ကြောင်း၊ သုံးဦးဒဏ်ရာရသွားပြီး တပ်စုမှူးအဆင့်ရှိသူမှာ ဒဏ်ရာပြင်း ထန်၍ အထမ်းဖြင့် သယ်ယူသွား ကြောင်း သတင်းပေးပါသည်။

စာရေးသူတို့ တပ်ပြင်ထွက် ရှင်း လင်းပြီး ရန်သူ့အလောင်းများအား စစ် ဆေးရာ တစ်ယောက်မှာ နဘူးရွာထိပ်ရှိ ကရင်စုမှ ရွာသားတစ်ဦး၏ အလောင်း ဖြစ်နေပါသည်။ ထိုရွာသားမှာ ရန်သူ့ အမာခံဖြစ်ကြောင်း စာရေးသူ သိထား သဖြင့် စည်းရုံး သိမ်းသွင်းထားရသူ ဖြစ်ပါသည်။

နောက်မှ စုံစမ်းသိရသည်မှာ တိုက် ပွဲဖြစ်သော ညက ရန်သူများက ထို ရွာသားအား ခေါ်လာပြီး စာရေးသူ အိပ်သော တပ်စုရုံး ဘန်ကာနေရာကို လက်ညှိုးထိုးပြစေပြီးမှ (၃ ဒသမ ၅) ဒုံးပစ်လောင်ချာဖြင့် ပထမဆုံး ပစ်ခတ် ပြီး တိုက်ပွဲစ,လိုက်ခြင်း ဖြစ်ကြောင်း သိရပါသည်။ စာရေးသူ (တပ်စုမှူး) အား အဓိက ပစ်မှတ်ထားပြီး စတင် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ပါသည်။

ရန်သူများက စာရေးသူအား လက်ဦးမှုရအောင် ကြံစည်ကြသော် လည်း သူတို့ပစ်လွှတ်လိုက်သော (၃ ဒသမ ၅)ဒုံးကျည်သည် ဘန်ကာ ဘေး ကပ်ပေါက်နေသော အုန်းပင်ပျို ၏ ပွတ်ခဲကျပ်ညှပ်နေသော အုန်းသီး ခိုင်များအား ထိမှန် ပေါက်ကွဲသွားပါ သည်။

စာရေးသူတို့ ဘန်ကာထဲသို့ မီး ရောင်၊ ခဲနှင့် အုန်းသီးစများသာ ဝင် လာပါသည်။ ဗုံးဆန်စများ မပါလာ တော့သဖြင့် စာရေးသူနှင့်အတူ ရဲဘော် တို့ အန္တရာယ်မှ ကင်းလွတ်ခဲ့ပါသည်။

www.burmeseclassic.com

အကယ်၍ ဒုံးကျည်သည် အုန်းသီးခိုင်များအား တည့်တည့်မထိမှန်ဘဲ လွဲချော်ပြီး ဘန်ကာကို ထိမှန်ခဲ့သော် မတွေးဝံ့စရာပင်။

(၃ ဒသမ ၅)ဒုံးကျည်ပေါက်ကွဲ ထိခိုက်နိုင်မှု စွမ်းအားသည် ကိုက် ငါးဆယ်အတွင်း ထိခိုက်ဒဏ်ရာရ သေကျေနိုင်စွမ်းရှိရာ စာရေးသူအိပ်သော ဘန်ကာ အကျယ်မှာ ပေ(၃၀×၂၀)သာ ရှိပါသည်။ ပို၍ အံ့ဩဖွယ်ကောင်းပြီး ရန်သူများ ကံဆိုးမိုးမှောင်ကျစေခြင်းကား တပ်စုတပ်ကြပ်ကြီး ပစ်လွှတ်လိုက်သော နှစ်လက်မ စိန်ပြောင်းပုံး တစ်လုံးသည် (၃ ဒသမ ၅)ဒုံးကျည်ဖြင့် စတင် တိုက်ခိုက်သော ရန်သူ့ကွပ်ကဲမှု အဖွဲ့ပေါ် တည့်တည့်ကြီး ကျရောက်ပေါက်ကွဲခဲ့ခြင်းပင်တည်း။

ရန်သူများသည် စိန်ပြောင်းပုံး ကျကွဲသည်ဟု မထင်ဘဲ မိုင်းကွင်းထဲ သူတို့ရောက်ပြီး မိုင်းကွဲသည်ဟု ယူဆသဖြင့် သူတို့အချင်းချင်း အထင်လွဲ စကားများကြပြီး ချက်ချင်း ပြန်ဆုတ်သွားခြင်းဖြစ်ကြောင်း နောက်မှ သိရပါသည်။

တိုက်ပွဲရလဒ်အရ စာရေးသူတို့တပ်မတော်ဘက်မှ ထိခိုက်ဒဏ်ရာရသူ လုံးဝမရှိဘဲ ရန်သူများသာ အထိနာသွားသည်ကို သုံးသပ်ဝေဖန်ကြပြီး ကျေးရွာလူကြီးများနှင့် အကြပ်ရဲဘော်များ အားလုံးက...

'ကာလီမာနတ် ကယ်လိုက်တာ'

ဟု ယုံယုံကြည်ကြည် ပြောဆိုနေကြပါသည်။ စာရေးသူက ပြုံးနေလိုက်ပါသည်။ စာရေးသူသည် နဘူးတပ်စခန်းမှာ ငါးကြိမ်တိတိ အလှည့်ကျ တာဝန်ထမ်းဆောင်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ နောက်ထပ် လာမတိုက်တော့ပါ။



နဘူးတပ်စခန်းမှာနေပြီးနောက် မိုးဦးကျတွင် စာရေးသူသည် မြဝတီမြို့နှင့် ကိုးမိုင်ကွာဝေးသော သင်္ကန်းညိုနောင်တပ်စခန်းသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ အလုပ်တာဝန်များ ပိနေ၍''ကာလီမာနတ်''ကို မေ့နေပါသည်။

သင်္ကန်းညိုနောင်ရွာသည် ရှမ်းတိုင်းရင်းသားနှင့် မြန်မာလူမျိုးများ နေထိုင်ကြပါသည်။ စာရေးသူ သင်္ကန်းညိုနောင်စခန်းရောက်ပြီး ဝါမဝင်မီ တစ်ညမှာ စာရေးသူ အိပ်မက် မက်ပါသည်။

အိပ်မက်ထဲမှာ ဟိန္ဒူဆာဒူးကြီးတစ်ဦးက စာရေးသူအား သင်္ဘောကြီးတစ်စင်းဖြင့် မြစ်ကြီးတစ်ခုအား ခေါ်ဆောင်သွားပါသည်။ အတန်ကြာသောအခါ မြစ်ကမ်းဘေးတစ်နေရာရှိ ခမ်းနားကြီးကျယ်သော ကာလီမာနတ်၏ ဘုရားကြီးကျောင်းတစ်ခုသို့ ရောက်ရှိကြပြီး လိုက်လံပြသပါသည်။ထို့နောက် စာရေးသူ လန့်နိုးသွားပါသည်။

သိလိုက်ပါပြီ။ စာရေးသူအား ကာလီမာနတ် သတိပေးနေပြီဟု မိုးလင်းလျှင် သင်္ကန်းညိုနောင်ရွာထဲမှာ ဟိန္ဒူလူမျိုး ရှာခိုင်းရာ ကံအားလျော်စွာ ဟိန္ဒူတစ်ဦး တွေ့ရှိရပြီး ယင်း၏ အကူအညီဖြင့် ကာလီမာနတ်အား ဝါဝင်

ဆွမ်းတင် လှူခဲ့ပါသည်။ နောက်ထပ်
အိပ်မက် မပေးတော့ပါ။

ထို့နောက်ပိုင်းတွင် စာရေးသူ
ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့
သည့် မြို့များရှိ ကာလီမာဘုရား
ကျောင်းများ၌ ကြုံကြိုက်သလို ဝါဝင်
ဝါထွက် ဆွမ်းတင်လှူခြင်း၊ အမွှေး
နံ့သာလှူခြင်း၊ ငွေလှူဒါန်းခြင်းများပြု
ခဲ့ပါသည်။

၁၉၈၈ ခုနှစ် အရေးအခင်းကာလ
တွင် စာရေးသူသည် (...)မြို့နယ်
ကောင်စီအတွင်းရေးမှူး တာဝန်
ထမ်းဆောင်နေပါသည်။

စာရေးသူတို့ မြို့နယ်ကောင်စီအဖွဲ့
သည် ရုံးမှာပင် ညအိပ်နေထိုင်ပြီး
အခြေအနေဆိုးကြီးကို စောင့်ကြည့်
နေကြရပါသည်။

စာရေးသူကတော့ ဘုရားဂုဏ်
တော်ပွားများခြင်းနှင့် အထူးသဖြင့်
မေတ္တာသုတ်ရွတ်ပြီး၊ မေတ္တာပွားများခြင်း
ကို အချိန်ရတိုင်း အားထုတ်နေမိပါ
သည်။

ထိုစဉ် တိုင်းပြည်၏ အခြေအနေ
သည် ပိုမိုပြင်းထန်လာပြီး အဆိုးဝါး
အချိန်သို့ ရောက်နေပါသည်။ စာရေး
သူတို့လည်း ကံကြမ္မာကိုသာ အား
ရမည့်သဘော ဖြစ်နေပါသည်။

ထိုစဉ် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ
လ၊ ဒုတိယပတ် ညတစ်ညတွင် စာရေး
သူ အိပ်မက်တစ်ခု မြင်မက်ပါသည်။
အိပ်မက်ထဲမှာ စာရေးသူသည်
တော်မူ ဗုဒ္ဓဆင်းတုတော်တစ်ဆူ
ဖူးမြော်ရပြီးနောက် ဟိန္ဒူကုလား
ယောက်က စာရေးသူတို့ အီးစီတ
လုံးအား လှေတစ်စင်းဖြင့် တင်
၍ ချောင်းရိုးလေးတစ်လျှောက်
ခတ်သွားပြီး ကာလီမာနတ်ဘု





www.burmeseclassic.com

www.burmeseclassic.com



မောင်သန့်စင်
(ပုသိမ်ကြီး)

၂၀၀၀ ပြည့်နှစ်က

# လူထူးဆန်းတစ်ဦး

ဝန်ခံချက် ။ ။ ယခုစာမူတွင် ပါရှိသူ လူငယ်ကလေး တာကောအား သိက္ခာကျစေရန် ရည်ရွယ်၍ ရေးသားခြင်း လုံးဝ(လုံးဝ) မဟုတ်ဘဲ သူ့တွင် တတ်ကျွမ်းသည့် (အခြားသူများ ပြုလုပ်ရန် မလွယ်သည့်) ထူးဆန်းသော အတတ်ပညာများအား စာဖတ်သူများ ဗဟုသုတ ရရှိစေရန်နှင့် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဟု သိရှိနိုင်ရန် ရည်ရွယ်၍သာ ရေးသားတင်ပြခြင်း ဖြစ်ပါကြောင်း ရိုးသားစွာ ဝန်ခံပါသည်။

* * *

'ဟော့ကောင် တာကော ဘာတွေစဉ်းစားနေတာလဲ၊ မအိပ်သေးဘူးလား'

ကျွန်တော်၏ တာဝန်ကျချိန်အတွင်း ရဲအချုပ်ခန်းအတွင်းရှိ စက်ဘီးခိုးသူ တရားခံ တာကောအား လှမ်း၍ မေးလိုက်ပါသည်။

'ဟုတ်ကဲ့ဆရာ တောင်စဉ်းစား၊ မြောက်စဉ်းစားနဲ့ ကျွန်တော် အိပ်လို့မရလို့ပါ'

တာကောအား စက်ဘီးခိုး အမှုဖြင့် ကွင်းဆက်စစ်ဆေးရာ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်များ အတွင်းက

www.burmeseclassic.com

မန္တလေးမြို့အတွင်းရှိ နေအိမ်များ၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များ အသီးသီးမှ စက်ဘီးများအား ခိုးယူခဲ့ရာ ဖော်ထုတ်ချက်အရ စုစုပေါင်း စက်ဘီးအစီး (၂၀)ခန့်အား ကျွန်တော်တို့ ပုသိမ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေး ဖော်ထုတ် သိမ်းဆည်းရမိခဲ့ပါသည်။

ထိုစဉ်က သူ့အား မည်သူက အမည်တပ်ပေးထားသည် မသိရသော တရုတ်လူမျိုးအမည် တာကော(အစ်ကိုကြီးဟု အဓိပ္ပာယ်ပေါက်ပါသည်။)ဟု မှည့်ခေါ်ဆိုနေကြသော်လည်း လူကားအသက် (၂၀)နှစ်ခန့် အသားညိုညို မျက်နှာရှည်ရှည် ပိန်ပိန်ပါးပါး ဖြစ်ပါသည်။

စက်ဘီး ခိုးယူခဲ့သည်မှာ အကြိမ်ကြိမ်အခါခါဖြစ်ပြီး မည်သည့်အခါမှ ဖမ်းမိခြင်း၊ ဖမ်းခံရခြင်း မရှိဘဲ လွတ်မြောက်နေခဲ့ပြီး ယခုအကြိမ်ကျမှသာ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး အမှုတည်ဆောက်နေစဉ်အတွင်း အချုပ်ရမန်ယူ၍ စစ်ဆေးနေခြင်းသာ ဖြစ်ပါသည်။

'တာကော နှေလယ်နဲ့ မနက်တွေမှာ မင်းဆီလာပြီး ထမင်းတို့၊ မုန့်တို့၊ အဝတ်အစားတို့ လာလာပို့နေတာ မင်းညီမတွေလား၊ အစ်မတွေလား၊ ဒေါ်လေးတွေလား၊ မင်းအမျိုးတွေကလဲ များလိုက်တာ'

'မဟုတ်ပါဘူး ဆရာ။ အဲဒါတွေအားလုံး ကျွန်တော့်ဇနီးတွေပါ။ အားလုံး (၅)ယောက်ရှိတယ်'

'ဟာ မင်းဟာက ဟုတ်ကောဟုတ်ရဲ့လားကွာ'

'ဟုတ်ပါတယ်ဆရာ ကျွန်တော်မညာပါဘူး'

**(တာကောထံ လာရောက် တွေ့နေကြသော အမျိုးသမီးများနှင့် တာကော၏ လင်လို၊ မယားလို ပလူးပလဲ ဆက်ဆံနေပုံများကို မြင်တွေ့ချက်များအရ တာကောပြောသော သူ၏ဇနီး (၅)ဦး ဆိုသည်မှာ ဖြစ်နိုင်ခြေရှိသည်ဟု ကျွန်တော်ထင်မြင်မိပါသည်။)**

'မင်းဇနီးတွေကလဲ များလှချည့်လားကွာ။ ဘယ်လိုနည်း ဘယ်လိုပုံ ရလာတာလဲဆိုတာ ငါ့ကိုလဲ ပြောပြပါဦး'

'ဒီပညာတွေက ကျွန်တော့်အဖေက သင်ပေးတာပါ။ တခြားလူတွေကလဲ ယုံကြမှာလဲ မဟုတ်ဘူး။ ယုတ္တိလဲ မရှိဘူးလို့ ပြောလိမ့်မယ်။ အမှန်တော့ ဆရာရယ် ကောင်းတဲ့ပညာတွေ ရှိသလို မကောင်းတဲ့ပညာတွေလဲ အမျိုးမျိုး ရှိပါတယ်။

လောကကြီးမှာရှိတဲ့ ပညာရပ်တွေအားလုံး သူ့နေရာနဲ့သူကတော့ အသုံးဝင်ကြတာချည်းပါပဲ။ သိသူရှိသလို၊ မသိတဲ့သူတွေလဲ ရှိကြတာပေါ့။ ပြီးတော့ သိသော်လဲ အသုံးပြုတဲ့သူ ရှိသလို၊ အသုံးမပြုတဲ့သူတွေလဲ ရှိကြပါတယ်။ မသိမမြင်ဖူးပေမယ့် အသုံးပြု လက်တည့်စမ်းချင်တဲ့လူတွေလဲ ရှိကြမှာပါ။ အမျိုးမျိုးပေါ့။



ဒီလိုပါဆရာ နှစ်တော်တော်ကြာပြီ ဆိုတော့ ကျွန်တော်လဲ ဒီတောထဲက ဂမုန်းပင်နဲ့ အရွက်ရဲ့အမည်ကို မေ့နေပြီ ဆရာ။ ပြောရရင် ကျွန်တော့်ဘ ကလဲ မျိုးစုံ ကျင်လည်ကျက်စား လှုပ်ရှားသွားလာနေရတာ ဆရာတို့ အသိပါပဲ။

အဲဒီအပင်က အရွက်ကို ကိုယ့် ကျင်ငယ်ရည်နဲ့ရောပြီး ထောင်းရ တယ်။ ပြီးရင် နေလှန်း အခြောက်ခံပါ တယ်။ အဲဒီအမှုန့်ခြောက်ကို ကိုယ် သောက်တဲ့ ဆေးလိပ်ထဲ ထည့် သောက်ပါတယ်။

ကိုယ်ကြိုက်နှစ်သက်တဲ့ မိန်းကလေး ကို ဆေးလိပ်ငွေ့နဲ့ မှုတ်ထုတ်လိုက်ပါ တယ်။ အဲဒီဆေးလိပ်မီးခိုးငွေ့ မှုတ် ထုတ်ခြင်းကို ရှူရှိုက်ခံရတဲ့ မိန်းကလေး ဟာ ချစ်ခင်နှစ်သက် စွဲလမ်းစိတ်တွေ ဖြစ်ပေါ်လာပြီး ဒီဆေးလိပ်မီးခိုးငွေ့ မှုတ်ထုတ်သူရဲ့ရုပ်၊ အသံတို့ကို မမြင်ရ မနေနိုင်၊ မကြားရမနေနိုင် ဖြစ်သွားတာ ပါပဲဆရာ။

အဲဒီအရွက်ကို တောထဲမှာ လွယ် လွယ်ကူကူနဲ့လဲ မရနိုင်ဘူး။ ဂမုန်းပင် တစ်မျိုးပါ။ ကျွန်တော် မေ့နေလို့ ကျွန်တော်ဟာ ဒီလိုနည်းနဲ့ပဲ အမျိုး သမီးတွေကို ရအောင်ယူခဲ့တယ်။

အားလုံးကိုတော့ လောက်အောင် သိပ်ရှာမကျွေးနိုင်ပါဘူး။ သူတို့(သူ၏ ဇနီးများ)ကလဲ တစ်မျိုးပါပဲ။ ကျွန်တော် ရှာပေးချင်ပေး၊ မပေးချင်နေ ကျွန်တော် ရှိနေရင်၊ ကျွန်တော့်ကို တွေ့မြင်နေရ ရင် ပြီးရောဆိုတဲ့ သဘောပါပဲ ဆရာ'

အဲဒီ တာကော ပြောဆိုသည်



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးများ ကြိုက်နှစ်သက်သော (ပီယ)ဆေးနည်း အမှန်တကယ် ရှိသည်၊ မရှိသည်၊ အစွမ်းထက်သည်၊ မထက်သည်ကိုတော့ ကျွန်တော် မမြင်တွေ့ရ၍ မည်သို့မျှ မပြောလိုသော်လည်း လက်တွေ့၌ တာကောဓ၏ဇနီး(မိန်းမ)များမှာ မျက်စိနောက်လောက်အောင် တစ်ယောက်ပြီး တစ်ယောက် လာတွေ့နေကြပြီး ပလူးပလဲနှင့် မြင်တွေ့နေရ၍ သူ၏ ပီယဆေးမှာ ဟုတ်မှန်သလိုလို၊ ယုံရမလိုလိုပင် ဖြစ်နေပါသည်။

'အေး အဲဒါတော့ ဟုတ်ပါပြီ။ နောက်တစ်ခုက စက်ဘီးတွေကို မင်းနီးတုန်းက အိမ်မှာ ခွေးတွေ ဘာတွေ မရှိဘူးလား၊ ခွေးတွေ လိုက်ကိုက်တာ ခံရဘူးလား၊ အိမ်ရှင်တွေက မနိုးဘူးလား'

'ဒါက ဒီလိုပါ ဆရာ၊ ကျွန်တော့်ကို ကြည့်လိုက်ပါ'

တာကောသည် ထိုသို့ပြောပြီး သူ၏ နားရွက် (၂)ဖက်ကို အထက်၊ အောက်၊ ရှေ့၊ နောက် သွက်သွက်ခါအောင်၊ ယိမ်းထိုးနေအောင် လှုပ်ခါယမ်း၍ ပြပါသည်။ နားရွက်တစ်ဖက်တည်းဖြင့်လည်းကောင်း၊ နှစ်ဖက်လုံးဖြင့် လည်းကောင်း တစ်မျိုးစီ လှုပ်ခါယမ်း၍ ပြပါသည်။

ကျွန်တော့်မှာ စောစောက တာကောပြောပြသည့် မိန်းမများ ချစ်ခင်ကြိုက်နှစ်သက်သော ပီယဆေးအကြောင်းကို မယုံကြည်ချင်ချင် ဖြစ်နေသော်လည်း ယခု သူ၏ နားရွက်(၂)ဖက်ကို မျိုးစုံအောင် လှုပ်ခါယမ်း၍ ပြသည်ကိုတော့ အထူးပင် အံ့ဩ၍ မှင်တက်ငေးမောမိပါတော့သည်။

ထိုသို့သော နားရွက် လှုပ်တတ်



သောသူကို ကျွန်တော် ယခု အသက် (၄၂)နှစ်အချိန်ထိ တစ်ကြိမ်မျှပင် တွေ့ကြားဖူးခြင်း မရှိခဲ့ဘဲ ယခုမှ အံ့ဩဖွယ်ရာ တွေ့မြင်ရလေပြီ။

'အယ်လ်ဖေးရှင်းခွေးပဲ ဖြစ်ဖြစ် ဘယ်လောက်ကိုက်ကိုက်၊ ဘယ်လောက်ဟောင်ဟောင်၊ ဘယ်လောက်ဆိုးဆိုး ဆရာ ကြိုက်တဲ့ခွေးကို ခေါ်လာခဲ့ပါ။ ကျွန်တော် လက်တွေ့ နားရွက်ကို လှုပ်ခါယမ်းပြလိုက်ပါမယ်။

ဆရာခေါ်လာတဲ့ခွေး ဘယ်လောက်ဆိုးဆိုး ငြိမ်ကုပ်သွားစေရမယ်။ ဒီလို အကြောင်းရှိလို့ ကျွန်တော့်ကို ခွေးကိုက်ခံရခြင်း တစ်ခါမှ မကြုံခဲ့ရဘူး။ ကျွန်တော် လက်တွေ့ ဆိုးဝါးလှတဲ့ ခွေးတွေနဲ့တွေ့ပြီး ရင်ဆိုင်ပြီးပါပြီ ဆရာ။ အားလုံး ငြိမ်သက်သွားကြပါတယ်။

အခု ကျွန်တော် ဆရာ့ကို ပြောတာတွေဟာ လုပ်ကြံဖန်တီးပြီး ပြောတာ တစ်ခုမှ မရှိဘူး။ အမှန်အတိုင်းပါပဲ။ ကျိန်ဆိုရင်လဲ ဘုရားစင်ရှေ့မှာ သောက်တော်ရေသောက်ပြီး ကျိန်ဆိုရဲပါတယ်၊ တိုင်တည်သစ္စာဆိုရဲပါတယ် ဆရာ'

မည်သို့ ဆိုစေကာမူ ကျွန်တော်ကား တာကော၏ နားရွက်လှုပ်ရှားပုံများကို ကြည့်ပြီး ခွေးဟောင် ခွေးကိုက်ခြင်း မရှိသည်မှာ ဖြစ်နိုင်ခြေရှိသည်ဟု ရာနှုန်းပြည့်နီးပါး အံ့ဩဖွယ် ယုံကြည်သလိုလို ဖြစ်မိပါတော့သည်။

'အခု မင်းအမှု ရင်ဆိုင်ပြီး ကိစ္စတွေအားလုံး ပြီးသွားရင် ဒီအလုပ်တွေ ဆက်လုပ်ဦးမယ်လို့ စိတ်ကူးထားသေးလား'

'အမှန်ဆိုရရင်ဆရာ ကျွန်တော် သွားရင်းလာရင်း လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဆရာတော်ကြီးတွေရဲ့ တရားတော်တွေ နားထောင်ရတယ်။ လူကြီးသူမတွေက ကျွန်တော့်ရဲ့ နောင်ရေးကို ရင်လေးပြီး ဆုံးမစကားတွေ ပြောပြပါတယ်။

ကျွန်တော့်အဖေလဲ အခု ဘုန်းကြီးဝတ်သွားပါပြီ။ တစ်ခါတလေ တွေ့ရင် ဆုံးမပါတယ်။ ကျွန်တော် တတ်သိထားတဲ့ ပီယဆေးပြုလုပ်ခြင်း၊ အခြားသူများပိုင်ဆိုင်သော ပစ္စည်းဥစ္စာကို ခိုးယူခြင်းတို့ကို နောင်ဘယ်တော့မှ မလုပ်ဖို့၊ လူအများ မနှစ်သက်တဲ့ အောက်လမ်း နည်းပညာများဖြစ်ကြောင်း သမ္မာအာဇီဝကျတဲ့ ကောင်းရောင်းကောင်းဝယ် အလုပ်များ ပြုလုပ်ပြီး ဒါန၊ သီလ၊ ဘာဝနာ စတဲ့ ဗုဒ္ဓဘုရားရှင် နှစ်သက်တော်မူတဲ့ အလုပ်များကိုသာ စတင်၍ လက်တွေ့ လုပ်ဆောင်ဖို့ကို အကြိမ်ကြိမ် ကြားသိလာရပါတယ်။

ဒီတော့ ကျွန်တော်ဟာ ဒီ မကောင်းတဲ့ အလုပ်တွေကို အခု ဒီတစ်ခါ နောက်ဆုံးအကြိမ် ပြုလုပ်ပြီးရင် လုံးဝ မလုပ်တော့ဘဲ သာသနာ့ဘောင်ကို

www.burmeseclassic.com

အပြီးဝင်ရောက် တရားအားထုတ်ပြီး ဘုရားရှင်ရဲ့ အလိုတော်ကျသာ နေတော့မယ်လို့ ဆုံးဖြတ်ချက်ချပြီး နောက်ဆုံး လုပ်လိုက်တာမှာ ကျွန်တော့်ကို ဖမ်းမိတော့တာပါပဲ ဆရာ။

ကျွန်တော် ပြုလုပ်ခဲ့သမျှ အပြစ်တွေအားလုံးနဲ့ အမှုတွေအားလုံးကို အမှန်ကို အမှန်အတိုင်း ဖွင့်ဟဝန်ခံသွားမှာပါ။ လိမ်ညာပြီးတော့ မထွက်ဆိုပါဘူး။ ကျွန်တော် ပြုလုပ်ခဲ့တဲ့ အရာတွေအားလုံးအတွက် ထောင်ကျခံပြီး ကျွန်တော့်ရဲ့သွေး,ချွေးတို့နဲ့ ပြန်လည်ပြီး မဖြစ်မနေ ပေးဆပ်သွားမှာပါ။

ထောင်ထဲမှာ အသက်သေချင်ရင်လဲ သေပေါ့။ မသေလို့ ပြန်ရှင်ပြီး လွတ်လာလဲ လူ့ဘောင်လူ့လောကမှာ မနေတော့ဘဲ ဘုရားရှင်ရဲ့ သာသနာ့ဘောင်ကိုသာ အပြီးအပိုင်ဝင်ပြီး ဘုရားကြိုက်နှစ်သက်တဲ့ အလုပ်တွေအားလုံးကို ကြိုးပမ်းအားထုတ် လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။ ဆရာမေးလို့သာ၊ စကားကြုံလို့သာ ပြောရတာပါ။ ဒီအကြောင်းတွေကို ကျွန်တော် မပြောချင်ပါဘူး'

စကားသံအဆုံးတွင် တာကော၏ မျက်ဝန်းအစုံမှ မျက်ရည်များ လိမ့်ဆင်း၍ ကျလာပါသည်။ တာကောကား တိုးတိတ်စွာ ရှိုက်၍ ငိုနေပါလေပြီ။

ငါးပါးသီလထဲမှ အဒိန္နာဒါနကံနှင့် ကာမေသု မိစ္ဆာစာရကံ (၂)ပါးအား ကောင်းစွာ ကျူးလွန်ပြစ်မှားခဲ့သူ လူထူးဆန်းတစ်ဦးသည် အချိန်တန်လျှင်တော့ ကျွတ်တမ်းဝင်မှာပါလား ဟု ကျွန်တော်သည် စိတ်မကောင်းစွာဖြင့် သတိသံဝေဂ ကောင်းစွာ ရမိပါတော့သည်။

**မောင်သန့်ဇင် *(ပုသိမ်ကြီး)***

ဝန်ခံချက် ။ ။ ဤဝတ္ထုတိုမှာ ကျွန်တော်နှင့် တရားခံ တာကော ၂၀၀၀ ပြည့်နှစ်ခန့်က မန္တလေးခရိုင် ပုသိမ်ကြီး ရဲစခန်းတွင် ကျွန်တော် တာဝန်ကျစဉ်အချိန်က ကြုံတွေ့ရာ သူကိုယ်တိုင် ပြောကြားခဲ့သော စကားများဖြစ်ပြီး ယခုအချိန်ကျမှသာ ကျွန်တော်မှ ဝတ္ထုတိုအဖြစ် ပြန်လည်ရေးသားခြင်း ဖြစ်ပါသည်။

စာမျက်နှာ (၂၉၂)မှ အဆက်

ကျောင်းတစ်ခုသို့ ပို့ခဲ့ပါသည်။

စာရေးသူ နားလည်လိုက်ပါသည်။ ကာလီမာပေးသော အိပ်မက်တည်း။ စာရေးသူတို့အဖွဲ့ တွေ့ကြုံနေရသော ဘေးအန္တရာယ်ဆိုးကြီးမှလည်း လွတ်မြောက်တော့မည်ဟု တထစ်ချ ယုံကြည်မိပါသည်။

မိုးလင်းလျှင် စာရေးသူက အီးစီအဖွဲ့ဝင်အားလုံးအား...

'ဟေ့...ခင်ဗျားတို့ ဘာမှ စိတ်ပူမနေကြနဲ့တော့။ ကျုပ်တို့ကို ကာလီမာနတ် ကယ်လိမ့်မယ်။ ဘေးအန္တရာယ်ဆိုးကြီးမှ လွတ်ပြီ'

ဟု ဆို၍ ညက အိပ်မက်ကို ပြောပြလိုက်ပါသည်။

ထိုအခါမှ စိတ်ဓာတ်ကျ အားငယ်နေကြသော အီးစီအဖွဲ့ဝင်များ စိတ်သက်သာရာရပြီး ရွှင်လန်း အားတက်သွားကြပါသည်။

၁၈-၉-၈၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော် အာဏာအရပ်ရပ်ကို လွှဲပြောင်းယူလိုက်သောကြောင်း အမိန့်ကြော်ငြာထုတ်ပြန်ပြီး နောက်ပိုင်း စာရေးသူ အထူးတင်ပြရန် မလိုတော့ပါ။

အထက်ပါဖြစ်စဉ်ကို ဖတ်ကြည့်လျှင် စာရေးသူ၏ ဘဝခရီးလမ်းတွင် "ဟိန္ဒူနတ်ဘုရား ကာလီမာ"၏ စောင့်ရှောက် ကာကွယ်ပေးမှုများ ရရှိခဲ့သည်မှာ သေချာပါသည်။ ယနေ့တိုင် စာရေးသူသည် ရောက်လေရာဒေသများ၌ ကာလီမာနတ် ဘုရားကျောင်းများသို့ သွားရောက်ပူဇော်မြဲ ဖြစ်ပါသည်။

ဟိန္ဒူလူမျိုးများ ကိုးကွယ်သော ကာလီမာနတ်ဘုရားသည် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရာတွင် ယုံကြည် အားကိုးထိုက်သည်ဟု စာရေးသူ၏ ဘဝတစ်ကွေ့ အတွေ့အကြုံကို တင်ပြလိုက်ရပါကြောင်း...

ချစ်စံဖြိုး



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထိန်လင်း
(အမာမြို့)

တိုး ယခင်ကာလက

# ဘုရားဇာတ်လမ်း

ပါးချသော ရွာကလေး

မိုးရာသီအကုန် ဆောင်းရာသီသို့ စတင် ကူးပြောင်းသည့်ကာလ ပင်လယ်ပိုင်းဒေသ ရေလုပ်သားကြီးများ လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေကြသည်။ ထိုပင်လယ်ရွာလေးသည် အသွားအလာ ခက်ခဲပြီး ရေလမ်းကြောင်းတစ်ခုသာ သွားလာရသဖြင့် သာယာသော ဆောင်းရာသီရောက်မှသာ အနယ်နယ်အရပ်ရပ်မှ ရေလုပ်သားများ၊ သစ်ခုတ်သမားများ စုဝေး ရောက်ရှိလာကြသည်။

**လွန်ခဲ့သည့် နှစ်ပေါင်း(၆၀)ခန့်က ဖြစ်သည်။**

ဂေါ်ဒူရွာ...

ထိုရွာကလေးသည် ယခင် ဘိုကလေးမြို့နယ်တွင် ပါဝင်ပြီး ဘိုကလေးမြို့၏ အောက်ဘက် ကျွန်းညို၊ မိန်းမလှကျွန်း၊ ဒီးဒုတ်ကျွန်း၊ စာခွဲကျွန်း၊ ထိပ်ကြီးကျွန်း ပသီ၊ ကမာဟောက်၊ အမာရွာ၏ အောက်ဘက် ပင်လယ်ကမ်းခြေတွင် တည်ထားသော ရွာငယ်လေးဖြစ်သည်။

ရွာ၏အနောက်ဘက်တွင် ခတ္တာကျွန်း၊ ကတုံးလေးကျွန်းနှင့် သမုဒ္ဒရာပင်လယ်ပြင်ကြီး ရှိသည်။ ထိုရွာရှိ လူများမှာ ငါး၊ ပုစွန်၊ ကဏန်းဖမ်းခြင်း၊ အမဲလိုက်ခြင်း၊ ထင်းခုတ်၊ မီးသွေးဖုတ်၊ သစ်ခုတ်ခြင်းတို့ဖြင့် အသက်မွေးမှု ပြုကြသူများ ဖြစ်သည်။

ထိုရွာကလေး၏ ထူးခြားမှုမှာ မည်သည့်ဘာသာရေး အဆောက်အအုံမှ မရှိခဲ့ပါ။ ထိုရွာကလေးတွင် နေထိုင်ကြသူများသည် နတ်ကိုးကွယ်ကြသူများသာ နေထိုင်ကြသည်။

ဘိုကလေးမြို့မှ ရေလုပ်ငန်း လုပ်ကိုင်ရန် ဂေါ်ဒူရွာကလေးသို့ ကျော်စွာနှင့် အောင်အောင်တို့ သူငယ်ချင်းနှစ်ယောက် ရောက်လာခဲ့လေသည်။

ဂေါ်ဒူရွာတွင် ရေလုပ်ငန်းရှင် ဦးမောင်သည် ပင်လယ် ငါးဖမ်းလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်သည့် လုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ ကျော်စွာနှင့် အောင်အောင်တို့ သူငယ်ချင်းနှစ်ယောက်သည် လုပ်ငန်းရှင်ဦးမောင်ထံတွင် အလုပ်ဝင်ကြသည်။

လုပ်ငန်းရှင် ဦးမောင်မှ...

'မင်းတို့နှစ်ယောက် ပင်လယ်စည်းကမ်းတွေ ဦးလေး ပြောပြမယ်။ မင်းတို့ ဒီမှာနေရင် ပုစွန်၊ ငါး၊ ကဏန်းတွေ မီးဖုတ်မစားရဘူး။ အပေါ့အပါးသွားရင် မတ်တတ်ရပ်ပြီး မသွားရဘူး။ စားဦးစားဖျားကို မ,တင်မြှောက်ဘဲ မစားရဘူး။ ဒါတွေ မှတ်ထားကြ။ မင်းတို့ လူသစ်တွေဆိုတော့ မပြောလို့မဖြစ်ဘူး'


'ဟုတ်ကဲ့ဦးလေး ကျွန်တော်တို့ မှတ်ထားပါမယ်'

'ဒါဆိုလဲ မင်းတို့နှစ်ယောက် မနက်ပင်လယ်ကို ဘောရိုက်ထွက်ဖို့ ကနက်တွေ ထမ်းချထား'

ဟု ပြောလိုက်သည်။

ပင်လယ်ပြင်၌ ကျားပိုက်ထောင်ရန် ဘောဝါး၊ ကနက်၊ အစီကြိုး၊ ခုံများလိုအပ်သည်။ ကျားပိုက်တစ်လုံးလျှင်

www.burmeseclassic.com



ဘော့ဝါးနှစ်လုံး(ကနက်)၊ ရှစ်တောင်ခန့် သစ်နှစ်လုံး၊ (၄)လက်မသံ(၈)ချောင်း၊ အစီကြိုး(ပလတ်စတစ်ကြိုး) (၈) တောင်ခန့် နှစ်ချောင်း လိုအပ်သည်။

နောက်တစ်နေ့ ပင်လယ် ဒီရေကျချိန် အလုပ်ရှင် ဦးမောင်နှင့် ရေလုပ်သားရှစ်ဦးတို့ ဘော့ရိုက်ရန် ဝါး(ကနက်)၊ အစီကြိုး၊ သံနှင့် လက်နက်ကိရိယာများ နှစ်စီးတွဲထားသော လှေပေါ်သို့ တင်ဆောင်ပြီး ပင်လယ်ပြင်သို့ ခတ်တက်များနှင့် ခတ်လာခဲ့သည်။

ကျားပိုက်ထောင်ရန် နေရာသို့ ရောက်သောအခါ ကျောက်ချလိုက်သည်။ ယင်းနောက်(အဆော်တံ) အတောင်သုံးဆယ်ခန့် ချောထားသော သစ်လုံးတွင် ငါးလက်မ သံပိုက်တပ်ထားသည့်(အဆော်တံ) သံပိုက်အတွင်းသို့ ရှစ်တောင်ခန့် ချွန်ထားသော သစ်သားအား အလယ်တွင် ပလတ်စတစ်ကြိုးချည်ပြီး ခိုင်ခံ့ရန် လေးလက်မသံနှင့် ရိုက်၍ ကြိုးတစ်စကို ဝါးအရင်းတွင် အပေါက်ဖောက်ပြီး ချည်နှောင်ရသည်။

ထို့နောက် အဆော်တံကို ပင်လယ်ကြမ်းပြင်သို့ လူအားနှင့် စိုက်ရလေသည်။ ယင်း ကနက်ခိုင်ခံ့ရန် အချက်ပေါင်း သုံး,လေးဆယ်ခန့် ရိုက်ရသည်။ သို့မှသာ ကျားပိုက်ထောင်ရာတွင် ရေစီးနှင့် မျောပါမသွားနိုင်ရန် အားကြိုးမာန်တက် ရေလုပ်သားကြီးများ ပင်ပန်းကြီးစွာ လုပ်ကိုင်ရလေသည်။

ကျားပိုက်ဆယ်လုံးစာ ဘော့ရိုက်ပြီးစီးခဲ့သဖြင့် ဦးမောင်တို့ ရေလုပ်သားကြီးတို့ ဂေါ်ဒူရွာလေးသို့ ပြန်လာခဲ့လေသည်။ ယင်းနောက် ညနေစာ စားသောက်ပြီး ကျော်စွာနှင့် အောင်အောင်တို့ အလုပ်သမားနေထိုင်ရန် ဆောက်ပေးထားသော တဲအိမ်လေးသို့ အနားယူရန် ပြန်လာခဲ့သည်။

မိုးမချုပ်သေးသဖြင့် နှစ်ယောက်သား စကားပြောပြီး ဆေးလိပ်ဖွာနေကြသည်။ အချိန်သည် ကုန်မှန်းမသိ ကုန်သွားခဲ့လေသည်။ ညကိုးနာရီခန့် ရှိသောအခါ...

'ကျော်စွာ... မင်း မအိပ်သေးဘူးလား။ ငါတော့ အိပ်ချင်လာပြီ'

'အိပ်နှင့်ကွာ၊ ငါ ဘုရားရှိခိုးပြီးမှ အိပ်မယ်'

'ဒါဆိုလဲ ငါ အိပ်နှင့်မယ်'

ဟု ပြောကာ အောင်အောင် ခြင်ထောင်ထဲသို့ ဝင်လာခဲ့လေသည်။

ကျော်စွာ ဘုရားရှိခိုးရန် ဘုရားစင်မရှိသဖြင့် အိမ်ဦးခန်းဘက်သို့ လက်အုပ်ချီကာ "ဩကာသ... ဩကာသ... ဩကာသ" ရွတ်ဆိုရုံမျှနှင့် ဖြန်းခနဲ ပါးရိုက်ခံရလေသည်။ ဘေးပတ်ဝန်းကျင်သို့ လှည့်ကြည့်သောအခါ မည်သူ့ကိုမှ မတွေ့ရချေ။

ထို့နောက် ဘုရားဝတ်ပြုပြီး "ဩကာသ...ဩကာသ... ဩကာသ" ဖြန်းခနဲ ပါးတစ်ဖက် ထပ်ရိုက်ခံရသဖြင့် ဘုရားမရှိခိုးရဲတော့ဘဲ အောင်အောင် အိပ်နေသော ခြင်ထောင်အတွင်းသို့ အမြန်ဝင်လိုက်ပြီး ကြောက်စိတ်များ မပြေဘဲ ဖြစ်နေမိသည်။

"ငါ ဘုရားရှိခိုးတာ မကြိုက်လို့ ပါးရိုက်ခံရတာများလား" ဟု စဉ်းစားနေမိသည်။ သန်းခေါင်ချိန်လောက် ရောက်သောအခါ တောခွေးအူသံကြောင့် ကျော်စွာနှင့် အောင်အောင်တို့ လန့်နိုးလာခဲ့သည်။ ထို့နောက် တဲပြင်ထွက်ကာ အပေါ့အပါးသွားပြီး ပြန်အိပ်ရန် ခြင်ထောင်ထဲသို့ ဝင်ခဲ့သည်။

အိပ်ပျော်ခါနီး ခြေသံကြားသဖြင့် နားစွင့်နေမိသည်။

'မင်းတို့လူသစ်တွေ သတိထား... ဒီရွာမှာ ဘုရားမရှိခိုးရဘူး။ ဘုရားတ,ရင် ပါးရိုက်ခံရမယ်'

ဟု အသံနက်ကြီးနှင့် ပြောသံကြားလိုက်ရသဖြင့် နှစ်ယောက်သား ကျောချမ်းကာ ကြောက်ရွံ့နေမိတော့သည်။

နံနက်မိုးလင်းသောအခါ အလုပ်ရှင် ဦးမောင်မှ...

'ကျော်စွာနဲ့ အောင်အောင်ရေ... ထမင်းကြမ်း အဆာပြေ စားရအောင်ဟေ့'

ဟု လှမ်းခေါ်သံ ကြားလိုက်ရသဖြင့် ကျော်စွာနှင့် အောင်အောင် အလုပ်ရှင် ဦးမောင်အိမ်သို့ ထွက်ခဲ့သည်။

'လာဟေ့ ကျော်စွာနဲ့ အောင်အောင် ပဲပြုတ်နဲ့ ထမင်းနယ်ထားတယ်။ စားကြ'

ဟု ပြောကာ တစ်ယောက် တစ်ပန်းကန်ပေးပြီး...

'ရေနွေးကြမ်းလဲ သောက်ကြ'

'ဟုတ်ကဲ့ ဦးလေး'





www.burmeseclassic.com

www.burmeseclassic.com

ဟု ဖြေလိုက်သည်။ နှစ်ဦးသား စားသောက်ပြီး...

'ဦးလေးကို မေးစရာရှိလို့'

'ဘာလဲ မေးကွာ'

'ကျွန်တော် ညက ဘုရားရှိခိုးတာ ပါးချခံရလို့ ဦးလေး'

'အေးကွာ...မနေ့က ငါပြောရမယ့် စည်းကမ်းထဲမှာ ထည့်မပြောမိလို့ မင်းတို့ခံရတာဟာ စိတ်မကောင်းပါဘူးကွာ။ ဦးလေးလဲ ဗုဒ္ဓဘာသာဝင်တစ်ဦးပါ။ ဦးလေးတို့ အမာရွာကနေ ဒီကိုပြောင်းလာပြီး ရေလုပ်ငန်းလုပ်ကတည်းက ဘုရားစင်လဲ မရှိ၊ ဘုရားလဲ မရှိခိုးရတာ လေး,ငါးနှစ်ရှိပါပြီ။

ဒီရွာမှာက မမြင်ရတဲ့ ပရလောကသား အစိမ်းသရဲ၊ တစ္ဆေတွေ၊ ပြိတ္တာတွေ နေထိုင်ပြီး ဘုရားအလုပ် မလုပ်နိုင်အောင် နှောင့်ယှက်ကြတယ်။ ဒီရွာမှာ ရေလုပ်ငန်းအဆင်ပြေလို့သာ နေထိုင် နေ,နေရတာ။

အခုနေ ဦးလေးတို့ သေသွားရင်လဲ အစိမ်းသရဲ တစ်ပွဲစားဖြစ်ဖို့ များတယ်။ သူများအသက်ပေါင်းများစွာ သတ်ပြီး ကိုယ့်ဝမ်းရေး ဖြည့်နေရတာ ဘာကောင်းမှုမှလဲ လုပ်လို့မရလို့ ဦးလေးလဲ စိတ်မာတ်ကျနေရတာ၊ မနက်ဖြန်ကျားပိုက်မထောင်ခင် ညနေကျရင် (ရေတိုးပေး) အစိမ်းသရဲတွေ ကျွေးရင် မင်းတို့ တွေ့ရမှာပေါ့ကွာ'

ထိုနေ့ ညနေ နေဝင်ချိန် ဦးမောင်၏ ငါးရွေးရန်ဆောက်ထားသော ရေစင်ပေါ်တွင် ထမင်းစား စားပွဲကြီး သုံးလုံးခန့် ချထားပြီး ထမင်းဦးပေါင်း ပန်းကန်၊ ကြက်သားဟင်း၊ တောအရက်ပုလင်းများ၊ စီးကရက်၊ ဆေးပြင်းလိပ်၊ လက်ဖက်၊ ကွမ်းယာများလည်း ထည့်ရသည်။

ရေတိုးပေးရန် ပြင်ဆင်ပြီး အလုပ်ရှင် ဦးမောင်မှ အသံကျယ်ကျယ်နှင့် ပင့်ဖိတ်လိုက်သည်။

'အဘိုး...အဘိုး...အဘိုး... ရေလုပ်ငန်းရှင် မိသားစုမှ ထမင်းဦးပေါင်း ပန်းကန်၊ ကြက်သားဟင်း၊ အရက်၊ စီးကရက်၊ ကွမ်းယာ၊ လက်ဖက် စုံလင်စွာ ဒါနပြုပါသည် ကြွရောက်သုံးဆောင်ပါ'

ဟု သုံးကြိမ် ပင့်ဖိတ်လိုက်ပြီး ရွှေကရင်မောင်နှမ၊ ရေကြောင်းမိုလ်၊ အန်ထော်နီ၊ တန်းပိုင်၊ သောင်ပိုင် အမေကြီး၊ အမည်မသိ တစ်ပွဲစားများအား အစဉ်လိုက် တင်မြှောက်ပသနေသည်ကို အောင်အောင်နှင့် ကျော်စွာတို့ အံ့သြစွာကြည့်နေရင်း စိတ်ထဲမှ ဘုရားတ,ကာ **"ငါတို့လဲ ခုနေသေသွားရင် အစိမ်းသရဲဖြစ်မှာပဲ"** ဟု တွေးမိရင်း ကြောက်ရွံ့ ထိတ်လန့်နေတော့သည်။

**ဝန်ခံချက်။ ။ လွန်ခဲ့သော နှစ်ပေါင်း(၆၀)ခန့်က ဂေါ်ဒူရွာလေးတွင် နေထိုင်သော စာရေးသူ၏ ဘကြီး ပြောပြခဲ့သော ဖြစ်ရပ်အား ဇာတ်လမ်းသဖွယ် ရေးသားထားပါသည်။**

**ယခုအခါ ဂေါ်ဒူရွာလေးသည် ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲ၊ ဘဝသစ်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး ဘုရား၊ ကျောင်း၊ စေတီပုထိုး၊ စာသင်ကျောင်း၊ ဆေးခန်းများနှင့် စည်ပင်ဝပြောနေပြီး ရေလုပ်ငန်း၊ ပုစွန်ကန်များနှင့် အစုအဖွဲ့ပိုင် ဒီရေတောစိုက်ခင်းများဖြင့် အစဉ် စိမ်းလန်းစိုပြည်လျက်ရှိပါသည်။**

***ဆရာသမားအပေါင်းအား အစဉ် ဦးခိုက်လျက်...***

ကျော်ထိန်လင်း *(အမာမြို့)*


စာမူရှင်များသို့...

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

လေးစားစွာဖြင့်...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း


BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ဗျောဓုဟန်
(ပြွန်တန်ဆာ)

ပရလောကသား

# ဥစ္စာစောင့်ကို

မြင်ဖူးခဲ့သော်လည်း



ကျွန်မတို့ ငယ်စဉ်ဘဝက အဘွားဏ် အိပ်ရာဝင် ပုံပြင်ကလေးများကို သဘောကျ နှစ်ခြိုက်ခဲ့ပါသည်။ အဘွားသည် ကျွန်မတို့ မြေးတစ်စုအား ပုံပြင်လေးများအပြင် ပရလောကသား အကြောင်း၊ ဥစ္စာစောင့်အကြောင်း တကယ့်ဖြစ်ရပ်မှန်များကို ပြောပြခဲ့ပါ သည်။ ပရလောကသား သရဲတစ္ဆေ အကြောင်း နားထောင်ပြီးသောအခါ နေစရာမရှိလောက်အောင် ကြောက် နေတတ်ကြပါသည်။ ဥစ္စာစောင့် အကြောင်း ပြောသောအခါ ဥစ္စာစောင့်မ များ မည်ကဲ့သို့ ချောလှကြောင်း၊ ရွှေများ ညွတ်နေအောင် ဝတ်ဆင်ထားတတ် ကြောင်း၊ သာယာသော အသံများဖြင့် သီချင်းဆိုတတ်ကြောင်း ကြားသိရသ ဖြင့် ဥစ္စာစောင့်များကိုတော့ မကြော သည့်အပြင် မြင်ကို မြင်ဖူးချင်မိ သည်။ ဥစ္စာစောင့်များက လိပ်ပြာနှ သွားလျှင် သေတတ်သည် ပြောမှ ကြောက်သွားကြပါသည်။

တစ်ခါက ကျွန်မ လူလားမြောက် အရွယ်တွင် ပဲခူး၌နေသော ကျွ အဘိုးလေး၏ ဘုန်းကြီးကျောင်း သွားကန်တော့ကြပါသည်။ အဘိုးလေ



www.burmeseclassic.com

www.burmeseclassic.com

မှာ ဝိဇ္ဇာလမ်း လိုက်စားနေသော ရသေ့တစ်ပါး ဖြစ်ပါသည်။ ထိုကျောင်းတွင် အလွန် ချောမောလှပသော (၇)နှစ်၊ (၈)နှစ်အရွယ် မိန်းကလေး တစ်ယောက်၏ ဓာတ်ပုံကို တွေ့ရပါသည်။

ထိုမိန်းကလေးသည် ဂျပန်ဆံတောက် (ထိုခေတ်က ခေတ်စားသော ဆံပင်ပုံ)ဖြင့် ဂါဝန် ဝတ်ထားပြီး ရွှေနားကွင်း၊ ရွှေဆွဲကြိုး၊ ဆွဲပြားမှာ ဒေါ်လာပြားနှင့် ရွှေလက်ကောက် တစ်ဖက် (၅)ကွင်း, (၆)ကွင်းခန့် ဝတ်ဆင်ထားပါသည်။ သူကလေး၏ ချောပုံလှပုံကို သဘောကျသဖြင့် ကျွန်မက အဘိုးလေးအား...

'အဘိုးလေး ဒါ ဘယ်သူ့ပုံလဲ'

ဟု မေးပါသည်။ ထိုအခါ အဘိုးလေးမှ...

'အဲဒါ အဘိုးလေးရဲ့ မွေးစားသမီးပေါ့။ ဒါပေမယ့် သူက တို့လို လူ မဟုတ်ဘူး။ ဥစ္စာစောင့်ကွယ့်'

ဟု ပြောပါသည်။ ထိုအခါ ကျွန်မက...

'အဘိုးလေးက ဥစ္စာစောင့်ကို ဘယ်လိုမွေးစားတာလဲ'

ဟု မေးလျှင် အဘိုးလေးမှ...

'သူက အဘိုးလေးတို့နဲ့ ပဌာန်းဆက်တွေလေ၊ ပြန်တွေ့ကြတာတော့ လေး, ငါးနှစ်ရှိပြီ၊ သူ့ရဲ့သိုက်က ဟင်္သာကုန်းမှာ၊ အဘိုးလေးတို့ကျောင်းမှာ အလှူရှိရင် အိုးခွက်ပန်းကန်တွေ လာဆေးပေးတယ်။ ဈေးဝယ်ခိုင်းလဲ ရတယ်။ ဈေးဝယ်လို့ ပြန်လာရင် အဘိုးလေးဖို့ မုန့်တွေဘာတွေတောင် ဝယ်ခဲ့သေးတယ်'

ဟု ပြောသောအခါ ကျွန်မက...

'အဲဒီကောင်မလေးကို မြင်ဖူးချင်တယ် အဘိုးလေးရယ်'

ဟု ပြောပါသည်။



ထိုအခါ အဘိုးလေးက မြင်ဖူးချင်သော်လည်း ကျွန်မတို့လို သာမန်လူများ မမြင်နိုင်ကြောင်း၊ ထိုကျောင်းသို့ လူများစွာ ဝင်ထွက် သွားလာနေကြသော်လည်း မည်သူမျှ မမြင်ဖူးကြောင်း၊ သူနှင့် ပဌာန်းဆက်ရှိသော အဘိုးလေး တစ်ယောက်ကိုသာ ကိုယ်ထင်ရှား ပြတတ်ကြောင်း ပြောပါသည်။

မည်သို့ပင်ဆိုစေကာမူ ကျွန်မသည် ထို ဥစ္စာစောင့်မလေးအား အလွန်ပင် စိတ်ဝင်စားသွားခဲ့ပါသည်။

မှတ်မှတ်ရရ ဆိုရလျှင် **၁၉၈၇ ခုနှစ်၊ မတ်လ**ကုန်ပိုင်း၏ နေ့တစ်နေ့တွင် ကျွန်မတို့လူစုသည် ဒိုက်ဦးမြို့နယ်၊ နဘဲဘုရား ကျေးရွာအနီးရှိ ရှေးဟောင်း ဘုရားပျက်ကြီးတစ်ဆူကို ပြုပြင် လုပ်အားပေးခဲ့ကြစဉ်က ကြုံလိုက်ရသော အဖြစ်အပျက်ကို ယနေ့တိုင် မမေ့မရနိုင်တော့ပါ။

ဘုရားကို ဦးဆောင်ပြုပြင်သော ဘုရားဒကာ၏ဇနီးနှင့် ကျွန်မတို့ရွာမှ ရွာသူလေးများ၊ အခြား ရွာနီးချုပ်စပ်မှ ရွာသူလေးများသည် ဘုရားအနီးရှိ အုတ်ရေတွင်းကြီးမှ ရေကို တုံကင်ပိုက်ချ၍ တပင်တပန်း ငင်ယူပြီးသောရေကို ပန်းရန်ဆရာတို့ အင်္ဂတေစပ်ရန် သယ်ယူပေးနေရပါသည်။

ကျွန်မတို့ မောပန်းသဖြင့် နားနေကြစဉ် လယ်ကွင်းဘက်ဆီမှ လယ်သူမ အသွင်ဖြင့် အမျိုးသမီးနှစ်ဦး ဘုရားကုန်းဆီသို့ လျှောက်လာကြပါသည်။

သူတို့သည် ရှပ်လက်ရှည် ခပ်နွမ်းနွမ်း၊ လုံချည် ခပ်နွမ်းနွမ်းများကို ဝတ်ဆင်ထားပါသည်။ ဘုရားကုန်းသို့ ရောက်သောအခါ တစ်ယောက်က...

'ရေနည်းနည်း ယူဦးမယ်နော် ပန်းဆေးချင်လို့'

ဟု ပြောပြီး ကျွန်မတို့ ခပ်ထားသော ရေများဖြင့် ရွက်လှပန်းများကို ဆေးကြပါသည်။ ထိုသို့ ဆေးနေစဉ် ကျွန်မတို့ အဖွဲ့ထဲမှ ရွာသူတစ်ဦးက...

'သူများခပ်ထားတဲ့ ရေတွေကိုများ သူတို့က အဆင် သင့်နေလိုက်ကျတာ'

ဟု ပြောသဖြင့် အခြားတစ်ယောက်မှ...

'ပန်းဆေးတာပဲကွယ် သည်းခံလိုက်ပါ'

ဟု ဝင်ပြောလိုက်ရပါသေးသည်။

မကြာမီလေးမှာပင် ထိုနှစ်ယောက် ဘုရားပေါ် တက်သွားကြပါသည်။ ကျွန်မ၏ သူငယ်ချင်းတစ်ယောက်မှာ ဘုရားပေါ်တွင် သူ၏ခမောက် ကျန်ခဲ့သည်ဟု ပြောပြီး တက်သွားပါသည်။ ဘုရားပေါ်တက်သွားသော သူငယ်ချင်းသည် ချက်ချင်းဆိုသလို ခမောက်ကိုင်၍ ပြန်ဆင်းလာပြီး ကျွန်မတို့အား...

'ဟဲ့ ဘုရားပေါ်ရောက်သွားတော့ ခုန တက်သွားတဲ့ မိန်းမနှစ်ယောက် မတွေ့တော့ဘူးဟ။ ဘယ်လိုလုပ် ပြန်ဆင်းသွားလဲ မသိဘူး'

ဟု ပြောသောအခါ ကျွန်မတို့အား

 (စာမျက်နှာ (၃၀၄) သို့)

www.burmeseclassic.com



သိုသစ်ဦး
(မာန်အောင်)

# ရေသူမတိုင်းပြည်သို့

## အလည်တစ်ခေါက် ရောက်ရှိခဲ့သူတစ်ဦးအကြောင်း

ယခု စာရေးသူ ရေးသားတင်ပြမည့် ဖြစ်ရပ်မှန် ရေသူမဇာတ်လမ်းက ရခိုင်ပြည်နယ်၊ ရမ်းဗြဲကျွန်း၏ ပင်လယ်ကမ်းခြေတစ်နေရာမှာ ဖြစ်ပျက်ခဲ့သော တကယ့်ဖြစ်ရပ်မှန် အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က ရခိုင်ကမ်းရိုးတမ်းမှာ "မာလာ"မုန်တိုင်း တိုက်ခတ်ပြီး (၃)ရက် မြောက်သည့် နေ့မှာ ရမ်းဗြဲကျွန်း၏ ပင်လယ် ကမ်းစပ်၌ မုန်တိုင်းမိ ရေကြီးရာမှ ကမ်းပေါ် တွင် တင်ကျန်ခဲ့ပြီး သတိလစ် မေ့မြော သွားကာ ရေကျသွား၍ ပင်လယ်ထဲသို့ ပြန် မဆင်းနိုင်တော့ဘဲ သေ ဆုံးသွားသည့် ရေသူမ တစ်ကောင်ကို ဒေသခံ ပြည်သူများ တွေ့ရှိခဲ့ပါ သည်။

ထိုရေသူမ၏ ခန္ဓာ ကိုယ်အပေါ်ပိုင်းမှာ လူ မိန်းမ တစ်ယောက်၏ ခန္ဓာကိုယ်နှင့် တစ်ထပ် တည်း တူနေပြီး ဆံပင် ကအစ နား၊ နားခေါင်း မျက်လုံး၊ ပါးစပ်၊ သွား နှင့် ရင်သားမှအစ လူ မိန်းမ တစ်ယောက်၏ ခန္ဓာကိုယ်နှင့် တစ်ပုံစံ တည်း တူနေသည်ဟု သိရှိရပါသည်။

မျက်နှာ၏ အသွင်အပြင်လည်း လူသားမိန်းမတစ်ဦး၏ မျက်နှာအတိုင်း တစ်ပုံစံတည်း တူနေသည်ဟု ဆိုပါ သည်။ ထိုရေသူမ၏ အောက်ပိုင်းမှာ ငါးတစ်ကောင်၏ အမြီးဖျားနှင့် တူနေ သည်ဟုလည်း ဆိုပါသည်။

ရမ်းဗြဲကျွန်းမှ ဒေသခံပြည်သူတွေ ပြောဆိုကြသည်မှာ ဘင်္ဂလားပင်လယ် အော်ထဲသို့ထွက်ပြီး ငါးဖမ်းကြသည့် တစ်ခါတစ်ရံမှာ လူတွေ အရောက် အပေါက်နည်းသည့် ပင်လယ်ရေပြင်

www.burmeseclassic.com



ရေလယ်ကျွန်းစုတွေ၏ ကမ်းစပ်တွေမှာ လူလိုလို၊ ငါးလိုလို အကောင်မျိုးတွေကို အုပ်စုလိုက် တေးဆိုပျော်ပါးဆော့ကစားနေကြသည်ကို အဝေးကနေ ကြားရပြီး မှုန်ဝါးဝါး မသဲမကွဲလှမ်းမြင်နေရသည်ဟု ဆိုပါသည်။

အထူးသဖြင့် လပြည့်နေ့ညတွေမှာ သူတို့၏ သီချင်းဆိုသံတွေ၊ မြူးထူးပျော်ပါး ဆော့ကစားနေကြတာတွေကို ထင်ထင်ရှားရှား ကြားရ မြင်ရတတ်ပါသည်။

တံငါသည်အုပ်စုထဲမှာ ပြီးခဲ့သည့်နှစ်က ပင်လယ်ထဲသို့ တစ်ယောက်တည်း ငါးဖမ်းထွက်သွားသည့် ရေမုဆိုးဟု ဆိုရလောက်အောင် ရေလုပ်ငန်းနှင့် ပတ်သက်၍ အလွန် ကျွမ်းကျင်လိမ္မာသည့် **စံကျော်အောင်**ဆိုသည့် ရေလုပ်သားတစ်ဦး ပြောပြခဲ့ဖူးသည့် သူ၏ ကိုယ်တွေ့အဖြစ်အပျက်တွေကို သိရှိခဲ့ရသည်ဟု ဆိုပါသည်။

တစ်နေ့မှာ စံကျော်အောင် တစ်ယောက် လှေတစ်စီးဖြင့် ပင်လယ်ထဲသို့ ငါးဖမ်းထွက်လာခဲ့ပြီး (၃)နာရီခန့် အကြာမှာ ကမ်းမမြင်၊ လမ်းမမြင် ဘင်္ဂလားပင်လယ်အော်ထဲသို့ ရောက်ရှိသွားပြီး အခြေအနေအရပ်ရပ်ကို သတိထား သုံးသပ်ကြည့်လိုက်သောအခါမှာ မိုးကောင်းကင်တစ်ခုလုံး နီရဲအုံ့မှိုင်း ညိုမှောင်လာပြီး ချက်ချင်းဆိုသလို မိုးသက်လေပြင်းများ တိုက်ခတ်လာပြီး လှိုင်းလေတွေလည်း အလွန်ကြမ်းလာသည်ကို စံကျော်အောင် သတိပြုမိလိုက်လေသည်။

လှေကလေးမှာလည်း ပင်လယ်လှိုင်းလုံးကြီးတွေနှင့်အတူ မျောလွင့်ပါသွားလေတော့သည်။ စံကျော်အောင်လည်း သတိလစ် မေ့မြောသွားပြီးနောက် သူ သတိရ၍ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သည့်အခါမှာ သူ တစ်ခါမှ မရောက်ဘူးသော ပင်လယ်ထဲက ကျွန်းတစ်ကျွန်း၏ ကမ်းစပ်ပေါ်မှာ ရောက်ရှိနေသည်ကို သတိထားမိလိုက်လေသည်။

ထို့နောက် လှိုင်းဒဏ်လေဒဏ်များနှင့် ဆာလောင်မွတ်သိပ်မှု၏ ဒဏ်ချက်များကြောင့် ပြန်လည်၍ သတိလစ်မေ့မြောသွားလေသည်။ အချိန်မည်မျှကြာသွားသည်မသိ သူ၏ နားထဲမှာ ဝိုးတဝါးလူသံလိုလို ပြောဆိုနေကြသော စကားပြောသံတွေကို စံကျော်အောင်၏ နားထဲမှာ ပီပီပြင်ပြင်ကြားလိုက်ရသည်။

စကားပြောသံတွေကြောင့် စံကျော်အောင်တစ်ယောက် မျက်လုံးကို ဖွင့်ပြီးကြည့်လိုက်သည့်အခါ သူ့ကို ဝိုင်းအုံပြီးကြည့်နေသည့် လူလိုလို ငါးလိုလို သတ္တဝါတွေကို တွေ့မြင်လိုက်ရလေသည်။

သူတို့၏ ခန္ဓာကိုယ်အောက်ပိုင်းက ငါးကိုယ်လုံးနှင့်တူနေပြီး အပေါ်ပိုင်းက လူသား မိန်းမတစ်ယောက်၏ ခန္ဓာကိုယ်နှင့် တူနေသည်ကို တွေ့မြင်လိုက်ရသောအခါမှာ စံကျော်အောင် တစ်ယောက် အလွန် အံ့သြသွားလေတော့သည်။ သူတို့အထဲမှ ခေါင်းဆောင်ဟု ထင်ရသော အကြီးဆုံး ရေသူမမှ "**ဪ အမောင်လူသားသတိရပြီလား**"ဟု ရေသူမကြီးက ညင်သာစူးရှသောအသံဖြင့် သူ့အား မေးလာသောအခါ စံကျော်အောင်လည်း အလိုက်သင့် ခေါင်းညိတ်မိလိုက်လေသည်။

'ကျွန်မတို့ရဲ့ ရေသူမတိုင်းပြည်သို့ အလည်တစ်ခေါက်လောက် လိုက်ခဲ့ပါလား အမောင် လိုက်မယ်ဆိုရင် အခုပဲ သွားကြရအောင်နော်'

ရေသူမကြီးမှ ထိုသို့ ပြောသောအခါ စံကျော်အောင်တစ်ယောက် အလိုလို ခေါင်းညိတ်မိလိုက်လေသည်။

ထို့နောက် ရေသူမနှစ်ကောင်က စံကျော်အောင်၏ လက်နှစ်ဖက်ကို တစ်ဖက်စီ ဆွဲကိုင်ပြီး ပင်လယ်ပြင်၏ အောက်ခြေ၌ရှိသော သူတို့၏ ရေသူမတိုင်းပြည်ဆီသို့ ခေါ်ဆောင်သွားလေတော့သည်။

ထူးခြားသည်မှာ စံကျော်အောင် တစ်ယောက် ရေအောက်ကြမ်းပြင်တစ်လျှောက် ရေသူမတိုင်းပြည်သို့ ရောက်သည့်အချိန်အထိ အသက်ရှူမရတာ ရေမွန်းတာမျိုး လုံးဝမခံစားရဘဲ အလွယ်တကူ ရေသူမတွေ ခေါ်ရာနောက်သို့ လိုက်ပါသွားနိုင်ခဲ့လေသည်။

အချိန်(၁)နာရီလောက် ကြာသောအခါ အလွန် ထူးခြားဆန်းကြယ်သော ရေသူမတွေနေသည့် ရေအောက်ကျောက်ဂူကြီးကို တွေ့မြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အလင်းမရှိဘဲ သဘာဝအတိုင်း လင်းထိန်နေသော ရောမ သလင်းကျောက်တုံးကြီးတွေ ရေသူမတွေ တက်ပြီး ထိုင်နိုင်လောက်တဲ့ ရွှေရောင်၊ ငွေရောင်၊ ပန်းနုရောင် တောက်ပနေသော လင်းလိုက်မှိန်လိုက် ဖြစ်နေသည့် မှန်သားလို ကြည်လင်နေပြီး အုန်းသီးလုံး အရွယ်ခန့်ရှိသော ပုလဲလုံးကြီးတွေကိုလည်း မြင်တွေ့လိုက်ရလေသည်။

သေသေချာချာ ကြည့်လိုက်သောအခါ အပြင်က ရေသူမတွေနှင့် တစ်ပုံစံတည်းတူနေသော ရေသူမပေါက်စလေးတွေကို တွေ့မြင်လိုက်ရလေသည်။ ထိုအရာအားလုံးမှာ ရေသူမတွေ၏ မူလ ရှင်သန်ပေါက်ဖွားသည့် ပုလဲလုံးကြီးတွေ ဖြစ်သည်ဟု ရေသူမကြီးမှ ပြောပြလေသည်။

စံကျော်အောင်လည်း ရေသူမတိုင်းပြည်တွင် (၁)ရက်ခန့်နေပြီးနောက် မိမိနေထိုင်ရာဖြစ်သော လူ့ပြည်သို့ ပြန်ချင်ပြီဖြစ်ကြောင်း ရေသူမကြီးအား ပြောပြသည့်အခါ ရေသူမတွေက စံကျော်အောင်၏ လက်နှစ်ဖက်ကို တစ်ဖက်စီ ဆွဲကိုင်လိုက်ပြီး ပင်လယ်ရေမျက်နှာပြင်အပေါ်မှ ကူးခပ်၍ ကျွန်းတစ်ကျွန်း၏ ကမ်းစပ်တစ်ခုသို့ ရောက်သောအခါ ရေသူများက စံကျော်အောင်ကို လွှတ်ပေးလိုက်ပြီး ဝမ်းနည်းစွာဖြင့် နှုတ်ဆက် ပြောဆိုလေရာ စံကျော်အောင်လည်း ဝမ်းနည်းဆို့နင့်စွာဖြင့် ခေါင်းကို အသာညိတ်ပြလိုက်လေသည်။

'ဒီကျွန်းပေါ် နေခဲ့ပေတော့ အမောင်။ ကံမကုန်ရင် ပြန်ဆုံရသေးတာပေါ့။ အမောင်နောက်ထပ်တစ်ခေါက် လာချင်သေးတယ်ဆိုရင် လပြည့်နေ့ညတွေမှာ ကျွန်မတို့ ဒီကျွန်းပေါ်က အမောင့်ကို စောင့်မျှော်နေမယ်။ အမောင်သာ ဆက်ဆက်လာခဲ့ပါ။ သွားပြီး အမောင်'

ရေသူမများ နှုတ်ဆက်ပြန်သွားပြီးနောက် စံကျော်အောင် တစ်ယောက် ထိုကျွန်းပေါ်၌ တစ်ည နေထိုင်ပြီးနောက်တစ်နေ့နံနက်တွင် ကမ်းစပ်နား သို့ ဆိုက်ကပ်လာသော ငါးဖမ်းစက်လှေ တစ်စီးအား လှမ်းခေါ်၍ အကူအညီ တောင်းကာ ရွာသို့ပြန်ခဲ့လေသည်။

စံကျော်အောင်တစ်ယောက် ရွာသို့ ပြန်လည်ရောက်ရှိပြီး ရွာသူရွာသားများကို သူကြုံတွေ့ခဲ့သော ဖြစ်ရပ်များ အား ပြောပြသောအခါ ဘယ်သူတစ်ဦး တစ်ယောက်မျှ သူ့စကားကို အယုံ အကြည် မရှိကြ။

မည်သို့ဆိုစေကာမူ ထိုဖြစ်ရပ်ဆန်းကြယ်မှုသည် စံကျော်အောင်၏ ဘဝ တစ်သက်တာတွင် ဘယ်သောအခါမှ မေ့ပျောက်၍ မရနိုင်သော ထူးခြား ဆန်းကြယ် ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါ တော့သည်။

***ပြန်လည် ဆုံတွေ့နိုင်ကြပါစေ။***

**ညိုသစ်ဦး *(မာန်အောင်)***

BURMESE CLASSIC .com

စာမျက်နှာ (၃၀၁)မှ အဆက်

လုံး "ဟုတ်ရဲ့လား" ဟု ပြိုင်တူ မေးမိကြပါသည်။ ဘုရားဒကာကြီး၏ ဖနီးမှ...

'ဟဲ့... ဟိုဘက်၊ ဒီဘက် ကြည့်ကြပါဦး'

ဟု ပြောသောအခါ ကျွန်မတို့မှာ လေးဖက်လေးတန် ကြည့်ကြပါသည်။

ဘုရား၏ လေးဖက်လေးတန် ကွင်းပြင်ကျယ်အလယ်တွင် ထိုအမျိုးသမီးနှစ်ယောက် မဆိုထားနှင့် လူဟူ၍ပင် ထင်ရလောက်စရာ ဘာမျှ မတွေ့ရပါ။ အနီးရှိ ခရမ်းခင်း၊ ငရုတ်ခင်း၊ ပြောင်းခင်းများမှ အလုပ်သမားများ သိမ်းသွားကြပေပြီ။ ထိုအခါမှ ရွာသူတစ်ယောက်က...

'ဟော့... အဲဒီမိန်းမတွေဟာ လူ မဟုတ်ဘူး။ ဒီဘုရားရဲ့ ဥစ္စာစောင့်တွေ ဖြစ်မယ်။ သူတို့က တို့နဲ့ ရေစက်ဆုံချင်လို့ တို့ဆီက ရေလာတောင်းပြီး ပန်းဆေးတာ ဖြစ်မယ်'

ဟု ပြောသောအခါမှ ကျွန်မတို့ လူစုမှာ အံ့အားသင့်သွားကြပါသည်။

အားလုံးကလည်း "ဟုတ်လိမ့်မယ်၊ ဒီနားမှာ ဒီမိန်းမတွေကို တစ်ခါမှ မတွေ့ဖူးဘူး" ဟု ပြောကြပါသည်။ ကျွန်မ ထင်ထားသည်မှာ ဥစ္စာစောင့်တို့သည် နန်းဝတ်နန်းစားများဖြင့်သာ ကိုယ်ထင်ရှားပြတတ်သည်။ ချောမောလှပမည်၊ ရွှေတွေသီးနေအောင် ဝတ်ထားမည်ဟု ယခုတော့ ရုပ်ရည်များမှာ ရွက်ကြမ်းရေကျိုသာဖြစ်ပြီး အဝတ် နွမ်းနွမ်းများဖြင့် လယ်သူများအသွင် ဆောင်ထားပါသည်။

သူတို့အား ဥစ္စာစောင့်မှန်း မသိစေချင်သော သဘောရှိပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ဥစ္စာစောင့်ကို မြင်ဖူးချင်သော ကျွန်မ မြင်ဖူးလိုက်ရပါပြီ။ မြင်ဖူးသော်လည်း ဥစ္စာစောင့်မှန်း လုံးဝ မသိလိုက်ပါ။ မသိသော်ငြားလည်း နောင်တစ်ချိန်ကျွန်မ အသွားအရွယ်သို့ ရောက်သောအခါ ဥစ္စာစောင့်ကို အသွား တွေ့ဖူးတယ်ဟု ကျွန်မ၏ မြေးများအား ပြန်လည် ဖောက် သည်ချ နိုင်တော့မည်ဟု အောက်မေ့မိတာတော့ အမှန်ပ ဖြစ်ပါတော့သည်။

**ချောစုဟန်(မြန်တန်ဆာ)**



www.burmeseclassic.com

www.burmeseclassic.com

## အပြီးအစီးကောင်းသူတစ်ဦးကြောင့် ငြိမ်းချမ်းသွားသော ဘဝပိုင်ရှင်တစ်ဦး၏ ဖြစ်ရပ်ဆန်း

### အမှားပြင်ဆင်ချက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၂၈)တွင် စာမျက်နှာ (၂၇၈)၌ ပါဝင်ရမည်ဖြစ်သော **စာရေးဆရာ မင်းကောင်းပုံ၏ "အပြီးအစီးကောင်းသူတစ်ဦးကြောင့် ငြိမ်းချမ်းသွားသော ဘဝပိုင်ရှင်တစ်ဦး၏ ဖြစ်ရပ်ဆန်း"** ဝတ္ထုတွင် ဇာတ်သိမ်းပိုင်း ဖော်ပြရမည့် စာ(၂၇၈)တွင် ကွန်ပျူတာ၏ ချို့ယွင်းမှုကြောင့် စာ(၂၇၇)စာမျက်နှာ ထပ်ပါသွားပါသည်။ သို့ဖြစ်၍ ဤစာမျက်နှာ(၂၇၈) ဇာတ်သိမ်းပိုင်းကို ဖော်ပြလိုက်ပါသည်။ ဤဖြစ်ရပ်အတွက် စာဖတ်ပရိသတ်များနှင့်အတူ စာရေးသူတို့ စိတ်ကသိကအောက် ဖြစ်ရသည့်အတွက် တောင်းပန်အပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
***စာတည်းချုပ်***
***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***

ထို့နောက် ရဲတပ်ဖွဲ့၏ စစ်ဆေးဖော် ထုတ်ချက်အရ သိရသည်မှာ ငတေ ဖျက်ဆီး၍ ဘဝပျက်ရသူ မိန်းကလေးများ၏ သွေးသားရင်းချာများနှင့် အခြား ရန်ငြိုးရန်စရှိသူ ခုနစ်ဦး စုမိပြီး ငတေကို ဝိုင်းသတ်ခဲ့ကြခြင်း ဖြစ်သည်။

ငတေအား ပြည့်တန်ဆာမ တစ်ယောက်နှင့် မျှားခေါ်ထုတ်ခဲ့ပြီး လူရှင်းသော နေရာရောက်မှ ဝိုင်းချုပ်၍ ကြိုးနှင့်တုပ်ကာ ဝိုင်းဝန်း သတ်ဖြတ်ကြသည်။

ထိုအခါ ငတေ၏ ပျောက်ကွယ်နေသော ဆေးစွမ်းများ အနည်းငယ် ပြန်လည် ထကြွလာပြီး ကြိုးပြေကာ ပြန်လည် ခုခံသဖြင့် တစ်ယောက် တစ်လက် ဝိုင်းဝန်း ရိုက်နှက်ကြရာ ငတေ တစ်ကိုယ်လုံး စိစိညက်ညက် ကြေလောက်တော့သည်။



တစ်ယောက်က ငတေ့ခေါင်းကို ပဲခွပ်ဖြင့် အချက်ပေါင်းများစွာ ခုတ်သည်။ သို့သော် တစ်ချက်သာ ကောင်းကောင်းပြတ်သည်။ ကျန်အချက်များက အရာထင်ရုံသာ ထင်သည်။ တစ်ယောက်က သံတုတ်ဖြင့် သွားများကို ရိုက်ချွတ်သည်။

လူ ခုနစ်ဦး ဝိုင်းဝန်း သတ်ဖြတ်ကြသော်လည်း ငတေမှာ သွေးရူးသွေးတန်းဖြင့် ပြန်လည် ခုခံလျက် ရှိသဖြင့် ဝိုင်းချုပ်ကာ ဂုန်နီအိတ်ထဲ ရအောင်ထည့်၍ စုပေါင်း ထမ်းယူခဲ့ကြပြီး အလျှုံအိမ်နောက်ဖေး သောက်ရေတွင်းထဲ သွားပစ်ချတော့မှပင် ငတေ့ဘဝ ဇာတ်သိမ်းခဲ့ရတော့သည်။

* * *

ယောဂီကြီး ဦးရဲခင် ပြောရင်း မောသွားသဖြင့် ရေနွေးတစ်ခွက် မော့သောက်လိုက်သည်။ ပြီးမှ...

'ငတေ သေတုန်းက အသက် (၂၇)နှစ် လောက်ပဲ ရှိဦးမယ်။ တပည့်တော်နဲ့ ရွယ်တူပေါ့။ အသက်ကသာ (၂၇)နှစ် လုပ်သွား

www.burmeseclassic.com

www.burmeseclassic.com

လိုက်တဲ့ အ,ကုသိုလ်က နည်းတာ မဟုတ်ဘူး'

'သူကျတော့ ဘာကံထိုက်တယ်လို့ ပြောရမလဲ ဒကာကြီး၊ ဦးပဥ္စင်းတော့ အမည် မပေးတတ်တော့ဘူး'

'တပည့်တော်လဲ မပြောတတ်တော့ပါဘူး။ တိရစ္ဆာန်တွေကို နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်၊ ဓားပြတိုက်၊ သူတစ်ပါး သားသမီး၊ သားမယား စော်ကား၊ မိန်းမကို သတ်၊ သားသမီးကို မညှာတာ၊ ဖအေကို ဓားနဲ့လိုက်မှတော့ သူလိုလူမျိုး လူ့ဘဝကို ရတာကိုပဲ အံ့ဩမိတယ်။ ဒီလောက် ဆိုးသွမ်းတဲ့လူမျိုး အရင်ဘဝက ဘယ်လို ကုသိုလ်မျိုးနဲ့များ လူ့ဘဝကို ရခဲ့တာပါလိမ့်ဆိုပြီး တစ်ခါတစ်ခါ တပည့်တော် စဉ်းစားမိတယ်'

'ဘာပဲဖြစ်ဖြစ်လေ အဲဒီလိုလူမျိုးနဲ့ တွေ့ခဲ့လို့လဲ ဒကာကြီး စောစောစီးစီး အကျွတ်တရားရပြီး ငယ်ငယ်ကတည်းက တရားအားထုတ်နိုင်ခဲ့တာပေါ့။ နို့မို့ဆို ဒကာကြီးလဲ ထစ်ခနဲရှိရှိက်မယ်၊ နက်မယ်နဲ့ ဘယ်အသက်အရွယ်အထိ ဆိုးနေဦးမလဲမှ မသိတာ။ ဦးပဥ္စင်း ပြောတာ အပြုသဘောကို ပြောတာနော်'

'ဦးပဥ္စင်း ပြောမှပဲ တပည့်တော် တောင် သူ့ကို ကျေးဇူးတင်ရမလို ဖြစ်နေပြီ။ ဟုတ်တယ် ဦးပဥ္စင်းရေ တပည့်တော်လဲ နဂိုအတိုင်းသာ ဆက်သွားနေရင် ဒီအရွယ်ထိ အသက်ရှည်ရှည် နေရမယ် မထင်ဘူး'

'ဩော် ဒကာကြီးရယ်၊ လူ့ဘဝ လူ့လောကကြီးထဲမှာ တကယ်တမ်း ကြည့်တတ်ရင် တရားရစရာတွေဟာ အများကြီးပါ။ အဓိက,က နှလုံးသွင်း ကောင်းဖို့ပဲ အရေးကြီးပါတယ်။ ကဲ ဦးပဥ္စင်းလဲ စာကျက်စရာတွေ ရှိသေးလို့ သွားလိုက်ဦးမယ်'

သရက်ပင်အောက် ကွပ်ပျစ်ပေါ်မှ ကျောင်းပေါ်သို့ လှမ်းကြွသွားသော ဦးပဥ္စင်းငယ်လေးအား ယောဂီကြီး ဦးရဲခင် ကြည်ညိုစွာဖြင့် လက်အုပ်ချီမိုး မိလိုက်လေတော့သည်။

**(ဤ ဖြစ်ရပ်မှန်အား ပြောပြပြီး ကာယကံရှင် မိသားစုထံခွင့်ပြုချက် တောင်းခံပေးသော ယောဂီဘဘ အား အထူး ကျေးဇူးတင်ရှိပါသည်။ သက်ဆိုင်သူ မိသားစု၏ ဂုဏ်သိက္ခာ ကို ငဲ့ကွက်၍ အမည်နာမများ ပြောင်းလဲထားပါသည်။)**

***စာရှုသူ ပရိသတ်အပေါင်း အေး မသန်းဘဲ အေးချမ်းကြပါစေ။***

မင်းကောင်းပုံ


# နက္ခတ္တရောင်ခြည်စာအုပ်တိုက်
# မှ
# အောက်ပါစာအုပ်များ ထွက်နေပါပြီ...

- **ဆိပ်မက်လျှို့ဝှက်ချက်များ [ဟက်ကာ–မြန်ဆိုသည်။]**

  *စာမူခွင့်ပြုချက်–၄၀၀၅၄၃၀၅၀၇* *တန်ဖိုး–၃၀၀၀ကျပ်*

- လွယ်ကူလေ့လာလက္ခဏာပညာ [ရန်မျိုးအောင်–နက္ခတ္တ ပြန်ဆိုသည်။]

  *စာမူခွင့်ပြုချက်–၄၀၀၅၀၂၀၆၀၄* *တန်ဖိုး–၃၀၀၀ကျပ်*

- လူတိုင်းအတွက် ၁၂–ရာသီဟောကိန်းများ [ဟက်ကာ–ပြန်ဆိုသည်။]

  *စာမူခွင့်ပြုချက်–၄၀၀၂၅၃၀၃၀၈* *တန်ဖိုး–၃၀၀၀ကျပ်*


www.burmeseclassic.com

www.burmeseclassic.com

# သီတဂူ တက်လမ်း စက္ခုဒါနဆေးရုံ [လှိုင်ကော်]

## အလင်းဒါနအတွက် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်ကြီးနှင့် ဦးရှိန်ဝင်း+ဒေါ်ခင်ချိုဦး (တက်လမ်း ဆောက်လုပ်ရေး) မိသားစုတို့မှ ကယားပြည်နယ်၊ လှိုင်ကော်မြို့၊ ချိကယ် ကန္ဒရဝတီဘုန်းကြီးကျောင်းအတွင်း ခုတင်(၅၀)ဆံ့ သီတဂူ တက်လမ်း မျက်စိအထူးကုဆေးရုံကြီး ဆောက်လုပ်ပြီး မျက်စိဝေဒနာရှင်များကို (၁၅–၁၂–၂၀၁၁) မှ (၂၁–၁၂–၂၀၁၁)ရက်နေ့ထိ ကုသ (၁၆၄၂)ဦး၊ ခွဲစိတ် (၂၂၅)ဦး၊ (၁၄–၁၀–၂၀၁၂) မှ (၁၈–၁၀–၂၀၁၂)ထိ ကုသ (၂၉၉)ဦး၊ ခွဲစိတ် (၁၄၄)ဦး ကို ပါမောက္ခ ဒေါက်တာဦးမြအောင်နှင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးနှင့် စစ်ကိုင်း သီတဂူဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၏ လုပ်အားဒါနဖြင့် အခမဲ့ကုသပေးခဲ့ပါသည်။

ဆင်းရဲနွမ်းပါးသည့် တောင်ပေါ်တိုင်းရင်းသား မျက်စိဝေဒနာရှင်များအား စဉ်ဆက်မပြတ် အခမဲ့ ကုသပေးနိုင်ရန်နှင့် ဆေးရုံတော်ကြီး ပြုပြင်ထိန်းသိမ်းရန် အတွက် ထာဝရ ဆေးပဒေသာပင်(အလင်းဒါန) ကုသိုလ် ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

### လှူဒါန်းရန်ဌာန

★ အင်းဝဘဏ်(လွိုင်ကော်)Account No.83-0041

★ ဦးညွန့်တင်၊ ဦးရယ်မိုးငြိမ်း(လွိုင်ကော်)၊ ဖုန်း ၀၈၃–၂၁၃၇၇၊ ၀၉–၄၉၄၀၀၂၅၆

★ ဦးသန့်စင်
အမှတ်(၉) ချမ်းသာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ ပုဇွန်တောင်စာတိုက်အနီး၊
ဖုန်း–၀၁–၂၀၁၉၄၉၊ ၀၉–၅၅၀၇၀၄၅။

★ ဆရာကြီး ဦးတင်မောင်ထွန်း
ကျောင်းအုပ်ကြီး(ငြိမ်း) ဒဂုံ–အ.ထ.က(၂) ဖုန်း–၀၁–၂၁၆၉၈၆

★ ဒေါ်စုတင်
အမှတ်(၁၉)၊ မြေနုလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့(ဖုန်း–၀၉–၅၁၄၉၁၁၈)

★ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်
အမှတ် (၂၃၃)၊ (၂၉)လမ်း၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့(ဖုန်း–၀၁–၂၄၂၂၈၄)

ဤကြော်ငြာအတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ လှူဒါန်းပါသည်။



www.burmeseclassic.com